

www.burmeseclassic.com
လွန်းထားထား
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# လွမ်းထားထား

## (ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ... (၁)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၁)

လေယာဉ်ပေါ်မှ ဆင်းဆင်းချင်းမှာ မွေ့ရင်တစ်ခုလုံး မှုန်မှိုင်းသွားရသည်။ ဝဲခနဲ ဝေ့တက်လာသော မျက်ရည်ကို အံကြိတ်ကာ ထိန်း၍ တစ်လှမ်းချင်း ဆင်းခဲ့သည်။ ဒက်ဒီက မွေ့ပခုံးကလေးကို ပုတ်ကာ အားပေးပေမယ့်လို့ မွေ့မှာအားအင်တွေ ပြည့်လာနိုင်ဦးတော့မှာလား ဒက်ဒီရယ်။ ခြေဖျားတွေ အေးစက်လာတာကို ခံစားရတော့ . . .

"ခြေဖျားတွေ အေးနေပြီမဟုတ်လား။ ပုံစံကသာ ဗရုတ်သုတ်ခ လောင်စိန်ပုံစံနဲ့၊ စိတ်လှုပ်ရှားရင် ခြေဖျားလက်ဖျား အေးနေတတ်တာ ဘာအကျင့်လဲ"

လက်တွေကို လာဆုပ်နယ်လျက် ပြုံးစပ်စပ်နှင့် လာမေးတတ်သည့် မာတောင့်တောင့်အသံရှင်တစ်ယောက်ကို ဖျတ်ခနဲ သတိရလိုက်မိတာ မွေ့ သိပ်ကို ပျော့ညံ့လွန်းလို့ပါ။ ခေါင်းကို ခါထုတ်ပစ်လိုက်သော်လည်း ရင်ခွင်မှာလှပြီး ကိန်းအောင်းကပ်ညပ်နေတဲ့ သည်ပုံရိပ်ကို မွေ့ သည်တစ်သက် မေ့နိုင်ဦးတော့မှာလား။ မွေ့ကိုက တင်းမာမလိုလိုနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပျော့ညံ့ လွန်းတာပါ။ တကယ်ဆို မေ့ဘဝတစ်ခုလုံး ပျက်ပြုန်းမှုကြေခဲ့ရလေအောင် စာကလေးတစ်စောင်တည်းနှင့် ရက်စက်မှု ပြင်းထန်ထားခဲ့သူကို မေ့ မေ့ဖို့ကောင်းပြီ။ သိပ်ကိုလည်း နာကြည်းခဲ့ရဲ့သားနှင့် နှစ်နှစ်နီးပါး ကာလတစ်ခုအတွင်းမှာ တစ်ရက်တလေကလေးမှ မေ့မရနိုင်ခဲ့တာဟာ မေ့ သိပ်ကို ညံ့ဖျင်းလွန်းအားကြီးပါတယ်။

"မာမိ"

ညှိုကြိုတွေနေရာမှာ ရပ်နေသော မာမိကို ပြေးဖက်လိုက်တော့ မာမိက ကြောင်ငေးငေးပုံစံနှင့် မေ့မျက်နှာကို စိုက်ကြည့်နေ၏။

"မာမိ . . . မေ့လေ . . . ဘာကြည့်နေတာလဲ"

"ဒီမျက်နှာကို မာမိ ဘယ်မှတ်မိနိုင်ဦးမှာလဲ မေ့ခလေးရယ်"

မာမိက နှုတ်ခမ်းကလေးတွေပြုံးလာကာ မေ့ကို ပြန်ဖက်လေ၏။ အသံတိုးတိုးကလေးနှင့် ဖြေနေပုံက မာမိ ဘယ်လိုမှ ယုံမှတ်မရနိုင်လောက်အောင် အံ့ဩနေကြောင်း ထင်ရှားလှပါသည်။

"ဓာတ်ပုံတွေ ပို့ထားခဲ့သားနဲ့ . . . မာမိကလည်း"

"ရင်းမှ မရင်းနှီးသေးတာ မေ့ခလေးရဲ့ . . . အရမ်းကို တစ်မျိုးကြီး ဖြစ်နေတာပေါ့ . . . အရင်က မျက်နှာကလေးနဲ့ တခြားစီဖြစ်သွားတဲ့ဟာ"

"ပိုလှမလာဘူးလား မာမိ"

ရှည်ပြီးသားအရပ်ကို ကိုင်းချရင်း မျက်နှာကို လက်မကလေးနှင့်ထောက်ကာ မျက်လုံးကလေးပြူးပြပြီး မေး



လိုက်တော့ ဒက်ဒီက ချစ်စနိုးကြည့်ရင်း ရယ်၏။ မာမိကပါ ရယ်မောလိုက်ရင်း . . .

"အင်း . . . အရင်ကထက် အရမ်းပိုလှလာတာပေါ့ . . . ကြွေရုပ်ကလေးနဲ့ တူလာတယ်၊ ဒါပေမယ့် မျက်လုံးကလေးတွေ ပြောင်းမသွားဘူးလေ၊ သမီးရဲ့ မျက်လုံး ဝိုင်းဝိုင်းစက်စက်ကလေးတွေ မာမိ အရမ်းဂုဏ်ယူခဲ့ရတာကလေး ကျန်ခဲ့လို့ တော်သေးတယ်"

မေ့ မာမိကို ဘာမှမပြောတော့ဘဲ မျက်လုံးဝိုင်းဝိုင်းကြီးတွေနှင့် ကြောင်ကြောင်ငေးစိုက်ကြည့်နေကြတဲ့ အစ်ကိုသုံးယောက်ဘက်ကို ဆတ်ခနဲ လှည့်ပစ်လိုက်၏။

"ဟော့ . . . ရှူး . . ."

လက်ဝါးနှစ်ဖက် ဖြန့်ခနဲရိုက်ကာ မျက်လုံးပြူး၍ လှမ်းအော်လိုက်တော့ သုံးယောက်စလုံး တုန့်ခနဲ ဖြစ်သွားကြလေသည်။

"ဘာကြည့်နေတာတုန်း"

"အရင်ကနဲ့ လုံးဝကို မတူတော့ဘူးကွနော် . . . မေ့လေးဆိုတာကို မျက်လုံးတွေကိုပဲ မှတ်မိနိုင်မှ မှတ်မိတော့မှာ . . . မျက်နှာက လုံးဝပြောင်းလဲသွားတယ်၊ တကယ့် နောက်တစ်ကောင် သူစိမ်းသက်သက်ပဲ"

ကိုကြီးစကားကြောင့် မေ့ မျက်နှာကလေးကို ရှုံ့မဲ့ပစ်လိုက်ကာ . . .

"အောင်မယ် . . . မေ့က သူစိမ်းဖြစ်ရဦးမှာလား"

"မဟုတ်ပါဘူး . . . ငါ အရမ်းအံ့ဩနေလို့"

"လာပြန်ပြီတစ်ယောက် . . . ဓာတ်ပုံပို့ပေးခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား"

"ခါတ်ပုံလာတုန်းကတော့ သေသေချာချာကို စိတ်ဝင်တစား မှတ်ထားခဲ့တာပဲဟ . . . ဒါပေမယ့် မွေ့လို့ မှတ်ကိုမှတ်မထားမိဘူး . . . တခြား ကောင်မလေး တစ်ယောက်လို့ပဲ မြင်နေမိတာ . . . ယုံတောင် မယုံနိုင်ခဲ့ဘူးဟ"

"သေပါတော့ဟာ . . . မွေ့ပါကွာ . . . မယုံချင်တော့ ဘူးလား . . . မွေ့ လာလိမ်နေတာလည်း မဟုတ်ဘူး. . . ဒက်ဒီကြီးနဲ့ လက်တွဲပြီး လာတာကွ"

မွေ့ပုံစံဟန်ကို ကြည့်ကာ ဒက်ဒီတို့ရော အစ်ကို သုံးယောက်ပါ ဝိုင်းရယ်ကြတော့၏။

"နင့် ဒီမျက်နှာကို ရင်းနှီးလာအောင် ကြိုးစားရဦးမယ် ဟာ"

ကိုငယ့်ကို မျက်စောင်းထိုးပစ်ဆဲ . . .

"နင် ဖီဘီကိတ်စ် မဟုတ်တော့ဘူးဟ"

ကိုလေးက စပ်ဖြဲဖြဲဝင်ပြောတော့ မွေ့ မျက်လုံးကို ပြူးလိုက်ရင်း . . .

"ဒါဆို ဘာလဲ"

"ဘာမှကို မဟုတ်တော့တာ"

ကိုလေးကျောကုန်းကို ဒုန်းခနဲထုချကာ တစ်စုံတစ်ခုကို နှမြောတသသ နာကျင် ရယ်မောနေလိုက်မိလေသည်။ ဒက်ဒီက ပစ္စည်းတွေရွေးဖို့သွားဆဲ အစ်ကိုသုံးယောက်က ဟိုတစ်ခွန်း သည်တစ်ခွန်း ဝိုင်းမေးနေကြတာကို ဖြေကြားရင်း မွေ့ မျက်ရည်ဝဲလာရပြန်သည်။ မွေ့ သိပ်ကြောက်စရာ



ကောင်းခဲ့တဲ့ အဖြစ်ဆိုးကြီးတစ်ခုကို အသက်ပျောက်မတတ် ရင်ဆိုင်ခဲ့ရတာ။ အသက် ပြန်ပါလာတာ သိပ်ကို ကံကောင်းလွန်းလို့။ ဒါတွေကို သူသိနိုင်မှာလား။ သူ အနိုင်ရခဲ့တယ်ဆိုပြီး ဝမ်းသာနေဦးမှာလား။ မွေ့ မင်းကို ဘာကြောင့်များ မေ့လို့မရနိုင်တာလဲ တွမ်ရယ်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်ရောက်ချင်း ကိုယ့်အခန်းထဲ အမြန်ပြေးဝင်ကာ အခန်းထဲမှ ကနုတ်ပန်းကွပ် ဘဲဥပုံမှန်ဝိုင်းကြီးမှာ ကိုယ့်ရုပ်ပုံကို ကြာမြင့်စွာ စိုက်ကြည့်နေမိရင်း ကိုယ် ကိုယ်တိုင်လည်း လိပ်ပြာလွင့်မတတ် အံ့ဩခဲ့ရတာ။ အဖြစ်အပျက်ကို တော်တော်နှင့် လက်ခံယုံကြည်လို့ မရနိုင်ခဲ့တာ။ မွေ့နေရာမှာ တခြား သာမန်လူတစ်ယောက်ဆို စိတ်ဓာတ် ချောက်ချားရမှုနှင့် စိတ္တဇဆေးရုံ ရောက်လောက်ပြီ။ မွေ့ သိပ်ကို တင်းမာပြင်းထန်ခဲ့တာပဲ။ သိပ်ကို ခံနိုင်ရည်စွမ်းအား မြင့်မားခဲ့တာပဲ။ စိတ်ဓာတ် မာကျောခဲ့တာပဲ။ သည်လိုအခြေအနေ စွမ်းရည်မျိုးနှင့်တောင် သူ့ကိုကျတော့ မွေ့ဘာလို့ မမာကျောနိုင်ခဲ့ရတာလဲ။ သူ့ကို သိပ်လည်းနာကြည်းနေမိကာ သူ့အကြောင်းကို ထပ်မတွေးချင်တော့လောက်အောင် ခံစားချက် ပြင်းထန်ခဲ့ရပါလျက် သူ့ကို ဘာလို့ ယခုထက်ထိ မေ့မရနိုင်ခဲ့တာလဲ။ သိပ်မုန်းသင့် . . . သိပ်နာကြည်းသင့်သူကို မုန်းလည်းမုန်းနိုင်၊ နာလည်း နာကြည်းနိုင်ခဲ့ပါလျက် လုံးဝ မေ့ဖျောက်မရနိုင်ခဲ့တာဟာ သိပ်လည်း ချစ်နေဆဲမို့ပေါ့ တွမ်။

မင်း မွေ့ကို အနိုင်ယူခဲ့ပေမယ့် မွေ့ကတော့



နှုံးပြီးရင်း ရှုံးရင်းပါပဲ။ မင်းနဲ့ ပတ်သက်လာရင် မွေ့ကျဆုံးမြဲကျဆုံးလျက် ဖြစ်နေဆဲပါပဲ တွမ်။ ဒါကို မင်းသိရင် မင်း ဘယ်လိုဆုံးဖြတ်မလဲ။ မင်းလည်း မွေ့လိုပဲ မာကျောကျော မာနကြီးကြီး အစားထဲကမို့လို့ မင်းလုပ်ပြီးသား လုပ်ရပ်ကို နောင်တရချင်မှလည်း ရတော့မှာပေါ့။ မင်းကြောင့် ဘဝပျက်ခဲ့ရတဲ့ မွေ့ကျဆုံးရတာအတွက် မင်း ဂုဏ်ယူချင်လည်း ယူနေမှာပေါ့။ မင်းဟာ ကြွပ်ဆတ်ဆတ် မာကျောကျောနဲ့ အသည်းမာခဲ့တာပဲ။ မွေ့ သိပ်ကိုဆုံးဖြတ်ချက် ခက်ခဲအောင် မင်း နေနိုင်ခဲ့တာပဲလေ။ သိပ်ကို သိနားလည်ရခက်ခဲအောင် မင်း ထောင်လွှားခဲ့လိုက် . . . နူးညံ့ခဲ့လိုက်နဲ့ မယုံကြည်နိုင်လောက်အောင် မင်းတတ်နိုင်ခဲ့တာပဲ။ မွေ့ကသာ မင်းကို ချစ်လွန်းခဲ့လို့ မင်းစ,လုပ်ကိုင်ခဲ့သမျှကို အလျှော့ပေးခဲ့သူပါ။

မွေ့ သိပ်ကို မာနကြီး မြင့်မားခဲ့ပေမယ့် မင်းနဲ့ကျတော့ မွေ့ သိပ်ကို ပျော့ပျောင်းနူးညံ့ခဲ့တာ မင်း သိမှာပါ။ မင်း ရုတ်တရက်ကြီး ပြောင်းလဲနူးညံ့ခဲ့တာကိုလည်း မွေ့စိတ်နဲ့နှိုင်းပြီး ယုံကြည်ခဲ့မိတာပါ။ မွေ့ မင်းကို သိပ်ချစ်ခဲ့သလို မင်းလည်း မွေ့ကို သိပ်ချစ်လာတာပဲလို့ မွေ့ယုံထားခဲ့တာလေ။ ယုံခဲ့အောင်လည်း မင်း ကျွမ်းကျင်တတ်နိုင်ခဲ့တာကိုး တွမ်ရယ်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အလျှင် မျက်နှာကလေးတစ်ခုကို အရမ်းကို တမ်းတလွမ်းမောခဲ့မိတာပေါ့။ ဒါပေမယ့် အဲသည် အလျှင်မျက်နှာဘဝတစ်ခုမှာ မင်းနဲ့ ကြုံတွေ့ခဲ့ရတာမို့ အဲသည် မျက်နှာကိုလည်း ပြန်မတမ်းတချင်တော့ဘူး။ အဲသည် မျက်နှာကြောင့် မင်း ချစ်ပြခဲ့ပြီး ရက်စက်ခဲ့တာ မဟုတ်လား။

BURMESE CLASSIC .com

"ဖိဘီကိတ်စ်နဲ့ အရမ်းတူလို့ ချစ်တာ"

လို့ နောက်သလို အတည်လို ပြောခဲ့တာမို့ မွေ့ ဖိဘီကိတ်စ်နဲ့ မတူချင်တော့လောက်အောင် ဒေါသထွက် ဆွေ့ဆွေ့ခုန်ခဲ့ရတာကို မင်း လက်ညှိုးထိုးပြီး ဟားခဲ့တာကို မွေ့ မနာကျင်ခဲ့ပါဘူး။ ဇရုတ်ကျ လှောင်ပြောင်ခဲ့တဲ့ မွေ့ဟာ ကိုယ့်ကို ပြန်ဇရုတ်လာကျ . . . လာလှောင်ပြရင် သိပ်ကိုမခံချင် ဒေါသထွက်တတ်ခဲ့ပေမယ့် မင်းနဲ့ကျတော့ မွေ့ သိပ်ပြီး ခံနိုင်ရည်မွေးခဲ့တာပါ။ ဘာလို့ဆို မင်းကို သိပ်ချစ်လို့ပေါ့ တွမ်ရယ်။

အခု မျက်နှာအသစ်ဘဝမှာ မင်း . . . မင်းကို တမ်းတဆဲပဲ တွမ်။ အမှတ်အသားထားတတ်တဲ့ သည်းခြေဆိုတာ မင်းအပေါ်ထားကိုထားသင့်ရမှာ။ အလှျင်မျက်နှာက



သူနဲ့ မွေ့ လူတစ်ယောက်ကို အရမ်းလည်း အမြင်ကတ်ခဲ့ဖူးတယ် . . . ပြိုင်ဆိုင်ခဲ့ဖူးတယ် . . . ဘုဘောက်ကျရန်လိုခဲ့ဖူးတယ် . . . ဒါပေမယ့် အရမ်းလည်း ချစ်ခဲ့ဖူးသလို အရမ်းလည်းနာကျင်သွားခဲ့ဖူးတာပဲ။ အခု မျက်နှာအသစ်ဘဝမှာရော သူ့ကို ဆက်လက်ချစ်မက်ဆဲ . . . နာကျင်ဆဲပါပဲလေ။ မွေ့ဘဝကြီး တစ်ခုလုံး ထိတ်လန့်ချောက်ချားဖွယ် အိပ်မက်ဆိုးကြီးတစ်ခုလို သွေးပျက်မတတ် ကြုံတွေ့ တုန်လှုပ်ခဲ့ရတာ . . . နာကျင်ပြင်းပြခဲ့ရတာ အားလုံး သူ့ကြောင့်ပါ။

ဘာတွေပဲ ဖြစ်ပျက်ခဲ့ ဖြစ်ပျက်ခဲ့ မွေ့မျက်နှာတွေ ဘယ်လိုပဲ ပြောင်းလဲပြောင်းလဲ မွေ့ရင်ထဲက မပြောင်းမလဲတည်ရှိနေတဲ့ တစ်ခုတည်းသော နှလုံးသားက သူ့ကိုပဲ ဆက်လက်ချစ်မြဲ နာကျင်မြဲ ဖြစ်နေဦးတော့မှာပါပဲ။ အရမ်းလည်းပဲ မေ့ပစ်ချင်ခဲ့ပါတယ်။ ဖြစ်ပျက်ခဲ့ရတာတွေ အားလုံးကို ခေမှပျောက်ပစ်ချင်လှပါတယ်။ ပြီးခဲ့တဲ့ အတိတ်တွေကို စွန့်လွှတ်ပြီး မျက်နှာအသစ်ဘဝမှာ ဘဝအသစ်ကို ဖန်တီးပြီး အသစ်စက်စက်နှလုံးသားနဲ့ လှုပ်ရှားချင်တော့တာပါပဲ။ ဒါပေမယ့်လည်း မေ့မှမရနိုင်ခဲ့တာ။ အတိတ်ဆိုတာ ဆက်လက်ရှင်သန် ခြောက်လန့်နေဦးတော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၂)

"ဒါကြီးလား သိမ်မွေ့ . . . ထပ် . . . နာမည်
မလိုက်ဖက်လိုက်တာ . . . ဟောကောင်တွေ ဆင်း. . .
လုံးဝ မလှဘူးနော်"

အနောက်ကနေ ကျော်တက်လာပြီး အရှေ့
ရောက်မှ ပြန်လှည့်ကြည့်ကာ ပြောလိုက်သော အသံကြောင့်
မွေ့ အချဉ်ထုပ်စားနေဆဲ တန်းလန်းကြီးမှ ဆွေ့ဆွေ့ခုန်သွား
ရ၏။ မွေ့တို့အရှေ့မှာ ကောင်လေးသုံးယောက်။ တစ်ယောက်
မခုံးဘစ်ယောက်ဖက်ကာ ပုံစံတွေက အသာလွှတ် လာရန်
တာ ထင်ရှားနေသော ရုပ်ရည်တွေနှင့်။ မွေ့ပဲ . . . ကိုယ်
သာ သူများကို ဗရုတ်ကျ လှောင်ပြောင်ကာ လှောင်စ
လုပ်ခဲ့တာ။ မွေ့ကို လာလှောင်လို့ကတော့ လုံးဝရန်သူ
စားလက်စ အချဉ်ထုပ်ယဲမှာ မရန်းပြားနီနီရွဲရွဲတွေကို ဆွဲထု
ကာ အလယ်မှ အရုပ်လည်းအရှည်ဆုံး . . . အသားလည်း
အဖြူဆုံး. . . မျက်နှာလည်း အတည်ဆုံးနှင့် ပုဆိုးလည်း
အတိုဆုံး ဖြစ်နေသော ကောင်လေးရဲ့ ခြေသလုံးဆီ ခပ်ပြင်
ပြင်း ပိတ်ပေါက်ပစ်လိုက်၏။ ခြေသလုံးဖြူဖြူမှာ မရန်းပြား
နီနီဖတ်ကြီးက ဖတ်ခနဲ သွားကပ်ကာ ရယ်စရာ ဖြစ်သွား



ဆာသည်။

မွေ့ တဟက်ဟက်ရယ်ပစ်လိုက်တော့ ဒွန်နဲ့
အိကပါ တဟီးဟီး ရယ်လေတော့၏။ အလယ်က ကောင်
လေးမျက်နှာရဲနီသွားကာ မွေ့နှင့်ချာခနဲ မျက်နှာချင်းဆိုင်
လိုက်ပြီး. . .

"ပြန်သုတ်ပေး . . . ဘာလာရင့်တာလဲ"

"မွေ့ကို ဘယ်သူက လာစရင့်တာလဲ . . . ဒီမှာ
မှတ်ထား . . . ဆင်းသိမ်မွေ့တို့က ဘယ်တော့မှ
နာမည်အတိုင်း သိမ်မွေ့မပြတတ်ဘူး . . . ခပ်ရင့်ရင့်
ပဲ"

"အေး . . . အဲဒီ မသိမ်မွေ့မှုတွေကြောင့် မင်း တစ်နေ့
ကောင်းကောင်းကြီး ခံရဦးမယ်ဆိုတာ မြဲမြဲမှတ်ထား"

"သွားပြော . . . နွားတင်းကုပ်မှာ သွားပြော"

သူဘေးက နှစ်ကောင်က သူ့ကို အတင်းဆွဲနေ
တာမို့ ချာခနဲ လှည့်ထွက်သွားလေသည်။ မျက်နှာတည်တည်
နှင့် တကယ် လုပ်ရဲပုံ ပေါက်နေသော်လည်း မွေ့တို့က မဖြူ။
ခပ်တင်းတင်း ခပ်ထေ့ထေ့ ပြန်ကြည့်နေပေးလိုက်တော့
အရမ်း ခံပြင်းနေပုံရတာ။ ခြေထောက်မှာ အဖတ်လိုက်ကြီး
တပ်နေသော အနီဖတ်ကြီးကိုကြည့်ကာ မွေ့တို့သုံးယောက်
တျိတ်ရယ်ကြ၏။ နေရာက လူရှင်းတဲ့ ကော်ရစ်ဒါတစ်ခုမှာမို့
မွေ့တို့ဖြစ်ခဲ့ကြတာ ဘယ်သူမှ မသိလိုက်ရ။ သိလိုက်ကြရင်
တော့ အဲသည် ကောင်ကလေး မဟာအရှက်ပဲ။ မွေ့ကိုများ
လာပြီး ရန်စလို့ကတော့ သိပ်မှားမှာပေါ့နော်။

"ဟဲ့ . . . အဲဒါ ဖစ်ဆစ်(စ်)က ထွမ်လေ . . .

www.burmeseclassic.com

www.burmeseclassic.com



တွမ်ခရှင်"

နုအိက အလန့်တကြားပုံစံနှင့်ပြောတော့ မွေ့က မျက်စောင်း. ထိုးပစ်ရင်း . . .

"သိသားပဲ . . . ဘာလုပ်ရမှာလဲ . . . သူက စမြှ ရန်စတာ . . . ငါက တွမ်ခရုစ်ဆိုတာနဲ့ ငြိမ်ခံနေရ တော့မှာလား"

"နင်ပဲ ချစ်သူရွေးရင် တွမ်ခရုစ်ကို ရွေးကြိုက်မယ်ဆို ဒီမလာက် မာနကြီးတဲ့ တွမ်ခရုစ်ကို တည့်အောင် ပေါင်းလိုက်တာ မဟုတ်ဘူး"

"တော်ပြီ . . . ဒါကြီးကို မရွေးတော့ဘူး . . . မှုန်ကုပ် ကြီး"

"မွေ့ . . . မွေ့ . . . နင်တို့နှစ်ယောက်ဇာတ်လမ်း တော့ ဒါနဲ့တင် ဆုံးဦးမှာမဟုတ်ဘူး . . . နင် တော့ ထားဖို့ပဲ လိုတယ်၊ တွမ်ခရုစ်နဲ့ ဖိဘီကိတ်စ်နော်"

မွေ့က ပခုံးကိုတွန့်ရင်း ရှုံ့မဲ့ပစ်လိုက်၏။တိုက် တိုက်ဆိုင်ဆိုင် လာတွေ့ခနရတာကို မွေ့လည်း အံ့ဩပါရဲ့၊ မွေ့ကို သိသူအများစုက ဖီဘီဟု ချစ်စနိုးခေါ်ကြရအောင် မွေ့ ပုံစံလေးက ဖိဘီကိတ်စ်ပုံစံလေး။

မွေ့ ဆံပင်တွေသည် အနောက်ဆံပင်က ကျော လယ်အထိ နက်နက်ဖြောင့်ဖြောင့် စင်းနေကာ ဘေးဆံပင်က ပခုံးမထိတထိ ဖောင်းဖောင်းကလေးတွေ . . . ရှေ့ဆံပင်က နဖူးပေါ်မှာ အစဉ်အမြဲ အစင်းလိုက် ဝဲဖွာကျနေလျက် ဖိဘီကိတ်စ်ဆံပင်ပုံစံမျိုး ဖြစ်နေရသည့်ကြားထဲ မျက်နှာကျပုံက ဖိဘီကိတ်စ်လို သွယ်သွယ်ပြည့်ပြည့်ကလေးနှင့် အထူးခြားဆုံး



က မျက်ဆန်ညိုနက်နက်နှင့် မျက်သားပြာလဲ့လဲ့ရှိသော မျက် လုံးဝိုင်းဝိုင်းစက်စက်တွေပါပဲ၊ မျက်လုံးကတောင် ဖိဘီကိတ်စ်နှင့် အပြည့်အဝ သွားတူနေတာမို့လို့ မြင်တဲ့သူတိုင်းက ဖိဘီကိတ်စ် ဟု မှတ်ယူသွားတတ်ကြစမြဲ။ ရယ်လိုက်တဲ့အခါ နှုတ်ခမ်း ထောင့်စွန်းမှ ကွေးကျပုံအရာလေးက ဖိဘီကိတ်စ်နှင့် ပိုမိုတူရ လေသည်။

မွေ့က ဖိဘီကိတ်စ်နှင့် တမင်တူအောင် ဟုယူ ဆားရပေမယ့် တွမ်ဆိုတဲ့ သူကတော့ ဘယ်လိုနေနေ တွမ်ခရုစ် နှင့် ဆင်တူလှလေသည်။ သူ အရမ်းနာမည်ကြီးနေသဖြင့် မွေ့ တို့က တမင် အမြင်ကတ်ကာ သွားမကြည့်ခဲ့တာမို့ သူ့ကို ခုန တမှ စတွေ့တာ ပထမဆုံးပါပဲ။

မာနသိပ်ကြီးသည်ဟု သတင်းကြီးနေခဲ့သော လူငယ်ကလေးသည် မွေ့ကို တော့တော့ဆိုင် ရန်လာဖလျှက် မာ ပြခဲ့ခြင်းသည် မွေ့အတွက် နားမလည်ချင်စရာ မခံချင် စရာ ကောင်းလှလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မွေ့ . . . အဲဒါဟဲ့ . . . ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူးဆိုတဲ့ ဘိုးတော်လေ . . . ကျော်စိုးမိုးတဲ့"

ဇွန့်စကားကြောင့် ထိုင်ခုံရှည်မှာ တစ်ယောက်တည်း ထိုင်ကာ စာဖတ်နေသူကို မွေ့ သေသေချာချာစိုက်ကြည့်လိုက်၏။ အသားကတော့ ညိုကာ လတ်ဆတ်ချောမောသော လူချောတစ်ယောက်ပါပဲ။ စာဖတ်နေပုံက တစ်ကမ္ဘာလုံးမှာ သူတစ်ယောက်ပဲရှိနေပုံပဲ။ မွေ့ မျက်နှာကို မဲ့ပစ်လိုက်တော့ ဇွန်တို့က ပြုံးစိစိဖြစ်သွားရပြီး . . .

"ပညာပေးရအောင် . . . ခစ်ခစ် . . ."

မွေ့ ခေါင်းကို ဆတ်ခနဲညိတ်ကာ လက်ထဲမှာကိုင်ထားသော စာအုပ်နှစ်အုပ်ကို သူ့ဆီကို လွှင့်ပစ်လိုက်ရင်း မတော်တဆပဲကျသွားသလိုပုံစံနှင့် မျက်လုံးဝိုင်းကာသူ့ဆီကြည့်နေလိုက်၏။ သူကလည်း တအံ့တသြနှင့် ပြန်ကြည့်နေစဉ် မွေ့ ခပ်တည်တည်နှင့် . . .

"တို့လက်ထဲက ကျသွားတာ . . . ကောက်ပေးလေ၊



ဘာလုပ်နေတာလဲ . . ."

မွေ့ စကားကြောင့် သူ မျက်ခုံးပင့်သွားရင်း ခဏတွေဝေသွားသည်။ နောင်းမွေ့ကိုကြည့်လျက်ပုံစံနှင့်ပဲ စာအုပ်ကို ကောက်ကိုင်ပေးကာ မွေ့ဆီ လှမ်းပေး၏။ ဇွန်တို့ဆီမှ ရယ်သံတွေ ထွက်လာဆဲ . . .

"ဟိတ်ကောင်စိုးမိုး . . . ဘာဖြစ်နေတာလဲ"

ရုတ်တရက် ပေါ်လာသောအသံကို မွေ့ ခါးသီးသွားရစဉ် . . .

"ဘာလို့ကောက်ပေးရတာလဲ စိုးမိုး . . . သူ တမင်ပစ်ချလိုက်တာ . . . မင်းညံ့ချက်ပဲ"

"ရှင်နဲ့ ဘာဆိုင်လဲ"

သူက ဘာမှ ဂရုမစိုက် ခွန်းတုံ့မပြန်ဘဲ စိုးမိုးလက်ထဲကနေ မွေ့ လှမ်းမယူရသေးသော စာအုပ်တွေကို ဆတ်ခနဲ လှမ်းယူကာ ခုနနေရာဆီ ပြန်ပစ်ချလိုက်လေသည်။

"ယောကျ်ားတစ်ယောက်ကို ဒီလောက် မစော်ကားနဲ့လို့ သတိပေးလိုက်မယ် ဟုတ်လား . . . ယောကျ်ားတစ်ယောက်ရဲ့ မာနဟာ မင်းလို မိန်းမတစ်ယောက်ရဲ့ မာနလောက်ကို အေးအေးဆေးဆေးဖိနင်းသွားနိုင်တယ်ဆိုတာ မှတ်ထား . . . လာ . . . စိုးမိုး"

စိုးမိုးပခုံးကိုဖက်ကာ ကျောခိုင်းထွက်ခွာသွားသော သူ့နောက်ကို စိုက်ကြည့်နေမိရင်း မွေ့ ရင်ထဲ ဆတ်ဆတ်ခါနာလာတော့သည်။ နှလုံးသားမှ ပြင်းပြင်းခါမှုကြောင့် မွေ့ နှုတ်ခမ်းစွန်းကလေးနှစ်ဖက်က စေ့မရအောင် တုန်ခါလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခွန်းမှ ပြန်မချေပလိုက်ရဘဲအနိုင်ယူ သွားတဲ့ ယောက်ျားတစ်ယောက်ကို မွေ့ရာဇဝင်မှာ တစ်ခါမှ မကြုံဆုံခဲ့ဖူးပါ။ သူဟာ ပျော်ရွှင်လှပနေတဲ့ မွေ့ကမ္ဘာ လေးထဲ ဘာကြောင့် တမင်ထိုးဖောက် ဝင်ရောက်လာခဲ့ တာလဲ။

ဆင်းသိမ်မွေ့ဆိုတဲ့ မိန်းကလေးတစ်ယောက် ဟာ ဖအေနဲ့အစ်ကိုတွေကလွဲပြီး ဘယ်ယောက်ျားသားကိုမှ အထင်တကြီး အလေးအနက်မရှိခဲ့ဖူးတာ။ ယောက်ျားတွေကို လှောင်ပြောင်ရယ်မော ကစားစရာလောက်သာ သဘောထား ခဲ့သူပါ။ အထူးသဖြင့် မွေ့ကို လာရောက်ပတ်သက်သူ ယောက်ျားလေးတိုင်းကို ပမာမခန့် အထင်သေးစွာ သရော် ရှုတ်ချခဲ့ပြီးသား။

လောကမှာ ကိုယ်နဲ့တန်တဲ့ ယောက်ျား မမွေး လောက်သေးဘူးဆိုတဲ့ မြင့်မားစိတ်နဲ့ မာနထားခဲ့ဖူးတာ။

အဲသည်တစ်ယောက်က ဘာကြောင့်များ မွေ့ကို ရန်လို အထင်သေးပုံနှင့် လာရောက်ပတ်သက်နေပါလိမ့်။ မွေ့ဆီ တိုးဝင်လာသော သူ့ပုံစံက ဘယ်သူနှင့်မှမတူစွာ မွေ့ကို ခံပြင်းနာကျင်စေတာ။

"အဲဒီ တွမ်ဆိုတဲ့တစ်ကောင်ကို ငါ လုံးဝမကျေနပ်ဘူး သိလား. . . . ပတ်သက်စရာ မရှိဘဲနဲ့"

"သူ တမင် လိုက်ရန်စနေတယ်ဆိုတာ သေချာနေပြီ နော် . . . ဘာသဘောလဲ"

ဇွန်က နားမလည်နိုင်စွာဆိုရင်း တွမ်နှင့် မပြေ လည်ရခြင်းကို စိတ်မကောင်းပုံ တမင်လုပ်ပြနေလေသည်။



ဘာဝစဉ် ဗရုတ်ကျ ရယ်မောနေတတ်သော အဖွဲ့ကလေး အတွင်းမှာ သောကဆိုသောအရာက ဘယ်တော့မှ ကြာကြာ မနေတတ်သော ထုံးစံအတိုင်း ခဏအကြာမှာ အဲသည်ကိစ္စကို ရယ်မောပစ်လိုက်ခြင်းနှင့် အဆုံးသတ်ပစ်လိုက်ကြလေသည်။

သို့သော် မွေ့ရင်ထဲက အလွယ်တကူအဆုံးသတ် မသွားခဲ့သော နာကျင်ခံစားမှုကို ဘယ်သူမှ မရိပ်မိနိုင်ခဲ့ပေ။

အလျင်က မွေ့က ဖိဘိနှင့်တူသဖြင့် 'ငါ ချစ်သူ ရှာရင် တွမ်ခရုစ်ကို ရအောင် ရှာမယ်' ဟု အပျော်သဘော ရယ်မော ဆိုခဲ့ဖူးသည်။ R.C (2) ရောက်လာတော့ တကယ့်ကို အံ့သြစရာ ကောင်းလှစွာ တွမ်ခရုစ်နှင့် တူတဲ့သူ ရှိနေသည်ဆို တာကို ကြားတော့ တိတ်တဆိတ်တောင် ရင်ခုန်ပျော်ရွှင်ခဲ့သေး သည်။ သို့သော် မာနသိပ်ကြီးသည်ဆိုတဲ့သဘာင်းကြောင့် မွေ့ လည်း မာနချင်းယှဉ်ကာ သွားတောင်မကြည့်ခဲ့ဖူးပါ။ အခု တော့ မထင်မှတ်ဘဲ သူက စတင်လာရောက် ပတ်သက်ရန် လိုနေခြင်းကို မွေ့ လိုက်မမီနိုင်တော့ပေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



“ဟ . . . ဘာလုပ်နေကြတာလဲ”

ကိုကြီးတို့တစ်တွေ ချွေးသံရွှဲရွှဲတွေမို့ မွေ့ အံ့ဩသွားရရင်း မေးလိုက်တော့ ကိုကြီးက ဂျူဒိုကစားသလို ဟန်ရေးပြရင်း . . .

“ကိုကြီးတို့ ဒီနေ့ သင်တန်းသွားတက်ထားကြတာဟ”

“တတ်ပြီးလား”

“တစ်ရက်တည်းနဲ့ ဘယ်တတ်ဦးမှာလဲ . . . ဘာလို့လဲ”

“တတ်သွားရင် ကိုကြီးတို့ သုံးကောင်ကို မွေ့ လူမိုက်ငှားမလို့ကွ၊ ကျောင်းမှာ တစ်ကောင်ကို အမြင်ကတ်လို့ ဖြိုခွင်းမလို့”

မွေ့ စကားကြောင့် ကိုကြီးတို့ဗိုင်းရယ်ကြရင်း . . .

“နင် အမြင်မကတ်တဲ့သူဆိုတာ လောကမှာ ရှိသေးလို့လား . . . နင် အမြင်ကတ်သမျှ လိုက်ဖြိုပေးနေရမယ်ဆိုရင်တော့ သွားပြီ”

ကိုယ့်စကားကြောင့် မွေ့ ရယ်မိသွားရ၏။



ဟုတ်လည်း ဟုတ်တာပဲ။ မွေ့ ဘဝမှာ ဘယ်သူ့ကိုမှ အမြင်ကြည်လင်ခဲ့ဖူးတာ မရှိ။ အမြဲတမ်း ယောကျ်ားလေးတိုင်းကို အမြင်ကတ်ကာ ကြည့်မရ ဖြစ်နေခဲ့တာမို့ သူတို့ကိုဆို လှောင်ပစ်ဖို့ . . . ဟားပစ်ဖို့ . . . ဗရုတ်ကျပစ်ဖို့ပဲ မွေ့က သတ်မှတ်ထားတာ။ သည်အထဲမှာမှ မွေ့ကို စတင် လာရန်စနေခဲ့သောသူ့ကို မွေ့ သိပ်ကိုအမြင်ကတ်သွားခဲ့ရတာ။ စိတ်က အခုထက်ထိ တိုနေရကာ အခန်းထဲဝင် ရေမိုးချိုးအဝတ်လဲကာ ထမင်းစားဖို့ ပြန်ထွက်အလာ . . .

“မွေ့လေးရေ . . . ဖုန်းတဲ့”

ကိုယ်က ဖုန်းကိုင်ထားရာမှ လှမ်းအော်နေတာမို့ မွေ့ ဖုန်းဆီ အပြေးအလွှားသွားရင်း ကိုင်လိုက်၏။

“ဟယ်လို . . . ဆင်းသိမ်မွေ့”

အသံအေးအေး ခပ်တိုးတိုးကြောင့် မွေ့ မျက်မှောင်ကြုတ်သွားရ၏။

“ဘယ်သူလဲ”

“ကျော်စိုးမိုးပါ”

ဟာဟ . . . မွေ့ ချက်ချင်းကြီးပဲ ရယ်ချင်စိတ်ပြင်းပြသွားရလေသည်။ မိန်းကလေးတွေကို စိတ်မဝင်စားတတ်သူက ချက်ချင်း လက်ငင်းကြီး ဖုန်းတွေဘာတွေ ဆက်လို့ပါလား။ တွေ့တယ်ဟုတ်။ ယောကျ်ားလေးဆိုတာ ဒါပဲလေ။ မွေ့ ဘယ်လိုမှကို အထင်ကြီးမပေးနိုင်တာ အဲသည်လို အပြောနဲ့အလုပ် မညီမျှသူတွေကိုပါဘဲ။

“ဘာလုပ်မလို့လဲ ပြောလေ”

“တောင်းပန်ချင်လို့ပါ . . . ညနေက ဖြစ်ခဲ့တာတို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးပါနဲ့နော် . . . တွမ်က အမြဲတမ်း မာကျော ကျောပဲ ပြောတတ်လို့ ဆင်းသိမ်မွေ့ကို မာသွားခဲ့တာ အတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ဒီမှာ အဲဒီ တွမ်ဆိုတာကို ပြောလိုက်စမ်းပါ . . . တစ်ဆင့်ခံပြီး တောင်းပန်ခိုင်းလည်း လုံးဝ မကျေနပ် ဘူးလို့"

"မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ တောင်းပန် . . ."

ရုတ်တရက် ဖုန်းထဲမှ အသံတချို့ လွင့်ထွက်လာ တာမို့ မွေ့ ရဆီဗာကလေးကို နားမှာဖိကပ်ရင်း အားစိုက်ကာ နားထောင်လိုက်၏။ 'သူ့ကို ဘယ်သူက တစ်ဆင့်ခံ တောင်း ပန်ခိုင်းမှာလဲ . . . လုပ်မနေနဲ့ . . . တစ်သက်လုံး မတောင်း ပန်ဘူး . . . သူက ဘာကြီးမို့လဲ' ဟူသော အသံတွေက တော်တော် ကျယ်နေတာမို့ ဖုန်းခွက်ကို လက်နှင့် အုပ်ထားပုံရ ပေမယ့်လည်း အသံက တိုးထွက်လာ၏။ စိုးမိုးမှာ ဖုန်းချပစ်ရ အခက် ဆက်ပြောရအခက် ဖြစ်နေပုံရသည်။ ဟော့ကောင် တွမ် မပြောပါနဲ့ကွာ . . . ဟုလည်း ခပ်တိုးတိုးတားနေရ၏။ တွမ်က ဖုန်းနား၊ဘ လာကပ်ကာ နားထောင်နေခဲ့ပုံရသည်။ ဒါကြောင့် သာ မွေ့ပြောခဲ့တာတွေကို ကြားသွားကာ မခံချင်ပုံစံနှင့် ပြန် အော်နေတာဖြစ်မည်။

"ဒီမှာ ကျော်စိုးမိုး . . . အဲဒီ တွမ်ဆိုတဲ့ကောင်ကို မုန်းတယ်လို့ ပြောလိုက်စမ်းပါ"

ပြောပြီး ဖုန်းကိုချပစ်လိုက်ပေမယ့် ခင်ဗျားကို ကော ဘယ်သူက ချစ်နေလို့လဲ ဟူသောအသံကို ကြားဖြစ် အောင် ကြားလိုက်ရလေသည်။ မွေ့ အံကိုကြိတ်ပစ်လိုက်ကာ



သူ့ကို အရမ်းကို မုန်းသွားရလေသည်။ တွမ် တော်တော် ကြွပ် ဆတ်မာကျော၊ ဘာပဲ။ သူ မာနကြီးတိုင်းလည်း မွေ့ကရော မာနမရှိခဲ့ဖူးလို့လား။ မွေ့အကြောင်း သူ မကြားဖူးဘူးလား။ မွေ့ သိပ်မာနကြီးခဲ့တာ . . . မွေ့ကို ဘယ်သူမှ ကျောလို့မ ရတာ သူ မသိဘူးတဲ့လား။ မာနချင်း လာယှဉ်လို့ကတော့ မွေ့တို့ကလည်း ထိတ်ထိတ်ကြဲထဲကပဲလေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၃)

"ကိုကြီးရေ . . . သွားတော့မယ်"

မေ့က ကိုကြီးကိုလှမ်းခေါ်ရင်း ကားပေါ်တက်လိုက်၏။ ကားပေါ်ရောက်တော့မှ စပို့ရှပ် ဖြူဖြူကလေးပေါ်မှ ဂျာကင်ထပ်ဝတ်ဖို့ကိစ္စကို မေ့သွားတာ သတိရလေသည်။ အပေါ်ကို ပြန်မတက်ချင်တော့တာမို့ မဝတ်တော့ပါဘူးဟု ငြိမ်နေလိုက်မိစဉ် ခဏကြာတော့ ကိုကြီးက သော့ကလေး တယမ်းယမ်းနှင့်ထွက်လာသည်။ ရှပ်ဖြူပေါ်မှာ လယ်သာဝေ့စကုတ်ပွပွ ခါးတို နီညိုကလေး ဝတ်ထားတာမို့ မေ့နှုတ်ခမ်းကလေးတွေ ပြုံးသွားရ၏။ မေ့ ဝတ်ထားတာက စပို့ရှပ် ဖြူဖြူပွပွကလေးနှင့် ယောလုံချည်ညိုညိုကလေး။ ကိုကြီး ဝေ့စကုတ်နှင့် တအားလိုက်ဖက်နေမှာမို့ . . .

"ဟိတ် . . . မေ့ကို ဝေ့စကုပ်ပေး"

ကိုကြီးက မျက်ခုံးပင့်ရင်း မေ့ကို လာကြည့်၏။

"အပိုင်တောင်းတာ မဟုတ်ပါဘူးကွ . . . ကျောင်းကို ဝတ်သွားမလို့"

"ကိုယ်ဟာကိုယ် သွားယူဝတ်ပါလားဟ"

သွားမယူချင်လို့ပေါ့ကွ . . . ပေးပါ . . . တွန့်တိုပြနေ



လိုက်တာ . . . ဟွန်း . . ."

"ဟာကွာ . . . မေ့ သိပ်ရှုပ်တာပဲ"

ကိုကြီးက မကျေမနပ် ရေရွတ်ရင်း ဝေ့စကုတ်ကို ဆောင့်အောင့်ကာ ချွတ်၏။ မေ့ တဟက်ဟက်ရယ်မောရင်း ဝေ့စကုတ်ကလေးကို ထပ်စွပ်လိုက်သည်။ ကိုကြီးက သူ့ပစ္စည်းဆို သိပ်သိတတ်တာ။ အမြဲတမ်း ရှိုးနှင့်မိုးနှင့် စတိုင်လုပ်ဟတ်တာမို့ မေ့ တမင်အနိုင်ကျင့်ကာ ယူဝတ်ခဲ့ခြင်း ဖြစ်သည်။ မျက်နှာကြီး ပုတ်ပြီး ကျောင်းရောက်တဲ့အထိ စကားမပြောပုံက ရယ်စရာ။

"တာ့တာ . . . ကိုကြီးဝေ့စကုတ် စိတ်ချသိလား . . . ငွန်တို့ . . . နုအိတို့ကိုပါ ပေးဝတ်လိုက်မယ်"

ကိုကြီးကို နောက်ရင်း နုအိတို့နှင့် ဆုံနေကျ ဒေါ်ချစ်အသုတ်ဆိုင်ဆီသို့ လျှောက်ခဲ့စဉ် ရုတ်တရက် တွေ့လိုက်ရသော တွမ်တို့ သုံးကောင်ကြောင့် မေ့ မျက်မှောင်ကို ကုတ်ပစ်လိုက်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ပစ်လိုက်သည်။

"ဟွန်း . . . ဘာကြီးလဲ . . . ဆင်တူကြီး လာဝတ်ထားတာ မရှက်ဘူးလား . . . သူများဝတ်တာကြီး လိုက်ဝတ်တယ်"

ဘေးနားလာကပ်ကာ ခပ်တိုးတိုး လာပြောလိုက်တော့ မေ့ ဆတ်ခနဲ ဖြစ်သွားရသည်။ မှားပြီ . . .။ သူ့ကိုကြည့်လိုက်တော့ တကယ့်ကို ဆင်တူ လယ်သာဝေ့စကုတ် ခါးတိုပွပွ နီညိုရောင်။ ပုံစံတူ အမျိုးအစားတူ။ မေ့ မျက်နှာကို ရှုံ့မဲ့ဝင်လိုက်ကာ ဝေ့စကုတ်ကို ချက်ချင်း ဆွဲချွတ်ပစ်လိုက်ကာ . . .

"အိမ်ကျရင် မီးရှို့ပစ်မယ် . . . သိလား"

www.burmeseclassic.com

www.burmeseclassic.com



ခြေကိုဆောင့်ကာ ထွက်ခဲ့တော့ အနောက်က ရယ်သံတွေ လွင့်ထွက်လာလေသည်။ မွေ့ပဲလေ။ သူများကို သာ လှောင်ပြောင်ပစ်ခဲ့တာ။ အခု ကိုယ့်ကို သူတို့တွေက လိုက် လှောင်ပြောင်နေကြတာ မွေ့က အလွယ်တကူ ခံနေမယ်တဲ့ လား။

"ဒီမှာ တွမ် . . . ရှင် ဘာလို့ မွေ့ကို လိုက်ရန်စနေတာ လဲ . . . ရှင့်ကို မွေ့က ဘာလုပ်နေလို့လဲ"

ဆတ်ခနဲ အနောက်လှည့်ကာ မာကျောစွာ ပြော ပစ်လိုက်တော့ သူ့မျက်နှာမှာ တင်းခနဲ ဖြစ်သွားပြီး . . .

"ခင်ဗျားကို ဘယ်သူက လိုက်ရန်စမှာလဲ . . . ခင်ဗျား သာ လူတကာကို လိုက်လှောင်ပြောင် ပရုတ်ကျနေခဲ့ တာ . . . ကျုပ် သူငယ်ချင်း မိုးကောင်းကို ခင်ဗျား ကင်တင်းထဲခေါ်ပြီး အရှက်ခွဲလိုက်တာ ကျုပ် လုံးဝမ ကျေနပ်ဘူး သိရဲ့လား . . . လောကမှာ ခင်ဗျားတစ် ယောက်တည်း မာနရှိတာ မဟုတ်ဘူး . . . ခင်ဗျား ထက် မာနပိုကြီးတဲ့ ကျုပ်ရှိကြောင်း ခင်ဗျားသိစေချင် လို့"

"သွားစမ်းပါ . . . ရှင် မာနကြီးတာ မွေ့ဘာလုပ်ရမှာ လဲ"

မိုးကောင်းကို အရှက်ခွဲခဲ့တာလည်း သူ ဘာလို့ မွေ့ကိုချစ်တယ်လို့ အတင်းလိုက်ပြောသလဲ . . . မွေ့ကို သူက ချစ်စရာလား။

မိုးကောင်းကို လှောင်ပြောင်ကာ အရှက်ခွဲခဲ့မိလို့ သူက မကျေမနပ် လာရန်စနေတာတဲ့လား။ မိုးကောင်းဆိုတာ



. . ဟိုတစ်လောက မွေ့ကို အတင်းလမ်းပိတ်ကာ ချစ်တယ်လို့ အတင်းလိုက်ပြောခဲ့သူ။ မွေ့အကြောင်း မသိတာလား . . . ... ဘာလား မပြောတတ်။ သိပ်ရဲတင်းပုံပေါက်နေတာမို့ ကောင်းကောင်းချွတ်ပေးဖို့ ဆုံးဖြတ်လိုက်သည်။ နောက်တစ် နေ့ ကင်တင်းမှာ ချိန်းလိုက်ကာ မွေ့တို့သုံးယောက်သား တိုင်ပင်ပြီး ကင်းတင်းထဲကနေ သွားထိုင်စောင့်နေကြသည်၊ အရာရာကို ရယ်မောလှောင်ပြောင်တတ်သော မျက်လုံးဖြင့် သာ ကြည့်တတ်ခဲ့သော ထုံးစံတွေအတိုင်း ဘယ်သူကိုမှလည်း ဂရုမစိုက်ကြဘဲ ကင်တင်းထဲ မိုးကောင်းဝင်လာတာနှင့် မွေ့တို့သုံးယောက် ပြိုင်တူ လက်ဖျောက်လေးတွေ တီးပြီး တောက် . . . တောက် . . . တောက် . . . အို့ . . . အို့ အို့ . . . ဟူသော အသံစုံတွေဖြင့် မိုးကောင်းကို ခွေးခေါ်သ လို ဝိုင်းခေါ်ကြတော့ အနီးအနားက မြင်တဲ့သူတွေက ဝါးခနဲ ရယ်နေကြသည်။ မိုးကောင်းမျက်နှာ ဒေါသဖြင့် နီရဲ တောက် ပြောင်လျက် စားပွဲမှာလည်း လာထိုင်ရော မွေ့တို့က ဆတ်ခနဲ ထွက်ခဲ့ကြတော့ ဝိုင်းကြည့်နေကြသော လူတွေကြားထဲမှာ မိုးကောင်း အရှက်ကွဲ ကျန်ရစ်ခဲ့တော့သည်။

မွေ့တို့ကတော့ ပြောဆိုရယ်မောကာ ထွက်လာခဲ့ ကြသည်လေ။ နောက်ပိုင်း မိုးကောင်း ဖြုံသွားကာ ခပ်ဝေးဝေး က ရှောင်နေခဲ့ပြီးမှ တွမ်က မခံချင်လို့ မာနဝင်ပြခဲ့တာတဲ့ လား။ မင်းနဲ့ ဘာဆိုင်လို့လဲ တွမ်ရယ်။ ယောကျ်ားတွေကို အထင်ကြီးလို့ကို မရနိုင်လို့ အထင်ကို မကြီးခဲ့တာ။ မင်းက ဘာဖြစ်လို့ မခံချင်ဖြစ်ရတာတဲ့လဲ။ မင်းကိုတော့ မွေ့ . . ယ်လို မ မသတ်မှတ်ခဲ့ဘဲ ခပ်ကင်းကင်းနေခဲ့တာ . . ထင်လည်း

www.burmeseclassic.com

www.burmeseclassic.com



မကြီးသလို အငေါ်လည်း မသေးချင်လို့ပေါ့ တွမ်ရယ်။ မင်း
နာမည်ကို စကြားကတည်းက မင်းနဲ့ ကင်းကင်းနေဖို့ ဆုံးဖြ
ခဲ့တာ မွေ့ကိုယ်မွေ့ ဘာကြောင့်မှန်း နားမလည်နိုင်ခဲ့ပေမေ
နားမလည်သလိုဘဲ နေနေခဲ့တာ။ ဒါပေမယ့် မင်းက မွေ့
ကြည့်မရပုံနဲ့ မာနပြ ရန်စလာခဲ့တော့ မွေ့ကလည်း မင်း
မုန်းမိတော့တာပေါ့။

"မင်း ကစ်နေ့မှာ ယောကျ်ားတွေကို အတင်သေး
အတွက် ကောင်းကောင်း နောင်တရလိမ့်မယ်"

တွမ်က ပြောပြီး ချာခနဲ လှည့်ထွက်သွားတေ
သည်။ မွေ့ကတော့ အစ်ကိုတွေကြားထဲ ကြီးပြင်းလာခဲ့သူ
ဘာကိုမှ မကြောက်တတ်သူမို့ တွမ့်ကို မုန်းတီးခဲ့ပြင်းနေခြ
က လွဲပြီး တွမ့်စကားအတွက် ကြောက်ရွံ့ဆုတ်ဆိုင်းခြင်း လုံး
မရှိခဲ့ပါ။ မင်း နောင်တမရဖို့ဘဲ လိုပါတယ် တွမ်။

❖ ❖ ❖



"ဆင်းသိမ်မွေ့နဲ့ ခင်ချင်လို့ပါ . . . ခင်ရအောင်နော်"
ခပ်အေးအေးပုံစံကလေးနှင့် လာပြောနေသော
စိုးမိုးကိုကြည့်ကာ မွေ့တို့ အံ့သြခဲ့ရသည်။ မွေ့တို့ ယခုအချိန်
အထိ ဘယ်ယောကျ်ားလေးကိုမှ မခင်မင်ခဲ့တာ . . . အရေးမ
စိုက်ခဲ့တာပေမယ့် စိုးမိုးကိုကျတော့ အေးဆေးတာက တစ်
ကြောင်း . . . မွေ့တို့က သူ့ကို စတင်ကာ သွားလောင်ထားခဲ့မိ
တာကတစ်ကြောင်း။ နောက်ပြီးတော့ တွမ်နဲ့ပတ်သက်ပြီး
ဘာကြောင့်မှန်းမသိ စိုးမိုးနှင့် ရင်းနှီးသလို ဖြစ်သွားခဲ့ရသည်။
စိုးမိုး ဖုန်းဆက်တိုင်း တွမ်က အနားမှာ ရှိနေတတ်တာမို့
ဖုန်းကို ချမပစ်ဘဲ တွမ်နဲ့ ဘုကျခဲ့ရပြီး စိုးမိုးက လိုက်လိုက်
တောင်းပန်ကာ စစ်ပြေငြိမ်းတတ်တာမို့ စိုးမိုးကို တခြား
ကောင်လေးတွေလို ပြတ်ပြတ်သားသား ပစ်ပစ်ခါခါ လုပ်မ
ပစ်မိတော့ချေ။ အဲသည်လို ဖြစ်နေပြီးမှ ခင်ချင်လို့ပါဟု လာ
ရောတော့ မွေ့တို့က ဘယ်လို ဟောက်ထုတ်ရတော့မှာလဲ။
စိုးမိုး မွေ့အပေါ် မရိုးသားတာ မွေ့တို့သိထားတာမို့ ခင်လည်း
မခင်ချင်။ ဒါပေမယ့် စိုးမိုးနှင့် ပတ်သက်ပြီး တွမ်နှင့်ပါ ပတ်
သက်နေရတာကို မွေ့ ဘာလို့ လက်ခံနေမိပါလိမ့်။ စိုးမိုး

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်တိုင်း စိုးမိုးနှင့်ပတ်သက်တာကို မပြောဖြစ်ဘဲ တွမ်
ရန်စသည့် စကားများသာ ပြောပစ်ခဲ့ပြီး တွမ်က မခံချင်ပုံစံ
ပြန်ရန်ထောင်တာ. . . စိုးမိုးအတန်းကိုလာရင်း မွှေ့ကို မ
မော့်ကုတ်ကုတ်နှင့် လာလာကြည့်ကာ ရန်စတတ်တာ
မွှေ့က ပြန်ပြီး ရန်ထောင်ပစ်တာ၊ ဒါတွေကို မွှေ့ ဘာလို့ လ
သင့်ခံနေရတာလဲ။ ခါတိုင်းလို ပစ်ပစ်ခါခါ ပြတ်ပြတ်သားသာ
လုပ်မပစ်ခဲ့တာလဲ။ တွမ့်ကို သိပ် အမြင်ကတ်ရပေမယ့်
အရှက်ခွဲ လှောင်ပြောင်ပစ်လိုက်ဖို့ . . . ဖြိုခွင်းပစ်လိုက်
စိတ်ကူး ကင်းရှင်းနေရတာတွေကို မွှေ့ကိုယ်မွှေ့ နားမလည်နိုင်

သူနှင့် မွှေ့ ကလေးနှစ်ယောက်လို စကားနိုင်
မာနပြိုင်ရုံလောက်သာ အပြန်အလှန်ရှိခဲ့ပေမယ့်လို့ သူ
နစ်နာလိုစိတ် မရှိခဲ့တာကို မွှေ့ ဝန်ခံရမှာပါပဲ။ မာနချ
လာပြိုင်နေသော တွမ်ကို အနိုင်ယူလိုစိတ်သာ ရှိပြီး သူ
ပနစ်နာစေလိုခဲ့တာ မွှေ့ အလျှော့ပေးရာ ရောက်နေပြီလား

သူ လာရန်စနေတာကို ထုံးစံအတိုင်း ခွန်တို့
တိုင်ပင်ကာ သူ့ကို ပြန်ပြီး လှောင်ပြောင် အရှက်ခွဲပစ်လိုက်
သူ သိပ်အရှက်ရ နာကြည်းသွားပြီး မွှေ့တို့ကို သိပ်မြုံ့သွားမှာ
မွှေ့ သိနေလျက်နှင့် အဲသည်လိုအဖြစ်ကို မွှေ့ စဉ်းကိုမစဉ်း
လက်မခံခဲ့ကာ ကလေးတစ်ယောက်လိုပဲ ပြန်ရန်ဖြစ်နေခဲ့
သည်။ အဲသည် တွမ်ဟာ သိပ်အမြင်ကတ်နေချိန်မှာတောင်
မွှေ့ကို လွှမ်းမိုး ချုပ်ကိုင်ထားနိုင်ခဲ့သည်လေ။

"ဘာလဲ . . . တွမ်က စိုးမိုးကို မွှေ့တို့ဆီကပ်ဖို့ အကြံပေး
လိုက်တာလား"

"ဟာ . . . မဟုတ်တာဗျာ . . . တွမ်နဲ့က ဆယ်တန်း



ကတည်းက ခင်ခဲ့ကြတာမို့ အိမ်ချင်းကလည်း ကပ်နေ
လို့ ဆက်တွဲဖြစ်နေတာပါ . . . သူနဲ့ကျွန်တော်နဲ့က
စိတ်ထားချင်းမတူဘူး . . . သူက မာနကြီးတယ် . . .
စကားပြောလည်း မာတယ် . . . အိမ်မှာတွဲဖြစ်ပေမယ့်
ကျောင်းမှာ မတွဲဖြစ်ဘူး . . . မေဂျာချင်းလည်း ကွဲ
သွားတော့ ဝေးပါတယ် . . . မွှေ့ ကိစ္စနဲ့ပတ်သက်ပြီး
သူက ကျွန်တော့်ကို လာလာပြောနေတတ်တာ"

"အင်း . . . ဘာတွေပြောတာလဲ"

"ဒီလိုပါပဲ . . . သူ့ သူငယ်ချင်း မိုးကောင်းခံထားရတာ
ကို သူ သိပ်မကျေနပ်ဘူး . . . နောက် မွှေ့က အရမ်း
နာမည်ကြီး မာနကြီးနေတော့ သူက ဘာမို့ မာနကြီးနေ
ရတာလဲဆိုပြီး မာနပြိုင်ချင်တာမျိုးလေးတွေရှိတယ်၊
တွမ်က တစ်မျိုးပဲ . . . ကောင်းချင်ရင်လည်း [illegible]
နူးညံ့နေတတ်ပြီး မာချင်ရင်လည်း သူ့လောက် မာကျော
တာ မရှိတော့ဘူး . . . နောက်ပြီး မဟုတ်မခံစိတ်မျိုး၊
မွှေ့ကယောကျ်ားတွေ အထင်မကြီးဘူး ဆိုတာကိုလည်း
သူ မခံချင်ဘူး . . . နောက် မွှေ့လှောင်တတ် . .
ဟားတတ်တာကိုလည်း ကြည့်မရဘူးတဲ့"

"ဘာဆိုင်လဲ . . . သူနဲ့ ဘာဆိုင်လဲ . . . အဲဒါတွေ
မွှေ့ကမုန်းတာ . . . မွှေ့ဘာ [illegible] မွှေ့ ဘာပဲ လုပ်နေ
လုပ်နေ သူ့ကို တိုက်ရိုက်လာယှဉ်ခိုက်လို့လား . .
နေရင်းထိုင်ရင်း မဆီမဆိုင်လာပြီးတော့ [illegible]
ဖြစ်နေတာ မွှေ့က ဘာလုပ်ရမှာလဲ၊ သူ မာနကြီးလည်း
မွှေ့က ဂရုမစိုက်ပေါင်"

www.burmeseclassic.com

www.burmeseclassic.com



တွမ်ကိုက သိပ်ကို မြင့်မား မာကျောပြနေတာ ပါ။ မွေ့ကိုလာပြီး ခယပြ . . . နှောင့်ယှက်ပြတဲ့လူတွေကို အထင်မကြီးစွာ လှောင်ပစ် ဟားပစ်တာ . . . ဇရုတ်ကျတာ မင်းကို ဘာတွေ ထိခိုက်လို့ မင်းက ကြည့်မရတာတဲ့တုံး တွမ်။ မင်းကို အဲဒါတွေပေါ့ မွေ့ အမြင်ကတ်လွန်းတာ။

✦ ✦ ✦



## အခန်း . . . (၄)

. . .နှင့် ခင်မင်သွားရခြင်းဟာ တွမ်ကြောင့်ဆိုတာ မွေ့ . . .ပ်တိုင်လည်း သိသလို ဖွန်တို့ပါ နိုပ်မိသည်။ ဘာလို့ဆို . . .ဘာ စိုးမိုးကိုတွေ့တိုင်း . . .

"တွမ် မွေ့အကြောင်း ဘာတွေ အတင်းတုတ်သေးလဲ"

ဟု မေးတတ်တာမို့ စိုးမိုးကပြောပြရင်း မွေ့က . . .ချေပ . . . ပြန်ပြောရင်းဘဲနေ စိုးမိုးနှင့် ရင်းနှီးသွားရ . . .ကသည်။ ဘာမှမကြာခင်မှာဘဲ စိုးမိုးက မွေ့ကို ချစ်ရေးဆို . . .သည်။ မွေ့မအံ့သြပါ။ သို့ပေမယ့် တခြားကောင်ကလေး . . .လို ပြတ်ပြတ်တောက်တောက် မွေ့မပြောခဲ့။ ဘာလို့လည်း . . .တော့ စိုးမိုးက အနေအထိုင်အေးဆေးကာ သူ့ဘာသာသူ . . .ည်ငြိမ်နေတာကို မွေ့တို့ကစပြီး သွားရောက်မွှေနှောက်ခဲ့သ . . .ဖြစ်ခဲ့ရတာ မဟုတ်လား။ မွေ့ကပဲပြီး စာအုပ်ကို သမင် . . .ာက်ခိုင်းခဲ့တာမို့ စိုးမိုး မွေ့ကို သင် ဟားမိကာ စိတ်ဝင်စား . . .ခဲ့တာ။ အမှန်က ဘယ်မိန်းကလေး ကိုမှ စိတ်မဝင်စားဘူး . . .တာကြောင့် အတင်းသေးစွာ ဝရုဏ်းကျပစ်ခဲ့တာပါ။ သူ . . .်ဝင်စားလာရင် ရှောင်ပစ်လိုက် . . . ဟားပစ်လိုက်မှာပါ . . .ပေမယ့် အကြောင်းက တစ်မျိုးဖန်သွားရသည်လေ . . . . . . တွမ်နှင့်သူငယ်ချင်း။ စိုးမိုးနှင့်ပတ်သက်ကာ . . . . . .တ်သက်နေရတာမို့ မွေ့ စိုးမိုးကို လှောင်. . .မာ. . .

www.burmeseclassic.com

www.burmeseclassic.com



မပစ်ခဲ့တာလား မသိနိုင်။ စိုးမိုးကို အားနာနေရတာတော့ အမှန်ပင်။ ဒါကြောင့် . . .

"သူငယ်ချင်းလိုပဲ ခင်ပါရစေကွာ"

ဟု မွေ့ အလိမ္မာသုံးကာ ငြင်းပစ်ခဲ့ပေမယ့် စိုးမိုးက လက်မလျှော့ဘဲ ပိုမိုရဲတင်းလာသည်မို့ မွေ့ စိတ်ပျက်လာရသည်။

"စဉ်းစားပါဦး မွေ့ရယ်၊ တို့ မွေ့ကို အရမ်းချစ်တာပါ၊ မွေ့နဲ့သာ မချစ်ရရင် တို့တော့ အရမ်းခံစားရမှာပဲ၊ တို့ မွေ့ကို အရမ်းချစ်နေမိပြီ မွေ့ရယ်၊ လုံးဝ မစွန့်နိုင်တော့ဘူး"

"ဒါတော့ မွေ့ မတတ်နိုင်ဘူး စိုးမိုးရာ . . . တို့မှ မချစ်နိုင်တဲ့ဟာ"

"မချစ်နိုင်ရင် တို့ကို မွေ့ ဘာလို့ အရင်လာပြီး ပတ်သက်ပြခဲ့သလဲ၊ တို့ရဲ့ တည်ငြိမ်နေတဲ့ ဘဝလေးထဲကို မွေ့ လာနှောင့်ယှက်ခဲ့တာပါ မွေ့ရယ်၊ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့တဲ့ တို့ကို မွေ့က စိတ်ဝင်စားအောင် လာလုပ်ခဲ့တယ်၊ တို့ မွေ့ကို မြင်မြင်ချင်းပဲ စိတ်ဝင်စားခဲ့ပြီး အရမ်းချစ်လာတော့လည်း မွေ့က ရှောင်ရှားပစ်တယ်၊ ကိုယ့်ဘက်ကိုလည်း ငဲ့ပါဦး မွေ့ရယ်"

"အဲဒါကြောင့်ပေါ့၊ မွေ့ဘက်ကစပြီး မှားယွင်းခဲ့လို့ မွေ့ တောင်းပန်ခဲ့တယ်လေ၊ မွေ့ ဘဝမှာ ဘယ်သူ့ကိုမှ တောင်းပန်ခဲ့ဖူးတာ မဟုတ်ဘူး၊ စိုးမိုးကိုကျတော့ တကယ် ခံစားနေရမှန်းသိလို့ တကယ် အားလည်းနာတယ်၊ စိုးမိုး မွေ့ကို အခုလို အသည်းအသန်ဖြစ်လာ



မယ်မှန်း ကြိုသိခဲ့ရင် မွေ့ လုပ်ဖြစ်ခဲ့မှာ မဟုတ်ဘူး၊ မွေ့ စိုးမိုးကို အရမ်း အားနာပါတယ်၊ ဒါကြောင့်လည်း အရမ်း စိတ်ရှုပ်သည်းခံနေတာပါ၊ ရိုးရိုးပဲ ခင်ပါရစေ စိုးမိုးရယ်"

"မွေ့ စဉ်းစားပါဦးကွာ၊ တို့ မွေ့ ချစ်လာတဲ့အထိ စောင့်မယ်၊ မျှော်လင့်နေပါရစေ မွေ့ရယ်"

မွေ့ ဖြစ်နေပုံကို ကြည့်ပြီး ခပ်လှမ်းလှမ်းမှ ဒွန်ဘို့က ကျိတ်ရယ်နေကြ၏။ မွေ့ကတော့ နောင်တရချင်လာရသည်။ မွေ့ကတော့ အပျော်နှင့် ဗရုတ်ကျခဲ့မိတာ တစ်ဖက်လူက တကယ်ခံစားလာကာ အသည်းအသန် ဖြစ်လာတော့ မွေ့လည်း မကောင်းနိုင်တော့ပါ။

"တွမ်သာသိရင် တို့ကို အပြစ်ပြောမှာပဲ၊ ဒါပေမယ့် တို့ မွေ့ကို ယုံတယ်၊ တို့ကို မွေ့ ပစ်ပစ်ခါခါ လုပ်ပစ်မှာ မဟုတ်ပါဘူးနော်"

"တွမ်က မွေ့ကို မချစ်ရဘူးလို့ ပြောထားလို့လား"

"မပြောပါဘူး . . . ဒါပေမယ့် တို့ကိုလည်း မိုးကောင်းလို ခံလိုက်ရမှာကို သူ စိုးရိမ်နေတယ်"

မွေ့ နှုတ်ခမ်းကလေးကို မဲ့ပစ်လိုက်သည်။ အဲသည် တွမ်က ဘာဖြစ်လို့မှား မွေ့ကို အထင်အမြင်တွေ သေးသိမ် မှားယွင်းနေပါလိမ့်။ မွေ့ ယောကျ်ားလေးတွေကို လှောင်ပြောင်ပစ်ခဲ့ဖူးပေမယ့် တကယ် ခံစားနေရပုံပေါက်တော့ စိုးမိုးကိုတော့ ခံစားချက်ကင်းမဲ့စွာ လှောင်ပြောင်ထုတ်ခဲ့ရက်ပါ့ မလား။ စိုးမိုးကို သနားမိကာ အားနာနေရတာတွေကို မင်းသိမှာလား တွမ်ရယ်။ အမြဲတမ်း ဗရုတ်ကျနေတာ

www.burmeseclassic.com

www.burmeseclassic.com



မာကျော မြင့်မားနေတတ်တဲ့ မွေ့ရဲ့ နှလုံးသားထဲမှာ အကြင်နာ ကရုဏာ တရားကလေးတွေတော့ ရှိနေတတ်သေးတာ မင်း မယုံနိုင်ဘူး မဟုတ်လား။ မင်းကိုက မွေ့ကို အထင်သေးလွန်းပါ ကယ် တွမ်ရယ်။

"အဲဒီ တွမ်ကို သိပ်မုန်းတာပဲ၊ မွေ့ကို သူက ဘာဖြစ်လို့ အဲဒီလောက် မာကျောပြနေရတာလဲ၊ မွေ့က သူ့ကို ဘာတွေ ထိထိခိုက်ခိုက် လုပ်ထားခဲ့ဖူးလို့လဲ"

"ဒါတော့ မသိဘူး မွေ့၊ သူက မွေ့လို ကောင်မလေးက အမြဲတမ်း မာနထောင်လွှားနေတဲ့ကြားထဲ မွေ့ကို ကောင်လေးတိုင်းလိုလိုက ချစ်ချစ်နေကြတော့ မွေ့က အောင်မြင်ပြီးရင်း အောင်မြင်နေသလို ဖြစ်နေတယ်တဲ့၊ ဒီတော့ မွေ့ ပိုပြီး မာနကြီးတယ်ပေါ့လေ၊ ယောကျ်ားတွေကို ငါ့တွေ့တိုင်း ချစ်နေကြတာကြီးပါဆိုပြီး မွေ့က အထင်သေးသေးနေတယ်ပေါ့ကွာ၊ အဲဒါမျိုးကို သူက မခံချင် ဖြစ်နေတာ"

"အမြင်ကတ်စရာကြီး၊ ကြားကနေ ဝင်ပြီး အူပုပ်နေတာ"

မွေ့ နှာခေါင်းရှုံ့ကာ ပြောလိုက်၏။ မွေ့ကို ယောကျ်ားလေးတိုင်း ချစ်နေကြသလို ယောကျ်ားလေးတစ်ယောက်ဖြစ်တဲ့ မင်းကကျတော့ မွေ့ကို မချစ်ဘူး မဟုတ်လား။ ဒါဆို မင်း မခံချင်ဖြစ်စရာ ဘာရှိလို့လဲ။ မင်း မချစ်ရင် မင်းကို မွေ့ အထင်သေးစရာ မရှိဘူးလေ။ မင်း အနေသာကြီးပါ။

❖ ❖ ❖



"မာမီ . . . ကိုကြီးတို့ကော"

မွေ့က တီရှပ်အနီပွကြီးမှ အနားစတွေကို ရှော့ပဲန်အနက်ကလေးထဲ ထိုးသွင်းရင်းမှ မေးလိုက်သည်။ မာမီက ဒက်ဒီ့အတွက် သိုးမွေးဆွယ်တာထိုးနေရင်းမှ မော့ကြည့်ကာ ပြုံးပြလျက် . . .

"ဂျူဒိုသွားတယ်လေ မွေ့လေးရယ်၊ ဒက်ဒီကြီးတောင် လိုက်သွားသေး"

"ဟာကွာ . . . မွေ့ကို ကားမောင်းသင်ပေးနေတာကြီး ကို၊ သူတို့က ဘာတွေလဲကွ၊ ဒီသင်တန်းက ပြီးပဲ မပြီး နိုင်တော့ဘူးလား၊ မွေ့မှာ တိုးလိုးတန်းလန်းကြီးနဲ့၊ ဒီကားမောင်းက ဘယ်တော့မှ တတ်တော့မှာလဲ၊ သိပ် မျက်နှာသေးရတာပဲကွာ"

မွေ့က ခြေတဆောင့်ဆောင့်နှင့် အော်ပြောတော့ မာမီက ချစ်စနိုးစွာ ရယ်မောရင်း မွေ့ခါးကလေးကို သိမ်းဖက်ကာ . . .

"မွေ့လေးကိုရော သင်ပေးနေကြတာ ကြာပြီပဲ မဟုတ်လား၊ မွေ့လေးက ရဲမှမရဲသေးတာကို"

"ဘေးကနေတော့ တစ်ယောက်ပါသင့်တာပေါ့၊ မာမီ ပါပေမယ့် ဒီနေ့ စမ်းကြည့်မယ်ကွာ"

"စိတ်ချရလို့လား မွေ့လေးရဲ့၊ မာမီ လိုက်ခဲ့ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါနဲ့၊ ရပါတယ်၊ ဒါမှလည်း မွေ့ ရဲမှာပေါ့"

"သားကြီးတို့ ပြန်လာလာချင်း မာမီ လွှတ်ခိုင်းလိုက်မယ် နော်"

"ဟုတ်ကဲ့"

မွေ့ ပြေးလွှားခုန်ပေါက်ထွက်ရင်း သင်နေကျ ပါပလစ်ကာကလေးပေါ် တက်ထိုင်လိုက်၏။ ကားမောင်း သင်နေတာက ကြာလှပြီ။ မွေ့ အတော်အသင့်လည်း တတ် လျက်သားနှင့် အစ်ကိုသုံးယောက်ကို အမြဲ အားကိုးနေမိတာမို့ မရဲမဝံ့ကြီး ဖြစ်နေရလေသည်။ သည်နေ့တော့ တစ်ယောက် တည်း စမ်းမောင်းဖို့ ဆုံးဖြတ်ကာ ခြံထဲမှ ဖြည်းဖြည်းချင်း လှိမ့်ကာထွက်ခဲ့၏။ ညနေပိုင်းမို့ မွေ့တို့ ပတ်ဝန်းကျင်တစ် ဝိုက်ရှင်းလင်းကာ ဇိမ်လေးနှင့် အေးအေးလေး မောင်းလို့ရလေ သည်။

မွေ့ တုန်ချည့်ချည့်နှင့်မောင်းလာဆဲ လမ်းချိုး ကလေးထဲမှ ကားတစ်စင်းပေါ်လာကာ မွေ့ ကားရှိရာဘက်သို့ ကွေ့ဖို့ အချက်ပြတာမို့ မွေ့ခဏရပ်ပေးထားလိုက်ရင်း ဘာ ရယ်မဟုတ် ထိုကားကလေးဆီ လှမ်းကြည့်လိုက်မိသည်။ ဟင်. . . တွမ် . . . တွမ်ပါလား။ မမျှော်လင့်ဘဲ ရုတ်တရက် လာဆုံလိုက်ရတာမို့ မွေ့ ရင်ကလေး ခုန်သွားရသည်။ တလှိုက် လှိုက် တနွေးနွေးလေး ဖြစ်နေကာ မျက်ဝန်းတွေ မလွှဲဖယ်နိုင် ဘဲရှိရစဉ် တွမ်ကပါ မွေ့ကိုမြင်သွားပုံရ၏။ နှုတ်ခမ်းကလေး တလှုပ်လှုပ်နှင့် သီချင်းလိုက်ဆိုနေဟန်ရှိသော တွမ့် မျက်နှာ ကြည်ကြည်ကလေးက ဖျတ်ခနဲ တည်သွားရကာ နှုတ်ခမ်းက လေးတွေ စေ့သွားရတာမို့ မွေ့ စိတ်ပျက်သွားရသည်။ တွမ်က



မွေ့ကို သိပ်မုန်းနေပုံပဲ။ မွေ့ ကားကို ဆက်လည်း မထွက်ဖြစ်ဘဲ ဆက်ရပ်ထားဆဲ တွမ့်ကားကလေး အနောက်သို့ ပြန်ဆုတ်သွား ပြီးမှ ဝေါခနဲ ကွေ့ချကာ မွေ့ကားဆီ တိုးဝင်လာတာမို့ မွေ့ မျက်လုံးတွေ ပြာဝေသွားရကာ အံ့ဩ မှင်တက်သွားရလေ သည်။ ထိတ်လန့် တုန်လှုပ်စွာ . . .

"တွမ် . . ."

အသံကျယ်ကြီးနှင့် အော်မိရင်း မျက်လုံးကလေး တွေ စုံမှိတ်ထားလိုက်မိသည်။ ကျွိခနဲ ဘရိတ်သံရှည်ကြီး ကြား လိုက်ရမှ မတိုက်မိဘူးဆိုတာ သိလိုက်ရပေမယ့် မွေ့ အလန့် လွန်သွားကာ မျက်လုံးကလေး မှိတ်ထားမိရင်း နားထင်စပ်ထဲမှ ဘဒိန်းဒိန်း သွေးခုန်တိုးနေသည်။ တွမ် ရက်စက်တယ် . . .၊ ရက်စက်တယ်ဟု ရင်တွင်းမှ အော်ဟစ်နေမိရင်း ရင်အခုန်က မပြေနိုင်။

"သိပ်လန့်သွားလား"

အနားကပ်ကာ လာပြောလိုက်သော အသံ မာတောင့်တောင့်ကလေးကြောင့် မှေးမှိတ်ထားသော မျက်လုံး များကို ဖွင့်ကာ မျက်နှာဖွေးဖွေးကလေးနှင့် တွမ့်ကို မော့ကြည့် လိုက်မိ၏။ ရုတ်တရက် ဘာစကားမှမထွက်နိုင်ဘဲ မွေ့သိပ်လန့် သွားရကာ ရှော့ခ် ဖြစ်သွားရသလို ကြောင်ကြောင်ကလေး ဖြစ်နေရသည်။

ကားတိုက်မှုတွေ ဘာတွေဆို အသေကြောက်မို့ ကားပင် မမောင်းရဲခဲ့တာ။ ဘရိတ်ဆွဲသံ ကျယ်ကျယ်ကြားရင် တောင် ရင်တွေပူလာသည်အထိ ကြောက်ရွံ့တတ်ခဲ့တာ။ ကား နှင့်ပတ်သက်ပြီး သိပ်ကြောက်တတ်ခဲ့သူကိုမှ ကားချင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com


မည့်ဟန် လာလုပ်လိုက်တာကြောင့် မွေ့အရမ်းပဲ တုန်လှုပ် ထိတ်လန့်သွားရတာဖြစ်သည်။ မျက်လုံးအဝိုင်းဝိုင်းနှင့် သူ့ မျက်နှာကို မော့ကာ ငေးကြည့်နေမိရင်းမှ သတိဝင်လာသော အခါ မွေ့မျက်ဝန်းတွင်းမှာ မျက်ရည်တွေ ရစ်သိုင်းလာရ၏။ သူနှင့် ပတ်သက်လာလျှင် ထာဝစဉ် အလျှော့ပေး ရှုံးနိမ့်ရ တတ်စမြဲမို့ အခု သိပ်လန့်ချိန်မှာအားငယ်စိတ်တို့ လျှမ်းတက် ရလျက် မျက်ရည်တွေ တစ်ပေါက်ပေါက် ကျဆင်းလာရလေ သည်။ နှုတ်ခမ်းကလေးမဲ့လာကာ သူ့ကို မမှိတ်မသုန် ငေး ကြည့်နေမိဆဲ သူ့မျက်နှာကလေး ပျက်ယွင်းသွားတာ မြင်လိုက် ရ၏။

"မငိုပါနဲ့ကွာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ သိပ်လန့် သွားတယ် ဟုတ်လား၊ ဆောရီးပဲကွာ၊ ခါတိုင်းလို နောက်လိုက်မိတယ်"

စိတ်မကောင်းဟန်ကလေးနှင့် ခပ်တိုးတိုးဆို လာတော့ မွေ့ရင်တွေ တဆတ်ဆတ်တုန်လာရကာ မငိုပါဘဲ မျက်ရည်တို့က တရစပ် ကျဆင်းလာရလေသည်။

"သိပ် လန့်သွားရင် ကျွန်တော့်ကို တစ်ခုခု ပြန်လုပ်ချင် လုပ်လိုက်လေ၊ ဒုက္ခပါပဲဗျာ၊ မငိုပါနဲ့ . . . ကျွန်တော် မှားပါတယ်၊ တကယ့်ကို မှားသွားတယ်"

မျက်ခုံးတွေရှုံ့ရင်း စိတ်ညစ်ဟန်နှင့် ညည်းညည်း ညူညူကလေး ဆိုပြန်သည်။ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့ ကို မယုံနိုင်စွာ . . . အံ့ဩလွန်းစွာနှင့် မွေ့ မတွေးရဲစွာ ပြန် တွေးလိုက်မိသည်။ တွမ်က ကျွမ်းကျင်စွာ တမင် လုပ်လိုက်တာ ပေမယ့် အလန့်လွန်သွားရကာ စိတ်လည်းမကောင်း။ တွမ်က

မွေ့ကို အငြိုးကြီးပုံမျိုးနှင့် ကြီးကြီးမားမားကို ရန်စခဲ့တာပဲ။ မတော်တဆသာ တိုက်မိသွားခဲ့လျှင် ဘယ်လိုလုပ်မလဲ တွမ် ရယ်။ ကားချင်းက ဘယ်လောက်မှမကွာတော့။ မွေ့ သိပ်လန့် သွားရတော့မှ လာတောင်းပန်နေတာအတွက် မွေ့က ကျေနပ် ရမှာလား . . . ပျော်ရွှင်ရမှာလား။

"ခဏလေး နေဦးနော်"

သူ့ကားဆီ အမြန်ပြေးသွားကာ ကားထဲမှ ကိုကာကိုလာဘူးကလေး ထုတ်ယူလာပြီး မွေ့ကားတံခါးကို ဖွင့်ကာ ဘူးကလေးကို လှမ်းပေးရင်း ခါးကိုင်းကာ ငုံ့ကြည့် နေ၏။ မွေ့ တုန်တုန်ယင်ယင်ကလေးနှင့် ဘူးကို လှမ်းယူကာ တစ်ရှိုက်ထိုး မော့ချပစ်လိုက်မိသည်။ ရင်ထဲ အေးငြိမ်းသွားရကာ ဘူးကလေးကို သူ့ဆီပြန်ပေးလိုက်တော့ သူက လှမ်းယူကာ . . .

"သိပ်လန့်အောင် လုပ်လိုက်မိတာ တကယ်စိတ်မ ကောင်းဘူး၊ အရမ်းလန့်သွားတယ်နော် . . . မျက်နှာ ကို သွေးဆုတ်နေတာပဲ"

မျက်နှာကို လာစိုက်ကြည့်ကာ တကယ် စိတ်မ ကောင်းဟန်နှင့် ဆိုသည်။

"မွေ့က ကားချင်းတိုက်မှာကို အသေကြောက်တာ"

"ဩော် . . . ဒါကြောင့် သိပ်လန့်သွားတာနေမှာ၊ ဆောရီးပဲကွာ၊ အားနည်းချက်ကို သွားဖိလိုက်သလို ဖြစ် သွားတယ်၊ ကျွန်တော် တောင်းပန်တယ်နော်"

"ရပါတယ်"

"ဘာလုပ်ပေးရဦးမလဲ ဟင်"

"ရပါပြီ . . . မွေ့ ကောင်းသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



မွေ့ ခေါင်းကလေးဆတ်ပြလိုက်ကာ ပြောလိုက်တော့ သူ့မျက်နှာကလေး ကြည်လင်သွားကာ . . .

"သွားတော့မယ်နော်"

မျက်နှာကလေးက တစ်ချက်မှမပြုံးပေမယ့် အရမ်းနူးညံ့ သိမ်မွေ့နေသည်။ မွေ့ နှုတ်ခမ်းကလေး ဖွဖွကိုက်ကာ ရင်ခုန်ရမှုတွေကို ထိန်းချုပ်ရင်း ငြိမ်သက်နေမိ၏။ သူ့ကားကလေး ဖြည်းဖြည်းထွက်သွားရာကို လည်ပင်းကလေးလိမ်ကာ ငေးကြည့်ရင်း မွေ့ပါ ကားကလေးကို ပြန်ကွေ့ယူရှိုက်ရင်း ခပ်ဖြည်းဖြည်းကလေး ပြန်မောင်းထွက်လာခဲ့လိုက်သည်။ မယုံနိုင်စရာဘဲ။ အမြဲတမ်း တင်းမာနေတတ်တဲ့ တွမ်ထံမှ နူးညံ့သော အပြုအမူကလေးကို တွေ့ကြုံခဲ့ရတော့ မွေ့ရင်ထဲ ဖြောင်းဆန်ကုန်ရတာ အံ့လည်း အံ့သြမိပါရဲ့ တွမ်ရယ်။

အခုလိုကြုံဆုံလိုက်ရခြင်းအတွက်လည်း ဘယ်တော့မှ မမေ့နိုင်အောင် ထာဝရ အမှတ်တရရှိနေဦးတော့မှာပါပဲ။ သိပ် မာကျောတင်းထန်နေရာကနေ ရုတ်တရက်နူးညံ့ ပျော့ပျောင်း ကျသွားရတာ။ မင်းလုပ်ခဲ့မိတဲ့ လုပ်ရပ်အတွက် သိပ်နောင်တရသွားလို့ပေါ့နော်။

ဒါဆို မွေ့ကို နောက် ဘယ်တော့မှ ရန်မစနဲ့တော့နော်။ ပြေလည်ပါနော်။

❦ ❦ ❦



"သူ့ မျက်နှာကို မြင်ကြည့်ချင်လိုက်တာတော်"

ဇွန်က အားမလိုအားမရစွာ ရေရွတ်နေသည်။ ဧနေနေ့ဆုံကြတော့ သောကြာနေ့ညက ဖုန်းနှင့်ဆက်ကာကြားပြီး ဖြစ်ပါလျက် ပြောလို့မပြီးနိုင်စွာ ဆက်လက်ပြောနေမိသည်။ မွေ့ မျက်နှာကလေးအရမ်းပဲ ပြုံးရွှင်နေတာကိုကြည့်ရင်း မွေ့ ရင်တွင်းမှ အပျော်ခံစားချက်တို့ကို ဇွန်တို့ခိုးမိကြလေသည်။

"မျက်နှာက ခါတိုင်းလိုပါပဲ၊ တည်တည်လေးပဲ၊ ဒါပေမယ့် မာတောင့်မနေဘူး၊ နူးနူးညံ့ညံ့ကလေး . . .၊ မျက်လုံးတွေက ရီဝေဝေလေးတွေနဲ့ ငါ့ကို သူ သိပ်သနားသွားပုံပဲ"

"ဟာ . . . ဟာ . . . သနားချင်စရာရုပ်ပဲ"

ဇွန်က နှာခေါင်းရှုံ့ပြကာ ပြော၏။

"တကယ်ပြောတာ . . . သူ အရမ်းနောင်တရသွားပုံပဲ၊ ငါက သူတော်ကောင်းကလေးဆိုတော့ နင်တို့ကို သူ့စိတ်ပုပ် အကြံအစည်တွေနဲ့တောင် ပညာပေးစရာမလိုဘူး။ မေတ္တာတရားရှေ့ထားပြီး မျက်ရည်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ဝဲပေးလိုက်တာ တစ်ခါတည်း အပိုးကျိုးသွားတာ
ခစ် . . . ခစ်"

"ဪဟော် . . . ဒါဆို နင် အရမ်းလန့်သွားပြီး မျက်ရည်ကျတာဆိုတာ တကယ်မဟုတ်ဘူးပေါ့၊ အေး . . . ဘွမ့်ကို သွားပြောမယ် . . . မယုံနဲ့လို့"

"ဘာဆိုင်လဲ . . . ဘာမှမဆိုင်ဘူး၊ လန့်သွားတာ တကယ်"

"စိတ်ပျက်စရာကောင်းလှပါလား၊ နင် ဘွမ့်ကို ခိုက်ေ ပြီလား မေ့၊ နင့်ပုံစံက မခွဲခင်ကတည်းက ကြွေ တော့မယ့်ရုပ်ပဲ၊ ဘယ်မှာလဲ မာနတရားတွေ၊ နင် ယောကျ်ားတွေကို အထင်မကြီးဘူးဆို . . . ဘယ်တော့ မှ ချစ်ဖို့ မစဉ်းစားဘူးဆို"

"အထင်သေးမနေစမ်းပါနဲ့ နုအိရာ . . .၊ ငါ သူ့ အမြင်ကတ်တာက ကတ်တာပဲ"

"ဟင်း . . . အသံလေးက ညှောင့်စိညှောင့်စိနဲ့၊ သွား ပြီ၊ နင်တော့လျှောပြီ ဘွမ့်ကို နင်ချစ်သွားပြီ မဟုတ်လား ပြော . . ."

လက်ညှိုးတထိုးထိုးနှင့် အတင်းလိုက်မေးနေတာ မို့ မေ့ နှုတ်ခမ်းကိုအတင်းစေ့ထားကာ တဟင်းဟင်း ရယ် နေလိုက်သည်။ နင်ပြောသလို တကယ်ပါပဲ နုအိရယ်။ ငါ့ဘ မှာ ဘယ်ယောကျ်ားကလေးကိုမှ အထင်မကြီးခဲ့ဖူးဘူး။ မေ့ကို ချစ်တယ်လို့ ဆိုလာသူတိုင်းဟာ မေ့ရဲ့အလှ . . .၊ မေ့ရဲ့ ကျော်ကြားမှုကိုသာ ဂုဏ်လုပ်ပြီး တွဲချင်သူတွေလို့ ရှုတ်ချ အထင်သေးပစ်ခဲ့ကာ မေ့ကို လာကြည့်သမျှ၊ လာကပ်ခဲ့သမျှ



ယောကျ်ားတိုင်းကို အထင်သေးစွာ လှောင်ပြောင်သရော် ဟား တိုက်ကာ အရှက်ခွဲခဲ့ဖူးသည်။ ယောကျ်ားဆိုတာ မက်တာပဲ။ အလှကိုမက်တယ်။ သာယာပျော်ရွှင်မှုကို မက်တယ်။

စည်းစိမ်ယစ်မှုး ခံစားမှုကိုမက်တယ်။ ဂုဏ်ထည် ကျော်ကြားမှုကို မက်တယ်။ အားလုံးအကောင်း အကောင်း းတွေကိုပဲ လိုက်ရွေးချယ်ကြိုးပမ်းနေသူတွေဟု မှတ်ယူကာ အထင်ကို မကြီးနိုင်ခဲ့။ မေ့ မာနကြီးခဲ့တာလည်း ပါသည်။ မေ့ ရုပ်ရည် ကြွယ်ဝမှုဂုဏ်တွေနှင့် တော်ရုံတန်ရုံကို အထင်ကို ကြီးခဲ့တာ။

ယောကျ်ားတစ်ယောက်ကို တန်ပြန်ချစ်လိုက်ရ မှာကိုက မေ့ဘက်က အလျှော့ပေးလိုက်ရသလို နှမြောခံစားရ တာ တွေးကြည့်တိုင်း ခေါင်းခါခဲ့မိစမြဲပဲ။ အခုတော့ သည် မေ့ရဲ့ အတွေးတွေကို ယိုယွင်း ပြိုပျက်စေခဲ့ကာ မေ့ကို ကြည့်မ ရ အမြင်ကတ်စွာ အထင်သေးနေပုံရသော ထိုမှယောကျ်ားက လေးကိုမှ မေ့ ပျော့ပျောင်းသွားခဲ့မိတာ ဧရာမ အလျှော့ပေး ဘျဆုံးရခြင်းပါပဲ။ မေ့ တကယ်လည်း အံ့သြရသည်။ မေ့ အရမ်း မြင့်မားခဲ့လို့ အရမ်းပဲ ထိခိုက်ရတာလား မဆိုနိုင်။ ဘယ်ယောကျ်ားကလေးကိုမှ အာရုံထဲအဝင်မခံခဲ့သော မေ့က ဘွမ်ဆိုတဲ့ ရုပ်တည်တည် . . . မာကျောကျော၊ မာနမြင့်မြင့် နှင့် မေ့ကို ထာဝစဉ် လိုက်ရန်စ လှောင်ပြောင်ခဲ့သော ယောကျ်ားကလေးတစ်ယောက်ကို ရင်ခွင်တွင်းမှ နှလုံးအိမ် အထိ ဝင်ရောက်ခိုင်မြဲစေခဲ့လေတာ မေ့မှားယွင်းခဲ့ပြီလား။

"တွေ့လား . . . မျက်နှာလေးက တွေတွေဝေဝေနဲ့၊ အမြင်ကတ်တယ်ဆိုတာ ယုံနိုင်စရာ တစ်ကွက်မှ မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဟွန်း . . .”

“မယုံနဲ့ပေါ့၊ နင့်ကို ဘယ်သူက အတင်းယုံခိုင်း
ဒါပေမယ့် နင်မှတ်ထားလိုက်ပါ နုအိ၊ ငါ့မှာ သူနဲ့ ပ
သက်လို့ မာနအပြည့်ရှိတယ် . . .၊ ငါ သူ့ကို ဘ
လောက်ပဲ ချစ်နေချစ်နေ သူဘက်က မပျော့ပျောင်း
ရွေ့၊ ငါ့ကို မကြင်နာပေးသရွေ့ ငါဘယ်တော့မှ သူ
ထုတ်မပြဘူး၊ သိပ်ချစ်ရင်း ရင်ထဲမှာ တလှိုက်လှိုက်
ပြီး ကြွေသွားပစေ ငါ့ကိုအထင်မကြီးတဲ့ ယောက်
တစ်ယောက်ကို ငါ့ရဲ့အချစ် ဘယ်တော့မှ မပြဘူး . . .
သိလား”

ပြောရင်း မျက်ရည်တို့က ဝိုင်းရစ်လာကြသည်
သည်စကားကလေး ပြောလိုက်ရရုံကလေးနှင့်တောင် သူ့
များစွာ ဝေးကွာရသလို ရင်တွင်းမှာ အားအင်များစွာ ချည့်
ယိုင်ကျသွားရတာ။ သူ စိမ်းကားဆဲပဲဆိုရင် ရင်တွင်းက ကြေ
ခံစားစိတ်နှင့် ကြွေးကြော်ခဲ့သမျှတို့ကို အကောင်အထည်
ဖော်မပြနိုင်မှာကိုလည်း စိုးရိမ်သည်။ နာကျင်စိတ်ကြော
ဘယ်လောက်ပဲ ကြွေးကြော် တင်းမာထားထား နှလုံးသား
အနိုင်ယူစိုးမိုးလိုက်ကာ အပြောနှင့်အပြုမညီဖြစ်မှာ၊ မွေ့
တစ်ဖက်သတ် ခံစားလာရမှာတွေကို ကြိုတင်စိုးရိမ်လာမိသည်
မွေ့ကို သူကချစ်မှာတဲ့လား။ မွေ့ အတပ်ပြောနိုင်မှာမို့လား
တစ်နေ့က မွေ့ကို သူ နူးညံ့ပြသွားခဲ့တာ၊ သူလုပ်ခဲ့တဲ့လုပ်ရပ်တ
ခုအတွက် တောင်းပန်ခြင်းနှင့် ညီမျှရုံ ပြသွားခဲ့တာဆိုရ
မွေ့ တစ်ဖက်သတ် ဆွဲယူလွှမ်းရာကျနေပြီလား။ အမှန်တော့
မွေ့ ကိုယ့်စိတ်နှင့် နှိုင်းနေခဲ့မိတာပါလား တွမ်ရယ်။ မင်း



ကို ချစ်မှာတဲ့လား။ မွေ့ကို အထင်ကြီးပုံမပြဘဲ ကြည့်မရ
နဲ့ ရန်လာစနေခဲ့တာဟာ ချစ်လို့တော့ ဘယ်နည်းနဲ့မှ မဖြစ်
ဘူးထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၅)

စိုးမိုးမှ ထပ်ဆင့် ထပ်ဆင့် တောင်းပန်ခိုင်းပြန်တော့ မွေ့ ပီတိနှင့် ပျော်ရွှင်ကြည်နူးသွားခဲ့ရတာ ဘယ်သူသိနိုင်မှာလဲ။ အမှန်တော့ သူ့ရဲ့ ပင်ကိုစိတ်ထားကလေးက အရင်းခံ နူးညံ့နေမှာပါပဲ။ မာနတွေ၊ မာကျောမှုတွေနှင့် ဖုံးလွှမ်းဆင်ယင်ကာ မွေ့ကို ရန်စခဲ့တာဟာ ဘာသဘောလဲ တွမ်ရယ်။

"မွေ့မျက်နှာကလေးကိုကြည့်ပြီး သူ အရမ်း သနားသွားတယ်တဲ့၊ အရမ်း နောင်တရသွားတယ်တဲ့၊ မွေ့က ပုံစံကသာ မာကျောကျောနဲ့ မာနကြီးကြီး ပုံစံကြီး ပေါက်နေပြီး အဲဒီနေ့တုန်းက တကယ့် သိုးကလေးလိုပဲတဲ့ . . . မျက်လုံးကလေးဝိုင်းပြီး မျက်နှာကလေး ဖွေးနေဘဲ့ကြားက ရှော့ပဲန်ကလေးနဲ့ဆို ကလေးလိုပဲတဲ့ သူက အသေးစိတ်ပြောတာ၊ ကိုယ်က မှတ်မိသလောက် ပြန်ပြောပြတာ၊ တောင်းပန်တယ်လို့ ပြောပေးပါတဲ့"

မွေ့ နှုတ်ခမ်းကလေးစေ့ကာ သဘောကောင်း



စ်လေးနှင့် ပြုံးနေလိုက်သည်။ တကယ်လည်း သဘောကောင်းစွာ ခွင့်လွှတ်ခဲ့တာပါပဲ။ တွမ် လုပ်ခဲ့တုန်းက အဲသည်အချိန်ကလေးမှာ ပြင်းထန်စွာဆိတ်လန့်တုန်လှုပ်သွားကာ နာကျင်မှုတွေပါ စွက်ဖက်ခံစားသွားခဲ့ရတာတွေဟာ သူ့ရဲ့ရွှန်းညို့တဲ့ အမှုအရာလေးတွေအောက်မှာ တစ်ထိုင်တည်း ကျေပျောက်သွားခဲ့ရတာတွေကို သူ သိနိုင်မှာ မဟုတ်ဘူးလေ။

"တွမ် တကယ်ငြိမ်သွားတာ သိလား၊ သူ မှိုင်တွေနေတယ်၊ စိတ်မကောင်းဖြစ်နေပုံပဲ"

"လုပ်တုန်းကတော့လုပ်ပြီးတော့၊ ပြောလိုက်ပါ၊ သူ့ကို ခွင့်လွှတ်ပါတယ်လို့"

"ကောင်းပြီ ၊ ပြောလိုက်မယ်၊ မွေ့ကို တို့ချစ်တယ်"

"ဟာ . . . ဘာကြီးလဲ . . . စိုးမိုးကလည်း ရောဂါပဲ"

မွေ့ နှာခေါင်းကလေးရှုံ့ကာ စိတ်မရှည်စွာ ပြောသည်။ နှုတ်ကော ဖွန်ကပါ သဘောတကျ ဝိုင်းရယ်ကြရင်း စိုးမိုးပုံစံကို ကြည့်ကာ ဟားချင်ချင်ဖြစ်နေရသည်။ စိုးမိုးက တကယ့်အသည်းအသန်ပုံစံပဲ။ အလျှင်တုန်းကတော့ တကယ့်ကို ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားပုံနှင့်။ အခုတော့ မွေ့ကသာ ပြတ်ပြတ်သားသား ငြင်းပစ်လိုက်ရင် တစ်ခုခု ဖြစ်ရတော့မည့် ပုံဟန်နှင့်။

"စိုးမိုး . . . နေကောင်းရဲ့လား"

"ဟာ . . . ဘာဖြစ်လို့လဲ"

စိုးမိုးက မွေ့မျက်နှာလေးကို တမက်တမောပုံသကလေးနှင့် စိုက်ကြည့်နေရာမှ လန့်လန့်ဖျပ်ဖျပ်နှင့် နှုတ်ခွန်းကို မော့ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အားကလေး အင်ကလေး မွေးထားလို့ ပြောမလို့ . . . မွေ့ ငြင်းလိုက်ရင်ခံနိုင်ရည်ရှိအောင်လို့"

"ဟာဗျာ . . . နှုအိက ပါးစပ်ပုပ်ကြီးနဲ့၊ မွေ့ကလားကျွန်တော့်ကို ငြင်းရက်မှာ . . . နော်. . . မွေ့ တို့ကို မွေ့ သနားနေတယ်မဟုတ်လား"

မွေ့ကို အတင်းလိုက်ကြည့်ကာ မေးနေပြန်တာမို့ မွေ့ စိတ်ပျက်စွာ ခေါင်းကလေးကို ကုတ်သည်။ အဲသည် စိုးမိုး အရမ်းကို မျှော်လင့်ချက်တွေ ရှုည်နေတာ။ မွေ့ဘယ်လိုဆုံးဖြတ်ရပါ့မလဲ။ စိုးမိုးကို ငြင်းပစ်လိုက်ရင် တွမ်က အထင်သေးလိုက်ဦးမှာလား။ မွေ့ဆုံးဖြတ်ရခက်အောင်ပင် တွမ် လွှမ်းမိုးနေတာဟာ မွေ့ စိုးလည်းစိုးထိတ်မိပါရဲ့ကွယ်။ မွေ့ စိုးမိုးကို တကယ်မချစ်ဘဲ ဖြတ်လိုက်ရင်တောင် မျှော်လင့်ချက်တွေပေးပြီး တမင်ဖြူခွင်းပစ်တယ်လို့ မင်း ယူဆအထင်သေးလိုက်ဦးမှာ မဟုတ်လား တွမ်ရယ်။ မိုးကောင်းတုန်းကလည်း မွေ့ကို အတင်းလမ်းပိတ် ဇွတ်ရမ်းခဲ့တာကို မင်း မမြင်ခဲ့ဘူး။ မွေ့ ငြင်းဆိုရန်လိုမိခဲ့တာကိုကျတော့ မင်း အပြစ်မြင်ရက်ခဲ့တယ်။ အခုလည်း စိုးမိုးကို မငြင်းရဲလောက်အောင်ကို ဖြစ်နေရတာ မင်းကြောင့်ပါပဲ။ မင်း မွေ့ကို လက်ညှိုးထိုး အပြစ်လာတင်မှာ စိုးစိတ်နှင့် စိုးမိုးကို မပြတ်သားခဲ့တော့ စိုးမိုးမှာ မျှော်လင့်ချက်တွေ ပိုရှည်လာပြီပေါ့။

"ဟိုမှာ တွမ် လာနေတယ်တော့်"

ရွှန်းအသံ ခပ်တိုးတိုးကြောင့် မွေ့ ကိုယ်ကလေးတောင့်ခနဲ ဖြစ်သွားရသည်။ ကော်ရစ်ဒါမှခပ်ဖြည်းဖြည်းကလေး ဖြတ်လျှောက်သွားတာ မွေ့တို့ဘက် တစ်ချက် လှမ်းကြည့်



သွားသော တွမ့် မျက်နှာကလေး ခါတိုင်းလို မာနရောင်လက်ပြောင်မနေဘဲ ခပ်တည်တည်ကလေးပေမယ့် မွေ့သူ့ကို စတွေ့သည့်နေ့မှစ၍ ယခုအချိန်အထိ အတွင်းမှာ အနူးညံ့ဆုံးကလေးဖြစ်နေသည်။ ဒါပေမယ့် တွမ်ရယ် . . . မင်း နူးညံ့ပုံကလေးကိုပဲ ရင်ထဲက တိတ်တိတ်လေး ကြည်နူးမိရုံက လွဲလို့ မွေ့က မိန်းကလေးမဟုတ်လား။ မွေ့ ဘာများ စတင် စွမ်းဆောင်နိုင်မှာလဲ။ မင်းကို ရင်ထဲက မျှော်လင့်စောင့်နေမိတာကို လူသိမှာ စိုးရွံ့မိပေမယ့် မင်း သိစေချင်လိုက်တာ။

"ဒီနေ့ နေပူမယ် . . . တွမ် ငြိမ်ငြိမ်ကလေးနဲ့ အေးအေးကလေး ဖြစ်နေတယ်"

တွမ် ထူးထူးခြားခြား ဖြစ်သွားပုံကို ကြည့်ကာ ရွှန်းက တအံ့တသြကလေး ပြော၏။ မာမာကျောကျောနှင့် တွေ့တိုင်း ရန်စတတ်ခဲ့သော တွမ်က အခုလို အေးငြိမ်ပြသွားခြင်းဟာ မွေ့အပေါ် ကျေအေးလိုက်ခြင်းမျိုးလား။ သူ လုပ်ခဲ့မိသည့်အတွက် မွေ့ လန့်ထိတ် ထိခိုက်သွားရတာအတွက် အားနာမိသွားတာမျိုးလား။ ဘာကြောင့်မှန်း မရေရာပေမယ့် တွမ် ပြောင်းလဲသွားတာကတော့ သေချာရလေသည်။ မွေ့စားပွဲခုံကလေးကို ဖျတ်ခနဲပုတ်ကာ ပြုံးလိုက်မိတော့ စိုးမိုးကလန့်သွားပုံနှင့် မွေ့ကိုလာကြည့်သည်။ မွေ့ တောက်ပစွာ ပြုံးနေပုံကလေးကြောင့် စိုးမိုးလည်း ပျော်ရွှင်သွားရပုံနှင့် ရယ်မောလိုက်တော့ မွေ့ စိတ်ပျက်သည့်ကြားမှ ရယ်ချင်သွားရလေသည်။ သည် စိုးမိုးတစ်ယောက်ကို ဘယ်လိုလုပ်ရပါ့။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ဟဲ . . ."

နုအိက အလန့်တကြား ထအော်တော့ မွေ့က ရေခဲမုန့် နှစ်ခုစလုံးက အရည်ပျော်ကာ အရည်တွေ ဆက်တောက်ဆတ်တောက် ကျနေတာကြောင့် ခပ်သွက်သွက်ကလေး စားနေရာမှ မျက်ခုံးကလေးပင့်ကာ နုအိကို လှမ်းကြည့်လိုက်သည်။ နုအိကို စကားပြန်မပြောနိုင်သေးဘဲ စားနေရဆဲမို့ မျက်ခုံးကလေး တပင့်ပင့်လုပ်ကာ ဘာလဲ . . . ဘာလဲ ဟူသောပုံစံမျိုး လုပ်ပြလိုက်ရင်း နုအိကြည့်ရာဘက်ဆီသို့ လှည့်ကြည့်လိုက်မိသည်။ ဟင် . . . တွမ့် ကားကလေး။ မွေ့စားနေရာမှ ရုတ်တရက်ရပ်တန့်ကာ ရေခဲမုန့်ကြီးကို အယောင်ယောင်နှင့် ငွန့်ဆီ ထိုးပေးလိုက်၏။ ငွန်ကလည်း လှမ်းယူကာ ခပ်တည်တည်ကလေးနှင့် ဆက်စားနေသည်။

တွမ် ကန်တော်ကြီးကို ဘာလာလုပ်တာပါလိမ့်။ တွမ်က ကားကလေးကို ရေကန်စပ်ကလေးမှာ ရပ်ထားသောမွေ့တို့ ကားကလေးနှင့်ယှဉ်ကာ ရပ်လိုက်သည်။ ပြီးတော့ ကားပေါ်မှ ဆင်းလာကာ မွေ့ ကားကလေးကို မှတ်မိဟန်ဖြင့် စိုက်ကြည့်နေလေသည်။ ပြီးတော့ ခေါင်းကလေးငဲ့ကာ ဟိုဟိုသည်သည်ကြည့်နေ၏။ မွေ့တို့က ရေခဲမုန့် ဝယ်ပြီးပြီးချင်း



. . .နေရာမှာပဲ စားနေတာမို့ တွမ် ရပ်နေရာဆီသို့ အကုန်လှမ်း. . .င်နေရလေသည်။

"လောင်းမလား . . . လောင်းမလား . . . တွမ် နင့်ကို

လာနှုတ်ဆက် မဆက်" .

ငွန်က စိတ်ဝင်တစားပုံစံနှင့် စိန်ခေါ်နေတာ. . . မွေ့ ပြုံးမိသွားရသည်။ ကျောင်းမှာ အတန်းရှေ့မှ ခပ်အေးအေး ပုံစံကလေးနှင့် တည်တည်ငြိမ်ငြိမ်ကလေး ဖြတ်သွားတတ်တာ။ မွေ့ကို မသိမသာကလေး ခိုးခိုးကြည့်တတ်တာ။ မွေ့က ပြန်ကြည့်လိုက်လျှင် မျက်နှာလွှဲလိုက်ပေမယ့် မျက်နှာကလေးက တည်ငြိမ်နူးညံ့နေတတ်တာ။ တွမ် အရမ်းကို ငြိမ်သက်ပြောင်းလဲ သွားတာမှ အသိသာကြီးပါပဲ။ လာရောက်စကားစ နှုတ်ဆက်ဖို့ ကျပြန်တော့လည်း တွမ့်အနေနဲ့ ရှိန်နေသလိုမျိုးပါ။ သူက စတင် ရန်တွေ့ စ, လှောင်ပြောင်ထားခဲ့တာမို့ လာပြီး စကားပြောရမှာ တစ်မျိုးတော့ ဖြစ်နေမှာပါပဲ။ မာနတင်းခံနေတာမျိုးလည်း ဖြစ်ချင် ဖြစ်နိုင်သည်ပေါ့လေ။ ကားချင်းတိုက်မိအောင် လုပ်လိုက်ပြီးသည့် နောက်ပိုင်း တွမ်အရမ်းကို ပြောင်းလဲသွားတာဟာ မွေ့အပေါ် သူ့လုပ်ရပ်အတွက် အရမ်း အားနာကြင်နာသွားခြင်းမျိုး ဖြစ်နိုင်သည်။

အဲသည်နေ့က တောင်းပန်ခဲ့ပြီးသည့်နောက်ပိုင်း နောက်ထပ် စကားရှာ တောင်းပန်ချင်သေးလျှင် ရနိုင်ပေမယ့် တွမ်က အဲသည်လို ဘာလိုင်းဝင်ရော ပုံစံမျိုးပေါက်မှာကြည့်. . . ရုက်ပုံပဲ။ အရမ်းပြောင်းလဲသွားကာ မွေ့ကိုမြင်လျှင် ခိုးခိုးကြည့်တတ်သည့် မျက်ဝန်းကလေးတွေကို မွေ့ ဘယ်လိုယုံကြည်ရမှာလဲ တွမ်။ မာနရှိတာမှန်ပေမယ့် တွမ် ကြင်နာဘက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကိုတော့ ကားချင်ဆုံသည့်နေ့ကပင် မွေ့ ယုံကြည်လိုက်မိသည်ပဲလေ။ ကြင်နာတတ်သော နှလုံးသားရှိသူမို့သာ အရှမ်းလန့်သွားခဲ့ရကာ မျက်ရည်ကျခဲ့ရသော မွေ့အတွက် သူ တုန်လှုပ်ပျက်ယွင်းစွာ တောင်းပန်စကားဆိုသွားခဲ့တာပေါ့။ အကြင်နာ ကင်းမဲ့သူသာဆိုရင် မွေ့ဖြစ်ပျက်သွားရခြင်း အတွက် သူ အနိုင်ရပြီဆိုပြီး ဂုဏ်ယူသွားနိုင်မှာ။ နောက်ပိုင်းလာပြီး အဆက်အစပ် မလုပ်ခဲ့တာဟာ သူ့ မာနကြောင့်ပဲ ဖြစ်မှာပဲ။ ရုတ်တရက်ကြီး ဝင်ရော ခင်မင်လိုက်ရမှာကို သူ ရှက်တတ်ပုံပါပဲ။ သည်လိုဆိုရင်တော့ မွေ့ဘာတတ်နိုင်မှာလဲ တွမ်ရယ်။ မင်းလာမှသာ ကိုယ်က ကြိုဆိုခွင့်ရှိသူ ဘဝမို့ မင်းမလာတော့လည်း မျှော်လင့်ရုံသာပဲပေါ့ကွယ်။

"လောင်းမလား လို့"

"နင်တို့ပါရင် သူ့ နှုတ်ဆက်ချင်မှ နှုတ်ဆက်မှာ ... ရှက်နေနိုင်တယ်၊ ငါတစ်ယောက်တည်း သွားကြည့်မယ်"

"ရတယ် ... ငါတို့ စောင့်ကြည့်နေမယ်၊ တွမ် နင့်ကို လာနှုတ်ဆက်တယ်ဆိုရင် နင် အနိုင် ... လာမနှုတ်ဆက်ဘူးဆိုရင် ငါတို့ အနိုင်"

မွေ့ ခေါင်းကလေးညိတ်ပြလိုက်ကာ ကားဆီသို့ လျှောက်လှမ်းလိုက်မိသည်။ နှလုံးသားတွေ လှုပ်ရှားနေရတာကို မင်း သိနိုင်မှာလား တွမ်။ မွေ့ ခေါင်းကလေးကို တည့်တည့်ထားကာ ကားဘေးနားသို့ ကပ်လိုက်သည်။ သူက မွေ့ကို မြင်သွားကာ မသိမသာစိုက်ကြည့်၏။ မွေ့ သူ့ဆီ တစ်ချက် ကြည့်မိတော့ သူ မျက်ဝန်း ပြန်လွှဲသွားတာမို့ မွေ့ရင်ထဲ ဟာသွားရသည်။ သူ နှုတ်ဆက်မှာ မဟုတ်ပါဘူးလေ။ မွေ့ ကားပေါ်



တက်ဖြစ်သေးဘဲ ကားတံခါးနားမှာ ငြိမ်သက်ရပ် နေမိသည်။ အရှမ်းနီးကပ်နေကြရသော အခြေအနေမှာ တောင် မွေ့ကို တွမ် နှုတ်မဆက်တာ မွေ့ ဘယ်လို ယုံရတော့ မလဲကွယ်။ မွေ့ကို ခိုးဝှက် ငေးမော ကြည့်တတ်တဲ့ မျက်ဝန်း ကလေးတွေ။ ဘမင်တကာ လိုက်ဆုံနေရသည်ဟုပင် ထင်ရ လောက်အောင် ကျောင်းခန်းကျယ်ထဲမှာ မွေ့ သွားရာနေရာတို့နှင့် မလှမ်းမကမ်း နေရာတွေမှာ ရှိနေတတ်တာတွေ။ တစ်ခါတလေ မျက်နှာချင်းဆိုင်ဆုံမိရင် ခေါင်းကို ခပ်လွှဲလွှဲထားလျက် မသိချင်ယောင် ဆောင်သွားတတ်ပေမယ့် တစ်နေရာရာမှာ ရပ်ကျန်ခဲ့ကာ မွေ့ကို လိုက်ငေးကြည့်နေတတ်တာတွေ။ မွေ့ စိတ်ထင်စွာ လှည့်ကြည့်မိသောအခါ တငေးကြီး ကြည့်နေတတ်သော မျက်ဝန်းတွေ အလန့်တကြားနှင့် ဖယ်ရှောင်ရှားသွားတတ်တာတွေ။

မင်းကိုမွေ့ ဘယ်လိုနားလည်ရတော့မှာလည်း တွမ်ရယ်။ မာကျောနေရာကနေ ရုတ်တရက်ကြီး ပြောင်းလဲနူးညံ့သွားတာ။ မွေ့ကို မုန်းတီးကြည့်မရဟန် မပြတော့ဘဲ ခိုးကြောင်ခိုးဝှက် ငေးမောလာတတ်ကာ နှုတ်ဆက်လာလျှင်လည်း မွေ့က ပြန်လည်နှုတ်ဆက်ပေးမယ်ဆိုတာကို သိရက်နဲ့ လာရောက်မနှုတ်ဆက်ခဲ့တာ။ ဒါတွေအတွက် မွေ့ ဘာများ တုံ့ပြန်မှုပေးနိုင်မှာလည်းကွယ်။ မာနကလေး တင်းခံနေတယ် ဆိုရင်တောင် မင်းအတွက် မာနတွေလျှော့ချ ပစ်ခဲ့တဲ့မွေ့ အတွက်လည်း မင်းမာနတွေ လျှော့ချပေးသင့်ပါတယ်။ မင်း လာနှုတ်ဆက်လိုက်ရင် မွေ့ နွေးထွေးလှိုက်လှဲစွာ ခင်မင် တုံ့ပြန်ပေးမှာပဲ တွမ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာ သူ့ဆီက လှုပ်ရှားသံကလေး ကြားရသည်။ ကားပေါ် ဖြည်းဖြည်းကလေးတက်ကာ မွေ့ဘေးမှ ဖြတ်လျက် ကားကို ညင်သာစွာ မောင်းထွက်သွားသည်။ မွေ့ နှုတ်ခမ်းကလေးဖွဖွကိုက်ကာ သူ့ဆီ တစ်ချက်လှမ်းအကြည့် ခေါင်းကလေးလှည့်ကာ မွေ့ကို တစ်ချက်လှည့်ကြည့်သွားသော အကြည့်ကလေးတစ်ခုက ရင်ခွင်တွင်း တိုးဝင်လာသည်။

"ဟိတ် . . . ကရော် . . . ကရော်"

ဌွန်က စပ်ဖြဲဖြဲကလေး လာအော်ကာ မွေ့ မျက်နှာကိုလာကြည့်လိုက်တော့ မျက်နှာကလေးမှုန်သီကာ နှုတ်ခမ်းကလေး ကိုက်ထားသော မွေ့ပုံစံကြည့်ရင်း အံ့ဩသွားရသည်။

"ဘာဖြစ်နေတာလဲ မွေ့ . . . တွမ် နှုတ်မဆက်သွားလို့ ကြွေနေတာလား"

"သေလိုက်ပါလား၊ သူနှုတ်မဆက်တာ ငါက ဘာလို့ကြွေရမှာလဲ၊ လုံးဝပဲ၊ နှုတ်မဆက်လည်း နေပေါ့ . . . သူက များ"

နှုတ်ခမ်းကလေးမဲ့ကာ မခံချင်ပုံစံကလေးနှင့် အော်တော့ ဌွန်က တဟင်းဟင်းရယ်၏။ မကြာခင်မှာဘဲ ကရဝိတ်ထဲ ဘီယာသွားမော့သော အစ်ကိုသုံးယောက် ပြန်ရောက်လာကြကာ . . .

"မွေ့ ရေခဲမုန့် ဘယ်နှစ်ခုကုန်သလဲ"

စပ်ဖြဲဖြဲတွေနှင့် မေးသည်။ ခါတိုင်း ကိုကြီးတို့ကို စောင့်ရင်း မွေ့ ရေခဲမုန့်ကို ရှစ်ခုလောက် စားပစ်ခဲ့တာ။ သည် နေ့ နုအိရော ဌွန်ပါပါလာကြတာမို့ တစ်ယောက်ရှစ်ခု



နှုန်းနှင့်သာဆို နှစ်ဆယ့်လေးခုစာမို့ ကိုကြီးတို့ ဇိမ်ဆွဲမသောက်ရဲဘဲ အမြန်ပြန်လာခဲ့ပုံ ရလေသည်။ ပုံစံတွေက ရင်တထိတ်ထိတ်နှင့် မေးနေရပုံတွေ။ သည်ပုံစံတွေကြည့်ကာ ခါတိုင်းဆိုအားတိုက် ရယ်မောမိမှာပေမယ့် စိတ်က အလိုလိုတိုနေရတာမို့ မျက်စောင်းထိုးပစ်ကာ . . .

"ဘယ်နှစ်ခုပဲစားစားပေါ့၊ ကိုကြီးတို့အပူလား၊ တကတည်း အသည်းအသန်ကြီး လာမေးနေတာပဲ . . . ဝယ်ကျွေးရတာကလေး လက်တောက်လောက်နဲ့"

ကိုကြီးမျက်နှာ ရှုံ့တွသွားရကာ . . .

"မွေ့လေးကလည်းကွာ . . . ကိုကြီးက ကိုကြီးညီမလေး စားမှ စားနိုင်ရဲ့လားလို့ စေတနာကလေးနဲ့ မေးတာ အဟက်"

"အဟက်တဲ့ . . . သွားပြီ၊ အဲဒီကတည်းက လုံးဝကို ယုံနိုင်စရာမရှိဘူး"

"အေးလေ . . . ကိုကြီးတို့က ဌွန်တို့ကို မကျွေးချင်တဲ့ သဘောလား"

"ဟာ . . . မဟုတ်တာ၊ ဟဲ ဟဲ . . ."

ဌွန်နှင့်ကိုကြီး ဆက်လက် ရန်ဖြစ်နေတုန်း မွေ့ ကားနောက်ခန်းပေါ် ခုန်တက်ကာ ငြိမ်ဆိမ်စွာ ထိုင်နေမိသည်။ နှုတ်မဆက်ဘဲနှင့် တစ်ချက်တည်း လှည့်ကာကြည့်သွားသော မျက်ဝန်းညိုညို တောက်တောက်ကလေးကို မြင်ယောင်ကာရ ကာ ခေါင်းကလေးကို ခါပစ်လိုက်မိသည်။ သူတော်နေနိုင်မှ တော့ မွေ့က ဘာလို့ မနေနိုင်စရာ ရှိသလဲနော်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၆)

"ပူအိုက်လိုက်တာကွာ . . . ရေလည် စိတ်ပျက်ဖို့ကောင်းတယ်"

မွေ့တို့က အပေါ်ထပ် လူရှင်းသော ကော်ရစ်ဒါထောင့်မှာ တင်ပျဉ်ကလေးတွေ ခွေထိုင်ကြကာ ညည်းညူရှုံ့မဲ့နေရသည်။ နေမင်းက ချစ်ချစ်တောက်ရဲနေကာ ပူရှိန်းနေတာမို့ အပြင်မထွက်ချင်ဘဲ ဖြစ်ရသည်မို့ ကော်ရစ်ဒါမှာပဲ ထိုင်နေဖြစ်ကြသည်။ မွေ့က ဝတ်ထားသော ဂျာကင် ခါးတိုပွပွကလေးကို စိတ်တိုစွာ ဆောင့်အောင့် ဆွဲချွတ်ကာ ခပ်လှမ်းလှမ်းသို့ ပစ်လွှတ်ထားလိုက်သည်။

"ယပ်တောင် . . . ယပ်တောင် . . . ဘယ်သူ့မှာပါသလဲ"

မွေ့က လက်ဝါးကလေးနှင့် မျက်နှာကို မစို့မပို့ကလေးခတ်ရင်း အော်တော့ စိုးမိုးက အလိုက်သိစွာ နံ့သာယပ်တောင်ကလေးကို ပြုံးပြုံးကလေး ထုတ်ပေးတာမို့ မွေ့တို့အံ့အားသင့်သွားရကာ ရယ်ချင်သွားရလေသည်။

"စိုးမိုးက ဒီယပ်တောင်ကြီး ဘယ်ကယူထားတာတုန်း"



"အဟဲ . . . တို့က အိုက်တတ်လို့ ဆောင်ထားတာ"

"ဟား ဟား ရယ်ရတယ် . . . စိုးမိုးက မိန်းကလေးကျနေတာပဲတော့"

စိုးမိုးက မွေ့ရယ်နေပုံကလေးကိုပဲ စိုက်ကြည့်တာ ပြုံးကြည့်နေလေသည်။ မွေ့ကတော့ နေသားတကျ ရှိလာရသလို စိုးမိုးကို သိပ်ဂရုမစိုက်မိတော့။ သူ့ စိတ်ချမ်းသာချင်ရာသာ လုပ်ပေတော့။ မွေ့က လျစ်လျူရှုထားလိုက်ရုံသာပေါ့။ နံ့သာယပ်တောင်ကလေးခတ်ရင်း မွေ့မျက်နှာကလေး မဲ့ရွဲ့သာရကာ . . .

"ယပ်တောင် ခတ်ရတာလောက် စိတ်မရှည်တာ မရှိတော့ဘူး . . . သိပ်အသည်းယားတာပဲ"

"တို့ ခတ်ပေးရမလား"

"ဟာ . . . ရတယ် . . . နုအိ ၊ ဖွန် တစ်ယောက်တစ်လှည့် ယပ်တောင် ခတ်ပေးကြေးဟေ့၊ ငါ့ကိုအရင်ခတ်ပေး ရော့"

မွေ့က ယပ်တောင်ကလေးကို ဖွန့်ဆီထိုးပေးလိုက်တော့ ဖွန်က အခေါက်ငါးဆယ်စီပဲနော်ဟု ပြောရင်း ယပ်ပေး၏။ မွေ့က မျက်လုံးကလေး မှေးမှိတ်ထားရင်း ငြိမ်ခံနေလိုက်သည်။ နံ့သာနံ့ကလေး သင်းပျံ့ကာ လေအေးကလေး ရနေတာမို့ မွေ့မျက်နှာကလေး ကြည်လင်လာရသည်။ ဖွန်က နံပါတ်တွေရေတွက်ပြီး ယပ်ပေးနေရာမှ ရုတ်တရက် ရပ်သွားလိုက်တာကြောင့် . . .

"ဟဲ့ . . . ယပ်လေ . . . ဘာလို့ရပ်"

မွေ့ စကားကလေး ရပ်တန့်သွားရသည်။ ဖွန်

www.burmeseclassic.com

www.burmeseclassic.com



က ခပ်လှမ်းလှမ်းမှာ လာရပ်နေသောကြောင့်ပင်။ ထုံးစံအတိုင်း မွှေ့ဆီ လှမ်းကြည့်ကာ မွှေ့က ပြန်ကြည့်တော့ မျက်ဝန်းကလေးတွေ လွဲသွားသည်။ သူ တစ်ယောက်တည်း ရပ်နေတာမို့ . . .

"စိုးမိုး . . . ဟိုမှာ ရှင့်သူငယ်ချင်း"

စိုးမိုးက တွမ့်ဘက် တစ်ချက်လှည့်ကြည့်ရင်း . . .

"ခနပဓစပေါ့၊ မခေါ်တော့ပါဘူး၊ မွှေ့နဲ့ မတည့်ဘူး မဟုတ်လား၊ မွှေ့ကို သူ ရန်စနေဖူးတယ်လေ၊ ဘာလို့ ခေါ်ရမှာလဲ"

"ဟင် . . . စိုးမိုးက မိန်းမကျနေတာပဲ၊ ကိုယ့်သူငယ်ချင်းပဲ၊ အိမ်မှာရော မခေါ်ဘူးလား"

"ခေါ်တာက ခေါ်ပါတယ်၊ ဒါပေမယ့် မွှေ့ မျက်ရည်ကျအောင် သူလုပ်ထားဖူးတာကို တို့ မှတ်ထားတယ် အဲဒီကတည်းက ဒီကောင့်ကို သိပ်မကြည်ဘူး"

စိုးမိုးက မကျေနပ်ပုံနှင့် ပြောသည်။ ကျောင်းပိတ်ရက် တစ်ရက်တုန်းက တွမ် ကားချင်းတိုက်အောင်လာလုပ်ခဲ့တာ၊ နောက်ပိုင်း တွမ် ပြောင်းလဲသွားတာတွေကို စိုးမိုးက သိပ် လေးလေးနက်နက် တွေးတောပုံမရ။ ထုံးစံအတိုင်းပဲ မတည့်ဆဲဘဲ ရှိနေသည်ဟု ထင်ပုံနှင့် မွှေ့ဘက်မှလိုက်ကာ တွမ့်ကို မကြည်လင်ပုံ ဆက်လက် ပြသဆဲပင်။ စိုးမိုးက မိန်းကလေးဆန်ကာ တစ်စုံတစ်ခုကို ထိခိုက် ခံစားလွယ်တတ်ကာ အစွဲအလမ်းလည်းကြီး၊ အငြိုးလည်း ကြီးတတ်တာကို ပေါင်းသင်းခင်မင်မှု ကြာလာလေ မွှေ့ ပိုမိုသိလာရလေမို့ စိုးမိုးကို ဘယ်လိုမှ အထင်ကိုမကြီးနိုင်တော့။

"တဲ . . . မွှေ့တို့ အတန်းတက်ကြမယ်လေ၊ ဆရာ



တောင် ဝင်ပြီးလားမသိ"

စိုးမိုးက တွမ် အနားမှာလာရပ်တာကို မကျေနပ်နှင့် ဆတ်ခနဲထကာ မွှေ့ကိုပြောသည်။ မွှေ့က စိုးမိုးအမိန့်သလို လာပြောတာကို မကျေနပ်ပေမယ့် သည်တစ်ချိန်ကိုက်ဖို့ ဆုံးဖြတ်ထားတာမို့ ထိုင်နေရာမှ လိုက်ထလိုက်တော့ တို့ကပါ ထရပ်ကြ၏။ တွမ်ရှေ့မှ ဖြတ်လျှောက်ရမှာမို့ မွှေ့တ်လှုပ်ရှားကာ ကျောပိုးအိတ်ကလေးကို မလွယ်တော့ဘဲ ခွင်မှာပွေ့ထားမိသည်။ မွှေ့ ဖြည်းဖြည်းချင်း လျှောက်ရင်း မ်နားက အဖြတ်မှာ ရင်ထဲနွေးလိုက်သွားရသည်။ ဘာဖြစ်လို့ား မွှေ့သည်လိုဖြစ်နေရတာပါလိမ့်ကွယ်။ ကိုယ့်ကို နှုတ်ဆက်တ်တောင် မရတဲ့ သည်ယောကျ်ားကလေးကိုမှ မွှေ့ ဘာလို့ယ်တာချင်နေရတာလဲ။ ခင်မင်ချင်နေရတာလဲ။ မာနတွေလျှော့ချထားမိနေရတာလဲ။ မွှေ့ဘဝမှာ သည်အဖြစ်မျိုး ထုံးစံ မရှိခဲ့ပါဘဲ အခုတော့ ထုံးစံတစ်ခုလို မွှေ့သူ့ကို မျှော်လင့်နေပြီ။ မွှေ့ မှားသလားကွယ်။ ယောကျ်ားတွေအပေါ်မှာ အထင်ကြီးခဲ့၊ မာနထားခဲ့တာတွေမျိုးနှင့် သူ့အပေါ် ဘာကြောင့်င်းမှာ မထားနိုင်ရတာလဲ။

ခေါင်းကလေးမတ်ကာ သူ့ရှေ့မှ ဖြတ်လျှောက်ရင်း သူလိုက်ကြည့်နေဦးမည်လားဟု မျှော်လင့်မိပြန်သည်။ သူလည်း မွှေ့တို့နှင့် ဆန့်ကျင်ဘက်သို့ လျှောက်သွားသံကိုကြားရတာမို့ ရင်ထဲဟာကျသွားရသည်။ သူ မွှေ့ကိုခါတိုင်းလိုတွေ ပ်စောင့်မကြည့်တော့ပြန်ပါလား။ ဘယ်လိုလဲ တွမ်ရေ . . . နားလည်ရခက် လိုက်တာ။ ဘာမှမကြာလိုက် ခင်မှာပဲ အနောက်က ပြေးလွှားလိုက်လာသလို ခြေသံပြင်းတစ်ခုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ . . .

"ဆင်းသိမ်မွေ့"

ပျှသော အသံတိုးကလေးကြောင့် မွေ့ ခြေလှမ်းတွေ ဆတ်ခနဲ တုံ့ဆွဲလိုက်သလို ရပ်တန့်သွားရလေသည်။ အံ့သြလွန်းစွာ လှည့်ကြည့်မိစဉ်မှာ ရင်ထဲနွေးခနဲ ဖြစ်သွားရသည်။ တွမ်လက်ထဲမှာ မွေ့ ဂျာကင်ကလေး။ မွေ့ ခုံနားခပ်လှမ်းလှမ်းမှာ ပစ်ထားခဲ့ကာ မေ့လျော့စွာ ထားကျန်ရစ်သော ဂျာကင်ကလေး။

"ဂျာကင် ကျန်ခဲ့တယ်"

တစ်ချက်မှ မပြုံးပေမယ့် တွမ့် မျက်နှာကလေးက နူးညံ့ကာ အပြစ်ကင်းစင်ကြည်လင်နေရလေသည်။ မွေ့ နှုတ်ခမ်းကလေး ဖွင့်ဟကာ ပြုံးလိုက်ရင်း လှမ်းပေးနေသော ဂျာကင်ကလေးကို လှမ်းယူလိုက်သည်။

"ကျေးဇူး"

ခေါင်းကလေးညိတ်ပြကာ မွေ့ကို စိုက်ကြည့်နေပြန်သည်။ မွေ့ကလည်း ဆက်လက်ရပ်တန့်ကာ သူ့ကို ကြည့်နေလိုက်မိသည်။

"ဟို . . . ကျွန်တော် ဟိုတစ်လောက ကိစ္စအတွက် ထပ်တောင်းပန်တယ်နော်"

"ရပါတယ် . . . တွမ့်ကို စိတ်မဆိုးပါဘူး"

သူက မျက်ခုံးကလေးပင့်သွားရင်း . . .

"ကျွန်တော့်ကို ဆင်းသိမ်မွေ့ကလည်း တွမ်လို့ပဲ ခေါ်တာပဲလား"

"အင်းလေ . . . တစ်ကျောင်းလုံး တွမ်လို့ပဲ ခေါ်နေကြတာပဲ"

"ကျွန်တော် လုပ်ခဲ့မိတဲ့ လုပ်ရပ်အတွက် ဆင်းသိမ်မွေ့ကို မြင်တိုင်း အမြဲ အားနာနေခဲ့ရတယ်၊ ဆင်းသိမ်မွေ့ ကျွန်တော့်ကို ခွင့်လွှတ်တယ်ဆိုရင် နောက်တွေ့ရင်ခေါ်မယ်နော်"

"အင်း . . . အင်း"

မွေ့က သွက်သွက်ကလေး ခေါင်းညိတ်ပြလိုက်သည်။

"သွားတော့မယ်"

မွေ့တစ်ယောက်တည်းကိုပဲ နှုတ်ဆက်ကာ နုအိအိကိုတစ်ချက် ငဲ့ကာကြည့်ရင်း စိုးမိုးပခုံးကို တစ်ချက်ပုတ်ပြီး ခပ်မတ်မတ်ကလေး လှည့်ထွက်သွားသည်။

စိုးမိုးက ပခုံးကို လက်နှင့်ခါချရင်း . . .

"မွေ့ . . . ဒီကောင့်ကို ကျေအေးသွားပြီလား"

ဝန့်တိုသလို လာမေးတာမို့ မွေ့ စိတ်တိုသွားရတာ. . .

"အင်းပေါ့၊ သူက လာတောင်းပန်နေတာ မွေ့က ခွင့်လွှတ်ရမှာပေါ့။ နေပါဦး၊ တွမ်က စိုးမိုးကို ပုခုံးယုန်ချင်းမို့ ပခုံးပုတ်သွားတာ စိုးမိုးက ဘာလို့ခါချလိုက်ရတာလဲ၊ ရင့်နေသလိုပဲ"

"မွေ့ မသိပါဘူး၊ ဒီကောင် တို့ကို တမင်ကျော်သွားတာ မွေ့နဲ့တို့ ခင်နေတာတွေကို တို့ကပြန်ကြွားတုန်းက ဒီကောင်မကြည်ဘူး၊ အခု မွေ့ကို ဒီကောင်က ခင်ခွင့်ရသွားပြီဆိုတော့ တို့တစ်ယောက်တည်း ကျော်ခတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com


သူ လည်းခင်နိုင်တာပဲ စွမ်းနိုင်တာပဲဆိုတဲ့ပုံစံမျိုး လုပ်သွားတာ"

"အင်းလေ . . . မွေ့ကို ခင်တာများ လုနေရသလား ခင်ကြပေါ့"

စိုးမိုးက မျက်နှာသုန်သုန်မှုန်မှုန်နှင့် . . .

"မွေ့ကို တို့ တစ်ယောက်တည်းပဲ ခင်ချင်တာ"

စိုးမိုးက နှာကစ်သွားဟန်နှင့် လှည့်ထွက်သွားသည်။ မွေ့တို့သုံးယောက် တဟင်းဟင်းရယ်လျက် အတန်းထဲဝင်လာခဲ့ကြသည်။ မွေ့ ခံစားမှုအာရုံထဲတွင် တွမ့်ပုံရိပ် တည်ကလေးက စွဲစွဲကလေး နေရာယူထားကာ မွေ့ခံစားချက်တွေအားလုံးကို လွှမ်းမိုးချယ်လှယ်လို့နေသည်။

မင်း သိနိုင်ပါ့မလား တွမ်ရယ်။ မွေ့ရဲ့မာနတွေအားလုံးကို လွင့်စဉ် ပျောက်ပျက်စေခဲ့တာ မင်းတစ်ယောက်တည်းပါ။ မွေ့ရဲ့ နှလုံးသားကို ဆွဲကိုင် လှုပ်ယမ်းနိုင်ခဲ့တာလည်း မင်း တစ်ယောက်တည်းပါ။ မွေ့အာရုံတွေမှာ ရှိနေခဲ့တာလည်း မင်း တစ်ယောက်တည်းပါ။ မွေ့ရဲ့ အိပ်မက်တွေထဲမှာလည်း မင်း တစ်ယောက်တည်းပါ တွမ်ရယ်။



"ခင်သွားပြီ . . . ခင်သွားပြီ . . . ဟီး ဟီး . . ."

နုအိက မျက်နှာကြီးဖြီးကာ လာကပ်နောက်နေ တာမို့ ရယ်ချင်စိတ်ကိုထိန်းကာ မွေ့ နှုတ်ခမ်းကို နှာနှာဖိကိုက်ထားရသည်။

"စိုးမိုးကြီးက အူ မလတ်ဆတ်ပါလား"

"အူ ပုပ်တယ်ပြောရင် ရတယ်၊ ဘယ်သူမှ နင့်ကိုတရားမစွဲဘူး"

"ဟက် ဟက် . . . သူများပါးစပ်ထဲက အလုံးတွေ ကိုယ့် ပါးစပ်ထဲ အဝင်မခံနိုင်ပေါင်၊ နုအိတို့က သာစဉ်ဆန်းသစ်သစ်ကလေး"

မွေ့က ဆိုလိုရင်း ပျော့သွားရတာကြောင့် စိတ်တိုသွားရကာ . . .

"ဟဲ့ . . . ဆက်ပြောလေ၊ စိုးမိုးက ဘာကြောင့်အူ မလတ်ဆတ်တာလဲ"

"တွမ့်ကို သူ ဂျဲလက်စ် ဖြစ်နေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ် . . . မိန်းမကြီး ကျနေတာပဲ"

"တွမ်က ချောတယ်နော်၊ ဒါပေမဲ့ မာနကြီး ပုံစံပေါက်နေတာ ဖီးလ်မဝင်ဘူး"

"အံမယ် . . . နင်ဝင်ပါစရာမလိုပါဘူး၊ မွေ့ ဝင်ရင်ပြီးရော"

မွေ့ ရှုံ့မဲ့ကာ နားကို ပိတ်ထားလိုက်တော့မှ ရယ်ချင်ချင် ပုံစံတွေနှင့် နားပိတ်ထားသော လက်တွေကို လာဖြုတ်ကာ . . .

"မကြားချင်ရင် မပြောပါဘူး . . . စိတ်ချ၊ နားတော့ပိတ်မထားပါနဲ့ . . . ဟန်ဆောင်ထားတဲ့ ပုံစံကြီးက သိသာလွန်းလို့"

မွေ့ အော်ရယ်ပစ်လိုက်တော့ ကျောင်းသားတချို့ လှည့်ကြည့်သွားကြသည်။ ဇွန်က လှည့်ကာ မျက်စောင်းထိုးရင်း . . .

"ရယ်တာကိုတောင် လာကြည့်တာပဲ၊ မမြင်ဖူးဘူးလား"

တချို့က မမြင်ဖူးလို့ဟု ခပ်တိုးတိုးနောက်ကာ ရယ်သွားကြပေမယ့် တစ်ချို့က ဘုရှိုတ် ကပ်ရှိုတ်တာမို့ ဇွန်ကလည်း မျက်လုံးကို တမင်ပြူးကာ ပြန်ရှိုတ်ပေးနေသည်။

မွေ့က မသိချင်ယောင်ဆောင်ရင်း ကျောပိုးအိတ်ထဲမှ ကာတွန်းထုတ်ကာ ဖတ်နေလိုက်သည်။ ခါတိုင်းလိုသာဆို သည်လို လာကျောပြနေသောသူကို ရန်စ လှောင်ပြောင် ပစ်လိုက်မှာဖြစ်ပေမဲ့ အခုအချိန်မှာ မွေ့ အပြောကောင်းရှိနေစေချင်တာ ဘာကြောင့်ပါလိမ့်။ မွေ့တို့ ဗရုတ်ကျခဲ့ပေမယ့် သိပ်ရဲရဲ တင်းတင်းကြီး မဟုတ်ခဲ့ကြပါဘူး တွမ်ရယ်။



ကျော်ရုံသက်သက် လှောင်ပြောင်ခဲ့ကြပေမယ့် မွေ့တို့ကလေးတွေလို ရှင်းသန့်ခဲ့ကြပါတယ်။ ယောကျ်ားလေးတွေနဲ့ မခင်မင်ပေါင်းသင်းခဲ့ဖူးပါဘူး တွမ်။ မွေ့ ဘဝမှာ မင်းကိုသာ ပထမဆုံး ရင်ထဲ အဝင်ခံစေခဲ့တာပါ။

"သရဲ . . . သရဲတော် မွေ့ရေ . . . မျက်လုံးကြီးပြူးပြီး လာကြည့်နေတယ် . . . တစ္ဆေမှင်စာကြီး . . . ဒီမှာ . . . ဒီမှာ"

ဇွန်က မျက်လုံးချင်း ယှဉ်ပြိုင်ကာ မကြည့်နိုင်တော့တာမို့ ထအော်ကာ ရယ်ချပစ်လိုက်တော့ လာကြည့်နေသော ကောင်လေးက တောက်တစ်ချက် ခတ်ကာ လှည့်ထွက်သွားသည်။

"အံမယ် . . . ငါတို့ကိုများ တောက်ခတ်သွားတယ်တော် . . . မွေ့ ကြည့်နေရက်သလား"

"နင် သူ့ကို သွားစပြောတာကိုး . . . ကိုကြီးကား လာကြိုပြီ . . . ငါသွားတော့မယ် . . . နင်တို့နှစ်ကောင် လိုက်ပို့ရမလား"

"ငါလို့ကား လာမယ် ပြောတယ် . . . ဆက်စောင့်မယ် . . . နင့်ကို မကျေဘူး မွေ့စုတ် . . . နင် အရင်ကနဲ့ မတူချင်တော့ဘူး"

"မကျေနပ်ရင် ကျေညက်အောင်ဖြေလိုက် . . . ဘိုင့်ဘိုင် . . . သွားပြီ"

အနိုင်ပိုင်းကာ စလျက် ခုန်ဆွကာ ကားဆီ ပြေးခဲ့တော့ ဇွန်တို့ ကျိန်ဆဲသံတွေ လွင့်လာသည်။ မွေ့ ရယ်ရင်းကားပေါ် တက်ထိုင်ကာ မှန်ကိုပိတ်ဖို့ ပြတင်းဝအဖြင့်ဘက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်ကာ ခလုတ်ကလေးဆွဲလှည့်စဉ် ကုတ္တိုပြင် အောက်မှ အရိပ်ကလေးကြောင့် မွေ့ လက်ကလေး တန့်သွား ရသည်။ ကိုကြီး ကားကိုကွေ့နေစဉ် ပြတင်းဝမှ ခေါင်း ကိုထုတ်ကာ သူ့ဆီလှမ်းကြည့်မိတော့ နှုတ်ခမ်းကလေးစေ့ကာ မျက်နှာကလေး ချိုကြည်နေသော တွမ်က တစ်ချက်ပြုံးပြ သည်။ မွေ့ ပြန်ပြုံးပြလိုက်မိပေမယ့် သူ့အပြုံးကလေးက ရင်တွင်းသို့ နစ်ဝင်သွားတာမို့ သေချာတောင် ပြုံးမပြဖြစ်တော့ ဘူး ထင်သည်။

အမြဲတမ်း တည်နေတတ်သူမို့ ပြုံးပြလိုက်တော့ သွားတန်း ဖွေးညီညီကလေးတွေ လှပစွာ ပေါ်ထွက်လာရကာ မျက်နှာကလေးက မေ့မရလောက်အောင်ပင် ဖွဲ့မက်နှစ်ခြိုက် ဖွယ် နုစင်လွန်းလှသည်။ တကယ်ပဲ တွမ်နဲ့ မွေ့ ခင်သွားကြပြီ နော်။

"ဟ . . . မွေ့လေး၊ ကြည့်စမ်း . . . ငပေါကြီးဒီဂိုင်းနဲ့ တစ်ကိုယ်တည်း ပြုံးနေတယ်"

"တွမ်နော် . . . ဟာ . . ."

လွှတ်ခနဲ ထွက်သွားပြီးမှ ကိုယ့်ဘာသာရှက်သွား ရသည်။ ကိုကြီးက မျက်ခုံးပင့်ရင်း . . .

"ဘာနော် . . . ငါ့ကို ဘာခေါ်လိုက်တယ်"

"ဘာမှမဟုတ်ဘူးဟေ့ . . . သွား၊ လာမကြည့်နဲ့ . . . ကိုကြီးနော်"

ကိုကြီးက တဟဲဟဲရယ်ကာ ရှေ့ဘက် ပြန်လှည့် သွားသည်။ ခဏကြာတော့ . . .

"တွမ် ဘယ်သူလဲ မွေ့"



"အဲ့ဒီသူမှ မဟုတ်ဘူးလို့ ပြောနေတယ် မဟုတ်လား၊ ကိုကြီးဘာလို့ လျှာပေရှည်နေတာတုန်း၊ စိတ်တိုလာရင် ဆွဲဆိတ်မှာနော်"

"နုအိတို့ကို မေးကြည့်မယ်၊ တွမ်ဆိုတာ ကောင်လေးပဲ ဖြစ်ရမယ်၊ ငါ့ကိုများ တွမ်နော်တဲ့ မွေ့ . . . မွေ့ . . ."

ခေါင်းတညိတ်ညိတ်နှင့် ရှိနေသော ကိုကြီးရဲ့ လက်တစ်လျှောက်လုံးကို တဆတ်ဆတ် လိုက်ဆိတ်ပစ်လိုက် ရင်းက မွေ့ အရမ်းရှက်သွားရသည်။ မွေ့ ဘယ်တုန်းကမှ ယောကျာ်းလေးနာမည်ကို ယောင်လို့ပင် မရေရွတ်ခဲ့ဖူးပါဘဲ အခုမှ သတိလက်လွတ်ဖြစ်သွားရတာ မွေ့ ဘယ်လိုဖြစ်သွား တာပါလိမ့်။ ထာဝစဉ် ယောကျာ်းလေးတွေကို ကြည့်မရဖြစ်နေ ခဲ့သော မွေ့က ယောကျာ်းလေးတစ်ယောက် နာမည်ကို မတော်တဆ ရေရွတ်မိသွားတာမို့ ကိုကြီးက ထူးဆန်းအံ့သြ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၇)

"ဒါလေးများက ပိုကောင်းတာ"

"ထပ်တရို . . . ဟေမာရဲ့ ပြော ကမှ ကောင်းတာ"

ဇွန်နှင့်နုအိကတစ်ဖက် ကိုကြီးနှင့်ကိုယ်ကတစ်ဖက် မှန်လုံးတွေ ပြူးကာ ငြင်းခုံနေကြရင်း ကက်ဆက်တွေ ဆွဲယူချလာသည်။ ကိုကြီးက သူ့အခန်းထဲမှ ကက်ဆက်ကြီးဆွဲလာကာ နုအိက အခန်းထဲမှ ကက်ဆက်ကို သွားယူသည်။ ဧည့်ခန်းကို ရောက်လာကြတာမို့ မွေ့က . . .

"ဟော့ . . . ဟော့ . . . မွေ့ နားအူတယ်ဟော့၊ ခြံထဲကို ဆင်း"

"နင်ဆင်းပါလား . . . နင်က ဟိုဘက်မပါ ဒီဘက်မပါဘဲ တစ်ယောက်တည်း ပုံနေတာ၊ ငါတို့က နှစ်ယောက် ကြေး ဂီတဆွေးနွေးပွဲ"

မွေ့ နုအိကို မျက်စောင်းထိုးလိုက်ရင်း စိတ်တိုစိတ်က ဖုန်းကလေးဆီပါ ဆက်သွားရကာ မျက်စောင်းက ဖုန်းကလေးဆီအထိ ဆက်သွားရလေသည်။



ခါတိုင်းတုန်းကတော့ ရန်ဖြစ်ဖို့ဆိုရင် ဖုန်းနံဘေးမှာ အမြဲရှိနေတတ်သော တွမ်က အခုတော့ စိုးမိုးဖုန်းဆက်လျှင်လည်း တွမ့်အသံ ပါမလာ။ တွမ် တစ်ဦးတည်းလည်း သီးသန့်မဆက်။ နေနိုင်လိုက်တာ တွမ်ရယ်။ ပိုမိုခင်မင်ကြဖို့ တွမ် မကြိုးစားတော့ဘူးလား။ ဖုန်းကလေး ဆက်ရတာ သိပ်အားအင်ကုန်ခမ်းသွားမှာ စိုးလို့လား။

"အားဟား . . ."

ကက်ဆက်တွေဆီမှ အသံနှစ်ခု ဝုန်းခနဲ ထွက်လာတာမို့ မွေ့ကိုယ်ကလေး တုန်တောင်သွားရသည်။ ဆောင်းဘောက်စ် သံကြီးတွေမို့ နှစ်သံစလုံး ယှဉ်ဖွင့်ထားတော့ အသံတွေက ဟိန်းနေသည်။

မွေ့ ဖုန်းလာလျှင် ဖုန်းသံမကြားဖြစ်မှာစိုးတာမို့ ဖုန်းစင်ကလေးနားမှာကပ်ကာ သွားထိုင်လိုက်၏။

"မွေ့ရေ . . . ဘယ်အသံ ပိုကောင်းသလဲ"

ပြိုင်တူမေးနေကြတာမို့ . . .

"တစ်ယောက်တစ်မျိုးစီ ကောင်းတာပေါ့၊ အလကား ငြင်းစရာမရှိ ကြဲဖန် ငြင်းနေကြတာ . . . မောစရာကြီး"

ဟိုဘက်ကို လှည့်ပြောစဉ် ဖုန်းသံကလေး တူတူမြည်လာတာမို့ မွေ့ ဖုန်းကို ကမန်းကတန်း ကောက်ကိုင်လိုက်ရသည်။ မွေ့ သည်းနေမိတာ မင်း မြင်နိုင်မှာလား တွမ်။

"ဆင်းသိမ်မွေ့ ရှိလားဟင်"

"ရှိတယ် . . . ရှိတယ် . . . တို့ပဲ . . . ဘယ်သူလဲ"

တွမ် ဖြစ်ပါစေဟု မျှော်လင့်ရင်း မေးမိသော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ခပ်တိုးတိုး ရယ်သံထွက်လာကာ . . .

"ကျွန်တော်ပါ"

"တွမ်လား"

မရဲတရဲကလေး မေးလိုက်မိကာ ဘာလို့ မေးမိရတာလဲဟု မွေ့ ဘာသာရှက်သွားရပြန်သည်။ မွေ့ဘက်က သိပ်မျှော်လင့် စောင့်စားနေပုံကြီးများ ပေါက်သွားမည်လားမသိ။

"ဟင့်အင်း . . . စိုးမိုးပါ"

"ဟာ . . . စိုးမိုးစုတ်၊ ဘာရောဂါလဲ . . . ကြည့်စမ်း"

မွေ့ အရမ်းရှက်သွားရကာ လက်တစ်ဖက်နှင့် စားပွဲကလေးကို တဒုန်းဒုန်းထုသည်။ စိုးမိုးအသံနှင့်အတူ ရယ်သံတိုးတိုးလည်း ရှိနေသေးတာမို့ သွားပြီ၊ သွားပြီဟု အရမ်းရှက်နေမိသည်။ တွမ် ရှိနေမှာပါပဲ။

"နှစ်ယောက်ပေါင်းပြီး လုပ်ကြတယ်တော့၊ ဘေးကဟာ တွမ် မဟုတ်လား"

"တို့အကြံမပါဘူးနော် မွေ့ . . . ဒီကောင် တွမ် မွေ့ကို နောက်ချင်လို့ဆိုပြီး အတင်းလာကပ်နေလို့"

ဆင်းသိမ်မွေ့ဟု ခေါ်ကာ ကျွန်တော်ပါဟု ပြောရုံနှင့် မွေ့ တွမ်ဟု အတပ်ထင်သွားမှာကို တွမ်က ကြိုတင်သိမြင်နေပုံပါလား။ စိုးမိုးနှင့် သည်လောက် ဖုန်းခဏခဏ ဆက်နေတာတောင် စိုးမိုးအသံကို မွေ့ မမှတ်မိခဲ့တာမို့ အခု မွေ့ ရှက်ရတာပေါ့။

"နေပါဦး . . . တွမ်နဲ့ စိုးမိုးက စစ်ပြေငြိမ်းသွားပြီလား"

"ဟဲ ဟဲ . . . ဒီကောင်ပေါ့၊ တို့ကို လက်ဖက်ရည်တိုက်ပြီး ပြန်လာကပ်တာ . . . တို့ကို မခေါ်ဘဲလည်း နေနိုင်တာ မဟုတ်ဘူး"



"ဆင်းသိမ်မွေ့"

ဖုန်း ပြောင်းကိုင်လိုက်ပုံရသည်။ မွေ့ က ဘာလဲဟု ခပ်တိုးတိုး ထူးမိတော့ တွမ့်ရယ်သံက ပိုမိုပီပြင်လာသည်။

"စိတ်ဆိုးလားဟင်၊ ကျွန်တော် စ,မဆက်ရဲလို့ စိုးမိုးကို အရင်ဆက်ခိုင်းတာပါ . . . စိုးမိုးကို ငါခေါ်သလို ပုံစံလုပ်ပေးဆိုလို့ စိုးမိုးကလုပ်ပေးတာ . . . ဟာ . . . သီချင်းသံတွေ ကျယ်လှချေလား . . . ဘာလုပ်နေတာလဲ"

အသံကလေးက မာမာကလေးပေမယ့် စွဲညို့နှိမ်းအားကလေးတစ်မျိုး ပါဝင်နေကာ ချိုရှရှကလေးနှင့် နှံမက်ဖွယ် ကလေးပါပဲ။

"နုအိတို့နဲ့ အစ်ကိုတွေ သီချင်းပြင်းရင်း အပြိုင်ဖွင့်နေကြတာ . . . ဟိတ် . . . နည်းနည်းလျှော့ကြကွာ"

တွမ့်ကိုပြောရင်း အနောက်ဘက်လှည့်ကာ လှမ်းအော်လိုက်တော့ ကိုကြီးက အသံလျှော့ပေးသည်။

"ကျွန်တော့်ကို ကားကိစ္စဖြစ်တုန်းက မွေ့ တော်တော်မုန်းသွားမှာပဲနော်၊ အဲ . . . မွေ့ပဲ ခေါ်ရမလားဟင်"

"ရတယ်လေ . . . ခေါ်ပါ . . . အဲဒီ ကားကိစ္စကြီး မေ့လိုက်ပါတော့ကွာ . . . ခွင့်လွှတ်ပါတယ်ဆို"

"မဟုတ်ဘူး မွေ့ . . . ကျွန်တော့်ဘဝမှာ မိန်းကလေးတစ်ယောက် ကျွန်တော့်ကြောင့် မျက်ရည်ကျခဲ့ရတာ ပထမဆုံးပဲ . . . ကျွန်တော် စိတ်မကောင်းပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ဗျာ. . . မေ့ကို ကျွန်တော် သနား . . . အဲ . . . သနားတယ်ပြောရင် စိတ်ဆိုးတယ်လား"

"ဘာလို့လဲ"

"ဒီမြို့ က ကောင်မလေးတွေက သနားတယ်ဆိုရင် စိတ်ဆိုးတတ်ကြတယ် . . . အသနားမခံချင်ကြပါဘူး"

"တွမ်က ဒီမြို့ က ကောင်မလေးတွေကို သနားခဲ့ဖူးလို့လား"

မအောင့်အည်းနိုင်စွာ လွှတ်ခနဲ မေးလိုက်မိပြီး မေ့နဲ့ ဘာဆိုင်လို့ မေ့က သွားမေးမိတာလည်းဟု ကိုယ့်ကိုယ်ကို စိတ်တိုသွားရသည်။

"မဟုတ်ဘူးလေ . . . ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကောင်မလေးတွေတချို့ရဲ့ စရိုက်ကိုသိရတာ"

မေ့ဘက်က လှုပ်ရှားပုံမျိုးဖြစ်သွားရပေမယ့် တွမ့်အသံက ခပ်တည်တည်ကလေးပင်။ တွမ် စကားကို ပျော့ပျော့မပြောတတ်ဘူးလား မသိ။ အသံက မာနေပေမယ့်လည်း မေ့နားထဲမှာ နူးညံ့သိမ်မွေ့ခြင်းတွေ ရောယှက်ဝင်ရောက်လာတာ မေ့ တွမ့်ကို သိပ်သည်းနေမိတာများလား။

"မေ့လည်း အသနားမခံချင်ဘူး . . . ကိုယ့်ကို လာပြီး သနားပြရင် သိပ်အသည်းယားတာပဲ"

"အတူတူပဲ . . . ဒါပေမယ့် သူများကိုတော့ သနားတတ်တယ်ဗျာ . . . အဲဒီနေ့က တကယ့်မေ့ ငိုတော့ ကျွန်တော့်ရင်ထဲသနားသွားတယ် . . . အမှန်အတိုင်း ပြောရမလားဟင် . . . စိတ်မဆိုးနဲ့နော် . . . အရင်က မေ့ ဇရုတ်ကျတာကို ကြည့်မရခဲ့ဘူး"



"အံမယ် . . ."

မေ့ အောင့်တောင့်တောင့်တော့ ဖြစ်သွားရသည်။ အားလည်းမနာတတ်။ သူများ စိတ်ဆိုးမှာကိုလည်း တွေးတော့ဘဲ ခပ်ဘွင်းဘွင်းပြောချတာမို့ ဘယ်လို တွမ်လိမ့်ဟု မေ့ မျက်မှောင်ကလေး ကုတ်ကုတ် ဖြစ်လာရသည်။ မေ့ ဇရုတ်ကျတာ ကြည့်မရဘူး ဆိုတာကြီးကို ယောကျ်ားလေးတစ်ယောက်အနေနဲ့ မိန်းကလေးတစ်ယောက်ကို ပြောသင့်တဲ့စကားလား။ ချင့်ချိန်ကြည့်ပါဦးလား။ သူများသာဆိုရင် ကြည့်နေရင် ဘာလို့ လာပတ်သက်နေသေးလဲဟု ပက်ခနဲ ပြောချပစ်လိုက်မိမှာဖြစ်ပေမယ့် တွမ့်ကိုသာ အဲဒီလို ပြောလိုက်ရင် တယ်လေ ဆိုပြီးတော့များ တွမ် ခပ်တည်တည် လှည့်ထွက်သွားမှာ။ တွမ့်ပုံစံက တကယ့်ကိုနားလည်ရခက်ခက်ပုံစံမို့ မေ့စိတ်ရှည် စိတ်ဝင်စားမိတာလား၊ မပြောတတ်ပေ။ သူ့အပေါ် မေ့ သိပ်ကို ပျော့ပျောင်းစိတ်ရှည်ခဲ့ရတာတော့ အမှန်ပင်။

"စိတ်ဆိုးသွားပြီလားဟင် . . . စိတ်ဆိုးရင်တော့ မပြောတော့ဘူးနော်"

အသံတိတ်သွားတာမို့ မေ့ ရယ်ချင်သွားရသည်။ စိတ်ကလည်း တကယ်ပင် ဆိုးမိကာ သူ ဆက်ပြောမှာကိုလည်း နားထောင်ချင်မိပြန်သည်။ ဒါမှသာ သူ မေ့ကို လာရန်စနေခဲ့တာတွေအတွက် သူ့စိတ် မေ့ကို ဘယ်လိုသဘောထားခဲ့မလဲ ဆိုတာကို သိနိုင်မည်လေ။ မေ့ကို သူ ကြည့်ပုံမရပုံစံပြခဲ့တာတော့ အထင်ကရကြီးပင်။ ဘာကြောင့်ဆိုတာကို မေ့ တွေးတတ်ခဲ့သည်မို့ သူ ပြောမည့်စကားကိုလည်း ကြားချင်မိသည်။ စကားကို သက်သက်ညှာညှာ မပြောတတ်ဘဲ စိတ်ထဲရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောချတတ်သော ဟန်ဆောင်ကင်းမဲ့စရိုက်ကို
ချင်၊ ဒနုမှာပင် မေ့မွှ တွမ်ထံမှ စတင် တွေ့ရှိခဲ့သည်ပဲ။

"ကဲ . . . ပြောပါ"

"နောက် ခင်သွားမှပဲ ပြောတော့မယ်ဗျာ . . .
ခင်စကလေးမှာ မေ့မွှ ကျွန်တော့်ကို စိတ်ကွက်သွား
တယ် . . . ဒါပဲနော်"

ဖုန်းချသွားတော့ မေ့မွှ စိတ်တိုကာ ကျန်ရစ်
သည်။ မေ့ဆီ ဘယ်သူပဲ ဖုန်းဆက်ဆက် ဖုန်းချခါနီးမှာ . . .

"ကောကိုင်ထားဦး . . . အရင်မချလိုက်နဲ့ . . .
ချပြီးမှ ချ"

ဟု ပြောကာ မေ့ကပင် အလျင်ဆုံး ချခဲ့
ဖဲ့သည်လို အနိုင်ယူခဲ့သည့် မေ့ကို ဖုန်းအလျင်ချသွားသော
တွမ်က ခပ်ကျောကျောပုံစံနှင့်ပင် မေ့မွှ ရင်ထဲ ဝင်ရောက်လာ
ခဲ့သည်လေ။ မေ့ ခုမှ ဘာလို့ ကိန်းသေခန့်သေနိုင်သွားရတာ
ပါလိမ့်။ တွမ်ကို မေ့မွှ အရှုံးပေးနေမိပြီကွယ်။

❖ ❖ ❖



"ဆင်းသိမ်မေ့ . . . ရော . . . ဗီတာလေးယူသွားပေး
ပါ"

"အောင်မာ . . ."

ခွန်နှင့် နတ်အသက ပြိုင်ကာထွက်လာကြကာ
မေ့လည်း မျက်နှာတင်းသွားရသည်။ အလျင်က စိတ်ကလေး
နွမ်းခနဲ ပြန်ဝင်လာကာ မျက်နှာကို ပြုံးလိုက်ပြီး . . .

"ဘာစာရွက်နဲ့ ရေးတာလဲ"

"ဟင် . . . ဩော် . . . ဖော့ရိန်းစက္ကူ နုနုလေးနဲ့
ရေးထားတယ် . . . ရေမွှေးလည်း ဖွတ်ထားတယ်၊
ဆင်းသိမ်မေ့ အမြဲသိမ်းထားရအောင်လို့ပါ"

"ဟုတ်လား . . . ဟက် ဟက် . . . အမြဲသိမ်းလို့တော့
မရဘူးထင်တယ်၊ ဒီနေ့ တစ်နေ့တော့ လက်စံလို့ ဖြစ်
တယ် . . . တို့ အသုံးဝင်လို့လေ၊ တို့ နှာရည်ကျနေတာ
လက်ကိုင်ပုဝါ မပါလို့အတော်ပဲ၊ မင်းစာရွက်နဲ့ သုံးပေး
မယ်လေ . . . ကျေနပ်လား၊ မင်းစေတနာလည်း
အရာ ရောက်တာပေါ့၊ ရေမွှေးနံ့လေးနဲ့ တို့
နှာရည်သုတ်ရတာ ပေါ့ . . . ဟက်"

www.burmeseclassic.com

www.burmeseclassic.com



ဋွန်တို့ ရယ်သံတွေ ထွက်လာသည်။ ကောင်လေးက ဒေါသမျက်နှာဖြင့် . . .

"ရက်စက်တယ်ဗျာ"

ဟု ခပ်တိုးတိုးပြောရင်း ချာခနဲ လှည့်ထွက်သွားသည်။ မွေ့တို့ ရယ်မောရင်း တကယ်လည်း မွေ့ နှာရည်ကျနေတာမို့ စာအိတ်ထဲမှ စာကလေးကို ထုတ်ကာ နှာရည်သုတ်ရင်း ကော်ရစ်ဒါမှာ လွှင့်ပစ်ခဲ့သည်။ ကော်ရစ်ဒါမှ ကောင်ကလေးတွေက ဝိုင်းကြည့်အကဲခတ်ကာ ဝေဖန်ရေး၊ လေကန်ရေးတွေ လုပ်နေတာကို မွေ့ ဂရုမစိုက်ဖြစ်။ အတန်းဝင်ဖို့ မွေ့တို့ တက်ရမည့် အတန်းဘက်လျှောက်အလာ . . .

"မွေ့ ဇာတ်ကျလှချေလား"

အသံကလေးကြောင့် မွေ့ ခြေလှမ်းရပ်သွားရသည်။ အနောက်ဘက်ကို လည်ပင်းကလေးလိမ်ကာ လှည့်လိုက်တော့ တွမ်က ဘောင်းဘီအိတ်ထဲ လက်နှိုက်လျက်ပုံစံကလေးနှင့်လျှောက်လာနေသည်။ တွမ့် မျက်နှာလေးတည်နေတာမို့ တွမ် မွေ့ကို ရှုတ်ချဦးမှာလားဟု စိုးထိတ်စိတ်ကလေး ဖျတ်ခနဲ လွန့်လူးသွားသည်။

"မွေ့ မှားသလား တွမ် . . . တွမ် အားလုံးမြင်တယ် မဟုတ်လား"

အနားရောက်လာသော တွမ့်မျက်နှာကလေးကို စိုက်ကြည့်ရင်း မွေ့ မေးဖြစ်သည်။ တွမ့်နှုတ်ခမ်းကလေးကော့ရင်း . . .

"မြင်တာပေါ့ . . . ကျွန်တော်ပြောရင် မွေ့ စိတ်ဆိုးဦးမှာပဲ၊ မပြောတော့ပါဘူး၊ ခင်သွားတော့မှ ပြောမယ်



ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ မကျေနပ်ဘူး . . . ကိုယ်က ယောကျ်ားလေးဆိုတော့ မိန်းကလေးတစ်ယောက်ရင့်တာ ခံလိုက်ရတဲ့ ယောကျ်ားလေးကိုယ်စား ကျွန်တော် အခံရခက်တယ်၊ မွေ့ လုပ်လိုက်တာ ယောကျ်ားမာနကို ထိပါးစော်ကားတာပဲ၊ ဟိုက ခပ်ငြိမ်ငြိမ်နဲ့ လှည့်ထွက်သွားလို့ . . . မွေ့ကို ထိခိုက်မှာစိုးလို့ ကျွန်တော်ပြောမိတာနော်၊ မခံတဲ့ယောကျ်ားလေးမျိုးနဲ့ မွေ့ တွေ့မှာစိုးတယ်"

ခပ်တိုးတိုးဆိုနေသော တွမ့်အသံကို မွေ့နားထောင်နေမိရင်း ငြိမ်နေပေမယ့် ဋွန်တို့က လှုပ်ရှားသွားသည်။

"တွမ်က ယောကျ်ားချင်း မျက်နှာလိုက်တာပဲ၊ စဉ်းစားကြည့်လေ၊ သူ စာလာပေးတော့ မတွေ့ဘူးလား၊ အဲဒီနေရာမှာ ကောင်လေးတွေအများကြီး၊ အေးအေးဆေးဆေး လေးလုပ်ပြလိုက်ရင် တခြား ကောင်လေးတွေပါ ရောင့်တက် အတင့်ရဲလာမှာပေါ့၊ လက်တည့်စမ်းလာကြမှာပေါ့၊ မခံကြောင်း ပြထားလိုက်တော့ ဘယ်သူမှ မလုပ်ရဲကြတော့ဘူး . . . မှတ်ရော"

တွမ်က ဋွန့်ကို ဆတ်ခနဲကြည့်ရင်း . . .

"မွေ့ကို ပေးတာ မဟုတ်လား"

"မွေ့ကို ပေးရင်လည်း တို့လည်းပါတယ်၊ မွေ့နဲ့ တို့နဲ့က သုံးယောက်ပေါင်းတစ်စိတ် . . . သုံးကိုယ့်တစ်စိတ်ပါ ရှင်းလား . . ."

တွမ် မျက်မှောင်ရှုံ့သွားရင်းနှုတ်ပိတ်သွားသည် တော်ကြာမှ . . .

www.burmeseclassic.com

"မွှေ့မချစ်နိုင်ရင် မွှေ့ဘာသာ အေးအေးဆေးဆေး ငြင်းလည်းရပါတယ် . . . တော်ပြီကွာ၊ ကျွန်တော် မွှေ့နဲ့အတိုက်အခံမဖြစ်ချင်ဘူး . . . မွှေ့ ကျွန်တော့်ကို မုန်းကျေးမလား"

မွှေ့ ရုတ်တရက်ချက်ချင်းပင် မျက်နှာကလေး ပြန်ကြည်လင်လာကာ ခေါင်းကလေးတဆိတ်ဆိတ်ညိတ်ပြ ရင်း . . .

"လာလေ . . . ကျေးမှာပေါ့"

"ခုန ကျွန်တော်ပြောတာ ကျွန်တော့်ကို စိတ်ဆိုးလား"

ခေါင်းကလေးငုံ့ကာ မွှေ့ မျက်နှာကိုသာကြည့် ရင်း မေးပြန်တာမို့ မွှေ့ ၎င်းတို့ဆီ တစ်ချက် လှမ်းကြည့်မိသည်။ မွှေ့ကိုနားလည်မပေးဘဲ မွှေ့ဘက်ကမပါပေးဘဲ ယောကျ်ား ချင်း မခံချင်တာကို လာပြောနေတာ သိပ်စိတ်ဆိုးတာပေါ့။ တွမ့်နေရာမှာ တခြားသူသာဆို မွှေ့ကို စော်ကားလှချေလားဟု တစ်ခုခုတော့ လုပ်ပစ်မိမှာပဲ။ ၎င်းတို့တောင် အရမ်းဒေါကန် သွားကြသည်ပဲလေ။

ဒါပေမယ့် တွမ်ပဲလေ။ တွမ်မို့လို့ မွှေ့ သည်းခံ လိုက်မိသည်။ ရင်ထဲကတော့ တွမ်ပြောသွားသောစကားကို ဘယ်တော့မှ မမေ့နိုင်လောက်အောင် မခံမရပ်နိုင် ရှိနေဦး တော့မှာပါ။ ဒါပေမယ့် တွမ်ဆိုတာက ဘယ်ကောင်လေးနဲ့မှ မတူဘဲ မာနကြီးတတ်တာ၊ စကားပြောရင့်တတ်တာ၊ စိတ်ထဲရှိ တာကို ပြောတတ်တာ၊ အားနာတတ်ပုံမရတတ်တာ၊ မာကျော ကျော ကြွပ်ဆတ်ဆတ်ကလေး ဖြစ်နေတတ်တာတွေ အား လုံးဟာ မွှေ့ရင်ထဲကိုလည်း ဘယ်သူနဲ့မှ မတူအောင် တိုးဝင်



နေခဲ့တာမို့ မွှေ့ အလျှော့ပေးဖြစ်တာ . . . စိတ်ရှည် သည်းခံနေမိတာမျိုး ဖြစ်လာရသည်။

တွမ် မာကျောနေတတ်ပေမယ့် နူးညံ့သိမ်မွေ့မှု အရိပ်အယောင်တွေ တွမ့်ထဲမှ ငြိတွယ်နေတာကိုလည်း မွှေ့ပဲ ယုံကြည်နေမိ သည်၊ မာနကြီးနေပေမယ့်လည်း ကြင်နာတတ်မှုကလေးတွေ ထင်နေတတ်တာ။ ခပ်ရင့်ရင့်ပုံစံဖြစ်နေပေမယ့်လည်း စွဲမက် ဖွယ်ရာ အပြုအမူကလေးတွေ စွန်းထင်းနေတတ်တာ။ မျက်နှာ ထားတည်ပေမယ့် သံယောဇဉ်တွယ်တာဖွယ် အရိပ်ကလေး တွေ ရိပ်ထင်နေတတ်တာ။ အားလုံးကို မွှေ့တစ်ယောက် တည်းပဲ တွေ့မြင်သိမြင်နေနိုင်သလိုပါပဲ။ ဒါကြောင့်လည်း တွမ့်ကို အားလုံးထက် ပိုမိုစွာ အချိန်တိုအတွင်းမှာ နားလည် ပေးနေခဲ့မိတာ . . . အလျှော့ပေးနေခဲ့မိတာ . . . သည်းခံ နေခဲ့မိတာပဲပေါ့။

"စိတ်ဆိုးသွားတဲ့ပုံပဲ . . . နောက်မပြောတော့ပါဘူးဗျာ နော် . . . စိတ်မဆိုးပါနဲ့"

မွှေ့ နှုတ်ဆိတ်သွားလျက် စိတ်ဆိုးသွားတာကို သူ့ကို သိစေချင်တာမို့ စိတ်မဆိုးပါဘူးဟု အားနာပါးနာ လိမ် ညာမနေတော့ပေ။ တကယ်လည်း မွှေ့စိတ်ဆိုးသွားတာပဲ။ သူက ရယ်မောနေရင်း ၎င်းတို့နှစ်ယောက်ကို လက်ညှိုး ထိုးလိုက်ကာ ခလယ်နှစ်ချောင်းဖြင့် ထိုးပြကာ . . .

"သူတို့ နှစ်ယောက်က စိတ်ဆိုးနေကြတယ်"

"ဟွန်း . . . ဘုန်းကြီးခေါင်းခေါက်ပြီးမှ စိတ်ဆိုးလားလို့ မေးတာကို ခေါင်းပွတ်ပြီး စိတ်မဆိုးပါဘူးလို့ပြောရမှာ လား"

www.burmeseclassic.com



နုအိက မကျေမနပ်ပုံစံနှင့် ဆောင့်အောင့်ပြော တော့ တွမ်က ရယ်သည်။ မွှေ့ပါရောရယ်ရင်း တွမ့်ကို နုအိတို့ နှင့် မိတ်ဆက်ပေးလိုက်သည်။ နုအိတို့က တွမ့်ကို မကြည်လင် ပေမယ့် မွှေ့ပုံစံကိုကြည့်ကာ တွမ့်ကို မတင်းမာဖြစ်တော့။

မွှေ့တို့သုံးယောက် ထူးထူးခြားခြား တွမ်နှင့် တွဲနေတာကိုမြင်တော့ ကျောင်းသားအချို့ဟ အကဲခတ်ကာ ဝေဖန်နေကြသေးသည်။ မွှေ့တို့ ကဲင်တင်းထဲမှာ ဝင်ထိုင်လိုက် တော့ အအေးဆိုင်မှာထိုင်နေသော စိုးမိုးက ထလာသည်။

"ဟော့ကောင် တွမ် ... မင်းက လျှင်လှချေလား ငါ့တောင် မစောင့်ဘူး"

"မင်းနဲ့ ချိန်းထားမိသလား ..."

"မချိန်းပေမယ့် မွှေ့ဆီ အတူတူသွားမယ်လို့ ပြောထား တယ်လေကွာ"

"အေး ... ဆောရီးပဲ"

တွမ်က ခပ်တည်တည်နှင့် ထိုင်ခုံမှာ ဝင်ထိုင်ချ လိုက်တာမို့ မွှေ့တို့ပါ ထိုင်ချရင်းက မွှေ့က ...

"နေပါဦး ... မွှေ့ဆီလာတာပဲ အရင်တွေ နောက် တွေ ရှိသေးလား၊ အတူတူလာဖို့ပဲ ပြောထားလိုက်သေး တယ်၊ ဘာတွေလဲ"

"မွှေ့ မသိပါဘူး"

စိုးမိုးက နှာခေါက်ခေါက်ပုံစံနှင့်ဆိုရင်း ထိုင် ချကာ ...

"မွှေ့တို့ကို တို့ကျွေးမယ်နော် ... ဒီကောင်မပါဘူး"

"မွှေ့တို့ကို ငါကျွေးဖို့ပြောထားပြီးသား ...



မင်းမပါဘူး"

ထပ်လုနေပြန်တာမို့ ဇွန်နှင့်နုအိက နှုတ်ခမ်း လေးတွေကွယ်ကာ ရယ်နေကြသည်။

"တွမ်ဆိုတဲ့ကောင် တကယ် လက်ပေါက်ကတ်တယ်၊ ငပေါ ..."

စိုးမိုးက မကြည်လင်စွာ ဆက်လက်ရှုတ်ချနေဆဲ မွှေ့ မျက်နှာကလေး ပုပ်လာရတာမို့ ငြိမ်ကျသွားသည်။ တွမ် ကတော့ ခပ်တည်တည်ပင်။ ကဲင်တင်းထဲ ဟိုဟိုသည်သည် လှမ်းကြည့်ရင်း ...

"မွှေ့တို့ မှာကြလေ"

ဟု ခပ်အေးအေးပုံစံနှင့် ပြောနေသည်။ စိုးမိုးသာ မနာလိုဝန်တိုကြီးတွေနှင့် ပူပူပင်ပင်ရှိနေတာမို့ မအေးဆေးနိုင် ဖြစ်နေပုံရသည်။

"မွှေ့က ခေါက်ဆွဲကြော်ရယ် ... စတော်ဘယ်ရီရယ် သောက်မယ်"

"အကြိုက်တစ်ချက် တူနေတယ်"

တွမ်က လက်ညှိုးတစ်ချောင်းထောင်ကာ မွှေ့ကို ကြည့်ရင်း ပြောတာမို့ မွှေ့ပျော်သွားရသည်။ တွမ်နှင့်မွှေ့ အစဉ်အမြဲ အကြိုက်တူချင်မိတယ်လေ။

စိုးမိုးက မျက်မှောင်ကုတ်ကာ ...

"ဟော့ကောင် ... မင်း ခေါက်ဆွဲကြော်မစားဖူးပါဘူး၊ တို့ကောင်နဲ့တူလို့ မုန်းတယ်ဆို"

"ဟာ ... စိုးမိုး ... ညစ်စုတ်လှချေလား"

ဇွန်တို့ပါ ရှုံ့မဲ့သွားကြကာ စိုးမိုးကို ဝိုင်းအော်ရင်း

www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်မှ တူချောင်းနှင့် လိုက်ရိုက်သည်။ စိုးမိုးက ရယ်ရင်း. . .

"ထကယ်ပြောတာ . . . ဒီကောင် အဲဒီလိုပြောဖူးတယ်၊ တို့တစ်ခါက ခေါက်ဆွဲကြော်စားနေတုန်း သူရောက်လာပြီး ပြောတာ . . . ယုတ်တာက ဒီကောင်"

စိုးမိုးက ငယ်ကျိုးငယ်နာဖော်ကာ အပြတ်နှိပ်ကွပ်သည်။ မွေ့ကတော့ စိုးမိုးရည်ရွယ်သလို တွမ်ကိုမုန်းသွားဖို့နေနေသာသာ တွမ့်လုပ်ရပ်ပုံစံကလေးက ကလေးဆန်နေတာမို့ နှစ်မြိုက်သဘောကျသွားရကာ ရယ်မောနေမိသည်။ တွမ်က စိုးမိုးဖော်နေတာကို ရှက်နေပုံဖြင့် 'ဟိတ်ကောင် . . . တိတ်စမ်း' ဟု မျက်လုံးပြူးကာ အော်နေသည်။

"တော်စမ်းပါ စိုးမိုးရယ် . . . မွေ့ စားရမှာတောင် အန်ချင်လာပြီ"

မွေ့ ဝင်တားလိုက်မှ စိုးမိုး ပါးစပ်ပိတ်သွားကာ ကျေနပ်ဟန်နှင့် ပြုံးနေသည်။ စိုးမိုး မိန်းမလိုမိန်းမရဆန်ပုံကို မွေ့ရော ငွန်တို့ပါ လက်ခါရသည်။ အမှန်ဆို ယောကျ်ားလေးချင်း သူငယ်ချင်း မိန်းကလေးတွေရှေ့မှာ နှစ်ယောက်သားနောက်ပြောင်ခဲ့တာတွေကို ပြန်ဖော်ထုတ်နေစရာ မလိုပေ။ တမင် မွေ့ တွမ့်ကို အထင်အမြင် သေးသိမ်သွားအောင် ကြံရွယ်နေတာ ထင်ရှားနေသည်မို့ စိုးမိုးစိတ်ခေတ်ကို မွေ့ အထင်သေးသွားရသည်။

"တော်ပြီ . . . မွေ့ ခေါက်ဆွဲကြော်မစားတော့ဘူး. . . ကြာဆံကြော် စားမယ်"

"အေးလေ . . . စိုးမိုးက စားခါနီးကြီးပြောတော့



ငါလည်း ဘယ်စားချင်တော့မလဲ . . . ကြာဆံပဲစားရတော့မှာပေါ့"

မွေ့ စားတာကိုလိုက်စားနေသော တွမ့်ကို မွေ့ ငြိတ်နိုးသွားရကာ ငေးစိုက်ကြည့်နေမိစဉ်မှာ စိုးမိုးမျက်နှာကတော့ ပုပ်သိုးနေရလေသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ... (၈)

"မနောက်နဲ့ ... အတည်ပြောမယ်"

ဇွန်က ခပ်ကျယ်ကျယ်အော်ရင်း မေ့ အခန်းတံခါးကို အသေ သွားပိတ်လိုက်သည်။ ပြီးတော့ စုထိုင်နေသော မေ့ရာပေါ် တက်လာကာ တင်ပျဉ်ခွေကာ ထိုင်သည်။

"မေ့ အတည်ပြောနော် ... နင် တွမ့်ကို ဆက်ဆံတာ အရမ်း အောက်ကျနောက်ကျနိုင်တယ်၊ အလျှော့ ပေးလွန်းတယ် ..., အမှန်ဆို မနေ့က ဟိုစာပေးတဲ့ ကောင်လေးနဲ့ပတ်သက်ပြီး ယောကျ်ားချင်း အခံရခက်တယ်လေး မာနကို ထိပါးတယ်လေးနဲ့ ပေါ်တင်ကြီး ပြောနေတာ ... နင် ပြန်ပြောဖို့ ကောင်းတယ်"

"အေးလေ ... ပြီးတော့ကျတော့ ခင်မှပဲ ပြောတော့မယ်ဆိုပြီး ပြောသွားတာက ပြောသွားတာပဲ ... ခိုင်ရင်တော့ နေရင်း ထိုင်ရင်း ဟိန်းဟောက်နေမလား မသိဘူး၊ တစ်မျိုးကြီးပဲ"

"မေ့ ... ပြောလေ၊ မနေ့က နင့်ကို ဝေဖန်နေတဲ့ တွမ့်ကို နင် ဘာလို့ ပြန်မပြောတာလဲ"

"နင်တို့ စိတ်မဆိုးနဲ့နော်၊ ငါပြောမယ်၊ တွမ့်စရိုက်က ငါ့ကို



နစ်နာစေလိုတဲ့ သဘောနဲ့ပြောပုံမရဘူး၊ သူ့ ပင်ကိုကိုက မဟုတ်မခံစိတ်မျိုးရှိပုံပဲ ... သူနဲ့ ဘာမှမဆိုင်ပေမယ့် နိမ့်သွားတဲ့ဘက်က ဝင်နာပေးတာမျိုး ဘာမျိုးအဲဒီလို စိတ်ဓာတ်လို့ ထင်တယ် ... မနေ့ကတော့ ငါ ခွက်ချင်းထောင်းခနဲ ဖြစ်သွားတယ် ... သူ့ကို ပြန်တော့ ပြောပစ်လိုက်ချင်တယ်၊ ဒါပေမယ့် ငါမှားသွားမှာ စိုးလို့ ငြိမ်နေလိုက်တာ၊ ညက ငါပြန်တွေးကြည့်တယ်၊ တကယ်ဆို သူ ပြောသလို ငါမချစ်နိုင်ရင် အေးအေးဆေးဆေး ငြင်းရင်ရတယ်လေ၊ ယောကျ်ားလေးကို အရှက်ခွဲလိုက်သလို ဖြစ်သွားလို့ အဲဒီ ယောကျ်ားလေးက ငြိုးထားပြီး ငါ့ကို ရန်ရှာမှာမျိုးကို သူ တွက်ဆ စိုးရိမ်ပေးတာမျိုး ... ယောကျ်ားချင်းမို့ မခံချင်တာလည်း တစ်ပိုင်းပေါ့ဟာ၊ သူက နဂိုကမှ မာန ခပ်ကြီးကြီးရယ်၊ ငါ့နေရာမှာ တခြား ကောင်မလေး ဆိုရင်လည်း သူဝင်ပြောမယ် ထင်တယ်၊ သူ့ပုံစံကလေ ..."

"ဟွန်း ... အဲဒီလိုနေရာတကာဝင်ပြောတော့ ငါးပိပွကြီး ဖြစ်နေမှာပေါ့"

"ခစ် ခစ် ... ဘာလဲ ငါးပိပွကြီး"

"ငါးပိက နေရာတကာဝင်ပါတဲ့ ပါလေရာ ငါးပိဆိုတာလေ ..., ပွကြီးဆိုတာ ဘယ်သူနဲ့မှ မတည့် ဖြစ်နေတာ... ငါးပိပွကြီးဆိုတော့ ပါလေရာမှာ လူမုန်းခံရမှာပေါ့"

ဇွန်က ရှည်ဝေးစွာရှင်းပြပြီး ရယ်ချင်စွာ ဟားဟား ရယ်ချသည်။ မေ့က တအား အော်ရယ်ရင်း ခိုက်

www.burmeseclassic.com

www.burmeseclassic.com



တောင် အောင့်လာရသည်။

"တော်တော့ မွေ့ . . . စွတ်ရယ်မနေနဲ့၊ ဆိုလိုရင်း ပျောက်မယ် . . . ဆက်မေးမယ်၊ နင်က တွမ်ကို အလျှော့ပေးနေရှဲတောင် မကတော့ဘူး . . . ရှေ့နေ လုံးလုံးတောင် ဖြစ်နေပြီလား"

"အေး . . . ဟုတ်တယ် . . . မွေ့ အရမ်းကိုပြောင်း လဲနေတယ်၊ ပြော . . . နင် တွမ်ကို ကြွေနေပြီလား"

"နင်တို့ ရယ်မှာလား"

"နင် ကလီလာမထိုးသရွေ့ မရယ်သေးဘူး ပြော"

မွေ့ နှုတ်ခမ်းမွှင့်၍ ရှက်သွားပုံနှင့် တစ်ချက်ပြန် ဝိတ်လိုက်သည်။ နွန်တို့က စိတ်တွေ ဆွဲဆန့်ထားရပုံတွေနှင့် မျက်နုံးတွေပင့်ကာ မွေ့ကိုစိုက်ကြည့်ရင်း ငြိမ်နေကြသည်။

"ဟိုဟာ . . . ငါ အရင်ကတော့ သူ့ကို အရမ်းမုန်း တယ်ဟာ၊ အံ့ရခက်တယ် . . . သူ ရန်စနေခဲ့တာ တွေကို ငါတစ်ခါမှ မခံခဲ့ဖူးတော့ သူ့ကို အရမ်းမုန်း တယ်ဟာ . . . ဒါပေမယ့် အပြင်ကသာ သူမျက်နှာကို တွေ့ရင် စိတ်တွေတိုတတ်တာ၊ ငါ . . . ငါ သူ့ကို ညတိုင်း အိပ်မက်တယ် . . . ဟင်း ဟင်း . . ."

မွေ့ လက်ကလေး ဖြောက်ရှုရှုနှင့် ဘာလုပ် ဘာကိုင်ရမှန်းမသိ ရှက်လာကာ ခေါင်းကုတ်လိုက်၊ ပါးစပ်ထဲ လက်နှစ်ချောင်းထည့်ကာ ကိုက်လိုက်နှင့် ဂနာမငြိမ် ဖြစ်လာ ရသည်။ တစ်ခါမှလည်း သည်လိုရင်မမှင့်ဖူးတာမို့ ရင်သည်းခုန် သည်။ အမ်းတမ်းတမ်း ပူတူတူနှင့် မျက်နှာကလည်း ရှိန်းဖန် ဖန်ကြီး ဖြစ်နေသည်။



"ဆက်ပြောလေ ဟဲ့"

"အဲဒါပဲဟယ် . . . နင်တို့က ငါ့ကို မျက်လုံးပြူးကြီးတွေနဲ့ ဝိုင်းကြည့်မနေကြနဲ့လေဟ . . . မျက်နှာလွှဲထား"

နွန်က နှုတ်ခမ်းကိုက်ကာ တစ်ဖက်သို့ လှည့် သည်။ နုဇီက မျက်လုံးကို လက်နှင့်ပိတ်ပြထားသည်။ မွေ့ဖက်ခေါင်းအုံးကြီး ဆွဲယူကာ ရင်မှာပိုက်ရင်း . . .

"သူ့ကို ငါ အလျှော့ပေးချင်နေမိတယ် . . . ဟိုကား ကိစ္စ နောက်ပိုင်းပေါ့ . . . သူ ငါ့ကို ကိုကာကိုလာ လာတိုက်တာရယ် . . . အရမ်းစိတ်မကောင်းပုံကလေး ဖြစ်သွားတာရယ် . . . ငါ့ကို တောင်းပန်တာရယ်တွေ ကြောင့် သူ စိတ်ထားနူးညံ့မယ်၊ ကြင်နာတတ်မယ်လို့ ငါယုံသွားတယ် . . . အဲဒီနောက်ပိုင်း သူက ငါနဲ့ မလှမ်းမကမ်းမှာ အမြဲ ရှိနေတတ်တော့ ငါ သူ့ကို အဟဲ . . . အရမ်းတွယ်တာချင်လာတယ်၊ သူ့အပေါ် ငါ အရမ်းယိုင်နေမိတယ် ထင်တယ်ဟယ်၊ သူ ငါ့အပေါ် ပျော့ပျောင်းလာရင် ငါ ပြန်ပြီးသိမ်မွေ့ပေးဖို့ ဆန္ဒ ရှိ လာတယ်၊ သူ့ကို ငါ့အနားမှာ အမြဲရှိနေစေချင်တယ်၊ သူ့ကို ငါ အမြဲငေးကြည့်ချင်နေတယ်၊ အဲဒါ . . . အဲဒါ ချစ်တာလား . . . ချစ်တယ်လို့ ငါထင်တယ်၊ ငါ သူ့ကို လိုက်လျောချင်နေမိတာ ချစ်သွားတာလား၊ ဟင်"

မွေ့ အသံကလေး တဖြည်းဖြည်း တိုးညင်သွား သော် ညှသက်သက်နှင့် နက်ရှိုင်းလာသည်။ နွန်တို့က မွေ့ မျက်နှာကလေးကို စိုက်ကြည့်ရင်း . . .

"ဟုတ်မယ်ထင်တယ် . . . နင် တွမ်ကို ချစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



မွေ့ခေါင်းကလေး တဆတ်ဆတ် ညိတ်သည်ဟုတ်မှာပါ။ ဘောင်းဘီပွပွကလေးတွေ . . . ကုတ်အင်္ကျီပွပွကလေးတွေ ဝတ်တတ်သော တွမ့်ပုံစံကလေးကို မွေ့ အာရုံခံစားမှုတွေထဲမှာ အမြဲမပြတ် စွဲထင်မြင်ယောင် ရင်ခုန်နေမိတာ။ သူ့ကို အမြဲတမ်း လိုက်လျောဖြည့်ဆည်းပေးချင် နေမိတာ။ သူ ပျော်နေတာကို မြင်ချင်နေမိတာ။ ဒါတွေ အားလုံးဟာ အချစ်ပေါ့နော်။ ဒါဆိုရင်တော့ မွေ့ သူ့ကို သိပ်ချစ်နေမိပါပြီ။

"တွမ်ပုံစံကလည်း နင့်ကို ခိုက်လာတဲ့ပုံစံပဲ၊ အရင်ကလို မဟုတ်ဘူး၊ နင် စိတ်ဆိုးမှာကိုလည်း ကြောက်တတ်ပုံပဲ၊ သိတယ်မဟုတ်လား . . . ခင်မှပြောမယ် . . . ခင်မှပြောတော့မယ် ဆိုပြီး စကားမြည်းလေးတွေပဲ နည်းနည်းစီ ထုတ်တာ၊ ဒါတောင် နင့်မျက်နှာကို ကြည့်ပြီး ခပ်တိုးတိုး ပြောတာ ခိခိ . . . သူ့ ပုံစံက ပြောလည်း အရမ်းပြောချင် . . . ပြောရင်လည်း နင် စိတ်ဆိုးမှာ စိုးရိမ်ပုံနဲ့၊ တွမ်က အင်း မဆိုးပါဘူး . . . မဆိုးပါဘူး . . . နင့်ကို သူ ကြင်နာပေးမယ့်ပုံပဲ၊ နင် ဗရုတ်ကျတာကိုသာ သူ ကြည့်မရနိုင် ဖြစ်နေတာ"

"ငါကလည်း ခပ်ကဲကဲကြီး မဟုတ်ပါဘူးကွာ၊ တစ်ခါတလေ ပျော်ချင်လို့ နောက်မိတာကလေးတွေပါ၊ နောက်ပြီး ငါ ဟန်ဆောင်ပြီး မနေတတ်ဘူး၊ သိတယ် မဟုတ်လား၊ ငါတို့ တစ်ခေါက်သွားကြည့်ဖူးတဲ့ မြန်မာစာ ကွမ်းလေ၊ မြအေးမုံဆိုလား၊ သူ့လို ခြေတစ်လှမ်း ကုဋေတစ်သန်း ပုံစံကြီးနဲ့ . . . တောင့်တောင့်ကြီး ဣန္ဒြေ သံပတ်



ကြီးနဲ့ မနေတတ်ဘူး . . . ပြေးပြေးလွှားလွှား ငါလုပ်တာကိုလည်း တွမ်က နှာခေါင်းရှုံ့ချင်ပုံပဲ သိလား၊ ငါ အော်ကြီးဟစ်ကျယ် ရယ်နေတာကို မျက်ခုံးရှုံ့ပြီး သူ ကြည့်နေဖူးတယ်၊ ဟိုတစ်လောတုန်းက အဲဒီတုန်းက ငါနဲ့သူ နည်းနည်းပြေအေးနေပြီဟာ . . . ကားကိစ္စ နောက်ပိုင်း ငါ့ပတ်ဝန်းကျင်မှာ သူရှိနေတုန်းကလေ"

"နင့် တွမ်ကရော ပုဆိုးတောင် ဝတ်လို့လား၊ သူကတော့ ဟော့ရှော့နဲ့ လူငယ်လေးလုပ်ပြီး နင့်ကို မဟာဆန်သူ ဣန္ဒြေရှင် လာလုပ်စေချင်လို့ ရမလား"

"တစ်မျိုးလေးပဲ . . . တွမ်လေးက"

ပခုံးလေးတွန့်ကာ ပြောသော မွေ့ပုံစံကို ကြည့်ကာ ဇွန်နဲ့နုအိက နှစ်ယောက်သား နားကြားကပ်ကာ တိုးတိုးချင်း အတင်းကုတ်နေသည်။ မွေ့က ဇွန်တို့နား သွားကပ်ကာ နားထောင်လိုက်ရင်း . . .

"နင်တို့ တွမ့်ကို မကျေနပ်ရင် ငါ မချစ်တော့ဘူးလေ"

မျက်နှာလေးကို တမင် ခပ်ကုတ်ကုတ်ထားကာ အီညွှက်ညွှက်လေး ပြောလိုက်တော့ ဝက်မဟု ပြိုင်တူ ကျိန်ဆဲရင်း ရယ်ကြသည်။

"နင် တွမ့်ကို အရမ်းချစ်နေပြီ"

ဟု ပြိုင်တူ မှတ်ချက်ချကာ နင်တို့နှစ်ကောင် အရမ်းလိုက်တယ်ဟု သဘောတူ ပုံစံပြကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟွမ်နှင့် စိုးမိုးက မတည့်ကြဘူးနော်၊ တကျက်ကျက်

"အင်း . . . ကျွန်တော်က သူ့ကို လိုမှ အသုံးချတာ၊ ဒီပြ
အချိန်တွေ သိပ် အရေးမဝင်ဘူး . . . ဒီကောင့် အကျ
ကို သိပ်မကြိုက်ဘူးလေ"

မွေ့ ခေါင်းကလေး တညိတ်ညိတ်လုပ်ရင်း
မိန်းမဆန်သော စိုးမိုးစရိုက်ကို မွေ့လည်း အထင်သေးထားပြ
သားမို့ တူလိုက်တာဟု ရင်ထဲက ကျေနပ်သွားမိသည်။

"ပြောရဦးမယ်၊ တွမ်နဲ့ တွဲတဲ့ နှစ်ယောက် ဘယ်သူတွေ
လဲ၊ အဲဒီနှစ်ယောက် မွေ့ကိုတွေ့ရင် ပြုံးတုံ့တုံ့လုပ်သွား
တာ မွေ့မကြိုက်ဘူးသိလား၊ ဒါပေမယ့် တွမ့်သူငယ်ချ
ဆိုလို့ မွေ့ ဘာမှမပြောပါဘူး"

တွမ်က ဖျောက်ခနဲ လက်ဖျစ်တစ်ချက်
တာ. . .

"အဲဒီလိုမှပေါ့၊ သည်းခံစိတ်ကလေးရှိတာ မွေ့ တိုးတ
လာပြီ"

"အံမယ် . . . အရင်က မွေ့က ကျဆင်းနေခဲ့လို့လား"



"မဟုတ်ဘူးလေ . . . စိတ်မဆိုးနဲ့ဦး . . . အရင်က
မွေ့က ဆတ်ဆတ်ကြဲကြဲနဲ့ ဘာမှမစဉ်းစားဘဲ ဗရုတ်ကျ
ဖို့ . . . လျှောင်ပြောင်ဖို့ပဲ ကြိုးစားတတ်တယ်လေ၊
ဝန်းဒိုင်းနဲ့ ပြဿနာရှာတတ်တာတွေ . . . ဟဲ ဟဲ
တော်ပြီနော် မပြောတော့ဘူး . . . မွေ့ကို ကောင်းစေ
ချင်လို့ပါကွာ"

ရယ်ကျဲကျဲကလေးနှင့် နှုတ်ဆိတ်သွားကာ မွေ့
သို့ သူ့လက်မောင်းကို ထိုးပေးပြီး . . .

"စိတ်ဆိုးသွားရင် ရိုက်လိုက်လေ . . . စိတ်ကောက်
မထားနဲ့"

မွေ့ မျက်နှာကလေး ညှိုးလာရကာ . . .

"တွမ် မွေ့ကိုမှ အကောင်းမမြင်ဘဲ၊ မွေ့ကို နားလည်
မပေးဘူး၊ မွေ့အထင်မကြီးတဲ့ ယောကျ်ားလေးတစ်ချို့
ကို မွေ့ မာကျောတတ်ကာ လှောင်ဟားတတ်တာကို
တွမ်က ဗရုတ်ကျတာတဲ့၊ မွေ့ ဘာပြောရတော့မှာလဲ၊
မွေ့ကို နည်းနည်း လာကျောရင် မွေ့က ပြန်ကျောရမှ
ကျေနပ်မှာပဲ၊ မွေ့ သည်းခံစိတ် မမွေးတတ်သေးဘူး
သိလား တွမ်ကကော သည်းခံလို့လား . . . အားအား
ရှိ စိတ်တိုနေတတ်ပြီး . . ."

"ဟာ . . . ကျွန်တော် စိတ်မတိုခဲ့ရပါလား၊ မွေ့ကို
ကောင်းစေချင်လို့ စေတနာနဲ့ ပြောမိတာပါ၊ မွေ့
မကြိုက်ရင် နောက် ကျွန်တော် အရမ်း ပြောချင်လာရင်
တောင် ပါးစပ်ကို အတင်းပိတ်ဖိထားမယ်နော်၊ တော်ပြီ
တော်ပြီ . . . တကယ်မပြောတော့ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ ပုံစံကလေးကိုကြည့်ကာ မွေ့ ပြုံးမိသွားသည်
"ဪ . . . မွေ့ ပြောတဲ့ ရှန်ရှင်းနဲ့ စိုးမြတ်ကို ကျွ
တော်ထိုးပေးမယ် သိလား . . . ဒီကောင်တွေ မွေ့
ရယ်ရယ်သွားတယ်ဆိုတာလေ"

ပြောပုံကလေးကို နှစ်ခြိုက်သွားရရင်း ရယ်က
ခေါင်းညိတ်ပြမိသည်။

"မွေ့ကို လှောင်လိုစိတ်နဲ့တော့ မဟုတ်ပါဘူး၊ ကျွန်တေ
သူတို့ကို ပြောထားတယ်၊ မွေ့ကို မလှောင်ရဘူးလို့"

"အရင်က လှောင်ခဲ့ဖူးတယ်"

မွေ့ သူ့ကို ခပ်မော့မော့ကြည့်ရင်း အသံ
ကလေးနှင့်ပြောလိုက်တော့ သူ့မျက်နှာကလေး ပျက်သွ
ကာ . . .

"အရင်က မိုးကောင်းကိုစွနဲ့ပတ်သက်ပြီး အရမ်းမခံချ
ဖြစ်လို့ပါ၊ မိုးကောင်း အရမ်းရှက်သွားရတယ်ဆိုတော
ကျွန်တော် မွေ့ကို အဲ . . . လုံးဝ မကျေနပ်ဘူး၊ စိတ်ဆိ
ပြီလား"

မွေ့ နှုတ်ခမ်းကလေးစေ့ရင်း . . .

"မွေ့ ယောကျ်ားလေးတွေကို အပြောမတတ် အငြ
မတတ်ခဲ့တာတော့ အမှန်ပဲကွာ၊ ဒါကြောင့် တချို့တွေ
လည်း မွေ့ကို ခံပြင်းနေကြတာတွေ ရှိတယ်၊ အဲဒီအထ
မှာ တွမ်က ထိပ်ဆုံးကပဲ ထင့်တယ်"

"ဒီလိုလည်း မဟုတ်ပါဘူး"

"မွေ့ မေးမယ် . . . ယောကျ်ားတွေကို ပျော့ပျော့အေ
အေးကလေး ငြင်းလိုက်လို့ ရခဲ့ဖူးလား"



"ကျွန်တော်ပြောမယ် . . . မွေ့ကို ပျော့ညံ့ အေးဆေးဖို့
ပြောတာ မဟုတ်ဘူးလေ၊ မွေ့ ထက်မြက်တာ ကောင်း
ပါတယ်၊ ဒါပေမယ့် လှောင်တတ်တာ၊ ဟားတတ်တာ၊
ဇရုတ်ကျတတ်တာ မကောင်းဘူးလေ . . . ငြင်းတယ်
ဆိုတာ မွေ့ မချစ်နိုင်ဘူးဆိုရင် ခပ်ပြတ်ပြတ် တင်းတင်း
ငြင်းပါ ရပါတယ်၊ ဒါပေမယ့် ယောကျ်ားမာနကို ထိခိုက်
စေတာမျိုး၊ ဥပမာ မိုးကောင်းကို ကင်းတင်းထဲ ခေါ်ပြီး
လူတွေကြားမှာ အရှက်ခွဲထားခဲ့တာ . . . ကိုယ့်ကို
လာကြည့်တဲ့ ယောကျ်ားတွေကို ဟားလွှတ်တာ၊ ရည်း
စားစာကို နှာရည်သုတ်တာတွေဟာ မွေ့"

မွေ့ ခေါင်းကို ငုံ့ချလိုက်သည်။ မျက်ရည်ဝိုင်း
မျက်ဝန်းအိမ်ကို တွမ် တွေ့သွားတာမို့ စကားရပ်သွား
ပျာပျာသလဲ ဖြစ်သွားသည်။

"မွေ့ . . . မွေ့ . . . ဆောရီး . . . ဆောရီး . . .
ဒီတစ်ခါ လုံးဝ တကယ်ပါဗျာ၊ မွေ့ မေးလို့ ကျွန်တော်
ပြောမိတာပါ။ မွေ့ကို ရှုတ်ချတာ မဟုတ်ပါဘူး၊ မွေ့ကို
ကျွန်တော် သူငယ်ချင်းလို . . . ကျွန်တော့်ညီမလိုသ
ဘောထားပြီး စေတနာနဲ့ပြောမိတာပါ မွေ့ရယ်"

"မွေ့ သိပ်မှားခဲ့ဖူးလားဟင်"

"တော်ပြီ . . . ကျွန်တော် လုံးဝမပြောတော့ဘူးကွာ"

"တွမ် မွေ့ကို ကောင်းစေချင်တာ မွေ့ သိတယ်
မွေ့ အရမ်းဆိုးနေ သလားလို့"

"အရမ်း မဟုတ်ပါဘူး"

မွေ့ကို မျက်ဝန်းရီကလေးနှင့်ကြည့်ရင်း တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



လေးပြောတော့ မွေ့ စိတ်ပျက်သွားရသည်။ တွမ် မွေ့ကို လုံး ကင်းရှင်းစွာ ကြည်လင်မှုမရှိသေးတာကတော့ သေချာနေ သည်။ မွေ့ စိတ်ချမ်းသာအောင် အားနာ သိုသိပ်မပြောတတ် တဲ့ ဟန်ဆောင်ကင်းမဲ့တဲ့ ကောင်ကလေးကို မွေ့ဘာကြောင့် များ စွဲမက်နေရတာပါလိမ့်ကွယ်။ သူ့ကြောင့် မွေ့ ရင်အောင့် ခဲ့ရတာတွေ များဖူးပြီ။

"ပဋိပက္ခ ဖြစ်နေကြပြန်ပြီလား ဒီနှစ်ယောက်"

ဖွန်တို့နှစ်ယောက် ပြန်ရောက်လာကာ အချဉ် ထုပ်တွေ စားပွဲပေါ် ဖြန့်တင်ရင်း ပြုံးစပ်စပ်နှင့်ပြောသည်။ မွေ့ကို နားမလည်သော တွမ့်ကြောင့် မွေ့တို့နှစ်ယောက် မကြာခဏ ဖြေရှင်းမှုတွေ လုပ်ကြရဖူးသည်လေ။

"အား . . . အချဉ်တွေ များလှချည်လား . . . ဒါတွေ မွေ့စားတော့ ဆိုးဆေးတွေနဲ့ အချဉ်တွေနဲ့ အူကို ဒုက္ခပေးမှာပေါ့"

အချဉ်ထုပ်တွေကိုကြည့်ရင်း ခပ်တိုးတိုးဆိုတာမို့ အချဉ်ထုပ်တွေဆီ လက်လှမ်းနေသော မွေ့ လက်ကလေး တန့်သွားရသည်။

"လုံးဝမစားရဘူးလားဟယ်"

"တစ်ထုပ်လောက်ဆို တော်သေးတယ်"

"အင်း . . . အင်း . . . တစ်ထုပ်ပဲ"

မွေ့ မရမ်းပြားထုပ်ကို ဆွဲကာ ဖောက်စားတော့ တွမ်က ပြုံးနေသည်။ တွမ်နဲ့ စတွေ့တုန်းက မရမ်းပြားနှင့် တွမ့်ခြေသလုံးကို ပေါက်ခဲ့မိတာကို အမှတ်ရမိတော့ မွေ့ ရုတ်တရက် အော်ရယ်ပစ်လိုက်ပြီးမှ အသံကို အမြန်ပြန်တိုး



ထိတ်ရသည်။ ဖွန်တို့ အထာပေါက်စွာ ဝိုင်းရယ်ကြပေမယ့် တွမ်က မျက်ခုံးပင့်ရင်း အံ့ဩနေလေသည်။

"အရမ်း ရယ်စရာတွေ့လို့လား"

"တွမ်နဲ့ စတွေ့တုန်းက မရမ်းပြားနဲ့ ပေါက်လိုက်တာ သတိရလို့ . . . ခစ် . . . ခစ် . . ."

"ရယ်စရာ သိပ်မကောင်းလှပါဘူး"

မျက်နှာကို ရှုံ့မဲ့ကာဆိုတော့ မွေ့တို့ ပိုမိုရယ်ဖြစ် သွားရတာကို ကြည့်ရင်း တွမ်က မျက်ခုံးရှုံ့လာသည်။

"အရမ်းရယ်နေတာလည်း ဗရုတ်တစ်ပါးပဲ"

ဟု ပြောတော့ မွေ့ အရယ်ရပ်ဖို့ အမြန် ကြိုးစား ရသည်။ နောက်သလိုလိုနှင့် နှက်နှက်တတ်သော တွမ့်ကို မမုန်း မိတာ ဘာကြောင့်ပါလဲ။ မွေ့မျက်နှာကို လက်ဝါးနှင့် ဆွဲသပ် ရင်း မျက်နှာပိုးသတ်လိုက်တော့ ဖွန်တို့ထံမှ တဟွန်းဟွန်း သံတွေ ထွက်လာကာ တွမ်ကတော့ စိတ်ပျက်တစ်ဝက် ရယ်ချင် တစ်ဝက်ပုံစံနှင့် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၉)

"ဟိတ် . . . ဟိတ် . . ."

မွှေ့ မျက်နှာကို ရှုံ့မဲ့ရင်း အငွေ့တွေကို လက်နှစ်ဖက်နှင့် ခါထုတ်ပစ်ကာ စူပုပ်စွာ အော်ပစ်လိုက်သည်။ စိုးမိုးက ရယ်ရင်း . . .

"စီးကရက် မသောက်ရဘူးလားဟင်"

"သောက်တာက သောက်ပေါ့၊ ဘာလို့ မွှေ့တို့နားမှာ လာသောက်နေလဲ"

စိုးမိုးက စီးကရက်ကို သမံတလင်းသို့လွှတ်ချကာ ခြေနှင့် ဖိနင်းခြေရင်း . . .

"တွမ်လည်း သောက်တယ် မွှေ့"

"ဟင် . . . တွမ်လည်း သောက်တယ်"

မွှေ့ မျက်လုံးကလေးဝိုင်းကာ နှုတ်ခမ်းကလေး မဲ့သွားသည်။ ခုခေတ်ကောင်ကလေးတွေ ဘယ်သူကြည့်လိုက်ကြည့်လိုက် စီးကရက်ကလေးတဖွာဖွာနှင့် မွှေ့ အလွန်ပင် အမြင်ကတ်ခဲ့တာ။ တွမ် စီးကရက်သောက်တာ တစ်ခါမှတော့



မမြင်ခဲ့ဖူးပေ။ စိုးမိုးက အတို့အတောင်ပုံစံနှင့် လာပြောမှ သိရသည်။ မျက်ဝန်းအာရုံထဲမှာ တွမ် စီးကရက်ရှိုက်နေမည့်ပုံဟန်ကလေး မြင်ယောင်မိတော့ ကွမ် စီးကရက် သောက်တာ မကြိုက် ဖြစ်သွားရသည်။ တွမ့်မျက်နှာက အသားကလေးတွေဝင်းသန့်ကာ နုနုကလေး။ နှုတ်ခမ်း တင်းတင်းကလေးတွေက ရဲရဲကလေးတွေ။ စီးကရက်သောက်ရင် အသားအရေမကောင်း ကာ နှုတ်ခမ်းလည်း ပြာတတ်တယ်တဲ့။ တွမ်လာရင် စီးကရက် မသောက်နဲ့လို့ ပြောကြည့်မည်ဟု စိတ်ကူးရင်း တွမ့်ကို ဆရာလုပ်ကာ ချုပ်ချုပ်ချယ်ချယ် ပုံစံကလေး လုပ်ရမှာကို မွှေ့ ကြည်နူးနေမိသည်။

"မွှေ့ . . . တို့က မွှေ့ မသောက်နဲ့ဆိုလို့ လုံးဝမသောက်ဘူးနော် . . . သိလား"

စိုးမိုးက တိုးဖွဖွနှင့် လာကပ်ပြောနေတာကြောင့် မွှေ့ နှာခေါင်းရှုံ့ရင်း . . .

"စိုးမိုးကို ဘယ်သူမှ မသောက်နဲ့လို့ မပြောဘူးနော်၊ တကယ် လုံးဝပဲ . . . ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ကြိုက်တာလုပ်နိုင်တယ် . . . မွှေ့နဲ့ ဘာမှမဆိုင်ဘူး"

စိုးမိုး မျက်နှာတည်သွားပြီး . . .

"မွှေ့က တို့ကို အရမ်းစိမ်းကားတာပဲ"

ဟု မကျေမနပ်ဆိုသည်။ မွှေ့က ထင်လို့ပါဟု ပြောရင်း ရယ်နေလိုက်တော့ စိုးမိုးက သွားတော့မယ်ဟု နှုတ်ဆက်ရင်း ထွက်ခွာသွားသည်။ ဖွန်တို့က လှေကားခုပ်ပင်ထိုး ကာ ရယ်မောရင်း သွားသင့်တာ ကြာပြီဟု လှောင်သည်။

"အတန်းတက်မှာလား မွှေ့"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချိန် ကျူတိုရီရယ်ကွာ . . . စာကျက်မယ်၊ မတက်တော့ဘူး"

မွေ့တို့သုံးယောက် ထ,ရင်း လှရှင်းသည့်နေရာ လိုက်ရှာသည်။ ဇွန်က ကော်ရစ်ဒါမှ အောက်သို့ လျှောက်ငုံ့ကြည့်ရင်း . . .

"ဟယ် . . . ဟိုမှာ တွမ်"

မွေ့ ဇွန်ပြရာကို လိုက်ငုံ့ကြည့်လိုက်တော့ တွမ့်ကို ကောင်မလေး သုံးယောက်နှင့် စကားပြောနေတာ တွေ့ရသည်။ ခြေနှစ်ဖက် ခပ်ကျဲကျဲခွဲရပ်ကာ လက်နောက်ပစ်ထားပြီး ပြုံးသလိုလို မပြုံးသလိုလို မျက်နှာထားကလေးနှင့် စကားပြောနေသည်။ ကောင်မလေးတွေက ပွက်စိပွက်စိနှင့် သူ့ကို ဝိုင်းပြောနေသမျှကို သူက ခေါင်းညိတ် ခေါင်းခါနှင့် ဒိုင်ခံစကားပြောနေသည်။ နောက်ပစ်ထားသော လက်ထဲတွင် စီးကရက်စ တွေ့လိုက်ရတာမို့ မွေ့ ရင်ထဲမကျေနပ်မှုတွေ ပြင်းထန်သွားရသည်။ မျက်နှာက အလိုလိုပုတ်သိုးလာရကာ စိတ်တွေ တိုတောင်းလာသည်။ တောက်တစ်ချက် တိုးတိုးခေါက်ရင်း . . .

"သိပ်ပျော်နေပုံပဲ . . . မဒီသုံးပွေနဲ့ ဝိုင်းနေတယ်၊ စီးကရက်နဲ့ ဘာနဲ့ . . . ပုံက မင်းသားကျနေတာပဲ"

ခေါင်းကို ချာကနဲနေအောင် ဆောင့်အောင့်လွှဲပစ်ပြီးမှ မျက်လုံးက အလိုလိုပြန်စွေသွားကာ အကြည့်က ရောက်သွားရပြန်သည်။ ရင်ထဲ မတည်မငြိမ်ဖြစ်လာကာ သူတို့စိတ်နှင့် ရင်ပူလာသည်။ တော်ပါပြီ . . . တွမ် မွေ့ကို ဝေဒနာတွေ ပေးပေါင်းများနေတာ တော်လောက်ပါပြီ တွမ်ရယ် . . . မင်းကတော့ အေးအေးဆေးဆေးနဲ့ မွေ့မှာသာ ပူလောင် ပြင်းပြနေရ



တာ။ မွေ့ တကယ်စိတ်ဟိုလာပြီ တွမ်။

"မွေ့ . . . ဒီနေရာမှာ ထိုင်ရအောင်"

ကော်ရစ်ဒါ ထောင့်ချိုးအကွယ်ကလေးမှာ မွေ့ ထိုင်ချလိုက်သည်။ စာအုပ်ထုတ်ကာ စာကျက်ဖို့ကြိုးစားပေမယ့် စိတ်က ဘယ်လိုမှ မတည်ငြိမ်နိုင်အောင် ဖြစ်နေရသည်။ တစ်ခါတလေလည်း တွမ် ကောင်မလေးတချို့နှင့် ရပ်စကားပြောခဲ့ဖူးတာပဲ။ ဒါပေမယ့် တွမ့်အနားမှာ မွေ့ကလွဲလို့ ဘယ်ကောင်မလေးကိုမှ နီးကပ်စွာ တည်ရှိမနေစေချင်ပေ။ မွေ့အပေါ် လေးနက်မှု ပါးလျားသွားနိုင်သလိုပင် ထင်မိသည်။ ပြီးတော့ တွမ့်လက်ထဲက စီးကရက်ကို လုံးဝကြည့်လို့ အချိုးမပြေလှပေ။ သည်ကြားထဲက စိုးမိုးက တွမ့်ကို ဘာတွေ သွားပြောနေသည် မသိ။ တွမ်က စီးကရက်ကို ခပ်ပြင်းပြင်းဖွာလျှက် မွေ့တို့ဆီ လှည့်ကြည့်လေသည်။ စိုးမိုး ပြန်ထွက်သွားတဲ့အထိ တွမ်က စကားစ မပြတ်သေး။

ဆယ်မိနစ်လောက်ကြာမှ တွမ်က ကောင်မလေးတွေနှင့် လမ်းခွဲပြီး ကော်ရစ်ဒါပေါ် မော့ကြည့်လေသည်။ မွေ့တို့ ကြည့်နေတာကိုမြင်တော့ နှုတ်ခမ်းကလေး ကော့ပျံ့သွားအောင် ပြုံးလိုက်ပြီး လှေကားရင်းပေါ် တက်လာသည်။

မကြာခင်မှာ လှေကားရင်းမှာ တွမ်ပေါ်လာပြီး . . .

"အတန်း မတက်ကြဘူးလား"

ဟု လှမ်းမေးပြီး မွေ့အနားမှာ လာထိုင်ချလိုက်လေသည်။ နှုတ်ဆိတ်နေသော မွေ့ကို ထပ်ချက်ငုံ့ကြည့်လျှက် . . .

www.burmeseclassic.com

www.burmeseclassic.com



"မွှေ ပြောစရာတစ်ခုခုရှိသလား"
"မရှိပါဘူး"
"ခုနက ကောင်မလေးတွေက သူငယ်ချင်းတွေလေ. . . I.M (1) ကနေ လာလည်ကြတာ"
"စိတ်မဝင်စားပါဘူး"
"စိတ်မဝင်စားရင်လည်း သွားတော့မယ်"

တွမ်က ပြုံးစိစိနှင့် ထ,ထွက်ဖို့ပြင်တာမို့ မွှေက အင်္ကျီစကို လှမ်းဆွဲထားလိုက်ပြီး . . .

"မသွားနဲ့ဦး . . . ပြောစရာစကားတစ်ခု ရှိတယ်၊ မွှေ စကားကို နားထောင်မှာလား"
"နားထောင်သင့်ရင် နားထောင်မှာပေါ့ မွှေရဲ့ . . . မဖြစ်နိုင်တာကိုတော့ အတင်း နားထောင်မခိုင်းနဲ့ပေါ့၊ ဥပမာ စီးကရက် သောက်တာလေးကို မသောက်ပါနဲ့လို့ တားဆီးတာမျိုးလေး"

တွမ့်မျက်နှာမှာ ရယ်ချင်ဟန်တွေ ပိုမို တောက်ပလာသဖြင့် မွှေ အံ့အားသင့်လျက် . . .

"ဟင် . . . မွှေပြောမှာကို ဘာလို့ ကြိုသိနေရတာလဲ"
"ခုနု စိုးမိုးက လာပြောတယ်၊ သူ့ကို မွှေက စီးကရက်သောက်တာ မကြိုက်ဘူးလို့ပြောလို့ သူ ဖြတ်လိုက်ပြီတဲ့. . . ဒီတော့ မွှေ ကျွန်တော့်ကိုပါ ဖြတ်ခိုင်းမှာ စိုးလို့"
"ဟင် . . . စိုးမိုးကြီးက ဗလောင်ဗလဲကြီးပါလား . . . မွှေ သူ့ကို အဲဒီလို လုံးဝမပြောဘူး သိလား၊ သူနဲ့ ဘာဆိုင်လို့ မွှေက ပိတ်ပင်ရမှာလဲ၊ စိုးမိုးက လုံးဝယောက်ျား မပီသဘူး . . . တော်ပြီ . . . တွမ် ဆေးလိပ်သောက်



တာကို မတားတော့ဘူး"
"ကောင်းတယ် . . . ကျွန်တော်ကလည်း စိုးမိုး မွှေကြောင့် စီးကရက်ဖြတ်လိုက်ပြီ ဆိုကတည်းက တစ်သက်လုံး မဖြတ်တော့ဖို့ စိတ်ကူးချထားပြီးသား"

ရယ်စရာကောင်းလှစွာ မွှေနှင့်တွမ် အပေးအယူ တည့်သွားတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"တွမ် စီးကရက်သောက်ဖို့ မီးခြစ်ကလေး . . . ရော့ . . ."

မွှေ့က ရွှေရောင် ဂက်စ်မီးခြစ်လေး တွမ့်ကို လှမ်းပေးလိုက်တော့ စိုးမိုး မျက်နှာပျက်သွားကာ မွှေ့ကိုကြည့်သည်။ တွမ်က ခပ်ပြုံးပြုံးလှမ်းယူကာ အင်္ကျီအိတ်ထဲ မီးခြစ်ကလေးထည့်ကာ မွှေ့ ဖန်ခွက်ထဲ စတော်ဘယ်ရီဖတ်ကလေးတွေ လာထည့်ပေးရင်း . . .

"ကျေးဇူးပြန်ဆပ်တာ"

ဟု ပြောသည်။ မွှေ့နှင့် တွမ်ကို တစ်လှည့်စီကြည့်ရင်း စိုးမိုးမျက်နှာ ပျက်သည်ထက် ပျက်ယွင်းလာပြီး ဌှန်တို့က စိုးမိုးမျက်နှာကိုကြည့်ကာ ပြုံးစိစိကလေးတွေနှင့် . . .

"ဟေ့ကောင် တွမ် . . . မနေ့ညက ဝတ်မှုံ ဖုန်းဆက်တယ် . . . မင်းဆီ မဆက်ရဲလို့တဲ့ . . . ငါ့ကို ပြောခိုင်းတယ်၊ မင်း ဆက်လိုက်ဦး . . . သတိရသေးရဲ့လားတဲ့"

စိုးမိုး နှိပ်ပြီဟု မွှေ့ ထပ်ခနဲသိသည်။ တွမ့်မျက်နှာကို လှမ်းကြည့်တော့ တွမ်က မျက်ခုံးရှုံ့ထားရင်း . . .



"ဘယ်က ဝတ်မှုံလဲ၊ မင်းသိနေတာ မင်းနဲ့ပတ်သက်လို့ ဖြစ်မှာပေါ့ကွ . . . မင်းကိုပြောတာ ဘယ့်နှယ် ငါ့ကို အတင်းဆွဲသွင်းနေတာလဲ"

"မဟုတ်တာ . . . မင်းကိုပါကွာ၊ မေ့နေပြီလား . . . ဝတ်မှုံလေ၊ ဆယ်တန်းတုန်းက မင်းကို အော်တိုလာရေးခိုင်းရာကနေ ဇာတ်လမ်းလေး"

"မေ့ပြီ . . . လုံးဝ မမှတ်မိဘူး"

တွမ်က လက်ကိုခါကာပြောသည်။ စိုးမိုးက ကြည်လင်ပုံနှင့် တွမ့်ကို စိုက်ကြည့်ကာ . . .

"မင်း မေ့ချင်ယောင်ဆောင်တာ"

"ဟာ . . . နားညည်းလိုက်တာ . . . စိုးမိုးကလည်း သူတကယ်မေ့နေတာ မေ့ပါစေပေါ့ . . . အတင်းကြီး ပဲ"

မွှေ့ ဝင်ဝေါက်လိုက်မှ စိုးမိုးက ငြိမ်သွားတာ . . .

"မဟုတ်ဘူးကွာ၊ တစ်ဖက်က ကောင်မလေးက သူ့ကို တကယ်ကြွေနေတာ၊ တို့က စေတနာနဲ့ ဝင်ပြောပေးရတာ"

"ရတယ် . . . မင်းစေတနာကြီး ခေါက်ထားလိုက်၊ ငါတောင် စိတ်မဝင်စားတာ . . . မင်း အေးဆေး၊ သူကြွေနေတာ မကြည့်ရက်ရင် မင်းဖန်လိုက်"

"အောင်မာ . . . ငါနဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ရင် ထိုင်နေပါဆို"

မွှေ့ မျက်လုံးပြူးကာ အော်လိုက်သော့ စိုးမိုးဘ

www.burmeseclassic.com

www.burmeseclassic.com



တဟဲဟဲနှင့် ရယ်ကာ လျှောချသွားသည်။ တွမ်က မာလ်ဘိုရို စီးကရက်ကလေးကို ဘူးထဲမှ ကောက်ထုတ်ကာ နှုတ်ခမ်းစေ ကလေးပေါ်မှာ တေ့ထားပြီး မွေ့ မီးခြစ်ကလေးကိုထုတ်သည်။ စတိုင်လ်ကလေး လုပ်နေသော တွမ့်ကို စီးကရက်သောက် လျက်ပုံစံနှင့် ကြည့်မရမရှိဘဲ သူတစ်ယောက်တည်းကိုမှ နှစ် ခြိုက်သဘောကျသွားရသည်။

စီးကရက်ကိုမီးညှိကာ မွေ့ဘက်သို့ အငွေ့မလာ အောင် ဟိုဘက်လှည့်ကာ သောက်သည်။ စိုးမိုးက မျက်နှာ တည်တည်နှင့် စားပွဲကို မှတ်ရှုနေသည်။ တွမ် စီးကရက် သောက်ပုံကလေးကို ပထမဦးဆုံး စတင်မြင်ဖူးချိန်မှာပဲ အဦးဆုံး မြတ်နိုး စွဲမက်သွားသည်။ တကယ်တော့လည်း တွမ်ရယ် . . . စီးကရက်ကိစ္စနဲ့ ပတ်သက်ပြီး ဘားဆီးချင်မိတဲ့ မွေ့ ဆန္ဒကလေး ပျက်ယွင်းသွားရခြင်းဟာ စိုးမိုးကြောင့်လို့ အမည်တပ်ခဲ့ပေမယ့် လုံးဝကို နားထောင်စွာ စီးကရက်ဖြတ် ပေးမယ့်ပုံ မရတဲ့ တွမ့်မျက်နှာကလေးကိုကြည့်ပြီး မွေ့ မတား ရက်စွာ အလျှော့ပေးလိုက်ခဲ့မိတာပါ။ တွမ် နားလည်မှာလား ဟင်။ တွမ့်ဆန္ဒကို လိုက်လျောပြီး စီးကရက်သောက်ဖို့တောင် မီးခြစ်ကလေးကအစ ပေးခဲ့မိတဲ့ မွေ့ပါ တွမ်ရယ်။ မွေ့ တကယ်ပဲ လိုက်လျော ပျော့ပျောင်းနေမိဟာ တွမ် သိတန် ကောင်းပါရဲ့။

"စီးကရက်သောက်တာ မွေ့ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

မဆိုင်းမတွဖြေလိုက်မိရင်း စိုးမိုးကို လှမ်းကြည့် တော့ စိုးမိုးမျက်နှာ ညိုးမှောင်ကာ မျက်နှာငယ်နေတာမို့ မွေ့



နေသွားသည်။ စိုးမိုးရဲ့ ပျော့ညံ့တဲ့ မိန်းမဆန်စရိုက် စိတ် ကလေးကို အထင်မကြီးနိုင်တာကလွဲရင် နူးညံ့အေးဆေး သော . . . မွေ့အတွက် ဖူးပုံကလေးတွေကို လုပ သေသပ် အောင် ဆွဲပေးတတ်သော၊ တွမ်မရှိတဲ့အခါ မွေ့မှာ လိုအပ်လာ အကူအညီမှန်သမျှကို မညည်းမညူ ဆောင်ရွက်ပေးတတ် သော စိုးမိုးကို မွေ့ ခင်မင်တော့ ခင်မင်မိသည်။ မျှော်လင့်ချက် ညှိုးလျှော်နေတာကို ငြင်းပစ်ဖို့က အားနာတောင်လာရသည်။ ဘယ်ဘက်ကို ဆွဲယူလိုက်သော စိတ်ကူးနှင့် တွမ်နှင့်မွေ့ ချစ်သူ တွေ ဖြစ်သွားချိန်ကျမှပဲ သူ နားလည်စွာ ရှောင်သွားပါစေ တော့လေဟု တွေးလိုက်ရင်း မွေ့မျက်နှာကလေး ပြုံးဖြဲဖြဲ ကလေး ဖြစ်လာရတော့ မွေ့ကိုကြည့်ကာ တွမ်နှင့်စိုးမိုးက တစ်ယောက်တစ်မျိုးစီ ကိုယ်စီကိုယ်င အဓိပ္ပာယ်ကောက်ကာ နေကြလေသည်။ သူတို့ပြုံးတာကို မွေ့က ရယ်ချင်စွာ တခိခိ ရယ်ချတော့ ဇွန်နှင့်နုအိတို့ကပါ ဘုမသိ ဘမသိ ဝိုင်းရယ်ကာ ညံသွားရသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ကိုကြီး . . . ကိုကြီး"

မွေ့က ခပ်မိန့်မိန့်လုပ်ကာ ရယ်တော့ ဒက် မာမီက ဝိုင်းရယ်နေကြသည်။ ကိုကြီးက မျက်နှာကို ငုံ့ထားရ စပ်ဖြီးဖြီး ဖြစ်နေသည်။

"ကိုကြီးအရပ်ကြီးနဲ့ ဒီလိုကောင်မလေး ချောချော ရတာ အံ့မှဟာပဲ"

"နင်ကော . . . နင်ပဲစောင့်ကြည့်ပါဦး၊ နင့်လိုကလေ ကြီးကို ဘယ်ကောင်လေးမှ ကြိုက်မှာမဟုတ်ဘူး၊ ငါ ယောက်ျားလေး၊ ကောင်မလေး ခပ်လှလှ သေးသေး လည်း ဖြစ်တယ် . . . နင်ပဲ . . . နင်ပဲ"

"ဟား . . . မွေ့မှာများ ပုံနေတာပဲ . . . ဖိဘီကိတ် နော် . . . ဟဲ . . ."

"ဖိဘီကိတ်စ်မရရင် နေပစေ . . . ဒီကလန်ကလာ ကြီးနဲ့ တွဲသွားရင် တထင်းထင်းနဲ့ . . . ဟိုကဝိုင်းကြည့် ဒီကဝိုင်းကြည့်"



"အံ့မယ် . . . ဒေါင်ဟက်ဟက်ကလေးတွေ အများကြီး နော် . . . အရပ်ရှည်တဲ့ ကောင်လေး ချောချောလေး တွေ . . . ဥပမာ တွမ်ခရုစ်"

"ဘာ . . . ဘာ . . . တွမ် . . . တွမ် . . . အေး၊ အဲဒီကိစ္စမေ့နေတာ . . . ဖြည်လိုက်ရမလားမွေ့လေး"

"ကိုယ့်ကိစ္စကိုယ်လုပ်ပေါ့နော် ကိုကြီး . . . ဘာဖြစ်လဲ တွမ်၊ အမေရိကားက တွမ်ကြားရင်ရယ်နေမယ် . . . ကဲ ကဲ ဘာလဲ . . . မွေ့က သတို့သမီးအရံ လုပ်ရမယ်၊ ဟုတ် . . . သတို့သားအရံ လိုသေးလား"

မွေ့စကားကို အတင်းလွှဲပြောင်းပစ်လိုက်တော့ မွေ့ဆီဝိုင်းအုံကျလာသော မိသားစု မျက်ဝန်းတွေက ကိုကြီး ဆီ ပြန်ရောက်သွားလေသည်။

"သတို့သားအရံကို သတို့သမီးရဲ့ မောင်တစ်ဝမ်းကွဲ တစ်ယောက် ထားမယ်တဲ့"

"ဟာ . . . မွေ့နဲ့ မသိဘဲနဲ့ တွဲရမှာလား . . . ချောမှ လား သူက"

"အမယ်လေး . . . ချောပါတယ်ဟ၊ အေးအေးလေး၊ ချောချောလေး . . . မေမိုးက သူ့ကို အရမ်းချစ်တာ"

"ဒိုက်နာမည်ကြီးလား . . . လုပ်မနေနဲ့ . . . မတွဲချင် ဘူး"

မွေ့ ရှုံ့ကာမဲ့ကာနှင့် ခါးသီးပြသည်။

"အမျိုးတွေထဲမှာ မိန်းကလေးဆိုလို့ သမီးတစ်ယောက် တည်းရှိတာ . . . သတို့သမီးအရံလောင်းဆိုတာ ပါရမှာ ဖြည့်ဖက်လေ . . . သမီး ကုသိုလ်ရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com



မာမီက ဝင်ပြောတော့ မွေ့ လျှာကလေး ထု[...] ထားရင်း နှာခေါင်းရှုံ့နေလိုက်သည်။ ငြင်းဆန်လို့ရတော့[...] မဟုတ်တာမို့ ကြိုတင် စိတ်ပျက်မနေတော့ဘဲ နောင်ခါ[...] နောင်ခါရှေးပဲ သဘောထားလိုက်ကာ ဒက်ဒီ မာမီတို့ အ[...] အစဉ်ဆွဲနေတာကိုပဲ ငြိမ်ကာ နားထောင်နေလိုက်သည်။ မွေ့[...] တို့ ခြံထဲမှာပဲ မင်္ဂလာဧည့်ခံပွဲ ကျင်းပမည်ဆိုတာမို့ . . .

"တွမ့်ကို ဖိတ်မယ် . . ."

ဟု စိတ်ကူးထားလိုက်သည်။ တွမ်ရယ် . . . တိုက်ဆိုင်မှုကလေးတွေ ရှိလာတိုင်း မင်းကို အဦးဆုံး သတိ[...] တာ မင်းသိမှာလား။ အစစအရာရာ မင်းအပေါ် လေးလေး[...] နက်နက် ထားရှိနေတက်မိတဲ့ မွေ့စိတ်ထားကို တွမ်လည်း ရိပ်[...] မှာပါပဲ။ တစ်နေ့တုန်းကပဲ တွမ် မွေ့ကို တအံ့တသြကလေး[...] စိုက်ကြည့်ကာ ပြုံးသွားခဲ့တာလေ။ အဲဒီတုန်းက မွေ့ရယ် . . . တွမ်ရယ် . . . ဒွန်ရယ် . . . နုအိရယ် ဆုံနေကျ ကော်ရင်[...] ထောင့်ကလေးမှာ ဝိုင်းထိုင်ကာ စကားပြောဆို ရယ်မောနေ[...] ရင်း ဒွန်နှင့် နုအိက တစ်ဖက် မွေ့ကတစ်ဖက် ငြင်းပစ်[...] သည်။ ဒွန်က . . .

"တွမ် တစ်ခါမှ ပုဆိုးမဝတ်ဖူးဘူး"

ဟု ပြောတော့ မွေ့က . . .

"ဝတ်တယ် . . . တစ်ခါဝတ်ဖူးတယ် ရခိုင်ပုဆိုးစိမ်း[...] လေး"

ဟု အတိအကျပြောကာ ပြန်ငြင်းတော့ တွမ်[...] မွေ့ကို ဖျတ်ခနဲကြည့်ကာ မျက်ဝန်းကလေး မှေးစင်းရင်း စိုက်[...] ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းကလေး တဓကော့ကော့ဖြစ်[...]



[...]ကာ ပြုံးလေသည်။ တွမ့်အပြုံးကလေးက သိပ်ကို လေးနက်နူး[...] [...]နေကာ ပီတိဖြစ်ကာ ပျော်ရွှင်သွားပုံမျိုးကလေး။

"ဟုတ်တယ် . . . မွေ့တို့နဲ့ စတွေ့တုန်းက ကျွန်တော် ပုဆိုးဝတ်ထားတယ်၊ အဲဒီတစ်ခါပဲ ဝတ်ဖူးတယ်၊ အရပ် ရှည်တော့ ပုဆိုးနဲ့ သိပ်မလိုက်ဘူးထင်လို့"

ဟု ကြည်နူးပြုံးကလေးနှင့် လေသံကလေးက [...]အယာညှံ့သက်ကာ မွေ့ကို စိုက်ကြည့်နေသည်။ ဒွန်တို့က [...]နောက်မှ . . .

"အေး . . . ဟုတ်သားပဲ . . . ကြည့်စမ်း၊ မွေ့ကြီးက မှတ်မိတယ်တော့"

ဟုပြောတော့ မွေ့ ရှက်သွားကာ မျက်နှာပူရင်း [...]ခြစ်စဖူး ခေါင်းငုံ့ကာ မျက်လွှာချလိုက်မိသည်။

တွမ်က မွေ့ တယုတယ မှတ်သားထားတာကို [...]အားသင့်လျက် မွေ့ကိုစိုက်ကြည့်နေခဲ့တာ။ တွမ့်မျက်လုံးများ[...] တောက်ရွှန်းမှုက မွေ့ရင်ထဲက အရာတချို့ကို ခိုးယူသိမ်း[...]ပစ်လိုက်တော့မလို ရှိခဲ့တာနော်။

အဲသည်နေ့က မွေ့နှင့် တွမ်အကြားမှာ တစ်ခုခု [...]ရောက် ဆက်သွယ်နေခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ... (၁၀)

ဖွန့်တို့က ထိန်းမရတော့ဟန်နှင့် တဟီးဟီးရယ်ချသည်။

"ဟား ... ငမွေ့က သတ္တိသမီးအရုပ်တဲ့လား ... အံ့ဖွယ်မစုပဲ"

"လုပ်မနေနဲ့ ... နင်နဲ့တွဲတဲ့ ကောင်ကလေးက ပေပုလေးဆို နာပြီ"

စိုးမိုးက ရယ်ရင်း မွေ့ပုံကို ဆွဲပေးနေရာမှခေါင်းမော့လာကာ ...

"မွေ့နဲ့တို့ တိုက်ဆိုင်နေပြီ ... တို့လည်း သတ္တိသားအရုပ် လုပ်ပေးရမယ်တဲ့ ... တို့ အစ်မဝမ်းကွဲ တစ်ယောက် အတွက်"

"ဟမ် ... ယုံဖို့ကောင်းသလား"

မွေ့က စိုးမိုးကို မယုံကြည်ဘဲ ဖွန့်တို့ဘက် လှည့်မေးတော့ တွမ်က လက်ဝါးခါပြရင်း နှုတ်ခမ်းကို မဲ့ပြနေသည်။ ဖွန့်တို့က ပါးစပ်ဖြီးဖြီးနှင့် ခေါင်းတွေခါပြနေတာမို့ စိုးမိုးက မျက်နှာကို ရှုံ့မဲ့ရင်း ...

"တကယ်ပါကွာ ... ဘာဆိုင်လို့ လိမ်နေရမှာလဲ



ဝင်ဒါမီယာထဲက ခြံမှာ"

"ဟမ် ..."

မွေ့ ထိုင်နေရာမှ ဆောင့်ကြောင့်ကလေး ခုန်ထသွားကာ အံ့သြသွားရရင်း စိတ်ပျက်စိတ်တွေပါ တစ်ဆက်တည်းတိုးဝင်လာသည်။

"စိုးမိုးက မေမိုး မောင်လား"

"ဟုတ်ကဲ့ ... မွေ့က ကိုမြင့်မြတ်ညီမ မို့လား"

မွေ့ ရှုံ့မဲ့ရင်း ဟာကွာဟု ညည်းညူတော့ တွမ်က ...

"ဘာဖြစ်လို့လဲ မွေ့"

ဟု စိုးရိမ်တကြီး ပုံစံကလေးနှင့်မေးနေပြန်သည်။

"မွေ့နဲ့ သတ္တိသား အရုပ်လောင်းလုပ်မှာ စိုးမိုးကြီးလားကွာ"

စိတ်ပျက်သံကြီးနှင့်ပြောမိတော့ တွမ့်မျက်နှာ ပျက်ယွင်းသွားလေသည်။ စိုးမိုးက အောင်နိုင်သူ မျက်နှာထားနှင့် ခပ်မတ်မတ်ပုံစံ ဖြစ်ပြနေတာမို့ မွေ့ အမြင်ကတ်သွားကာ စိုးမိုးကို မျက်စောင်းထိုးရင်း ...

"မင်္ဂလာပွဲပျက်မှာပဲ ..."

ခပ်တိုးတိုးဆိုတော့ စိုးမိုးက တဟဲဟဲရယ်နေသည်။ တွမ့်မျက်နှာကလေး တည်နေရတာကြောင့် မွေ့ တွမ့်ကို ပြုံးပြလိုက်ပြီး ...

"တွမ် ... သဘောတူလား"

"မသိဘူးလေ ... မိသားစုအရေးမှာ ကျွန်တော်ကဝင် တားလို့ ဖြစ်မှာမဟုတ်တာ ..."

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးကလေးပြောရင်း တွမ့်မျက်နှာကလေး တည်နေသည်။ မွေ့ကို သဝန်တိုနေတာလား တွမ်ရယ် ... သူတစ်ပါးနဲ့ တွဲလျက်ရှိမှာကို တွမ် မလိုလားဖြစ်နေတယ် မဟုတ်လား။

"တွမ် လာရမယ်နော်"

တွမ်က မျက်လုံးတစ်ချက်လှန်ကာ မွေ့ကို စိုက်ကြည့်ပြီး နှုတ်ခမ်းစေ့လျက် ခေါင်းညိတ်ပြသည်။ တွမ် ဖြစ်ပျက်နေပုံကလေးကို ကြည့်ကာ ဇွန်က မွေ့ကို လက်ကုတ်ရင်းအချက်ပေးသည်။ စိုးမိုး ပုံဆွဲနေရာကို တွမ်က စိုက်စိုက်ကြည့်နေရင်း တံတွေး မကြာခဏမျိုချနေပုံကလေးက စိတ်လှုပ်ရှားနေပုံကလေးပင်။ သို့ပေမယ့် ထိန်းချုပ်ထားရှိနေတာကလေးက ယောကျာ်းပီသ မြင့်မြတ်ပုံစံလေး ထင်ရှားစေသည်။ ချစ်မိတော့လည်းအထင်ကြီးမိတာတွေ ... အားကိုးမိတာတွေရှိလာရတာပေါ့ တွမ်ရယ်။

"ဘယ်နေ့လဲဟင်"

"လာမယ့်စနေပေါ့ ... ဖိတ်စာပေးမယ်လေ ... တွမ့်မိသားစုပါ ခေါ်လာနော် ... မွေ့ မာမီတို့နဲ့ မိတ်ဆက်ပေးရအောင်"

တွမ့်မျက်နှာက ပိုမို ပျက်ယွင်းသွားရကာ ခေါင်းကိုယမ်းခါသည်။

"ကျွန်တော်ပဲ ဖြစ်အောင်လာပါ့မယ် ... မွေ့တို့ ဒီနေ့အတန်းတက်မယ် မဟုတ်လား ... ကျွန်တော် လုပ်ပေးစရာ ရှိသေးလား ... မရှိရင် ကျွန်တော် အတန်းသွားတက်ဦးမယ်"



တိုင်နေရာမှထကာ မျက်နှာကလေး ညှိုးနေသော တွမ့်ကိုနားမလည်နိုင်လောက်အောင်ပင် ဖြစ်ရသည်။ တွမ့် ပုံဟန်က တစ်စုံတစ်ခုကို ထိထိခိုက်ခိုက် ခံစားသွားရပုံကလေး။ တွမ် ဘာများ ဖြစ်သွားတာလဲဟင်။ တွမ် ထိခိုက်သွားအောင် မွေ့တစ်ခုခု လုပ်မိခဲ့သလား။

ချာခနဲလှည့်ကာထွက်သွားသော တွမ့် နောက်ကျောကိုကြည့်ရင်း မွေ့ နှုတ်ခမ်းကလေးဟကာ အံ့ဩစိတ်မကောင်း ဖြစ်ရသည်။

"တွမ် ဘာဖြစ်သွားတာလဲ"

ထူးထူးခြားခြားဖြစ်သွားသော တွမ့်ကို နုအိတို့ပင် အံ့ဩနေသည်။

"တွမ့် အဖေနဲ့ အမေက ကွဲနေတယ်လေ ... မွေ့ ခုန မိသားစုပါ ခေါ်လာဆိုလို့ ဒီကောင် ထိသွားတာ ဖြစ်မယ်"

"ဟယ်"

မွေ့ တအံ့တဩနှင့် တွမ့်အပေါ် ကြင်နာစိတ်တွေ လျှမ်းတက်လာရသည်။ တွမ်ရယ် ... တကယ်ပဲ စိတ်မကောင်းပါဘူး။ တွမ်က မိဘမေတ္တာကို စုံလင်ပြည့်ဝစွာ မခံစားရတဲ့သားတစ်ယောက်တဲ့။ ဒါကြောင့် တွမ့်ပုံစံက တစ်စုံတစ်ရာကို နာကျင်ထိခိုက်နေတဲ့ပုံနဲ့ မထားသင့်တဲ့ မာနတွေနဲ့ မာကျောကျောကလေး ဖြစ်နေခဲ့တာကိုး။ တွမ် အားငယ်ခဲ့ရမှာပါပဲ။ တွမ့် အဖေနဲ့အမေက ဘာဖြစ်လို့ ကွဲနေရတာလဲကွာ။ တွမ် စိတ်မချမ်းမသာ ဖြစ်နေခဲ့ရတာ တွမ့် မိဘတွေက မသိကြဘူးလား။ တွမ့်အပေါ် စာနာ ကြင်နာစိတ်တွေက ပိုမိုပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်လာရကာ တွမ့်အပေါ် သံယောဇဉ်က ပိုမိုတင်းနှောင် နိုင်မြဲသွားရသည်။

"သူတို့ အဖေနဲ့ အမေက သူ ငယ်ငယ်ကတည်းက ကွဲ နေတာလေ"

"တော်ပြီကွာ . . . မပြောနဲ့တော့"

စိုးမိုးက နိုင်ကွက်ကို ဖိနှိပ်သလိုပုံစံနှင့် တွမ့် ချွတ်ယွင်းချက်ကို ဖော်ထုတ်နေတာမို့ မွေ့ စိတ်တိုကာ အော် ဟစ်လိုက်ရင်း . . .

"တွမ် သနားပါတယ်"

ခပ်တိုးတိုး ညည်းဖြစ်ရင်း ရင်ထဲ လှိုက်ခနဲ ဖြစ် သွားသည်။ တွမ့် မျက်နှာကလေးကို မြင်ယောင်ကာ မှုန်ကုပ် ကုပ် ကြွပ်ဆတ်ဆတ်ကလေး ဖြစ်နေရတာ မိဘတွေကြောင့် ဖြစ်လာရတာနေမှာဟု တွေးဖြစ်၏။ တကယ်ဆို မိဘစုံလင်ရှိနေ ရင်း တွမ့်ရင်မှာ ထိခိုက်ခံစားရမှုတွေ . . . ဒဏ်ရာတွေ ဘယ်ရှိ နိုင်မှာလဲ။ မကျေမနပ် ပုံစံကလေးလည်း တွမ့်မှာ ရှိနေနိုင်ပါ့ မလား။

♠ ♠ ♠



တကယ်တမ်းကျတော့ မင်္ဂလာပွဲနေ့မှာ တွမ် ရောက်မလာ။ မျှော်လင့်နေမိသော မွေ့ကို ဖုန်းနှင့် တောင်းပန် သည်။

"ဆောရီး . . . ဒမွေ့ရယ်၊ ကျွန်တော် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး . . . နားလည်တယ်နော် မွေ့၊ ကျွန်တော် မွေ့ကို သတို့သမီးအရံဘဝနဲ့ တခြားတစ်ယောက်နဲ့ တွဲ နေတာကို မကြည့်ရက်လို့ပါ"

ဟု ပြောကာ ဖုန်းချသွားသည်။ ဖုန်းကိုင်ထား ရင်း မွေ့လက်ကလေးတွေ တုန်ယင်လာကာ ရင်တွေခုန်လာရ သည်။ တွမ်ရယ် . . . ဘာအဓိပ္ပါယ် ဘာတွေပြောနေတာလဲ လို့ မွေ့မမေးတော့ပါဘူး။ မွေ့ နားလည် ရှင်းလင်းတယ်လေ။ မွေ့ကို သတို့သမီးအရံဘဝနဲ့ တခြားတစ်ယောက်နဲ့ တွဲနေတာ ကို မကြည့်ရက်လို့တဲ့လား။ ဟင်း ဟင်း မွေ့ပျော်လိုက်တာ။ တွမ့် နှုတ်ဖျားက ချစ်စကားကလေးတောင် ထွက်မလာသေးတာ သည်လို ဝန်တိုရိပ်စွန်းတဲ့စကားကလေးနဲ့တင် မွေ့ရင်ခုန် ကြည်နူးနေမိတာကို တွမ် နားလည်မှာလား။

မှတ်မှတ်ရရ မင်္ဂလာပွဲနောက်ပိုင်း တနင်္လာနေ့ ရယ်၊ အင်္ဂါနေ့တွေရယ်မှာ တွမ် ကျောင်းမလာ။ စိုးမိုးတို့

www.burmeseclassic.com

www.burmeseclassic.com



မေးလျှင်လည်း သတင်းမှန်ရမှာမဟုတ်။ တွမ့် မကောင်းကြောင်းတွေကိုသာ လျှောက်ဖော်နေမှာ စိုးတာကြောင့် ဖွင့်မမေးဖြစ်။ ရင်ထဲကတော့ အရမ်းကို ပူပန်လွမ်းတနေမိသည်။ တွမ့်ကို တစ်နေ့မတွေ့ရရင် မနေနိုင်တော့ဘူးလေ။ တွမ်ကကော နေနိုင်သလား တွမ်ရယ် ခါတိုင်းလို မွေ့ကို နူးနူးညံ့ညံ့ကလေးနဲ့ ကြင်နာရိပ်စွက်စွက် အကြည့်ကလေးတွေ မပေးတော့ဘူးလား။ မွေ့ကို . . . လာကြည့်တဲ့ ကောင်ကလေးတွေကို ဝန်မတိုပေးတော့ဘူးလား။ မွေ့ လွမ်းလှပြီ တွမ်။

စာသင်ရတာ မဖြောင့်တာကြောင့် ဆရာခေါ်နေတဲ့စာကို လိုက်မကူးဘဲ တွမ့်နာမည်ကလေးတွေကို အသည်းပုံကလေးတွေထဲ ထည့်ရင်း တွမ့်ကို တမ်းတနေမိသည်။

"ချွတ် . . . ချွတ်"

အသံကလေးကြောင့် မွေ့ ဆတ်ခနဲလှည့်ကြည့်မိတော့ တွမ့်ကို မြင်ရသည့်တစ်ခဏ မျက်လုံးကလေးတွေ ဝိုင်းသွားရသည်။ နှာခေါင်းကလေးရှုံ့ပြကာ နောက်နေသည့် တွမ်က ရုပ်အပြာပျော့ပျော့ကလေး ယောပုဆိုးညိုညိုတိုတိုကလေးနှင့် ထူးဆန်းစွာ ရှိနေသည်။ အလွန်ပင် ရှင်းသန့်ကာ ဖြူစင်နေသော ပုံစံကလေးက ရင်တွင်းမှာ နစ်မြုပ်သွားလေသည်။ နှာခေါင်းကလေးရှုံ့ကာ ပြန်နောက်ပြရင်း ဆရာဟိုဘက်အလှည့်မှာ လှစ်ခနဲ အခန်းပြင်ထွက်လိုက်ကော့ နံ့အိတို့ထံမှ ဟဲ့ခနဲ အသံခပ်တိုးတိုး ကြားရသည်။ တွမ့်နားမှာ သွားရပ်ရင်း နံ့အိဘို့ကို လက်ပြပြီး တွမ့်ဘက်ပြန်လှည့်ကာ တွမ့်မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

"နှစ်ရက် . . . ဘယ်လိမ့်နေလဲ"



လက်ကလေးနှစ်ချောင်း ထောင်ပြရင်း မေးလိုက်ရင်းမှ တွမ့်မျက်နှာ တစ်ခုခုထူးခြားနေတာမို့ အဖြေရှာမိသည်။

"အို . . . တွမ့် ညာမျက်လုံးကလေး မို့နေတယ်၊ မျက်ခမ်းစပ်မှာ နည်းနည်းညိုနေတယ်၊ ဘာဖြစ်တာလဲ. . . ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး"

အတင်းဖုံးကွယ်ဖို့ ကြိုးစားနေတာကြောင့် မွေ့ခြေကို တဆက်ဆက်ဆောင့်ရင်း ဟွန်း . . . ဟွန်း . . . ဟွန်း ဟု ရေရွတ်တော့ တွမ်က ရယ်သည်။ ရယ်ရင်းမှ

"အလကားပါ"

"တွမ့်ဘိုးအေကြီး အလကားလား . . . မပြောရင် မခေါ်ဘူး"

"မခေါ်တော့လည်း ပြန်တာပေါ့ ခင်ဗျာ"

လှည့်ထွက်ဟန်ပြင်တော့ ကျောပိုးအိတ်နှင့် လှမ်းကာလိုက်ရသည်။

"ပြောမလား . . . မပြောဘူးလား တွမ်"

"မဟုတ်ဘူး . . . ကျွန်တော် လိမ်ပြီးတော့လည်း မပြောချင်ဘူး၊ အမှန်အတိုင်း ပြောလိုက်ရင်လည်း ကျွန်တော် ယောကျ်ားမဆန်ဘဲ မွေ့ကို လာတိုင်နေသလို ပုံစံမျိုး ပေါက်သွားလိမ့်မယ်"

"ဘာဆိုင်လဲ . . . မွေ့ အတင်းမေးလို့ တွမ် ပြောတာပဲကွ၊ ပြောပါဟယ် . . . အရမ်းသိချင်လို့"

"ဇာတ်လမ်း အရှည်ရှည်လာလိမ့်မယ်ထင်တယ် . . .

www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာ"

"ကျွတ် . . . ကြည့်ပါလား၊ မှန်းလာပြီနော်"

"ခွတ်ကလေးပဲ မွေ့ရာ၊ နည်းနည်းပါ စိုးမိုးလက်ချက်လေ"

"ဘာ . . ."

မွေ့ ကျောပိုးအိတ်ကလေး လျှော့ခနဲပင် ပြုတ်ကျသွားတော့ တွမ်က ကုန်းကာ ကောက်ပေးရင်း သူ ကိုင်ထားပေးသည်။ မွေ့ လမ်းလျှောက်နေရာမှ ရပ်လိုက်ကာ . . .

"ဘာဖြစ်လို့ စိုးမိုးက တွမ့်ကို ထိုးရတာလဲ၊ တွမ်က ပြန်မထိုးဘူးလား၊ စိုးမိုးလည်း ဘာမှ မပြောပါလား၊ သူကျတော့ ဘာမှမဖြစ်ဘူး၊ တွမ် ညံ့တယ်ကွာ . . . တကယ်ညံ့တယ်"

"ကျွန်တော် တမင် ခံပေးလိုက်တာပါ၊ မင်း မကျေနပ်ရင် ထိုးလို့ မျက်နှာခံပေးလိုက်လို့ ခွပ်ခနဲနေအောင် ထိုးချလိုက်တာ . . . အီဆိမ့်သွားတာပဲ"

"ဟင် . . . ဘာလို့ တွမ်က ခံပေးရတာလဲ၊ ကျွတ် တကယ်ကွာ . . . လုံးဝ မကျေနပ်ဘူး၊ စိုးမိုးက ဘာကောင်လဲ၊ ဒီ ယောကျ်ားမဆန်တဲ့ ကောင်ကိုများ သွားပြီး အခွင့်အရေး သွားပေးရဘယ်လို့"

"မွေ့ မသိပါဘူးကွာ၊ ကျွန်တော်က သူ့အပေါ် ကျောထားသလို ဖြစ်နေလို့ပါ၊ အဲဒီကိစ္စအတွက် ကျွန်တော်လည်း နောက်မဆုတ်နိုင်ဘူးလေ၊ ဒါကြောင့် ကျွန်တော်နဲ့ သူ မျှသွားအောင် သူကျေနပ်အောင် ကျွန်တော် ခံလိုက်တာ၊ နှစ်ရက်လုံး မျက်လုံးရောင်နေလို့ ကျောင်း



မတက်တာ"

"အဲဒီ စိုးမိုးကို မွေ့ သွားပြန်ရိုက်မယ်"

"မလုပ်ပါနဲ့ မွေ့ . . . သူ့နေရာကနေဆို သူ တော်တော် အခံရ ခက်နေတယ်လေ၊ အဲဒီလိုပဲ ဖြစ်သင့်တာကိုး၊ ကျွန်တော့်ကို ခင်ရင် ဒီကိစ္စ သူ့ကို သွားမပြောပါနဲ့ မွေ့၊ သူနဲ့ကျွန်တော်က အဲဒီနေ့ကစပြီး အတိအလင်း ပြိုင်ဘက်တွေ ဖြစ်သွားကြပြီလေ"

"ဘာပြိုင်ဘက်လဲ"

"သူကြိုးစားနေတဲ့ ပွဲတစ်ခုကို ကျွန်တော်က သိသိကြီးနဲ့ ဝင်ယှဉ်ပြိုင်သလို ဖြစ်သွားတယ်လေ၊ သူ ကျွန်တော့်ကို အရမ်း မကျေမနပ်ဖြစ်နေလို့ ကျွန်တော် အထိုးခံလိုက်တာ၊ ကောင်းပါတယ် . . . ကျွန်တော် သူ့ကို မျက်နှာပူစရာ မရှိတော့ဘူးပေါ့"

"ဘာတွေလဲ . . . ဘာတွေလဲ"

"မွေ့ တစ်နေ့ သိရမှာပေါ့"

ဟု ရယ်ရင်းပြောတော့ မွေ့ သူ့လက်ထဲမှ ကျောပိုးအိတ်ကို ဆတ်ခနဲ ပြန်ဆွဲယူကာ မျက်နှာကို စူပုပ်ထားလိုက်သည်။ ပဟေဠိ လာလုပ်နေသော တွမ့်ကို ချဉ်ချင်လာသည်။ သူ မပြောတော့လည်း စိုးမိုးကို မေးမှာပဲ။ အဲသည် စိုးမိုးကို လုံးဝကို မကြည့်လင်။ သူ့ကို ကောင်းကောင်း ပညာပေးရဦးမည်။ တွမ့်ကိုများ သူက ရက်ရက်စက်စက် ထိုးဆွဲသွားလိုက်တာ။ ဖြစ်နိုင်ရင် စိုးမိုးကို အပြုတ် ကုတ်ဖဲ့ဆွဲဆိတ်ဘာ တွမ့်ကို နာကျင်စေခဲ့တာအတွက် လက်စားပြန်ချေချင်သည်။ စိုးမိုးကို ဘယ်လိုမှကို အဖတ်ဆယ်မရအောင် မုန်းတီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့် နှုတ်ခမ်းကို ဖိကိုက်ထားမိတော့ တွမ်က . . .

"စိတ်မဆိုးပါနဲ့ မေ့ရယ်၊ အချိန်မတန်သေးလို့ ကျွန်တော် အသိမပေးချင်တာပါ၊ မေ့ စိတ်ဆိုးရင် ကျွန်တော် မနေတတ်ဘူးဗျာ၊ ကျွန်တော် ချော့လည်း မချော့တတ်ဘူး၊ စိတ်မကောက်နဲ့ဗျာ . . . မကျေနပ်ရင် ကျွန်တော့်ကို ရိုက်"

"အားနေတိုင်း ဟိုလူ့ထိုးခိုင်း . . . ဒီလူ့ ရိုက်ခိုင်းနဲ့ သူ့ကိုယ်သူ အရုပ်ကြီးများ မှတ်နေလား . . . ဟွန်း"

"မေ့ စိတ်ပြေအောင် ပြောတာပါ၊ ကျွန်တော့်ကို မေ့ စိတ်ပြေအောင် ချော့နည်းကလေးတစ်ခုလောက် ပြော ပြထား၊ ဒါမှ မေ့ စိတ်ဆိုးအောင် ပြောမိသွားရင် နည်း ကလေးသိထားတော့ အဆင်ပြေတာပေါ့"

အံ့သြစရာကောင်းလောက်အောင် အေးဆေး ညင်သာနေသော တွမ်မျက်နှာ၏ ကြည်လင်မှုက မေ့ရင်တွင်း သို့ပင် ကူးစက်လာစေတော့သည်နော်။ မှုန်ကုပ်ကုပ်နှင့် တစ်စုံ တစ်ရာကို မကျေမနပ်ဖြစ်နေတတ်သော လူငယ်တစ်ယောက် သည် မိန်းကလေးတစ်ယောက်ကို ချော့ဖို့စိတ်ဝင်စားတတ် သည်မှာ ဘယ်လောက် ရယ်မောချင်ဖွယ် ကောင်းလိုက်ပါ လိမ့်။

တွမ်သည် တကယ်တော့ မေ့အတွက် ရယ်မော ချင်နေရလောက်အောင် အလိုက်မသိတတ်သော လူလေး လည်း ဖြစ်သည်။



အခန်း . . . (၁၁)

"စိုးမိုးကို မုန်းတယ်ဟေ့"

နှင်းဆီအိုးကလေးထဲမှ မြေကို ခက်ရင်းနှင့် ဆောင့်အောင့်ဖွကာ အော်ပစ်လိုက်တော့ နှင်းဆီတန်းဟိုဘက် [illegible]န် မြက်ခင်းစိမ်းကလေးပေါ်မှာ ခုံကလေးတွေခင်းကာ ထိုင်နေသော မမမိုးနှင့် ကိုကြီးက မျက်လုံးပြူးကာ မေ့ဆီ [illegible]မ်းကြည့်သည်။

"မေ့လေး မလုပ်ချင်ရင် မမိုးလုပ်လိုက်မယ်လေ၊ စာ သွားကျက်လေ၊ စာမေးပွဲဖြေဖို့ ဘယ်နှစ်လလိုသေးလဲ"

"အဝေးကြီးလိုသေးတယ်၊ စာမေးပွဲက တစ်ရေးတောင် မနိုးသေးဘူး၊ မေ့ မကျေနပ်တာ စိုးမိုးကို"

"ဘာဖြစ်လို့လဲ မေ့လေးရဲ့"

"မေ့နဲ့သူက သူငယ်ချင်းပဲဟာ၊ ဘာလို့ အိမ်ကို လာ လည်ရမှာလဲ၊ အမျိုးလည်းမတော်ချင်ပါဘူး၊ ကိုယ်နဲ့ ကိုလေးနဲ့က မေ့ကို သူနဲ့ တွဲနောက်နေတာ ပုံးဝ မကျေနပ်ဘူး သိလား၊ သူ မမိုးဆီလာတာဆိုပြီး အကြောင်းပြလာရင်တော့ မမိုးနဲ့ကိုကြီး အိမ်ခွဲနေပဲ"

www.burmeseclassic.com

www.burmeseclassic.com



မေမိုးက ရယ်နေကာ ကိုကြီးကတော့ . . .

"အမျိုးတော်မှာပေါ့ဟ . . . မိုးနဲ့တောင် တစ်ဝမ်း ကွဲတာ . . . နင်နဲ့ဆို . . . "

"စပ်မှရတာနော် . . . လုပ်မနေနဲ့ . . . ဘာမှ အဆ အစပ် မရှိဘူး . . . လုံးဝ"

"မမိုး ပြောပါမယ် . . . ကိုစိုးကို မွေ့အိမ် မလာနဲ့ နော်"

"ဟုတ်ကဲ့ . . . "

မွေ့ ခေါင်းညိတ်ရင်း နှင်းဆီခင်းဆီ ပြန်လျှော သွားကာ နှင်းဆီအိုးကို ဆက်ကိုင်လိုက်သည်။ ကိုကြီးနဲ့မ လက်ထပ်ပြီးကြတော့ မမိုးက ကိုကြီးနဲ့အတူ အိမ်မှာ လိုက် တာမို့ စိုးမိုးက အခွင့်အရေးပုံစံနှင့် အိမ်ကို ရောက်လာတတ် ကို မွေ့ မကျေနပ်။ တွမ့်ကို အနာတရဖြစ်အောင် လုပ်ရ သော စိုးမိုးကို ဘာကြောင့်ဆိုတာပင် မမေးဖြစ်တော့ဘဲ စိုး မျက်နှာကိုမြင်ရင် မခံချင်စိတ်ဒေါသတွေက ကြွလာရ မျက်နှာချင်း သိပ်မဆိုင်ချင်။ သည်ကြားထဲ တွမ်က စိုးမိုး ကျေအေးကာ ဆက်ဆံရေး မပျက်ပြား ပုံစံနှင့် ရှိနေတာကြော မွေ့ တွမ့်ကို ဘယ်လိုမှပင် အားမရနိုင်။ တွမ်က မာနကြ မာကျောနေရင်လည်း သူ့အပြင် နှစ်ယောက် မရှိဘဲ လိုက်လျော ပျော့ပျောင်းလွန်းပြန်ရင်လည်း အားလုံးကို သည်းခံ အလျှော ပေးကာ နူးညံ့နေတတ်ပြန်သည်။ တွမ့် စိတ်ထားကလေးကို တစ်မျိုးပါပဲ။ တကယ့်ကို နားလည်ရ ခက်ခဲခဲ့ရတာ။ ဘယ်တော များမှ တွမ့်ကို နားလည်ခွင့် ရလာမည်ဆိုတာ မသိနိုင်တော့ မွေ့အပေါ်မှာတောင် တစ်ခါတစ်ရံ ကြင်နာရိပ် ကဲကဲကလေ



နှင့် နူးညံ့နေတတ်ကာ သူ့ စိတ်မတွေ့တဲ့အခါ မျက်နှာတည် ကလေးနှင့် အဲသည်လို မလုပ်သင့်ဘူးကွာ . . . အဲလို လုပ် လိုက်တော့ မွေ့မှာ ဘာဖြစ်သွားမှာပေါ့၊ ဘယ်လို ထိခိုက်သွား ဘာပေါ့ . . . ဆိုတာ မျိုးကလေးတွေနှင့် ဆုံးမ ချုပ်ချယ်ပုံ ကလေးတွေ လုပ်တတ်သေးတာပဲ။

တွမ့်ပုံစံက ဘယ်ကောင်လေးမျိုးနဲ့မှ နှိုင်းမရစွာ အထင်ကြီးစရာ ကောင်းတာရယ်၊ လေးနက်မှုရှိတာရယ်၊ တည် ကြည်ကာ ယောကျ်ား ပီသတတ်တာရယ်၊ အပြစ်သန့်စင်ကာ ကလေးတစ်ယောက်လို မြတ်နိုးဖွယ်ကောင်းနေတတ်တာရယ် စတာတွေနဲ့ မွေ့နှလုံးသားကို ချယ်လှယ်ကြိုးကိုင် အုပ်စိုးလာ ခဲ့ပြီပဲလေ။

ဘယ်လောက်ထိအောင်လည်းဆို မွေ့ကို ဖွင့် ပြောဖို့တောင် လေးနက်စွာ ချင့်ချိန်နှိုင်းဆနေပုံ . . . မွေ့ကို တန်ဖိုးမထားရာရောက်မှာ စိုးရိမ်နေပုံ . . . မွေ့ စိတ်ဆိုးမှာ ကိုလည်း ကြောင့်ကြနေပုံတွေနှင့် မာန တစ်စွန်းတလေ ရော ယှက်ကာ နှုတ်ထွက် ခက်ခဲနေသည်ပဲလေ။

မွေ့မှာလည်း မာနရှိပေမယ့် တွမ့်အတွက်တော့ ဘယ်တော့မှ မာနထားဖြစ်မည် မထင်ပါ။ တွမ် ဖွင့်ပြော လာရင်တောင် မိန်းကလေး ဣန္ဒြေသိက္ခာကို စောင့်စည်း ရမယ့် အတွက်ကြောင့် သိပ်လွတ်လပ်ပွင့်လင်းပုံကြီးနှင့် ဆင်ထင်ရှားရှားကြီး မဖြစ်စေရတောင် အချိန်ကြာရှည်စွာ မူနေဖြစ်မည် မဟုတ်တာတော့ သေချာလှသည်။ တွမ် မျှော် လင့်သွားအောင် တွမ့်အတွက် အဖြေကလေးကို ဘာမှမကြာတဲ့ ကာလအတွင်းမှာပဲ ပေးလိုက်ဖို့ ဆန္ဒရှိနေသည်လေ။ တွမ်အ

www.burmeseclassic.com

www.burmeseclassic.com



မွေ့ကို တန်ဖိုးထားကာ အချိန်နဲ့ အတိုင်းအတာနဲ့ ချင့်ချိန်ပြ လေးနက်ပြနေခဲ့တာ မဟုတ်လား။ မွေ့ကလည်း တွမ်ထားရှိ တန်ဖိုးနဲ့ကိုက်ညီစွာ တွမ့်အပေါ် လေးနက်စွာ အဖြေပေးမည် ထင်သည်။



"မွေ့ စဉ်းစားကြည့်လေ . . . မွေ့ကို တို့ချစ်နေတာ သူလည်း သိခဲ့တယ် . . . သူ အသိဆုံးပါ . . . သူ မွေ့ကို ခင်မင်ခွင့်ရအောင် ကြိုးစားခဲ့တုန်းက တို့ ဘာမှ မပြောခဲ့ဘူး . . . ရန်စတုန်းကလည်း သူပဲ မာရေ ကျောရေနဲ့ မိန်းကလေးတစ်ယောက်ကို မျက်ရည်ကျ အောင် ရန်စခဲ့ဖူး"

"တွမ့်ကို ပုတ်ခတ်မနေပါနဲ့ စိုးမိုးရာ . . . လိုရင်းသာ ပြော၊ မွေ့ကို ရန်စခဲ့ဖူးတာတွေအတွက် သူယောကျ်ား ပီပီသသ မွေ့ကို တောင်းပန်ခဲ့တာပဲ၊ မွေ့ကို နိုင်ထက်စီး နင်း အနိုင်ယူခဲ့တာမှမဟုတ်တာ၊ မွေ့ မျက်ရည်ကျခဲ့ တော့ သူ အရမ်းနောင်တရသွားခဲ့တယ်လေ . . . မွေ့ တောင် ခွင့်လွှတ်နိုင်တာ စိုးမိုးက ဝင်ပြောမနေနဲ့ တော့ပေါ့"

"တို့က မွေ့အတွက် ပြောမိတာပါ၊ ထားပါတော့ . . . သူ မွေ့နဲ့ ခင်မင်လာတယ်၊ အဲဒီနေ့တုန်းက ဘာပြော တယ်မှတ်လဲ၊ တို့ကို စိုးမိုး . . . မင်း မကျေနပ်ဖြစ်နိုင် စရာကိစ္စတစ်ခုရှိတယ်တဲ့ အဲဒီကိစ္စကို ငါမင်းတို့အား

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ငါဝန်ခံမယ် မင်း . . . မကျေနပ်ရင် ငါ့ကိုထိုးတဲ့ ငါ အဲဒီကိစ္စကို နောက်မဆုတ်တော့ဘူးတဲ့ . . . တို့က ဘာကိစ္စလဲလို့ပြောတော့ မင်းနဲ့ငါ ပြိုင်ဘက်ဖြစ်လာမယ့် ကိစ္စပဲတဲ့၊ ငါ မွေ့ကို အရမ်းချစ်တယ်တဲ့၊ မွေ့ကို ငါကြိုးစားမယ်တဲ့၊ မွေ့ စဉ်းစားကြည့် တို့က မွေ့ကို အရင်ကတည်းက ချစ်လာခဲ့တာ၊ ကိုယ့် သူငယ်ချင်း ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို သူကြိုးစားသင့်သလား . . . ဘယ်လောက်ယုတ်မာသလဲ"

"တော်တော့ . . . စိုးမိုး"

မွေ့ကို လုနေသလိုပုံစံမျိုးဖြစ်ခဲ့တာကို အစအဆုံး ဖြည်ပြနေသော စိုးမိုးကို အရမ်းစိတ်ပျက်သွားသည်။ သည်ကိစ္စကို မွေ့ဘာမှမသိခဲ့။ တွမ်က အတင်းပိတ်ခဲ့တာမို့ မွေ့ သိချင်စိတ်ကြောင့်ပဲ စိုးမိုးကို . . .

"တွမ့်ကို ဘာလို့ထိုးရတာလဲ"

ဟု မခံချင်စွာ မေးမိရုံပါ။ ဒါကို သူက တွမ့်ကို ရှုတ်ချရင်း အဖြစ် အစအဆုံးကို မွေ့ရှေ့မှာထားပြီး မွေ့နှင့်ပတ်သက်လို့ ဖြစ်ခဲ့ရတာတွေကို ချပြောနေတော့ မွေ့က ဘယ်လို မျက်နှာမျိုးနဲ့ နားထောင်နေရမှာလဲ။ လုံးဝ မပြောသင့်တဲ့စကားတို့ ပြောရက်ခဲ့သော စိုးမိုးရဲ့ စိတ်ဓာတ် နိမ့်ပါးမှုကြောင့် တွမ့် စိတ်ဓာတ်မြင့်မြတ်ခဲ့တာက ပိုမို ပေါ်လွင်လာရလေသည်။ တွမ်ဆို မွေ့ အရမ်းစိတ်ဆိုးပုံ ပြခဲ့တာတောင် မွေ့ တစ်နေ့သိရမှာပါဆိုတဲ့ စကားနှင့် ထိန်းချုပ်လို့ဝှက်ခဲ့တာ။

တွမ်ရယ် . . . တွမ်က မွေ့ကို ချစ်တယ်တဲ့လား။



"မွေ့ကို တို့ သိပ်ချစ်လို့ ဘာကိုမှ မဆင်ခြင်နိုင်တော့ဘူး၊ မွေ့ရယ် . . . တွမ့်ကိစ္စကို တို့ဘက်ကနေ ထည့်တွက်ခံစားပေးပါ၊ တို့ကို စိတ်မဆိုးပါနဲ့ မွေ့ရယ် . . . အမှန်က တွမ်ကသာ တို့ကို အမြဲအနိုင်ယူနေခဲ့တာပါ၊ တွမ့်ကို ထိုးမိတာကို မွေ့မကျေနပ်ဘူးမဟုတ်လား . . . အဲဒီလို ထိုးခဲ့ရပေမယ့် တို့ အနိုင်မရပါဘူး မွေ့၊ မွေ့ သူ့အပေါ် ပိုကြင်နာသွားပြီ မဟုတ်လား . . . နောက်ဆုံးတော့ တို့ကသာ လူမိုက်ကြီးဖြစ်ရတာပဲ၊ တို့ ခံစားချက်ကို ဘယ်သူကမှ မစာနာပေးကြဘူး"

ယောကျ်ားတန်မဲ့ မျက်ရည်ဝိုင်းကာ ပြောနေသော စိုးမိုးကို မွေ့ တစ်ချက်ငဲ့ကြည့်ကာ . . .

"စိုးမိုးကို လူမိုက်ကြီးလို့ မပြောပါဘူး . . . သူငယ်ချင်းချင်း တွမ့်ကို ထိုးခဲ့တာတော့ စိုးမိုးလွန်တာပေါ့၊ သူလည်းအသည်းနှလုံးရှိတဲ့လူတစ်ယောက်ပဲ . . . သူ့ခံစားချက်ကို သူ ဖွင့်ဟပိုင်ခွင့် အပြည့်ရှိတာပဲ၊ သူ စိုးမိုးကို ဖွင့်ပြီး ဝန်ခံတယ်ဆိုတာ အမှန်တော့ လုပ်စရာတောင် မလိုဘူး၊ ကိုယ့်ကိုယ်ပိုင် လွပ်လပ်မှု အခွင့်အရေးပဲ၊ တွမ့်မို့သာ စိုးမိုးကို ဝန်ခံခဲ့တာ ဒါ သူ သိပ်သစ္စာရှိလို့ပေါ့"

စိုးမိုးမျက်နှာ မဲ့သွားကာ မွေ့ မျက်ဝန်းတွေထဲ [illegible]စိုက်ကြည့်နေသည်။ မွေ့ကလည်း ခပ်တည်တည်နှင့် [illegible]စေ့ကာ ပြန်ကြည့်နေလိုက်တော့ မျက်နှာလွဲသွားကာ [illegible]ခြားဘက်သို့ အကြည့်ပို့သည်။ စားပွဲကို လက်ချောင်းတွေနှင့် [illegible]ခေါက်နေပုံက တစ်စုံတစ်ခုကို ကြံစည်နေပုံမို့ . . .

www.burmeseclassic.com

www.burmeseclassic.com



"တွမ်က စိုးမိုးအပေါ် အရမ်းကောင်းရှာတယ်"

သတိပေးသလို ပြောမိတော့ စိုးမိုးက နှုတ်ခမ်းကို မဲ့ကာ . . .

"မွေ့ ထင်လို့ပါ . . . ဒီကောင် တို့ကို အနိုင်ယူပေါင်း များနေပြီ . . . မွေ့ကိစ္စမှာ တို့ဘယ်လိုမှ အရှုံး မခံနိုင်ဘူး၊ တို့ မွေ့ကို သိပ်ချစ်တယ် မွေ့"

အံ့ကြိတ်ရင်းဆိုကာ မျက်ဝန်းတွေ အရောင်တောက်နေသည်။

"မွေ့ စိုးမိုးကို လုံးဝမချစ်ဘူး"

"အဲဒါ တွမ်ကြောင့်ပေါ့ . . . တွမ် ဝင်လာလို့ မွေ့ စိတ်ပြောင်းသွားတာ၊ အရင်က သူ မွေ့ကို ရန်စ,နေတုန်းက မွေ့ တို့အပေါ် မခါးသီးခဲ့ဘူး . . . သူနဲ့ခင်သွားပြီးမှ မွေ့ တို့အပေါ် ပြောင်းလဲလာတာ"

"အဲဒါက စိုးမိုးရဲ့ တစ်ဖက်သတ် အမြင်ပဲ . . . မွေ့တို့ကတော့ လုံးဝကို စိုးမိုးအပေါ် သန့်ရှင်းခဲ့တယ်၊ ဒါပဲ ဒါပဲ . . . ဆက်မပြောတော့ဘူး . . . ဟိုမှာ တွမ်လာနေပြီ"

စိုးမိုးမျက်နှာ တင်းမာသွားကာ ထိုင်ရာမှ ဆတ်ခနဲထသည်။ အနားသို့ရောက်လာသော တွမ်က စိုးမိုးကို ပြုံးပြနေတာမို့ စိုးမိုးက မအီမလည်ကြီး ပြန်ပြုံးရသောကြောင့် မဲ့ပြုံးကြီးဖြစ်နေရလေသည်။ တွမ်က စိုးမိုးပုံစံကိုသတိထားမိဟန်နှင့် နှုတ်ခမ်းကလေး စေ့ကာ ပြုံးနေ၏။ စိုးမိုးထွက်သွားရာကို မျက်လုံးကလေး မှေးကာ စိုက်ကြည့်နေရင်း . . .

"စိုးမိုးက ရေလည် ဟာသပဲ၊ ကျွန်တော့်ကို သူ နှာတင်းနေတယ် . . . မိန်းမကျနေတာပဲ စူပုပ်နေတာ"

ပြောရင်း သူ့ကျောပိုးအိတ်ကလေးကို ဖွင့်ကာ အထုပ်ကလေး ထုတ်ပေးသည်။



"ဖရုံစေ့လေ . . . ညက အပြုတ်ထိုင်ခွာခဲ့တာ . . . မွေ့က ပါးစပ်နဲ့ အစားပြတ်ရင် မနေတတ်ဘူးဆိုလို့ အချဉ်တွေစားမယ့်အစား ဖရုံစေ့စားရအောင်"

"ဟယ် . . . မွေ့ အရမ်းကြိုက်တာ"

မွေ့ ပြုံးပြုံးကလေးနှင့် လျင်မြန်စွာလှမ်းယူတော့ တွမ်က ရယ်ရင်း . . .

"ဗွန်တို့ကော"

"ဗွန်တို့ နှစ်ယောက် ဂျီအော်လော်ဂျီကင်းကို သွားကြည့်မယ်တဲ့ . . . အဲဒီနှစ်ကောင် ခုတစ်လော ဘာဖြစ်နေတယ်မသိဘူး . . . ဟိုကင်းရှာ ဒီကင်းကြည့်နဲ့ ရှုပ်နေတာပဲ"

"မွေ့ပဲ လိမ္မာတယ်နော်"

"အဟီး . . . မွေ့က မြင်ဖူးပြီးသွားလို့"

"သေပါတော့ကွာ"

တွမ်မျက်နှာမှာ အကြီးအကျယ် စိတ်ပျက်သွားပုံနှင့် . . .

"ဘာလို့ ဒီလောက်ကြိုးစားခဲ့တာလဲ မွေ့ရာ . . . တစ်လလောက် ဇရုတ်မကျဘဲ နေလို့ မရဘူးလား . . . နေပေးမလားဟင် . . . တစ်ခုခုကြေးလေ"

"မွေ့က အရမ်းဆိုးတာမှမဟုတ်ဘဲ . . . သဘာဝ ဖြစ်လေ့ဖြစ်ထရှိတာလေးတွေကို ခေတ်နဲ့အမီ လုပ်ကိုင်နေ

www.burmeseclassic.com

www.burmeseclassic.com


တာပါ . . . ပျော်ပျော်နေမှ မေ့ တော်တော်နဲ့မသေ တော့မှာ"

"တစ်မျိုးပါလား . . . မေ့ကလည်း မပျော်ရရင် ခုချက်ချင်းပဲ သေသွားမှာကျနေတာပဲ . . . မေ့က တစ်ခါတစ်ခါ ကလေးလေးလို ဇရုတ်ကျပုံကလေးတွေကိုမပြောပါဘူး . . . ခုနလို ကောင်လေးကို သွားကြည့်တယ်ဆိုတော့ အရမ်းအောက်တယ်လေ . . . ကိုယ်က မိန်းကလေးပဲ၊ ဖြစ်ချင်းဖြစ် ကိုယ့်ကိုသာ သူက လာကြည့်ရမှာပေါ့ . . . မေ့ကတော့ အပျော်သဘောနဲ့ သွားကြည့်ခဲ့တာပဲ . . . ဟိုကောင်က သူ့ကိုယ်သူ ပဏာယူပြီး လျှောက်ပြောရင် မေ့ သိက္ခာကျမယ် . . . သူကလည်း မေ့ကို အထင်မကြီးတော့ဘူးပေါ့ . . . စိတ်ဆိုးသွားပြီလား . . . ကျွန်တော်က မေ့နာမည် မထိခိုက်စေချင်လို့ ပြောတာပါ . . . ကျွန်တော် မေ့ကို သူများတွေပြောတာ မခံချင်ဘူးကွာ"

"သူများတွေက မေ့ကို တကယ်ပြောလို့လား . . . မေ့ ပြောစရာဖြစ်အောင် လွန်လွန်ကျူးကျူး ဇရုတ်မကျခဲ့ပါဘူး . . . သွားကြည့်တယ်ဆိုတာကလည်း သူမသိအောင် မသိမသာ ကြည့်တာပါ . . . မေ့က မိန်းကလေးပဲ သိတာပေါ့ . . . တွမ်ကိုမို့လို့ မေ့ ခင်လို့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြတာပါ . . . မေ့ ယောကျ်ားတိုင်းပေါ်မှာ မာနထားခဲ့ပါတယ်"

"ကျွန်တော့်အပေါ်မှာကော"

တွမ့်မျက်လုံးကလေးတွေ အရောင်လက်



တောက်ပလာကာ ကိုယ်ကလေးကိုင်းလာရင်း တိုးတိုးလျှလျှ မေးသည်။ မေ့ ကိုယ်ကလေးကို မတ်လိုက်ပြီး . . .

"တွမ် သိလျက်သားနဲ့ တမင်မေးတာ"

"ဟာဗျာ . . . တကယ်မသိတာပါ . . . ပြောပါ"

"မေ့ဘဝမှာ ယောကျ်ားလေးတစ်ယောက်ရဲ့ စကားတွေကို နာခံခဲ့ဖူးတာ တစ်ယောက်ပဲရှိတယ် . . . အဲဒီ တစ်ယောက်အတွက် မေ့မာနတွေ အားလုံး ဘေးချထားခဲ့ရတယ် . . . သူ့ကို မေ့ အားလုံးအလျှော့ပေးလိုက်လျှောခဲ့ရတယ်"

ပြောရင်း မေ့ အသံကလေးတွေ တိုးတိမ်လာသည်။ သည်လောက်ဆို နားလည်ပါတော့ တွမ်ရယ်။ မေ့ သည်ထက်ပိုပြီး ရှေ့ဆက်မပြောသင့်ဘူး။ မပြောရဲဘူး။ မေ့ တွမ့်ကို အဆုံးစွန်အခွင့်အရေးအဖြစ် ပေးခဲ့တာပါ။

"အဲဒါ ဘယ်သူလဲဟင် . . . မေ့ စိတ်မဆိုးဘူးဆိုရင် ကျွန်တော် ပြောကြည့်ရမလားဟင် . . . အဲဒါ . . . အဲဒါ ကျွန်တော့်ကို ပြောတာလားဟင်၊ ကျွန်တော့် စကားကို မေ့ နာခံခဲ့ဖူးတယ်တဲ့လားဟင် . . . မေ့"

"မသိဘူး . . . သွား . . ."

မေ့ ရှက်ရှက်နှင့် မျက်နှာရှေ့မှ လက်လေးချောင်း ကန့်လန့်ဖြတ်ကာထားကာ အော်လိုက်သည်။ မေ့ရယ် ဟူသော ရိုက်ညည်းသံမျိုးကလေးနှင့်အတူ မေ့လက်ကလေးကို သူလာကိုင်သည်။

"သိပ်ချစ်တာပဲ မေ့ရယ် . . . မေ့ကို ကိုယ်သိပ်ချစ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မွှေ့ရင်ထဲ ရှိန်းမြလိုက်ဖို့သွားကာ မြောက်ခနဲ လွင့်စဉ်သွားသလို အေးစက်သွားရသည်။ ပြီးတော့ တဒိန်းဒိန်း မြည်ခုန်သံတွေ ရင်ဘွင်း ကရစပ် တိုးပျံ့ကာ မွှေ့လက်ကလေးမှ သွေးအေးဓာတ်တွေက ရင်ထဲသို့တိုက်ရိုက်စီးဝင် စိမ့်ပျံ့ကာ ခွေးထုံလာ၏။ မျက်နှာကို ဘယ်လိုမှ မထားတတ်စွာ တစောင်းငုံ့ချထားရင်း ခုံအောက်မှ တွမ့်ခြေထောက် သန့်သန့်စင်စင်ကလေးတွေကို ငေးကြည့်နေမိသည်။

"စိတ်မဆိုးပါနဲ့ မွှေ့ရယ် . . . ကိုယ် ထိန်းချုပ်ပါသေးတယ်၊ မွှေ့ကို အရမ်းတန်ဖိုးထားပြီး လေးလေးနက်နက် ဖွင့်ပြောဖို့ စောင့်စည်းခဲ့ပါသေးတယ်၊ အခုလို ဖြုန်းစားဒိုင်းစားကြီး ဖွင့်ပြောမိတာ မွှေ့အတွက် နစ်နာခနေမလားဟင် . . . မွှေ့ သိက္ခာကို အလေးမထားသလို ဖြစ်နေပြီလား မသိဘူးကွာ"

မွှေ့ လက်ကလေးကို ဖြေလွှတ်ပေးရင်း လက်ကလေးပိုက်ကာ စိုးရိမ်ဟန်ကလေးနှင့် မေး၏။ မွှေ့ကို သိက္ခာရှိစေချင်တာ . . . တန်ဖိုးမြင့်မားစေချင်တာတွေ အကွက် တွမ့်စေတနာတွေကို တစ်ခဏအတောအတွင်းမှာပင် မွှေ့ ပြည့်ဝစွာ ယုံကြည်လိုက်မိသည်။ မွှေ့ကို ဝေဖန်ရှုတ်ချလိုစိတ် မရှိဘဲ ကောင်းစေချင်တဲ့ စေတနာကြောင့်သာ ပင်ကိုအသံမာကလေးနှင့် လုကြီးလေးလုပ်ကာ ထောက်ပြပြုပြင်စေလိုခဲ့တာ။ မွှေ့ကို လူတွေ ဝေဖန်အပြစ်ပြောမှာကို မလိုလားစွာ လူပြောကင်းကင်း နေစေလိုခဲ့တာ။ တွမ် မွှေ့ကိုသိပ်ချစ်နေခဲ့လို့ ကောင်းမွန်စေလိုခဲ့တာ . . . ပြုပြင်စေလိုခဲ့တာပေါ့နော်။

"ကိုယ် မွှေ့ကို ကားနဲ့တိုက်မိမလိုလုပ်ခဲ့မိတဲ့ နေ့ကတည်း



က စ,ချစ်သွားခဲ့တာပါ . . . ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက် မျက်ရည် ကိုယ်ကြောင့် ကျစေခဲ့မိတာအတွက် နောင်တရ ထိခိုက်မိတာနဲ့အတူ မျက်ရည်ကျနေတဲ့ မွှေ့ကလေးကို ဘယ်လိုချစ်သွားမှန်းမသိဘူး . . . မျက်လုံးဝိုင်းကလေးနဲ့ အရမ်းလန့်နေတဲ့ ပုံစံကလေးက ကိုယ့်ရင်ထဲမှာ စွဲသွားတာပဲ . . . အဲဒီနေ့ကတည်းက မွှေ့အပေါ်မှာမိုးကောင်းနဲ့ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတာတွေ ဘယ်လိုပျောက်သွားမှန်းမသိဘူး၊ မွှေ့ကို ဘယ်လိုမှ အပြစ်မတင်ရက်တော့ဘူး၊ အရင်က မွှေ့ကို လိုက်ရန်စမိခဲ့တာတွေအတွက်လည်း နောင်တရခဲ့တယ်၊ အဲဒီလောက်ကို ကိုယ် မွှေ့အပေါ် စွဲလမ်းမြတ်နိုး သွားခဲ့မိတာပါ . . . မွှေ့ ယုံလား"

မွှေ့မျက်လုံးကလေး မှေးစင်းကျသွားရကာ ခေါင်းကလေးပါ ညိတ်မိသွားရသည်။ တွမ်ရယ် . . . မွှေ့ ဘယ်လိုမှ မေ့ပျောက်လို့မရတော့လောက်အောင် ညွတ်နူးတိမ်းကျဖွယ် စကားလေးတွေ ပြောနေခဲ့တာ မွှေ့ ဘယ်လို ထိန်းချုပ်ကာနွေ့ဆည်လို့ ရတော့မှာလဲကွယ်။ တွမ် ပြောနေတာကလေးတွေကြောင့် မွှေ့ တွမ့်ကို ပိုမိုယုံမိ ပိုမိုချစ်မိတော့တာပဲ။ ဘမင် ဖမ်းစားခြင်းမျိုးလည်း မဟုတ်ပါဘဲ တွမ် မွှေ့ကို သိမ့်မှုတ်မ်းမေ့အောင် ဆွမ်းဆောင်နိုင်လိုက်တာ။

တွမ် မွှေ့ကို အရမ်းမြတ်နိုးစွဲမက်ပုံ တမင်မပြခဲ့ပေမယ့်လည်း ထင်ရှားသိမြင်နေခဲ့တာပဲလေ။ တွမ့်ဖွင့်ပြောလာတော့လည်း ယုံနိုင်စရာမရှိလောက်အောင်ပဲ တွမ့် အပေါ် ယုံကြည်စိတ်တွေ ပြင်းထန်သွားခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မွေ့ အဖြေကို ချက်ချင်းမပေးပါနဲ့ . . . ကိုယ့်ကို လေ့လာဦးနော်၊ မွေ့ မကြိုက်တာရှိရင် ကိုယ့်ကို ဖွင့်ပြော . . . ကိုယ်ပြင်မယ် . . . မွေ့ မျက်လုံးထဲမှာ ကိုယ်ဟာ လုံးဝ အပြစ်ကင်းစင်ပြီး မွေ့ ရွေးချယ်နိုင်မယ့် အရည်အချင်းတွေ ကိုယ့်မှာပြည့်ဝပြီလို့ မွေ့ယုံကြည်တဲ့နေ့မှ အဖြေပေးပါ မွေ့"

တွမ် . . . တွမ့်ဆီမှာ မွေ့မကြိုက်တာ ဘာတစ်ခုမှ ရှိနိုင်မှာမဟုတ်ပါဘူး။ မွေ့ မျက်လုံးထဲမှာ တွမ်ဟာ အစဉ်အမြဲ အပြစ်ကင်းစင်ပြီး ထာဝစဉ် ရွေးချယ်နိုင်မယ့် အရည်အချင်းတွေ ပြည့်ဝပြီးသားပဲ။ မြက်နီးမှုမှာ လေးစားအထင်ကြီးမှု ယှက်နွယ်တဲ့ ဘယ်သူနဲ့မှမတူတဲ့ အချစ်မျိုးနဲ့မှ မွေ့ တွမ့်ကို ချစ်ခဲ့မိတာပါ။

"မွေ့ စကားမပြောတော့ဘူးလား"

"မွေ့ ဘာပြောရမှာလဲ"

"ကိုယ် ဖွင့်ပြောတာ စော်နေမလား . . . မွေ့အတွက် ထိခိုက်မလား"

"ဟင့်အင်း . . . မထိခိုက်ပါဘူး၊ မွေ့နဲ့ တွမ်က ခင်မင်နေပြီပဲ၊ စောတယ်ဆိုတာ မရှိပါဘူး . . . မွေ့ . . . မွေ့ တွမ့်ကို အပြစ်မတင်ပါဘူး"

"ကိုယ့် မိသားစုအကြောင်း မွေ့ သိချင်သလား တကယ်တော့ မွေ့ကို ကိုယ်ချစ်တဲ့ကိစ္စမှာ ကိုယ်တစ်ယောက်ပဲ သက်ဆိုင်တယ်ထင်လို့ ကိုယ့်မိသားစုအကြောင်း မပြောတာပါ၊ ပြောချင်စရာလည်း မရှိလို့ပါ . . . မွေ့ နဲ့ပတ်သက်ပြီး မွေ့ အပေါ်မှာ ထားတဲ့



လေးနက်မှုတွေ . . . တွယ်တာမှုတွေကိုတော့ မွေ့ ကြိုက်သလို လေ့လာပါ . . . စမ်းသပ်ပါ"

မွေ့ကို သိက္ခာကလေးနှင့် ရှိစေချင်သော တွမ့်အတွက် မွေ့ မိန်းကလေးမာနနှင့် ထိန်းချုပ်မှုတို့ကို မနည်းဘင်းထားရ၏။ မွေ့အပေါ် လေးနက်စွာတန်ဖိုးထားပေးနေသော တွမ့်အတွက် လေးနက်စွာ တုံ့ပြန်မဖြေပေးဖို့ အချိန်ကလေး နည်းနည်းယူပြီး မှုထားရဦးမည်လေ။

သူများယောကျ်ားလေးတွေလို ချက်ချင်းကြီး ဒွတ်တရွတ် အဖြေမတောင်းဘဲ သူ့ကို လေ့လာချင့်ချိန်ပြီးမှ အဖြေပေးခိုင်းတာကိုက မွေ့အပေါ် တစ်ဖက်သတ် အပိုင်တွက်မထားတတ်တာကလေး ထင်ရှားသည်။

⚜ ⚜ ⚜

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၁၂)

"တွမ် . . . တွမ့်ကို မွေ့ မော့မော့လေး ကြည့်ချင်တယ်"

တွမ်ကလှမ်းလက်စ ခြေလှမ်းတန့်သွားကာ တအံ့တသြ ဖြစ်သွားရသည်။ မွေ့ ရယ်ချင်စိတ်ကို ထိန်းသိမ်းရင်း . . .

"တကယ်ပြောတာ . . . တွမ်က ငါးပေတစ်ဆယ့်တစ် မွေ့က ငါးပေခြောက်ဆိုတော့ ငါးလက်မကလေး ကွာတာ မော့ကြည့်လို့မရဘူး . . . မျက်လုံးလေးပဲ လှန်ကြည့်ရတာ အားမရဘူး"

"ကိုယ့်အခြေနဲ့ကိုယ် တန်သလောက်ပေါ့ မွေ့ရယ် . . . ကိုယ် ဒီအရပ်ကြီး ဒီထက်ရှည်ထွက်လာရင်လည်း မြန်မာပြည်မှာ ကြည့်မကောင်းတော့ဘူး၊ ဒီတော့ ကြည့်ချင်ရင် မွေ့သာ ဒူးကွေးပြီး မော့ကြည့်ပေါ့၊ ကဲ. . . "

မျက်ခုံးကလေးရှုံ့ရင်း ပွစိပွစိ ရေရွတ်နေပြန်သည်။

"ဒီလိုလုပ်လေ . . . တွမ်က ခြေဖျားထောက်လျှောက် မွေ့က ဒူးနည်းနည်းကွေးပြီး လျှောက်မယ်၊ လျှောက်ရင်းနဲ့ တွမ့်ကို မော့ကြည့်မယ်"

"ဒုက္ခပါပဲ မွေ့ရာ . . . လူတွေဝိုင်းကြည့်ကြမှာပေါ့ ကိုးရိုးကားရားကြီး . . . မွေ့ လူကြည့်အောင် တော်တော်လုပ်တာပဲဗျာ"



"မလုပ်ရင်လည်းနေ . . . သူများက မော့ကြည့်ရင်း သူ့ကို လေ့လာမလို့ဟာ . . . နေပေါ့"

"ဆိုင်တော့လုံးဝမဆိုင်ဘူး . . . ဒါပေမယ့် မွေ့ စိတ်ချမ်းသာမယ်ဆိုရင် ဧပေါအခေါ်ခံရလည်း မမှုတော့ပါဘူး"

ရှုံ့မဲ့စွာပြောရင်း ခြေဖျားထောက်သည်။ ပြီးတော့ရှက်သွားဟန်နှင့် နှာသီးဖျားကလေးတွေ . . . နားရွက်ကလေးတွေ ရဲတွတ်သွားရင်း ခေါင်းကုတ်ရှာသည်။ ဟိုဟိုသည်သည်လျှောက်ကြည့်ရင်း စိတ်ပျက်လက်ပျက် ပုံစံနှင့် ရှုံ့တွလာသည်။

"လုပ်လေ . . . ကဲ . . . မွေ့ဒူးနည်းနည်းကွေးလိုက်ပြီ"

"အာဟာ . . . ဗရုတ်ပဲကွာ"

"ဟား ဟား ဟား . . . "

တွမ် ဖြစ်ပျက်နေပုံကို ကြည့်ကာ မွေ့ ခါးကလေးကို လက်နှင့်ထောက်ကာ အော်ရယ်ချလိုက်သည်။ တွမ်က ခေါင်းကုတ်ရင်း . . .

"ဟာ . . . မွေ့ အရမ်းမရယ်နဲ့လေ"

"ခိ ခိ . . . အောင်မြင်သွားပြီး သိလား . . . တွမ့်ကို မွေ့တို့ စမ်းသပ်ကြည့်တာ၊ ဖွန်တို့နဲ့ တိုင်ပင်ပြီး မွေ့ အလိုကို လိုက်တယ်ဆိုရင် တွမ် မွေ့အပေါ်မှာ ကြင်နာမယ်လို့ . . . မလိုက်လျှောဘဲ တင်းခံနေရင် တွမ်နဲ့ မွေ့ကို အနိုင်ယူစိတ် . . . အရှုံးမပေးလိုစိတ် ရှိမယ်လို့"

"ထွင်ပါ . . . ထွင်ပါ . . . ကောင်းသောနည်းတွေ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... မွေ့ အလိုကိုလိုက်လား ... မလိုက်ဘူးလားပြော"

"အာ ... လိုက်တာပေါ့ ... မွေ့ကို အမြဲ အလိုလိုက်မှာပါ"

ပြောပြီး တွမ်က မမှိတ်မသုန် စိုက်ကြည့်နေသောအခါ မွေ့ နှုတ်ဆိတ် ငြိမ်ကျသွားရတော့သည်။ စက္ကန့်အနည်းငယ်မျှသော တိတ်ဆိတ်မှုသည် တွမ်နှင့်မွေ့အကြားမှ အခြေအနေတစ်ခုကို ပြောင်းလဲစေခဲ့လေသည်။

"ကိုယ် အဖြေတောင်းရင် သိပ်မြန်နေမလားဟင် အမှန်ဆို ချက်ချင်းပြော ချက်ချင်းဖြေခိုင်းဆိုတာ မဖြစ်သင့်ဘူးနော် ... ဒါပေမယ့်အချစ်ဆိုတာ ထိန်းချုပ်လို့မရဘူးဆိုတာ ကိုယ် နားလည်လာတယ်၊ မနေ့ညက တစ်ညလုံး မိုးလင်းပေါက်အထိ ကိုယ် အိပ်လို့မရဘူး၊ အရမ်း စိတ်တွေလှုပ်ရှားနေတယ်၊ မွေ့ရယ် ... ကိုယ် တကယ်ရူးပြီး ထင်တယ်"

"တွမ့်ကိုလည်း မွေ့ မြင်ကတည်းက လေ့လာနေခဲ့တာပါ"

သူလည်း မွေ့လိုပဲ ခံစားနေရတာ ဆိုတော့ ကြာရှည်လည်း မခံစားစေချင်ပါ။ အဖြေပေးလိုက်ခြင်းဖြင့် သူ့ကို ပျော်ရွှင်သွားစေလိုတာကြောင့် မွေ့ တိုးတိုးကလေး ပြောဖြစ်သည်။ မြင်ကတည်းက လေ့လာခဲ့တယ် ဆိုကတည်းက တွမ် ရိပ်မိမှာပါ။ စိတ်ဝင်တစားရှိခဲ့တာကို တွမ် သိခဲ့မှာပါ။ တွမ့်မျက်နှာကလေးက မျှော်လင့်ခြင်း အရိပ်တို့ဖြင့် လင်းလက်တောက်ပလာသည်။



"ကိုယ့်ကို ဘယ်လိုမြင်လဲဟင် ... မွေ့"

"မတ်တပ်ပဲ ပြောရမှာလား"

"ဟာ ... ဆောရီး ... ကိုယ်လောသွားတယ်၊ လူငယ် အင်းလျားလေးစခန်းဘက် သွားမလားဟင်၊ အဲဒီဘက်က နည်းနည်း အေးတယ်လေ"

"ရတယ်လေ"

"ကိုယ့်ကားနဲ့ သွားမလား ... သွားချင်လား ... နေပူတော့ လမ်းလျှောက်ရင် မကောင်းလို့လေ"

"ရတယ်လေ"

မွေ့ သူနှင့်အတူ ယှဉ်တွဲကာ ကားရပ်ထားရာဘက်သို့ လျှောက်လာတော့ အခန်းတစ်ခုထဲမှ ဖွန်တို့၏ "ဟေး" ခနဲ အသံတစ်ခု ကြားရ၏။ တွမ်က မသိပေမယ့် မွေ့က နောက်ကျောဘက်မှ လက်သီးဆုပ်ပြခဲ့လိုက်သည်။ တွမ့်ကား ပါပလစ်ကာ အဖြူကလေးပေါ် ထိုင်မိတော့ ရင်က အလိုလို ခုန်လာရလေသည်။ လက်ဖျားကလေးတွေ အေးစက်လာရတာမို့ ကား ဂီယာတံကလေးပေါ် ယောင်ကာ တင်ထားလိုက်မိ၏။ သူက မွေ့ဘက်တံခါးကို ပိတ်ပေးပြီး ကားရှေ့မှ ကွေ့ပတ်ကာ ကားတံခါးကို ဖွင့်ရင်း ဝင်လာသည်။ တွမ့်ပုံစံကလေးကလည်း စိတ်လှုပ်ရှားနေပုံကလေးနှင့် မျက်နှာကလေးရဲနေကာ ဘာစ်မျိုးလေးဖြစ်နေသည်။ တွမ် မွေ့ကို အကြာကြီးစိုက်ကြည့်နေပြီးမှ ကားကို စနှိုး၏။ ဂီယာချိန်းဖို့ ဂီယာတံကိုလာအကိုင်မှာ မွေ့လက်ကလေးကို ကိုင်မိသွားလေသည်။

"ဟာ ... မွေ့ လက်ကလေးတွေ အေးစက်နေတာပဲ"

"စိတ် ... လှုပ်ရှားနေလို့"

www.burmeseclassic.com

www.burmeseclassic.com



ထွက်မိထွက်ရာ ထွက်သွားပြီးမှ မွေ့ရှက်စိတ်ဝင်လာရတော့သည်။ သူက ရယ်ချင်ဟန်ကလေးနှင့် . . .

"ပုံစံကလေးက ဇရုတ်သုတ်ခ လောင်စိန် ပုံစံကလေးနဲ့ . . . စိတ်လှုပ်ရှားရင် လက်ဖျားအေးနေတတ်တာ ဘာအကျင့်လဲ"

လက်ကလေးကို လွှတ်မပေးတော့ဘဲ လာဆုံနယ်ပေးကာ ပြုံးစပ်စပ်ကလေးမေးသည်။ နကို မာနအသံလေးက စိတ်လှုပ်ရှားမှုကြောင့် ထင်သည်။ တုန်တုန်ကလေး ဖြစ်နေသည်။ တွမ်ရယ် . . . မင်းကို မွေ့ အပြည့်အဝ ယုံကြည်လိုက်ပါပြီ။ အင်လျှားလေးကန်ရောက်တော့ ကားပေါ်မှ မဆင်းဖြစ်ဘဲ ထိုင်နေမိကြသည်။

"မွေ့ . . . ကိုယ့်ကို ယုံလားဟင်"

ခဏကြာမှ တိုးတိုးကလေး သူမေးသည်။ မွေ့ ရေပြင်ကလေးဆီ အကြည့်ပို့ရင်း . . .

"တွမ့်ကို မွေ့ ယုံပါတယ်"

"ဟာ . . . မွေ့ရယ်"

သူ့မျက်နှာကလေး ကြည်လင်သွားကာ စတီယာရင်ကို ခပ်တင်းတင်းကလေး ဆုပ်သည်။ မွေ့ကို အတင်းလိုက်ငွကြည့်ကာ နှုတ်ခမ်းကလေးစေ့လျက် ပြုံးနေလေသည်။

"တွမ် မာနကြီးပေမယ့် စိတ်ထားမြင့်မြတ်တယ် . . . စကားပြောမာပေမယ့် ကြင်နာတတ်တယ် . . . ရုပ်တည်ပေမယ့် နူးညံ့သိမ်မွေ့တယ်ဆိုတာ မွေ့ သိခဲ့ပါတယ်"

သူ့မျက်နှာကလေးဆီ မြတ်နိုးစွာ စိုက်ငေးကြည့်



ရင်း တိုးဖွဖွ မွေ့ ပြောသည်။ သူ့ မျက်နှာမှာ အနည်းငယ် နေတတ် မထိုင်တတ်ဖြစ်နေသော်လည်း စိတ်လှုပ်ရှားနေပုံပါသည်။

"ဒီလိုဆိုရင် မွေ့ ကိုယ့်ကို . . . ကိုယ့်ကို ချစ်လားဟင်"

မွေ့ သူ့မျက်နှာကလေးကို မော့ကြည့်မိရင်း ချယ်တာမြတ်နိုးစိတ်တွေ တရိပ်ရိပ် ကဲတက်လာရသည်။ နှိုက်ကြည်မွေ့သော စိတ်တစ်ခုဖြင့် . . .

"အရမ်းချစ်တယ်"

"အို . . . မွေ့ရယ်"

သူ့ မျက်နှာကလေးမှ နင့်သီးမှုက မွေ့ထံ ကူးစက်လာကာ ခပ်ထုံထုံကလေး ဖြစ်နေရသည်။ တွမ်၏ ပြုံးပျော်သော မျက်နှာကလေးကို မွေ့ တစ်ခါမှ ထူးထူးခြားခြား မမြင်ခဲ့ဖူးပါ။

သူ အတန်ကြာ တိတ်ဆိတ်နေပြီးမှ ဟွန်းကို တီတီ ဖိနှိပ်ချပစ်ရင်း မွေ့ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ သည်အကြည့်တွေထဲ တစ်စုံတစ်ရာ ပါဝင်လာမှာ စိုးရွံ့စိတ်ဖြင့် . . .

"မွေ့ ချက်ချင်း အဖြေပေးမိတာကို တွမ် စိတ်ခုမလား"

"ဘာဆိုင်လို့ စိတ်ခုရမှာလဲ၊ ခုချင်းခု မွေ့ စိတ်ခုမှာကို ကိုယ် စိုးရိမ်တာပါ၊ ကိုယ် မွေ့ကို အလောသုံးဆယ် ပုံစံကြီးနဲ့ ချစ်ရေးဆိုသလို ဖြစ်ခဲ့တာ၊ အဲဒီနေ့က ခံစားချက်က ရုတ်တရက် ပေါက်ထွက်သွားတာ၊ ဘာရိုက်အုပ်လို့ မမီတော့ဘူး၊ မွေ့သိက္ခာကို ထိခိုက်မှာ မွေ့ကို ပေါ့တန်သလို ဖြစ်မှာကို ကိုယ် အကြောက်ဆုံးပဲ၊

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ပုံစံ အဲလို ပေါက်ခဲ့လားဟင်”

“ဟင့်အင်း . . . လုံးဝ မပေါက်ဘူး၊ အရမ်းလေးနက်နေတဲ့ ပုံပါ”

“အောက်ဆင်းချင်လား မွှေ့လေး”

“တွမ့်သဘောပဲ”

“ဒါဆိုရင် ပြန်မယ်လေ . . .၊ အတန်းတက်ကြမယ်၊ မွှေ့ စာကြိုးစားနော်၊ ဗရုတ်သိပ်မကျနဲ့၊ မွှေ့ကို ကိုယ်သိပ်ချစ်တာ မွှေ့ ယုံတယ်နော်”

“ယုံပြီးသားပါကွယ် . . . မွှေ့ကိုများ ဗရုတ်မကျနဲ့တဲ့၊ မှာပုံကလည်း”

“ဘာသဘောနဲ့မှ မဟုတ်ဘူးနော် . . . စိတ်မဆိုးနဲ့ဦး”

သူက စကားကို အမြန် ဖြတ်ပြောလိုက်သော အခါ မွှေ့ရင်ထဲ အောင့်သက်သွားမှုက ဂွမ်းတစ်စနှယ် ပေါ့ပါးလွင့်ပျောက်သွားတော့သည်။ နောက်ဆုံးတော့ တွမ်ဟာ သူ့ရဲ့ အင်အားတွေနဲ့ပဲ မွှေ့ကို နှောင်ဖွဲ့ ဖမ်းစားခဲ့တော့တာနော်။ ရဲဝံ့ရှတသော တွမ့်မျက်လုံးတွေထဲ မွှေ့ နှစ်မြုပ်ပိတ်မိလျက် ဘဝမှာ ပထမဆုံးချစ်သူဖြစ်သော သူကလေး မွှေ့ထံမှ ရုန်းထွက်သွားမှာ စိုးရိမ်နေမိတော့သည်။

“မွှေ့ကို ဘာအကြောင်းနဲ့မှ ခွဲမသွားနဲ့နော်”

ထိုနှုတ်ခမ်းကလေးမှ လှပဝံ့စားသော အပြုံးကလေးနှင့် ခေါင်းတစ်ချက် အညိတ်သည် မွှေ့အား ယုံကြည်မှုဆိုတဲ့ ကြိုးစမျှင်တွေနှင့် တုပ်နှောင်လိုက်သလို ခိုင်မြဲတင်းရင်းသွားခဲ့တော့လေသည်။

အဲသည်လောက် အားကိုးယုံကြည်ခဲ့သူပါ တွမ်။

“မြန်လိုက်တာ . . . ငမွှေ့တို့ကတော့ မြန်သလား မမေးနဲ့၊ ဒါမျိုးဆို . . .”

“နင်တို့ကလည်း ဘုတုကြီးတွေနဲ့ လာမကြည့်နဲ့လေ၊ ငါ တစ်ရက်ကြီးများတောင် စောင့်စည်းခဲ့သားပဲ . . . ခိး . . . ခိး”

“လာပြီး သွားဖြဲပြမနေနဲ့ . . . နင် တွမ့်ကိုဆို သိပ်လိုက်လျှောလွန်းအားကြီးတယ်”

“ချစ်တာကိုး . . . နောက်ပြီး တွမ့်အကြောင်းကို ငါ အကုန် သိနေတာပဲ၊ နင်တို့ပဲ တွမ်က ငါ့ကို ကြွင်နာမှာပါဆို”

“စိုးမိုးကြီးတော့ အူရင့်နွားခတ်တာနဲ့ အူပြတ်လိမ့်မယ်”

“လာပြန်ပြီ . . . အူနုကျွဲခတ်ဟဲ့”

“နုအိလေ . . . နုအိ၊ သူများသုံးပြီးသားတွေ မသုံးဘူး၊ နောက်ပြီး . . . စိုးမိုးက အူမနုဘူး၊ စိတ်ပုပ်တာတွေများပြီး အူရင့်နေတယ်၊ ကျွဲနဲ့နွားနဲ့က အတူတူပဲ . . . ဟဲ . . . ဟဲ”

“ခစ် . . . ခစ်၊ စိုးမိုးကြီး ဆွေးမှာပဲ”

မွှေ့ရဲ့ မွှေ့ရာကြီးပေါ်မှာ သုံးယောက်သား ...ပ်ကာ ကျိတ်ပြီး တွတ်တွတ် တွတ်တွတ် ဖြစ်နေကြလေ...သည်။ သည်ည မွှေ့ ဘယ်လိုမှ အိပ်ပျော်မည် မဟုတ်တာ...င့် နုအိတို့နှစ်ယောက်ကို မွှေ့ဆီမှာ လာအိပ်ခိုင်းခြင်းပါး

www.burmeseclassic.com

www.burmeseclassic.com

မကြာခဏ အိပ်နေကျမို့ သိပ် အထူးတလည် မရှိ။ မမိုးက လက်သုပ်တွေ လုပ်ပေးထားကာ အခန်းထဲ ပို့ပေးထားတာမို့ မွေ့တို့ ညစာပင် မစားဖြစ်သေးဘဲ ကျောင်းပြန်ရောက်ကတည်းက ရေမိုးချိုး အလှပြင်ကာ ခုတင်ပေါ်မှာ စုနေကြခြင်းဖြစ်သည်။ မွေ့ကတော့ တွမ့်အကြောင်းကို ဆယ်ခါထက်မနည်း ပြောပြပြီးသား။ ဒါ်တောင် မဝလင်သေး။

"တွမ်က တကယ် ထူးဆန်းတယ်နော်၊ ကွမ်ခရုစ်နဲ့ တကယ် ချွတ်စွပ်ဖြစ်နေတာ . . . ဟော်ရုံတူတဲ့ ကောင်လေးတွေ အများကြီး ရှိတာပဲ၊ သူက လုံးဝကို တူတာ၊ တွမ့်ကို အမေရိကန်က ဟိုတွမ်ခရုစ်ဆီ ပို့ပေးရင် ဟိုက တွမ်ခရုစ် ရေလည် အံ့ဩနေမှာ၊ သူ့ကို မြင်တဲ့ ကောင်မလေးတိုင်း တွမ်ခရုစ်လို့ အော်အော် သွားကြတယ်တဲ့"

"နင့် ပုစွန်ချဉ်ပဲ . . . နင် ချဉ်ခိုင်းသလောက် ချဉ်မှာ ပဲ"

နုအိက ထုံးစံအတိုင်း ငါးချဉ်ကို ပုစွန်ချဉ်လုပ်ကာ မဲ့ရွဲ့ကာ ဝေဖန်သည်။ မွေ့ အော်ရယ်လိုက်တော့ ဟိုဘက်ခန်းမှာ ချက်စ်ကစားနေသော ကိုလေးနှင့် ကိုငယ်ဆီမှ . . .

"ဟိတ် . . . တိုးတိုးရယ်ကြ၊ အာရုံပျက်တယ်"

ပြိုင်တူနီးပါး အသံတွေထွက်လာတာမို့ ဖြခနဲ ထပ်အော်ပစ်လိုက်ကြသည်။ ပွပွစိစိ အသံတွေ လွှင့်ထွက်လာကာ ကိုလေးတို့ ပြန်ငြိမ်သွားကြသည်။ ကိုလေးနှင့် ကိုငယ်က တကယ့် ချက်စ်တစ္ဆေတွေ။ ချက်စ်ကစားနေရရင် လောကကြီး တစ်ခုလုံးတောင် တိတ်ဆိတ်ခိုင်းထားချင်တာတွေ။



"ဟိတ် . . . တွမ့်အကြောင်းလေးတွေ ပြောပြကြ ဟယ်"

"ပိုမျှားကြီးကလည်း တော်ရောပေါ့၊ လက်ဖက်သုပ် လည်း ကုန်ပြီ၊ ငါတို့လည်း အိပ်ချင်ပြီ"

"ဟယ် . . . ဘယ်ဖြစ်မလဲ၊ နင်တို့ကို မအိပ်ဖို့ ခေါ်ထား တာ"

"အောင်မယ်လေးတော် . . . ကျုပ်တို့အမေကြားရင် ရင်ကွဲလိမ့်မယ်၊ အိပ်ချင်ပြီပဲ"

"မအိပ်ပါနဲ့ဟယ် . . . ငါ မမိုးကို ထပ်သုပ်ခိုင်းရမ လား"

"ဟာ . . . တော်ပြီ၊ နင်နဲ့ တွမ်နဲ့ အရမ်းလိုက်တယ်ဟ"

"ဟိုမှာ နံရံမှာ ယှဉ်ကပ်ထားတာပဲ . . . ကြည့်ပါလား၊ မိန်းမ လူချင်းလည်း တွဲတယ် . . . ပိုစတာချင်းလည်း ပေါင်းထားတယ်"

"ဟီ . . . ဟီ၊ ငါ နင်တို့ကို ပြောဖူးပါတယ်ဟ၊ တွမ် ငါ့ကို ချစ်ရေးမဆိုခင် တွမ့်ပုံတွေက ငါ့ခေါင်းရင်းမှာ ဖိဘိပုံတွေက ငါ့ခြေရင်းမှာ၊ မျက်နှာချင်း စိုက်ကြည့်နေ တာ၊ ဟဲ . . . ဟဲ အခု တွမ်က ဖွင့်ပြောလိုက်တော့ ချစ်သွားကြပြီလေ၊ တွဲချင်ရှာတာပေါ့ဟ . . . ဒါကြောင့် ပူးပေးထားတာ"

"ရှားတယ် . . . နောက်ကျရင် ဒီလိုလုပ်လေ၊ အရမ်း ချစ်သွားကြရင် နင့်ကို တွမ် နမ်းတဲ့နေ့ကျရင် အဲဒီ ပိုစတာနှစ်ခုကို မျက်နှာချင်း ကပ်ပေးလိုက်"

"ဟယ် . . . မိန်းမ ရှက်စရာကြီးနော်၊ အဟီး . . .

www.burmeseclassic.com

www.burmeseclassic.com


ငါ စိတ်ကူးထားပြီးသား"

မွေ့ တဟားဟား အော်ရယ်ပြန်တော့ တောင်းဆိုသော အသံကြီး ကိုယ်နှင့် ကိုလေးဆီမှ ထွက်လာပြန် သည်။

"မွေ့လေးစုတ်တို့ . . . ငှွန်စုတ်တို့ မအိပ်သေးဘူးလား။ ငါ မိန်းဆွစ်ချ် သွားပိတ်လိုက်ရမလား"

"ကောင်းသားပဲ . . . ကိုလေးရဲ့ ငှွန်တို့က ရယ်ရှုံရယ်တာ၊ မှောင်ထဲမှာလည်း ရယ်ဖြစ်တယ်၊ ကိုလေးတို့ မှောင်ထဲမှာ ကစားနိုင်ရင် သွားပိတ်လိုက်လေ"

"မိန်းကလေးတွေများ အကျယ်ကြီးကလည်း အော်ရယ်၊ စိတ်တွေကလည်း ပုပ်၊ မနက်ကျရင်တော့ အိုက်တင်လေးတွေနဲ့ ရှုံးပြကြပါလိမ့်မယ် . . . တကယ် အံ့ရောပဲ"

ကိုလေးက စိတ်တိုသံနှင့် ဆောင့်အောင့်ကာ ရေရွတ်ပြန်သည်။ ကိုလေး ရှုံးမဲမဲနေပြီဆိုတာ သိလိုက်တာမို့ မွေ့တို့ တဟီးဟီး တဟားဟား ဖြစ်နေကြရသည်။ ကြာတော့ ကိုလေးအသံ ပိတ်သွားလေသည်။

"တော်ပြီကွာ . . . ခမွန့်ရယ်၊ ရန်စွယ်တွေက သရဲတွေလို အော်ရယ်နေတာ ကစားရတာ စိတ်မချမ်းသာဘူး"

"ကိုယ် မတော်ပေးနဲ့ . . . ကိုလေး ရှုံးလို့ လစ်ထွက်နည်း တစ်နည်းပဲ"

ကိုလေးက မွေ့အခန်းတံခါးကို ဒုန်းခနဲ ထုချသွားကာ အပေါ်သို့ တက်သွားတော့၏။ အဲသည် ညက မွေ့တို့တွမ့် အကြောင်းတွေ ပြောရင်း ညလုံးပေါက်သွားကြရ… သည်။

♦ ♦ ♦

## အခန်း . . . (၁၃)

"မွေ့ အတန်းတွေ ခဏ ခဏ ပျက်တယ်ဆို၊ ဒီကောင်တွမ်က မွေ့ကို ဘာလို့ လာလာ ခေါ်ထုတ်သွားရတာတုန်း"

စိုးမိုးက မလိုတမာ မကျေမနပ်ပုံစံနှင့် မေးနေတာမို့ မွေ့ ရယ်ချင်သွားရသည်။ ခါးကလေးကို ကိုင်းလိုက်ရင်း . . .

"ရှင်းပါတယ် စိုးမိုးရဲ့ . . . မွေ့ဘာသာ ထွက်လို့ အတန်းပျက်တာပေါ့"

"စာမေးပွဲ နီးပြီလေ"

"မွေ့ ညတိုင်း စာကျက်တယ်၊ နုအိတို့က လက်ချာတွေ ကူးပေးတယ်၊ ကျူတိုရီရယ် မှန်မှန်ဖြေတယ်၊ ပရက်တီကယ် မှန်မှန်လုပ်တယ်၊ မွေ့ပဲ စာမေးပွဲကျဖို့ စိတ်ကူးထဲမှာ ဘယ်တော့မှ မရှိဘူး"

"တို့ စေတနာနဲ့ ပြောတာပါ . . . မွေ့အတွက်"

"ရတယ် . . . ရတယ်၊ နုအိတို့ ပရက်တီကယ် ဒီနေ့ ရှိတယ်ဆို သွားမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



မွေ့ စကားဖြတ်ဟာ ထွက်ခဲ့တော့ စိုးမိုး မျက်နှာပျက်စွာ ကျန်ရစ်သည်။ စိုးမိုး မွေ့အပေါ် တကယ် စေတနာထားရှာတာတော့ အမှန်ပင်။ မွေ့ စာအုပ်တွေထဲမှာ မွေ့လက်ရေးနဲ့ တစ်ထပ်တည်းတူအောင် သူမှိုပင် ကြိုးပမ်းတစားကူးပေးတတ်တာ။ တစ်ခါတစ်ရံ ရိုးလ်ရှိ(သ်) ပေးတတ်သောဆရာမနှင့် ကြုံလျှင် မွေ့အစား သူကပင် လက်မှတ်တုကိုတစ်ထပ်တည်းတူအောင် ထိုးပေးလေ့ရှိတတ်သည်။ စိုးမိုးကိုအတုဝိဇ္ဇာဟု မွေ့ နောက်ခဲ့ရင်းကပင် ကျေးဇူးလည်း တင်ခဲ့မိတာပါ။ ဘယ်သူ့လက်ရေးမဆို ဘယ်သူ့လက်မှတ်မဆို တစ်ထပ်တည်း ချွတ်စွတ် ရေးတတ်၊ ထိုးတတ်သော စိုးမိုး၏ထူးခြားသော အတတ်ပညာကို အံ့သြမိပေမယ့် မိန်းမဆန်ခြင်းစရိုက်စိတ်ထားကို လုံးဝ အထင်မကြီးခဲ့တာမို့ စိုးမိုးကို သိပ်ပြီးအသိအမှတ် မပြုမိခဲ့။ စိုးမိုး စေတနာတွေကို မသိချင်ယောင်ဆောင်ထားပစ်လိုက်သည်။ စိုးမိုးကတော့ တစ်ခါတစ်ရံနုအိတို့၊ ဇွန်တို့ လက်မှတ်တွေပါ ခိုးထိုးပေးတတ်သေးသည်။ မွေ့ကို အသည်းအသန် ချစ်မနေရင်တော့ စိုမိုးက အလွန်မှပေါင်းလို့သင်းလို့ကောင်းသော သူငယ်ချင်းတစ်ယောက်ပါပဲ။

"ဟော့ . . . ဟော့၊ စိုးမိုးကြီး စိတ်ကောက်ကျန်ခဲ့တယ်"

အကောင်ကလေးကို ခွဲနေရင်း နုအိက တိုးတိုးပြောသည်။ မွေ့ ခပ်ပြုံးပြုံး လုပ်ထားရင်း အကောင်ကလေးဆီမှာ စိတ်ဝင်စားမှု ပို့ထားလိုက်သည်။

"မွေ့ စာကြိုးစားနော်၊ စာမေးပွဲတွေ အောင်ပြီး ဘွဲ့ရမှကိုယ်တို့ နီးရမှာ"

ဟူသော တွမ်စကားကို မွေ့ အပြည့်အဝ နား



…င်မိသည်လေ။ အခုမှ ပထမနှစ်ရှိသေးပေမယ့် နောက်…းနှစ်တာ ကာလမှာ တစ်တန်းမှ မကျစေရဘဲ မွေ့ ကြိုးစား…ပါ။ ဒါမှ မွေ့ဘို့ အမြန်နီးရမှာပေါ့နော်။ တွမ့်ဆီက အကြြင်…များစွာကို မျှော်လင့်ခြင်းကြီးစွာနဲ့ မျှော်လင့်ခဲ့မိပြီး ပြီးပြည့်… ပျော်ရွှင်သော ဘဝကလေး တည်ဆောက်ဖို့ စိတ်ကူးယဉ်…လေးတွေနဲ့ မွေ့ ရူးပြီလား မသိဘူး တွမ်။

"နင်နဲ့ တွမ် ချစ်နေကြတာကို စိုးမိုး သိပုံ မရသေးဘူး၊ သိရင် စိုးမိုး ဆွေ့ဆွေ့ခုန်မှာပဲ"

မွေ့နဲ့ နုအိက အတူတူ လုပ်ကြတာမို့ တတွတ်…တ်နှင့် စကားပြောနိုင်သည်။ နုအိ လာပြောနေတာကို နား…ထောင်ရင်း စိုးမိုးကိုတော့ အားနာ သနားမိသည်။ စိုးမိုးပုံစံကအခွဲအလမ်းကြီးကြီး၊ မျှော်လင့်ချက် ကြီးကြီးနှင့် အသည်းအသန် ဖြစ်နေတာမို့ စိုးမိုး တော်တော်တော့ ထိမှာပဲ။ တွမ့်ကို…န်သွားမရှာရင်တော့ ညင်သာစွာ ဖျောင်းဖျရမည်။ စိုးမိုးအပေါ် တင်းမာလိုစိတ်တော့ မရှိဘဲ စိတ်မကောင်းတော့ ဖြစ်ရသည်။ စိုးမိုးနှင့် ခင်မင်ပေါင်းသင်းလာခဲ့တာ ငါးလ ခြောက်လ…လေ။ မွေ့ လိုအပ်တာတွေအတွက် အကူအညီ ပေးခဲ့တာမို့…ငယ်ချင်း တစ်ယောက်ပမာတော့ သံယောဇဉ် ရှိမိသည်။…ပြီးတော့ သူ့ အစ်မဝမ်းကွဲနဲ့ မွေ့အစ်ကိုနဲ့က ယူထားကြတော့…မိုးကို ဟင်းမာလို့တော့ ကောင်းမှာမဟုတ်။ သူ နားလည်…အောင် ရှင်းပြပြီး နောက်ဆုတ်ခိုင်းရမှာပဲ။

"တွမ်လည်း စိုးမိုးကို မျက်နှာပူတဲ့ပုံပဲ . . . ငါပဲ ရှင်းလင်း ရမှာပါပဲ"

"စိုးမိုးပုံစံက ဘယ်နည်းနဲ့မှတော့ အလွယ်တကူ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်မှာ မဟုတ်ဘူး၊ နင့်ကို အရမ်း မျှော်မှန်းထားတာ

"တွမ်းကို ရန်မလုပ်အောင် ငါ သူ့ကို သတိပေးမှာပေ သူ လုပ်တိုင်းလည်း တွမ်က ငြိမ်နေမှာမှ မဟုတ်တာ ဒါပေမယ့် သူတို့နှစ်ယောက် ဘာမှ မဖြစ်စေချင်ဘူး ကွာ"

မွေ့ကြောင့်ဆိုတဲ့ နာမည်ကြီးနဲ့ ကောင်လေးနှ ယောက် ရန်ဖြစ်ကြတယ် ဆိုတာကြီးကို မဖြစ်စေလို သည်ထက် ပိုမိုတာကတော့ တွမ့်ကို တစ်စုံတစ်ခု ထိခို နာကျင်တာမျိုး မရှိစေလိုပါ။ တွမ့်စိတ်ထဲမှာ အစဉ်အမြဲ အနှောင့်အယှက် ကင်းကင်းနဲ့ လွတ်လပ်ပျော်ရွှင်နေစေလိုတာ မွေ့ရဲ့ အပြင်းပြဆုံး မေတ္တာတရားပါ တွမ်ရယ်။

* * *



ကံကောင်းချင်တော့ မွေ့တို့ ပထမနှစ် စာမေးပွဲ တွေ နီးလာပြီမို့ တွမ်ရော မွေ့ပါ ကုန်းရုန်း ကြိုးစားနေရတာမို့ သိပ် မတွေ့ဖြစ်ကြတော့ စိုးမိုး မရိပ်မိသေး။ တွမ်ကလည်း သူ့စာတွေနှင့် လုံးပန်းနေရတာမို့ တစ်နေ့ တစ်ခေါက်လောက် ပဲ လာနိုင်ကာ စကား နည်းနည်းပါးပါးပဲ ပြောဆိုပြီး အတန်း မှန်အောင် ပြန်သွားတက်တာများသည်။ တွမ်ရော မွေ့ပါ ရည်မှန်းချက်ကလေးတွေ ထားခဲ့သော ချစ်သူတွေမို့ ချစ်စကား ဆိုနိုင်ဖို့ထက် စာမေးပွဲအောင်ဖို့က အဓိက ဖြစ်နေ၏။ တွမ်က တက်ကြွလွန်းကာ အပြတ် သွန်နေပြီမို့ မျက်ကွင်းကလေးတွေ ပင် ချိုင့်ကာ မေးရိုးကလေး ပြေသွယ်ကျလာသည်။

"တွမ် . . . အိပ်ပျက်တွေ အရမ်းမခံနဲ့နော်၊ ဖျားမယ်"

"ကိုယ်က ယောကျ်ားလေးဆိုတော့ အရေးမကြီးဘူး၊ မွေ့လေးက အရေးကြီးတာ၊ အခုကတည်းက အားဆေး မှန်မှန် သောက်ထားတော့နော်၊ ကိုယ် ယူလာရမလား"

"ရှိတယ် . . . တွမ်ရဲ့၊ မွေ့ သောက်ပါတယ်၊ စာမေးပွဲ နီးလေ အဆီအဆိမ့်တွေ အပြတ်စားလို့ မွေ့ ဝတောင် လာသလား မသိဘူး၊ တွမ်က ပိန်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



တွမ့် မေးရိုးကလေးကို လက်ကလေးနှင့် ကိုင်ကြည့်ကာ မွေ့ပြောတော့ သူက ကြည်နူးဟန်ကလေးနှင့် မွေ့ကို ပြုံးကာ စိုက်ကြည့်နေသည်။

"မွေ့ . . . စာတွေရပြီလား၊ ကိုယ် ကူကျက်ပေးရဦးမလား"

"ရပါတယ် တွမ်ရယ်၊ မွေ့ ပိုင်ပါတယ်၊ သိတယ်ဟုတ်"

တွမ့်ကို မျက်လုံးကလေး မှေးစင်းထားကာ မိန့်မိန့်ကလေး ပြောလိုက်တော့ တွမ်က နှုတ်ခမ်းကလေးကိုကာ ပြုံးရင်း မွေ့ခေါင်းကို သူ့လက်နှင့် လာရောက်အုပ်ကိုင်ကာ ချစ်စနိုးဖြစ်နေပုံကလေးနှင့် စိုက်ကြည့်နေသည်။ မှတ်မှတ်ရရ မွေ့ ပါးပြင်ကို တွမ် တစ်ခါပဲ နမ်းခဲ့ဖူးသည်။ နောက်ပိုင်းမှာ မြတ်နိုးကြင်နာရိပ်ကလေးနှင့် နူးနူးညံ့ညံ့ ရှိနေတတ်တာက လွဲလို့ တွမ် မွေ့အပေါ် သန့်ရှင်းလွန်းလှသည်။ မွေ့အတွက် လုပ်စရာ ကိုင်စရာကလေးတွေ မျှဝေ လုပ်ပေးခြင်းအားဖြင့် တွမ်က သူ့အချစ်ကို ပြသတတ်သည်။ တစ်ခါတစ်ရံ သိပ်ချစ်လာလျှင်တော့ ဆံပင်ကလေးတွေဖွ . . . ခေါင်းကလေးကို အုပ်ကိုင်ကာ လှုပ်ယမ်း . . . နှာခေါင်းဖျားကလေးကို လက်ကလေးနှင့်လာကိုင် . . . ပါးကလေးကိုဆွဲ။ ဒါမျိုးကလေးတွေကို မချင့်မရဲ ပုံစံနှင့် လုပ်ပြတတ်သည်။ တွမ်တို့ ထိန်းသိမ်းတတ်ပုံက ချစ်တယ်ဆိုတာကလေးတောင် ခဏ ခဏ မပြောကြာလျှင် ရိုးသွားမှာ စိုးလို့တဲ့။ တွမ့်ကို ဘယ်တော့မှ မရိုးသော ချစ်ခြင်းနှင့် ထာဝရ ချစ်နေမယ့် မွေ့ကို တွမ် ယုံလည်း ယုံကြည် လျက်သားနှင့် ကြံဖန် ချင့်ချိန် တွက်ဆနေတတ်သော တွမ်ပင်။



"ကျောင်းပိတ်သွားရင် စာရေးမယ်နော်၊ အပြင်မှာတွေ့ဖို့ ခက်သွားရင် ကိုယ်တော့ အရမ်းလွမ်းမှာပဲကွာ"

"မွေ့ ခဏ ခဏ အပြင်ထွက်လာမှာပေါ့၊ တွမ်လည်း မွေ့အိမ်ကို လာလည်ပေါ့"

"ဟာ . . . ရပ့ါမလား၊ မွေ့မိဘတွေက တစ်မျိုးထင်မှာပေါ့၊ နောက် မွေ့မှာလည်း အစ်ကိုတွေက အများကြီး၊ ကိုယ့်ကို ဝိုင်းနှိပ်မှာပေါ့ . . . အိမ်အထိတောင် လိုက်လာသလားဆိုပြီး"

"ခစ် ခစ် . . . ဟုတ်ပ၊ ကိုကြီးတို့က မွေ့ကို ကလေးပဲ မှတ်နေသေးတာ၊ သူတို့က သဝန်တိုတတ်တယ်"

"ကိုယ့်အိမ်ကိုတော့ မွေ့ကို တမင် မခေါ်တာနော်၊ ကိုယ်တို့က သားအဖ နှစ်ယောက်တည်း၊ နောက်ပြီး ယောကျ်ားလေးအိမ်ကို မိန်းကလေးက လာရတယ်ဆိုတော့ ကိုယ်လည်း မကောင်းဘူး . . . မွေ့လေးကိုလည်း ထိခိုက်မှာ၊ နားလည်တယ်နော် မွေ့"

"အင်း အင်း . . . နားလည်တယ်၊ ကျေးဇူးပဲ တွမ်ရယ်၊ မွေ့က ချစ်ဖို့ပဲ တတ်တာ၊ တွမ့်လို မချင့်ချိန်တတ်ဘူးလေ"

"ကိုယ့်ချစ်သူလေးက ကလေးလေးပဲ"

"အံမယ် . . . အသက်ကဖြင့် အတူတူလိုဟာကြီး၊ ဒါပေမယ့် ကောင်းပါတယ် . . . တွမ်က လူကြီးလေးဒီဂိုင်းချိုးထားတော့ တွမ့် အားကိုးလို့ ရတာပေါ့၊ ဒီလိုလည်း ရတယ်၊ ကြီးရင်မှီတဲ့"

မွေ့က သူ့လက်မောင်းမှာ ကိုယ်ကလေးကပ်ကာ

www.burmeseclassic.com

www.burmeseclassic.com


မှီလိုက်တော့ မွေ့ကလေးရာဟု သူ ရေရွတ်ရင်း မွေ့ ကလေးတွေကို ညင်သာစွာ ပွတ်ပေးနေလေသည်။ ကျော မှ ဆံပင်ရှည်ကလေးတွေကို ဆွဲယူရင်း သူက အမြတ် ပုံစံကလေးနှင့် နမ်းရှိုက်၏။

သည်လိုမျိုး ကြင်နာသုယတတ်တဲ့ . . . တဲ့ တွမ်လေးဟာ မွေ့နှလုံးသားကို ခြေမွပြိုကွဲစေလိမ့်မယ် မွေ့ ဘယ်တုန်းကမှ ရိုးရိပ်ရိပ်တောင် မတွေးတောခဲ့မိပါ မွေ့ဘဝကလေး ထာဝရ ရှင်သန်လန်းဆတ်လိမ့်မယ်လို့ပဲ လင့်ပျော်ရွှင်ခဲ့ရတာပါ။ တွမ့်ရဲ့ ကြင်နာတဲ့ လက်ကလေး မွေ့နှလုံးသားကို ဆွဲထုတ် ယူငင်သွားလိမ့်မယ်ဆိုတာ ဘယ် မှ ထင်ရက်စရာ မရှိခဲ့ပါလား တွမ်ရယ်။ မွေ့ ဘာကိုမှ မ စွာ အတိုင်းဆမဲ့ ညွှတ်နူးပျော်ရွှင်ရဲ့ရတာပါ။

♠ ♠ ♠

စာမေးပွဲနေ့ကို ရောက်လာတော့ မွေ့တို့ ရင်ခုန် သည်။ တွမ်က သူ့ဘာသာ ဖြေပြီးတိုင်း မွေ့ ဖြေရသော အခန်းရှေ့ ရောက်လာကာ စာကျက်ရင်း မွေ့ကို စောင့်ကြည့် တတ်သည်။ စာမေးပွဲခန်းထဲမှ မွေ့ထွက်လာတိုင်း အပြုံး ကလေးနှင့် မျှော်တလင့်လင့် ရှိတတ်သည်။ မွေ့က . . .

"ဖြေနိုင်တယ်တော့် တွမ်ရဲ့ . . . တွမ်ကော"

ဟု မေးလျှင် . . .

"ကိုယ် မဖြေနိုင်လို့ ဘယ်ဖြစ်မလဲ . . . သိတယ် မဟုတ်လား"

ဟု မျက်ရစ်ဖုကလေးပေါ်အောင် မျက်ဝန်း ကလေး မှေးစင်းရင်း ထေ့ထေ့ကလေး ဆိုတတ်သည်။ မွေ့တို့ အားလုံး စုရပ်အဖြစ် ကဲင်တင်းထဲမှ အအေးဆိုင်မှာ သတ်မှတ် ထားကာ ဆုံလိုက်ကြတိုင်း စိုးမိုးက မွေ့အတွက် ပျာယီးပျာယာ နှင့် ရှိတတ်ကာ ဟိုစာတွေလာပြ . . . သည်စာတွေ ရှင်းပြ နှင့် လုပ်တတ်သည်။ စာမေးပွဲခန်းထဲမှ ထွက်ပြီး တစ်ခါ ဆုံပြန် တော့လည်း . . .

"ဖြေနိုင်တယ်မဟုတ်လား . . . ဟိုအပုဒ် ထိတယ်လေ၊ တို့ ရှင်းပြတဲ့အပုဒ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဂုဏ်တယူယူ ပြောတတ်သေးသည်။ ဖွန်
နအိတောင် အလျင်ကလို မဟုတ်တော့ဘဲ စိုးမိုးကို ကရုဏာ
သက်ပုံနှင့် ရှိနေကြသည်။ စိုးမိုးက တကယ့်ကို စွဲစွဲလမ်းလ
နက်နက်ရှိုင်းရှိုင်း ပုံစံနှင့် ရုတ်တရက် ခွဲခွာဖို့ပင် မလွယ်ကူ
ပုံစံ ရှိနေ၏။ စိုးမိုး လက်လျှော့နောက်ဆုတ်သွားအော
အတော်ကြီးကို ကြိုးစားရမည့်ပုံစံပင်။ တွမ်ကတော့ စိုးမိုးန
ပတ်သက်၍ ဘာတစ်ခွန်းမှ ဖွင့်မပြောပေမယ့် စိုးမိုးအတွ
ထည့်တွက်စိုးရိမ်နေပုံတော့ ရသည်။ စိုးမိုး အရမ်းပင် ပေါက်
နိုင်သည့် ကိစ္စမို့ စိုးမိုး ခံစားရမှာကို စာနာမိပုံရသည်။ မေ
ကတော့ စိုးမိုးကို သံယောဇဉ်ပြတ်စေချင်သည်။ ပြတ်ပြ
တောက်တောက်ကြီး လုပ်ရမှာလည်း မမိုးကို မျက်နှာပူတ
ရယ် . . . သူ့ကို အားနာတာရယ်ကြောင့် မွေ့မှာလည်း အက
တွေ့နေရ၏။

"စာမေးပွဲ နောက်ဆုံးနေ့ကျရင် ရုပ်ရှင်ကြည့်မယ် . . .
ဟိုတယ်လ်တက်မယ် . . . ပန်းခြံတွေ လျှောက်ပ
မယ်"

စာမေးပွဲ စ,စချင်းနေ့ကတည်းက ကြုံးဝါးထာ
သော မွေ့က စာမေးပွဲ နောက်ဆုံးနေ့မှာ ခုန်ဆွခုန်ဆွကဗ
ဖြစ်နေရသည်။ တွမ်က မွေ့ပုံကလေးကို ပြုံးကာ စိုက်ကြည့်
တော့ စိုးမိုးက "ဟမ်း . . . ဟမ်း" ဟု ချောင်းဆိုးသံပြ
တမင်ပြုကာ အူတိုနေလေသည်။ စိုးမိုးပခုံးကို ခပ်ဖွဖွထိုး
တွမ် ပြုံးတော့ စိုးမိုးက ရယ်သည်။ ဘာမှ မသိသေးတာ ကြော
ရယ်နေနိုင်တာမို့ စိုးမိုးရယ်ပုံက ရှင်းလင်းနေ၏။ မကြာခင်
စိုးမိုး ကြေကွဲ ပေါက်ကွဲ ဖြစ်ရတော့မှာကို အားလုံးက ဝိုင်း



းနာ ပူပန်နေကြသည်။ စိုးမိုးက မွေ့ကို ရွှန်းလက်စွာ
ကြာခဏ လာစိုက်ကြည့်ရင်း စိတ်လှုပ်ရှားနေပုံ ရ၏။

"ကဲ ကဲ . . . စိုးမိုး ကားရယ်၊ တွမ့် ကားရယ် နှစ်စီးရှိ
တယ်၊ မွေ့တို့ မိန်းကလေးသုံးယောက် မခွဲလိုက်မယ်
လေ"

မဲလိပ်လုပ်ကာနှိုက်တော့ တမင် ကြံစည်ထား
သော မွေ့ အကြံကြောင့် မွေ့က တွမ့်ကားဆီ ရောက်ကာ
နှင့် ဖွန်က စိုးမိုးကားဆီ ပါတာမို့ စိုးမိုးက မကြည်လင်
သွားရသည်။

"ဘယ်ကားနဲ့ သွားသွားကွာ . . . ရောက်ဖို့ အဓိကပဲ
ဟာ၊ သမ္မတမှာ ဆုံမယ်၊ လက်မှတ်က ရပါ့မလား၊
နေ့လယ်ပွဲ မရရင် နောက်ပွဲ ဆက်စောင့်တာပေါ့၊ ဒါမှ
မဟုတ်ရင် ဘလက်ခ်က ဝယ်လိုက်မယ်"

"မှောင်ခိုအားပေး တို့မတွေး"

ဖွန်က လက်ညှိုးကလေးထောင်ကာ အော်သည်။
ရယ်လိုက်ရင်း . . .

"ဒီစီအကုန် မှောင်ခိုဆီပုံ . . . မယူမဖြစ် ဖျစ်ညှစ်
ကြည့် . . . ခစ် ခစ်"

မွေ့စကားကို ဝိုင်းရယ်ကြရင်း ကားပေါ်
တက်ရ၏။ တွမ်က အားပါးတရ ရယ်မောကာ . . .

"ဇရုတ်ဉာဏ်ကတော့ ဘယ်အချိန်မဆို ထွက်တယ်"

ဟု မြတ်နိုးစနိုးကလေးနှင့် ပြော၏။ ကားပေါ်
တက်တော့ မွေ့က ဘီးကလေးကို ထုတ်ကာ ဆံပင်ကို ပုံသွင်း
ဆိုက်ပြီး ကားမောင်းနေသော တွမ့်ကိုပါ လှမ်းဖြီးပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမတော့ တွမ်က အရမ်း ကျေနပ်ကြည်နူးသွားဟန်ကလေးနှင့် မွေ့ကို လှည့်ကြည့်သော မျက်ဝန်းကလေးတွေ တောက်ပလာကာ ခဏအကြာမှာ အနည်းငယ် ရီဝေစွာ . . .

"ကိုယ့်ကို ဘယ်သူမှ ဒီလို ခေါ်င်းမဖြီးပေးဘူး"

ဟု တိုးသက်စွာ ပြောသည်။ သူ့မေမေကို သူ သတိရရှာမှာပဲဟု ကြင်နာစာနာစိတ်တွေ ရင်ခွင်ထဲ တိုးဝင်လာ၏။ တွမ့်ဖေဖေနဲ့ မေမေနဲ့က တွမ် ငယ်စဉ်ကတည်းက ကွဲသွားကြတာတဲ့။

"တွမ်ရေ . . . ဗိုလ်ချုပ်ဈေးကို အရင်မောင်း၊ မွေ့နဲ့ တွမ် အမှတ်တရ တစ်ခုခု ဝယ်ရအောင်"

တွမ် စိတ်ပြောင်းသွားအောင် မွေ့က ပြောလိုက်တော့ တွမ်က မျက်နှာကိုပြင်ကာ ပြုံးရင်း ခေါင်းညိတ်ပြသည်။

"တွမ် စိတ်ဆင်းရဲရင် မွေ့လည်း စိတ်မကောင်းဘူး။ တွမ် အမြဲပျော်နေပါတယ်နော်"

"ဆောရီးကွာ . . . အင်း အင်း . . . မွေ့လေးပျော်အောင် ကိုယ် အမြဲ ပျော်ပျော်နေမယ်နော်၊ နေဦး . . . မွေ့ အမြဲပျော်နေအောင်"

တွမ်က ကားကို ရွှေဘုံသာလမ်းထဲမှာ ရပ်လိုက်ကာ ကားပေါ်မှ ဆင်းသည်။ မွေ့ ကြောင်တောင်တောင်ကလေးနှင့် ကားပေါ်မှဆင်းတော့ တွမ်က မွေ့ လက်ကလေးကို ဆွဲကာ အရုပ်ဆိုင်ထဲဝင်၏။

"တွမ်နော် . . . မွေ့ ကလေးမှ မဟုတ်တာ"

"ဩော် . . . နေပါဦး၊ ကိုယ်လုပ်တာကို စောင့်ကြည့်ဦး"



တွမ်က အရုပ်တွေကို တစ်ခုချင်း လျှောက်ကြည့်ခလုတ်နှိပ်လိုက်လျှင် ရယ်သံကလေးထွက်လာသောချပ် လှလှကလေးနှင့် ပါးစပ်ကလေးဖြဲကာ အားပါးတရနေသော ယုန်ရုပ်ကြီးကို ဝယ်ကာ မွေ့ကိုပေး၏။

"မွေ့လေးက အမြဲတမ်း ရယ်နေတတ်တော့ ကိုယ့်ကိုယ်စား မွေ့နဲ့အတူ လိုက်ရယ်ပေးမယ့် အဖော်တွေလေ"

ပြုံးစိစိကလေးပြောတော့ မွေ့ ပျော်ရွှင်သွားရတဟီးဟီးနှင့် ရယ်လျက် ခြေလှမ်းကလေးတွေကက်ကြွ မြောက်ကြွ ဖြစ်လာရသည်။ တွမ့် လက်မောင်းကိုကာ တစ်ဖက်က အရုပ်တွေပိုက်ရင်း ရယ်နေသော မွေ့ကိုချို့က ဝိုင်းကြည့်ကာ သဘောကျ အံ့သြနေကြတာမို့ မွေ့လေး မတ်ကော့မတ်ကော့လေး ဖြစ်လာ၏။ ကားကိုသာလမ်းမှာပဲ ထားခဲ့ကာ ဗိုလ်ချုပ်ဈေးထဲ ဆက်ဝင်ကြသည်။

"တွမ်ကလေး . . . ပျော်လား"

"ဟား . . . ဖား တွမ်ကလေးတဲ့၊ မွေ့ကြီးက ပြောတယ်"

တွမ်က သဘောတကျနှင့် ဝေဖန်ကာ မွေ့ဆံပင်းကို ဖွပစ်လိုက်သည်။

"တွမ့်အတွက် ဘာဝယ်ပေးရမလဲ"

မွေ့က ဟိုကြည့်သည်ကြည့်နှင့် စဉ်းစားရင်းဘီပွပွတွေ အမြဲဝတ်တတ်သော တွမ့်ကို ပုဆိုးဝတ်စေမို့ ပုဆိုးဆိုင်ထဲ ဝင်လိုက်သည်။ ပိုး ယောပုဆိုးညိုညိုဈေးမေးတော့ မွေ့မှာရှိတဲ့ငွေနှင့် နှိုင်းလောက်

www.burmeseclassic.com

www.burmeseclassic.com



လိုနေသည်။

"တွမ် . . . မွေ့ကို နှစ်ရာ ခဏချေး"

တွမ့်ဘက်လှည့်ကာ ပြောတော့ တွမ်က ရ-
ရင်း . . .

"အပိုင်ယူလိုက်ပါလား . . . ချေးရတယ်လို့ပဲ"

"ဟင့်အင်း . . . မွေ့က မွေ့ပိုက်ဆံနဲ့ ဝယ်ချင်တာ
ချေးမှ"

မျက်ခုံးကလေးပင့်ရင်း ထွင်ပြန်ပြီဟု သူပြော
ရင်း ပိုက်ဆံထုတ်ပေးသည်။ မွေ့ ဝမ်းပန်းတသာနှင့် ငွေချေ
ကာ ဝယ်လိုက်ရင်း ပုဆိုးထုပ်ကလေး တွမ့်ကို ပေးလိုက်တာ
မျက်နှာလေးက ချိုရွှင်နေရသည်။ စပို့ရှပ် ပွပွကြီးတွေနှင့်
ထဘီကလေး တွေသာ အဝတ်များသော မွေ့အတွက် သူက
ခါးပွပွ တိုတို အင်္ကျီလက်ရှည် ဖြူဖြူကလေး ဝယ်ပေးလေ
သည်။

"မွေ့နဲ့ အရမ်းလိုက်မှာ"

ဟု ကျေကျေနပ်နပ်ကလေး သူပြောတော့ သိပ်
ဝတ်လေ့မရှိပေမယ့် တွမ့်ကို ဝတ်ပြဖို့ မွေ့ စိတ်ကူးထားလိုက်
သည်။ သူ့လက်ကို တွဲခိုကာ ကားဆီပြန်လာရင်း မွေ့ မျက်နှာ
ကလေး ကြည်နူးမှုဖြင့် လက်လက်ပပ ရှိနေရလေသည်။

♠ ♠ ♠



"ဟော့ကောင် . . . ကြာလှချေလား"

စိုးမိုးက မျက်နှာတစ်ခုလုံး မှုန်ကုပ်ကာ တွမ့်ကို
ဆီးပြော၏။ တွမ်က ဆံပင်တွေကို သပ်တင်လိုက်ရင်း . . .

"အေး . . . ကြာသွားတယ်နော်"

"မင်းဘိုးအေကြီး . . . ဘာလို့ ကြာတာလဲ"

"ကြာပါတယ်ဆိုမှ ကြာလို့ပေါ့ကွ . . . မင်းကလည်း"

တွမ် အူကြောင်ကြောင် လုပ်နေပုံကြောင့် မွေ့
ရယ်မောလိုက်ရင်း . . .

"ဗိုလ်ချုပ်ဈေးဝင်နေလို့ စိုးမိုးရဲ့"

"တို့ကိုတော့ အသိမပေးဘူး . . . အတူတူ သွားမှာ
ပေါ့"

"စိုးမိုးကလည်း . . . ကဲပါ အခု လက်မှတ်ရလား၊
ရရင်ကြည့် . . . မရရင် မြကန်သာဖြစ်ဖြစ်သွား"

"အင်းလေ . . . ကောင်းသားပဲ"

မွေ့တို့ ဖိုးစိန်လမ်းတွင်းမှ မြကန်သာဟိုတယ်
သို့ ပြန်မောင်းကြ၏။ မွေ့က တွမ့်ကားပေါ်ပဲ တက်လိုက်တာမို့
စိုးမိုးက စူပုပ်နေလေသည်။ မြကန်သာကို အလျင်မဝင်သေး

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကန်တော်ကြီး ခဏဝင်ပြီး ဒမွေ့တို့ ကန်စပ်မှာ ထိုင်လိုက်ကြသည်။

"မှတ်မိလား တွမ် . . . ဒီနေရာမှာပဲ မွေ့တို့ တစ်ခါတွေ့ဖူးသေးတယ်လေ"

"မှတ်မိတာပေါ့ . . . အဲဒီနေ့က ဘာရယ်မဟုတ်ပျင်းလို့ ကားလျှောက်မောင်းရင်း ရောက်လာတာ၊ မွေ့ကားလေးတွေ့တော့ အရမ်း ပျော်သွားတာပဲ၊ အရမ်းပဲနှုတ်ဆက်ချင်တာ၊ မွေ့ ကားဆီ ရောက်လာတော့လည်း မနှုတ်ဆက်ရဲပြန်ဘူး"

"အင်း . . . အဲဒီတုန်းက မွေ့ကလည်း တွမ် မွေ့ကို နှုတ်ဆက်မယ်လို့ပဲ ထင်ထားတာ၊ ဟိ . . . အဲဒီကတည်းက မွေ့က တွမ့်ကို စွဲနေတာ သိလား၊ တွမ် မခေါ်ဘဲ ထွက်သွားတော့ ရင်ထဲ အရမ်း ဟာကျသွားတာပဲ၊ တွမ်က မာနရှင်ကလေး"

"ဟာ . . . မဟုတ်တာ၊ မွေ့ကို ထည့်တွက်ပေးနေမိလို့ပါ၊ ချက်ချင်းကြီး ကိုယ် လာခေါ်ရင် မွေ့လေးကို ပေါ့ပေါ့တန်တန် ထားရာ ရောက်မှာ စိုးလို့"

လေးနက်သော တွယ်တာမှုမျိုး တွမ့် မျက်နှာကလေးမှာ တွေ့မြင်ရသည်။ ခင်မင်ဖို့တောင် အချိန်ယူ လေးနက်ပြနေခြင်းက ဘယ်တုန်းကမှ မွေ့အပေါ် မထင်မသေးခဲ့ဘူးဟု မှတ်ယူချင်စရာ။

"အရမ်းချစ်ဖို့ကောင်းတာပဲ တွမ်ရယ်၊ တွမ် ဒီလောက် ထိန်းသိမ်းတတ်မှန်း အရင်က မွေ့ သိပ်မသိဘူး၊ တွမ့်ကို ချစ်ရတာ မွေ့ သိပ်ကံကောင်းတာပဲ"



အံ့ဩစရာ ကောင်းလောက်အောင်ပင် ထူးထူးခြားခြား ချိုမြိန်လွန်းစွာ သူ ပြုံးလေသည်။ ကလေးငယ်တစ်ယောက်၏ အပြစ်ကင်းစွာ ဂုဏ်ယူမှုကလေးမျိုးနှင့် သူ အားရပါးရကို ပြုံးနေတော့သည်။

"ကဲ . . . ထ မြကန်သာ သွားတော့မယ်၊ မွေ့လေးကို ချစ်ရတာလည်း ကိုယ် သိပ်ကံကောင်းပါတယ် မွေ့ရယ်"

သူ ကမ်းပေးနေသော လက်လေးမှ အားယူထ,ရင်း သူ့လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ လျှောက်လာခဲ့သည်။ ကားပေါ်ရောက်တော့ သူက ရယ်ရင်း. . .

"စိုးမိုး နှာကစ်တော့မှာပဲ . . . နောက်ကျနေပြီ"

စိုးမိုး၏ စူပုပ်ပုပ် မျက်နှာကို မြင်ယောင်ကာ မွေ့ ရယ်မောလိုက်သည်။ ချစ်ခင်တွယ်တာသော အကြည့်တလေးနှင့် တွမ်က မွေ့ကို ကြည့်ကာ ပြုံးနေလေသည်။ တကယ်ပင် မြကန်သာသို့ ရောက်တော့ စိုးမိုးက စူဆောင့်ကာ စိတ်တိုနေတော့သည်။ ဖွန်တို့က ပြုံးစိစိ။

ထိုနေ့က ရှပ်ရှင်ကြည့် . . . ပန်းခြံတွေသွားနှင့် မွေ့နှင့်တွမ်က ပျော်ရွှင်တက်ကြွနေရသလောက် စိုးမိုးကတော့ အထီးကျန်ဆန်စွာ စိတ်ကောက်နေခဲ့လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၁၄)

"တို့ကို မွေ့ လက်ခံနိုင်ပြီလားဟင်"

"မွေ့ စိုးမိုးကို လုံးဝ မချစ်နိုင်လို့ပါ"

စိုးမိုးက စိတ်ပျက်အားလျော့ဟန်နှင့် မြက်ခင်းပြင်ပေါ် ပစ်ထိုင်ချရင်း လက်နှစ်ဖက်နှင့် နောက်မှာ ပြန်ထောက်ထားကာ ရပ်နေသော မွေ့ကို ခပ်မော့မော့ကြည့်ရင်း . . .

"တွမ် ရှိနေလို့လား"

"အမှန်အကန်ပေါ့"

"ဘာ . . ."

"တကယ်ပြောတာ . . . မွေ့နဲ့တွမ် ချစ်နေကြပြီ"

"ဘာ . . . မွေ့"

စိုးမိုးက ဝုန်းခနဲ ခုန်ထကာ တုန်လှုပ်ချောက်ချားပုံနှင့် မေးသည်။ မွေ့က ပျက်ယွင်းလွန်းနေသော စိုးမိုးမျက်နှာကို မကြည့်ချင်တာမို့ ခါးကိုကိုင်းရင်း ဘောင်းဘီကိုလိပ်ခေါက်နေမိသည်။ အားလည်းနာပါတယ် စိုးမိုးရယ်။

"ဘယ်တုန်းကလဲ . . . မဖြစ်နိုင်ပါဘူး၊ လုံးဝ မယုံဘူးကွာ"



မြက်စိမ်းကလေးတွေကို ခြေနှင့်ခတ်ရင်း စိုးမိုးအော်သည်။

"မအော်နဲ့ စိုးမို . . . ကိုကြီးတို့ ကြားမယ်"

စိုးမိုးက ဒူးထောက်ထိုင်ချလိုက်ကာ မွေ့မျက်နှာကို လာမော့ကြည့်သည်။

"တို့ . . . တို့ သွားပြီ မွေ့ရယ်၊ တို့ ဘာလုပ်ရမလဲ၊ တို့ မခံနိုင်ဘူးကွာ၊ တွမ် ကျောတာ . . . ကျောတာ"

မြက်ခင်းကို လက်သီးနှင့် ထိုးချရင်း တောက်ခေါက်လိုက်သော စိုးမိုး ပေါက်ကွဲမှုက ပြင်းထန်လွန်းတာမို့ မွေ့ မျက်လုံးကလေး ဝိုင်းကာ ငေးကြည့်နေမိသည်။

"မွေ့ရယ် . . . တို့ အရမ်းမျှော်လင့်ထားတာ၊ တို့ဘဝမှာ မွေ့တစ်ယောက်တည်းကိုပဲ တို့ နင့်နင့် သည်းသည်း ရှိခဲ့တာ၊ မွေ့ တို့ကို ဘာကြောင့် မချစ်နိုင်တာလဲ၊ ဘာကြောင့်လဲ မွေ့ရယ် . . . တို့ကို မွေ့ကစပြီး လာပတ်သက်ခဲ့တာပါ။ တို့နှလုံးသားကို မွေ့ ပုတ်ခဲ့တာပါ။ တို့နှလုံးသား နိုးလာတော့ မွေ့ ဘာကြောင့် ရှောင်ရှားခဲ့ရတာလဲ၊ တို့ ဘာလုပ်ရတော့မလဲ၊ တို့ဘဝမှာ မွေ့ မရှိလို့ မဖြစ်ဘူး မွေ့ရယ်၊ တွမ့်ကြောင့် မွေ့ ဆုံးဖြတ်ချက်ပြောင်းသွားတာ မဟုတ်လား၊ တို့အပေါ် စိတ်ပြောင်းသွားတာ တွမ့်ကြောင့်ပါ . . . ဟုတ်တယ် မဟုတ်လား"

စိုးမိုး မျက်ဝန်းတွေ နီရဲကာ မျက်ရည်တွေ ဝဲနေသည်။ ဒူးထောက်လျက်မှ မော့မေးနေတာမို့ မွေ့ ခိုယ်ကို မတ်ကာ ခေါင်းကို ခါယမ်းရင်း . . .

"မွေ့ စိတ်မကောင်းပါဘူး စိုးမိုးရယ် . . . စိုးမိုးကို

www.burmeseclassic.com

www.burmeseclassic.com



စပြီး ပတ်သက်ခဲ့တာ အပျော်လုပ်ခဲ့တာပါ၊ မွေ့ မှားခဲ့ပါတယ်၊ စိုးမိုးကို သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်နိုင်ခင်နိုင်ခဲ့တာပါ၊ တွမ်နဲ့ ဘာမှ မဆိုင်ဘူး၊ တွမ်ကိုက နာမည်ကလေး စကြားကတည်းက တွမ့်ကို မမြင်ဖူးသေးခင် တွမ့်အကြောင်း သူများတွေ ပြောနေကတည်းက တို့ နားနဲ့ စချစ်နေခဲ့တာပါ၊ နောက်ပိုင်း တွမ်တို့ကို ရန်စလာတော့ တို့ ဝမ်းနည်းမိတာကလွဲလို့ တွမ့်ကို မမုန်းခဲ့ပါဘူး၊ တို့ တွမ့်ကို သိပ်ချစ်တယ်"

"မွေ့ရယ် . . . မွေ့ ဒီကောင့်ကို မချစ်ပါနဲ့ မချစ်ပါနဲ့၊ တို့ကိုချစ်ပါ မွေ့ရယ်၊ တို့ မွေ့ကို မချစ်ရရင် ဘဝပျက်လိမ့်မယ် မွေ့ရယ်၊ မွေ့ တို့ကို မချစ်လို့ မဖြစ်ဘူး"

"လုံးဝ မချစ်နိုင်ဘူး၊ မွေ့ စိတ်မကောင်းပါဘူး စိုးမိုး၊ ဒါပဲနော်"

မွေ့ တိုက်ထဲ အပြေးဝင်လာခဲ့သည်။ စိုးမိုး၏ တောက်ခတ်သံပြင်းပြင်းနှင့်အတူ ခဏအကြာမှာ တရကြမ်းမောင်း၍သွားသော ကားစက်သံကြောင့် မွေ့ သက်ပြင်းရှိုက်မိသည်။ ယောကျ်ားလေးတစ်ယောက်ကို မွေ့ အသည်းခွဲခဲ့မိပြီလား။ မွေ့ သူ့ကို စတင်ပတ်သက်ခဲ့မိတာတော့ သိပ်မှားခဲ့ပါတယ် တွမ်ရယ်။ ဒါကြောင့် တွမ် မွေ့ကို ခဏ ခဏ ဆုံးမပေးနေခဲ့တာနော်။ မွေ့ မှားပြီ တွမ်ရယ်။

စိုးမိုး တွမ့်ကိုများ သွားရန်ရှာနေပြီလား . . . စိုးရိမ်စိတ်နှင့် မွေ့ ရင်ပူသွားကာ ဖုန်းဆီ အမြန်ပြေးမိသည်။ တွမ် ဘာမှ မသိခင် စိုးမိုး ရုတ်တရက် ထိုးလိုက်မှာ စိုးတာပါ။ ဖုန်းခလုတ်ကလေးတွေနှိပ်ရင်း မွေ့ မျက်ရည်ဝဲလာသည်။ မွေ့ကြောင့် ပြဿနာတွေ တက်ကုန်ပြီလား မသိ။



"တွမ် . . . တွမ်လား"

"အင်း . . . မွေ့လား မွေ့ ပြောလေ"

"စိုးမိုး . . . စိုးမိုး လာပြီလား"

"ဘယ်ကိုလဲ . . . မလာဘူးလေ . . . ဘာလို့လဲ"

"မွေ့ . . . မွေ့ သူ့ကို တွမ်နဲ့ မွေ့အကြောင်း ဖွင့်ပြောလိုက်တယ်၊ သူ အရမ်း ပေါက်ကွဲသွားတယ်၊ အဲဒါ . . . အဲဒါ သူ ဒေါသထွက်ပြီး ကားမောင်းထွက်သွားတယ်၊ တွမ် ခြံထဲ မဆင်းနဲ့တော့နော်၊ သူ ရန်လာရှာရင် ရန်မဖြစ်နဲ့နော်"

"အာ . . . ခြံထဲမဆင်းရင် ကြောက်ဖြစ်သွားမှာပေါ့၊ ကိုယ် ယောကျ်ားလေးပဲ . . . လုပ်ထားပြီးရင် ရင်ဆိုင်ရဲရမှာပေါ့"

"မွေ့ . . . မွေ့ စိုးရိမ်တယ်"

မွေ့ အသံလေးတုန်ကာ ဖုန်းစားပွဲစွန်းကို တင်းကျပ်အောင် ဆုပ်ကိုင်ရင်း မျက်ရည်ကျလာသည်။ တွမ် ရန်ဖြစ်ရင် အနည်းနဲ့အများတော့ ထိခိုက်မှာပဲ။ တွမ့်ကို မနာကျင်စေလိုဘူး တွမ်ရယ်။

"ဒါပဲလား မွေ့ . . . မစိုးရိမ်ပါနဲ့ မွေ့ရာ၊ မွေ့ကို ချစ်ထားတာပဲ၊ ဒီလောက်တော့ ရင်ဆိုင်ရမှာပေါ့"

"မွေ့ကို အဲဒါ အပြစ်ပြောတာလားဟင် . . . သူ့ကို သွားစဖူးတာမှန်ပေမယ့် တွမ် ရှုတ်ချမှာစိုးလို့ သူ့ကို ပြတ်ပြတ်သားသား မငြင်းခဲ့တာပါ၊ တွမ့်သူငယ်ချင်းဆိုလို့ မွေ့ ခင်ထားမိတာပါ၊ တွမ့်ကိုလည်း စိုးရိမ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရသေးတယ်၊ တွမ်က မွေ့ကို အပြစ်ပြောတယ်တော့"

မွေ့ ပြောရင်းက ပိုမိုအားငယ်လာရကာ တအစ်အစ် ရှိုက်မိတော့ ဝွမ့်အက်က လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ. . .

"ဟာ . . . မွေ့ မငိုနဲ့လေ . . . မငိုနဲ့၊ ကိုယ်ပြောတာက မွေ့ နောင်တရစေချင်လို့၊ မွေ့ နားလည်လား၊ ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက် ဖွံ့ရှိတယ်ဆိုတာ မွေ့ မြင်တယ်မဟုတ်လား၊ မွေ့ ယောကျ်ားတွေကို ပေါ့ပေါ့တန်တန် သဘောထားနေလို့ မွေ့ နားလည်အောင်လို့ပါ"

"သူချစ်လာအောင် မွေ့ လုပ်ခဲ့တာမှ မဟုတ်တာ၊ သူချစ်လာတော့လည်း မွေ့ ငြင်းပစ်ဖို့ဟာ တွမ် ဝေဖန်မှာစိုးလို့ အခုလို ဖြစ်သွားတာ"

"ဟုတ်တာပေါ့ ခင်ဗျာ . . . ကိုယ့်အပြစ်ပေါ့၊ မွေ့ ယောကျ်ားလေးတွေကို ငြင်းတဲ့နည်းကို တို့ ဝေဖန်ရှုတ်ချခဲ့ပြီး ဘယ်လို ငြင်းရမယ်ဆိုတာ သင်မပေးခဲ့ဘူး၊ အေး. . . အေး ကိုယ် မှားတာကွ"

"ခနဲ့တာလားဟင် . . . သိပါတယ်၊ တွမ် မွေ့ကို စိတ်ဆိုးနေပြီ"

မွေ့ ဖုန်းကို စိတ်ပျက်စွာချလိုက်ရင်း ဝမ်းနည်းစွာ ငိုမိသည်။ ဖုန်းသံ ထပ်မြည်လာတော့ မွေ့ ပြန်ကောက်ကိုင်ကာ. . .

"မွေ့ . . . ငိုနေတယ်၊ စကားပြောလို့ မရတော့ဘူး တွမ်"



ပြောရင်း ဖုန်းကိုချကာ အခန်းထဲ ပြေးဝင်လာခဲ့သည်။ တွမ် စိတ်ဆိုးမှာကို မွေ့ အကြောက်ဆုံးပါပဲ တွမ်။ မွေ့ကို တွမ် စိတ်ပျက်သွားမှာလား တွမ်ရယ်။ မွေ့ အပျော်လုပ်ခဲ့တာ တွေ အရမ်းဆိုးရွားနေခဲ့သလားဟင်။

အခန်းထဲမှာ ငှက်ဟုတ်ကလေးထိုင်ကာ မျက်ရည်တောက်တောက် ကျရင်း တွမ့်မျက်နှာကလေးကို မြင်ယောင်နေမိသည်။ မမိုး ထမင်းစားလာခေါ်တော့လည်း မွေ့က တံခါးကို အသေပိတ်ထားတာမို့ စိတ်ကောက်နေသည်ထင်ကာ ငြိမ်သွားသည်။ ညရောက်လာတော့ မွေ့ လုံးဝ မနေနိုင်တော့ဘဲ ခုတင်ပေါ်မှထကာ မျက်ရည်တွေသုတ်ရင်း ဖုန်းဆီ ပြေးလာခဲ့သည်။ ဖုန်းခလုတ်တွေနှိပ်ရင်း ဖုန်းကလေးကို ကိုင်ထားစဉ် . . .

"ဟယ်လို . . ."

"တွမ် . . . မွေ့ပါ ရန်ဖြစ်ကြသေးလား၊ စိုးမိုးလာလား"

"လာတယ်ခင်ဗျာ . . . သူ မေးယောင်ပြီး သွားကျွတ်သွားတယ်၊ ကိုယ် လက်ကျိုးသွားတယ်"

"ဟယ် . . . သွားပြီတော့"

"ပထမတော့ ကိုယ် သူ့ကို အလျှော့ပေးပါတယ်၊ သူ အရမ်း သောင်းကျန်းလို့ ကိုယ် တစ်ချက်ပြန်သယ်ထည့်လိုက်တာ၊ အား . . . လက်က ရေလည်နာတယ်၊ လုံးဝ မနေနိုင်ဘူး"

"ဗုက္ခပါပဲ . . . ဗုက္ခပါပဲ တွမ်ရယ်"

မွေ့ အသံကလေးတုန်ကာ ရင်ထဲ ဆို့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ကြေကွဲစိတ်နှင့် မျက်ရည်က ကျလာပြန်သည်။ နှုတ်
ကလေးက တုန်လာတာမို့ သွားနှင့် ဖိကိုက်ထားရင်း . . .

"တွမ် မွေ့ကို စိတ်ဆိုးလားဟင် . . . မွေ့ကြောင့်

အသံကလေး တိမ်ဝင်သွားကာ မွေ့ ရှိုက်
သည်။

"စိုးမိုးကတော့ ကြုံးဝါးသွားတယ် . . . တစ်သက်
မကျေဘူးတဲ့၊ မွေ့လေး ငိုနေလား၊ မငိုနဲ့လေ .
စိတ်ပူမနေနဲ့နော်၊ ကိုယ် အိပ်ရတော့မလား၊ လ
အရမ်း ကိုက်နေလို့ အိပ်ဆေးသောက်ထားတယ်"

"အင်း အင်း . . . အိပ်၊ မွေ့တော့ အိပ်မရတော့ပ
တွမ်ရယ် . . . မွေ့ အရမ်းစိတ်မကောင်းဘူး .
အရမ်း"

"စိတ်မကောင်းမဖြစ်နဲ့ မွေ့ရယ် . . . အိပ်ပျော်အော
အိပ်နော် . . . ဒါပဲ"

ဖုန်းချသွားတော့ မွေ့ ကြမ်းပြင်ပေါ် ဆေ
ကြောင့်ကလေး ထိုင်ချကာ ငြိမ်သက်သွားသည်။

"ဟာ . . . မွေ့လေးကြီး မျောက်မှိုင်မှိုင်နေတယ်

ကိုလေးနှင့် ကိုယ် ရောက်လာကာ လာနော
တော့ မွေ့ ဝမ်းနည်းစိတ် ပိုလာကာ . . .

"လာမနောက်ကြနဲ့ . . . မွေ့ စိတ်မကောင်းဖြစ်
တာ"

ငိုရင်းအော်ပြောလိုက်တော့ ကိုလေးတို့ မျက်
ပြူးသွားကြရင်း . . .

"ဟာ . . . မွေ့လေးက စိတ်မကောင်းဖြစ်နေ



ဘာလို့လဲ . . . ဘာဖြစ်လို့လဲ၊ ဒွန် သေသွားလို့လား၊
အဲ . . . ဟဲ"

"ဒွန်သေရင် ဒီလောက် မငိုသေးဘူး၊ အခု မွေ့ အရမ်း
ခင်နေတဲ့ သူငယ်ချင်းတစ်ယောက်ကို စိုးမိုးဆိုတဲ့ စိတ်
ပုပ်သိုးက လက်ကျိုးအောင် စော်ကားလိုက်တယ် . . .၊
အဲဒီ စိုးမိုးကို လုံးဝ မုန်းတယ် . . . သူ့လက်ကိုလည်း
ပြန်ချိုးမယ်"

"စိုးမိုးက ဟုတ်လား . . . ဒီအခြောက်က လက်စောင်း
ထက်လှချေလား၊ ဘယ်သူ့ကို ချိုးလိုက်ဘာလဲ၊ ဘာဖြစ်
လို့တဲ့လဲ"

"တွမ့်ကိုလေ . . . မွေ့သူငယ်ချင်း"

"နာမည်ကြီးကလည်း . . . တွမ် ဟုတ်လား၊ ဘာကြီး
လဲ"

"မမေးနဲ့ . . . မမေးနဲ့တော့၊ ရှင်တို့မေးတာ မဖြေနိုင်
တော့ဘူး"

မွေ့ တဆောင့်ဆောင့်ထရင်း အခန်းထဲဝင်ပြေး
လိုက်တော့ ကိုလေးရယ်သံက လွင့်ထွက်လာသည်။

"သူငယ်ချင်းတဲ့ . . . ဟား ဟား၊ တွမ်တဲ့ မွေ့လေး
မွေ့လေး . . . ငါ့ညီမသူငယ်ချင်းကလေးကလည်း
ဟော့တ်ပဲ"

မွေ့ နားကိုပိတ်ကာ မွေ့ရာပေါ် ပစ်လှဲချလိုက်
သည်။ တွမ်ရယ် . . . လက်ကျိုးသွားလို့ အရမ်းနာနေတယ်တဲ့
သား။ မွေ့ စိတ်ထိခိုက်လိုက်တာ။ အဲ့ဒြိစရာ ကောင်းလောက်
အောင် မွေ့ နှုးညံ့ပျော့ပျောင်းသွားရတာအတွက် အဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩမနေတော့ပါဘူး။ မင်းကို သိပ်ချစ်ခဲ့လို့ပါ တွမ်ရ
အစစအရာရာမှာ မင်း စိတ်နုသွားမှာ . . . မွေ့အပေါ်
ပျက်သွားမှာကို စိုးထိတ်စိတ်တွေ ရင်ထဲမှာ ခိုတွယ်လာ
တယ်။ လူကြီးကလေးလို အမြဲနေတဲ့ မင်းနဲ့ ယှဉ်လိုက်
အလိုလို ကလေးလို ဖြစ်သွားရလို့ မင်းကိုပဲ အားကိုးတွယ်မှီ
စိတ်က ထာဝစဉ်ရှိနေတာမို့ မင်းလက်တွဲဖြုတ်သွားမှာ
ကလေးတစ်ယောက်ရဲ့ ခံစားချက်မျိုးနဲ့ စိုးရွံ့တတ်မိပြီ
ရယ်။

တွမ် နာကျင်ရတာ မွေ့ကြောင့်ပဲလို့ မွေ့ သိ
မယ့် တွမ် မှတ်ထားလိုက်မှာကိုတော့ စိုးမိသည်။ မွေ့ စို
ကို ပြတ်ပြတ်သားသား ငြင်းခဲ့ရင် ကောင်းသား။ အခု
မျှော်လင့်ချက်ထုထည် ဖွံ့စည်းခိုင်မာနေတဲ့ စိုးမိုးကို
ငြင်းမိချိန်က များစွာ နောက်ကျခဲ့မိပြီ။

မွေ့ ကောင်လေး တော်တော်များများကို
ပျောင်းစွာ မငြင်းတတ်ခဲ့တာမို့ ကောင်လေး တော်တော်
များရဲ့ မကြည်မလင် နာကြည်းမှုကိုလည်း ခံခဲ့ရသ
အဲသည်အထဲမှာ တွမ်ပင် ပါလာခဲ့သေးတာ။ စိုးမိုးကိုကျ
ခင်မင်နေတာကလည်း တစ်ကြောင်း . . . ဘယ်လိုငြင်းရ
ကို မငြင်းတတ်သလို ဖြစ်သွားတာက တစ်ကြောင်းရယ်ကြေ
ကြိုးရှည်ရှည်နဲ့ လှန်ထားသလို ဖြစ်သွားခဲ့ရသည်ပဲ။ တက
လို့ တွမ်က သည်လို သည်လို ငြင်းလိုက်လို့ သင်ပေးခဲ့တယ်
ရင်တောင် မွေ့ အဲသည်အတိုင်း လိုက်ငြင်းဖြစ်ခဲ့မှာပါ တွမ်ရ
တွမ့်သူငယ်ချင်းမို့ တွမ်ကလည်း စိုးမိုးကို မကြည်မလင်
တမာပုံစံမျိုး မပြခဲ့တာမို့ မွေ့ မငြင်းဖြစ်ခဲ့တော့တာပါ။



တော့ မွေ့ မှားပြီလား တွမ်ရယ်။ မွေ့ကြောင့် တွမ် ထိခိုက်
ကျင်မှုတွေ ခံစားရပြီ မဟုတ်လား။

အဲသည် ထိခိုက်နာကျင်မှုကို တွမ် ဝှက်သိုသိမ်း
သည်းထားလိမ့်မယ်လို့ ယုံချင်စရာမကောင်းလောက်အောင်
နဲ့မွေ့ မခွဲကြခင် ကာလအတွင်းမှာ ကြည်လင်ရွှင်းသန့်နေ
တဲ့ တွမ့်မျက်နှာကလေးက သက်သေတည်ခဲ့တာပဲနော်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၁၅)

"မွှေ့လေး . . . ဘွားဘွားနဲ့ နေချင်တယ်ဆို"

BURMESE CLASSIC .com

မနက် ကော်ဖီဝိုင်းမှာ ဒက်ဒီစကားစတော့ မွှေ့ ကြောင်တောင်တောင်ကလေး ဖြစ်သွားသည်။ ညက တစ်ည လုံး အိပ်မရခဲ့တာမို့ ကျိန်းစပ်နေသော မျက်လုံးတွေက ဝိုင်း ရှင်း . . . .

"ဘာကိုလဲ ဒက်ဒီရဲ့ . . . ဘွားက လန်ဒန်မှာပဲဟာ"

"အင်းလေ . . . လန်ဒန်မှာ နေချင်တယ်ဆို၊ ဘွား က စာလာတယ်၊ ဘွား အရမ်း နေမကောင်းဖြစ်နေ တယ်တဲ့၊ ဒက်ဒီသွားမှဖြစ်မယ် . . . ဘွားက မွှေ့လေး ကို အရမ်းတွေ့ချင်နေတယ်တဲ့၊ အဲဒါ မွှေ့လေးကို ခေါ်သွားမလို့"

ဘွားဘွားက ဒက်ဒီ့ အမေရင်း မဟုတ်ပေမယ့် ဒက်ဒီက အမေအရင်းပမာ သံယောဇဉ်တွယ်ခဲ့သည်။ ဒက် လန်ဒန်မှာ ခြောက်နှစ် ပါမစ်နှင့် အလုပ်သွားလုပ်တုန်း ဘွားဘွား အိမ်မှာပင်နေခဲ့ကာ ဘွားဘွား ကျွေးမွေး ချက်ပြု ပြုစုခဲ့တာကို ခံယူခဲ့ရသည်။ ဘွားဘွားက လန်ဒန်သူ ဘိုကပြ ဖြစ်ပေမယ့် မြန်မာတစ်ယောက်လို သံယောဇဉ်ကြီးတတ်



ဆား နူးညံ့တတ်တာမို့ ဒက်ဒီက အမေရင်းပမာ ချစ်ခင်ခဲ့ ဖြစ်သည်။ ခြောက်နှစ်လုံး တစ်အိမ်တည်း အတူနေကာ ယ်တာခဲ့ကြတာမို့ သံယောဇဉ်ကြီးတတ်သော ဒက်ဒီက သူ့ ကိုယ်စား ဘွားဘွားကို သိပ်ချစ်ခဲ့ကြောင်း တဖွဖွ ပြောခဲ့ သည်။ နှစ်ပြည့်လို့ မြန်မာပြည် ပြန်ရောက်သည့်တိုင် အဆက် သွယ် မပြတ်ခဲ့။ စာမှန်မှန် ရေးသည်။ ဖုန်းဆက်သည်။ တို့အားလုံးကလည်း ဘွားကို မမြင်ဖူးပေမယ့် ချစ်ခင် ယ်တာနေကြသလို ဘွားကလည်း မွှေ့တို့ တစ်မိသားစုလုံး ချစ်ခင်သည်။ အဲသည် အထဲမှာမှ မွှေ့ကို အချစ်ဆုံးဟု ခဏ ပြောတတ်သည်။ မွှေ့က ဘိုသံလုပ်ကာ ခပ်ချွဲချွဲ လေး ပြောလေ့ရှိတာကို ဖုန်းဆက်တိုင်း ဘွားဘွားက သောကျမဆုံး။

တစ်ခါက မြန်မာပြည်ကို အလည်ရောက်လာ မွှေ့တို့အိမ်မှာ တည်းရင်း ပျော်ရွှင်ခဲ့ကြရတာမို့ ပိုမို ယောဇဉ် တင်းသွားခဲ့ရသည်။ မွှေ့ကို လန်ဒန်လိုက်ခဲ့ဖို့ ခဏ ခေါ်တတ်တာမို့ မွှေ့ကလည်း တစ်ခါမှ မရောက်ဖူး သည့် လန်ဒန်ကို အလည်ရောက်ဖူးချင်တာမို့ ဒက်ဒီကို ပူဆာ သည်။ ကြာလှပါပြီ။ ဒက်ဒီက အခုပြောလာတော့ မွှေ့ လည်းပျော်သွားရသလို တွမ့်ကို ချက်ချင်း သတိရလိုက် သည်။

"ဘွားက လေယာဉ်လက်မှတ် ပို့ပေးလိုက်မယ်တဲ့ . . . အလည်သဘောမျိုးပေါ့ မွှေ့လေးရယ်၊ ဗီဇာနဲ့ပတ်စ်ပို့တ် က မခက်တော့ဘူးပေါ့၊ ခဏပဲ . . . ဒီဟာနေ ကြို လျှောက်ထားရုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီနဲ့ မေ့နဲ့ပဲလား . . . ကိုလေးတို့ကော မာမီကော"

"အများကြီးမဟုတ်ဘူး မေ့လေးရဲ့ ဒက်ဒီနဲ့ . . . မေ့ပဲ"

မေ့ ခေါင်းကလေးညိတ်ကာ ကော်ဖီကို မော့သောက်ရင်း အိမ်ရှေ့ထွက်ခဲ့သည်။ တွမ့်ဆီ ဖုန်းဆက်ဖို့ စိတ်ကစောနေသည်။ တွမ့်အခြေအနေကို မေးချင်လိုက်တာ။ တွမ့်အိမ်ကို သွားဖို့ကျတော့ တွမ်ကိုယ်တိုင်က မလာဖို့ ပြောထားဖူးတာမို့ တွမ့်ကို တွေ့ချင်စိတ်ကလေးကို အောင့်ထားရသည်။ အပြင်မှာ တွေ့ကြဖို့ကျတော့လည်း တွမ် ဘယ်ထွက်နိုင်ဦးမှာလဲ။ လက်က အရမ်းနာနေမှာ။

တွေးရင် မေ့မျက်နှာကလေး မှုန်သွားရသည်။ တယ်လီဖုန်း ခလုတ်နှိပ်ရင်း စောင့်နေရင်းက အခုချက်ချင်းကြီးသာ လန်ဒန်သွားရမည်ဆို လုံးဝပဲ ငြင်းပစ်မှာပဲ။ မရောက်ဖူးရင်နေပါစေတော့ဟု တွေးနေဖြစ်၏။

"ဟဲလို . . . မေ့လေးလား"

"အင်း . . . ဟုတ်တယ် . . . တွမ် နေကောင်းလား သိပ်နာသေးလား"

"ဖျားနေတယ်ကွ . . . အရမ်းနာနေတယ်"

"အို . . . မေ့ . . . မေ့ လာတွေ့ချင်တယ်၊ လာကြည့်မယ်၊ မေ့ အရမ်းစိတ်ပူလာပြီ ကွမ်ရယ်"

"မလာပါနဲ့ မေ့ရယ်၊ တစ်ရက်နှစ်ရက်လောက်ဆို ကောင်းသွားမယ်ထင်တယ်၊ အနာသက်သာရင် မေ့ကို ကိုယ်လာတွေ့မှာပေါ့ . . . မေ့ကို တမင် မလာစေချင်လို့ မဟုတ်ဘူးနော်၊ စိုးမိုးဆိုတဲ့ကောင် မြင်သွားရင်လည်း



ထပ်ပြဿနာတက်မယ်၊ ဒီဘဲက အရမ်းအငြိုးကြီးတာ၊ လုံးဝကျေနပ်မှာ မဟုတ်ဘူး၊ ရန်စောင်နေတာ"

"စိုးမိုးသာ အခုနေသေသွားရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ စိတ်အရမ်းညစ်တာပဲ တွမ်ရယ် . . . မေ့ ငိုပဲငိုချင်တယ်"

"ကလေးကလည်းကွာ . . . မငိုပါနဲ့ . . . နောင်တရပြီလား"

"မေ့ နောင်တရစရာ ကောင်းလောက်အောင်ကို မိုက်ခဲ့တယ်လားဟင် တွမ် . . . တွမ် မေ့ကို စိတ်ခုနေတယ် မဟုတ်လားဟင် မေ့သိပါတယ် . . . မေ့သိပါတယ်"

အားအားယားယား မေ့ကို နောင်တပဲ ရခိုင်းနေတာမို့ မေ့ကို သိပ်မှားယွင်း ဆိုးသွမ်းခဲ့ဖူးသူအဖြစ် တွမ် မှတ်ယူနေမှာပဲပေါ့။

"ဟား ဟား ဘာလို့ စိတ်ခုရမှာလဲ မေ့ကလည်း၊ စိတ်ခုလို့ ပြောတာမဟုတ်ပါဘူး . . . မေ့ကို နားလည်စေချင်လို့ . . . ဒါပဲနော်၊ ကိုယ် အိပ်ဦးမယ်၊ အိပ်နေမှ လက်ကိုက်တာကို မေ့နေမှာ . . . ညနေကျရင် ဆေးခန်းကအပြန် မေ့ဆီ ဖုန်းထပ်ဆက်မယ်နော်"

ဖုန်းချသွားသည်။ သည်ရက်ပိုင်းအတွင်းမှာ တွမ်နှင့်တွေ့ရဦးမှာမဟုတ်။ စိတ်ပျက်သွားစိတ်နှင့်အတူ စိုးမိုးကို မုန်းတီးစိတ်က ရင်မှာဝင်ရောက်လာသည်။ တွေ့ချိန်ကရွေးခင် ပျက်သွားရတာ သူ့ကြောင့်ပေါ့။ သူသာ မေ့ကို အမြဲနှင့်ပြိုင်မလုခဲ့ရင် မေ့နဲ့တွမ် ပျော်ရွှင်ရမှာ။ မေ့ စိတ်ပျက်စွာ အခန်းထဲ ပြန်ဝင်လာခဲ့သည်။ တွမ်နှင့်ပတ်သက်၍ မကြာ

www.burmeseclassic.com

www.burmeseclassic.com



ခဏ ရေးနေကျဖြစ်သော ဒိုင်ယာရီကလေးထဲမှာ . . .

'I admit I was wrong, but if really loved me you apologize'

ဟု ရေးချလိုက်သည်။ မွေ့ မှားခဲ့ဖူးတာ မွေ့ ဝန်ခံပါတယ်။ ဒါပေမယ့် မင်း မွေ့ကို တကယ်ချစ်တယ်ဆိုရင်တော့ မွေ့ကို ခွင့်လွှတ်သင့်တာပေါ့လေ။

သည်ရက်အတွင်း မွေ့ ဘယ်သူနဲ့မှ မတွေ့ဖြစ်ဘဲ အခန်းအောင်းနေသည်။ ဒက်ဒီကတော့ ဘွားဘွားက စပွန်စာ ပို့လိုက်ကြောင်း . . . ပတ်စပို့ လျှောက်ထားတာတွေ အဆင်ပြေကြောင်း၊ မကြာခင်မှာ ဗီဇာကျလာတော့မှာဖြစ်ကြောင်းတွေ လာပြောသေးသည်။ လန်ဒန်သွားဖို့ ကိစ္စကို စိတ်က ဘယ်လိုမှ ဝင်စားပျော်ရွှင်မရနိုင်ခဲ့။

သို့သော် ထို မမျှော်လင့်သော ခွဲခွာရမှုက မွေ့တို့ နှစ်ယောက်ကို စည်းအထပ်ထပ်ခြားလိုက်သလို ဖြစ်လာတော့မှာကို ကြိုသိခဲ့မယ်ဆိုရင် မွေ့ မပျော်ရွှင်နိုင်သော ထိုခရီးကို လုံးဝ သွားဖြစ်ခဲ့မှာ မဟုတ်ချေ။

တစ်လဆိုသော ကာလတစ်ခုသည် တွမ်နှင့် တွေ့ခွင့်မရလိုက်ဘဲ ပျင်းရိလေးတွဲ့စွာ ကုန်ဆုံးခဲ့ရလျက် တွမ်နှင့် မွေ့ကြားမှာ ထိုတစ်လက အပြောင်းအလဲတစ်ခု ဖြစ်ထွန်းစေဖို့အတွက် လုံလောက်သောအချိန်လည်း ဖြစ်ခဲ့လေသည်။

♠ ♠ ♠



ထင်မှတ်မထားဘဲ တစ်လအတွင်းမှာ လန်ဒန် သွားရဖို့က သေချာလာရသည်။ ၁၅ ရက်တစ်ခါ ဘုတ်အဖွဲ့နှင့် ကောင်းတိုက်ဆိုင်စွာတိုးပြီး ပတ်စပို့နှင့် ဗီဇာကျလာသလို ဘွားဘွားပို့လိုက်သော လေယာဉ်လက်မှတ်တွေပါ ရောက်လာခဲ့တော့ ဘွားဘွား၏ စိတ်အားထက်သန်မှုကို အံ့ဩနေကြရသည်။

"လေယာဉ်လက်မှတ်တွေ ရောက်လာတာ မြန်လိုက်တာနော်"

"အေးကွ . . . ဒက်ဒီတို့တောင် အရမ်းအံ့ဩနေတာ၊ ကြည့်ရတာ ဘွား တော်တော်ဆန္ဒပြင်းပြနေတယ် ထင်တယ်၊ ဒါပေမယ့် ဒက်ဒီက စာပြန်ရေးလိုက်တာကိုး"

မွေ့ ခေါင်းကလေးကုတ်ကာ လိုက်ချင်စိတ် လျော့ပါးနေရသည်။ စိတ်ကမပါ။ တွမ်နှင့်မတွေ့ရတာ တော်တော်ကြာပြီ။ ဖုန်းပဲပြောရတာ။ မွေ့ အရမ်းတွေ့ချင်နေ ကိုယ်တစ်နေရာရာက လာစောင့်ပေးပါမယ်လို့တော့ တွမ်က ပြောရှာသည်။ သို့ပေမယ့် လက်ကလည်းကျိုး . . . နေလည်း မကောင်းသော တွမ့်ကို ဘယ်အပြင်ထွက်ခိုင်းရက်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



တွမ့်အိမ်ကိုလည်း သွားလို့မဖြစ်။ အခုမှ အရမ်းခက်ခဲနေ၏။ ဒွန်ကလည်း ခရီးထွက်နေတာမို့ နုအိကလည်း တစ်ယောက်တည်း မလာဖြစ်။ သည်တော့ မွေ့တစ်ယောက်တည်း တွမ့်ကို တမ်းတစိတ် ပိုနေရချိန်မှာ အခုအခါ လန်ဒန်ကိုသွားရဖို့က သေချာပြီမို့ စိတ်က ပျက်ယွင်းလာရသည်။ ဝေးကွာမှုရဲ့ ခံစားချက်က ဆိုးရွားလှမှန်း မွေ့ ခံစားရသည်။ ကြားလေတောင် အသွေးမခံချင်ကြတဲ့ ချစ်သူဘဝရောက်မှ ပိုမို ဝေးကွာရအောင် ကံကြမ္မာက အကွက်ကျကျ ဖန်တီးရက်လိုက်တာ။ တွမ်ရဲ့ အကြင်နာကလေးတွေ နူးညံ့မှုကလေးတွေကို ခံစားရလို့မှ မပီပြင်သေးဘူး ခွဲခွာရဦးတော့မှာပါလား။ မွေ့ ကံမကောင်းလိုက်တာ။ တွေ့ခွင့်ရဖို့ ခက်ခဲနေမှ တွမ့်မျက်ဝန်းရိပ်အောက်မှာ ထာဝရတည်ရှိချင်စွာ ချစ်မက် တွယ်တာနေမိတာကို ပိုမို သိသာလာရသည်။

"ဒါဆို ထွက်ဖို့ရက်က မလိုတော့ဘူး . . . မွေ့လေး အဆင်သင့်ရှိအောင် အားလုံးစီစဉ်ထားနော်"

မွေ့ မျက်ရည်ကလေး လည်လာသည်။ ချက်ချင်းကြီးပဲ ဖြစ်ပျက်သွားရခြင်းအတွက် ဘယ်သူ့ကို အပြစ်တင်ရမှာလဲကွယ်။ မွေ့နဲ့တွမ် သိပ်တောင်မချစ်ရသေးဘူး။ လန်ဒန်ဆိုတဲ့ တွမ်နဲ့ဝေးကွာတဲ့ တစ်ပြည်ခြားအရပ်မှာ မွေ့ ဘယ်လိုလုပ်ပြီး ပျော်မွေ့နိုင်မှာတဲ့လဲ။ လွမ်းဆွတ်တမ်းတခြင်းများစွာနဲ့ မွေ့ နှလုံးသားကလေး ပျင်းရိနေမှာပါပဲ။ လန်ဒန်ကို မသွားချင်တော့ဘူး။

"မွေ့ မလိုက်ချင်လို့ ရမလားဟင် ဒက်ဒီ"

"ဘာဖြစ်ရပြန်တာလဲ မွေ့လေးကလည်း၊ ဘွားက မွေ့



ကိုမှ တမ်းတမ်းတတ တဖွဖွဖြစ်နေတာ"

"အေးလေ . . . မွေ့လေးကြီးက ဘာပေါက်တာလဲ . . . ကြောင်တောင်တောင်နဲ့"

ကိုလေးတို့က ဝိုင်းပြောကြတာကြောင့် မွေ့ ငြိမ်သွားရလည်း။ ကိုလေးနဲ့ ကိုငယ်ဆို ကပြီးတော့တောင်လိုက်မှာ။ မွေ့ကလည်း တွမ်ဆိုတဲ့ သံယောဇဉ်ကလေး နှောင်ငင်နေလို့ပါ။ မွေ့ကိုနောက်ဆံတင်းစေတဲ့ တစ်သက်လုံး ဖြေလျှော့ရခက်ခဲတဲ့ သံယောဇဉ်နှောင်ကြိုးတို့နဲ့ ထာဝရ ရစ်ပတ်တွယ်ငင်နေတော့မှာ မဟုတ်လား တွမ်ရယ်။ မွေ့ ကိုယ့်ကိုကိုယ်နှင့်နှိုင်းစွာ တွမ်ကလေးကလည်း မွေ့လိုပဲ ရှိနေမှာပဲလို့ အပြည့်အဝ ယုံကြည်ခဲ့မိတယ်လေ။

လန်ဒန်ဆိုတဲ့ ရပ်ခြားမှာ မွေ့ဘဝကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ပြောင်းလဲစေဖို့ ထိတ်လန့်ချောက်ချားဖွယ်ရာ ဓန္ဒ အိပ်မက်ဆိုးကြီးတစ်ခု မြင်မက်ခံစားရတော့မယ်လို့ မွေ့ ကြိုတင် မသိမြင်နိုင်ခဲ့ဘူး။

"ဟဲ . . . ဟဲ၊ မူကြည့်တာပါ၊ လန်ဒန်ကို ရောက်ဖူးတာ ဒက်ဒီနဲ့ မွေ့ပဲ ရှိတယ်နော်၊ ဒီအိမ်ကလူတွေ တောသားတွေ . . . မာမီနဲ့ မမိုးကလွဲလို့"

"ဟား . . ဂျလည်မလေး၊ ဘာထူးလဲ . . . မာမီနဲ့ မမိုးလည်း ပါတာပဲ၊ နင်စော်ကားတာ သိလား . . . မာမီ မာမီကို တောသားတဲ့ တပြတ်နှိပ်လိုက်ပြီ"

ကိုလေးက မာမီနဲ့ လှည့်တိုက်ပေးသည်။ မာမီက ပြုံးမျက်စောင်းကလေးခွေရင်း . . .

"ညည်းကလေးသာ လန်ဒန်သူကလေး ဖြစ်မလာစေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နော် . . . ဖီဘီကိတ်စ် ဖီဘီကိတ်စ်ဆိုပြီး တွမ်ခရစ် တွေ ဘာတွေလည်း သယ်ချမလာနဲ့ဦး"

"ဟာ . . . မာမီကြီးက တွမ်ခရစ်တွေ ဘာတွေ သိတ ပါလား"

မွေ့ မာမီ့ခါးကို ပြေးဖက်ရင်း အော်လိုက်၏။

"မာမီ့ကိုများ တောသားများ ပုတ်နေသလားနော် . . . ဒက်ဒီကြီးကို ခေတ်မီမီအဝတ်တွေ ဘယ်သူ ဆင်ပေး တာလဲ"

မာမီက ဒက်ဒီ့ကို ခပ်ထေ့ထေ့ကြည့်ရင်း ဆိုတော့ အားလုံးက ဝိုင်းရယ်ကြသည်။ မာမီက ခေတ်နှင့်အမီ လိုက်နေ တတ်ပေမယ့် တွမ်ခရစ်ကို သိနေတော့ ခေတ်မီလွန်းသွားပြီ နောက်ပြီး မွေ့ကို တွဲနောက်တာမို့ ကိုလေးတို့များ ပြောပြထား သလားမသိ။ ကိုလေးတို့က မွေ့ သူငယ်ချင်း တွမ်ဆိုတာကို မသင်္ကာဟု အချင်းချင်း ပြောနေသံကို မွေ့ကြားခဲ့ရသည်။ မမိုးကိုကျိတ်ကာ စုံစမ်းခိုင်းနေသည်။ မွေ့ပဲ . . . သူတို့ထက် နပ်တာမို့ တွမ့်အတွက် ဒိုင်ယာရီကလေးကို ခဲရာခဲဆစ် ဝှက် ထားရသည်။ တံခါးကို အစဉ် သော့ခတ်ထားခြင်းဖြင့် သူတို့ အလွယ်တကူ အခန်းထဲဝင်ကာ စစ်ဆေးရေးဝင်ဖို့ကို ကာ ကွယ်ထားလိုက်သည်။ စိုးမိုးကိုတော့ မေးမှာမဟုတ်။ စိုးမိုးကို ကိုလေးတို့က မကြည်။ ကွယ်ရာမှာ အခြောက်ဟုအမည်ပေး ရင်း မိန်းမဆန်သော စိုးမိုးစိတ်ထားကို အော့ကြောလန်တာမျှ ခပ်ကြည်ကြည်ပင် နေကြလေသည်။

"မာမီ . . . မွေ့ သွားရင် မွေ့ကို လွမ်းမှာလား"

"လွမ်းမှာပေါ့ မွေ့လေးရယ်"

BURMESE CLASSIC .com



မွေ့ တဟိဟိရယ်ရင်း တွမ်လည်း မွေ့ကို လွမ်း မှာပဲဟု တွေးစိတ်ကလေး ရင်ဝယ် ဝင်ရောက်လာကာ အရယ် လျော့သွားရသည်။ တွမ် နေမကောင်းချိန်မှာ မွေ့ ကင်းကင်း ရှင်းရှင်း သွားနိုင်ပါ့မလား။ ဖြစ်နိုင်ရင်တော့ တွမ် ပြီးပြီးစီးစီး နေကောင်းမှပဲ မွေ့ သွားချင်တာပါ။ လက်ကျိုးကလေးနှင့် တွမ့်ကို မွေ့ထားရက်ဖို့ စိတ်မကောင်းနိုင်ဘူးကွယ်။ ကြိုတင် မြင်နိုင်စွမ်းမရှိတဲ့ ကံကြမ္မာတွေကိုသာ မွေ့ မြင်နိုင်ခွင့်ရခဲ့ရင် လန်ဒန်ကို အလည်ရောက်သွားဖို့ လုံးဝစိတ်ကူးမိမှာ မဟုတ်ဘူး ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသော အင်းလျားကန်စပ်ကို တွမ်
ပြိုင်ဘီးကလေးနှင့် ရောက်လာခဲ့သည်။ မြတ်နိုးစရာကော
လှစွာ ဖြူစင်ကြည်လင်နေသော ချစ်သူ့မျက်နှာကို မြင်တော
ခွဲစကားကို ပြောမထွက်တော့။ တွမ် ယုံတောင်ယုံတောင်
မဟုတ်ဘူးနော်။ တွမ်နဲ့ မတွေ့ရတဲ့ ကာလအတွင်းမှာ ပြော
လဲခြားနားသွားမှုကို တွမ် မချင့်မရဲ အံ့ဩနေတော့မှာ။

စွပ်ကျယ်နက်နက်နှင့် အဖြူရောင်ဘောင်းဘီ
ဝတ်လာသော တွမ်နှင့်အပြိုင် မွေ့ကလည်း ရှပ်အင်္ကျီအစ
ပွပွလက်တိုနှင့် ဂျင်းဘောင်းဘီဝတ်ထားသဖြင့် တွမ်က တ
ဩဩ စိုက်ကြည့်နေခဲ့သော်လည်း . . . ။

ပြီးတော့ မြက်ခင်းစပ်မှာထိုင်ချလျက် မွေ့
မျက်နှာကလေးကို ဖူးခနဲ လေနှင့်မှုတ်လိုက်ပြီး . . .

"ချစ်သူနဲ့ ချိန်းတွေ့တဲ့ ပုံစံကလေးလားကွာ"

ဟု စိတ်ပျက်သလို ဆိုပေမယ့် ချစ်စနိုးပုံ
ကလေး ဖြစ်နေကာ ရယ်ဟဟကလေးဖြစ်နေသည်။ တွမ်
သွားမနေသေးတာမို့ လန်ဒန်သွားရတော့မည့်ကိစ္စကို မထွ



ရက် ဖြစ်နေ၏။ တွမ့် အရယ်ကလေးတွေ အပျော်ကလေး
တို့ ဘာအကြောင်းနဲ့မှ ခွဲမယူရက်ပေ။ သည်ကိစ္စ ပြော
လျှင် အနည်းနဲ့အများတော့ တွမ် ငိုင်တွေသွားရှာမှာ။
လည်း မွေ့လိုပဲ ဘယ်ခွဲနိုင်ဦးမှာလဲ။

"ကြည့်လှချေလား မွေ့"

"မတွေ့ရတာကြာလို့ လွမ်းလို့ပါ"

တွမ်က အင်းလျားရေပြင်ဆီ ငေးရီကြည့်
. .

"မွေ့လေးက လွမ်းတတ်လို့လား"

"အထင်သေးရက်လိုက်တာကွာ . . . မွေ့ အမြဲရယ်နေ
တတ်လို့ မငိုတတ်ဘူး ထင်နေလား၊ မွေ့ တွမ့်ကြောင့်
ခဏခဏငိုရတယ် သိလား၊ အဲဒါလွမ်းတာလို့ ခေါ်
တယ် . . . ပြီးတော့ တွမ့်ကို အဟမ်း . . . ချစ်လို့"

တိုးတိုးကလေး ပြောကာ ရှက်သွားရရင်း
တ်လုံးကလေး မှိတ်ထားမိသည်။ တွမ်က မွေ့ နှုတ်ခမ်း
လေးကို လက်ညှိုးကလေးနှင့် လာတို့ရင်း ခပ်ဖွဖွ ရယ်နေ
သည်။

"မွေ့ အရမ်းချွဲတတ်တာပဲ . . . ငချွဲကလေး၊ ကိုယ်
သိပ်ချစ်လာအောင် ချွဲပြနေတယ်နော်"

လူကြီးစတိုင်ကလေးနှင့် တွမ်က အသံကို ဩဩ
လေးလုပ်ကာ ပြော၏။ တွမ် သိပ်ပျော်နေပုံပဲ။

"တွမ် ပြန်ရင် အလာတုန်းကလို လက်နှစ်ဖက်လွှတ်ပြီး
မစီးနဲ့နော် . . . မွေ့ အရမ်းအသည်းယားတာပဲ"

"ဆယ့်နှစ်နှစ်ကတည်းက ပြိုင်ဘီးစီးလာတာကွ၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်တောင် နင်းနိုင်သေးတယ်၊ အီးဇီးပဲ . . . ကြ
လား လုပ်ပြမယ်"

"ဟမ်း . . . မလုပ်နဲ့"

"ဝရုတ်ကလေးကလည်း ကြောက်တတ်သားပဲ၊ ဇ
သေသွားရင် မွေ့ ငိုမှာလား"

"ဟာ . . . တွမ် . . . ဘာတွေပြောနေတာလဲ၊ ဖွ
တကယ်ပဲတော် . . . မပြောကောင်းဘူးကွ"

မွေ့ ပျာရာခတ်သွားပုံကိုကြည့်ကာ တွမ်
အော်ရယ်သည်။

"မွေ့လေးက ချစ်တတ်သားပဲ"

"ခုမှသိလား . . . မယုံဘူးလားဟင်"

"ယုံပါတယ် . . . ဒါပေမယ့် မွေ့ ပုံစံကလေးက ဇ
ကလေး . . ."

"ပေါ့ပေါ့ကလေးဆိုတော့ သိပ်ချစ်တတ်မယ်လို့
မထင်ခဲ့မိဘူး . . . ကိုယ်ကတော့ အရမ်းချစ်တာ"

"မွေ့ကို တွမ် အရမ်းအထင်သေးတာပဲ၊ တွမ့်ကိုလ
မွေ့ မယုံပါဘူး၊ မှုန်ကုတ်ကုတ်နဲ့ တစ်လောကလုံး
စားစရိတ်ထောက်နေရတဲ့ မျက်နှာမျိုးကြီးက သိပ်
တတ်ပါ့မလား၊ မယုံရပါဘူး"

မွေ့က ရယ်ဖြဲဖြဲကလေးပြောတော့ တွမ်
မျက်လုံးပြူးပြကာ . . .

"ဆွဲထိုးမှာနော်၊ မတရားမပြောနဲ့ ကိုယ် အရမ်းချစ်
ကို မထိခိုက်နဲ့ . . . တခြားဟာ ကြိုက်တာပြော
နောက်နဲ့"



"ဟေး ဟေး ဒေါသထွက်ပုံကြီးကလည်း မပီပြင်လိုက်
တာ . . . အတင်းလွန်သွားတော့ အီးပေါလောကြီးဖြစ်
သွားရော . . . မကြောက်ဘူးနော် . . . လုံး၀"

မွေ့ လက်ကလေးခါလျက် ပြောတော့ တမင်
င်းပုံပြုကာ မျက်ဝန်းတွေ ရယ်နေသော တွမ့် မျက်နှာက
ပြုံးဖြစ်လာသည်။ မွေ့ကျောမှ ဆံပင်တွေကို ခေါင်းမှကျော်
အရှေ့ကိုဖွကာ ချပစ်ရင်း မွေ့ငယ်လေးဟုမချင့်မရဲ
လေး ပြောသည်။ တွမ် သိပ်ချစ်လာလျှင် မွေ့ငယ်သေးဟု
ကြိတ်သံကလေးနှင့် ပြောတတ်ကာ အဲသည် နာမည်
လေးကို တွမ် ခေါ်ဖူးတာ မှတ်မှတ်ရရ သည်တစ်ခါပါဆို
လေးခေါက်ရှိခဲ့ပြီ။

"ကလေးလေးပုံစံတွေ သိပ်မလုပ်ပါနဲ့ မွေ့လေးရာ . . .
သိပ်ချစ်ဖို့ကောင်းနေတယ်"

တွမ့်နှုတ်ခမ်းကလေး အနည်းငယ်ခပ်စူစူဖြစ်
သွားလျက် မျက်လုံးများ မှေးစင်းသွားတာမို့ မွေ့ ရင်ခုန်စွာ
ရယ်မောလိုက်မိလေသည်။

အဲသည်နောက်တော့ မွေ့တို့ ဘာစကားမှ သိပ်
ထူးထူးထွေထွေမပြောဖြစ်ကြဘဲ တိတ်ဆိတ်စွာ တစ်ယောက်ကို
တစ်ယောက် ခိုးဝှက်ငေးမောကြည့်ကြလျက် မျက်လုံးချင်း
ဆုံမိသွားလျှင်တော့ ရှက်စနိုးတွေ ရယ်မောမိကြလေသည်။
အတော်လေးကြာအောင် ငြိမ်သက်နေကြတော့မှ မွေ့ က
ပျင်းလာကာ . . .

"စကားပြောလေ တွမ် . . . ပျင်းစရာကောင်းလိုက်
တာ"

www.burmeseclassic.com

www.burmeseclassic.com



"မွေ့ကို အမှတ်တရ တစ်ခုခုပေးဖို့ စဉ်းစားနေ... ယူမလား"

တွမ့်မျက်နှာမှာ အနည်းငယ်ရှင်ပျလျက် သွား... လေးတွေပေါ်အောင် ပြုံးနေတာမို့ မွေ့ပါ လိုက်ရယ်ကာ...

"ဘာပေးမှာလဲ"

"ခဏ မျက်စိမှိတ်ထား"

မွေ့က ဒူးခေါင်းပေါ် မျက်နှာဝှက်ချလိုက်သ... ခဏအကြာမှာ တွမ်က မွေ့ခေါင်းကလေးကို ဆွဲထူပြီးပြုံး... နှင့် ...

"ရော့ ..."

ဟု မွေ့ကို လက်သီးဆုပ်ကလေး လှမ်း... လေသည်။ မွေ့က လက်သီးဆုပ်ကို ဖြေဖွင့်လိုက်တော့ ...

"ဟင် ... သွားကြီး"

မွေ့က တအံ့တသြ မရှုရွတ်လိုက်သောအခါ ... ကတဟိဟိ ရယ်မောနေတော့သည်။ ရယ်နေတော့မှ ... နှုတ်ခမ်းထောင့်စွန်းနားက အောက်သွားကလေး မရှိတာကို... မြင်ရတော့သည်။ တွမ့်ပုံစံကလေး ရယ်စရာ ချစ်... ကောင်းလှတာမို့ မွေ့ပါ ရယ်မောမိလျက် ...

"သွားကျိုးလေးတော့ ... ဟိဟိ ... ရယ်စရာ... နော်"

"ဒီသွားက စိုးမိုးနဲ့ ရန်ဖြစ်ကတည်းက နဲ့နေ... ဟိုတစ်နေ့က ပန်းသီးလည်းကိုက်လိုက်ရော ကျွတ်... ကျိုးသွားလို့ အခု ပြန်စိုက်ထားရတာ"

စိုးမိုးကိုမျက်သွားသောစိတ်ကို တွမ့်ကို ချစ်...



...နေသောစိတ်က ဖုံးလွှမ်းထားတာမို့ စိတ်အနှောင့်အယှက် ...တော့ဘဲ ...

"ခုနေသာ မွေ့ ဒီသွားလေးကို ခိုးပြေးလိုက်ရင် တွမ်တော့ သွားကျိုးလေးနဲ့ အိမ်ပြန်ရတော့မှာ ... ခိခိ၊ တကယ် ယူသွားရမှာလား"

မွေ့က သွားကို ယူထားသဖြင့် တွမ်က သွေးသွား ...ကပ်ကလေးနှင့် လိုက်တို့နေတော့သည်။ ဘယ်လောက် ...စရာကောင်းလိုက်သလဲနော်။ မွေ့တို့ နှစ်ယောက် ပုံစံက ...သူအတွဲဆိုတာမျိုးနှင့်တောင် မတူလှပါ။ ကလေးငယ် ...တွေလို ... မောင်နှမကလေးတွေလို ရိုးသားဖြူစင်ခဲ့ကြ ...သည်နော်။

ဒါဆို တွမ်ဟာ မွေ့ ဘာကိုမှ မရိပ်မိစေရလောက် ...အောင်ကို ပိရိသေသပ် ဟန်ဆောင်ကောင်းခဲ့သည်ပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၁၆)

မင်းအချစ်တွေယူပြီး အဝေး . . . မင်း ထွက်မသွာ
နဲ့ . . . မင်းရှိမှ ကိုယ့်ဘဝလေး . . . လှနေပါတ
မင်းအပါးက ခွဲသွားဖို့ . . . မတွေးချင်တယ် . .
ဩော် . . . အမြတ်မန်းပဲ ချစ်ပါရစေကွယ် . . . မ
အချစ်တွေ ယူ ထွက်မသွားနဲ့ . . . မင်းမရှိတဲ့ အ
များရယ် . . . ဘဝအဓိပ္ပာယ် ဝေးသွား . . . မင်း
တဲ့ နေ့ရက်များ . . . မတွေ့ရပါစေနဲ့ . . .

ဂစ်တာတီးလျက် သီချင်းဆိုနေသော တွ နှုတ်ခမ်းကလေးအောက်မှာ မွေ့ နစ်မျော ပျော်ဝင်လာရ သည်။ သြရှသော အသံကလေး ပိုင်ဆိုင်သော ထိုသူငယ် လေးသည် ထိုအသံတွေနှင့်ပင် မိန်းမငယ်တစ်ယောက် ရစ်ပတ်နှောင်ဖွဲ့နိုင်သည်လားနော်။ မွေ့ ကြည်နူးသာယာ စေအောင် တွမ် ဆွဲဆောင်ထားနိုင်သည်ပဲ။

လူသူ တိတ်ဆိတ်အေးချမ်းသော ခြံကျယ်ထဲ တွမ့် ဂစ်တာသံက လှပစွာ ပျံ့လွင့်နေတာ။ အဆိုပြီးသွာ အတီးအပိုဒ်ကို ရောက်လာတော့ လက်များက လှုပ်ရှားလှ နှုတ်ခမ်းကလေးစေ့ရင်း တွမ်က မွေ့ကို မျက်လုံးလှန်



ခုံးကလေး ပင့်ပြသည်။ တွမ့်ကို စူးစိုက် ငေးကြည့်နေမိ ာ မွေ့က ရှက်သွားရကာ ထိုင်နေရာမှ ဆတ်ခနဲထရင်း င်းစားခန်းထဲ ပြေးဝင်လိုက်၏။ တွမ့် သီချင်းသံရပ်ကာ က ခပ်တိုးတိုး ရယ်နေသည်။

"တွမ်ရေ . . . မွေ့ ထမင်းခူးတော့မယ်"

"ကောင်းပြီ . . . လာကူရဦးမလား"

"ရတယ် . . . မွေ့ ခူးတတ်တယ်"

သည့်ခြံမှာ စိုးမြတ်တို့ ခြံစိုက်ကာ အပင်မျိုး . . . ပန်းမျိုးစုံ စုံလင်လှသည်။ ကျောင်းပိတ်တိုင်း စိုးမြတ်တို့ ည်မှာပဲလာနေတတ်တာကို တွမ် ပြောပြဖူးကာ . . .

"မွေ့ သွားချင်လား . . . အရမ်းစိတ်ချမ်းသာဖို့ ကောင်းတယ်"

ဟု ပြောတာမို့ လာဖြစ်သွားခြင်းဖြစ်သည်။ ခြံ လုပ်သမားတွေနှင့် ထမင်းချက်အဒေါ်ကြီးပဲရှိတာမို့ လွတ် ပ်လှသည်။ တွမ်တို့က မကြာခဏရောက်နေကျ။ အဒေါ်ကြီး အတူ ခိုသားဆီပြန်ချက်ကို မမို့ သင်ပေးထားသောနည်း တိုင်း မွေ့ကချက်ကာ အဒေါ်ကြီးက ထောပတ်ထမင်းချက် ။ တာလချောင်ကြော်၊ တစ်ဆယ့်နှစ်မျိုးဟင်းချိုတွေ စုံစုံ င်လင် ပြင်ဆင်ပြီးသွားတော့မှ တွမ်တို့ကိုခေါ် ရန် အိမ်ရှေ့သို့ က်စဉ်မှာ . . .

"အခု မင်းပုံစံက သူ့ကို ရေလည်စွဲနေပါပြီ၊ အပြတ် မပြတ်နိုင်တော့ဘူး မဟုတ်လား"

စိုးမြတ်အသံကြောင့် မွေ့ ခြေလှမ်းတုံ့ကာ စိတ် င်စားသွားရသည်။ မွေ့ကွယ်ရာမှာ တွမ် မွေ့အကြောင်းဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောမလဲ သိချင်တာမို့ ရှိုးကေ့စ်ကလေးနောက်မှာ တိတ်ဆိတ်ကလေးထိုင်ချလိုက်ကာ နားစွင့်လိုက်၏။ တွမ့်ဘက်က ဘာသံမှမကြားရ။ တဟင်းဟင်း အသံကလေးထွက်နေသည်။

"မင်း သူ့ကို ပညာပေးမယ်ဆို"

"ဟင် . . ."

မွေ့ ဆတ်ခနဲ ထသွားကာ အံ့ဩစိတ်နှင့် မျက်ဝန်းကလေး လဲ့သွားရသည်။ တွမ်က မွေ့ကို မြင်သွားကာ လှမ်းရယ်ပြရင်း . . .

"စားတော့မလား မွေ့"

တွမ်က ထူးထူးခြားခြား ဘာမှဖြစ်ပုံမပြပေမယ့် စိုးမြတ်က မျက်နှာပျက်သွားသည်။ မွေ့ တအံ့တဩ ထရပ်သွားမိခြင်းအပေါ် နောင်တများစွာ ရသွားမိသည်။ မွေ့သာ သွေးမလွယ်ဘဲ ငြိမ်သက် ဆက်နားထောင်နိုင်ဖို့ စိတ်ရှည်မှု အလောက် မွေ့လိုက်မိရင် စိုးမြတ်ကို စကားပြန်မယ့် တွမ့်ဆကြံစည်မှုကို သိရမှာ။ မွေ့ဟာ ကလေးတစ်ယောက်လိုပဲ လှည့်ဖျားမှုမာယာဆိုတာကိုလည်း ဘာမှ နားမလည်ဘူးနော်၊ မွေ့ကို ပညာပေးတာတို့ ဘာတို့လည်း မကြံစည်ပါနဲ့ကွယ်၊

အလျင်က မွေ့ပျော်ပါးခဲ့ဖူးတာ . . . ယောက်ျားလေးတွေကို အငြင်းမတတ်လို့ အငြိုးအတေး အကြည့်ခံရတာတွေမှန်ပေမယ့် တွမ့်မာနကို ထိခိုက်စေမယ့်အဖြစ်မျိုး မွေ့ တစ်ခါမှ မကျူးလွန်ခဲ့ပါဘူးနော်။ အို . . . တွမ်ကလည်း မွေ့ကို သည်လို ပစ်ပစ်ခါခါ ကြံစည်မှာ မဟုတ်ပါဘူး။ တွမ့်မျက်နှာကလေးက ဖန်သားကလေးလို ကြည်လင်စင်လဲ့လို့နော်။



သံသယကို ချက်ချင်းပင် ချစ်စိတ်နှင့် ချေဖျောက်ပစ်လိုက်ကာ စိတ်ချမ်းသာလိုက်သည်။ အတွေးနဲ့တောင်မှ သံသယမထားရက်လောက်အောင် ယုံကြည် ကိုးစားလွန်းရတာပါ တွမ်ရယ်။

"ဟာ . . . မွေ့ကလေးက လက်ရာ ကောင်းလှချေလား . . . ထင်တောင် မထင်ဘူး၊ ကလေးလေးက ဟင်းတွေ ဘာတွေ ချက်တတ်တယ်ကွ"

"အံမယ် . . . တွမ်က မွေ့ကို အထင်သေး ရှုထောင့်ကနေ အမြဲကြည့်နေတာကိုး . . . အဲဒါ မွေ့ မျက်စိမှိတ်ပြီး ချက်ထားတာ . . . မိုင်နာပဲ ရှိသေးတယ်၊ မေဂျာလာရင် တွမ် အံ့ဩလွန်းပြီး အသက်တောင် ထွက်သွားနိုင်တယ်"

"အပိုပြောတာလည်း ဗရုတ်တစ်ပါးပဲ . . . အံ့ဩလို့ သေတဲ့မသာ မရှိသေးဘူး . . . သိလား မွေ့လေး"

တွမ်က ခိုသားတုံးကို ခက်ရင်းနှင့် အသားမျှင်နွှင်ကာ မွေ့ပန်းကန်ထဲ ထည့်ပေးရင်း မျက်လုံးကလေးမှေးကာ ပြော၏။ မွေ့ မခံချင်ဖြစ်သွားပုံကလေး လုပ်လိုက်ရင်း ကြည့်နေပေ့ါဟု ပြောကာ နှုတ်ခမ်းကို ချွန်ထားလိုက်သည်။ မွေ့ကို အစဉ်အမြဲ ကလေးလို လာဆက်ဆံပြကာ အထင်ကြီးပုံ သိပ်မပြတတ်သော လူကြီးစတိုင် သိပ်ဖမ်းတတ်သော တွမ့်ကို မျက်ဝန်းကလေး စွေနေအောင် စောင်းကြည့်ရင်း မချေမနပ်ပုံ ပြထားလိုက်သည်။ ဒါမှ မွေ့ကို အထင်မသေးတော့မှာ။

"ချစ်လို့ စတာပါ"

ထမင်းစားအပြီး ခြံထဲဆင်းလျှောက်စဉ်မှာ တွမ်

www.burmeseclassic.com

www.burmeseclassic.com



က အနားကပ်ကာ တိုးတိုးကလေးပြောသည်။ မွေ့စိတ်ညစ်နေမိတာက လန်ဒန်သွားရတော့မည့် ကိစ္စပါ။ တွမ်ကို ပြောမထွက်ရက် ဖြစ်နေတာကို ဘယ်လိုမှ အားတင်းလို့မရ။ တွမ်နဲ့ခဏတာ ဝေးရမယ့်ဖြစ်စဉ်ကလေးအတွက် မွေ့ သည်လောက်ပင် ဆို့နင့်ခဲ့ရတာပါ တွမ်ရယ်။ တစ်သက်တာ မေ့ပျောက်ဖို့ကိစ္စကို ဘယ်လိုမှပင် မတွေးရက်လောက်အောင် ဖြစ်ခဲ့ရတာပါ။

"လာထိုင်လေ မွေ့လေး . . . စိတ်ကောက်နေတာလားကွာ . . ."

ပန်းစင်တွေနှင့် သစ်ခွတန်းတွေအကြားမှ မြက်ခင်းစိမ်းကလေးထဲမှာ ချခင်းထားသော ကြိမ်ခုံဝိုင်းဝိုင်းကြီးတွေပေါ် ဝင်ထိုင်ရင်း တွမ်က ခေါ်သည်။ စပို့ရှပ်အဖြူနှင့်အနက်စင်းကလေးကို ဘောင်းဘီအဖြူရောင် ပွပွကလေးနှင့်လှပစွာ ဝတ်ထားတတ်သော တွမ့်ပုံစံကလေးကိုကြည့်ကာ ခွဲရမည့်အတွက် ကြိုတင် လွမ်းဆွတ်လာရသည်။

"စိတ်ကောက်ဖို့ စိတ်ကူးမနေနဲ့နော် . . . မချော့ဘူး"

ပြောရင်း ဖဲပြားကလေး သိုင်းထားသော မွေ့ရဲ့ဦးထုပ်ကလေးကို ခေါင်းပေါ် လာဆောင်းပေးသည်။ မွေ့ ခေါင်းငုံ့လိုက်ရင်း . . .

"မွေ့ လန်ဒန်သွားရတော့မယ် တွမ်"

"ဟာ . . . ဘာဖြစ်လို့လဲ"

တွမ်က အရမ်းပဲ အံ့သြသွားဟန်နှင့် ခပ်လျှော့လျှော့မှီနေရာမှ ဆတ်ခနဲထကာ ကမန်းကတန်း ထမေးသည်။

"မွေ့အဘွား နေမကောင်းလို့ . . . သူက ခေါ်နေလို့ မွေ့ သိပ်မသွားချင်ဘူးကွာ . . . တွမ့်ကို အမြဲတွေ့နေ



ချင်တာ . . . မခွဲနိုင်သေးဘူး"

"အဘွားက လန်ဒန်မှာ ဘာလုပ်နေတာလဲ . . . မြန်မာပြည် ပြန်မလာတော့ဘူးလား"

"အဘွားရင်း မဟုတ်ဘူး . . . ဒါပေမယ့် အဘွားရင်းလို အရမ်းချစ်ခဲ့ဖူးတာ . . . ဒက်ဒီ လန်ဒန်သွားတုန်းက ခင်မင်ခဲ့ကြတာ"

"ဟာကွာ . . . လွမ်းဇာတ်လမ်းတွေ ဖြစ်တော့မှာပဲ"

စိတ်ပျက်သွားဟန်နှင့် နောက်မှီပေါ် ပြန်လှဲချရင်း ကောင်းကင်ပေါ် မော့ကြည့်နေသည်။ မျက်နှာကလေးတည်သွားကာ မျက်ဝန်းကလေးမှိုင်နေတာကြောင့် မွေ့ စိတ်မကောင်းနိုင်။ တွမ့်မျက်နှာကလေးကို စိုက်မတ်စွာ ငေးကြည့်ရင်း . . .

"တွမ် စိတ်မကောင်း ဖြစ်သွားတာလားဟင်"

"အင်းပေါ့ မွေ့ . . . ကျောင်းပိတ်ရက်တွေကို နှစ်ယောက်သား ဒီလိုပျော်ရင်း ကုန်ဆုံးရမယ် ထင်နေတာ၊ ကိုယ်တော့ အထီးကျန်ရဦးတော့မှာပဲ"

ဆံပင်တိုတိုကလေးတွေကို သပ်တင်ရင်း လက်ကို နားသယ်စပ်မှာ ထောက်ထားကာ ဒူးပေါ် ထောက်ထားရင်း ညည်းညူနေ၏။

"ဘယ်တော့လောက်လဲ . . . ကြည့်ရတာ တော်တော်နီးနေလောက်ပါပြီ၊ ဟုတ်တယ်မဟုတ်လား . . . မွေ့မျက်နှာရှုံ့နေကတည်းက သွားပြီ"

"နောက်အပတ်ထဲ သွားရလိမ့်မယ် အားလုံးအဆင်သင့်ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဆွေးပြီကွာ"

ရှုံ့မဲ့ကာပြောရင်း တွမ့်မျက်နှာ ပျက်ယွင်းလာသည်။ ခွဲခွာဖို့အတွက်ကို ရင်မဆိုင်ရဲလောက်အောင် တွမ့် ထိခိုက်နေမှာပါပဲ။ တွမ် မွေ့ကိုမခွဲနိုင်ဘူးပေါ့နော်။ အဲဒါ မွေ့ကို ချစ်လို့ပေါ့။

"ကဲ ကဲ . . . ပြန်မယ်ကွာ . . . ကိုယ့်ရင်ထဲ မကောင်းဘူး . . . အရမ်းအောင့်နေတယ်"

မွေ့ကို ကျောခိုင်းထားကာ ရပ်ရင်း ဘောင်းဘီ အိတ်ထဲ လက်နှိုက်ကာ ခပ်ယိုင်ယိုင် ရပ်နေသည်။

"တွမ် မွေ့ကို စိတ်ဆိုးမှာလားဟင်"

"မဆိုးပါဘူး . . . ဘာဆိုင်လဲ၊ ကိုယ် ထိခိုက်မိရင် ဟန်မဆောင်တတ်ဘူး၊ တစ်ခုခု လုပ်လိုက်ရမှ . . . ပြန်မယ်၊ ဒါကြောင့် ပြန်တာ"

ပြောပြီး သူ့ကားဆီ လှည့်ထွက်သွားသည်။ မွေ့ကပဲ စိုးမြတ်တို့ကို သွားနှုတ်ဆက်လိုက်ကာ ကားလေးဆီ သွားရ၏။ တကယ်မခွဲနိုင်တာကို မွေ့လည်း ခံစားရတာပါပဲ။ မွေ့ ငိုမိတော့မယ် တွမ်ရယ်။ အပြီးခွဲရမှာမှ မဟုတ်တာလို့ တွမ့်ကို နှစ်သိမ့်ချင်လိုက်တာ။ ဒါပေမယ့် နားလည်ရခက်ခဲတဲ့ တွမ့် စိတ်ထားကလေးကြောင့် မွေ့ ဘာမှမပြောဖြစ်တော့ပါ။ ပေါက်ကွဲလွယ်တတ်တော့လည်း တွမ်ပဲ။ စိတ်တိုမှုန်ကုပ်တတ်တော့လည်း တွမ်ပဲ။ စိတ်ရှည်သည်းခံတဲ့အခါကျတော့လည်း တွမ်ပဲ။ ရယ်ရွှင်တတ်တော့လည်း တွမ်ပါပဲ။ သဏ္ဌာန်ပြောင်းလဲမှုတွေများစွာနဲ့ တွမ့်ကို မွေ့ နားမလည်နိုင်ခဲ့တာတော့ အမှန်ပဲ တွမ်ရယ်။



အဲသည်နေ့က ကျောခိုင်း လက်တွဲဖြေခဲ့ကြခြင်းဟာ နောက်ဆုံး နှုတ်ဆက်ခြင်း ဆိုတာကိုလည်း မွေ့ ယောင်ယောင်ကလေးတောင် ဦးနှောက်ထဲ မဝင်ခဲ့မိပါဘူး။ မွေ့တို့ သည်လောက် အလွယ်တကူကြီး ခွဲခွာဖြစ်လိုက်ကြလိမ့်မယ်လို့ မယုံကြည်မိပါဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com



မွေ့ ရင်မဆိုင်ချင်သော ထိုကာလသည် တွမ်နှင့် မွေ့ ထပ်မံမတွေ့ဖြစ်တော့သည့် အတောအတွင်းမှာ ပေါ်ပေါက်လာခဲ့လေသည်။

မွေ့တို့ တွေ့ဆုံပြီး နောက်တစ်နေ့မှာ တွမ်က သူ့ဖေဖေနှင့်အတူ မန္တလေးသို့ ခရီးထွက်သွားခဲ့ရသည်။ အဲသည်တုန်းက ဖုန်းထဲမှာ ...

"မန္တလေးမှာ ကိုယ့်မေမေ ရှိတယ်လေ မွေ့ ... ကိုယ်ကျောင်းပိတ်တိုင်း မေမေနဲ့ တစ်နှစ်တစ်ခါ တွေ့ခွင့်ရတယ်၊ ဖေဖေကတော့ အလုပ်ကိစ္စနဲ့ပါ ... ဟိုမှာ တစ်ပတ်လောက်ကြာလိမ့်မယ်၊ မွေ့ ထွက်သွားတာကိုတောင် ကိုယ်မိတော့မယ် မထင်ဘူးနော်၊ ကိုယ် သိပ်သတိရနေမှာပဲကွာ ... ဟိုကနေ စာတော့ရေးနော်"

ဟု အနည်းငယ် တိုးအက်သောလေသံလေးဖြင့် မှာကြားခဲ့သည်။ ဘယ်လောက် နာကျင်ထိခိုက်ဖွယ် ကောင်းလှတဲ့ တိုက်ဆိုင်မှုလည်း ဆိုတာနော်။ မွေ့ မြန်မာပြည်ကနေ ထွက်ချိန်မှာ တွမ်က မွေ့အနီးအနားမှာ ရှိမနေခဲ့။ သည်က မထွက်သေးခင် ရက်တွေမှာလည်း တွမ်နှင့် တွေ့ခွင့်မရတော့ သည်လောက် ကြေကွဲဖွယ်ကောင်းလှသော ခွဲခွာမှုကို ဘယ်သူကများ ဖန်ဆင်းလိုက်ပါလိမ့်ကွယ်။



မွေ့ ငိုကြွေးမိတော့ တွမ်က စိတ်ထိခိုက်သော အသံမျိုးဖြင့် နှစ်သိမ့် ချော့မော့ပေးခဲ့သေးသည်။ အဲသည်နောက် ဖုန်းချ နှုတ်ဆက်ခဲ့သည်မှာ ဆုံးခန်းတိုင်အတွက်ဟု ဘယ်သူထင်မြင်မိခဲ့မှာလဲ။

မွေ့တို့ လေယာဉ်ကွင်းဆင်းတော့ လိုက်ပို့တဲ့ လူတွေထဲမှာ တွမ် ပါခွင့်မရဘဲ မုန်းစရာကောင်းသော စိုးမိုးသာ ပါလာလေသည်။

"စိုးမိုး ... ရှင်မွေ့ကို လိုက်ပို့မယ့်အစား အိမ်မှာ အိပ်နေတာကမှ အိပ်ရေးဝဦးမယ် ... သိလား၊ မွေ့ကို လိုက်ပို့စေချင်တဲ့ စာရင်းထဲမှာ ရှင် မပါဘူး"

စိုးမိုး၏ ပြုံးနေသော မျက်နှာမှာ ဖျတ်ခနဲ တည်သွားပြီး မျက်လုံးများက အငြိုးကြီးသူ တစ်ယောက်လို တောက်ပလာတော့သည်။

"မွေ့ကသာ တွမ့်ကိုမျှော်နေတာ ... ဒီကောင် ခုလောက်ဆို မန္တလေးမှာ ချစ်သူဟောင်းနဲ့ ပြန်ငြိမ့်နေလောက်ပြီ ... မွေ့ကို တကယ်ချစ်တယ်ဆိုရင် မွေ့ကို လေယာဉ်ကွင်းလိုက်ပို့ပြီးမှ မန္တလေး မသွားသင့်ဘူးလား ခုတော့ ..."

"စိုးမိုး ... ကျေးဇူးပြုပြီး ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ"

မွေ့ မုန်းတီးစွာ အော်ဟစ်ပစ်လိုက်သည်။ စိုးမိုး၏ ပြုံးနေသော နှုတ်ခမ်း မထီတရီက ဘယ်လောက် မုန်းတီးဖို့ကောင်းလိုက်ပါလိမ့်။

"ဟိုကျရင် တို့ဆီကို စာရေးဦးနော် ... တွမ့်ဆီချည်း

www.burmeseclassic.com

www.burmeseclassic.com



ရေးမနေနဲ့ ဒီကောင်က စာရေးသိပ်ပျင်းတာ ... တို့ကတော့ စာရေး လုံးဝမပျင်းဘူး ... စာမျှော်ရတာလည်း ဝါသနာပါတယ် သိလား"

မွေ့ ဘာမှပြန်မပြောတော့ဘဲ နုအိနား ကပ်နေလိုက်သည်။ ကိုကြီးတို့ကလည်း ဟိုဟာမှာ ဒီဟာမှာ။ မာမီကလည်း စာရေးဖို့ ... ဓာတ်ပုံလှလှတွေ ရိုက်ပေးဖို့ ... ဘွားဘွားကို ခြေဆုပ်လက်နယ် ပြုစုစောင့်ရှောက်ဖို့တွေ စုံနေအောင် မှာနေကြတာမို့ မွေ့ ခေါင်းတောင်မူးလာရသည်။

တွမ်သာရှိရင်တော့ သည်လူတွေလို မှာကြားနေမှာမဟုတ်ဘူး ထင်ပါရဲ့။ ခပ်လှမ်းလှမ်းကနေ မျက်လုံးကလေးနှင့် စိုက်ကြည့်ပြီး မပြုံးသလို ပြုံးသလိုလေး လုပ်နေမှာနော်။ သိပ်ကြွေရတဲ့ ချစ်သူလေးတစ်ယောက်ပုံစံနဲ့လေ။

"နုအိရယ် ... တွမ့်ကို လွမ်းလိုက်တာ သိလား"

နုအိနှင့် စကားတွေ တတွတ်တွတ်ဆို အလွမ်းသယ်လျက် လေဆိပ်ဆီ ရောက်လာရတော့သည်။ အဲဒီအခါကျမှ တွမ့်ကို ပြင်းပြင်းပြပြ သတိရတမ်းတလာမိတော့တာ။ အို တွမ်ရှိနေရင် သိပ်ကောင်းမှာပဲနော်။ တွမ့်လက်ကို မြဲမြဲဆုပ်လို့ မွေ့က တွမ့်မျက်လုံးကလေးတွေကို စိုက်ကြည့်နေမှာ။ တွမ့်မျက်လုံးအောက်မှာ လွမ်းမောတသလာမယ့် ခံစားချက်ဟာ တသိမ့်သိမ့်ကလေး ရှိနေမှာနော်။ မွေ့ မျက်ရည်ကျရင်တော့ တွမ်က ကြည့်နေရက်တော့မှာ မဟုတ်ဘူး။ သွယ်လျညင်သာတဲ့ လက်ချောင်းကလေးတွေနှင့် ဖွဖွသုတ်ပေးတော့မှာပေါ့။ အဲဒီအခါ မွေ့က ကလေးတစ်ယောက်လို ဖြူစင်မှုနှင့် တွမ့်ရဲ့ ပခုံးစွန်းကလေးကို ရှက်စနိုးတိုးဝှေ့လို့ ခိုးဝှက် နမ်းရှိုက်



...မိမှာနော်။ အို ... မြဲမြဲစွာ တွဲထားတဲ့လက်တွေကို ...သူက အလျင်စဖြုတ်မိမလဲ မသိဘူးနော်။ သေချာတာက ...ကြားလူတစ်ယောက်ယောက်က ကြမ်းတမ်းစွာ လာ...ဆွဲဖယ်လိုက်မှာ ထင်တယ်။ ဥပမာ စိုးမိုးဖြစ်ဖြစ် ... ...ကြီးဖြစ်ဖြစ်။ ကိုကြီးကတော့ မလိုမုန်းထားစိတ်မျိုးနှင့်တော့ ...တ်ဘူးပေါ့။

"အထဲဝင်ရတော့မယ်လေ မွေ့"

လို့ သတိပေးစကားနှင့် ဖျောင်းဖျမှာမျိုးပါ။

"အထဲဝင်ရတော့မယ်လေ မွေ့"

အို ... မွေ့ ဆတ်ခနဲတုန်ကာ တင်းကျပ်နေ...အောင် ဆုပ်ထားသော လက်ကလေးတွေကို မျှော်လင့်ကြီးစွာ ...ကြည့်လိုက်မိသည်။ အတွေးထဲမှာလိုပဲ နှစ်ယောက်စလုံး မြဲမြဲ...တော့ ဆုပ်ထားကြပါရဲ့။ ဒါပေမယ့် လက်တစ်ဘက်ဟာ ...မ် မဟုတ်ခဲ့ပါ။ နုအိလေးကို တင်းနေအောင် ဆုပ်ကိုင်ထား...ပဲ ဖြစ်လေသည်။

နိမိတ်ပုံဆိုတာတွေကို ယုံတတ်ခဲ့ရင် အဲသည်...ည်းက နံဘေးမှာ တွမ်မရှိခြင်းကို နှင့်နေအောင် ခံစားကျ...မိတော့မှာ။

နောက်ဆုံးမှာတော့ ဒက်ဒီက မွေ့ပခုံးကို ...လို့ လေယာဉ်ဆီသွားဖို့ ကားပေါ်တက်တော့မှ မာမီနှင့် ...ကြီးတို့ ကို လက်ပြဖို့ သတိရတော့တာ။ မွေ့ရဲ့ ပေါ့ပါးသွက်...မှု အားလုံးကို စုပ်ထုတ်သယ်ဆောင်သွားခဲ့တဲ့ တွမ့်ရဲ့ ...အားကိုလည်း အံ့သြ ရင်ဆိုင်ရတော့တာ။

လေယာဉ်ပေါ် ရောက်ပြီးချိန်မှာတော့ မွေ့ မျက်

www.burmeseclassic.com

www.burmeseclassic.com



ရည်ကျရတော့သည်။

တွမ်ရယ် ... နှောင်ကြိုးတစ်စဟာ အဲသ
လောက် တင်းကျပ် သန်မာနေလိမ့်မယ်လို့ မတွေးမိခဲ့ဘူ
အခုလို ခွဲခွာရမှုမျိုး ရင်ဆိုင်ရတော့မှပဲ နှောင်ကြိုး တင်း
တာကို သိရတော့တာ။

ခဏတစ်ဖြုတ် ခွဲရဖို့ကိုတောင် အဲသည်လော
စိုးရွံ့တုန်လှုပ်ခဲ့ရတဲ့ မွေ့ဆီကို ချောက်ချားစရာ လမ်းခွဲ
တစ်စောင်မလောက်နှင့် ဘဝ တစ်သက်တာလုံးအတွက် ကြီး
တဲ့ ပြောင်းလဲမှုတစ်ခုကို တွမ် ဖန်တီးပစ်ခဲ့လိမ့်မယ်လို့လည်
မယုံကြည်မိခဲ့ပါဘူးနော်။

◆ ◆ ◆



## အခန်း ... (၁၇)

ဒန်မှာက တကယ့်ကိုပင် လှုရှုပ်ထွေး၊ ကားရှုပ်ထွေးကာ
ပျက်စရာကောင်းလှသည်။ ဘွားဘွားက တော်တော်ပင်
ကောင်းဖြစ်နေတာမို့ ဒက်ဒီက ပြုစုနေရသည်။ ဘွားက
တို လန်ဒန်အနှံ့ လျှောက်လည်ဖို့ ဒရိုင်ဘာနှင့် ကားအပ်
ကာ မြေပုံတစ်ပုံနှင့် လှုပ်ရှားစေသည်။ ကားနှင့်က
အလုပ်မဖြစ်။ ကားရပ်စရာနေရာက အလွန်ပင် ခက်ခဲ
မို့ သေသေချာချာမလည်ရ။ ဒက်ဒီအားတဲ့ အခါမှာတော့
ဘ်' ဟု ခေါ်သော မြေအောက်ရထားကိုစီးကာ ပန်းခြံတို့
တိုက်တို့၊ စတိုးဆိုင်ကြီးတွေဆီသာ သွားဖြစ်သည်။ ရုပ်ရှင်
တွေ၊ ပြဇာတ်ရုံတွေလည်းရှိပေမယ့် ဒက်ဒီ အချိန်မပေးနိုင်
ာ မကြည့်ရ။ သို့ပေမယ့် လန်ဒန် နွေရာသီက နေလို့
ာင်းလှသည်။ နွေးတေးတေးကလေးနှင့် နေ့တာရှည်ကာ
ာယာကြည်လင်နေတော့သည်။

ဘယ်မှမသွားဖြစ်တဲ့အခါ မှန်ဘီလူး တစ်လု
 လျှောက်ကြည့်ရင်း အချိန်ဖြုန်းရသည်။ စစချင်းရောက်တဲ့
မှာပင် တွမ့်ဆီကို စာတစ်စောင်နှင့် 'ထရာဖဲလ်ဂါရင်ပြင်'
 ခိုကလေးတွေ အစာကျွေးရင်း ရိုက်ထားသော ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကလေးပို့လိုက်သည်။ နောက်တစ်ပုံက ဘစ်တင်နာရီစင်ကြ
နားမှာ တစ်ပုံ . . . ဝက်(စ)မင်စတာ တံတားကြီးပေါ်မှာတ
ဓာတ်ပုံကလေးတွေ ရိုက်ပြီး ထပ်ပို့ပေမယ့်လည်း စာပြန်မလ
ခဲ့ချေ။

မေ့ကတော့ တစ်ပတ်ကိုတစ်စောင်နှုန်းနှ
ထည့်သည်။ မေ့ကတော့ ဘွမ်ကိုသတိရဖို့ ဘယ်တော့မှမမေ
နိုင်ပါဘူး။ ရောက်လေရာတိုင်း တွမ်အတွက် ပို့စကဒ်လေးတွေ
ခါးပတ်ကလေးတွေ၊ တီရှပ်တွေ၊ ဦးထုပ်တွေ၊ မျက်မှန်တွေဝ
ကာ စုဆောင်းထားတတ်ခဲ့တာ။

မေ့တို့ရောက်လာပြီး တစ်လမပြည့်ခင်မှာ ဘွ
ဘွားကလည်း အတော်အသင့် ကျန်းမာရေး ကောင်းမွန်လာ
ကာ မေ့ကလည်း ဒုတိယနှစ်အတွက် ကျောင်းပြန်တက်ရတော
မှာမို့ ဒက်ဒီက ပြန်ဖို့ဆုံးဖြတ်ကာ ဇီဇာမပြည့်ခင်စပ်ကြာ
ဘွားဘွားကိုလည်း ပြုစုပေးနေရင်း မေ့ကို လန်ဒန်ရဲ့ နာမည
ကြီး နေရာလေးတွေ လိုက်ပို့ပေးသည်။ ဘွားဘွားကတော
မလိုက်နိုင်။ ဘွားဘွားရဲ့ ကျန်းမာရေးကိစ္စကို စိန့်သောမတ
ဆေးရုံကြီးမှ ဒက်ဒီမိတ်ဆွေ မြန်မာနိုင်ငံမှ အလုပ်လာလုပ်
သော ဆရာဝန်ကြီးနှင့် ဆွေးနွေးညှိနှိုင်းမှု ကိစ္စတွေတော့ လုပ်
ရသေးပင်။ ဒက်ဒီက ဆက်လက်နေချင်သေးပေမယ့် မေ့ ကျောင်
ပြန်တက်ဖို့ရှိတာမို့ ပြန်ဖို့စီစဉ်ရခြင်း ဖြစ်သည်။ ဘွားဘွားရော
က အပြီးအပြတ်မကောင်းနိုင်။ ထပ်တလဲလဲ ပြန်ဖြစ်နိုင်သော
နှလုံးရောဂါပင် ဖြစ်၏။ နှလုံးအားနည်းမှု ရှိလာသောအခါ မြ
ဖျော့လျက် နေထိုင်မကောင်းရှိတတ်လေသည်။

ဒက်ဒီနှင့်အတူ 'အောက်စဖို့လမ်းမကြီးဘက်



န်တိုက်ကြီးတစ်ခုထဲ ရောက်သောနေ့က မှတ်မှတ်ရရ တွမ်
အတွက် ကျောပိုးအိတ်ရယ် . . . ဝေါကင်းရှူး တစ်ရံရယ်
ယ်ဖြစ်ခဲ့တာ ဘွားဘွားပေးသော ပိုက်ဆံ ကုန်သွားကာမို့
အတွက်ပင် မဝယ်ဖြစ်ခဲ့။ ဒက်ဒီကတော့ မေ့ဝယ်နေကျ
ည်းတွေမို့ မေ့ အတွက် ဝယ်နေတာပဲထင်ကာ ဘာမှ
ပြော။ အဝတ်အထည်တွေ ရောင်းသော ကောင်တာဘက်
ောက်တော့ အမွေးပွအင်္ကျီကလေးတစ်ထည် လိုချင်တော့
တ်ဒီဆီမှ ပိုက်ဆံချေးရသည်။ ဒက်ဒီက မျက်ခုံးရှုံ့ရင်း ဝယ်
ချေလားဟုပင် ပြောလေသည်။

ရယ်လည်းရယ်ရသည်။ တွမ်အတွက်သာ ကုန်
ိုက်ကြီးတွေမှာဝယ်ပြီး မေ့အတွက်နှင့် ဖွန်တို့ကိုပေးဖို့ရယ်
မျိုးတွေ အတွက်ရယ်၊ မမိုးနှင့် အစ်ကိုတွေ အတွက်တော့
အောဂိတ်ရပ်ကွက်' ရှိ 'ပက်တီကုတ်ဈေး' မှာ ဈေးပေါပေါ
လေးတွေနှင့် အဟောင်းတော့လည်းမဟုတ်ဘဲ အသစ်ပင်
ဖြစ်ကာ ဆိုင်ကြီးတွေမှ ပြန်ချသောပစ္စည်းတွေ ဝယ်ရသည်။
သူတွေကတော့ ကြိတ်ကြိတ်ပင် တိုးနေတာမို့ အများကြီးလည်း
ဝယ်နိုင်။ သို့ပေမယ့် လက်ဆောင်ပေးဖို့ဆိုတာက သည်ဈေး
မှာဝယ်မှပင် အဆင်ပြေမှာ။ ကိုယ် ဝယ်ရတဲ့ဈေးကလည်း
ဆက်သာကာ လက်ဆောင်ရသူ ဒ နေနဲ့ကလည်း ကျေနပ်
ရောပင်။ ဝယ်ရတာလည်း ပျော်စရာကောင်းသည်။ မြန်မာ
နိုင်ငံက ဈေးတွေလိုပင် ဆစ်တာဝှ့ . . . ဟိုပစ္စည်းလေး
အပိုတောင်းတာတို့လည်း လုပ်လို့ရလေသည်။ ဈေးသည်တွေ
ကတော့ လူမျိုးစုံပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား . . . မွေ့ပြန်ရင် လွမ်းနေမှာလား"

မွေ့က အင်္ဂလိပ်လိုပြောရင်း ချွဲတော့ ဘွား
ရယ်မောသည်။

"မင်းကလေးပြန်သွားရင် ဘွား နေ့တိုင်း လွမ်းဆွတ်
မှာပါကွယ်"

ဟု တိုးတိုးကလေး ပြောသည်။ မွေ့က ဘွား
ပါးကိုနမ်းတော့ ဘွားက ပြန်နမ်း၏။ ဘွားကို သိပ်ခင်တွ
သော ဒက်ဒီက မျက်နှာမကောင်းရှာ။ ဘွားကို တစ်ယော
တည်း ထားရစ်ခဲ့ရမှာ ဝန်လေးနေပုံရသည်။ ဘွားက အဝ
ကျန်ဆန်လွန်းလှသည်။ ပိုက်ဆံတွေ အရမ်းချမ်းသာပေမယ့်
ဘွားမှာ စိတ်ချမ်းသာစရာမရှိ။ ဘွားရဲ့ သမီးတစ်ယောက်
စင်ကာပူမှာ ယောကျ်ားယူလိုက်ကာ ဖော်ဂွတ် လုပ်လို
သည်။ ဘွားရဲ့သားတစ်ယောက်ကတော့ ဒက်ဒီနှင့် တော်တော်
တူသည်ဟု ဘွားက ပြောဖူးသည်။ ဘွားရဲ့သားက ဆုံးပါးသွာ
သည်မှာ ဆယ်နှစ်ပင် ရှိတော့မည်တဲ့။ ဘွားရဲ့ ခင်ပွန်း
လန်ဒန်သား စစ်စစ်ဖြစ်ကာ ဘွားကတော့ အဖေ လန်ဒန်သာ
အမေ မြန်မာသူမို့ ကပြားဖြစ်သည်။ ဘွားရဲ့ စိတ်ဓာတ်
မြန်မာတစ်ယောက်လို နူးညံ့သိမ်မွေ့ကာ သဘောကောင်းလှ
၏။



ဒက်ဒီ့ကို သားအရင်းကလေးလို ခင်တွယ် အား
ရှာသည်။ နှလုံးရောဂါ ဆိုးရွားလာလျှင် နှလုံးအစားထိုး
လာဖို့အတွက် ဒက်ဒီ့ကို နောက်တစ်ခေါက် ထပ်လာဖို့ အား
ကြီးပြော၏။

"လူကလေးရယ် . . . ကြင်နာတတ်တဲ့ သားကလေးကို
မာမီ အရမ်းအားကိုးတယ်၊ အမြဲလည်း တမ်းတနေမှာ
ပါ၊ နှလုံးအစားထိုးဖို့ကိစ္စကို မာမီ ဆန္ဒသိပ်မရှိလှဘူး။
လူကလေး ဆန္ဒပြင်းပြရင်တော့ မာမီနာခံပါ့မယ်၊
ဒါပေမယ့် လူကလေး မာမီ့နားမှာ အမြဲရှိနိုင်မှ မာမီ
ခွဲစိတ်ခံမှာနော်"

ဟု တောင်းဆိုထားတာမို့ ဒက်ဒီက နောက်တစ်
ခေါက်ထပ်လာဖို့ ဝန်ခံ ကတိပေးထားရသည်။

မွေ့နှင့် ဘွားဘွား စကားပြောနေဆဲ ဒက်ဒီက
သောမတ်စ် ဆေးရုံကြီးမှ ဒက်ဒီ့မိတ်ဆွေ ဆရာဝန်ဆီသွားဖို့
ဘွားဘွားကိုခေါ်သည်။

"ကျွန်တော်မပြန်ခင် မာမီ့ရောဂါ အခြေအနေကို
အရှင်းဆုံး စိတ်ချလက်ချ သားခဲ့ချင်တယ်ခင်ဗျာ၊ မာမီ
အမြဲ စိတ်ချရအောင် အဲဒီဆရာဝန်နဲ့ မာမီ့ကို ပေးတွေ့
ထားမယ်၊ အခုလက်ရှိကုနေတဲ့ ဆရာဝန်ကလည်း
ရှိတော့ သူ မဝင်သာပေမယ့် အရေးကြုံရင် သူ့ကိုလည်း
ခေါ်လို့ရတယ် မာမီ၊ မာမီလည်း လန်းလန်းဆန်းဆန်းရှိ
တော့ သူ မာမီ့ နှလုံးအစားထိုးကုသင့် မကုသင့်ဆိုတာ
အကြံပေးနိုင်ပါလိမ့်မယ်၊ မာမီ့ဆရာဝန်ကတော့ အစား
ထိုးကုဖို့ အတင်းတိုက်တွန်းနေတယ်ဆိုပေမယ့် သူလည်း

www.burmeseclassic.com

www.burmeseclassic.com



တတ်ကျွမ်းတဲ့သူဆိုတော့ ကျွန်တော်တို့ ချင့်ချိန်နိုင်
ပေါ့ ခင်ဗျာ"

"ကောင်းပါတယ်သားရယ် ... သားစိတ်သ
အလိုရှိတဲ့အတိုင်းသာ မာမီ့ကို ပြုစုပေးပါ"

ဘွားဘွားက ပြုံးပြုံးလေးပြောသည်။ မေ့
ဘွားဘွားကို အကျီလဲလှယ်ဖို့ ကူညီပေးရင်း ...

"မေ့ မလိုက်တော့ဘူးနော် ဘွား ... အိမ်စောင့်
မှန်ဘီလူးတစ်လက်နဲ့ လန်ဒန်ကို နှုတ်ဆက်လိုက်
မယ်"

ပြောရင်း ဘွားဘွားကို ကားဆီ လိုက်ပို့ပေးလို
ကာ မေ့အပေါ် ထပ်တက်လာခဲ့သည်။ ဘွားတို့အိမ်က နှစ်
ဖြစ်ကာ အပေါ်မှကြည့်လျှင် လန်ဒန်ရှုခင်းတချို့ကို မြင်တွေ့
သည်။ သွားလာနေကြသော လူတွေထဲမှ အင်္ဂလိပ်မက
လှလှကလေးတွေဆို မှန်ဘီလူးနှင့် ငမ်းလို့ရသည်။ ဒီ
ကလေးတွေကလည်း ဟော့တ်ကာ အလွန်ပင် ကြည့်ကော
လှသည်။

မေ့ရောက်တဲ့အချိန်ကလည်း နွေရာသီ
အဆင်ပြေခြင်းပင်။ ဆောင်းနှင့်မိုးကတော့ လန်ဒန်မှာ စိ
ပျက်စရာ ကောင်းလှသော ရာသီဥတုတွေပါပဲ။ မိုးကတေ
မမြဲမပြတ် မိုးရွာနေတာကလွဲလို့ သိပ်အနှောင့်အယှက် မ
လှပေမယ့် လန်ဒန်ဆောင်းကတော့ ကြောက်စရာ ကော
လောက်အောင်ပင် ရက်စက်လှသည်ဟု ဒက်ဒီက ပြော
သည်။ ဒက်ဒီဆို အရိုးကိုက်ရောဂါပင် စွဲကပ်ခဲ့ရလေ၏။

"ဟယ် ... ဟိုကောင်လေးက တွမ်လေးနဲ့ တူလိုက်



တော့"

ရုတ်တရက် မှန်ပြောင်းကလေးကိုင်ရင်း မေ့
ခုန် ဆွဆွလေး ဖြစ်သွားရ၏။ တီရှပ်လက်ပြတ်အနက် ...
ရှော့ပဲန်ကလေးနှင့် ခွေးဖြူကလေးကို ကျောပိုးအိတ်ထဲ ထည့်
လွယ်ထားကာ လျှောက်သွားနေတာကလေးက တွမ်နဲ့ ဆင်
တင်တင်ကလေး ရှိသည်။ ဆံပင်တိုတိုကလေးနှင့် နားသယ်စပ်
တစ်လျှောက် ခပ်ပါးပါးရိပ်ထားသော ဆံပင်ကလေးတွေမှာ
ဆေးစိမ်းကလေး ဆိုးထားသည်။ တွမ်နှင့် သိပ် အတူကြီး
မဟုတ်ပါ။ ဒါပေမယ့် တွမ့်ကိုသတိရချိန်မှာ နည်းနည်းကလေး
ဆင်တာတွေ့ရင်တောင် မေ့ တမ်းတမ်းတတကလေး လိုက်
ငေးဖြစ်ခဲ့သည်ပဲလေ။ မေ့ ငေးကြည့်နေဆဲ စာပို့သမား
ရောက်လာတာမို့ ဝုန်းဒိုင်းကြကာ ဆင်းပြေးသွားလိုက်သည်။
တွမ့်ဆီကစာ ဖြစ်ချင်ဖြစ်မှာ။ ဒီမှာရောက်စဉ် ကိုကြီးတို့၊
ကိုလေးတို့ဆီက စာတွေက လာခဲ့သည်။ မာမီနဲ့မမိုးက စာ
ထည့်ကာ ကိုကြီးတို့က အောက်ကနေ အတိုအစကလေး တစ်
ကြောင်းနှစ်ကြောင်း ထည့်တတ်ကြသူတွေ။ စိုးမိုးဆီကတော့
တစ်စောင်လာသည်။ ထုံးစံအတိုင်း မနာလိုဝန်တို အခဲမကျေ
စကားတွေနှင့် တွမ့်ကိုနှိပ်ကွပ်ထားတာတွေ ... မေ့ကို
ပတ်ချီပတ်ချွဲ ချစ်ခွင့်တောင်းထားတာတွေပါပဲ။ နောက်တစ်
စောင် ရောက်လာတော့ ဖောက်ပင်မဖတ်တော့ဘဲ မေ့ ပြ
ဆုတ်ပစ်လိုက်သည်။

တွမ်ကတော့ ခုထက်ထိ စာမလာသေးတော့
စာလာကိုင်း တွမ့်စာများဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်
ကလေးနှင့်ပေါ့။ မေ့ရေးသမျှစာတွေကို တွမ် မပြန်ဘဲ နေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရက်လိမ့်မယ်လို့ ထင်မှတ်မထားခဲ့သည်မှာ မွေ့ရဲ့ ပျော့ညံ့ချ
ပဲဖြစ်တော့သည်။

စာပို့သမားလက်ထဲမှ စာကို လက်ခံပြီးတဲ့နော
မှာ နာကျင်ဖွယ်ကောင်းလှစွာ စိုးမိုးလက်ရေးနှင့် စာအိတ်
ဆုတ်ဖြဲပစ်လိုက်တော့လေသည်။

အဲသည်နောက်တော့ တသသရှိလှသော မျ
ရည်တို့ တိတ်ဆိတ်စွာ ကျဆင်းခဲ့ရပါသည်။

တွမ် နေနိုင်ရက်တယ်နော် . . .။



## အခန်း . . . (၁၈)

ဘွမ့်အတွက် ရေးထားသော စာကလေးကို စာတိုက်မှာ ထည့်ဖို့ ပြင်ဆင်နေတုန်း ဒက်ဒီနှင့်ဘွားဘွားက ဆေးရုံကို ထွက်သွားကြသည်။ ဘွားဘွားရဲ့ နှလုံးအစားထိုးဖို့ ကိစ္စကို ဆေးရုံမှ ဆရာဝန်ကြီးက အကြံပေးတာမို့ အဲသည်ကိစ္စ အတွက် ဒက်ဒီက သွားခါနီး စီစဉ်စရာရှိတာလေးတွေ ကြိုတင် စီစဉ်နေ ရသည်။ ဘွားဘွားကို စမ်းသပ်ဖို့လိုအပ်တဲ့အခါ ဘွားဘွားပါ လိုက်သွားရတာမို့ မွေ့က အိမ်စောင့်ပေးရသည်။ စာကို နောက်မှပဲပို့ဖို့ ရည်ရွယ်လိုက်ရင်း မွေ့ပွကော်ဇောကြီး ပေါ် လှဲအိပ်ကာ တီဗွီကြည့်နေလိုက်သည်။ တီဗွီကတော့ ဘစ်နေ့လုံး ကြော်ငြာတွေနှင့် ပြည့်နေသည်။

လူခေါ် ခေါင်းလောင်းမှ သံစုံတီးလုံးကလေး ထွက်လာတာမို့ မွေ့ ခေါင်းကလေး ထောင်သွားရသည်။ တံခါး အဝဆီသို့သွားကာ ချောင်းကြည့်ရသောအပေါက် ကလေးမှ ချောင်းကြည့်လိုက်သည်။ မြန်မာကောင်လေးတစ်ယောက် ပုံစံပါပဲ။ ရုပ်အဝါနုကလေးနှင့် ဘောင်းဘီညိုညိုကလေးဝတ် ထားပေမယ့် မျက်နှာက မြန်မာဆန်သည်။ မျက်ဆန်နက်နက်၊ ဆံပင်နက်နက်နှင့် မြန်မာဆန်ဆန်နှင့်မို့ မွေ့ရွှေဝါရောင် မှန်တံခါးကြီးကို ဖွင့်လိုက်ကာ ခေါင်းကလေးပြူရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

အင်္ဂလိပ်လို မေးလိုက်ပေမယ့် သူက ယဉ်ကျေးစွာပြုံးရင်း . . .

"ဆင်းသိမ်မွေ့ဆိုတာ . . ."

မြန်မာလိုပြန်ပြောတော့ ပိုမိုသေချာသွားရကာ မွေ့ပြုံးလိုက်ရင်း တံခါးကို ကျယ်ကျယ်ဖွင့်ပေးလိုက်သည်။

"မွေ့ပါပဲ မြန်မာပြည်ကလားဟင်"

"ဟုတ်ပါတယ် . . . မနေ့ကမှ လန်ဒန်ရောက်တယ်လေ၊ တို့ တွမ့်သူငယ်ချင်းပါ"

"ဟယ် . . . လာ လာ ထိုင်ပါဦး၊ တွမ့် သူငယ်ချင်းလား တွမ် စာပေးလိုက်တယ်ထင်တယ်"

"အင်း . . . မထိုင်တော့ပါဘူး၊ တို့ သွားစရာတွေရှိသေးလို့ စာပဲပေးခဲ့တော့မယ်၊ ခွင့်ပြုပါဦး"

"အို . . . ကျေးဇူးတင်လိုက်တာ၊ တစ်ခုခုစားသွားပါလား ဟင်"

"ရပါတယ် . . . သွားမယ်နော်"

နှုတ်ဆက်ပြီး ကားဖြူကလေးတစ်စီးပေါ် တက်လျက် မောင်းထွက်သွားတော့သည်။ အို . . . လက်ရေးက တွမ့် လက်ရေးပါပဲ။

သည်စာကလေးဟာ မွေ့ ဘဝတစ်ခုလုံးကို ပြောင်းလှည့်ပစ်နိုင်မယ်လို့ ထင်မထားတဲ့မတွက် ခပ်ပြုံးပြုံးနှင့် စာကလေးကို အလောတကြီးဖောက်လိုက်သည်။ ခပ်လှမ်းလှမ်းမှာ မီးပွိုင့်မိနေတဲ့ တွမ့်သူငယ်ချင်းရဲ့ ကားဖြူကလေးကို တောင် မြင်နိုင်သေးရဲ့။ စာအိတ်ဖွင့်ရင်းနဲ့ မျက်လုံးက အဲသည်



ကားဖြူကလေးကို လှမ်းကြည့်မိတာ။ စာကိုဖွင့်မိတဲ့ အခါမှာတော့ မွေ့ အာရုံအားလုံးက စာဆီ စိုက်ဆင်းသွားရတာ။ စာက တိုတော့ ထိုအာရုံစိုက်မှုက မိနစ်ပိုင်းတောင်မကြာ။ ခုတ်ချည်း မူးမိုက်ပြာဝေသွားရလျက် ရင်တလှပ်လှပ်ခါကာ ဘာတွေဆုံးဖြတ်မိလို့ ဆုံးဖြတ်မိမှန်းမသိတော့။ ကားဖြူကလေးက မီးပွိုင့် မိနေဆဲ။

တွမ့်သူငယ်ချင်းဆိုတော့ တွမ် ဘာတွေဖြစ်ခဲ့သလဲဆိုတာ သူ့ကို မေးကြည့် စုံစမ်းလို့ရမည် ထင်ပါရဲ့။ ကားဖြူကလေးကို မျက်ခြည်ပြတ်မသွားခင် မွေ့ အိမ်တံခါးပိတ်ပြီး အပြေးဆင်းလာခဲ့သည်။ သို့သော် ကံမကောင်းစွာ ကားဖြူကလေးက လွတ်သွားခဲ့ပြီ။ တက္ကစီတစ်စီး အမြန်တားကာ. . .

"ရှေ့က ကားဖြူလေးနောက် အမီလိုက်ပေးပါနော်. . .၊ အမြန်မောင်းပါ"

ကားသမားကို တိုက်တွန်းနေမိသော်လည်း ရှုပ်ထွေးလှသော ကားတွေကြားမှာ ခရီးမပေါက်လှ။ မွေ့ စိတ်မရှည်လှစွာ မချင့်မရဲဖြစ်နေတော့သည်။

တွမ် . . . သံသယတောင် မထားရက်ခဲ့တဲ့ ချစ်သူကို အနိုင်မပိုင်းလိုက်နဲ့နော် . . . မွေ့ကို မာနချိုးရုံသက်သက် မာယာနဲ့လှည့်ဖြားခဲ့တာ မဟုတ်ပါစေနဲ့နော်။

www.burmeseclassic.com

www.burmeseclassic.com



မေ့

တို့တစ်တွေ လမ်းခွဲကြစို့ . . . ငါ သူငယ်ချင်း မိုးကောင်းကိုယ်စား ငါကျေနပ်ပြီဆိုရင် မင်းနားလည်မှာပါနော်။ မင်းကို လုံးဝ မချစ်ဘူး မေ့။ မင်းနဲ့ငါ ဘယ်သူ မာနပိုကြီးသလဲဆိုတာ သိအောင် ကစားကြည့်တာပါ။ အနိုင်အရှုံးကို မင်းဆုံးဖြတ်ပေါ့ကွာ။ ယောကျ်ားတွေကို သိပ်အထင်မသေးပါနဲ့ . . . ဖြစ်ခဲ့သမျှကို မေ့လိုက်ပေါ့။

မင်းရဲ့ တွမ်

အဲဒါ တွမ့်လက်ရေးပါပဲ။ မမှားနိုင်ပါဘူးလေ။ မေ့ဆီက စာတွေပို့ခဲ့သလောက် တစ်စောင်မှ ပြန်မလာခဲ့ဘဲ နေနိုင်ရက်ခဲ့သူဟာ သည်လို ဖြတ်စာပို့ဖို့ ဝန်မလေးဘူးပေါ့လေ။ မေ့ကို အနိုင်ပိုင်း အလဲထိုးပစ်လိုက်တာ။ မေ့မာနကို အပိုင်းပိုင်း ချိုးပစ်လိုက်တာ။ ယောကျ်ားတစ်ယောက်ရဲ့ မာနကို မာယာနဲ့ပြသွားခဲ့တာ။ အို . . . ရက်စက်လိုက်တာ တွမ်။ မေ့ကတော့ အဖြူထည်သက်သက် ချစ်ခင်မြတ်နိုးခဲ့မိတယ်။

"အို . . . မီးပွိုင့်မိပြန်ပြီ"

ကားသမားက စိတ်မရှည်သလို ရေရွတ်လိုက်တော့ မေ့ ပြန်လည်သတိဝင်ကာ မီးပွိုင့်ထိပ်ဆုံးမှာမိနေသော ကားဖြူကလေးဆီ လှမ်းကြည့်လိုက်သည်။

"မိအောင် ကြိုးစားပေးပါနော် . . . ဘောက်ဆူးပေးပါ့



မယ်၊ ကျွန်မအတွက် အရေးကြီးလို့ပါ"

"ရှေ့က မီးပွိုင့်တွေဆုံနေတဲ့ လမ်းဆုံထိတော့ မိဦးမှာ မဟုတ်ဘူး . . . အဲဒီဘက်က ကားသိပ်ရှုပ်တာ၊ ဒါပေမယ့် ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

ကားသမားက ရှေ့က ကားဖြူကလေးကို မျက်ခြည်မပြတ်အောင် သတိထားလျက် မီးပွိုင့်လွတ်သွားသောအခါ အရှိန်မြှင့်ကာ မောင်းလေသည်။ လန်ဒန်မှာ လမ်းစည်းကမ်း လိုက်နာကြပုံက မျဉ်းကျားမှ လူတစ်ယောက် ဖြတ်နေလျှင်တောင် ရပ်စောင့်ပေးကြသည်။

မေ့ ရင်သိပ်ခုန်ပြီး ဆို့နေပြီ။ ရှေ့မှာ ကားဖြူတွေများနေပြီမို့ ကားသမား ရောထွေးမမှတ်မိတော့မှာလည်း စိုးရိမ်စဉ်မှာ လမ်းဆုံမီးပွိုင့်တစ်ခုဆီ ရောက်လာခဲ့ပြန်သည်။

"မီးစိမ်းနေတုန်းပဲ အတင်းဖြတ်ချပစ်လိုက် . . . တော်ကြာ မိနေဦးမယ်"

ရှေ့က ကားဖြူလေးက မီးပွိုင့်လွတ်သွားပြီမို့ မေ့တို့ ကားသာ မီးပွိုင့်မိသွားရင် ဘယ်လိုမှ မိနိုင်တော့မည် မဟုတ်တော့။ ကားသမားက ခေါင်းညိတ်ပြကာ ခပ်ကြမ်းကြမ်း မောင်းထွက်စဉ်မှာ မီးနီသွားခဲ့ပြီ။ တစ်ဖက်က မီးစိမ်း၍ မောင်းထွက်လာကြသော ကားတွေထဲမှာ နှစ်ထပ်ဘတ်စ်ကားကြီးက အရှိန်ပြင်းလှသော မေ့တို့ ကားကလေးဆီ . . .

ခပ်ပြင်းပြင်း တိုးဝင်လာခဲ့တော့သည်။ ဝုန်းခနဲ ခိုက်သံကျယ် . . . ဘရိတ်ဆွဲသံတွေ . . . ကွဲရှသံ . . . ဟွန်းသံတွေ ဆူညံသွားပြီးတဲ့နောက်မှာ မေ့မျက်နှာကလေးထဲမှ ပြင်းပြသော နာကျင်မှုတွေနှင့်အတူ မေ့ တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအပြင်ဘက်သို့ လွင့်စဉ်သွားခဲ့တော့သည်။

မေ့ နောက်ဆုံးမှတ်မိသည်မှာ မေ့၏စိမ်းနက်လှသော . . .

"တွမ် . . ."

ဆိုသည့် အသံကြီးပဲ ဖြစ်တော့သည်။

# အပိုင်း . . . (၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း . . . (၁)

"တွမ်"

မွှေ့ စူးရှကျယ်လောင်စွာ အလန့်တကြား ...
အော်မိတော့ ဒက်ဒီတို့ မာမီတို့တွေ ထိတ်ထိတ်ပျာပျာ ပုံစံ...
နှင့် ပြေးဝင်လာကြသည်။

"မွှေ့လေး . . . မွှေ့လေး . . . ဘာဖြစ်တာလဲ"

"ဟင် . . . ဟင် . . . မွှေ့ . . . မွှေ့ . . . ဘာ...
သွားပြီလဲ"

မွှေ့ မျက်လုံးကလေးဝိုင်းကာ အိပ်ရာမှ ...
ထရင်း အသံတိုးကလေးနှင့်မေးသည်။ မမိုးက ရေအေး...
ကလေး မွှေ့ကို လာတိုက်သည်။ မမိုးကိုမြင်မှ မွှေ့ အရာ...
လုံးကို ပြန်လည် သတိရလာသည်။

မွှေ့ . . . မွှေ့ ရန်ကုန်ပြန်ရောက်နေပြီပဲ။ ...
နေ့မနက် အိမ်ပြန်ရောက်ကာ ရောက်ရောက်ချင်း အခန်းထဲ...
ပိတ်ကာ မွှေ့ အတိတ်ဂိုပြန်တွေးရင်း အိပ်ပျော်သွားခဲ့တာ...
လန်ဒန်မှာ ဖြစ်ပျက်ခဲ့တဲ့ အိပ်မက်ဆိုးကြီးကို မွှေ့ ပြန်လ...



...မက်ခဲ့မိတာ။ မွှေ့မျက်ရည်ကလေးတွေသုတ်ရင်း စားပွဲတင်
...ရီကလေးကို လှမ်းကြည့်လိုက်သည်။ ညဥ့် နှစ်နာရီပင်ကျော်
...ပြီ။ မွှေ့ တစ်နေကုန် အခန်းထဲမှာ ရှိနေခဲ့တာပေါ့။

"ပြန်အိပ်လိုက်နော် မွှေ့လေး . . . မွှေ့ တမင်အနားရ
အောင် ဒက်ဒီတို့ မနှိုးတာ . . . ထိတ်လန့်အားငယ်စ
ရာ ကာလတွေ ကုန်ဆုံးခဲ့ပါပြီ သမီးရယ် . . .

ဘာကိုမှ မကြောက်နဲ့နော် . . . . ဒက်ဒီရော၊
မာမီရော၊ ကိုကိုတို့ အားလုံး မွှေ့လေးနားမှာ ရှိနေပြီ၊
မွှေ့ ရန်ကုန်ပြန်ရောက်ပြီလေနော် . . . မွှေ့ သတိရပြီ
မှလား . . . အားလုံးပြန်မှတ်မိပြီနော်"

ဒက်ဒီက သူ့ရင်ခွင်ထဲ မွှေ့ကို ပွေ့ပိုက်ထားကာ
...ဆံစကလေးတွေကို နမ်းရင်း တယုတယ ပြော၏။ မွှေ့
...ခေါင်းကလေး မဲ့မဲ့လေးနှင့် ခေါင်းကလေးညိတ်သည်။

"မွှေ့ လန့်သွားတာပါ . . . ဒက်ဒီတို့ သွားအိပ်
တော့ . . . မွှေ့လည်း အိပ်တော့မယ် . . . မွှေ့
အားလုံးကို မှတ်မိပါတယ်"

"မွှေ့လေး . . . တစ်ခုခုစားမလား . . . မနက်က
တည်းက ဘာမှ မစားရသေးဘူး . . . ဒက်ဒီက မနှိုးနဲ့
ဆိုလို့ မမိုး မနှိုးရဲတာ"

မွှေ့ ခုတင်ပေါ် ပြန်လှဲချလိုက်ကာ စောင်က
...လေးကို ရင်ဘတ်ပေါ်ဆွဲတင်ရင်း မျက်လုံးကလေး စုံမှိတ်ထား
...လိုက်သည်။ လူတွေအားလုံး ခပ်ဖြည်းဖြည်း ထွက်ခွာသွားကြ
...သည်။

...မင်းကို မွှေ့ ဘယ်လိုမှ မေ့လို့မရနိုင်ပါလား တွမ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်။ တကယ်ဆို နှစ်နှစ်ကျော်ခဲ့ပြီလေ။ မွေ့ ကမ္ဘာပျက်မတတ် ကြောက်လန့်ခဲ့ရတဲ့ အိပ်မက်ဆိုးကြီးတစ်ခုနဲ့ အတူ မင်းလည်း မွေ့ဘဝထဲက ထွက်သွားသင့်ပါပြီ။ မင်း မွေ့အပေါ် စာ လေး တစ်စောင်တည်းနဲ့ ရက်စက်ထားခဲ့ရက်တာ။ မင်းကို မွေ့ သိပ်မုန်းပါရစေလား တွမ်။ မင်း မေ့ခိုင်းခဲ့သလို မင်းကို ထာ မေ့ပါရစေတော့။ မွေ့ ဘဝထဲက အပြီးအပိုင် ထွက်သွားပေး တွမ်ရယ်။

မွေ့ ဘဝတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ဖြ ပြုန်းကြေမွခဲ့ရတာ။ ပြန်တွေးကြည့်တိုင်း နာကြည်းလွန်းလှ တယ်လေ။ မွေ့ ပြန်မတွေးရဲတော့ပါဘူး။ မွေ့ ရင်ဆိုင်ခဲ့ရ အဖြစ်အပျက်ကြီးက သိပ် ကြောက်လန့် ချောက်ချား ကောင်းခဲ့ပါတယ်။



မွေ့ ပြန်သတိရလာတော့ . . .

လန်ဒန် ကလင်းနစ်ကြီးတစ်ခုအတွင်းမှာ ဖြစ်သည်။ ကိုယ်ပိုင်ဆေးခန်းကြီးရဲ့ သီးသန့်ခန်းငယ်ကလေးထဲမှာ။ ပထမဆုံး တွေ့ရတာက နိုင်ငံခြားဆရာဝန်ကြီး ဖြစ်လေသည်။ မွေ့ မျက်နှာတစ်ခုလုံး ပတ်တီးတွေအထပ်ထပ်ကြားမှာ မြုပ်နေလျက် မျက်လုံးကတော့ မြင်ခွင့်ရနေခဲ့သည်။

နောက် မကြာခင်မှာ ဒက်ဒီဝင်လာပြီး ဆရာဝန်ကြီးနှင့် မိတ်ဆက်ပေးခဲ့သည်။

"သမီးလေး . . . ဘာမှစိုးရိမ်စရာ မရှိတော့ဘူးနော် . . . ဒါက လန်ဒန်မှာ အတော်ဆုံး ခွဲစိတ်ဆရာကြီးပဲ၊ သမီးလေး ဘာအစွန်းအထင်းမှ မရှိအောင် သူ အစွမ်းကုန်ကုပေးတော့မှာ၊ စိတ်တွေငြိမ်အောင်ထားနော်၊ သမီးလေး ဘာမှ မဖြစ်ဘူးနော်၊ မျက်နှာကလေး တစ်ခုပဲ ထိခိုက်သွားတာ၊ မျက်လုံးလေးတွေတောင် မထိခိုက်ဘူးနော်"

ကံကောင်းလွန်းစွာ မွေ့ အသက်ကလေး ရှင်ကျန်ခဲ့ရသော်လည်း တစ်ဖက်ကားကြီးနှင့်တိုက်မိကာ ကျိုးပဲ့ မွကြေကုန်သော မှန်စတွေစိုက်မိတဲ့ဒဏ်ရယ် . . . ကားနှင့် မျက်နှာကလေး ညပ်မိတဲ့ဒဏ်ကြောင့် မွေ့မျက်နှာကလေး

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားခဲ့ရသည်။ အသားစိုင်တွေနှင့် အရိုးတချို့ ပျက်စီးကုန်တာကြောင့် မွေ့ မျက်နှာကလေး အလျှင်အတိုင်း ဘယ်လိုမှ ပြန်မရနိုင်တော့။ ကံကောင်းလွန်းစွာ မျက်လုံးကလေး ဘာမှ မထိခိုက်ခဲ့။ သို့ပေမယ့် မွေ့မျက်နှာတစ်ခုလုံး ပတ်တီးကြီးတွေ ဖုံးနှောင်ထားတာမို့ မွေ့ ကမ္ဘာလေး ကာလများစွာ ကြာမြင့်အောင်ပင် မှောင်အတိကျနေခဲ့ရသည်။

ထိတ်လန့်အားငယ်မှု ခံစားချက်တွေ စိတ်ဓာတ်တွေ ရစရာမရှိအောင် ကျဆင်းရရင်း မွေ့ အသက်ပါမသွားရခြင်းအတွက်ပင် ကြေကွဲမိသည်။ မွေ့ သေဆုံးသွားရင် သိပ်ကောင်းမှာ။ မျက်နှာပျက်စီးသွားရပြီဆိုတဲ့ စကားကလေး ကြားအပြီး မွေ့ သတိလစ်သွားခဲ့ရတဲ့နောက်ပိုင်း မွေ့ သတိပြန်လည်မလာရင် သိပ်ကောင်းမှာ။ မွေ့ရဲ့ဘဝ တကယ့်ကို ပျက်ပြုန်းခဲ့ရတယ်လေ။ ရင်တစ်ခုလုံး မွှမွှကြေကာ ဘယ်လိုမှပင် ဖြေမဆည်နိုင်သည့်ကြားမှ သူ့မျက်နှာကို တရေးရေး မြင်ယောင်လာမိတော့ မွေ့ ခုလိုဖြစ်ခဲ့ရတာ သူ့ကြောင့်လို့ လက်ညှိုးမထိုးရက်ခဲ့ပါ။ အဲသည်လောက်အထိ မွေ့ ချစ်မက်ခဲ့ရတာပါလေ။ သူ ဘာကြောင့် မွေ့ကို မုန်းမေ့စေခိုင်းခဲ့ရတာလဲ ဆိုတာကို တွေးရင်း တွေးရင်းနှင့် အဖြေ အတိုင်းအတာတစ်ခု ပေါ်ထွက်လာတဲ့အခါမှာတော့ မွေ့ဘက်က တစ်ဖက်သတ် လွန်မင်းမူးရူးစွာ ချစ်မြတ်နိုးခဲ့ရတာတွေဟာ အလဟဿ ဆုံးရှုံးခဲ့ရတာပါလားဟု သိလိုက်ရချိန်မှာမှ မွေ့ နောင်တရခဲ့မိတာပါ။ မွေ့ သူ့ကို သည်းသည်းနင့်နင့် ချစ်ခဲ့မိတာ မှားပြီလေ။ သူကတော့ ယောကျ်ားလေးမာနတွေကို စော်ကားခဲ့တဲ့ . . . သူ့ သူငယ်ချင်း မိုးကောင်းကို အရှက်တကွဲ ဖြစ်စေခဲ့



. . . ယောကျ်ားလေးတွေပေါ်မှာ အနိုင်ယူခဲ့တဲ့ မွေ့ ပေါ်မှာ တန်ပြန်အနိုင်ရယူခဲ့ဖို့အတွက် ချစ်ဟန်ဆောင်ခဲ့တာပဲပေါ့။ စိုးမြတ်တို့ အိမ်မှာတုန်းက . . .

"မင်း သူ့ကို ပညာပေးမယ်ဆို"

ဆိုပြီး စိုးမြတ်မေးခဲ့တဲ့စကားကို မွေ့ မမေ့သေး သူ မွေ့ကို ပညာပေးဖို့အတွက် ရက်ရက်စက်စက် အနိုင်ယူခဲ့တာပဲပေါ့။ သူတစ်ပါးတွေအပေါ်မှာ မွေ့ အနိုင်ယူခဲ့ အမှန်ဖြစ်ပေမဲ့ သူ့အပေါ်မှာ ထာဝရအလျှော့ပေး နှိမ့်ချစွာ ချစ်ခဲ့ရတဲ့ မွေ့အပေါ်မှာ သူ ရက်ရက်စက်စက် ဖြတ်တောက်ပစ်ခဲ့တာအတွက် မွေ့ ဘယ်လိုဖြေသိမ့်ရမှာလဲ။ သပေါင်းများစွာ တွယ်တာခဲ့တဲ့ သံယောဇဉ်ကို သူ အလွယ် ဖြတ်တောက်ခဲ့ပေမယ့် မွေ့ဘက်က မတင်းမာနိုင်ခဲ့တာ က် မွေ့ကိုယ်မွေ့လည်း အားမရခဲ့ပါဘူး။ မွေ့ ပျော့ညံ့အား ကြီးပါတယ်လေ။

မွေ့မျက်နှာကလေးတစ်ခုလုံး ပျက်စီးဆုံးရှုံးခဲ့ရ သွေးလန့်ချောက်ချားဖွယ်ရာ ဖြစ်ရပ်ဆိုးကြီးကို ရင်ဆိုင် တွေ့ခဲ့ရတာ သူ့ရဲ့စာကြောင့် ဆိုတာကို သိမြင်ခံစားလာ အခါမှာ သူ့အပေါ် နာကြည်းစိတ်တွေ တဖွားဖွားတက် ရတာ မွေ့ မှားသလားကွယ်။ မွေ့နေရာမှာ ဘယ်သူမဆို အပေါ် နာကြည်းမိမှာပါ။ မွေ့ဘဝပျက်ခဲ့ရခြင်းရဲ့ အဓိက ခဲ့ဟာ သူပဲလေ။ ခါးသီးစွာ နာကြည်းမှုတွေ ရင်ထဲ သိမ့်သိမ့် ပြည့်မွှန်းလာရခြင်းနှင့် အတူ မေ့ဖျောက်လို့ နိုင်အောင် ဆက်လက်ချစ်မက်တွယ်တာနေဆဲဖြစ်တဲ့ သား က မွေ့ကို တဆွဆွ ထိုးနှက်တိုက်ခိုက်ရင်း ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်အားနှစ်ခုနဲ့ အလူးအလိမ့်ပြင်းထန်စွာ ခံစားခဲ့
တာ။ သည်တစ်သက် သူ့ကို ဘယ်တော့မှ ခွင့်လွှတ်နိုင်တော့
မဟုတ်သလို ဘယ်တော့မှလည်း မေ့ပျောက်မရနိုင် ရှိနေတော့
မှာပါပဲ။

ထာဝရ အမုန်းဆုံးလူတစ်ယောက်အဖြစ် နှလုံး
သားရဲ့ ခါးသီးမှုအပိုင်းဘက်မှာ စွဲရှိနေမှာဖြစ်ပြီး ရာသက်ပန်
အချစ်ဆုံးသူတစ်ယောက်အဖြစ်လည်း နှလုံးသားရဲ့ ကျ
တစ်ပိုင်းမှာ စူးနစ်နေတော့မှာပါပဲ။ မေ့ အရမ်းပဲ အမုန်း
သည်းခြေကြီးခဲ့သလို အချစ်လည်း ကြီးခဲ့မိနေပြန်တယ်
အထူးသဖြင့် ကာလများစွာ တွယ်နှောင်တင်းရစ်နေ
သံယောဇဉ်တွေကို စာတိုတစ်စောင်နဲ့ ဖြတ်တောက် ပျက်
စေခဲ့တာ။မေ့ နှလုံးသားတွေ မခံမရပ်နိုင်မှုနဲ့ နာကျင်နေမှာ
သူ ကြိုတင် သိနေမယ့်ပုံပါပဲ။ ဒါကြောင့် မေ့ကို ကာလများ
မျှားယူခဲ့ပြီး တစ်ချက်တည်းနဲ့ အလဲထိုး နိုင်ခဲ့တာပေါ့။ မေ့
တကယ့်ကို ဆုံးရှုံးခဲ့ရတာက မာနနဲ့ အချစ်တစ်ခုတည်း
ဟုတ်ဘူး။ ဘဝတစ်ခုလုံး၊ မျှော်နှာတစ်ခုလုံး၊ ရည်မှန်းချက်
စိတ်ဓာတ်တွေ၊ အို . . . အားလုံး ဆုံးရှုံး ပျက်စီးခဲ့ရတယ်လေ
မေ့ သည်အကြောင်းတွေ ပြန်တွေးတိုင်း သူ့ကို ဘယ်တော့
ကျေအေးပေးနိုင်တော့မှာ မဟုတ်ဘူးလေ။

မေ့ကမ္ဘာလေး ပျက်သုဉ်းခဲ့ရတာ . . . အိပ်မက်
ဆိုးကြီးကို နေ့စဉ်နှင့်အမျှ မြင်မက်ချောက်ချား သွေးပျက်ခဲ့
တာ။ ဘယ်တော့မှလည်း မမေ့ဘူး။ မေ့တို့ တစ်မိသားစုလုံး
ညှိုးချုံးကြေကွဲ ထိခိုက်ခံစားခဲ့ရတာ။ မေ့ အပေါ်မှာ သိပ်ချစ်
တဲ့ ဘွားဘွား မေ့ရဲ့ အဖြစ်အပျက်ကြောင့် နှလုံး ထိခိုက်ခဲ့



တာ။

"မာမီအတွက် နှလုံး အစားထိုးမယ့်အစား မေ့ကလေး
ကို မျက်နှာ အသားအစားထိုး ကုသပေးလိုက်ကြပါ"

လို့ တဖွဖွမှာကြားရင်း နှလုံးသွေးရပ်တန့် သေ
ဆုံးခဲ့ရတာ။ အို . . . မေ့ တို့အားလုံးရဲ့ ကမ္ဘာတွေ မီးအ
မြိုက်မြိုက်လောင်ကျွမ်းခဲ့ရတာ သူ့ကြောင့်။ နာကြည်းမှုတွေနဲ့
မွန်းကျပ် သိပ်သည်းနေရတဲ့ကြားက တစ်နေ့မပြတ်သတိရ
တမ်းတနေခဲ့မိတာအတွက် မေ့ ပိုမိုနာကျင်ရတာကလွဲလို့ ဘာ
တတ်နိုင်မှာလဲ။

လန်ဒန်ရှိ အကောင်းဆုံး ကလင်းနစ်ကြီး တစ်
ခုမှာ ပလတ်စတစ် ဆာဂျရီ (အသားအစားထိုး ခွဲစိတ်
ကုသခြင်း) အတွက် ဒေါ်လာပေါင်း သိန်းနဲ့ချီပြီး ကုန်ဆုံးခဲ့
ရတာ။ ခွဲစိတ်ကုသမှုပေါင်း အကြိမ်ပေါင်း မြောက်မြားစွာ
ခွဲစိတ်ခဲ့ရတာ။ နှစ်နဲ့ချီပြီး မျက်နှာတစ်ခုလုံး ပတ်တီးထုပ်ကြီး
အဖြစ်နဲ့ အမှောင်လောကမှာ ဘဝဆိတ်သုဉ်း ပျက်ယွင်းခဲ့ရ
တာ။ တစ်ခါမှ မျှော်လင့်မထားခဲ့ဖူးတဲ့ အတွေ့အကြုံတွေကြား
မှာ အိပ်မက်ဆိုးတွေနှင့် ကျင်လည်နေခဲ့ရတာ တစ်နှစ်ကျော်
ကျော် နှစ်နှစ်နီးပါးပါပဲ။ စွဲစွဲနင့်နင့် ချစ်မက်ခဲ့ရမှုကြောင့်
နစ်နစ်နာနာ ဆုံးရှုံးစွန့်လွှတ်ခဲ့ရခြင်းတွေက ရလဒ်ပဲပေါ့။ မေ့
ဆီမှာ ဘာတစ်ခုမှ ကျန်မနေခဲ့လောက်အောင်ကို ပြန်တီး
ဟာကျန်ခဲ့ရတယ်လေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မွေ့ဘဝမှာ ပထမဆုံး နေ့အလင်းရောင်ကို စတင်မြင်တွေ့ခွင့်ရတဲ့နေ့က နှစ်နှစ်နီးပါး ကာလအတွင်း မျက်နှာက ပတ်တီးပေါင်းထုပ်ကြီးကို လူမမြင်အောင် ပုန်းကွယ်ရှောင်ရှားခဲ့ရင်း ခြောက်သွေ့ငြီးငွေ့ဖွယ် အထီးကျန် ကာလတွေ ကုန်ဆုံးပြီးဆိုတဲ့အသိနဲ့ တစ်ကိုယ်လုံး ပေါ့ပါးလစ်ဟာသွားခဲ့ရသည်။ ခွဲစိတ်ကြိမ်ပေါင်း ဆယ်ကြိမ်ကျော်ကျော် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ခွဲစိတ်ပြုပြင်သွားရင်း မေးစေ့ ကလေးတွေ၊ နှုတ်ခမ်းကလေးတွေ၊ ပါးရိုးကျပုံကလေးတွေ အားလုံး အလျှင်က မွေ့မျက်နှာနှင့် လုံးဝ ခြားနားသွားခဲ့ရသည်။ အပေါ်ပိုင်း ပတ်တီးဖြေတဲ့နေ့မှာ မွေ့ နှလုံးသွေးရပ်တန့်သွားမတတ် လန့်ဖျပ်မှင်တက်သွားမိတာကတော့ ဆယ့်ခုနစ်နှစ်လုံးလုံးရှိ ကိုယ့်ပုံရိပ်မျက်နှာကလေးက လုံးဝ ကွယ်ပျောက်သွားကာ တခြား ကောင်မလေးတစ်ယောက် ရောက်လာသလို ထူးဆန်းအံ့သြ လွန်းစွာခံစားရလေသည်။ ကိုယ့်မျက်နှာမှာ ထပ်ပေါ်လာသော မျက်နှာအသစ်ကို ကြောက်လန့်မိကာ မှန်ပင် ရဲရဲမကြည့်ရဲခဲ့။ အလျှင်က ဖိုဘီကိုတ်စ်နှင့် တူတယ်ဆိုသော မျက်နှာကလေးက လုံးဝကို ပျောက်ပျက်သွားရကာ မေးစေ့ကလေး ဝိုင်းသွယ်သွားကာ အလျှင်ကထက် ပိုမို အချိုးအဆစ် ပြေပြစ်နေသည်။ နှာတံကလေးက အရင်ကထက် ပိုမိုစင်းသွယ်ကာ၊ နှုတ်ခမ်းကလေးက



ပါးလှပ်သွားသည်။ ပါးရိုးကလေးတွေ . . . မေးရိုးကလေးတွေကျပုံက ပြေပြစ်လွန်းကာ အလွန်လှပသော ကြွေရုပ်ကလေးတစ်ရုပ်လို မြင်နေမိသည်။

"သူ . . . သူ . . . လှလာတယ်"

ဟု ထစ်ထစ်အအနှင့် မှန်ထဲ လက်ညှိုးထိုးကာ ရေရွတ်ပြီးမှ သူဟာ မွေ့ပဲလေဟု မယုံကြည်နိုင်မှုတွေကြားမှပင် လက်ခံယုံကြည်ထားလိုက်ရသည်။ စိတ်လှုပ်ရှားမှုတွေ လွန်ကဲကာ ကယောင်ချောက်ချားတွေ ဖြစ်ခဲ့ရတာမို့ ဆရာဝန်ကြီးက စိတ်ငြိမ်ဆေးတွေ ကျွေးရသည်။ ဒက်ဒီက အနားမှာ တတွတ်တွတ်နှင့် မွေ့ဖြစ်ရပ်များကို ပြန်ပြောင်းဖြေရင်း မွေ့သတိရလာအောင် ယခုလက်ရှိ ဖြစ်ပျက်နေသော အဖြစ်အပျက်ကို ယုံကြည်လက်ခံလာအောင် ရှင်းပြသည်။ ဘယ်လိုပဲလက်ခံထားထား အလျှင်က မွေ့ရုပ်နဲ့ လုံးဝပြောင်းလဲ ကွဲပြားသွားရတာအတွက် မွေ့စိတ်ထဲ တစ်မျိုးကြီးပင်။ အဖြစ်အပျက်အလှည့်အပြောင်းတွေက အိပ်မက်ဆန်လွန်းစွာ ထူးဆန်းနက်နေကာ မွေ့ လိုက်မမီတော့။ မွေ့ စိတ်ရောဂါ ဝင်မသွားတာ သိပ်ကို ခံနိုင်ရည် ရှိထားခဲ့လို့ပါ။

မွေ့ရဲ့ကိုယ်ပေါ်မှာ နောက်ထပ်တစ်ယောက်ရဲ့မျက်နှာတစ်ခု ဝင်ရောက် အစားထိုးလာတာအတွက် မွေ့တော်တော်နှင့် လက်ခံမရခဲ့။ လူက အိပ်မက်ထဲရောက်နေရသလို ချောက်ချား စိုးထိတ်စိတ်တွေနှင့် နှလုံးသားတွေ ပြောင်းဆန်ခဲ့ရသည်။ အချိန်ကြာကြာယူပြီး ပြန်ဖြေယူရသည်။

ကားတိုက်မှုကြောင့် မျက်နှာတစ်ခုလုံး ပျက်စီးသွားခဲ့ရတာကြောင့် ပလတ်စတစ် ဆာဂျရီနည်းနဲ့ အသား

www.burmeseclassic.com

www.burmeseclassic.com



အစားထိုး ခွဲစိတ်ကုသခဲ့ရတာကြောင့် မွေ့မျက်နှာ နောက်ထပ် အသစ်တစ်မျိုး ရောက်ရှိလာတာ။ သည်လို ကုသခွင့်ရတာ ဘွားဘွားရဲ့အကူအညီ ထောက်ပံ့မှုကြောင့်ပါ။ ဘွားဘွားရဲ့ စည်းစိမ်တွေ ပုံအောခဲ့ရတာ။

"ဘွားဘွားကော"

ဟု မေးရင်း မွေ့ အားလုံးကို ယုံကြည် လက်ခံ လာခဲ့ရလေသည်။ ဒက်ဒီက မျက်နှာတစ်ဖက်လှည့်ရင်း ဘွား ဆုံးပြီဟု ပြောစဉ်မှာ မွေ့ ရင်တစ်ခုလုံး ဟာကျသွားခဲ့ရသည် မွေ့ကိုချစ်တဲ့ ဘွားဘွား မွေ့ရဲ့ဖြစ်ရပ်ကြောင့် အသက် ဆုံးခဲ့ တာ နေမှာပါ။ မွေ့ ဖြေသိမ့်လို့လည်း မနိုင်တော့ပါဘူးလေ

မျက်နှာတစ်ခုလုံး ပတ်တီးတွေနှင့် ထုပ်ထား ကာလတွေမှာ ကိုယ့်အဖြစ်အပျက်တွေကို သတိရနေပေမယ့် ကိုယ့်မျက်နှာပြောင်းလဲမှုကို မသိရသေးတော့ ခံစားမှု သိ မပြင်းထန်ခဲ့။ ဒါပေမယ့် မာမီတို့ . . . မမိုးတို့ . . . ကိုကြီး ဆီမှ စာတွေကို ဒက်ဒီ ဖတ်ပြတဲ့အခါမှာ မာမီတို့ကို လွမ်းဆွ စိတ်တွေရယ်၊ ခွဲစိတ်ကုသချိန် ကာလအတွက် နှစ်နှစ်တိ ကျောင်းမှ ဆေးခွင့်ယူကာ နားခဲ့ရတာ။ ဆရာဝန်နဲ့အ သီးသန့်ခန်းထဲမှာ ဆိုက်ကို မေးခွန်းတွေ ဖြေကြားရ ပတ်ဝန်းကျင်နဲ့ လုံးဝကင်းရှင်း ပြတ်တောက်ခဲ့ရတာ။ ထူးဆ အံ့ဩဖွယ် ခံစားချက်တွေနှင့် ခွဲစိတ်မှု အတွေ့အကြုံတွေ မွေ့ ရင်မမျှအောင် ခံစားရရင်း အထီးကျန် ကာလရှည်ကြ အတွင်းမှာ အစဉ်မလပ် သတိရနေမိတဲ့ သူကို နာကျင်စိ တွေ ရစ်ပတ်နှောင်ဖွဲ့လာရလေသည်။

အစဉ်အမြဲ မြင်ယောင်နေမိသော ထိုမျက်နှာ



မြင်ချင်စိတ် ကုန်ခန်းအောင် နာကြည်းလာခဲ့မိတော့သည်။ တွေးမိလေ ရင်နာရလေပါပဲ။ အခုတော့ မွေ့ကို မွေ့ပါလို့ မပြောရင် ဘယ်လိုမှကိုမှတ်မိနိုင်စရာမရှိတဲ့ သူစိမ်းတစ်ယောက်ရဲ့ မျက်နှာအသစ်တစ်ခုဘဝမှာ ရှိမြဲတိုင်းရှိနေတဲ့ နှလုံးသားကတော့ လူတစ်ယောက်ကို ဆက်လက် ချစ်မက်နေဆဲပါပဲလားကွယ်။ ဘယ်လိုမှကို ဆက်လက်တွယ်တာမြတ်နိုးဖို့ မဖြစ်နိုင်တော့သည့် အခြေအနေမှာ မေ့ပစ်ဖို့ကလည်း မရနိုင်ခဲ့ပါလား။ မွေ့ နှလုံးသားတွေ ကြွေကွဲပျက်ပြုန်းစေခဲ့တဲ့ အတိတ်ကာလတွေကိုလည်း မေ့မရနိုင်ခဲ့ပါဘူး။ ဆန့်ကျင်ဘက်တရားတွေ မွေ့ ရင်ထဲမှာ ပြိုင်ဆိုင်နေကြဦးမှာပါပဲ။ ခံစားချက်တွေ ပြင်းထန်လွန်းခဲ့တဲ့ကြားက တစ်ခါတစ်ရံမှာ သတိလက်လွတ် တမ်းတမိတာအတွက် သူ့ပုံရိပ် စွဲထင်နေဆဲဖြစ်တဲ့ မွေ့နှလုံးသားကိုပဲ မွေ့ အမြစ်ပုံချရတော့မှာပေါ့။ မျက်နှာအသစ်တစ်ခု ပြောင်းလဲလာရပေမယ့် မပြောင်းမလဲ ရှိနေတဲ့ နှလုံးသားကို မွေ့ မုန်းတီးစက်ဆုပ်မိပါရဲ့ကွယ်။ မွေ့ဘဝမှာ ဘာတစ်ခုမှ ဖြေမသိမ့်နိုင်ခဲ့ပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း . . . (၂)

မနက် ကော်ဖီဝိုင်းမှာ မိသားစုအားလုံးရဲ့ မျက်ဝန်းတွေ
မွေ့ဆီမှာ အရိပ်တကြည့်ကြည့် ဖြစ်နေကြလေသည်။ ဆွေမျိုး
တွေထဲက တစ်ယောက်နှစ်ယောက်စ ရောက်လာကြကာ မွေ့ရဲ့
မျက်နှာအသစ်ကို တအံ့တသြကြားမှ ဒက်ဒီ တားမြစ်ထားတာ
မို့ တအံ့တသြအမူအရာတွေ သိပ်မပြခဲ့ကြရှာ။ ဒက်ဒီက
မွေ့ကို တထူးတဆန်းပုံစံကြီး မဆက်ဆံရဟု အမိန့်ထုတ်ထား
ကာ အလျှင် မွေ့လို့ပဲ မှတ်ယူဆက်ဆံရမည်ဟု ပြောထားကြ
ပေမယ့် သူတို့လည်း ရုတ်တရက်ကြီး လက်မခံရဲကြ။

"မျက် . . . မျက်လုံးလေးကိုပဲ စိုက်ကြည့်ရင်တော့
ယုံ . . . ယုံမယ်"

သော်သော်ဆိုသော မွေ့ ညီမတစ်ဝမ်းကွဲလေးက
အနားကပ်လာကာ ဒက်ဒီမကြားအောင် တိုးတိုးပြောသည်။
မွေ့ ရယ်မောလိုက်ကာ . . .

"ယုံချင်သလို ယုံကွာ၊ မယုံမကြည်ကြီးတော့ မလုပ်
နဲ့ . . . မွေ့ကမွေ့ပဲ . . . အရင်ကမျက်နှာ မရှိတော့
လည်း မွေ့ပဲနော် . . . သိလား"

"ဟုတ် မမွေ့ . . . မမွေ့ ခုမျက်နှာနဲ့ ရိုက်ထားတဲ့



ပုံတွေ အရမ်းလှတယ်နော် . . . အရင် မမွေ့ထက်
အများကြီး ပိုလှတယ်"

"လုပ်ပြန်ပြီ . . . မွေ့က တစ်ယောက်တည်းပါပဲဆို၊
နေဦး မွေ့ နုအိတို့ ဌာန်တို့ကို ဖုန်းဆက်ခေါ်ပြီး ခြောက်
ဦးမယ် . . . ခစ် . . . ခစ်"

စားပွဲမှထကာ ဧည့်ခန်းဆီသို့ ပြေးခဲ့သည်။သည်
အိမ်ကလေးနှင့် ဝေးကွာနေခဲ့တာတောင် အတော်ကြာခဲ့ပြီပဲ။
တစ်အိမ်လုံးက အရိပ်ကြည့်နေကြတာမို့ မွေ့ မှိုင်ဆွေးမနေရဲ
ပေ။ မာမီက မွေ့မျက်နှာညိုရင်ပင် မျက်ရည်ကျတော့မည့်
ပုံစံမို့ မွေ့ ထုံးစံအတိုင်းဖြစ်အောင် ပြန်ကျင့်ယူရမှာ။ နှစ်နှစ်
ခလောက် ငြိမ်သက်နေခဲ့ရတာမို့ လှုပ်ရှားနေရတာကို တစ်မျိုး
ကြီး ပြန်ဖြစ်နေရသည်။ မှန်ကတော့ သိပ်မကြည့်ရဲ၊ ပြောင်း
လဲသွားသော ကိုယ့်မျက်နှာကို ကိုယ်ပင် မရင်းနှီးသေးပါ။
သည်မျက်နှာသစ်ကိုကြည့်မိတိုင်း အတိတ်အိပ်မက်က ခြောက်
လှန့်ဆဲမို့ အတတ်နိုင်ဆုံး ကိုယ့်မျက်နှာကို ပြန်လည် မေ့ဖျောက်
ထားရသည့် ဘဝပါပဲ။

"ဟယ်လို"

"ဟော့ . . . ငါပြန်လာပြီဆိုတာ မသိကြဘူးလား၊ ဘာလို့
မလာကြတာလဲ"

"ဟင် . . . မွေ့လား . . . မွေ့လား"

"အေးလေ . . . နုအိရဲ့ . . . အိမ်လာလေ"

"မနေ့က ငါဖုန်းဆက်တယ်၊ နင့်ဒက်ဒီက အေးအေး
ဆေးဆေးမှလာတဲ့ . . . နင်စိတ်ပင်ပန်းမှာစိုးလို့တဲ့ဆို
လို့ ငြိမ်နေရတာ၊ ရင်ထဲမှာ ကလိကလိနဲ့ အရမ်းတွေ့

www.burmeseclassic.com

www.burmeseclassic.com

ချင်နေတယ်၊ ခုတ်ပုံပဲ တွေ့ထားရတာ"

"ငါက လူမမာကြီးမှ မဟုတ်တာဟယ်၊ ကောင်းသွားပါပြီ လာခဲ့စမ်းပါ၊ နင်တို့ ကျောင်းတက်နေရပြီလား၊ သာ ရှိယားပေါ့လေ . . . ဟုတ်လား"

"အေး . . . နင် နှစ်နှစ်ပျောက်သွားတာ ငါတို့လော ကြီး ရေလည် တိတ်ဆိတ်သွားတာပဲ၊ သတိရလိုက်တာ အရမ်းပဲ၊ အမယ်လေး . . . ပြောစရာစကားတွေ အများကြီး၊ ငါ ဖုန်းကိုခေါ်ပြီး လာခဲ့မယ် . . . နင့်ဒက် ဆုံမလား"

"ဘာဆိုင်လဲ . . . လာခဲ့ပါလားဟ . . . ငါ့အဖေ ဆက်ဆံရေး မပြောင်းနေနဲ့နော်၊ ငါ ဘာမှမဖြစ်ဘူး"

"ကောင်းပြီ . . . လာခဲ့မယ် . . . တာ့တာ"

ဖုန်းကိုချလိုက်ကာ မွေ့ ဆိုဖာကလေးပေါ် ထိုင် ချလိုက်သည်။ အမြဲတမ်း ဆက်နေကျ ဖုန်းနံပါတ်တစ်ခု စိတ်ကအလိုလိုရောက်သွားရင်း တမ်းတလွမ်းဆွတ်စိတ်တွေ နာကျင်မှုတွေနှင့် ယှက်နွယ်ကာ ရင်ထဲ ခုန်ပေါက်ရောက်လာ သည်။ သူမြင်ရင် မွေ့ကို ဘယ်လိုမှ မှတ်မိနိုင်မှာ မဟုတ် တော့။ မွေ့ မျက်လုံးတွေကိုတောင် သူ မှတ်မိနိုင်ပါ့မလား မွေ့ပေါ်မှာ ပေါ့တန်ခဲ့သူမို့ မွေ့အပေါ်မှာ အလေးအနက် လည်း မှတ်သားထားမှာ မဟုတ်ပါဘူးလေ။ မွေ့ကသာ လွမ်း တစိတ်တွေ ဆက်လက် မွေးမြူနေမိတာ။

ခြံထဲဆင်းကာ ဒရင်းဘက်ဒ်သုံးခုချရင်း ထိုင် စောင့်နေလိုက်သည်။ မွေ့ အလျှင်ကလိုပဲ သွက်လက်မြူးရွှင် ပုံစံနှင့်ရှိနေတာမို့ ဒက်ဒီက စိတ်အေးရပုံနှင့် မျက်နှာကြည်



နေသည်။ မာမီကတော့ မွေ့ကို ခဏခဏလာကြည့်ကာ ားလာပြောလိုက်၊ မွေ့ဆံပင်ကလေး လာပွတ်လိုက်နှင့် သည်။ ကိုကြီးတို့၊ ကိုလေးတို့၊ ကိုငယ်တို့ကတော့ ထုံးစံ တိုင်း နောက်ပြောင်နေဆဲနှင့်က မွေ့ကို အကဲခတ်ကြ၏။

"မွေ့လေး . . . နင်အရမ်းပိုလှလာတယ်ဟ၊ ငါ့ညီမ ပိုပီသလာတယ်၊ ဟဲ ဟဲ . . . ဖြစ်နိုင်ရင် ငါတို့တောင် မျက်နှာပြင်ချင်တာ၊ ငါ့နှာခေါင်းက နည်းနည်းကြီးနေ တယ် . . . မလှဘူးကွ"

"ဘွားဘွား ဆုံးသွားတာ စိတ်မကောင်းဘူး ကိုကြီးရယ်၊ မွေ့အတွက်ကုန်ကျမယ့်ငွေတွေအားလုံး စီစဉ်ပြီးသွားမှ သူ စိတ်အေးလက်အေးပုံစံနဲ့ ဆုံးသွားရှာတာတဲ့၊ မွေ့ အဘွား အရင်းအတိုင်းပဲ . . . သူ့နှလုံး အစားထိုးမယ့် ငွေတွေကို မွေ့အတွက် ပြောင်းပေးခဲ့တဲ့"

"စိတ်မကောင်းစရာတွေ မတွေးနဲ့တော့ မွေ့လေးရဲ့ ပြီးခဲ့တာတွေ တတ်နိုင်သလောက် မေ့လိုက်တော့ . . . မွေ့လေး ဝမ်းနည်းနေတော့လည်း စိတ်ထိခိုက်ရုံပဲ ရှိမယ်၊ ဘွားက ပြန်ရှင်လာမှာမဟုတ်ဘူး၊ ဘွားအတွက် ကုသိုလ်ကောင်းမှုလုပ်ပေးပြီး မွေ့က ကျေးဇူးပြန်ဆပ် ပေးပေါ့၊ ကဲ ကဲ . . . ကိုကြီးတို့အတွက် ဘာတွေပါလဲ၊ ရေဘဲန် အကောင်းစားတစ်လက်ရရင် တော်ပြီကွနော်"

"မွေ့ ဘာမှမဝယ်နိုင်ပါဘူး . . . ဒက်ဒီ့ဆီမှာတောင်း ကြ"

"မိုးနဲ့ကိုကြီးတောင် လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက ပေလီ သွားထားတာ ရှိသေးတယ်၊ မွေ့အတွက် ခရုခန်းဆီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ခရု ရုပ်ကလေးတွေ မိုး သိမ်းထားတယ် . . . သူဆီ
တောင်းယူ . . . ဟော ဟိုနှစ်ကောင်လာနေပြီ၊ န
ရှောင်ရိုက်နိုင်တယ် . . . မြန်မြန်ရှောင်မှ"

ပြောရင်း အစ်ကိုသုံးယောက်စလုံး လှစ်ခနဲ ပြေးကြသည်။ ဖွန်နှင့်နုအိက ကားပေါ်မှဆင်းလာကြကာ မွေ့ မျက်နှာကို ကြောင်တောင်တောင် မျက်လုံးတွေနှင့် လာကြ နေကြသည်။ မွေ့ ရယ်ပြလိုက်တော့ အနောက်ကိုပင် လှမ်းတစ်လှမ်း ထပ်ဆုတ်သွားကြလေသည်။ သူတို့ အံ့သြ ကြပုံကို မွေ့ သဘောကျစွာ ရယ်မိရင်း မျက်လုံးပြူးကာ လျှာထုတ်ပြလိုက်သည်။

"ဟိတ်ကောင်တွေ . . . ဘယ်လိုဖြစ်နေတာလဲ"

"မွေ့ ကိုယ်လုံးနဲ့ နောက်မျက်နှာတစ်ခုဆိုတော့ ရုတ်တ ရက် အံ့သြသွားတာဟ . . . ခါတိုင်မြင်ခဲ့ရပေမယ့် နှင့်မျက်နှာနဲ့ သိပ် မရင်းနှီးသေးဘူး၊ အမယ်လေး လောကကြီးကလည်း ထူးဆန်းလိုက်တာနော်၊ လူတစ် ယောက်တည်းနဲ့ မျက်နှာနှစ်ခု ဖြစ်ခွင့်ရတယ်"

ဖွန်က တအံ့တသြဆို၏။ နုအိက မွေ့မျက်နှာကို စိုက်ကြည့်ရင်း . . .

"ဘကယ့် ကောင်မလေး လှလှလေးတစ်ယောက်ပဲ ဟ . . . နင် အရင်ကထက် အရမ်းပိုလှလာတယ်၊ ကြွေ ရုပ်ကလေး ကျနေတာပဲ"

အားပါးတရပြောနေတော့ မွေ့ သဘောကျစွာ ပြုံးနေမိသည်။

"ပြောရဦးမယ် မွေ့ရဲ့ . . . တွမ် . . . "



"တော်ပြီ . . . သူ့အကြောင်းမပြောနဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ"

မွေ့ မျက်နှာကလေး နီရဲတင်းထန်လာရကာ မျက်ရည်ကလေးတွေ လက်လာရသည်။ တွမ်နဲ့မွေ့အဖြစ်ကို သူတို့ မသိကြရသေး။ ဘယ်သူမှလည်း မသိခဲ့ကြပါဘူးလေ။ ဘာကြောင့် မွေ့အခုလို ဖြစ်ခဲ့ရတယ်ဆိုတာကိုလည်း ဘယ်သူမှ သိကြမှာမဟုတ်။ လန်ဒန်မှာ ကားချင်းတိုက်ရင်း မွေ့မျက်နှာ ပျက်ခဲ့ရတယ်ဆိုတာကိုပဲ အကြမ်းဖျင်းသိကြတာ၊ ဒက်ဒီ ကြောင့်မှ မွေ့ ဒက်ဒီတို့နောက် အပျော်လိုက်ခဲ့ရင်း ကားတိုက်ခဲ့ ရတယ်လို့ပင် ထင်နေကြရတာ။ တွမ့်ရဲ့စာကလေး မွေ့ လက် ထဲမှာ အစဖျောက်ခဲ့တာမို့ ဘာအကြောင်းကြောင့် ဘယ်သူမှ ခံလွန်စ မရနိုင်ခဲ့ကြပါ။

"ငါ . . . ငါ အခုလိုဖြစ်ခဲ့ရတာ သူ့ကြောင့် . . . နင်တို့ ဒက်ဒီကို မပြောနဲ့နော်၊ ဘယ်သူမှလည်း မသိစေနဲ့၊ နင်တို့ကို ငါချစ်လို့ ဖွင့်ပြောပြတာ၊ သူ ငါ့ဆီ ဖြတ်စာ ရေးပို့ခဲ့တယ် လူကြုံနဲ့ပေါ့၊ စာဖတ်ပြီးပြီးချင်း ငါ အဲဒီ လူကြုံနောက်ကို အလိုက်မှာ ကားချင်းတိုက်မိရင်းခုလို ဖြစ်ခဲ့ရတာ"

"ဟင် . . . သူက ဘာလို့ဖြတ်လိုက်ရတာလဲ"

"ရှင်းပါတယ် ဖွန်တို့ရယ် . . . ငါ့ကို သူ စစချင်းက တည်းက ရန်လိုက်စ,ခဲ့ဖူးတာတွေလေ၊ သူ ငါ့ကို အပ မုန်းနေခဲ့တာပါ၊ နောက်ပိုင်း ငါ့ဆီကို မြန်မာ ကြီး နူးနူးညံ့ညံ့ပုံစံနဲ့ ဝင်လာခဲ့တာ . . . ငါတို့ ဘာမှ မရိပ်မိ ခဲ့ကြဘူး မဟုတ်လား၊ သူက အကြံအစည်နဲ့ စိမ်ကိန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာ၊ ယောကျ်ားတွေအပေါ် အမြဲ အနိုင်ယူခဲ့တာတွေ၊ ယောကျ်ားတွေ မာနကို စော်ကားတာတွေကို သူ မကျေနပ်ဘူး မဟုတ်လား . . . ငါ့ရဲ့ မာနကို ချိုးဖို့. . . ငါ့ကို အနိုင်ယူ ဖြိုခွင်းဖို့ သူ ငါ့ဆီ လာချဉ်းကပ်ခဲ့တာပဲပေါ့၊ ငါ သူ့ကို အရမ်းယုံခဲ့တယ်၊ အရမ်းလည်း ချစ်ခဲ့တယ်၊ သူ သိပ်ပိရိခဲ့တယ်လေ၊ ငါ့အပေါ်မှာ နူးညံ့ ကြင်နာပြခဲ့တော့ ငါ ယုံခဲ့မိတာပေါ့၊ ငါသူ့ကိုသိပ်ချစ်တယ်ဆိုတာ သူ သိမှာပါ၊ ဒါကြောင့် ငါအရမ်း တွယ်တာလာအောင် သံယောဇဉ်တွေပြခဲ့ပြီး ဖြတ်မရနိုင် ဖြစ်နေတဲ့ အချိန်မှာမှ အလူးအလဲကျဆုံးရအောင် သူ အချိန်ဆွဲပြီး လုပ်ယူခဲ့တာ၊ လန်ဒန်မှာ ငါတို့ရှိတုန်းလည်း သူ့ဆီကို စာအမြဲရေးတယ်၊ ငါ သူ့ကို အရမ်းချစ်တဲ့ အကြောင်း ရင်ထဲမှာခံစားရသမျှ စာထဲမှာ ဖောက်ချပစ် ခဲ့တာဆိုတော့ ငါ အရမ်း ဖိးလ်တက်နေပြီဆိုတာ သူ တွက်ဆနိုင်ခဲ့တာပေါ့၊ ငါ အရမ်း အသည်းအသန် ဖြစ်နေ ချိန်မှာ ရုတ်တရက် အမြစ်ကနေကို ဖြတ်တောက် ချလိုက် တာပါ၊ ငါ . . . ငါ . . . အရမ်း ကျဆုံးခဲ့ရပါတယ် ငွန်တို့ရယ်၊ သူ့ဆီက စာလာလာချင်း ငါလုံးဝ မယုံနိုင်ခဲ့ ဘူး၊ သူ နောက်နေတာပဲ ဖြစ်ပါစေလို့တောင် ဆုတောင်း မိခဲ့သေးတယ်၊ နောက်ဆုံး ကားချင်းတိုက်မိပြီး ငါ သတိ မလစ်ခင် နောက်ဆုံး စက္ကန့်အထိတောင် သူ့ကို ငါ တ,နေ ဆဲပါ ငွန်ရယ်၊ ဒါပေမယ့် ငါ့မျက်နှာ ပျက်စီးသွားပြီးဆို တာ သိရချိန်မှာ အရမ်းပဲ ခံစားရတယ်၊ သူ့ကို မနာ ကြည်းသေးပေမယ့် အခုလို ဖြစ်ခဲ့ရခြင်းရဲ့ တရားခံဟာ



သူပဲမဟုတ်လား၊ သာမန် သူ မုန်းမေ့ပစ်ထားခဲ့တာဆို ရင် ငါ ဒီလောက်အထိ နာကြည်းခဲ့မှာ မဟုတ်ဘူး၊ အခုတော့ ငါ့ဘက်က သိပ်ချစ်ခဲ့ရသလောက် သူက အကြံအစည်နဲ့ အနိုင်ယူဖို့ ဟန်ဆောင်ရက်ခဲ့တယ်၊ ငါ သူ့ကို သိပ်ချစ်ခဲ့ရတာ သူ့ကို အကြီးမားဆုံး အရှုံးပေးခဲ့ ရတာပဲ"

"ငါ့ကို အနိုင်ယူရုံသက်သက် ငါ့ဘဝတစ်ခုလုံးကို ချိုးဖဲ့ ဖျက်ဆီးပစ်ရက်ခဲ့တာ . . . ငါ့ဘဝမှာ ငါအမုန်းဆုံး ရန်သူဟာ သူပဲ၊ ဒါပေမဲ့ ငါ့ဘဝမှာ ငါ အချစ်ဆုံးသူဟာ လည်း သူပဲ ဖြစ်နေခဲ့တယ် ငွန်ရယ် . . . ၊ ငါ . . . ငါ့ နှလုံးသားက လုံးဝမကောင်းတာ အမှန်ပဲ၊ အမှတ်သည်း ခြေ ကင်းမဲ့တာပဲလား၊ အချစ်က အရမ်း နက်ရှိုင်း ခိုင်မြဲနေလို့ပဲလား မသိဘူး၊ ငါ သူ့ကို သိပ်ချစ်ဘာတော့ အမှန်ပဲ"

စကားတွေကို ခပ်တိုးတိုးဆိုရင်း မွေ့ မျက်ရည် ကျသည်။ မာမီ ချက်ချင်းအနားရောက်လာတာမို့ မွေ့ မျက် ရည်တွေသုတ်ရင်း အမြန်ပြုံးရယ်ရသည်။ မွေ့ ခံစားနေရတာ တွေကို ဘယ်သူမှ မသိစေလို . . . မခံစားစေလိုပါ။ သည် လောက်ကြီး မဖြစ်သင့်ခဲ့တာကလေး အမှန်ပါပဲ။ မဖြစ်သင့်ဘဲ ဖြစ်သွားခဲ့ရတာကြောင့်မို့လည်း မွေ့ ဘလွဲလို့ ဘယ်သူမှ သူ့ကို မနာကြည်းစေလိုတော့ပါဘူး။ မွေ့ တစ်ယောက်တည်းသာ သူ့အပေါ် ပုံအောနာကြည်းနေပါတော့မည်။

သူ့ရဲ့ရည်ရွယ်ချက်ကတော့ မွေ့ကို အသည်းကွဲ အိခိုက်ရုံ၊ မခံမရပ်နိုင်နဲ့ အရှက်ရရုံ၊ မာနကျဆင်း နောင်တရရုံ

www.burmeseclassic.com

www.burmeseclassic.com



လောက်သာ ရည်ရွယ်ခဲ့ပုံပါပဲ။ သူ့ရဲ့စာထဲမှာ မွေ့ကို ပြင်းပြ
ထန်ထန် ထိခိုက်လိုစိတ်မျိုး မပါဘဲ နှလုံးသား ခံစားရရုံလော
ပါပဲ။ မွေ့ကသာ မွေ့အပြစ်လည်း ပါပါတယ်လေ။ မွေ့ ပေါ
ကွဲစိတ်နဲ့ ကားနဲ့လျှောက်လိုက်ခဲ့မိတာအတွက် မွေ့ရဲ့ အပြစ်
ပြောရင်လည်း ရတာပေါ့လေ။ အယုံကြီးယုံ . . . အမျှော်လ
ကြီး မျှော်လင့်ထားခဲ့တာမို့ ရုတ်တရက်ကြီး ပေါက်ကွဲသွားခဲ့
တာအတွက် မွေ့ မှားယွင်းတယ်ဆိုရင်လည်း အဲသည် မှားယွင်
ချက်အတွက် မွေ့ ပြင်းပြင်းထန်ထန် ခံလိုက်ရပြီးပြီလေ။ ဘာ
ဖြစ်ဖြစ် အချစ်ကြီးချစ်ခဲ့မိတာအတွက်တော့ နောင်တတွေ
ရခဲ့မိတာအပြင် ကြေကွဲမှုတွေ . . . ဖြေမဆည် နိုင်ခဲ့မှုတွေ
မွေ့ ဘဝကလေး အဖတ်ဆယ်မရတော့ပါဘူး။ မွေ့ အရှုံးကြီ
ရှုံးနိမ့် ကျဆင်းခဲ့ရတယ်ဆိုရင် မင်း ပျော်လိုက်ပါတော့ တွ
ရယ်။

"တွမ်က ဒါဆိုရင် တော်တော် ယုတ်မာခဲ့တာပေါ့ . . .
တောက် . . . ငါတို့ လုံးဝမရိပ်မိခဲ့ဘူးကွာ၊ သူ နင့်ကို
သိပ်ချစ်ပုံက ထင်းနေခဲ့တာပဲ၊ ငါတို့ တစ်ခါရယ်ပြ
တယ်၊ သူ ခပ်တည်တည်နဲ့ လှည့်ထွက်သွားတော့ ငါ
ရေလည် ရှက်သွားတာပဲ၊ နောက်ပိုင်း ငါတို့လည်း လုံး
မခေါ်တော့ဘူး၊ သူ့ ပုံစံကြီးက တည်တည်ကြီးနဲ့ အရင်
ကနဲ့မတူတော့တာတော့ အမှန်ပဲ၊ အရင်နဲ့ လုံးဝ မတူ
ဘူးကွ၊ တစ်မျိုးကြီးပဲ၊ ဒါဆို နင့်ကိစ္စနဲ့ပတ်သက်ပြီး သူ
ပြောင်းလဲသွားတာဖြစ်မယ် သိလား၊ စိုးမိုးကတော့
သူ့အဖေ တောင်ကြီးဘက် အလုပ်ကိစ္စနဲ့ ပြောင်းသွား
တာကို သူပါ လိုက်ပြောင်းသွားတယ်တဲ့ . . . ကြားရ



တာပဲလေ၊ သူနဲ့လည်း ငါတို့ မတွေ့တော့ပါဘူး . . .
ထူးခြားတာက နင်ကော . . . တွမ်ကော . . .
စိုးမိုးကော တစ်ယောက်တစ်မျိုးစီ ပြောင်းလဲသွားကြ
တာတော့ အမှန်ပဲ၊ ဘာတွေမှန်းကို မသိဘူး၊ ဇာတ်မျိုးကြီး
တွေစီပဲ"

နုဒီက ရှည်ဝေးစွာ ရှင်းပြရင်း ရှုံ့မဲ့စွာ ဝေဖန်
သည်။ သူ အရမ်းပြောင်းလဲသွားတယ်တဲ့။ ဟုတ်မှာပေါ့။
လျှင်တုန်းက သွက်လက်ပုံ၊ ကြင်နာပုံတွေ လုပ်ပြနေခဲ့တာ
ဟာ ဟန်ဆောင်ထားခဲ့တာပဲဟာ။ ဟန်ဆောင်မှုတွေ ပြီး
သွားတော့ သူ့ နဂိုပုံစံ ပြန်ရောက်သွားတာနေမှာပေါ့။ သူ့ဗီဇကို
မာနမြင့်မား မာကျောတဲ့ ပုံစံပဲဟာ။ အို . . . တွေးမိခလ
သူလုပ်ခဲ့တာတွေ ပိုမို ပီပြင်လှုပ်ရှားလာလေပါပဲ။
တွေးလည်း မတွေးပါရစေနဲ့တော့၊ ဆက်လက် ဘွယ်တာ
ခံမက်နေမိတာအတွက်ကိုတော့ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မွေ့
ဆက်လက် ခံစားနေရတော့မှာပဲ။ သူ့ကို ချစ်နေမိသရွေ့ ကာလ
လုံး မွေ့ စိတ်ဆင်းရဲနေရတော့မယ်ဆိုရင်တော့ မွေ့ သက်
တိုင် စိတ်ဆင်းရဲသွားရတော့မှာ ပဲ။

"အဲဒါတွေ ထားလိုက်ပါ၊ ငါ ကျောင်းပြန်တက်ရင်
စက္ကန်းရီးယားကြီးပေါ့ကွာ၊ ကြားထဲ အခုရက်တွေ
အတွက်လည်း ဘာကိုမှမရတော့ဘူး၊ နှစ်ဝက်ကျိုးနေပြီ၊
နှစ်တွေ အရှုံးပေါ်သွားတယ်ကွာ"

"အံမယ် . . . ဘာဖြစ်လဲ . . . နင် ဒီနှစ်တော့ နား
လိုက်ပေါ့၊ ဒါမှမဟုတ်ရင် ငါတို့နဲ့ ကျောင်းပြီးခဲ့ . . .
မိန်းယဲမှာ ဖက်ရှင်ကွင်းတွေ ရေလည်ပြီတယ်၊ နင် မြင်

www.burmeseclassic.com

www.burmeseclassic.com

ရင် သူတို့ အိမ်ထိတောင် လိုက်ချင်စိတ် ပေါက်သွား
မယ်၊ အရမ်း ငေးမဝတွေပဲ"

"တွမ်ကတော့ နာမည်ကြီးဆဲပဲဟ . . . အရမ်း ချော
တဲ့၊ ဒီကောင်ကတော့ ဆက်ပြီး မာနကြီးနေဦးမှာ
ဒါပေမယ့် အရင်လို မြောက်ကြွကြွ ထောင်လွှား
လည်း မဟုတ်ဘူး၊ အေးတိအေးစက်ကလေး . . .
ဘာမှ ဆီဆိုင်ပတ်သက်မှု မရှိသလိုဘဲ"

"နင့်ကို ဖြတ်လိုက်ရလို့ ကြွေနေတာထင်တယ်၊ သူ့ပုံ
နင်ပြောသလို သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး နင့်
ချိုးဖို့လုပ်ခဲ့တာ ဆိုပေမယ့် နင့်ကို တကယ်ချစ်သွား
ထင်တယ်၊ အရင်တုန်းကလည်း နင့်ကို အရမ်းချစ်
တာပဲ၊ မလုပ်မဖြစ်လို့ လုပ်လိုက်ရတာမျိုး"

"ဘာရယ် . . . နုအိ၊ နင်တို့ အဲဒီလို ယူဆလား
ငါ . . . ငါ သူ့ကို မယုံရဲတော့ပါဘူး နုအိရယ်၊ သူ
သိပ်ကြောက်သွားပြီ"

"မဟုတ်ဘူး . . . နင့်ကို သိပ်ချစ်တာကိုတော့
လောင်းရဲတယ်၊ သူ ဟန်ဆောင်ချင်ရင်လည်း ဆောင်
ပေါ့လေ . . . ဒါပေမယ့် သူကိုယ်တိုင် တကယ်ချစ်
တာက ပိုပီပြင်တယ်၊ နင့်ကို ဖြတ်စာရေးလိုက်ရပေမ
သူ့ပုံစံက အောင်နိုင်သူကြီးလို မြောက်ကြွကြွကြီး ဖြစ်
နေဘူး၊ အေးအေး စက်စက်ပဲ . . . တစ်မျိုးလေး
အရင်ကနဲ့ လုံးဝမတူဘူး၊ ပကတိ ငြိမ်ကျသွားတာ"

နုအိရယ် . . . ငါ့ နှလုံးသားတွေ ထပ် မချော
ပျောင်းပါရစေနဲ့တော့။ ငါ သူ့ကို နာကြည်းမြဲ ဆက်လက်



ကြည်းချင်နေပေမယ့် တွယ်တာမှု သံယောဇဉ်တွေက ဝင်ရောက် မွှေနှောက် ယှဉ်ပြိုင်နေတာပါ။ နာကြည်းမှုတွေ ဆုံးရှုံးရင်း . . . တွယ်တာမှုတွေ အနိုင်ရခြင်းနဲ့ မွေ့ သူ့ကို နောက်ထပ်တစ်ဖန် အရှုံးမပေးပါရစေနဲ့တော့။ မွေ့ကိုသူ ရက်စက်ခဲ့တာတော့ အမှန်ပဲ။ အဲသည်အတွက် နာကြည်းနေပါရစေ။ သူ တကယ်ချစ်ခဲ့တာဆိုရင်လည်း တိတ်ဆိတ်စွာပဲ ကြည်နူးပါရစေတော့။ မမျှော်လင့်ပါရစေနဲ့တော့ တွမ်ရယ်။ မျှော်လင့်ခြင်းတွေ ဆိတ်သုဉ်းပြီး နာကြည်းခြင်းတွေနဲ့သာ ထာဝရ မေ့ပျောက်စေချင်တဲ့ကြားက မမေ့ပျောက်နိုင် ရှိနေရတဲ့အချိန်မှာ မျှော်လင့်ခြင်းတွေ တစ်ဖန် ဆန်းသစ်ပေါ်ပေါက်လာရင် နဂိုကမှ မနည်း ဟန်တင်းပြီး တင်းမာထားရတဲ့ မွေ့ နှလုံးသားတွေ တိမ်းယိမ်းကုန်လိမ့်မယ်။ မင်း မေ့ပစ်ခိုင်းတဲ့ အတိုင်းပဲ မေ့လိုက်ပါရစေတော့။ မမေ့နိုင် ဖြစ်နေရတယ်ဆိုရင်လည်း နာကြည်းနေပါရစေ။ မွေ့ ထပ်မံ မမျှော်လင့်ပါရစေနဲ့တော့ တွမ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၃)

"မွေ့ ကျောင်းကိုလိုက်ခဲ့ . . . ငါတို့ ကျောင်းထဲသွားရအောင်"

ဟု မနတ်က နုအိ ဖုန်းဆက်ထားတာမို့ မွေ့ စိတ်ပြေလက်ပျောက် ကျောင်းသို့သွားရန် ဆုံးဖြတ်လိုက်သည်။

နုအိတို့အိမ်ကိုရောက်မှ နုအိတို့ကားနဲ့အတူ မိန်းထဲရောက်လာကြရသည်။ ကျောင်းဝင်းထဲ ကားချိုးဝင်ချိန်မှာ မွေ့ရင်တွေ အရမ်းခုန်လာသည်။ ဘာဖြစ်လို့ပါလိမ့်ကွယ်။ မွေ့ကိုမြင်ကြတဲ့သူတွေက မွေ့ကို မှတ်မိနိုင်ကြမှာလည်း မဟုတ်။ မွေ့ ကြည့်ချင်တဲ့သူကို မွေ့ မျက်နှာချင်းဆိုင် သွားရပ်ကြည့်ရင်တောင် သူက မွေ့ကို မွေ့မှန်း မသိနိုင်တော့။ မွေ့ ဘာလို့ မျက်နှာတစ်ခုကို တမ်းတမ်းမက်မက် မြင်ချင်နေရတာ ပါလိမ့်ကွယ်။ သည်နေ့မှ ခါတိုင်းထက် ပိုမိုစွာ ဘဝတိရမြင် ယောင်နေမိတာအတွက် မွေ့ ဘာမှလည်း မတတ်နိုင်။ ဘာမှ မမျှော်လင့်တော့တဲ့အချိန်မှာ မွေ့ ဘာကိုမျှော်လင့်နေမိပြန်တာလဲ။ မွေ့ နာကြည်းစိတ်တွေ ကုန်ဆုံးခဲ့ရပြန်ပြီလား။ သူ မွေ့ကို တကယ်ချစ်ခဲ့တာဆိုတဲ့ နုအိရဲ့ စကားကလေးနဲ့တင် မွေ့ အမှတ်သည်းခြေတွေ ပျောက်ဆုံးလျော့ရဲမိခဲ့ပြန်ပြီလားကွယ်။



မွေ့ ဘဝကလေး သွက်သွက်ခါအောင် ပျက်စီးခဲ့ရခြင်းအတွက် ဘယ်တော့မှ မမေ့နိုင်အောင် နာကြည်းပါရစေတော့ကွယ်။

"မွေ့ . . . ဖတ်စ်ရီးယားတုန်းက ကောင်မလေးတချို့ကို ငါတို့ အကြောင်းရိုက်ရအောင်၊ ညိုမိတို့၊ စိုပြေတို့ နင့်အကြောင်း ခဏခဏ လာမေးဖူးတယ်၊ နင့်ကို ရှေ့မှာ ထားပြီး နင့်အကြောင်းပြောရင် နင်နားထောင်ချင်တယ် မဟုတ်လား၊ သူတို့ နင့်ကို မှတ်မိကြမှာ မဟုတ်ဘူး သိလား . . . ခစ်ခစ် . . . ရေလည် ရယ်ရမှာ"

"အေး . . . အေး . . . ကောင်းတယ်"

မွေ့ သဘောတူလိုက်ရင်း ကားပေါ်က ဆင်းလိုက်သည်။ အဓိပတိလမ်းမကြီးအတိုင်း သုံးယောက် ယှဉ်တွဲလျှောက်လာကြရင်း တက္ကသိုလ် စာကြည့်တိုက် လှေကားတွေပေါ်သို့ ဇွန်က တက်တာမို့ မွေ့ လိုက်တက်ခဲ့ရသည်။ ယခင်ဘုန်းက တက်ကြွမှု၊ သွက်လက်မှုမျိုးတွေ ရင်မှာ ပြန်လည်ခိုတွယ်လာလေသည်။

"ဟိုမှာ . . , ကေသီဟေ့ . . . မွေ့ . . . နင့် မျက်နှာတည်ပါစေနော် . . . မှတ်တော့ မမှတ်မိနိုင်ပါဘူးလာ. . . လာ"

ကေသီရယ် . . . ညိုမိရယ်က စာကြည့်တိုက်လှေကားမှာထိုင်ကာ ငြင်းခုံအော်ဟစ် ရယ်မောနေကြသည် ခိုပြေက နားပိတ်ကာ ကာတွန်းဖတ်နေသည်။ အလျင်တုန်းက ခိုပြေတို့နှင့် မွေ့တို့ ခင်မင်မိဖူးတာမို့ မွေ့ ရယ်ချင်နေ၏၊

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . ကေသီတို့ ဘာဖြစ်နေကြတာလဲ"

"ဒီမှာဟယ် . . . သကြ်န်တုန်းက ငါ့ကို ရေလာလောင်းပြီး စကားပြောသွားတဲ့ ဘဲချောလေးနဲ့ ပြန်တွေ့ မတွေ့ဖြင်းနေတာ၊ ခုထက်ထိ မပြီးနိုင်ဘူး၊ ဟယ် အလယ်ကတစ်ယောက် ချောလိုက်တာ"

ကေသီက လက်ညှိုးကလေး မွေ့ဆီ ထိုးကာ ခပ်တိုးတိုးဆိုတာမို့ မွေ့ စပ်ဖြဖြကလေး ဖြစ်သွားရသည်။ ဖွန်က နှုတ်ခမ်းကိုက်ရင်း . . .

"အေး . . . မိတ်ဆက်ပေးမယ် . . . သူ့နာမည်က 'မှူး'တဲ့ . . . ငါတို့နဲ့ အခုမှခင်တာ၊ ချောတယ်နော်၊ ဟဲဟဲ . . . သူတို့သုံးယောက်က ကမ္ဘာ့ငပေါကြီးများအဖွဲ့ဝင် သုံးကောင်ပေါ့၊ မှတ်ထား၊ စိုပြေ . . . ကေသီ ညှိုမိ . . . လမ်းတွေ့ရင်ခဲနဲ့ပေါက်"

ဖွန်က အတည်ပေါက်နှင့် မိတ်ဆက်ပေးနေပြန်ကာ စိုပြေတို့က ခေါင်းတညိတ်ညိတ် ရယ်မောကာ မွေ့ကို ခင်မင်နှစ်လိုဖွယ် ပြုံးပြနေသည်။ သူတို့ကိုကြည့်ကာ မွေ့ အရမ်းပဲ ရယ်ချင်နေသည်။ ဘယ်မှတ်မိပါ့မလဲ။ မွေ့ မျက်နှာကလေးက လုံးဝ ပြောင်းလဲသွားရတာပဲ။

"ဟိတ် . . . ညှိုမိ . . . မွေ့ ဆီက စာလာတယ်တဲ့ . . . သူက လန်ဒန်မှာ ဖော့ဂွတ်နေလိုက်တော့မယ်တဲ့"

"ဟေ့ . . . ဒီမိန်းမ ဘာဒီဇိုင်းလဲ"

"ဟိုမှာ လန်ဒန်ကကောင်လေးနဲ့ ယူလိုက်ပြီတဲ့"

"အား . . . ရက်ရက်စက်စက်ပါလားဟယ်၊ တွမ်ခရုစ်နဲ့ ပြတ်သွားပြီလား၊ အေးနော် . . . အဆက်အသွယ်ပြတ်



နေတာ ကြာပြီပဲ၊ တွမ်ခရုစ်ကြီး ဆွေးပြီပေါ့ . . . ဟဲဟဲ ငါ ဆက်လက် အမွေခံလိုက်မယ်ဟယ်"

"မွေ့က တကယ်လားဟယ် . . . မွေ့ကြီးကို လွမ်းလိုက်တာ၊ မိန်းမက ရေလည်စိမ်းရောင်ခြယ်နေတယ် . . . ငါတို့ စာရေးပြီး ပွမ်လိုက်မယ် . . . ငါတို့ကို လိပ်စာပေးဟေ့"

စိုပြေက အော်ရင်း ဟစ်ရင်းနှင့် မျက်လုံးကလည်း မွေ့ဆီကမခွာ။ ကောင်မလေးလှလှဆို အနောက်က ကောက်ကောက်လိုက်ကာ ငေးကြည့်တတ်သော စိုပြေရဲ့အကျင့်ကို မွေ့ သိထားတာမို့ ရယ်ချင်စိတ် ပြင်းပြနေရသည်။

"ငါတို့ဆီ မွေ့ဆီက ဓာတ်ပုံလာတယ်၊ လန်ဒန်က တရုတ်စာတွေအပြတ်စားပြီး ပွဖောင်းနေတယ်တဲ့ . . . ဖတ်(တ်)တီးကြီး ဖြစ်နေတယ်၊ ဘောင်းဘီတိုတိုပွပွကြီးနဲ့ မြင်ယောင်ကြည့်လိုက်ကြစမ်း၊ ဆံပင်တွေကလည်း ခေါင်းတုံးရိတ်လိုက်ပြီ . . . အဆီတွေ အရမ်းစားပြီး အပူတွေကန်ပြီး ခေါင်းတွေအနာပေါက်လို့တဲ့"

သုံးယောက်စလုံး မျက်လုံးတွေပြူး၊ ပါးစပ်တွေပြဲကာ ဟယ် . . . ဟင် . . . ဟာနှင့် တအံ့တသြ ရှိနေကြလေသည်။

"ဖက်တီးခေါင်းတုံးကြီး ဟုတ်လား၊ သွားပြီ . . . မွေ့ကြီး ပစ်လိုက်ရပြီ . . . စိတ်ပျက်ဖို့ ကောင်းလိုက်တာဟယ်"

မွေ့ ထိန်းမရစွာ တခစ်ခစ်ရယ်လိုက်တော့ ညှိုမိတို့တပါ ဝိုင်းရယ်ကြကာ . . .

"မှူးတော် ရယ်တယ် . . . ခစ်ခစ် . . . ရယ်ရတယ်

www.burmeseclassic.com

www.burmeseclassic.com



သိလား၊ အဲဒီမွေ့က အရင်က အရမ်းချောတာ၊ ဖိဘီကိတ်စ်နဲ့အရမ်းတူတာ၊ သူဘဲလေးကလည်းတွမ်ခရုစ်ပဲ မှို မြင်ဖူးလား၊ နေဦး ... လိုက်ပြမယ်၊ မှို ... မှို နာမည်လေးက လှလိုက်တာ၊ ခေါ်လို့ကောင်းလိုက်တာ"

ဇွန်က ငါကွ ဟူသော ပုံစံနှင့် လက်မကလေး ထောင်ကာ ဆံပင်တွေ ဘာတွေ သပ်တင်နေသည်။ 'မှို' ဆိုတဲ့နာမည်ကို သူမို့ အကြံပေါက်ကာ ထွက်ခဲ့ကာ နာမည်က ချစ်ဖို့ကောင်းနေတာမို့ မွေ့ပါ မှိုဆိုတဲ့ နာမည်ကလေးကို နှစ်ခြိုက်သွားရလေသည်။

"မှိုက ဘယ်မေဂျာကလဲ"

"မွေ့ ... အဲ ... မှိုဆေးခွင့်ယူထားတယ်လေ ရောဂါရှိလို့ အခုမှ R.C.2 မှာပဲ ရှိသေးတယ်၊ နောက်တစ်နှစ်မှ ပြန်တက်မယ် ... စက္ကန်းရီးယားဖူးကပါ"

"ဩော် ... ဩော် နှစ်ကုန်တော့မှာပါ၊ ဘာဖြစ်လဲ အေးအေးပေါ့၊ မှို့မျက်နှာကလေးက နုနုလေး ဘယ်သူမှ မကဲ့ရဲ့ဘူး၊ အဲ ... ဒါပေမယ့် အရပ်ကြီးက အမြင့်ကြီးပဲ အရမ်းမိုက်တာပဲ ... ဘယ်နှစ်ပေရှိလဲဟင်"

"ငါးပေခြောက် ... အဟိ ... သိပ်မရှည်ပါဘူး"

"မှို့ဆံပင်လေးက လှတယ်တော့ ... ရှည်ရှည်လေး"

ကေသီက သဘောကျစွာ ချီးမွမ်း၏။ မွေ့ဆံပင်က အလျှင်က ဖိဘီကိတ်စ် ပုံစံမဟုတ်တော့။ အတော်ပင် ရှည်နေကာ နောက်ဆံပင်တွေက ခါးနားပင် ရောက်နေကာ



ဘေးဆံပင်တွေက ကျောလယ်ရောက်နေပြီ။ မွေ့မှာ အလျှင်က မွေ့နဲ့တူတာ ဘာမှမရှိတော့။ တကယ့်ကို လုံးဝပြောင်းလဲ ခြားနားသွားရကာ ဘယ်သူမှ မမှတ်မိနိုင်တော့။

"ကဲ ... သွားရအောင်၊ ငါတို့ ကျောင်းပတ်လိုက်ဦးမယ်၊ ဘိုင့် ... ဘိုင်"

"ဟဲ့ ... ငမွေ့လိပ်စာပေးဦးနော်၊ ငါတို့ တကယ်ရန်ထောင်မှာ၊ ပြီးတော့ သူဆီက ဓာတ်ပုံတောင်းပြီး အဲဒီဖက်တီးနဲ့ ခေါင်းတုံးပုံကို နို့တစ်ဘုတ်မှာကပ်ပြီး ကြော်ငြာထားရမယ်၊ တွမ်ခရုစ် လာရွေးပါလို့ ဖိဘီကိတ်စ် ပုံလို့ ... ခစ်ခစ် ... "

"ဟား ဟား ... အေး စိတ်ချ၊ စောင့်နေ ... နောက်တစ်နေ့ လာပေးမယ်"

မွေ့ပါ အသံထွက်ရယ်ရင်း ညိုမီတို့ကို နှုတ်ဆက်ကာ လှည့်ထွက်လိုက်၏။ ဇွန်နှင့် နုအိက တဟီးဟီးနှင့် ကျယ်လောင်စွာ ရယ်မောနေတာမို့ မွေ့ပါ လိုက်ရယ်ဖြစ်သည်။

"ကောင်မလေးတွေ တကယ်ယုံသွားကြတယ် ... ခစ်ခစ် ... အရမ်းရယ်ရတာပဲတော့"

"ဟာ ... ရယ်လှချေလား၊ အရမ်းမရယ်နဲ့လေ"

ဘေးနားက ဖြတ်သွားသော ကောင်လေးတစ်အုပ်ကအော်သွားတာမို့ ဇွန်တို့က လှည့်ကာ ဟမ်းခနဲ့ ရေရွတ်ကြသည်။ အလျှင်တုန်းက ကာလတစ်ခုကို မွေ့ပြန်လည်မြင်ယောင်ရင်း လွမ်းဆွတ်သွားမိသည်။

"ယောက်ျားလေးမာနကို မစော်ကားနဲ့၊ ယောက်ျားလေးတွေကို အထင်မသေးနဲ့၊ ယောက်ျားလေးတွေကို ရန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်မထောင်နဲ့ . . . သူတို့ စ,သွားတာကို မကျေ နပ်ရင်လည်း မကြားချင်ယောင် ဆောင်နေလိုက်ပေါ့ မွေ့ရယ်၊ ပြန်ပြီး ပြောဆို ရန်မဖြစ်နဲ့ . . . မွေ့ကို ထိခိုက်တယ်လေ၊ နောက်ပြီး မွေ့ပြောတာ ခံရတဲ့ ယောကျ်ားလေး အနေနဲ့လည်း မကောင်းဘူးပေါ့ နောက်မခံတဲ့ ယောကျ်ားလေးနဲ့တွေ့ရင် မွေ့ အရှက်ရ မယ်လေ . . . ပြဿနာများမပ်လေ"

ဟု တဖွဖွ ဆုံးမသွန်သင်ခဲ့ဟာတွေ၊ လူကြီးလေး တစ်ယောက်လို အရာရာမှာ ထောက်ပြပြုပြင်ပေးခဲ့တာတွေ ဒါတွေ အားလုံးဟာ ဟန်ဆောင်မှုတွေပါလား တွမ်ရယ် . . . အလဲထိုးဖို့အတွက် အကွက်ဆင်တဲ့ သံယောဇဉ် ပြမှုတွေပဲ မဟုတ်လား။ တိုက်ကွက် ပီပြင်အောင် . . . ခံရသူ အကျနာ အောင် စနစ်တကျ အကွက်ကျကျနဲ့ စီစဉ်တဲ့ ဟန်ဆောင်မျှား ယူခြင်းတွေ မဟုတ်လား။ တစ်ဖက်လူ တိမ်းမူးညွတ်နူးလာတဲ့ အချိန်မှာမှ ဝုန်းခနဲ ဒိုင်းခနဲ အလဲထိုး ကျဆုံးစေခဲ့တာ မဟုတ် လား။ မင်းအကွက်ဆင်ခဲ့တာတွေ သိပ်ပိရိခဲ့ပါတယ် တွမ်ရယ်၊ မွေ့ မင်းရဲ့ တိုက်စစ်ဆင်နည်းထဲ တိမ်းမူး ညွတ်ဝင်ခဲ့ရတယ် လေ၊ နောက်ဆုံး မင်းရဲ့ အလဲထိုးချက်ကို နင့်နင့်သည်းသည်း ခံစားရရင်း ကျဆုံးခဲ့ရတယ်လေ။ မွေ့ လုံးဝကို ဆုံးရှုံးခဲ့ရတာပဲ လေ။ ပရိယာယ်တွေ ကြွယ်ဝခဲ့တဲ့ မင်းကို ကျွမ်းကျင်တယ်လို့ ချီးကျူးရမလား။ နာကြည်းရမလား။

မင်းအပေါ် ပြိုင်ဘက်တစ်ယောက်လို့ စိတ်မ ထားခဲ့ဘဲ ရိုးသားစွာရပ်တန့်ရင်း မင်းအနိုင်ယူသမျှကို ငြိမ်ခံခဲ့ ရသူမို့ မင်း အလဲထိုးခဲ့တဲ့အတွက် အထိနာခဲ့ရတာကြောင့်



င်းရဲ့ ပရိယာယ်တွေအတွက် မွေ့ အံ့ဩ နာကျင်နေမိတာ ဘာ ဆန်းသလား။

တစ်ချိန်လုံး ရန်သူလို့လည်း သံသယမရှိခဲ့ဘူး။ ိုက်ပွဲတစ်ခုလို့လည်း မသတ်မှတ်ထားခဲ့ဘူး။ မျှော်လင့်ချက် းစွာနဲ့ မောင်း တမ်းတနေခဲ့တဲ့ မွေ့ပါ။ အပြုံးတွေ . . . ရိယာယ်တွေနဲ့ လှည့်စားရင်း အလဲထိုးချလိုက်တဲ့အခါမှ ုံးရှုံးရခြင်းနှင့်အတူ မင်းရဲ့ ပရိယာယ်တွေကို နားလည် ဘောပေါက်ခဲ့ရတဲ့ ...ဟာ မင်းအပေါ် အံ့ဩနာကျင်မှု မရှိ င့်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၄)

သည်နေ့ကလေးတစ်နေ့ကို မွေ့ဘဝမှာ ဘာကြောင့် မမေ့
ဖြစ်နေခဲ့တာပါလိမ့်ကွယ်။ မွေ့ကို ချစ်တယ်ဆိုတဲ့ စကား ပြော
တဲ့နေ့လေး။ အလျှင်တုန်းကတော့ သည်စကားကလေး
ထပ်တလဲလဲကြားယောင် ပျော်ရွှင်မိရင်း တစ်လတစ်ခါ သည်
ရက်ကလေးမှာ မွေ့ အမှတ်တရကလေး တစ်ခုခု လုပ်ဖြစ်ခဲ့တာ
လန်ဒန်မှာတုန်းကလည်း လုပ်ဖြစ်ခဲ့တာပဲ။ မွေ့ မျက်နှာကလေ
အသားအစားထိုး ခွဲစိတ်ကုသခံ နေရချိန်မှာမှ အဲသည် ဓလေ
ကလေး ပျောက်ပျက်သွားခဲ့ရတာ။ ရက်တွေနေ့တွေ မှတ်နိုင်စွမ်း
မရှိခဲ့တာရယ်၊ နာကြည်း အောင့်သက်လှတဲ့ ခံစားချက်တွေရဲ့
ကြောင့် အားလုံးကို မွေ့ မေ့ထားမိခဲ့တာပဲ။ ရန်ကုန်ပြန်ရော
ပြီးမှ တိုက်တိုက်ဆိုင်ဆိုင် သည်နေ့ကလေး ကျရောက်လာတော့
မွေ့ အမှတ်မထားမိဘဲ မနေနိုင်တော့ပါလားကွယ်။ တကယ်
ဘယ်လိုမှကို မနီးစပ်နိုင်တော့မယ့်ဘဝမှာ မွေ့ ဘာလို့ ရူးမိုက်
ဆက်လက် မိုက်နေရတာလဲ။ လွန်ကဲတဲ့ နှလုံးသားကို တားဆီး
မရချိန်မှာတော့ မွေ့ ဗိုလ်ချုပ်ဈေးဆီ ရောက်လာမိခဲ့ပြန်ပါရော
တွမ်ရယ်။ နာလည်း နာကြည်းမိပါလျက်နဲ့ ဘာလို့ ခုထိ မမေ့နိုင်
ခဲ့ရတာပါလဲကွယ်။

"မမိုး . . . မွေ့တစ်ယောက်တည်း ဈေးပတ်ချင်တယ်



မမိုး ကားပေါ်ကပဲ စောင့်နေ . . . မွေ့ မကြာပါဘူး၊
ခဏပဲနေ"

မမိုးကိုထားခဲ့ရင်း မွေ့ ဗိုလ်ချုပ်ဈေးထဲ ဝင်လိုက်
သည်။ နာနာကြည်းကြည်း စိမ်းစိမ်းကားကား အမှတ်အသား
...ခံ့ဝယ်ဖို့ ဆုံးဖြတ်မိကာ ဟိုသည်ကြည့်ရင်း မွေ့ လျှောက်
...သည်။

"တွမ်ခရုစ်ပုံ အသစ်ထွက်နေပါလား"

စဝေါလ်ပိုစတာတွေရောင်းတဲ့ ဆိုင်အရောက်
... မွေ့ခြေလှမ်းကလေး အလိုလိုရပ်တန့်သွား၏။ မျက်နှာတ
...ကို တမ်းမက်စွာ ငေးမောမိရင်း ရင်တွေတလှိုက်လှိုက်
...င်းထန်လာသည်။ ချစ်မက် တွယ်တာစိတ်တွေနှင့်အတူ
...ကြည်းခါးသီးမှုတွေက အစဉ်အမြဲ ဒွန်တွဲလျက် ရှိနေတော့
...ပဲလေ။ ပိုစတာကလေးဝယ်လိုက်ကာ ဆိုင်မှအထွက်
...ဖက် ပိုစတာဆိုင်မှာ ပုံတွေကြည့်နေသော ပုံရိပ်တစ်ခု
...ကြောင့် မွေ့ ရင်တွေ ဒိန်းခနဲ တုန်ခါသွားသည်။ အံ့သြတုန်
...ပ်စိတ်နှင့် အကြာကြီး ငေးစိုက်ရပ်တန့်နေမိသည်။ တွမ်
...တိုင်းထက် ဘာမှ ပိုမို ပြောင်းလဲမှုမရှိတဲ့ ရှင်းသန့်တဲ့မျက်နှာ
...မျက်ဝန်းလွှဲဖယ်မရအောင် စိုက်ကြည့်နေမိသည်။ သည်လို
...င်နာတတ်ဟန် မျက်နှာကလေးနှင့် ဆန့်ကျင်စွာ မွေ့အပေါ်
...စွာ ရက်စက်ခဲ့တဲ့သူပဲကွယ်။ ခါတိုင်းထက် အေးစက် ငြိမ်
...သွားတာကတော့ အသိသာကြီးပင်။ သူ့ကို ခေါ်ဝင်လိုက်
...စိတ်တွေက ရင်ခွင်ထဲ ဟုန်းခနဲ ရှန်းကြွလာကာ ...မရ
...မရ ဖြစ်လာ၏။

သူ့အနား တဖြည်းဖြည်း တိုးကပ်သွားရင်း ရင်

www.burmeseclassic.com

www.burmeseclassic.com



တွေက ဒိတ်ဒိတ်ခုန်လာရသည်။ သူကြည့်နေသော ပုံကလေး လက်ကလေးသွားတင်မိရင်း ငုံကြည့်လိုက်မိသည်။ ဟင် ... သူငေးစိုက်ကြည့်နေတာက ဖီဘီကိတ်စ်ရဲ့ ပိုစတာလေး လား။ အို ... ရင်တွေတဆတ်ဆတ်ခါလာကာ မဝံ့ မျှော်လင့်ချက် ရောင်ခြည်ကလေးတွေ လင်းလက်လာသည် သူ မျက်နှာကိုမော့ကြည့်မိစဉ် မွေ့ကို နားမလည်စွာ ကြော ငေးကြည့်နေသော သူ့မျက်လုံးတွေက ရိုးရိပ်ကလေးမျှ စွန်းထင်းမနေ။ သူ မွေ့ကို လုံးဝ မမှတ်မိနိုင်တော့ပါဘူးလေ

"ယူမလို့လား"

မာတောင့်ဆတ်ဆတ် အသံကလေးကြောင့် ထဲ နွေးသွားရသည်။

ရင်နှင့်အမျှ တွယ်တာကျွမ်းဝင်ခဲ့ဖူးရသောအ ကလေး ...လုံးဝ မှတ်မိခြင်းမရှိဘဲ သာမန်ပုံစံနှင့်ပြော သော သူ့အသံကလေးကပင် မွေ့ရင်ကို တုန်လှုပ်ချောက်ချာ စေလျက် မွေ့ ယိုင်သွားရသည်။ သူစိမ်းတစ်ယောက်ကို ကြ သလို သာမန်ကာလျှံကာကြည့်ရင်း နှုတ်ခမ်းကလေးက အေး စက်နေတာမို့ မွေ့ မျှော်လင့်ချက်တွေ ကုန်ဆုံးခဲ့ရသည်။

"ရပါတယ် ... သူ ယူလိုက်လေ"

မွေ့အပေါ် သိပ်တွယ်တာခဲ့တဲ့သူဆိုရင် မွေ့ အသံကို မှတ်မိတန် ကောင်းပါရဲ့။ လေးနက် စူးရှင်းစွာ ချစ်မ ခဲ့တယ် ဆိုရင်ပေါ့လေ။ ရုတ်တရက် သူ့ မျက်ဝန်းကလေးတွေ မွေ့ဆီ စူးခနဲ ရောက်လာတော့ မွေ့မျက်လုံးကလေးဝိုင်း နှလုံးသားတစ်ခုလုံး အေးစက်သွားရသည်။ မျှော်လင့်စွာ သူ့ မော့ကြည့်နေမိရင်း ရင်ခုန်လာရဆဲ ...



"ဒါဆိုလည်းပြီးရော"

ဟု သူပြောကာ တစ်ဖက်ပြန်လှည့်ရင်း ပိုစတာကို လိပ်ခိုင်းနေသည်။ မွေ့ မျက်ရည်တွေ ခိုသီလာရကာ ချာခနဲလှည့်ရင်း ထွက်ခဲ့မိသည်။ မွေ့ မျှော်လင့်ချက်တွေ တစ်ဖန်ပြိုခဲ့ရ၏။ မွေ့ကို မုန်းတီးခဲ့တဲ့ တွမ်က ဘာလို့ မွေ့နဲ့ တူခဲ့တယ်ဆိုတဲ့ မွေ့ရဲ့အမှတ်အသား ဖီဘီကိတ်စ်ပုံကို ဝယ်ယူနေခဲ့တာလဲ။ မွေ့ဖျောက်ပစ်ဖို့ စေခိုင်းခဲ့ပြီးမှ တမှတ်တရ ဝယ်ယူနေတာဟာ တွမ်လည်း မွေ့လိုများ အို ... မွေ့ မျှော်လင့်မိပြန်ပြီ။

တကယ်ဆိုလည်း မမေ့နိုင်ဘူးဆိုရင် မွေ့ကို ဖြတ်စာ ဘာလို့ ရေးရက်ခဲ့တာလဲ တွမ်ရယ်။ မွေ့အပေါ် အနိုင်ယူ မာနချိုးရုံနဲ့ မမေ့နိုင်ခဲ့တာကို အတင်း မေ့ယူထားခဲ့တာများလား။ မွေ့ မမျှော်လင့်ရဲတော့ပါဘူး တွမ်ရယ်။ မွေ့တို့ နှစ်ယောက် သည်တစ်သက်မှာ နီးစပ်ရဖို့ လမ်းမမြင်တော့ပါဘူး။

မွေ့ကို မှတ်မိနိုင်ခွင့်မရှိတော့တဲ့ခြေအနေမှာ မွေ့တို့ ဘယ်လိုလုပ်ပြီး နီးနိုင်ဦးတော့မှာလဲ။ မင်းကြောင့် မွေ့ မျက်နှာကလေး ပျက်စီးဆုံးရှုံးခဲ့ရတာတွေ၊ မွေ့ ဘဝကလေး ချောက်သွေ့ အက်ကွဲခဲ့ရတာတွေ မင်း ဘာမှမကြားသိခဲ့ရဘူးလား။ ဘာပဲဖြစ်ဖြစ် အောင်နိုင်သူ တစ်ဦး အဖြစ်မင်း ပျော်တော့ ပျော်ရွှင်နေခဲ့မှာမဟုတ်လား တွမ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်မှ သတိရသည်။ မွေ့ လက်ထဲ
တွမ်ခရစ်ရဲ့ပိုစတာ ပြန်ပါမလာခဲ့။ ယောက်ယက်ခတ်
တုန်ယင် ချည်နှဲ့စွာနှင့် ကားဆီပြန်ခဲ့ရင်း မွေ့ အိမ်ရောက်
တာကိုး။ ချက်ချင်း သွားပြန်ယူချင်စိတ်တွေ ပြင်းပြလာရ
ခြံထဲ ပြန်ဆင်းပြေးလိုက်သည်။ ခြံထဲက ထိုင်ခုံမှာ ထိုင်ရ
ဝတ္ထုဖတ်နေသော ကိုလေးဆီ လျှောက်သွားကာ . . .

"ကိုလေး . . . မွေ့ကို ဗိုလ်ချုပ်ဈေး နောက်တစ်ခေါ
ပြန်ပို့ပေးစမ်းပါ၊ ပစ္စည်းတစ်ခု ဝယ်ပြီးတော့မှ ကျန်
လို့"

"အေး အေး . . . လာလေ . . . မွေ့လေးကလည်
မေ့တတ်တာလွန်ရော ဝယ်ထားတာတောင် မေ့ထား
တယ်လို့ . . . အမြန်လာ"

ကိုလေးက သဘောကောင်းစွာ ကားလိုက်
မောင်းပေးသည်။ ဈေးဆီ ပြန်ရောက်လာရရင်း ခုနဆိုင်
တန်းသွားသည်။

"ခုန ပိုစတာလိပ် ကျန်ခဲ့တယ်"

"ဩော် . . . အင်း . . . ခုနက ဟိုတစ်ယောက်ယူ
သွားတယ်၊ တွမ်ခရစ်နဲ့ တော်တော်တူတဲ့သူလေ
ကျွန်တော်တို့က အစ်မထွက်သွားပြီးမှကျန်ခဲ့မှန်းသိတာ





ဘာပုံလဲ ဖြန့်ကြည့်တော့ တွမ်ခရစ်ပုံ ဖြစ်နေတာနဲ့
သူဝယ်သွားတာ၊ တကယ်လို့ ပြန်လာယူတယ်ဆိုရင် သူ
ပြန်ပေးပါ့မယ်တဲ့၊ သူ့ ဖုန်းနံပါတ်ပေးသွားတယ်၊ အစ်မ
လိုချင်တယ်ဆိုရင်တော့ ဖုန်းဆက်ပြီး ပြန်ယူလိုက်လေ
နော်၊ သူ အတင်းဝယ်သွားလို့ ကျွန်တော် ရောင်းလိုက်
တာ"

ကောင်လေးက ပိုက်ဆံပါပြန်ပေးပြီး သူ့ ဖုန်း
ပါတ်ကို မှတ်ထားသော စာရွက်ကလေးပါ ပေး၏။ မွေ့
မ်းယူလိုက်ရင်း ကျေးဇူးတင်စကားဆိုရင်း ပြန်ထွက်လာခဲ့ရ
ည်။ မွေ့ ဘာလုပ်ရမလဲကွယ် . . . မွေ့ကို လုံးဝ မမှတ်မိ
တော့တဲ့ သူနဲ့ မွေ့ ပြန်ဆက်သွယ်သင့်သလား။ မွေ့ကို မုန်းမေ့
တ်ခဲ့တဲ့ကြားမှ မွေ့ရဲ့အမှတ်အသား ဖီဘီကိတ်စ်ပုံကို
ယူတင် လာဝယ်ယူနေတဲ့ တွမ့်ကို မွေ့ ဘယ်လိုနားလည်ရ
တော့မလဲကွယ်။ ဇွန်တို့ပြောခဲ့တဲ့ မွေ့အပေါ် တွမ် တကယ်ချစ်
ခဲ့တယ်ဆိုတာကို မွေ့ ပြန်လည်မျှော်လင့်ချက် ထားရဦးမလား
ကွယ်။ နောက်ပြီး မွေ့အပေါ် ချစ်ခဲ့လျက်သားနဲ့ ဘာလို့ ဖြတ်
တောက် ပြတ်စဲခဲ့ရတာလဲ။ မွေ့ အပေါ် မေ့နိုင်ပုံလည်း မရခဲ့
ဘဲနဲ့ ဘာလို့ မွေ့ကို မုန်းမေ့ခဲ့ရတာလဲ။ မွေ့ သိသင့်သလား။
သိလာတော့ကော . . . ။ သူ ချစ်ခဲ့တဲ့ ဖီဘီကိတ်စ်တဲ့ တူတယ်
ဆိုတဲ့ မွေ့မျက်နှာကလေး သူ့ကြောင့်ပင် ပျက်စီးသွားခဲ့ရကာ
နောက်ထပ်မျက်နှာအသစ် ဘဝတစ်ခုမှာ သူ မွေ့အပေါ်
ဘယ်လို သဘောထားမှာလဲ။

အစဉ်အမြဲ မွေ့အပေါ် နားမလည်နိုင်မှုတွေ
သာ ပေးစွမ်းခဲ့သော သူသည် ယခုထက်တိုင်လည်း နားမလည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ဖြစ်ရလေအောင် စွမ်းဆောင်ထားနိုင်ခဲ့ပ ထာဝရလည်း နားလည်နိုင်တော့မှာ မဟုတ်ပါဘူးလေ။

အိမ်ပြန်ရောက်လာခဲ့သည်တိုင် အတွေးတို့ မရေရာ။ ဖုန်းကလေးနားဆီ ရောက်သွားရသည့် အကြိ ပေါင်းတို့က ရေတွက်လို့ပင် မရနိုင်။

တကယ်ဆို မေ့ဘဝပြင်းပြင်းထန်ထန် ဆု ယုတ် နိမ့်ကျခဲ့ရအောင် ရက်စက်ခဲ့သူကို မေ့ မေ့မေ့ပျော ပျောက် အမှတ်ကင်းမဲ့စွာ ပြန်လည်ဆက်သွယ်ရမည်လား ရက်စက်ခဲ့ရသူရဲ့ မျက်နှာကလေးကို မြင်တွေ့လိုက်ရ တဒင်္ဂအချိန်ကလေး အတွင်းမှာ မေ့ သူ့မပေါ် ဘယ်လိုမှ ဟန်ဆောင်တင်းမထားနိုင်တော့လောက်အောင် ချဉ်းကပ် တာဟာ မသိစိတ်ရဲ့ လှုံ့ဆော်မှုလား . . . သိစိတ်ရဲ့ အလို မသိမှုလား။ မေ့ ဘာတတ် နိုင်မလဲလေ။ သိပ်ချစ်ခဲ့ရသည် နှလုံးသားတစ်ခုလုံး အရင်းတည်လို့ပါပဲ။ ကာလများစွာ အကြင်နာတွေ၊ တွယ်တာမှုတွေများစွာနှင့် ခိုင်မာ နှောင်တ ခဲ့ရတဲ့ သံယောဇဉ်တွေကို သူကသာ လွယ်ကူစွာ ဖြတ်တော ရက်ခဲ့ပေမယ့် မေ့ကမှ မဖြတ်တောက်ရက်ခဲ့ဘဲ။ မာနချိုးနှိမ် အတွက် လာရောက် ချဉ်းကပ်လာခဲ့တာ . . . နူးညံ့စွာ ဟ ဆောင် ကြင်နာပြခဲ့တာတွေကို ပြန်လည် မြင်ယောင်မိတိုင် တမ်းတခြင်းတစ်ဝက် နာကြည်းမှုတစ်ပိုင်းနှင့် မေ့ ဆော တည်ရာမရခဲ့ပါဘူးလေ။ ဘယ်အချိန်မှာ နှလုံးသားမှ ပျော့ပျောင်းကုန်မလဲဆိုတာကို ကြိုတင်မှန်းဆစိုးရွံ့နေရခြင်း က မေ့ ပျော့ညံ့ အရှုံးပေးလွန်းရာ ရောက်နေပေမယ့် အဲသ လို ဖြစ်ပျက်နေတာကိုလည်း ဘယ်လိုမှ မတားဆီးနိုင်ခဲ့။



“မေ့လေး နေကောင်းလား၊ အခန်းထဲကုပ်မနေနဲ့ သမီးရယ် . . . အပြင်လေး ဘာလေးထွက်၊ ခါတိုင်းလို လည်ပတ်ပေါ့။ မေ့က မေ့ပဲနော်၊ ဘာမှ အပြောင်းအလဲ တွေမရှိဘူး . . . ပြောင်းလဲနေတာကို အတင်းကြီး စိတ်စွဲမနေနဲ့”

“အင်းပါ ဒက်ဒီရဲ့ . . . မေ့ နေကောင်းပါတယ်၊ နောက်နေ့တွေ ဇွန်တို့နဲ့ ကျောင်းလိုက်သွားဖို့တောင် စဉ်းစားနေတာ၊ အိမ်မှာနေရင် မေ့ အမြဲတမ်း တွေးနေမိမှာစိုးလို့လေ”

“ကောင်းတာပေါ့ သမီးလေးရဲ့၊ အားရင် အေရိုးဗစ်ကလေး ဘာလေး ပြန်ကစားလေ၊ မျက်နှာကလေးက အရမ်းလှလာတော့ ကိုယ်ခန္ဓာကလေးလည်း ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းကလေးရှိအောင် ထိုင်ကုပ်မနေနဲ့၊ ကိုယ်လည်း ကျောင်းပြီးနေတာ အားနေပြီ၊ တင်းနစ်ရိုက် . . . လုပ် လုပ် တစ်ခုခုလုပ်နေ . . . ဟုတ်လား၊ ဒက်ဒီ ဒီနေ့ ပွဲရုံ ခဏသွားဦးမယ်၊ မမိုးနဲ့ မာမီရှိတယ် . . .၊ လိုတာရှိရင် အော်သာ တောင်းနော်၊ ဒက်ဒီသွားမယ်”

ဒက်ဒီ့ကို ခေါင်းကလေးညိတ်ပြလိုက်ကာ မေ့ အခန်းထဲက ထွက်လိုက်သည်။ သည်နေ့ ကျောင်းဖွင့်ရက် တွင် ဘာလို့ ကျောင်းမတက်ပါလိမ့်။ ခြေလှမ်းတွေက အလိုလို ဖုန်းဆီ ရောက်သွားရသည်။ ချစ်ခဲ့ကြတုန်းကလည်း ဖုန်းသိပ် မဆက်ဖြစ်ခဲ့ပါ။ အခုတော့ ဖုန်းကိုကိုင်မိသည့်လက်တွေက တုန်ယင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို . . ."

အသံမာဆတ်ဆတ်ကလေးက ရင်တွင်းသို့ စီးဝင်သွားကာ ရင်ထဲတုန်ခါသွားရသည်။ မွေ့တို့နှစ်ယောက် ကွဲကွာနေကြပါလားဆိုတဲ့ အသိစိတ်နှင့် မွေ့မျက်ရည်ဝိုင်းလာရပြန်သည်။ တမ်းတ လွမ်းဆွတ်ရခြင်းတွေက ဘယ်တော့မှ မပျောက်နိုင်မှာ မဟုတ်တော့။ မွေ့ကို ဘာလို့ ရက်စက်ခဲ့ရတာလဲ တွမ်ရယ်။

"ဟို ဟို . . . ပို့စတာပါ"

"ဩော် . . . ယူချင်လို့လား၊ ရတယ်လေ . . . ဘယ်မှာ လာပို့ပေးရမလဲ"

အသံလေး မာနေပေမယ့် မိန်းကလေးတစ်ယောက်ကို ညှာတာ အလျှော့ပေးတတ်တဲ့ စိတ်ထားကလေး ရှိလျက်နဲ့ မွေ့ရဲ့နှလုံးသားကို ဘာကြောင့် ခြွေရက်ခဲ့တာပါလိမ့်ကွယ်။ တွမ် အကြင်နာတရား မဲ့ခဲ့တာကို နာကြည်းခြင်းနဲ့ အတူ မယုံရဲသေးတာကလေး တစ်ရိပ်တစ်စပင် ရှိနေသေးသည်ပဲ။

"သူ လွယ်တဲ့နေရာကို ပြောပါ . . . တို့ လာယူပါ့မယ်"

"အင်း . . . ဒုက္ခပဲ . . . တို့က ချိန်းလို့ကောင်းပါ့မလား . . . ခင်ဗျားက မိန်းကလေးတစ်ယောက်ဆိုတော့ . . ."

သည်လို စာနာတတ်တာကလေးတွေကလည်း ယခုထက်တိုင် ရှိဆဲပဲ။

မွေ့တစ်ယောက်တည်း အပေါ်မှာမှ စာနာမှု ကင်းခဲ့တာလား တွမ်ရယ်။

"ရပါတယ် . . . တို့ လာယူရဲပါတယ် . . . တို့က



လိုချင်တာကို"

"ကောင်းပြီလေ . . . ခင်ဗျားက ကျောင်းကလား၊ တစ်မျိုး မထင်နဲ့နော် . . . ကျောင်းမှာ ချိန်းတာ အကောင်းဆုံးထင်လို့"

"ရပါတယ် . . . တို့ R.C (2) ထဲကပါ . . . ဒါပေမယ့် ဆေးခွင့်ယူထားတော့ နောက်နှစ်မှ တက်ရမှာ . . . မိန်းထဲ တို့လာလို့ ဖြစ်ပါတယ်"

"ခင်ဗျာ . . . တို့ မိန်းထဲကဆိုတာ . . ."

ဆက်မပြောတာက တစ်ဖက်မိန်းကလေး အပေါ် ငဲ့ညှာတတ်တဲ့စရိုက်။ ဘယ်တော့မှ တစ်ဖက်သတ် အပိုင်တွက်မထားတတ်တဲ့စရိုက်နှင့် အခု မွေ့ကိုလည်း သူ့ကို သိနေတာလားဟု မေးဖို့အတွက်ကို မမေးသင့်ပုံဖြင့် သူ နှုတ်ဆိတ်သွားသည်။

"မှန်းကြည့်တာပါ . . . အတပ်ကြီးသိတာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ . . . တို့ မိန်းထဲကပါ . . . ဒါဆို စာကြည့်တိုက်လှေကားဘက်လာခဲ့မလား"

"ကောင်းပါပြီ . . . ဘယ်နှနာရီလောက်လဲ"

"ခင်ဗျားက ဒီနေ့ယူချင်တာလား"

"ဖြစ်နိုင်မယ်ဆိုရင် ယူချင်ပါတယ်"

"ရပါတယ် . . . အခုချက်ချင်း တို့သွားစောင့်နေပါ့မယ် . . . အဲ . . . ခင်ဗျားကြိုက်တဲ့အချိန် လာနိုင်ပါတယ်'

"တို့ . . . တို့နာမည် မွှေ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မရည်ရွယ်ဘဲ တို့နာမည်ကလေးတစ်ခု ထွက်သွားရခြင်းနှင့်အတူ ဦးနှောက်တွင်း လင်းခနဲ လက်သွားရသည်။ သူ မမှတ်မိနိုင်တော့တဲ့အခြေအနေမှာ မွေ့ နောက်တစ်ယောက် သူစိမ်းတစ်ယောက်ရဲ့ပုံစံနှင့် သူ့ကို လေ့လာချင်တဲ့ စိတ်ကလေး ဝင်သွားသည်။ တွေ့မြင်နေရခွင့်ကို ရယူရင်း မွေ့အပေါ် သူ ထားရှိခဲ့တဲ့ သူ့ရဲ့သဘောစိတ်ထားကို မွေ့ စုံစမ်းချင်လာသည်။ သူစိမ်းတစ်ယောက်အနေနှင့် သူ့ရဲ့ ခံစားချက်ကို မွေ့ သိချင်လာသည်။ မွေ့အပေါ် သူ ဘာလို့ ရက်ရက်စက်စက် ဖြတ်တောက်ခဲ့သလဲဆိုတာ မွေ့ သိရှိနေတာထက် ပိုမို တိကျ သေချာစွာ သူ့နှုတ်မှ ထွက်မည့် ရင်ဖွင့်စကားကလေးကို မွေ့မဟုတ်တဲ့ သူစိမ်းတစ်ယောက်ရဲ့ ပုံစံမျိုးနှင့် ကြားနာချင်လာမိသည်။ သူ အမှန်တကယ် မွေ့ကိုမုန်းတီးစိတ်နှင့် ပညာပေး ချိုးနှိမ်ခဲ့တာဆိုရင် မွေ့ ရင်နာမြဲ ရင်နာရမှာပေါ့လေ။ တကယ်လို့သာ မွေ့အပေါ် သူ တကယ်ချစ်ခဲ့လျက်နဲ့ မခံချင်စိတ် တစ်ခုကြောင့်သာ လုပ်ခဲ့ရပြီး နောက်ပိုင်းမှာ နောင်တရနေမှာမျိုး၊ မွေ့ကို တမ်းတနေတာမျိုးကလေးတွေ မြင်တွေ့ခွင့်ရခဲ့ရင် မွေ့ ရောင့်ရဲရမှာပါ။ မွေ့အပေါ် ထားရှိတဲ့ သူ့ရဲ့သဘောထား အမှန်ကို သိချင်လာစိတ်တွေ ရင်မှာ ပျံ့နှံ့လာရခြင်းနှင့်အတူ ဆုံးဖြတ်ချက်က ပိုမိုပီပြင် ခိုင်မာသွားရသည်။ မွေ့ တခြားတစ်ယောက်ရဲ့ပုံစံနဲ့ သူ့ဘဝထဲ ဝင်ရောက်ခွင့်ရအောင် ကြိုးစားမယ်။ ပြီးတော့ မွေ့အပေါ် ထားခဲ့တဲ့ သူ့ရဲ့ စိတ်ကူးစိတ်ထားတွေကို မွေ့ သိခွင့်ရအောင် ကြိုးစားမယ်။ မွေ့အပေါ် တမ်းတဆဲ ဖြစ်နေပုံရတဲ့ သူ့အမူအရာကလေးကို မွေ့ တကယ်ပဲ မျှော်လင့် နားလည်ချင်မိတော့တယ်နော်။



"တို့နာမည် သိဖို့ လိုမယ် ဆိုရင်လည်း မှတ်ထားနိုင်ပါတယ် . . . တို့နာမည် ဒွန်း"

ဒွန်း . . . မွေ့ရင်ထဲ တိတ်တိတ်ကလေး ရေရွတ်မိသွားသည်။ တွမ့်နာမည်ကလေးက ဒွန်းတဲ့လား။ မွေ့ တစ်ခါမှ မေးမကြည့်မိခဲ့ဖူးသော တွမ်ကလည်း သူ့နာမည်အရင်းကို ဘယ်တုန်းကမှ ထုတ်မပြောခဲ့သော နာမည်ကလေးက ဒွန်းတဲ့။ ဘာပဲပြောပြော မွေ့ရင်ထဲမှာ တွမ်ဆိုတာကလေးက ကာလများစွာ စွဲနစ်စူးဝင်နေခဲ့ရသည်။ အခုနောက်ပိုင်းမှာ တွမ်ဆိုပြီး တမ်းတစွာ ခေါ်ငင်မိခြင်းကို ထိန်းချုပ်ရတော့မည်ပေါ့။ တွမ်ဟု မြတ်နိုးစွာ ခေါ်ခဲ့မိတဲ့အသံကို တွမ် ပြန်လည်မှတ်မိသွားနိုင်မည်လား မသေချာပေမယ့် 'မှို'ဆိုတဲ့ အခြားတစ်ယောက်ဘဝမှာ တွမ့်ရင်ထဲ မှိုဆိုတဲ့ ကောင်မလေး ဝင်မသွားစေလိုပေ။ တွမ့်ရင်ထဲမှာ ထာဝရ ရှိနေစေချင်မိတာက မွေ့ပါပဲ။ မွေ့ ဘဝမှာပဲ တွမ်ဟုခေါ်တော့မည်လေ။

"ဟယ်လို . . . "

မွေ့ အသံကလေး ထပ်ပေးလိုက်ပြီးမှ ရင်ထဲ ဟာကျသွားရသည်။ ဘယ်အချိန်ကမှန်းမသိ တွမ် ဖုန်းချသွားခဲ့လေပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဒွန်း"

သူ မျက်မှောင်ကလေးတစ်ချက်ကုတ်သွားသည်။ မေ့ကို ကလေးတစ်ယောက်လို သူ လာကြည့်ကာ ဒွန်းဟုခေါ်လိုက်တာကို မနှစ်သက်ပုံကလေး။ မေ့ မျက်နှာကလေးက နုနယ်နေကာ သူက မေ့ကို သူ့ထက်ငယ်မည်ဟုပင် ယုံမှတ်ထားပုံရသည်။

"ရပါတယ် မှို . . . တို့ သွားမယ်"

"ပိုက်ဆံ . . ."

"ရပါတယ် . . . မပေးရင်လည်း ရပါတယ်၊ ဒါပေမယ့် မှို ပေးချင်တယ်ဆိုရင်လည်း ပေးပါ"

မေ့ ပိုက်ဆံဆယ့်ငါးကျပ်တန်ကလေးထုတ်ကာ သူ့ကို ပေးလိုက်သည်။ သူက လှမ်းယူကာ လှည့်ထွက်သွားသည်။ မေ့ ရင်ထဲ အောင့်ခနဲတော့ ဖြစ်သွားသည်။မိန်းကလေးတစ်ယောက်ကို လုံးဝပတ်သက်လိုပုံမပြတဲ့ ကင်းချင် ရှင်းချင်ပုံစံ။ ဒါပေမယ့် မှိုဆိုတာကို စိတ်ဝင်စားပုံမျိုး ပေါ်နေတာမို့ မေ့ကလွဲလို့ ဘယ်မိန်းကလေးကိုမှ နူးညံ့မပြခဲ့တာ အမှန်ပဲလား တွမ်။ ဒါပေမယ့် မေ့ကို နူးညံ့ပြခဲ့တာကလည်း ဟန်ဆောင်မှုသက်သက်ပဲ မဟုတ်လား။ မင်းကို မေ့ ဘယ်လိုမှ နားမလည်နိုင်တော့ပါဘူး တွမ်ရယ်။ သည်တစ်သက် မင်း ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတော့ဘူးလား။ မေ့ အ



ပေါ်မှာတော့ သိပ်ချစ်ခဲ့ပုံ ပြခဲ့တာမို့ ကြည်လည်း ကြည်နူးချင်သည်။ ဒါပေမယ့် ဟန်ဆောင်သွားမှုသက်သက်ပဲဟု တွေးမိချိန်မှာတော့ ရင်နာလှသည်။ မေ့အပေါ် အလဲထိုးခဲ့တဲ့ ရက်စက်လွန်းခဲ့သူ တစ်ယောက်အပေါ်မှာ မေ့ ဘာလို့ ဟန်ဆောင်သို့ပင် မတင်းနိုင်ခဲ့ရတာလဲ။ သိပ်ချစ်ခဲ့မိလို့ပါပဲ တွမ်။ မင်းကို သိပ်ချစ်လို့ နာကြည်းဖို့အတွက်ကို အတင်း ဖန်ဆင်းယူထားပေမယ့်လည်း မင်းမျက်နှာကလေးကို ပြန်တွေ့လိုက်ရတဲ့ ခဏတာ အချိန်ကလေးမှာ မေ့ ဘယ်လိုမှ ဟန်ဆောင်မထားနိုင်ခဲ့ဘူး။

"ဟယ် . . . မေ့တစ်ယောက်တည်း ဘယ်တုန်းက ရောက်နေတာလဲ . . . ကြည့်စမ်း"

"ဟယ် . . . ဒွန်တို့ . . . ငါ . . . ငါ သူ့ကို လာတွေ့တာ"

"ဟမ် . . . ဘယ်က သူလဲ"

"တွမ်"

မေ့ တိုးတိုးကလေးပြောလိုက်ပေမယ့် ဒွန်တို့ အံ့သြတကြီးထွက်သွားကာ ဟေခနဲ အသံကြီးထွက်လာသည်။ မေ့ မျက်လွှာကလေးချလိုက်ရင်း ရင်တွေ တုန်ခတ်လာရသည်။

"နင် သူ့ကို နာကြည်းနေတယ်ဆို . . . ဘာတွေလဲ ဟာ. . . သူကရော နင့်ကို သူက မေ့မှန်းသိလို့လား၊ ပြောပြလေဟယ် . . . အသေးစိတ်ပြောပြ . . . လာ"

ဒွန်က မေ့လက်ကလေးကိုဆွဲကာ လှေကားထစ်မှာ ထိုင်ချလိုက်သည်။ မေ့လက်သည်းကလေးကိုက်ကာ ငြိမ်သက်သွားမိသည်။ တွမ်နှင့် စတွေ့တွေ့ချင်းတုန်းက ရင်ဖွင့်ခဲ့အချိန်ကလေးလို ရင်တွေ ဆန်းသစ်နွေးထွေးလို့လာ၏။ ဒွန်က

www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်ဟန်နှင့် ဟင်းခနဲအော်ကာ နုအိက စိတ်ဝင်တစား ပုံစံနှင့် ငြိမ်နေသည်။

"ငါ သူ့ကို နာကြည်းတာ တကယ်ပါ ဒါပေမယ့် အရမ်းလည်းချစ်တယ် . . . သူ့ကိုမြင်ရင် ငါ မနေနိုင်ဘူး ဖွန်ရယ်"

မွေ့ ဗိုလ်ချုပ်ဈေးမှာတွေ့တာရယ် . . . ပို့စတာကိစ္စရယ်ကို အသေးစိတ်ပြန်ပြောလိုက်သည်။

"ငါပြောတယ် မှလား . . .၊ တွမ်နင့်ကို တကယ်ချစ်ခဲ့တာပါဆိုတာ၊ တကယ်ပါ တွမ့်ပုံစံက အရမ်းရှင်းတာပဲ၊ နင်မှနင် . . . တွမ့်ကို ဇာတ်လမ်းရှာဖူးတဲ့ ကောင်မလေးတွေ ငါတွေ့ဖူးတယ်၊ တွမ်က လုံးဝလုံးဝကို ဂရုမစိုက်ခဲ့တာ"

"ဒါပေမယ့် ငါ့ကိုလည်း သူ ရက်စက်ခဲ့တာပဲ၊ ငါ့ကို ဂရုမစိုက်လို့ ဖြတ်စာရေးရက်ခဲ့တာပေါ့"

"အေးလေ . . . အဲဒီကိစ္စက ထူးခြားနေတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ တွမ်မှာ အကြောင်းတစ်ခုခုကို ရှိရမယ်ဟာ"

"ငါ ငါ့ကိုယ်ငါ မှိုလို့မိတ်ဆက်လိုက်တယ်၊ သူ့နာမည်ကဖွန်းတဲ့ . . . ငါ့ကို မွေ့ဆိုတာ သူ လုံးဝမမှတ်မိပါဘူး ဒါကြောင့် ငါ့ကို မွေ့လို့ အသိမခံစေဘဲ မှိုလို့ပြောလိုက်တာ၊ နောက်ပြီး ငါသိချင်တာက ခုနကနင်ပြောသလို သူ့မှာ အကြောင်းတစ်ခုခုရှိမယ်ဆိုတာရယ်၊ ငါ့ကို သူ တကယ်ချစ်ခဲ့လားဆိုတာရယ်ကို ငါ တခြားတစ်ယောက်အနေနဲ့ စုံစမ်းချင်တယ်လေ၊ အဓိက ငါ့ကို



သူ ဘာလို့ ဖြတ်စာရေးခဲ့ရသလဲဆိုတာကို ငါ သိချင်တယ်၊ သူ့စာထဲမှာကတော့ ငါ့ကို သူလုံးဝမချစ်ခဲ့ဘူးတဲ့၊ ငါ သူ့ကိုမတွေ့ခင်အချိန်အထိ သူ ငါ့ကို တကယ်မုန်းခဲ့တယ်ပဲ ထင်ထားတယ်၊ ငါ မြန်မာပြည်ပြန်ရောက်ပြီး နင်တို့နဲ့ တွေ့ရတဲ့ချိန်မှာ နင်တို့ပြောပြတာကိုကြားတော့ ငါ မယုံရဲဖြစ်သွားတယ် . . . ဇဝေဇဝါပေါ့ . . .

သိပ်ချစ်ခဲ့တော့ ချစ်စိတ်နဲ့ အလွယ်တကူ လက်ခံချင်တယ်လေ၊ နာကြည်းတာက နာကြည်းတာ သတ်သတ်တစ်ပိုင်း . . . ချစ်တာက ချစ်တာပဲ၊ နင်တို့ပြောသလိုဆို သူ ငါ့ကို ချစ်လျက်သားနဲ့ ဖြတ်ခဲ့တယ်ဆိုတာကို စဉ်းစားလို့ မရတော့ဘူး၊ တွေးလို့လည်း မမီတော့ဘူး၊ ဒါဆို ဘာကြောင့်ဖြတ်တာလဲ ဆိုတဲ့အကြောင်းကို ငါ အရမ်းသိချင်လာတယ် . . .

ဒီနေ့ သူ့မျက်နှာကလေးကို တွေ့တွေ့လိုက်ချင်း ငါ ဘယ်လိုမှထိန်းမထားနိုင်ခဲ့ဘူး၊ နောက်ပြီး သူ ဖိဘိကိတ်စ်ပုံစံကို စိုက်ပြီးကြည့်နေတယ်၊ အဲဒါ ငါ့ကို တမ်းတနေတာပေါ့နော်၊ ငါ့ရင်ထဲမှာ အရမ်းကို ပျော့ပျောင်းသွားရတယ်၊ နားမလည်နိုင်တာတွေလည်း ပိုများလာတယ်၊ ဘယ်လိုလုပ်ပြီး နားလည်နိုင်မှာလဲ၊ ငါ့ကို ချစ်နေဆဲပုံစံနဲ့လည်း ရှိနေသေးတယ်၊ ရက်ရက်စက်စက်လည်း ဖြတ်တောက်ခဲ့သေးတယ်၊ ဘာကြောင့်လဲ . . . ဘာ တွေလဲ . . . စဉ်းစားလို့ကို မရတော့ဘူး၊ ဒါကြောင့် အရမ်းသိချင်စိတ်တွေ ပြင်းပြလာတော့ ခုနက ငါပြောသလို ငါ့ကိုယ်ငါ မှိုဆိုပြီး တခြား

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ပုံစံနဲ့ သူ့ရဲ့စိတ်သဘောထားကို စုံစမ်း
လာတယ်၊ သူ့မှာ ဘာအကြောင်းတွေ ရှိနေမလဲ ဆိုတာ
ငါ အရမ်းသိချင်တယ်ဟယ်"

"အင်း . . . နင့်အကြံမဆိုးဘူး၊ ကောင်းပါတယ် . .
သူ့ကိုခင်အောင် နင် အရင်လုပ်၊ သူ ရင်ဖွင့်လာအော
နင်ကြံစည်ပေါ့ . . . နင် ပိရိဖို့တော့ လိုလိမ့်မယ်

"အေးလေ . . . အကွက်ကျကျ စီစဉ်နိုင်ရမှာပေါ့၊ နင်
ပါ ကူညီပေးကြပေါ့လေ"

"ရတယ်လေ . . . အေး . . . ဒါပေမယ့် သူ နင့်
ဖြတ်တောက်ခဲ့တာဟာ ပြောစရာ အပြစ်ရှိတဲ့အကြော
ဆိုရင်တော့ နင် သူ့ကို လုံးဝမုန်းပစ်ရမယ်နော်၊ သူ
က နင့်ကို မာနချိုးချင်တာ၊ အနိုင်ယူချင်တာမျိုး ဆို
ပေါ့"

"အင်း . . . ငါ မုန်းနိုင်အောင် ကြိုးစားမှာပါ"

အသံကလေး တိမ်ဝင်သွားရရင်း ရင်ထဲ တ
လှုပ်ခါလာသည်။ မျှော်လင့်ခြင်းတွေ . . . ယုံကြည်ချင်မှု
တွေက ရင်မှာ ပြန်လည်စိုးမိုးလာရ သည်။ တခြားအကြော
တစ်ခုခုကြောင့် ချစ်လျက်နဲ့ ဖြတ်ခဲ့ရသလိုမျိုး ဖြစ်ပါစေ
ရယ် . . . မွေ့ကို မာနချိုးလိုစိတ် . . . မုန်းတီးအနိုင်ယူ
စိတ်နဲ့ ဟန်ဆောင်ချစ်ခဲ့တာမျိုး ဟုတ်မနေပါစေနဲ့။ တကယ်
သည် ဒုတိယအကြိမ်မှာ ကျဆုံးရဦးမယ်ဆိုရင်တော့ မွေ့
ကလေး နာလန်မထူနိုင်တော့လောက်အောင် ကျဆုံးရ
မှာပါ တွမ်ရယ်။



## အခန်း . . . (၅)

"ဟင်"

မွေ့ရင်တွေ ပြင်းထန်စွာ သွက်ခါသွားရသည်။ မြင်နေရသည့် ပုံစံကလေးက ရင်ထဲတန်းမတ်စွာ ဝင်ရောက်လာကာ နှလုံးသားမှာ ချိတ်ခိုသွားသည်။ မွေ့ ဝယ်ပေးခဲ့ဖူးသော ပိုးယောပုဆိုးနီညိုညိုကလေးကို ရှပ်ကြက်ဥနှစ်ရောင် နုနုကလေးနှင့် တွဲဝတ်ထားကာ ရှင်းစင်နေသော တွမ်လေး။ ခပ်မတ်မတ်ကလေး လျှောက်လှမ်းလာကာ မျက်နှာကလေးက တည်တည်ကလေး။ မွေ့ မျက်တောင်မခတ် စိုက်ကြည့်နေမိကာ သူ့ မျက်ဝန်းတွေ မွေ့ဆီ ဖျတ်ခနဲရောင်လာချိန်မှာ မွေ့ နှုတ်ခမ်းကလေးဖွင့်ကာ ပြုံးပြလိုက်သည်။ သူ့မျက်လုံးကလေး မှေးစင်းကျသွားကာ ဘေးဘီကိုလှည့်ကြည့်သည်။ ပြီးမှ သူ့ကို ရယ်ပြတာကို သိသွားပုံနှင့် နှုတ်ခမ်းကလေးစေ့ကာပြုံးပြသည်။ ကံကောင်းချင်တော့ မွေ့အနားမှာ ဖွန်နှင့်နှင်း ရှိမနေ။ ရှိနေရင် တွမ် တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်နီးကပ်လာတော့ မွေ့ ခြေလှမ်း
ကလေးရပ်လိုက်ကာ . . .

"ဟို တစ်နေ့က ဒွန်းကို ကျေးဇူးတင် စကားတော
မပြောလိုက်ရဘူး"

"ရပါတယ် . . . ကြီးကြီးကျယ်ကျယ်မှ မဟုတ်တာ"

သူ ရှေ့တူရူသို့သာ မျက်ဝန်းစိုက်ထားရင်း
ခပ်တိုးတိုးပြောသည်။

"ဟို . . . တို့ သူငယ်ချင်းတစ်ယောက်လာရှာတာ၊သူ
မလားမသိဘူး"

"တို့ ကူညီပါ့မယ် . . . မသိဖို့တော့ များမယ်၊ တို့
မိန်းကလေးအသိမရှိဘူး"

"ဩော် . . . ဟို . . . ဇူးမေဂျာက ဇွန်ဇွန်နဲ့ နူအိလေ"

"ဟင်"

သူ မျက်နှာချက်ချင်းပျက်ကျသွားသည်။ မွေ့
ဖျတ်ခနဲ လာကြည့်ရင်း သူ့ မျက်နှာကလေးတွေ ရဲလာသည်

"သိ . . . သိလားဟင်"

"သိတာက သိပါတယ် . . . သိခဲ့ဖူးတာပါ၊ ဒါပေမဲ့
တို့ သူတို့နဲ့ ရင်မဆိုင်ချင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"တို့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ မှို့အတွက် အကူအညီ
လိုနေတယ်ဆိုရင်တော့ သူတို့အတန်းကို ခပ်ဝေးဝေး
လိုက်ပြပေးပါ့မယ်၊ မိန်းထဲမှာ မှို့တစ်ယောက်တည်း
မသွားသင့်ဘူးထင်တယ်"

တွမ်ရယ် . . . ဟု တမ်းတစွာ ညည်းညူ



စိတ်က ပြင်းပြသွားရသည်။ ဘယ်လိုကလေးလဲ။မိန်းကလေး
…င်းအပေါ်မှာ ဖေးမစာနာတတ်၊ ငဲ့ညှာတတ်တဲ့စရိုက်ကလေး
… ကြင်နာတတ်တဲ့ နှလုံးသားမျိုး တွမ့်ဆီမှာ ရှိခဲ့မှာပါ။ မွေ့
…ချင်လာပြီ တွမ်ရယ်။ ဖြစ်ပျက်ခဲ့တဲ့အဖြစ်ဆိုးတွေကိုတောင်
…မေ့ပစ်ချင်မိပြီ။ တွမ့်ကို ခွင့်လွှတ်ချင်လာမိပြီ။ နဂိုမခိုင်တဲ့မွေ့
…လုံးသား ယိုင်နဲ့လာတော့မှာကို ကြိုတင်သိမြင်လာရပါရဲ့။
တွမ့်ရဲ့နူးညံ့မှုတွေနဲ့ မွေ့ရဲ့နာကြည်းမှုတွေကို ဖျောက်ဖျက်ပေး
…မှာလား တွမ်။

"လာလေ . . . လိုက်ပို့ပေးမယ်"

ကော်ရစ်ဒါတစ်လျှောက် ယှဉ်လျှောက်ရင်းသူက
ခပ်ခွာခွာကလေးလျှောက်သည်။ ခေါင်းကိုငုံ့ထားကာ
…တိတ်ဆိတ် စွာ လျှောက်လှမ်းနေပုံကို မွေ့ ငေးကြည့်နေမိရင်း
…ဖြစ်ခဲ့ တာတွေကို မယုံနိုင်လောက်အောင် ဖြစ်လာရ
သည်။ တွမ့်ပုံစံက ရိုးသား သန့်ရှင်းနေပုံပါပဲ။ ဘာဖြစ်လို့များ
မွေ့ကို ကြွေစေခဲ့ရတာလဲ တွမ်ရယ်။ တွမ့်မှာ ဘာအကြောင်း
…တွေများ ရှိနေလို့လဲကွယ်။ မွေ့ သိခွင့်ရှိပါရစေ။

"အဲဒီ ရှေ့ကအတန်းပဲ . . . တို့သွားတော့မယ် . . .
ရှိမှာပါ"

သူ ချာကနဲ လှည့်ထွက်သွားတော့ မွေ့ ခေါင်
…ခေါင်ကလေး ကျန်ရစ်သည်။ မွေ့ကို လုံးဝ မမှတ်မိတာကိုလည်း
…နေ သေချာနေလျက်နဲ့ မွေ့ကိုကျောခိုင်းသွားတိုင်းရင်ထဲ
အောင့်အောင့် သွားတတ်သည်။

"မွေ့ . . . ဘယ်လိုလဲ"

"သူနဲ့တွေ့ခဲ့တယ်၊ ငါ နင်တို့နာမည်တပ်ပြီး မေးတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်နှာ အရမ်းပျက်သွားတယ်"

မေ့ ခုနအကြောင်းကို ပြောပြလိုက်သည်။ နှမ်နှင့်နုအိကာ ခေါင်းတညိတ်ညိတ်နှင့် စိတ်ဝင်တစား နား ထောင်နေကြသည်။

"ဆက်လုပ် ဆက်လုပ် . . . နင် စဝင်တာ မှန်တယ် ပေါ်တင်ကြီး ဝင်ရောတာမျိုး မဟုတ်ဘဲ ကြုံကြိုက်သွား တာမျိုးလေး . . . ကောင်းတယ် . . . ပေါ်တင်ဝင် ရောက်တယ်ဆိုတာ သူသိသွားရင် သိတယ်မဟုတ်လား မာနမင်းသားက အထင်သေးသွားဦးမယ်"

"အင်း . . . နောက်ပြီး သူလေ ငါပေးထားခဲ့ဖူးတဲ့ ယောပုဆိုးလေး ဝတ်ထားတယ်၊ ငါ သူ့ကိုအရမ်းပဲ ချစ်သွားတာပဲ . . . တကယ်"

"ထိန်းထားဦးဟဲ့ . . . သူ နင့်ကို ဖြတ်စာရေးထားခဲ့ တယ် ဆိုတာကို နင့်ရင်ထဲမှာ အမြဲထည့်ထား၊ သိပ် မျှော်လင့်ချက်တွေ ထားမနေနဲ့ဦး . . . နင် အခု သူ့ကို ပြန်ပတ်သက်နေတာ နင့်ကိုဖြတ်ခဲ့တာအတွက်ကို ရုံ စမ်းဖို့ . . . အားအားယားယားချစ်ဖို့ပဲ စဉ်းစားမနေ နဲ့"

မေ့ မျက်နှာပျက်ပျက်ကြားမှ ရယ်မိသည်။ တွမ် ဆိုတာ မေ့ချစ်ဖို့ ပေါ်ပေါက်လာခဲ့ရတာပဲလေ။ အမြဲပဲ ချစ်ဖို့ ကြိုးစားခဲ့တာ။ သိပ်ချစ်ခဲ့တာကြောင့် သူ ကျောခိုင်းလိုက်တော့ ပေါက်ကွဲလွန်းစွာ ခံစားသွားခဲ့ရတာပဲလေ။ ဒါကြောင့်လည်း မဖြစ်သင့်တာ ဖြစ်ခဲ့ရတာ။ နွေအိပ်မက်ဆိုးကြီးတစ်ခုလို ချောက်ချားစရာဖြစ်ရပ်တွေနဲ့ ဆုံစည်းခဲ့ရတာ။ အသက်မ



ရုံတစ်မှည် ထိခိုက်ခဲ့ရတာ။ အသက်ကလေး ကျန်ရစ်ခဲ့ တောင် တွမ့်ကို ဆက်လက်ချစ်နေဖို့ ကံပါနေသေးလို့လား ယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . မှို . . . မုန့်ကျွေး"

"ဟင် . . . ဘာလို့လဲ"

ညိုမီတို့ကို လှည့်ကြည့်လိုက်ကာ မွေ့ အံ့ဩ
မေးသည်။ ညိုမီတို့ မျက်နှာလေးတွေက ရယ်ချင်ဟန်ကလေး
တွေနှင့်။

"ဟိုတစ်နေ့က တွမ်ခရစ်နဲ့လေ၊ တွေ့လိုက်တယ်နော်
အရမ်းလိုက်တယ် သိလား၊ အရပ်မြင့်မြင့်ကလေးနော်
ရေလည်မိတယ်၊ ညိုမီနဲ့ ကေသီတောင်ငြင်းသေးတယ်
တွမ်ခရစ်ကို သူက မွေ့ဆိုတဲ့ ဆင်းသိမ်မွေ့နဲ့ လိုက်တယ်
တဲ့၊ ညိုမီက မှိုနဲ့ပိုလိုက်တယ်လို့ . . . ဟုတ်တယ်
ဟုတ်လား၊ ဆင်းသိမ်မွေ့ကို မှို သိချင်ရင် ဖီဘီကိတ်
သာကြည့် ချွတ်စွတ်နီးပါးပဲ၊ ဒါပေမယ့် မှိုက မွေ့ထက်
ပိုလှတော့ တွမ်နဲ့ပိုလိုက်တာပေါ့၊ ဟုတ်တယ်ဟုတ် . . .
ကဲ . . . မုန့်ကျွေး"

"ညိုမီတို့ကလည်းကွာ"

မွေ့ ရှက်ချင်ယောင်ဆောင်လိုက်ကာ နှုတ်ခမ်း
ကလေးချွန်လိုက်ရင်း ပြောလိုက်သည်။ ရင်ထဲကတော့ရယ်ချင်
လွန်းနေရသည်။ ရှင်တို့ ငြင်းနေတဲ့ နှစ်ယောက်စလုံးဟာ ကျွန်
တစ်ယောက်တည်းဟေ့။ ဖွန်နှင့် နူအိသာရှိရင် အရမ်းအော်
ရယ်ကြဦးမှာ အသေအချာ။ နှစ်ယောက်စလုံး ကျူတိုရီရယ်



ရှိနေတာမို့ မွေ့နှင့်အတူ ညိုမီတို့ပဲရှိသည်။ R.C ထဲမှ ထွက်
တာ ဂျပ်ဆင် ကင်တင်းဘက် လျှောက်လာခဲ့ကြသည်။

တစ်လမ်းလုံး ညိုမီတို့က မွေ့ကို သူနှင့်တွဲနောက်
နေကြတာမို့ ကြည်နူးတစ်ဝက် . . . ရယ်ချင်တစ်ဝက်နှင့်
မွေ့ သွားကလေး စေ့လို့မရတော့။ နှုတ်ခမ်းကလေး ပွင့်ကာ
ခေါင်းကလေးငုံ့ရင်း မွေ့ ပုံစံကလေးက အလျင်က မွေ့ပုံစံနှင့်
ခြားနားနေရသည်။ အလျင်ကဆို သည်လိုနောက်ရင် တဟေး
ဟေး တဟားဟားနှင့် ပြန်လည် နောက်ပြောင် ရယ်မောမိမှာ။
အခုတော့ တွမ်နှစ်သက်သော ကန္ဒြေရှင်ပုံစံကလေး ဖြစ်နေရ
ဘာကို ကျေနပ်နေမိသည်။ နာကြည်းခဲ့မိတာတွေလည်း တရေး
ရေး လွင့်ပြယ်နေရပြီ။ မွေ့ ဘယ်တတ်နိုင်မလဲလေ။ မွေ့
နှလုံးသားတွေ ပျော့ပျောင်း ကင်းစင်အောင် တွမ့် အမြုအမူ
ကလေးတွေက ဖန်တီးနေသည်ပဲ။

"ကဲ . . . စားချင်တာစား . . . မှို ကျွေးမယ်"

ညိုမီတို့က အားပါးတရ မှာနေကြတာကို မွေ့
မေးစေ့ကလေးကို လက်ဝါးကလေးကြား ထည့်ကာ ထောက်
သားရင်း နှုတ်ခမ်းကလေး စေ့ပြုံးကာ ကြည့်နေလိုက်သည်။

"ဟယ် . . . မှို . . . ဟိုဘက်စားပွဲမှာ ဝက်ဝုတ္တိဒကာ
ကလေးပဲဟ"

"ဘာလဲ ဝက်ဝုတ္တိဒကာ"

"သွယ်ဝိုက် ဒကာခံတာလေ၊ သူနဲ့မှို တွဲတာတွေ့ရလို့
ညိုမီတို့ စားရတာ ဆိုတော့ စားရတဲ့အထဲမှာ သူလည်း
ပါဝင်နေတယ်လေ၊ ဒါကြောင့် . . . ဟဲ ဟဲ . . ."

"မှို . . . ဒီစားပွဲခေါ်လိုက်ပါလား" ဟဲ ဟဲ မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပေးပေါ့၊ မှိုနဲ့ သိတယ်မဟုတ်လား"

နဂိုကတည်းက ခေါ်ချင်နေတာမို့ မွေ့ရယ်ရင်း သူ့ စားပွဲဆီ လျှောက်သွားလိုက်သည်။ တီရှပ်အဖြူကလေးပေါ်မှာ ဝေ့စကုတ် နက်ပြာကလေး စွပ်ထားကာ ချည်သား ဘောင်းဘီဖြူကလေးနှင့် စီးကရက်ကလေး သောက်ကာ စာငုံ့ ဖတ်နေသော တွမ်ရှေ့မှာ ရပ်လိုက်ရင်း ငုံ့ကြည့်နေလိုက်သည်။ သူ တဖြည်းဖြည်းမော့လာကာ မွေ့ကို မြင်တော့ နှုတ်ခမ်းကလေး ကော့ရုံကလေး ပြုံး၏။

"ကင်တင်းလာတာလား"

သူမေးတာကို မွေ့ ခေါင်းညိတ်ပြလိုက်ရင်း ပြုံးကာ . . .

"မှိုတို့ စားပွဲဆီ လာပါလားဟင် . . . ခင်မင်မှု အထိမ်းအမှတ်နဲ့ မှို ကျွေးချင်လို့ပါ၊ ပြီးတော့ ဟိုတစ်နေ့ကလည်း မှို့ကို ကူညီထားတယ်လေ"

"တို့ စားပြီးပြီခင်ဗျာ"

"မှို့ကို ခင်ရင် တစ်ခုခု ထပ်စားပါလား၊ နည်းနည်းဖြစ်ဖြစ်ပေါ့၊ ပြီးတော့ သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးမလို့"

ပြောပြီးမှ မွေ့ပုံစံက အတင်းကြီးပုံစံဖြစ်နေပြီလား ဟု စိုးရိမ်သွားမိသည်။ ရှင်းရှင်းပြောရရင်တောင် တွမ်နဲ့ အမြန်ပင် ရင်းနှီးခင်မင်လိုလှပြီ။ တွမ် ရင်ဖွင့်တာကို ကြားချင်မိပြီ၊ ဒါပေမယ့်လည်း တွမ် အထင်သေးသွားမှာ . . . သံသယဝင်သွားမှာ စိုးတာကြောင့် မွေ့ ထိန်းသိမ်းနေရသေးသည်။



"ရပါတယ်ဗျာ . . . တို့က မှို့အတွက် အရေးတကြီးလူသား မဟုတ်ပါဘူး၊ ရပါတယ်"

"ဟင် . . . ဒွန်းက တို့ကို မခင်ချင်ဘူးလားဟင်၊ တို့ကတော့ ခင်တတ်လို့ပါ၊ ဘာကြောင့်မှ မဟုတ်ပါဘူး၊ တို့ ခင်မင်တဲ့သူဟာ တို့အတွက် အရေးကြီးတာပေါ့"

'ဒွန်း' ဟု မွေ့ ခေါ်လိုက်တာကြောင့် သူ တစ်ချက် ရှုံ့သွားသည်။

"တို့ ဟို မိန်းကလေးတွေနဲ့လည်း မခင်ဖူးဘူးကွာ၊ ဒါကြောင့်ပါ . . . မှို့ကို မခင်လို့ မဟုတ်ပါဘူး"

"မှိုကတော့ မှိုခေါ်တာကို မလိုက်ရင် မာနကြီးတယ်လို့ စွပ်စွဲမှာပဲ"

သူ ဆံပင်တွေကို သပ်တင်ရင်း ရှက်တက်တက် ပုံစံကလေးလုပ်နေပြန်ကာ စာအုပ်ကို သိမ်းလိုက်ရင်း ဒုက္ခပါပဲ ဟု ခပ်တိုးတိုး ညည်းကာ ထရပ်သည်။ မွေ့မျက်နှာကလေး မြူးလက်သွားရရင်း စားပွဲဆီ ပြန်လျှောက်ခဲ့သည်။

"ညိုမီတို့ . . . ဒါက ဒွန်းတဲ့ . . . ဒွန်း ဒါတွေက ညိုမီ၊ ကေသီ၊ စိုပြေ"

သူက ခါးကလေးညွတ်ကာ အသိအမှတ်ပြုသည့် ပုံစံကလေးက နားရွက်ဖျားကလေးတွေ၊ နှာဖျားကလေးတွေ နီနေတာမို့ ရှက်နေပုံကလေး။ မိန်းကလေးကြားမှာမို့ ရှက်နေသည် ထင်သည်။

"ဒွန်း ထိုင်လေ . . . ဘာစားမလဲ"

"တို့ထက် မှိုငယ်မှာပေါ့"

သူ့နာမည်မှာ ကိုတပ်မခေါ်တာကို စိတ်ခုနေပုံရ

www.burmeseclassic.com

www.burmeseclassic.com



၏။ ညိုမိတို့က မွေ့နှင့်တွမ့်ကို အကဲခတ်ကာ ငြိမ်နေကြသည်။ မွေ့ကတော့ သူနှင့်ရင်းနှီးဖို့က အစိကမို့ ခင်မင်မှု ပိုမိုလွယ်ကူအောင် ကြိုးစားနေမိ၏။ အခေါ်အဝေါ်အားဖြင့်လည်း ရင်းနှီးမှု ပိုမိုခိုင်မာစေတာမို့ . . .

"ဘယ်လို ခေါ်ရမလဲဟင် . . . ကိုဒွန်းလို့ခေါ်ရမှာလား"

"ကြိုက်သလိုခေါ်ပါ၊ ဒွန်းလို့မခေါ်ရင်ပြီးတာပဲ၊ အဲဒါမျိုးကြီး မခေါ်စေချင်ဘူး"

ဒွန်းဟု ခေါ်တာကို မကျေမနပ်ကလေး ဖြစ်နေပုံကလေး ပေါ်လွင်လာသည်။ အမြဲပင် လူကြီးကလေးလုပ်ချင်နေတတ်သော သူ့စိတ်ကလေးကို သိထားတာမို့ . . .

"ကိုဒွန်းလို့ခေါ်ပါ့မယ် . . . ကိုဒွန်း ဘာစားမလဲ မှာလေ"

သူက သံပုရာရည်ပဲမှာကာ ငြိမ်နေပြန်သည်။ မိန်းကလေးတွေကြားမှာ အနေခက်ဟန်နှင့် မျက်နှာကို ခပ်လွှဲလွှဲထားကာ လက်ထဲမှ အရာကလေးတစ်ခုကို ဆော့ကစားနေတာမို့ မွေ့ သူ့လက်ဆီအကြည့်ပို့လိုက်သည်။ မွေ့ ဟင်ခနဲ မျက်လုံးကလေး ဝိုင်းသွားရလျက် ကြည်နူးစိတ်က ရင်မှာပျံ့ဝေ့လာကာ ယုံကြည်ချင်စိတ်တို့ ပိုမိုတိုးသွားရသည်။ သူ့လက်ထဲမှာ မွေ့ ပေးခဲ့ဖူးသော ရွှေရောင် ဂက်စ်မီးခြစ်ကလေး။ မွေ့ ပေးခဲ့ဘူးတာကို အမှတ်တရ သူကိုင်နေတာက မွေ့ကို မမေ့သေးလို့ပေါ့။ တွမ်ရယ် . . . မွေ့ ယုံချင်လာပြီ။ တွမ့် မွေ့ကိုချစ်နေဆဲပဲ မဟုတ်လားဟင်။ မွေ့ သိချင်လိုက်တာ။ ဒါဆို ဘာကြောင့်များ စာတစ်စောင်နဲ့ မွေ့ကို နှိပ်စက်ခဲ့ရသလဲကွယ်။



သံပုရာရည် လာချပေးတော့ သူ လျင်မြန်စွာ မော့သောက်ကာ ပြုံးရင်း . . .

"အားလုံးပဲ သွားပါဦးမယ် . . . မွှ . . . တို့ သွားမယ်"

ဟု ခပ်မြန်မြန်နှုတ်ဆက်ရင်း ခပ်သွက်သွက် ထသွားသည်။ ညိုမိတို့က တခစ်ခစ် ရယ်မောကြကာ . . .

"တွမ်လေးက ချစ်စရာလေး၊ ရှက်နေတာ ထင်တယ်၊ အရမ်းချောတာပဲ . . . ခစ် ခစ် . . ."

မွေ့ ပခုံးကလေးတွန့်ကာ ရယ်မောနေလိုက်သည်။ ချစ်မက်ဖွယ် ကောင်းလွန်းနေတတ်သော တွမ့်အမူအရာကလေးတွေက အတိတ်မှ နာကြည်းမှုတွေကို တစ်ရစ်ချင်း တစ်ပတ်ချင်း တိုက်စားသွားစေသည်။

ထိန့်လန့်ချောက်ချားဖွယ် အိပ်မက်ဆိုးကြီး အပြီးမှာ အရာအားလုံး ပြန်လည် ငြိမ်သက်ကျသွားသလို မွေ့နှလုံးသားကလေးလည်း ချောက်ချားခဲ့ရသမျှတို့မှ ပြန်လည် ငြိမ်သက်လာလေသည်။ မွေ့ အမှတ်မရှိတာလို့ ဆိုလေမလား။ သူ့ကို သိပ်ချစ်စွာ အရာရာကို မေ့ပျောက်စွာ ယုံကြည်ချင်နေမိတာက တစ်ဇွတ်ထိုး ရူးမိုက်လွန်းသည်ဟု ဆိုမလား။ သူ့ကို နာကြည်းခဲ့မိသော ကာလတို့သည် အတိတ်မှာပင် ကျန်ခဲ့ပြီလား မသိနိုင်။ အခုလက်ရှိတော့ အရာအားလုံးကို မေ့ပျောက်လိုက်ကာ သူ့မျက်နှာကလေးကို မြတ်နိုးမက်မောစွာ စိုက်ငေး ကြည့်ရင်း အရာအားလုံးကို မေ့ပစ်လိုက်ချင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၆)

"မွှေ့လေး . . . မိန်းထဲမှာပဲ တက်တော့မယ်လား ဟင်"

ကျောင်းမတက်ရခင်မှာ မိန်းထဲသို့ ကျောင်းတက်သူ တစ်ဦးပမာ နေ့စဉ် ရောက်ရှိနေရသော မွှေ့တို့ကိုလေးက နောက်သည်။ မွှေ့ ခပ်ပြုံးပြုံးပင် နေလိုက်ကာ. . .

"မွှေ့ အိမ်မှာနေရင် စိတ်ထိခိုက်မှာ စိုးလို့ပါကွယ်"

"ဟာ ဒီစိတ်ကလည်း ထိခိုက်လို့ မပြီးသေးဘူးလား မွှေ့တို့ ဒါနဲ့စားနေတာ၊ နေကဖြင့် ကောင်းနေပြီ"

"ကိုလေးနော် ဒက်ဒီ ဘာပြောထားလဲ၊ မွှေ့ကို လိုလေသေးမရှိ ဂရုစိုက်ရမယ်လို့ ပြောထားတယ် မဟုတ်လား ဘာလို့ ငြိုငြင်စကားတွေ လာပြောနေတာလဲ၊ တိုင်လိုက်ရမလား"

"ဟမ်း . . . ဇာတိကပြလာပြီ၊ မွှေ့က မွှေ့ပါပဲ၊ မျက်နှာကလေး ခွဲစိတ်ရတာကို ပိုလှလာတာကို မပြောဘူး ခွဲစိတ်ခံရတာတွေအတွက် အားငယ်လို့ အားငယ်လို့နဲ့ ဒါပဲ . . . ဒါကြီးနဲ့ မွှေ့တို့ အကောင်လုပ်နေတာ စိတ်ဓာတ်က အတို့အထောင်စိတ်ဓာတ်မပျောက်ဘဲနဲ့ . . . ဒါလား အားငယ်တဲ့ ရုပ်"

"ဟား ဟား . . . ကိုလေးနော်"



မဲ့ကာရွဲ့ကာ ပြောနေသော ကိုလေးကို သဘောကျစွာ မွှေ့ အော်ရယ်ရင်း ကားပေါ်မှ သွက်သွက်ကလေး ဆင်းလိုက်သည်။ R.C ထဲဝင်ကာ ဆံပင်ရှည်တွေကို ပြန်ဖြီးပြီးမှ ပြန်ထွက်လာခဲ့သည်။ တွမ်နှင့်ခင်မင်ဖို့အတွက် ကြိုးစားနေချိန်မှာ ဗွန်နှင့် နုအိတို့နှင့် သိပ်မတွဲဖြစ်ဘဲ တစ်ယောက်တည်းသာ လှုပ်ရှားဖြစ်သည်။ ဗွန်တို့ကျတော့ မွှေ့သူငယ်ချင်း အရင်းခေါက်ခေါက်တွေမို့ တွမ် စိတ်သန့်မှာမဟုတ်ပေ။

တွမ်တက်သော ဖီးစ်ဆစ်အတန်းတွေဘက် ကြိုသလိုလိုနှင့် သွားရောက်မိပြီးမှ တွမ့်ကို မတွေ့ရသေးခင် ကောင်လေးတွေ အများကြီးက မွှေ့ကို ဝိုင်းကြည့်ကာ နောက်နေကြတာမို့ မွှေ့ စိတ်ပျက်လာရသည်။ အလျင်စိတ်မျိုးနှင့်သာဆို လှည့်ကာအော်ပစ်လိုက်မိမှာ။ အခုတော့ စိတ်တွေကိုအရမ်းပဲ ထိန်းချုပ်ထားရသည်။ နှုတ်ခမ်းကလေး ဖွဖွကိုက်ထားမိရင်း တစ်ယောက်တည်းလာမိတာကို နောင်တရလာသည်။

"မှူ ဆိုတာလား"

ကောင်လေးတစ်ယောက်က အရှေ့မှလာရပ်ကာ မေးလိုက်သောကြောင့် မွှေ့ ခေါင်းမော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ စိုးမြတ်ပဲ။ မွှေ့ကို ပညာပေးဖို့ ဘာညာထောင်ပေးခဲ့တဲ့အထဲမှာ ပါဝင်ခဲ့တဲ့ စိုးမြတ်ပဲ။ မွှေ့ နှုတ်ခမ်းကလေးစေ့ကာပြုံးရင်း ခေါင်းညိတ်ပြလိုက်၏။

"တွမ် ပြထားဖူးလို့ မှတ်မိနေတာ . . . ဘယ်[illegible]တာလဲ၊ တို့ ဘာအကူအညီပေးရမလဲ . . . [illegible]ယောက်တည်း ဖြစ်နေလို့ လာမေးတာ"

"ဩော် . . . တွမ် . . . အဲ . . . ကိုဗွန်း ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တက်လား၊ ဘာရယ်မဟုတ်ပါဘူး၊ သူငယ်ချင်းဆီ လာရင်း ဒီဘက်ကိုရောက်တော့ ကိုဒွန်းကို လာရှာတာ"

"တွမ် စာကြည့်တိုက်ထဲမှာ ထင်တယ် . . . လိုက်ပို့ပေးရမလား"

"အင်း . . . ကျေးဇူး"

တစ်ယောက်တည်းမသွားရဲတာကြောင့် စိုးမြတ်နောက်ကလိုက်လာခဲ့မှ အစ,အနောက်တွေ ရှိသွားသည်။ စာကြည့်တိုက်ထဲ ဝင်လာခဲ့ရင်း ခုံတစ်တန်းချင်းမှာ တွမ့်ကို လိုက်ရှာမိသည်။ စပို့ရှပ် စိမ်းပြာကလေးနှင့် ထင်းနေသော တွမ့်ကို ချက်ချင်းပင်တွေ့ရ၏။ စိုးမြတ်က နှုတ်ဆက်ကာ ပြန်ထွက်သွားသည်။ မွေ့ တွမ့်ဆီကို ဖြည်းဖြည်းကလေး လျှောက်လာလိုက်သည်။

"ကိုဒွန်း"

ခပ်တိုးတိုး ခေါ်လိုက်တော့ သူ ဆတ်ခနဲလှည့်ကြည့်၏။

"မှို့ တစ်ယောက်တည်းလား"

သူ မှိန်းမှိန်းကလေး ပြုံးရင်း တိုးတိုးပြောကာ အရှေ့မှထွက်သည်။ မွေ့ အနောက်က လိုက်လျှောက်လာရင်း . . .

"အင်းပေါ့ . . . ကျောင်းမတက်ရသေးတော့ အိမ်မှာ ပျင်းနေတာနဲ့ ဒီကိုပဲလာနေရတာပေါ့ . . . ပြီးတော့ ကိုဒွန်းနဲ့လည်း ခင်ချင်လို့"

"မှို့က ကလေးလေးကျနေတာပဲ၊ ပျင်းရင် သင်တန်း တစ်ခုခု တက်နေပေါ့၊ လျှောက်လည်နေတော့ မှို့မှာ



ဘာအကျိုးမှ မရှိဘူးလေ"

"ကိုဒွန်းက လူကြီးကလေးကျနေတာပဲ၊ မှို့က အရမ်းခင်တတ်လို့ လာတာပါ၊ မခင်ရင် လှည့်တောင်မကြည့်ဘူး"

မွေ့ ပခုံးလေးတွန့် မျက်လုံးကလေးမှိတ်ကာ ခေါင်းကလေး ရှု့ရင်း ပြောလိုက်လေသည်။ သည်ပုံစံကလေးကို အလျှင် မွေ့ဘဝတုန်းက လုပ်ပြရင် သူ အရမ်းချစ်ချစ်သွားတတ်သည်လို့ ပြောဖူးတာမို့ လုပ်ပြလိုက်ခြင်းပါ။

သို့ပေမယ့် သူက လှည့်ပင်မကြည့်ပေ။ ရှေ့တူရှုကို စိုက်ကြည့်နေကာ ခပ်တည်တည်ကလေးပဲ ရှိနေသည်။ သူ့ပုံစံက မွေ့က အတင်းလာရောနေလို့သာ မှန်မှန်ဆက်ဆံနေရပုံနှင့် သိပ်ဟက်ဟက်ပက်ပက်ကြီး ရှိမနေပေ။ မွေ့က ခုလို ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတဲ့ ပုံစံကလေးလားဟမ်။ အလျှင်မွေ့တုန်းက နက်နက်ရှိုင်းရှိုင်း သည်းသည်းနင့်နင့်ပုံစံနှင့် တွမ် ဆက်ဆံခဲ့ဖူးသည်လေ။ ဒါပေမယ့်လည်း တစ်ချိန်မှာ မွေ့ကို ထားရစ်ခဲ့တာပဲ မဟုတ်လား။

"ကိုဒွန်း မှို့ကို မခင်ချင်ဘူးလားဟင် . . . မှို့ အတင်းလိုက်ခင်နေလို့ အားနာပြီး ဆက်ဆံနေတာမဟုတ်လား"

"မဟုတ်ပါဘူး မှို့ရာ . . . တို့ အပေါင်းအသင်း သိပ်မထားတတ်လို့ပါ"

"မှို့တစ်ယောက်တည်းကိုပဲ ထားလေနော်"

"ကောင်းပြီ"

"ကိုဒွန်းနဲ့မှို့ အရမ်းခင်သွားပြီလို့ မှတ်ထားနော် . . . မှို့ကတော့ ကိုဒွန်းကို တကယ်ခင်တာ"

www.burmeseclassic.com

www.burmeseclassic.com



မွေ့ကို တစ်ချက်လာငုံ့ကြည့်ကာ သူ ခပ်တိုးတိုး ရယ်၏။ မိန်းကလေးပင် အတင်းခင်မင်နေတာကြောင့် သူ လည်း ခင်မင်စပဟန်ကလေးပြလာလေသည်။ မျက်နှာကလေး က ကြည်စင်ရှင်းလင်းကာ ရယ်နေဟန်က သန့်လွန်း၏။ သူ့ မျက်နှာကလေးက မွေ့အပေါ် အငြိုးအတေးနဲ့ ချိုးရက်ခဲ့တာ လို့ ထင်ရက်စရာမရှိပါဘူး တွမ်ရယ်။ မင်းမျက်နှာကလေး မြင်ရလေလေ မယုံနိုင်မှုတွေ တိုးလာလေလေပါပဲ။ မင်း ရက်စက်ခဲ့တာကို မယုံပါရစေနဲ့တော့ တွမ်ရယ်။

"တို့ကို ခင်တယ်ဆိုရင် သင်တန်းတစ်ခုခုတက်ပါလား မှို"

"ဘာသင်တန်းတက်ရမှာလဲ"

"မိန်းကလေး သင်တန်းပေါ့ . . . အလှပြင်သင်တန်း တို့၊ အေရိုးဗစ်တို့ ဘာညာပေါ့"

"မှို အားလုံးတက်တယ် ကိုဗွန်းရဲ့ . . . ဒါပေမယ့် ကိုဗွန်း တက်စေချင်ရင် ပြန်တက်ပါ့မယ်"

သူ ဖျတ်ခနဲ မွေ့ကို လှည့်ကြည့်လိုက်ကာ တိ ကျကျကလေး စေ့ထားသော နှုတ်ခမ်းကလေးတွေ ကွေးသွား သည်။

"မှိုက ကလေးလေးလိုပဲ"

သူက ခပ်တိုးတိုး ရေရွတ်ကာ မျက်မှောင်ထ ချက်ကုတ်သွားသည်။ မွေ့ အသံကို ကြားတဲ့အခါဖြစ်စေ . . . ဒါမှမဟုတ် မွေ့မျက်လုံးတွေကို စိုက်ကြည့်တဲ့ အခါမှာဖြစ်စေ သူ့မျက်နှာသည် ဆန်းကြယ်တုန်လှုပ်သောအရိပ်တစ်မျိုးဖြ ရှိနေတတ်တာ။



ချစ်သူတွေဘဝတုန်းက သူ ကလေးလေးဟု ချစ် စနိုးခေါ်ခဲ့ဖူးသော မွေ့နှင့် မှိုဆိုတဲ့ မိန်းကလေးတစ်ယောက် ကြားမှာ တူညီတိုင်ဆိုင်မှုတွေ ရှိလို့များလားဟု သူ အံ့ဩထိရှ နေမှာ မလွဲ။

မွေ့ရဲ့မျက်လုံးတွေကို ဘယ်တော့မှ ရဲရဲစိုက်မ ကြည့်ရဲသလို ဥပေက္ခာလည်းပြုမထား။ မကြာခဏ မျက်လုံး တွေကို ခိုးခိုးကြည့်လျက် သူ့မျက်ဝန်းများ နီရဲတောက်ပနေ တတ်တာကို မွေ့ ရင်ခုန်လို့ မဆုံးတော့ပေ။ မမှတ်မိနိုင်မှန်း သိလျက်နဲ့ မှတ်မိသွားမှာ စိုးရိမ်နေမိတော့သည်။

"ဟုတ်တယ် . . . တူ . . . တူလာတယ်"

မျက်မှောင်ကြုတ် စဉ်းစားနေရင်းမှ လွတ်ခနဲ တိုး တိုးထွက်သွားသောအခါ မွေ့ နှလုံးတစ်ချက် ပြင်းပြင်းခုန် လျက် . . .

"ဘယ်သူနဲ့ တူတာလဲ"

သူ့ မျက်နှာ အနည်းငယ် တွေဝေသွားကာ . . .

"မဟုတ်ပါဘူး . . . မျက်လုံးနဲ့ အသံက ခင်ခဲ့ဖူးတဲ့ တစ်ယောက်နဲ့ တူနေလို့"

"အဲဒါ ဘယ်သူလဲဟင်"

"မှို့ကို တို့ ဘယ်ကိုလိုက်ပို့ပေးရမလဲ"

သူက သိသာစွာ စကားလမ်းကြောင်း လွှဲပစ် လိုက်ကာ မွေ့ ဘယ်လောက်ထပ်မေးမေး မဖြေတော့ချေ။ ထိုစေ့ထားသော နှုတ်ခမ်းတစ်စုံသည် မွေ့ကို လမ်းခွဲကျောခိုင်း သွားချိန်ထိ လုံးဝ ဖွင့်ဟမလာတော့ပါ။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း . . . (၇)

"မွေ့လေး . . . တော်တော် အသားကျလာပြီလား"

"အဆင်ပြေပါတယ် ဒက်ဒီ . . . တစ်ခုရှိတာက မွေ့ ဘယ်သူမှ လုံးဝ မမှတ်မိကြတော့ဘူး၊ အဲဒါ ကျော ပြန်တက်ရင် . . ."

"ဒါတွေ ဒက်ဒီ စီစဉ်ပေးပါ့မယ် မွေ့လေးရယ်၊ အ သိသင့်တဲ့လူပဲ သိပါစေပေါ့၊ လူတိုင်းကို မွေ့ မျက် ပြောင်းလဲသွားတာ လိုက်ကြေညာစရာ မလိုပါဘူး သ ရယ်"

ဒက်ဒီပြောတော့ အားလုံးက ဝိုင်းရယ်ကြသ ကိုလေးက . . .

"မဟုတ်ဘူး ဒက်ဒီ မာမီရဲ့ . . . မွေ့လေးက တွ တာကလေး မမှတ်မိမှာကို စိုးရိမ်နေတာ"

"ဟုတ်လား . . . ဘာလဲ တွမ်ဆိုတာ"

မာမီကတော့ သိနှင့်ပြီးသားပေမယ့် ဒက် မသိရသေးတာမို့ နားမလည်စွာ မေး၏။ မွေ့ ရှက်သွ ကာ. . .

"ကိုလေးနော် . . . ဘယ်လိုဖြစ်တာလဲ၊ လျှောက်ပြေ နေတယ်"



ဒက်ဒီက အလိုလို နားလည်သွားရကာ ရယ်ချင် ခန်နှင့် ထိုင်ရာမှထကာ စာကြည့်ခန်းထဲ ဝင်သွားလေသည်။ မာမီတို့ . . . မမိုးတို့ မျက်နှာတွေ ပြုံးစိစိနှင့်ရှက်ကာ ကိုကြီးတို့က နောက်တုန်းက နောက်ပြီးမှ ပြန်ရှက်သွားကြရင်း ရှောင်သွားကြသည်။ မာမီက မွေ့မျက်လုံးတွေထဲ စူးစိုက်ကြည့် ရင်း ရယ်နေတာမို့ မွေ့ မာမီဟု အော်ကာ မာမီ့ကို ကျောပေး ကာ လှည့်ထိုင်လိုက်၏။ မာမီ့ လက်ကလေး မွေ့ဆံပင်တွေဆီ ညှံ့စွာ ရောက်ရှိလာကာ . . .

"ရှက်တတ်နေပြီလား မွေ့လေးရဲ့ . . . မာမီ့ကိုပြောပါ ဦး၊ တွမ်ဆိုတဲ့ ကောင်ကလေးက မွေ့ကို မမှတ်မိတော့ မှာ စိုးရိမ်နေတာလား"

"အင်းပေါ့ မာမီ . . . သူ မွေ့ကို မမှတ်မိတော့ပါဘူး"

ပြောရင်းမှ မွေ့အသံကလေး ခါလာကာ မျက် ရည်ကလေးတွေ ဝေ့လာရ၏။

"မွေ့လေးက ဒါကို ဝမ်းနည်းနေတာလား"

"မနည်းရဘူးလား မာမီရယ် . . . မွေ့ . . . မွေ့ ရှက်လည်း ရှက်ပါတယ်၊ ဒါပေမယ့် ပြောပါရစေ . . . မွေ့ သူ့ကို ချစ်တယ်"

မာမီ တိတ်ဆိတ်သွားကာ မမိုးဆီ လှမ်းကြည့် သည်။ မမိုးကတော့ ဘာမှ ဝင်မပြောလိုဟန်ကလေးနှင့် နှုတ် ပိတ်နေလေသည်။

"မွေ့လေး . . . ငယ်သေးတယ် သမီးရယ် . . . မာမီ့ သမီးလေးကို ပျော်ပျော်ရွှင်ရွှင်ပဲ နေစေချင်သေးတယ်၊ ဒါတွေ မစဉ်းစားချင်သေးဘူး၊ နောက်တစ်ခု မာမီ

www.burmeseclassic.com

www.burmeseclassic.com



မှာချင်တာက တစ်ဖွတ်ထိုးညာဉ်ကလေးရှိလို့ မာ
စိတ်ပူတာ . . .

ဟိုကောင်လေးကို မွေ့ကစပြီး ဘာရယ် ညာရယ် ဆိုပြီး သွားရှင်းပြ ဖြေရှင်းတာမျိုး မလုပ်နဲ့နော်၊ သူ တကယ်ချစ်တဲ့သူဆို သူ့ဘာသာ စုံစမ်းပြီး မွေ့လေးဆီ ပြန်ရောက်လာမှာပဲ . . . မွေ့လေး မသိချင်ယောင်ဆေ ဆောင်နေနော်၊ ကိုယ်က ချစ်တယ်ဆိုပြီး သွားပြီးလမ်း ဖွင့်မပေးနဲ့ . . . နားလည်လား မွေ့လေး"

မာမီ ရှင်းပြနေတာတွေကို နားထောင်ရင်း မွေ့ ရယ်ချင်သွားရသည်။ စိတ်ချပါ မာမီရယ်။ မာမီ ပြောသလို မွေ့ကစပြီး သူ့ကို ဖွင့်ဟဝန်ခံဖို့ စိတ်မကူးဖြစ်သေးပါဘူး ရှင်းပြ ဖြေရှင်းတာမျိုးလည်း မလုပ်ဖြစ်ပါဘူး။ သူ မွေ့အပေါ် တကယ်ချစ်မချစ်ဆိုတာကိုတော့ မွေ့ကပဲ စုံစမ်းရပါလိမ့်မယ် ဘာလို့လဲဆိုတော့ မာမီပြောတဲ့အဆင့်ကို မွေ့တို့ကျော်လွန်ခဲ့ကြ ပြီးပြီလေ။ သိပ်ကို ချစ်မြတ်နိုး တွယ်တာခဲ့ကြရပြီးမှ သူ မွေ့ကို စတင် ကျောခိုင်း မေ့ရက်ခဲ့တာကို မွေ့ မသိချင်ယောင်ဆောင် နေလို့ ရပါ့မလား။ မွေ့ သူ့ကိုချစ်လို့ လမ်းဖွင့်ပေးခဲ့ဖူးပြီလေ အဲသည် လမ်းကလေးပေါ် သူ လျှောက်လှမ်းခဲ့ပြီးမှ ဘာ မကြာခင်မှာ အဲသည် လမ်းကလေးကို သူ ရက်ရက်စက်စက် ချိုးဖဲ့ဖျက်စီးပစ်ခဲ့ပါတယ်။ အဲသည်လို သူ ဘာကြောင့် လုပ်ရက် ခဲ့သလဲဆိုတာကိုတော့ မွေ့ စုံစမ်းပါရစေ မာမီရယ်။ မှီဆိုင် ကောင်မလေး တစ်ယောက်အနေနဲ့ သူ့ရဲ့ နှလုံးသားကို မြင် တွေ့ခွင့်ရအောင် မွေ့ ကြိုးစားပါရစေ။ မွေ့ကို တကယ်မုန်းတီး လို့ပဲဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့် လုပ်ခဲ့ရတာပဲဖြစ်စေ



အားလုံးကို သိရှိလာရတဲ့အခါ မွေ့ လမ်းကလေးကို ပြန်လည် တည်ဆောက်ခွင့် ရှိမရှိ သင့် မသင့်ကို ဆုံးဖြတ်ပါရစေ။ ဘာ ကြောင့်လဲဆိုတော့ မွေ့သူ့ကို သိပ်ချစ်မိလို့ပါ။ မခွဲခွာနိုင် လောက်အောင်ကို ချစ်မက်တွယ်တာဆဲ ရှိနေလို့ပါ။

တကယ်တော့လည်း တွမ်ရယ် . . . ဘာမှ မသိ ခင် . . . မမြင်ရခင်စဉ်ကတော့ ဖွတ်မှိတ်နာကြည်း မုန်းမေ့ ဖို့ ကြိုးစားရတာ တစ်စွန်းတစ်စ အောင်မြင်နိုင်ကောင်း အောင် မြင်နိုင်ခဲ့ပေမယ့် . . . မင်းရဲ့အကြောင်းကလေးတွေ ကြားလာရတဲ့အခါ၊ မင်းရဲ့ မျက်နှာကလေးကို ပြန်လည် မြင် တွေ့လာရတဲ့အခါ မင်းရဲ့ပုံဟန်ကလေးတွေ မြင်လာရတဲ့အခါ မွေ့ ဘယ်လိုမှ တင်းမထားနိုင်ခဲ့ပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဒွန်း . . . မို့ကို ဗိုလ်ချုပ်ဈေးလိုက်ပို့ပေးမလား
ဟင်"

"ရပါတယ် . . , သွားလေ"

သူကြည့်ရတာ သိပ်ခင်သွားပုံတော့ မရ။ မိန်း
ကလေးနှင့် နှစ်ယောက်တွဲသွားရမှာ ရှက်နေပုံပင်။ပုံစံကလေး
က အေးစက်လွန်းသွားတာမို့ မွေ့ရင်ထဲ ပဟေဠိကလေးတွေ
ပိုလာရသည်။ မွေ့အပေါ် တကယ်မချစ်ဘဲ တမင်ဖြူခွင်း
တယ်ဆိုတာ ဘယ်လိုမှ ထင်ရက်စရာမရှိပေ။ အောင်နိုင်သူ
တစ်ယောက်၏ ဝါကြွားပုံမျိုးလည်းမရှိဘဲ ဆွေးမြည့်ငေးရီ
ကလေး စွန်းထင်းနေတတ်ပုံက မွေ့ကို တမ်းတနေပုံပါ။ မွေ့
အလျှင်မျက်နှာအတိုင်းသာရှိခဲ့ရင် သူ ဘယ်လိုနေမည်မသိ
အခုတော့ လုံးဝ မမှတ်မိတာကြောင့် မွေ့ အနီးကပ် ရှိနေတာ
ကို သူ သိပုံမရ။ တစ်ခါတစ်ရံ သတိလက်လွတ် အချိန်ကလေး
တွေမှာ သူ ငိုင်ငိုင်ကလေး ဖြစ်ဖြစ်နေတတ်လေသည်။

ကားပေါ်တက်အပြီးမှာ မွေ့ ကားဂီယာတိုင်
ပေါ် လက်ကလေးတင်ထားလိုက်သည်။ သူ ကားတံခါး ဖွင့်ဝင်
လာကာ ကားစက်နှိုး၏။ မွေ့ကတော့ သူ့ ကားရုန်းသင်



ဘလေးကို လွမ်းမောစွာရှိုက်ရင်း ရင်တွေ နွေးထွေးလာသည်။
သူ ဂီယာ သွင်းဖို့ ဂီယာတိုင်ပေါ်လာအကိုင် မွေ့လက်ကလေး
နှင့် တိုက် မိသွားရလေသည်။ ဟင်ခနဲပင် သူ မျက်နှာပျက်
ယွင်းသွားကာ မျက်လုံးတွေ ဝိုင်းသွား၏။ မွေ့ အေးအေးဆေး
ဆေးပင် လက်ကလေးရုပ်လိုက်ကာ သူ့ကို ပြုံးပြလိုက်မိသည်။
ပြန်ပြုံးပြသော သူ့ နှုတ်ခမ်းကလေးတွေ တဆတ်ဆတ် တုန်
ယင်နေကြလေသည်။ မမှတ်မိဘဲ နေပါ့မလားကွယ်။ သူနဲ့မွေ့
လှငယ် အင်းလျားလေးစခန်း သွားခဲ့တဲ့နေ့ကလေးပေါ့။ မှတ်
မှတ်ရရ ရှိနေစရာ အကောင်းဆုံး နေ့ကလေးတစ်နေ့ပေါ့။
အဲသည်နေ့မှာ မွေ့ သူ့ကိုအဖြေပေးခဲ့တာ။ အဲသည်နေ့ကလေး
ကိုပဲ မွေ့ တို့တသသ ရှိနေခဲ့ကြရတာပါပဲ။

"ကိုဒွန်းမှာ ချစ်သူရှိခဲ့ဖူးလားဟင်"

"ဟင် . . . ဘာလို့မေးတာလဲ မို့"

သူ့ အသံကလေး မာသွားကာ မွေ့ကို ကြောင်
တောင်ကလေးကြည့်ရင်း သူ ပြန်မေးသည်။

"မဟုတ်ပါဘူး . . . ကိုဒွန်းက အရမ်းချောနေလို့ မေး
ကြည့်တာ"

"အဲဒါတွေ မမေးကြေးကွာ"

"အံမယ် . . . လျှိုတယ်တော့်"

သူ မျက်နှာရှုံ့မဲ့နေကာ ဒက်ရှ်ဘုတ်ပေါ်မှ
ခရဘဲန် နေကာကလေး ထုတ်တပ်လိုက်ကာ အပြင်ဘက်
အကြည့်ပို့ထားလေသည်။ မွေ့ နှုတ်ခမ်းကလေးစွေစွေ သူ့ကို
စိုက်ကြည့်နေလိုက်၏။ သူ့ရင်ထဲမှာ သိပ်ကို ပျောက်ယက်ခတ်
သွားပြီမှန်း မွေ့သိရသည်။ မွေ့ကို သတိရနေပြီ မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ဟင်။ သည်လိုတွေဖြစ်ခဲ့ရအောင် မင်းပဲ လုပ်ရက်ခဲ့တာပဲ မဟုတ်လား။ မွေ့ မင်းကို ဘယ်လို နားလည်ရမလဲကွယ်။

"မှို . . . တို့ကိုခင်ရင် အဲဒီတစ်ခုတော့ရှောင်စမ်းပါကွာ တို့ကို ဟိုမေး ဒီမေး မလုပ်ပါနဲ့ကွာ"

"မှိုက ခင်လို့မေးတာပါ . . . ကိုဒွန်းက ဘာလို့ မမေးစေချင်ရတာလဲ၊ အချစ်ဟောင်းလေးကို သတိရမှာစိုးလို့လား"

"ဒုက္ခပါလား . . . မမေးပါနဲ့ဆိုမှ မှို ဘာရပဲမေးမေး တို့က မဖြေဘူး၊ စိတ်ချ . . . မေးချင်တာမေး၊ အာ ညောင်းတော့လည်း တိတ်လိုက်ပေါ့"

"ချစ်သူတော့ ရှိခဲ့ဖူးတယ်မဟုတ်လား၊ အဲဒါလေး တစ်ခုပဲ ဖြေကွာ . . . မမေးတော့ဘူး၊ ခင်သွားမှမေးမယ် ခင်သွားမှ . . ."

သူ ပြောခဲ့ဖူးတာလေး သုံးလိုက်တော့ သူ ဆတ်ခနဲ လှည့်ကြည့်ပြန်သည်။ ပြီးမှ နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ဟန်ကြောင့် မွေ့ ခပ်တိုးတိုးလေး ရယ်မောနေလိုက်သည်။ သူက ကားကို ရွှေဘုံသာလမ်းမှာ ရပ်လိုက်ရင်း ကားကို သော့ခတ်နေ၏။ မွေ့ ဆင်းလိုက်ရင်း . . .

"ကိုဒွန်း . . . အရုပ်ကလေးတွေ ဟိုဘက်မှာ တစ်ချက်သွားဝယ်ရအောင်"

သူ ခေါင်းညိတ်ပြရင်း အရုပ်ဆိုင်တွေဘက်အတူ တူလျှောက်လာခဲ့ကြသည်။ တိတ်ဆိတ်စွာရှိနေသော သူ့ကို မွေ့ အကဲခတ်ရင်း နှလုံးသားတွေ ပျော့ညွတ်လာရသည်။ သူနှင့်အတူ ဝယ်ခဲ့ဖူးသော အရုပ်ဆိုင်မှာပင် ဝင်လိုက်ကာ သူ



ဝယ်ပေးခဲ့ဖူးသည့် အရုပ်ကလေးမျိုး ဆင်ဆင်တူသည့် ဘေဘီဒေါလ်ကလေးရယ်၊ အားရပါးရ ရယ်မောနေသော ယုန်ရုပ်ကလေးရယ် ဝယ်လိုက်တော့ သူ့မျက်လုံးတွေ ဝိုင်းစက်ကာ နှုတ်ခမ်းတင်းတင်းစေ့ရင်း မွေ့ကို စိုက်ကြည့်၏။ သက်ပြင်းတွေ ခဏခဏရှိုက်ရင်း တိုက်ဆိုင်လှချေလားဟု ထင်မြင်အံ့သြနေပုံကလေး ဖြစ်နေတာမို့ မွေ့ ရယ်လည်း ရယ်ချင်နေရသည်။

"ကိုဒွန်းနဲ့တူတဲ့ ့တွမ်ခရုစ်ပုံရယ် . . . မှိုကြိုက်တဲ့ ဖီဘီကိတ်စ် ပုံကလေးတွေဝယ်မယ်"

သူ မွေ့ကို မျက်လုံးပြူးစွာ စိုက်ကြည့်ရင်း မှိုဟု ခပ်တိုးတိုးခေါ်သည်။ မွေ့မျက်လုံးတွေထဲ သူ စိုက်ကြည့်လာတာမို့ မွေ့ရင်ထဲ ပရမ်းပတာခါသွားကာ မျက်လွှာချလိုက်မိသည်။ အခုအချိန်မျိုးမှာ သူ မွေ့ကို မှတ်မိတာမျိုးမဟုတ်တောင် မျက်လုံးတွေအပေါ် သူ သတိထားမိသွားမှာမျိုး . . . လာတူညီနေသည့် အပြုအမူ အပြောအဆိုကလေးတွေအပေါ် သူ မှတ်မှတ်ထင်ထင် ရှိသွားတာမျိုး . . . နောက်ဆုံးတော့ မျက်နှာချင်း လုံးဝမတူပေမယ့် မှိုဆိုတာက မွေ့နှင့် မျက်လုံးတွေ . . . လှုပ်ရှားမှုတွေ တူနေတာကို သူ သတိထားမိသွားရင် မွေ့ကို မုန်းခဲ့တယ်ဆိုရင် အခု မှိုဘဝမှာ သူနှင့် ခင်မင်ရင်းနှီးခွင့် ရတော့မည်မဟုတ်။ မွေ့ကို ချစ်နေဆဲဆိုရင်တော့ မွေ့ မရှိတော့တဲ့ သူ့ဘဝထဲကို မွေ့နှင့် အမူအရာကလေးတွေ ဆင်ဆင်တူသော မှိုဆိုတဲ့ သူစိမ်းကလေးကို ထည့်သွင်းလိုက်မှာကို မွေ့ လုံးဝ မလိုလားပေ။ သူ မွေ့လို သံသယမရှိတဲ့ မှိုကို သူ စိတ်ဝင်စားမှု ပြလာခဲ့ရင် မွေ့ ရင်ကွဲရမှာ။ သူ့ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ မွေ့သာ တစ်ယောက်တည်း ရှိနေစေချင်တာပါ။ နောက် တစ်ဦးပုံစံမျိုးနှင့်လည်း တွမ့်ရင်ထဲ မဝင်ရောက်ချင်ပေ။ မွေ့ဟာ မွေ့ပဲလေ။ မျက်နှာ ဘယ်နှစ်ခုပြောင်းပြောင်း မွေ့ရဲ့ နှလုံးသား ကလေးက သူ့အတွက်သာပင် ဖြစ်သလို သူ့နှလုံး သားဟာလည်း မွေ့အတွက်ပဲ ဖြစ်စေလိုစိတ်က ရင်မှာ ပြည့်နှက် ပြင်းပြခဲ့ရ သည်။



## အခန်း ... (၈)

"မီးလေး ... တောင်ကြီးက ဖုန်းလာတယ်"

"ဟာကွာ ..."

မွေ့ စိတ်ပျက်သွားရကာ ဝတ္ထုစာအုပ်ကို ဆောင့်ချရင်း ဖုန်းဆီသွားလိုက်ရသည်။ စိုးမိုးနှင့် မတွေ့တာ ကြာတော့ မေ့ပင် မေ့နေပြီ။ သူကလည်း အခုမှပင် လာပြီး တစ်ရေး နိုးပြနေပြန်ပြီ။

"မွေ့ ... မွေ့လားဟင်"

"ဟုတ်တယ် ... ဘာပြောမလို့လဲ စိုးမိုး"

"တို့ကို ခွင့်လွှတ်ပါ မွေ့ရယ်"

အသံက အဖျားခတ် တုန်သွားတာမို့ မွေ့ မျက်နှာထားလျှော့လိုက်ကာ အသံပင် ပျော့သွားရသည်။ စိုးမိုးက မွေ့ကို တွေ့တာနှင့် အစဉ်ပင် တောင်းပန်နေကျလို ဖြစ်နေတော့သည်။ တွမ့်ကိစ္စနှင့် ပတ်သက်ပြီး နောက်ပိုင်း မွေ့ သူ့ကို လုံးဝ မဆက်ဆံတော့တာ။ လန်ဒန်မှာတုန်းက လည်း ဘာမှ အဆက်အသွယ် မလုပ်ခဲ့တာမို့ သူ တောင်းပန် ခြင်းဖြစ်မည်။

"မွေ့ ... မွေ့ ခတ်ပုံကလေး မျိုးဆီက ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ ရုပ်ပြောင်းသွားတယ်နော်၊ ဒါပေမယ့် . . . အခု
မျက်နှာအသစ်လေးကိုလည်း တို့ ဆက်ချစ်နေဆဲပါ
မွေ့ရယ်၊ မွေ့ကို တို့ အသက်ရှင်နေသရွေ့ ဆက်ချစ်နေ
မှာပါ၊ မွေ့ တို့ကို မချစ်နိုင်တော့ဘူးလား မွေ့ရယ်"

"စိုးမိုးရောဂါကလည်း မသေသေးဘူးလား . . .၊ မွေ့
စိတ်အရမ်းညစ်လာပြီ သိလား . . . မွေ့စိတ်က သိပ်
ကောင်းသေးတာ မဟုတ်ဘူး"

"မွေ့ . . . လန်ဒန်မှာ ဖြစ်သွားတဲ့ကိစ္စအတွက် တို့
လုံးဝ စိတ်မကောင်းဘူးကွာ၊ အရမ်း စိတ်ထိခိုက်သွား
တာပဲ၊ မွေ့တို့ ဒက်ဒီ လန်ဒန်ကနေ ဖုန်းလာတော့ တို့
မွေ့တို့ အိမ်မှာလေ၊ ကြားကြားချင်း မွေ့ မာမီလည်း
သတိလစ်၊ တို့လည်း မိုက်ခနဲ ပြာဝေသွားတာပဲ၊ အဲဒီ
နောက်ပိုင်း တို့ အပြင်းဖျားသေးတယ်"

"သနားရမလား . . သွတ် သွတ်"

"မွေ့ တို့ကို ဘာလို့ ဒီလောက် မေတ္တာထားရသလဲကွာ၊
မွေ့ အရင်က တို့ကို အဲဒီလို မဆက်ဆံခဲ့ပါဘူး၊
နောက်လူ ပေါ်လာပြီးမှ . . ."

"နောက်လူတွေ ဘာတွေ လာမပြောပါနဲ့ . . . မွေ့ကို
ဘာမှ လာမပြောပါနဲ့"

တွမ့်မကောင်းကြောင်းတွေ ထွက်လာမှာ သေချာ
တာမို့ မွေ့ စကားဖြတ်လိုက်သည်။

"တွမ် မွေ့ကို ဖြတ်လိုက်တယ်မဟုတ်လား"

"ဘာပြောတယ် . . . စိုးမိုး၊ ရှင် . . . ရှင်"

ရင်တွေဆတ်ဆတ်ခါသွားကာ အောင့်သွားရ



သည်။ မခံမရပ်နိုင်လွန်းစွာ ဖုန်းခွက်ကို တင်းနေအောင် ဖိဆုပ်
ရင်း မွေ့ မျက်ရည်ကလေး လည်လာရ၏။

"သူ့စိတ်ခတ်ကို တို့ သိတာပေါ့ . . . သိလို့လည်း
မွေ့ကို တားခဲ့ပါသေးတယ်၊ သူ့စိတ်ထားက မာကျော
တယ်၊ မွေ့ကို သူ အရင်ကတည်းက ကျေနပ်ခဲ့တာမှ
မဟုတ်တာ၊ ရန်စခဲ့ဖူးတယ်၊ မွေ့ မျက်ရည်ကျအောင်
လုပ်ခဲ့ဖူးတယ်၊ ကားချင်းဝင်တိုက်အောင် လုပ်ခဲ့ဖူး
တယ်၊ ဒါတွေ မွေ့ မှတ်ထားဖို့ ကောင်းတယ်၊ မိုးကောင်း
ကိစ္စမှာ သူ အရမ်း မခံချင် ဖြစ်ခဲ့တာ၊ နောက်
ယောကျ်ားလေးတွေရဲ့ မာနကို စော်ကားနေတဲ့ မွေ့ကို
ပညာပေးရမယ်လို့ သူ ကြုံးဝါးဖူးတယ်လေ . . .

မွေ့ကို ချက်ချင်းကြီး လာကပ်ကတည်းက မွေ့
သတိထားမိဖို့ ကောင်းတယ်၊ မွေ့ကို သူ မာနပြန်ချိုးဖို့
က လွဲလို့ ဘာရှိဦးတော့မှာလဲ"

"စိုးမိုး . . . တို့ကို တွမ် ဖြတ်စာရေးခဲ့တာ ရှင် ဘယ်
လိုလုပ် သိလဲ"

"သူ ပြောတာပေါ့ . . . နောက်ပြီး တို့က သူ့ကို အမြဲ
ချက်ကင် လိုက်နေတာပဲ၊ သူ မွေ့အပေါ် ဘာတွေ ကြံ
စည်နေသလဲဆိုတာ"

"တို့ မယုံဘူး . . . သူ ဒီလောက် နိမ့်ကျတဲ့ စိတ်ခတ်
မျိုး မရှိနိုင်ဘူး၊ တွမ် မွေ့ကို တကယ်ချစ်ခဲ့တာ စိုးမိုး
မသိပါဘူး"

မွေ့ မျက်လုံးကလေး မှိတ်လိုက်ရင်း ခပ်တိုးတိုး
ရေရွတ်မိသည်။ စိုးမိုးစကားကို မယုံပေမယ့်လို့ လက်ရှိ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ခဲ့ရတာတွေက ယုံစရာ ကောင်းနေပြန်သည်။ မွေ့ ဘယ်လို ယုံရတော့မလဲ တွမ်ရယ်။

"ကျွတ် . . . မွေ့က ဒီကောင်နဲ့ပတ်သက်ရင် အရမ်း အလျှော့ပေးလွန်းတာပဲ၊ သူ မွေ့ကို လုံးဝမချစ်ခဲ့ပါဘူး ကွာ"

"မပြောနဲ့ စိုးမိုး . . . အဲဒီလို မပြောနဲ့"

"မွေ့ကို မာနချိုးသွားတဲ့ကောင်ကို မွေ့ ဘာလို့ နာနေရတာလဲ၊ မုန်းပစ်လိုက်ပေါ့ . . . နာကြည်းပစ်လိုက်ပေါ့"

"တို့ နာကြည်းခဲ့ဖူးပါတယ်၊ ဒါပေမယ့် မနာကြည်းရက်ဘူး . . . သိလား၊ သူ့ကို မွေ့ အရမ်းပဲချစ်တယ်"

ပြောပြီး မွေ့ ဖုန်းကိုချလိုက်သည်။ ရင်ထဲ လှိုက်လှဲစွာ တုန်ခတ်နေရတာကြောင့် အခန်းထဲဝင်ကာ ခုတင်ပေါ် မှောက်လှဲချလိုက်မိသည်။ တွမ်ရယ် . . . မွေ့ကို မာနချိုးခဲ့တဲ့သူ . . . မွေ့ဘဝကလေးမှာ ချောက်ချောက်ချားချား ဖြစ်ခဲ့ရအောင် လုပ်ရက်ခဲ့သူ . . . အသက်မဆုံးရုံတစ်မည် ဖြစ်စေခဲ့သူ . . . ရည်မှန်းချက်တွေပျက် . . . နှလုံးသားတွေကြေကွဲ အထီးကျန်ဆန် အမှောင်ဘဝထဲ ရောက်သွားစေခဲ့သူ။ သည်လိုလူကို မွေ့ သိပ်ကို နာကြည်းသင့်တာပေါ့နော်။ မွေ့ မျက်လုံးကလေးတွေပါ မှောင်ကွယ်သွားခဲ့ရရင်တော့ ကောင်းမှာပေါ့။ မွေ့အပေါ် တမ်းတဆဲ ပုံစံဖြစ်နေတဲ့ မင်းကို မြင်တွေ့ခွင့်မရတော့ရင် နာကြည်းနိုင်ကောင်း နာကြည်းနိုင်ပါရဲ့။ မွေ့ရဲ့ နားကလေးတွေ ပင်းသွားရင်လည်း ကောင်းမှာပဲ။ မင်းရဲ့ သတင်းတွေ ဘာမှ မကြားနိုင်တော့တဲ့အခါ မင်းကို နာကြည်းလျက်နဲ့ မွေ့ပျောက်သွားနိုင်ကောင်းပါရဲ့။ အို . . .



မွေ့ အသက်တစ်ခုလုံး ဆုံးရှုံးပျောက်ပြယ်သွားရင်လည်း တွမ်ဆိုတာ မွေ့ဘဝမှာ ပျောက်သွားနိုင်ကောင်းပါရဲ့။

အခုတော့ မွေ့ရဲ့ အမြင်အာရုံမှာ၊ အကြားအာရုံ မှာ၊ နှလုံးသားထဲမှာ မင်းရဲ့ ပုံရိပ်ကလေးတွေ စွဲမြဲဆဲမို့ မွေ့ မနာကြည်းရက် . . . မမေ့ပျောက်ရက်တာ ဆန်းသလား ကွယ်။ မှားကော မှားနေပြီလား။ အမှားဆိုရင်တော့ သိပ်ချစ်တတ်တဲ့ မွေ့ နှလုံးသားကိုပဲ အပြစ် ပုံချရပါမယ်။ မွေ့ နှလုံးသားက နာကြည်းတတ်ဖို့ ခက်ခဲလောက်အောင် အစွဲအလမ်း ကြီးလွန်းလှတယ်ကွယ်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မွေ့စိတ်တွေ ထွေပြားရှုပ်ထွေးကာ တွမ့်
မသွားဖြစ်။ ခါးသီးသော နာကျင်ခြင်းမျိုး မဟုတ်ဘဲ ကြေ
နာကျင်မှုတို့ဖြင့် ရင်ထဲ မငြိမ်သက်။ အိမ်မှာ မှိုင်တွေနေ
လည်း ဖက်ဒီ မာမီတို့က စိတ်ပူမှာစိုးတာကြောင့် ကက်ဆ
အကျယ်ကြီး ဖွင့်ကာ မွေ့ ငြိမ်ကုပ်နေမိသည်။ ဟေမာနေဝ
၏ “ညာနေတယ်” သီချင်းကလေးကို နားထောင်ရင်း မ
မျက်ရည်လည်လာရ၏။

နှုတ်ခမ်းက သိပ်ချစ်တယ်ဆိုလည်း . . .
အို . . . မျက်ဝန်းလေးများက . . .
စိမ်းကားခြင်းများနဲ့ . . .
တို့အသည်းကို သူခွဲ . . . ညာနေတယ် . . .
ညာနေတယ် . . . ညာနေတယ်နော်
ဟို . . . ချစ် ဘာကြောင့်လဲချစ်ဆုံး . . .

တကယ်ပဲ မွေ့အပေါ် ဟန်ဆောင် ညာရ
သလား တွမ်။ မွေ့အသည်းကို တွမ် ညာပြီး ခွဲရက်ခဲ့သ
တွမ်ရယ်။

“မွေ့ရေ . . . ဖွန်တို့ လာတယ်”

မာမီ့အသံကြောင့် မွေ့ မျက်ရည်သုတ်



ခုတင်ပေါ်မှ ထ,ထိုင်လိုက်သည်။ ဖွန်နှင့် နုအိတို့က ပြုံးဖြဲဖြဲ တွေနှင့် ညာနေတယ် . . . ညာနေတယ်နော် ဟု အော်ရင်း ဝင်လာကြ၏။

“ဘယ်သူ့ကို ညာနေတာလဲ မွေ့ . . . နင့် တွမ်ကြီး ဆွေးနေတယ်၊ ငါတို့ အတန်းဘက် ယောင်လည်လည်နဲ့ လာကြည့်တယ်၊ နင်က ကျောင်း ဘာလို့ မလာတော့တာလဲ၊ အိမ်မှာ ကျိတ်ဆွေးနေတယ်ပေါ့လေ”

“ဒီလိုပါပဲ . . . စိုးမိုးဆီက ဟိုတစ်နေ့က ဖုန်းလာတယ်၊ သူ တကယ် ငါ့ကို ချိုးခဲ့တာတဲ့၊ သူ ဖြတ်စာရေးခဲ့တာ စိုးမိုးသိနေတယ်”

“ဘယ်လိုသိတာလဲ . . . အလကားပါ၊ ဒီအခြောက်စကားများ ယုံမနေနဲ့”

“မဟုတ်ဘူးလေ . . . သူပြောခဲ့တာ ယုတ္တိရှိနေတယ်၊ ငါ မိုးကောင်းကို အရှက်ခွဲခဲ့ဖူးတာရော . . . နောက်ပြီး တွမ်က အရမ်း မာနကြီးတာ နင်တို့အမြင်ပဲလေ၊ ယောကျ်ားလေးတွေရဲ့ မာနကို ငါ စော်ကားခဲ့တာတွေကို သူ ဘယ်လိုမှ ကျေနပ်မှာ မဟုတ်ဘူး၊ တွေးလေတွေးလေ သေချာလာလေပါပဲ ဖွန်တို့ရယ်၊ ငါ့ . . . ငါ့ကို သူ တမင်လုပ်သွားတာပါ၊ အကြံအစည်နဲ့ လာပြီး ညာသွားတာပါ၊ ငါ . . . ငါ . . .”

“မငိုနဲ့ဟယ် . . . နင်ကလည်း တကယ်လို့ သူ နင့်ကို တမင် ချိုးခဲ့တယ် ထားပါတော့၊ ဒါပေမယ့် သူလည်း အနိုင်မရပါဘူး၊ သေချာတယ် . . . ရှုံးဝ ငါပြောရဲတယ်၊ တွမ် နင့်ကို အရမ်းချစ်နေတာ . . . အခုလည်း

www.burmeseclassic.com

www.burmeseclassic.com



နင့်ကို လွမ်းဆဲပဲ၊ နင် မရိပ်မိဘူးလား . . . နင် သူ့နား
မှာ ရှိနေတာပဲ၊ နင် ပို အကဲခတ်မိမှာပေါ့"

မွေ့ ခေါင်းကလေး ခါယမ်းကာ စိတ်အားလျော့နေပုံကလေး ဖြစ်နေရသည်။ မွေ့ ဘာမှ နားမလည်တော့၊ အကဲလည်း မခတ်တတ်တော့။ မျှော်လည်း မမျှော်လင့်ရဲတော့၊

"နင် . . . အခု စုံစမ်းနေတာ ဘာတွေတွေ့ရလဲ၊ ဆင်းသိမ်ဇမ္ဗူ ဆိုတာတွေ ဘာတွေ နင် နည်းနည်း မအော်ဘူးလား"

"ငါ လုပ်ပါတယ် . . . သူက ခင်ရင် မမေးကြေးတဲ့ ငါ့အကြောင်းကို ဖွင့်ပြောချင်ပုံ မရဘူး၊ တိုက်ဆိုင်တာတွေ ငါလုပ်လိုက်ရင်တော့ မျက်နှာပျက်ပျက်သွားတယ်"

"တွမ်ကလည်း တစ်မျိုးပဲ . . . ဒါဆိုရင် ဥပမာဟာ နင့်ကို ချစ်တော့ချစ်တယ်၊ ဒါပေမယ့် နင်နဲ့သူ အသွင်မတူတာမျိုး . . . နင့် အပြုအမူတွေကိုတော့ သူ ကြည့်မရတာမျိုး . . . ချစ်ပေမယ့်လည်း မဖြစ်နိုင်လို့ စောစော လမ်းခွဲလိုက်တာမျိုး"

"နင့် မျိုးကြီးတွေကလည်းဟာ ရင်အောင့်လိုက်တာ၊ ငါ သူပြောသမျှ ပြင်ခဲ့ဖူးပါတယ်၊ ယောကျ်ားလေးတွေ မာနကို မစော်ကားနဲ့လို့ သူ ပြောခဲ့ပြီးတဲ့နောက်ပိုင်း ငါ ဘယ်ကောင်လေးကိုမှ ပြိုင်ပြီး ရန်မလိုတော့ဘူး မနောက်တော့ဘူး၊ အကျယ်ကြီး အော်မရယ်နဲ့လို့ ပြောတော့ ငါ မရယ်ဘူး၊ ကောင်လေးတွေကို မကြည့်နဲ့လို့ ပြောလို့ ငါ မကြည့်ဘူး၊ မာရေကျောရေ စကားတွေ မပြောနဲ့ဆိုလို့ ငါ မပြောဘူး၊ သူ ပုံသွင်းသမျှ ငါ အားလုံး လိုက်နာခဲ့ပါတယ်၊ ငါ သူ့ကို အားလုံး အလျှော့ပေးခဲ့ပါတယ်၊ ဒါကို သူ ဘာမကျေနပ်စရာရှိလဲ၊ အမိက,က သူ့မာနကြောင့်ပါ၊ သူ မာနအရမ်းကြီးခဲ့တာ ငါ သိပ်သိခဲ့တာပေါ့၊ ငါ့ကို မာနနဲ့ အနိုင်ယူခဲ့တာပါ"



"နင့်ကို အခုလို မျက်နှာပျက်စီးသွားရတဲ့အထိ ထိခိုက်သွားရတယ်ဆိုတာ သူသိရင်တော့ နောင်တရသွားနိုင်တယ်နော် . . . အခု သူ ဘာမှ သိပုံမရဘူး၊ နင့်ကို လန်ဒန်မှာ ရှိနေဆဲပဲလို့ ထင်နေတဲ့ပုံ"

"ငါ ဖြစ်ခဲ့တာတွေကို သိသွားလို့ အားနာပြီး ပြန်ပျော့ပျောင်းသွားတာမျိုးဆိုရင်လည်း ဘာလုပ်တော့မှာလဲ နှုအိရယ် . . .၊ အမိကက ငါ့ကို သူ အရမ်း ချစ်မချစ်ရယ် . . . ဘာကြောင့် ငါ့ကို ဖြတ်စာရေးခဲ့တာလည်းဆိုတာရယ် ငါ သိအောင်တော့ ကြိုးစားဦးမှာပဲ"

"သိပြီးရင် နင် ဘာဆက်လုပ်မလဲ"

"ဇွန်ရယ် . . . ငါ့အရှိုက်ကို ထိမယ့်မေးခွန်း နင် ဘာလို့ မေးတာလဲ၊ ငါ ဘာမှ မသိရသေးဘူး၊ သိပြီးမှ ဆုံးဖြတ်ရမှာ၊ သူ ငါထင်တဲ့အတိုင်း လုပ်ရက်ခဲ့တာဆိုရင်တော့ နာကြည်းပစ်လိုက်ပါမယ် . . . မေ့ပစ်လိုက်ပါမယ်"

အသံကလေး နစ်သွားကာ ကြေကွဲလွန်းသွားရသည်။ ရင်မဆိုင်ရဲစရာ ကိစ္စတွေ ရှေ့ဆက်ဖြစ်လာခဲ့ရင် မွေ့ ရင်ကွဲရတော့မှာပါ။

"မစုံစမ်းဘဲ ဒီအတိုင်းထားရင်ကော"

"ငါ မနေတတ်ဘူး . . . တိတိကျကျ သိချင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ငါ သိလည်း သိချင်တယ် . . . မသိလည်း မသိရဲဘူး ဟယ်"

"အဲဒါဆိုလည်း နင့်စိတ်ကို ဘာမဆို ရင်ဆိုင်ရဲတတ်အောင် ခိုင်ခိုင်ထား . . . နင့်ပုံကလည်းဟာ"

"ငါ သူ့ကို အရမ်းကြီး ချစ်နေမိတာကိုက မှားတာပါ ဟယ် . . . ငါ . . . ငါ သိပ် ပျော့ညံ့လွန်းတာပါ"

"မာအောင်ထားဟာ . . . တွမ်တောင် မာနိုင်သေးတာပဲ"

"မမာနိုင်လို့ ခက်နေတာပါဆို"

"ဂျဲလ်ကျနေတာပဲ . . . တုံ့အိတုံ့အိနဲ့"

လူတစ်ယောက်ကို လက်ညှိုးထိုး ရှုတ်ချဖို့ ဘယ်တော့မှ ဝန်မလေးတတ်သော နုအိနှင့် ဌွန်က မွေ့အဖြစ်ကိုတော့ မရယ်မောရက်စွာ သနားသွားတော့သည်။ မွေ့ကို ဘယ်လို နှစ်သိမ့်ရမှန်းမသိစွာ . . . တွမ့်ကို မချင့်မရဲစွာနှင့် သက်ပြင်းလေးလေးကြီးတွေ ချပစ်ရတော့သည်။

တွမ့်အကြွင်းနာ နှောင်ကြိုးကလေး တစ်စတလေ လောက် ရရင်တောင် မွေ့ 'ကျေနပ်ရောင့်ရဲနိုင်ပါပြီနော်။

◆ ◆ ◆



အခန်း . . . (၉)

"ပျောက်လှချည်လား မှို"

ကော်ရစ်ဒါကလေးကိုမှီကာ သူပြောတော့ မွေ့ ယ်နေလိုက်ကာ အိတ်ထဲမှ အခွေကလေးထုတ်ကာ သူ့ကို ပေးလိုက်သည်။

"လက်ဆောင် . . . မှို မလာရင် ကိုဗွန်း မျက်စိနောက်သက်သာမှာပါ . . . ဟုတ်တယ်မဟုတ်လား"

"ဒုက္ခပါပဲ . . . မှိုက တို့ကို ရွဲ့လှချေလား၊ မှို တို့ကို စိတ်ခုနေလား၊ တို့ ပြောခဲ့ဆိုခဲ့တာတွေ မှားခဲ့ဖူးလား"

"အင်းပေါ့ . . . မှို့ကို ကိုဗွန်းက ခင်မှ မခင်ဘဲ၊ မှို မေးတာကိုလည်း မဖြေဘူးလေ၊ မှိုက ခင်လို့မေးတာကို"

"ဒါတွေ မှိုသိလို့ ဘာထူးမှာလဲ မှိုရာ . . . တို့ ထိထိခိုက်ခိုက် ဖြစ်မှာ မှို မြင်ချင်လို့လား"

"ဘာလို့ ထိထိခိုက်ခိုက် ဖြစ်ရမှာလဲဟင်"

"ဟာ . . . တကယ်ကွာ၊ မဖြေပါရစေနဲ့ကွာ . . . တို့ သူ့အကြောင်း မပြောချင်လို့ပါ"

"ကုပ်လိုက်တာ . . . ဒါဆို နာမည်လေးပြော"

"ဟာကွာ . . . သိချင်လှချေလား၊ ရိုးရိုးခင်တာမှ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား၊ တို့ချစ်သူအကြောင်း စုံစမ်းချင်လို့ ခင်တာလား"

"အံမယ် . . . နာမည်လေး သိချင်လို့ မေးတာလေး များ"

"သိတော့ ဘာလုပ်မလို့လဲ . . ."

"သိရုံပဲပေါ့ . . . ကိုယ်ခင်တဲ့သူရဲ့ ချစ်သူကို သိထား တော့ လမ်းတွေ့ရင် နှုတ်ဆက်ရတာပေါ့"

"ပြတ်သွားပြီကွာ . . . မှို နှုတ်ဆက်ရင် မှိုက ဘယ်လို ပြောပြီး နှုတ်ဆက်မလဲ"

"ကိုဒွန်း ညီမပေါ့"

သူ ဟားဟားဟု အော်ရယ်ကာ တစ်ဖက်လှည့် နေ၏။ မွေ့က သူ့ဂျင်းဂျာကင် လက်ခေါက်နေရာကလေးကို လက်ညှိုးနှင့် လက်မကွေးကာ တောက်လိုက်ကာ . . .

"နာမည်ပြောလေ"

သူ ရှုံ့မဲ့ရင်း တစ်ဖက် လှည့်သွားပြန်သည်။ မွေ့က နာမည်ထပ်မေးပေမယ့်လည်း နှုတ်ခမ်းကို တမင်ပိ စေ့ကပ် ထားလေတော့၏။

"တို့ အတန်းသွားတက်တော့မယ်နော် မှို . . . သိထားဖို့က တို့ကို သူ့အကြောင်းမေးတာဟာ တို့ကို အရှက်ခွဲချင်တာပဲ၊ တို့ကို လှောင်ချင်လို့ပဲ မှတ်ယူမယ် တို့ကို ခင်ရင် သူ့အကြောင်း လုံးဝမမေးနဲ့နော်"

မွေ့ကို စိုက်ခနဲကြည့်ကာ သူ လှည့်ထွက်သွား၏။ မွေ့ရင်ထဲ ဟာကျသွားရကာ ဒူးတွေပင် ပျော့ညွတ်သွား သည်။ သူ့ကို မွေ့အကြောင်းမေးတာဟာ သူ့ကို အရှက်ခွဲချင် လို့တဲ့။ လှောင်ချင်လို့တဲ့။ ဘာကြောင့်လဲ . . . ။ မွေ့က မင်းကို



အရှက်ခွဲခဲ့ဖူးသလား . . . လှောင်ဟားခဲ့ဖူးသလား တွမ်ရယ်။ မင်းအပေါ် အမြဲတမ်း အလျှော့ပေးခဲ့ရတဲ့ မွေ့ကို မင်း ဘယ်လိုတွေ စွပ်စွဲ ယူဆထားရက်တာလဲ။ အပြစ်ရှာခြင်း သက်သက်ပဲ မဟုတ်လားဟင်။ မင်း ရက်ရက်စက်စက် ဖြိုခွင်း ခဲ့တာကလေး လူကြားကောင်းအောင် . . . မင်းအပြစ်လွတ် အောင် မွေ့အပေါ် ပုံချခြင်းမျိုးလား။ အဲသည်လို လုပ်ရက်ခဲ့ သလား တွမ်ရယ်။

မင်းကို အရှက်ခွဲ လှောင်ခဲ့ဖူးတာမျိုး ရှိခဲ့ရင် လက်ညှိုးထိုး ထောက်ပြလိုက်စမ်းပါ။ တွေ့ခဲ့ရင် မင်း စိတ် ကြိုက် ကြေညာနိုင်ပါတယ်။ အခုတော့ တစ်ဖက်သတ် သတင်းလွှင့်ပြီး မွေ့အပေါ် ပြတ်ပြတ်စဲစဲ လုပ်ရက်ခဲ့တာ။ မင်း မွေ့အပေါ် အနိုင်ယူလွန်းအားကြီးနေပြီ။ တကယ်ဆို မွေ့ကို အသိပေးဖို့တော့ ကောင်းတာပေါ့ကွယ်။ မင်း မကျေနပ် တာ ထောက်ပြတိုင်း အမြဲ လိုက်လျော နာခံခဲ့ရတဲ့ မွေ့အပေါ် မင်း နားမလည်ခဲ့ဘူးလားဟင်။ မွေ့ ဘာဆက်လုပ်ရမလဲ။ မွေ့အပေါ် ချစ်မက်ဆဲပုံစံလည်း ပြုလျက် နာကျင် စိတ်ပျက် ပုံစံတွေလည်း ပြနေတာ မွေ့ အားလျော့ရတော့မှာလား။ မွေ့ မင်းနဲ့ ခွဲလည်း မခွဲနိုင်ပါလား တွမ်ရယ်။

မွေ့အပေါ် အကြောင်းပြချက် အမျိုးမျိုးနဲ့ မင်း လုပ်ရက်ခဲ့ပေမယ့် မွေ့ကတော့ အကြောင်းပြချက် ကင်းစွာ မင်းအပေါ် တွယ်တာမြတ်နိုးဆဲပါပဲ။ မင်း ဘာအကြောင်းပြ ချက်တွေ ထပ်ပေးဦးမှာလည်းဆိုတာကို မွေ့ စုံစမ်းပါရစေဦး။ ဘာလို့လဲဆိုတော့ မင်းကို ချက်ချင်းကြီး မွေ့ ပြတ်ပြတ်သား သား မနေရက်လို့ပါ။ မင်းရဲ့ အကြောင်းပြချက်တွေ စုံလင်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ မပြတ်သားရက်ရင်လည်း ပြတ်သားရတော့မှာပဲ။ သည်တစ်သက်မှာ မွှေ့တို့ ဘယ်တော့မှ ဆုံစည်းနိုင်တော့မှာ မဟုတ်ပေမယ့် မင်းပုံရိပ်ကလေးတွေ . . . မင်းရဲ့ အသံလေးတွေကို အနားကပ် မြင်တွေ့ ကြားနာပါရစေဦးကွယ်။

♠ ♠ ♠



မွှေ့ တွမ့်ကို ပေးလိုက်သော အခွေကလေးက ဟေမာနေဝင်း၏ "ညာနေတယ်" သီချင်းလေးကို တစ်ခွေလုံး သွင်းထားတာကလေး။ နောက်တစ်နေ့ မွှေ့နှင့်သူ တွေ့တော့ သူ အခွေကလေး ပြန်ပေးရင်း . . .

"ဘာသီချင်းလဲကွာ . . . ဘာကို ဆိုလိုချင်တာလဲ၊ ဟန်ဆောင်တာတွေ . . . ညာတာတွေ . . . အသည်းခွဲခဲ့တာတွေ . . . စိမ်းကားခဲ့တာတွေ . . . ဒါတွေနဲ့ ဘယ်သူ့ကို စွပ်စွဲနေတာလဲ၊ မှိုလုပ်နေတာ တို့ ဘာတစ်ခုမှ နားမလည်ဘူး"

"ကိုဌွန်းကို အပိုင်ပေးတာပါ . . . တမင် စွပ်စွဲပြီး ပေးတာ မဟုတ်ပါဘူး၊ ကိုဌွန်း နားထောင်စေချင်လို့ပါ။ မှိုက အဲဒီသီချင်းကလေးကို အရမ်းကြိုက်လို့ပါ"

"ဘာမှ ကြိုက်စရာ မရှိဘူး . . . တို့ဝေဒနာကို ဆွပေးတာနဲ့ အတူတူပဲ၊ မှို ပြန်ယူထားပါ . . . တို့ မကြိုက်ဘူး"

"ကိုဌွန်းရဲ့ ဝေဒနာကို ဆွပေးတယ် ဟုတ်လား။ ကိုဌွန်းက ဘာဝေဒနာတွေ ခံစားခဲ့ရလို့လဲ၊ အညာခံခဲ့ရလား၊ ဟန်ဆောင်ချစ်ခဲ့တာ ခံခဲ့ရလား၊ အသည်းခွဲတာ ခံခဲ့ရလား၊ စိမ်းကားတာ ခံခဲ့ရလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ ရဲသွားကာ တင်းမာသွားသည်။ နှုတ်ခမ်းကို ထိနေအောင် စေ့ထားရင်း . . .

"မှို . . . မှို . . . မင်း ဘာလို့ တို့ကို ဒုက္ခပေးနေတာလဲ၊ တို့ကို ဘာမှ မမေးပါနဲ့ မှို၊ မင်းလည်း တို့ကို အရှက်ခွဲချင်နေတာများလား"

"ကိုဇွန်း မှို့ကို အဲလို မပြောနဲ့ သိလား၊ မှို အမှန်အတိုင်း ပြောရရင် ကိုဇွန်းကို မြင်မြင်ချင်း စိတ်ဝင်စားတယ် ဘာဘာညာညာ စိတ်မျိုးနဲ့ မဟုတ်ဘူးနော်၊ ကိုဇွန်းရဲ့ သန့်သန့်လေး စိတ်ဝင်စားတာ၊ မှို့မှာ မှို အရမ်းချစ်တဲ့ ချစ်သူရှိပြီးသား . . . ကိုဇွန်းကို စိတ်ဝင်စားတယ်ဆို တာက ကိုဇွန်းပုံစံက တစ်မျိုးလေး ဖြစ်နေလို့၊ မှို့ သူငယ် ချင်းတွေက ကိုဇွန်းရဲ့ ချစ်သူအကြောင်း ပြောပြဖူးတော့ ပိုစိတ်ဝင်စားမိတာ၊ ဒါကလွဲရင် မှို့မှာ ဘာအကြံအစည် ရည်ရွယ်ချက်မှ မရှိဘူး၊ ကိုဇွန်းကို ဘာမှ အရှက်ခွဲ စရာ . . . လှောင်စရာလည်း မလိုဘူး၊ မှို သန့်ရှင်းစွာ ခင်တာ၊ ကိုဇွန်းကသာ တစ်ဖက်သတ် ထင်တတ် . . . မြင်တတ် . . . စွပ်စွဲတတ်တာ၊ ကာယကံရှင်ရဲ့ သဘော ထားအမှန်ကိုလည်း မသိဘဲနဲ့ ကိုယ့်အမြင်နဲ့ ကိုယ် လျှောက်ရမ်းတာ"

မေ့ ဆတ်ဆတ်တုန်လာသော ခံစားချက်တွေနှင့် မထိန်းနိုင်စွာ ဖွင့်အန်မိသည်။ သူက နှုတ်ခမ်းကလေးဖွင့်ကာ တအံ့တဩ စိုက်ကြည့်နေရင်း . . .

"မှို့ကို ထိခိုက်သွားတယ်ဆိုရင်တော့ ဆောရီးပဲ မှို . . . ဒါကြောင့် မှို့ကို တို့ တားမိတာပါ၊ တို့ ပေါက်ကွဲမိမှာ



စိုးလို့ . . . စွပ်စွဲမိမှာစိုးလို့ . . . တို့ မိန်းကလေးတွေ နဲ့ အဆက်အဆံ မလုပ်ခဲ့ပါဘူး၊ မှို့ကိုတော့ တို့ တကယ် ခင်ပါတယ်၊ ဒါပေမယ့် သူ့အကြောင်းတွေ တို့ကို မေးဖို့ မကြိုးစားပါနဲ့၊ မှို . . . ရှင်းရှင်းပြောရရင် မှိုနဲ့သူနဲ့ တူတာကလေးတွေရှိတယ်၊ ဥပမာ . . . မျက်လုံးတွေ၊ အသံတွေ၊ အမူအရာကလေးတွေ၊ ဒါကြောင့် တို့ မှို့ကို ခင်တာထက် ပိုရင်းနှီးမိတာ၊ ဒါပေမယ့် သူနဲ့တို့ ဒီတစ် သက် ဘယ်တော့မှ ဆုံစည်းလို့ ဖြစ်တော့မှာ မဟုတ် ဘူး . . . ဒီလောက်ပဲ မှို သိထားပေါ့၊ ဘာမှ မမေးပါ နဲ့"

သူ့ မျက်ဝန်းကလေးတွေ ညှို့မှိုင်းလာတာမို့ မေ့ သူ့ကို စိုက်ကြည့်မိရင်း ဆို့နင့် လှုပ်ရှားလာရသည်။ မေ့နဲ့တွမ် သည်တစ်သက် ဘယ်တော့မှ ဆုံစည်းမဖြစ်တော့ဘူးတဲ့လား။ တွမ် မေ့ရက်လိုက်ပြီလား။ ခွဲခွာဖို့ ထာဝရ ဆုံးဖြတ်ခဲ့ပြီလား။ မေ့ကို တကယ်ပဲ မေ့ခိုင်းခဲ့သလို တွမ် တကယ် မေ့ရက်သ သွားကွယ်။ မေ့ကို လုံဝ မချစ်ခဲ့ဘူးလို့ ရေးခဲ့တာဟာ တကယ် ပဲလား။ မေ့ကတော့ အရမ်း ချစ်ခဲ့မိပါတယ် တွမ်ရယ်။

"မှို တို့ကို စိတ်ဆိုးနေတာလား . . . တောင်းပန်တယ် ကွာ၊ တို့ မချော့တတ်ဘူးကွာ"

ဘောင်းဘီအိတ်ထဲ လက်ထိုးသွင်းကာ သူ မနေ တတ်ပုံ ဖြစ်နေလေသည်။ မေ့ နှုတ်ခမ်းကလေး ချွန်ကာ ရင်း သူ့ကို စိုက်ကြည့်နေလိုက်သည်။ ဘယ်လိုမှကို တစ်အိပ် နားလည်မရနိုင်ခဲ့သော တွမ့်ကို မေ့ နားလည်ဖို့ ကြိုးစား နေဦးမှာ မှာ အတင့်သေးရဲ့လားကွယ်။ မေ့အပေါ် ပုံစံမျိုးစုံနှင့် တမ်းတဆဲ

www.burmeseclassic.com

www.burmeseclassic.com



လိုလို . . . နာကြည်းနေသလိုလို . . . ချစ်မက်နေဆဲလိုလို စိတ်ပျက် မေ့ပျောက်ပစ်ထားချင်သလိုလိုတွေနှင့် ရှိနေသော တွမ်ကို မွေ့ ဘယ်လို နားလည်ရတော့မှာလဲ။

"နာမည်လေးပဲ ပြောပြကွာ . . . နောက်ဆုံး"

"ကျွတ် . . . ကတ်လှချေလား၊ နေပါဦး . . . ဒီနာမည်ကို ဘာလို့ ဒီလောက် သိချင်နေရတာလဲ"

"ကြားချင်လို့ပေါ့ . . ."

"မွေ့တဲ့ . . . ဆင်းသိမ်မွေ့"

ခေါင်းကို မော့လှန်ကာ ခပ်တိုးတိုး သူ ရေရွတ်သည်။ နောက်တော့ ခေါင်းကို တစ်ဖက်လှည့်ရင်း . . .

"မှို . . . လာလေ ကင်တင်းသွားမလား၊ တို့ ကျွေးမယ်"

စကား ဖြတ်ပစ်လိုက်ပုံကို ထင်ရှားစွာ မွေ့ သိမြင်လိုက်ပေမယ့် မသိချင်ယောင်ဆောင်ကာ ခေါင်းညိတ်ရင်း သူနှင့် ယှဉ်တွဲကာ လျှောက်လာခဲ့သည်။ အလျင်က သည်လို တွဲယှဉ်တွဲကာ လျှောက်ခဲ့ဖူးသည်။ သည်လိုတော့ မဟုတ်။ သူ့လက်မောင်းကို မှီခိုတွဲကာ ကြည်နူးရင်ခုန်စွာ ပျော်ရွှင်ခဲ့ရတာပါ။ သူ့မျက်နှာကလေးကို မော့ကာကြည့်ရင်း မက်မောတွယ်တာစိတ်တွေနှင့် တမြတ်နိုးနိုး ရှိခဲ့ရတာ။ အဲသည်တုန်းက ခိုတွဲထားခဲ့သော လက်ကို ဘယ်တော့မှ ဖြုတ်ပစ်နိုင်မှာ မဟုတ်ဘူးလို့ ခိုင်ကျည်စွာ ယုံမှတ်ထားခဲ့တာ။ ရည်မှန်းချက်တွေ မျှော်လင့်ချက်တွေနှင့် တည်ဆောက်ခဲ့တဲ့ အနာဂတ်မြို့တော်ကလေးကို မင်းမို့ ဖျက်ဆီးရက်ခဲ့တယ်နော်။

"မှို . . . ဘာစားမလဲ မှာလေ"

မွေ့ ဖျတ်ခနဲ သူ့ကို ကြည့်လိုက်သည်။ မွေ့



ကင်တင်းအတူထိုင်ကြတဲ့အခါ စားနေကျကို မင်း မှတ်မိဦးမလားဟင်။

"ကြာဆံကြော်နဲ့ စတော်ဘယ်ရီ"

မမှိတ်မသုန် သူ့ကိုစိုက်ကြည့်ရင်း ခပ်တိုးတိုး ဖြေလိုက်စဉ်မှာ မိမိရရ ဖမ်းယူနိုင်လိုက်တာက ပျက်ယွင်းသွားတဲ့ သူ့မျက်နှာကလေးကိုပါပဲ။

"ကိုဗွန်းရော မှိုနဲ့ အတူတူလား"

အလျင်က မွေ့ မှာပြီးတိုင်း သူ့ကို မေးနေကျ စကားလေး မေးလိုက်ပြန်တော့ သူ ပြင်မရပင် ရှိနေသော အံ့ဩတကြီး မျက်နှာကလေးကို ပြင်ယူဖို့ မစွမ်းဆောင်နိုင်ခဲ့ချေ။ နှုတ်ခမ်းဟကာ မွေ့ကို စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေ တလက်လက် တောက်ပ၍လာသည်။

"မင်း . . . မင်း မွေ့နဲ့ ဘာတော်လဲ"

"ဘာဖြစ်လို့လဲ ကိုဗွန်း . . . မွေ့နဲ့ မှိုနဲ့ တူနေလို့လား"

"တို့ မှတ်မှတ်ရရတွေ သတိထားဖြစ်တာ ကြာပြီ၊ မှို့ရဲ့ ပြောဆိုတာတွေ . . . ပြုမူလှုပ်ရှားတာတွေ မွေ့နဲ့ ချွတ်စွပ် တစ်ထပ်တည်းပဲ၊ တို့ကို ဒုက္ခမပေးပါနဲ့ မှိုရယ်၊ မင်း ဘာအကြံအစည်နဲ့ တို့ဆီ လာပတ်သက်တာလဲ"

"ရော် . . . မှို့ကို စွပ်စွဲလိုက်တာ၊ ရက်စက်လိုက်တာ၊ ကိုဗွန်း ထင်ရက်တယ်လားဟင် . . . ကိုဗွန်း လူတကာကို လိုက် သံသယထားမနေနဲ့ သိလား၊ ကိုယ့်စိတ်နဲ့ မနှိုင်းပါနဲ့"

နှုတ်ခမ်းကလေးတွေထဲမှ မထင်မှတ်စွာ ရှုတ်ချ စကားလေးတွေ ထွက်ကျလာရသည်။ သူ ခေါင်းငုံ့ထားရင်း

www.burmeseclassic.com

www.burmeseclassic.com


နှုတ်ခမ်းရဲကလေးကို ဖွဖွကိုက်ထားကာ ဆောက်တည်ရာမဲ့ပုံစံကလေး ရှိနေလေသည်။

"မင်းကော ဘာထူးလဲ မှို၊ တို့ကိုလည်း မင်း အမြဲ စွပ်စွဲနေတာပဲ မဟုတ်လား၊ တို့ ဘယ်သူ့ကိုမှ ရဲရဲ မယုံချင်တာ အမှန်ပဲ ... တို့ ခံစားခဲ့ရဖူးတာကိုး"

"ဟာဟ ..."

ခံပြင်းစိတ်ကလေး ရွခနဲတက်လာကာ နှုတ်ခမ်းကလေး ကော့တက်သွားရသည်။ ပြောင်းပြန်ပါပဲလား။ တွမ် ... တွမ် ကိုယ့်အပြစ်ကို ဖုံးကွယ်တတ်၊ မွေ့အပေါ် အပြစ်ပုံချခဲ့ရက်လိုက်တာ။ တကယ်တမ်း ဘဝပျက်မတတ် ခံစားခဲ့ရတဲ့ မွေ့ဘက်ကို နည်းနည်း စုံစမ်း ချင့်ချိန်ဖို့ မကြိုးစားတော့ဘူးလား။ ချာခနဲ ကျောခိုင်းရက်စက်နိုင်ခဲ့တဲ့ မာနနှလုံးသားကို မွေ့ ကြောက်လန့်မိလာပါရဲ့။ တစ်ချက်မှ နောက်လှည့်မကြည့်ခဲ့တဲ့ မာကျောတဲ့ နှလုံးသားကို မွေ့ အထင်ကြီးရမှာလား ... နာကြည်းရမှာလား။

"ဘယ်လိုရယ်တာလဲ"

"ကိုဒွန်းက ဘာလို့ ခံထားခဲ့ရဖူးတာလဲ ... ကိုဒွန်းလို မာနကြီးတဲ့သူတစ်ယောက် ခံရတယ်ဆိုတာ မှို မယုံဘဲ"

"မယုံရင်လည်း နေပါ ... အဲလို မရယ်နဲ့"

မွေ့ ရယ်လိုက်တာကို သူ တော်တော် ခံပြင်းအမြင်ကတ်သွားပုံ ရှိလေသည်။

"ကိုဒွန်း မှို့ကို အားလုံး ဖွင့်ပြောပြရင် မှိုနဲ့ ကိုဒွန်း ဘယ်သူ့ကိုမှ စွပ်စွဲနေစရာ မလိုတော့ဘူး၊ နားလည်နိုင်မှာပေါ့ ... ဖွင့်ပြောမလား"

"လုံးဝ မပြောချင်ဘူး ... ပြန်လည်း မတွေးချင်ဘူး"

"ကိုဒွန်းက တစ်ဖက်သတ်ချည်းပဲ"

"ထင်ချင်သလိုထင်ကွာ ... တော်ပါတော့ကွာ၊ ဒီကိစ္စကို ဆက်မဆွေးနွေးပါရစေနဲ့၊ မှိုနဲ့တို့ ပဋိပက္ခ မဖြစ်ချင်ဘူး"

နှုတ်ခမ်းကလေးမဲ့ကာ ပြောနေတာမို့ မွေ့ နှုတ်ဆိတ်လိုက်သည်။ မှန်ရိပ်ကလေးလို တရိပ်ရိပ် ကြည့်ခဲ့ရ ... ချစ်နိုးခဲ့ရသော သူကလေးကို စိတ်မညစ်စေချင်တဲ့ စေတနာက မွေ့ရင်ထဲမှာ ယခုတိုင် ခိုအောင်းဆဲပါပဲ။ ဘာကြောင့်လဲဆိုတော့ အချစ်တွေ မလျော့သေးလို့ဘဲပေါ့။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"မွေ့လေး . . . စိုးမိုး တောင်ကြီးကနေ ဆင်းလာတာ မွေ့လေးမျက်နှာကို လာကြည့်မလို့တဲ့"

ဟာခနဲ ညည်းညူသံကြီးက မွေ့နှင့်အတူ ထွန်း နှုတ်ဆီကပါ ထွက်ပေါ်လာရသည်။ မမိုးကတော့ ထုံးစံအတိုင်း ပြုံးပြုံးလေးပင် ပြန်လှည့်ထွက်သွားလေသည်။

"လာပြီ . . . ဒီပုပ်သိုးလာရင် နှင့်အကြံအစည် အကောင်အထည်ပေါ်နိုင်တော့မှာ မဟုတ်ဘူး . . . ဇာတ်တွေ ရှုပ်လာမှာ"

စိုးမိုးက မွေ့မျက်နှာအသစ်ကို သိရှိ မြင်တွေ့သွားရင် သည်မျက်နှာနဲ့ တွမ်ဆီ သွားရောက်နေတာကို တစ်ခါတည်း သိသွားမှာဖြစ်သည်။ သိသွားတဲ့အခါ စိုးမိုးက ငြိမ်နေမှာ မဟုတ်။ ဝင်ရှုပ်ဦးမှာပင်။ တွမ့်ကို စိုးမိုး ဖွင့်ပြောလိုက်မှာ လုံးဝ မလိုလားနိုင်။ မွေ့ဖြစ်ရပ်တွေကို တွမ် မသိစေချင်။ သိသွားရင် အခြေအနေဟာ မှန်မှန်ကန်ကန် မဖြစ်နိုင်တော့။ တွမ့်နှလုံးသား အစစ်အမှန်ကို မွေ့ မြင်တွေ့ခွင့်မရနိုင်တော့။ နောင်တရသွားမှာ . . . ဟန်ဆောင်ပျော့ပျောင်းသွားမှာ ကို မွေ့ ဘာလုပ်ရမှာလဲ။ အမိကက မွေ့အပေါ် မွေ့ ဘယ်လိုအချိန် . . . ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် နက်ရှိုင်းရှိုင်း စစ်စစ်မှန်မှန် တွမ် ချစ်နေဖို့ပါပဲ။



"စိုးမိုးကို နှင့်အကြံအစည် ဖွင့်ပြောပြလိုက်ရင်ကော"

"မဖြစ်နိုင်ဘူး ထင်တယ် . . .၊ ပိုတောင် ရှုပ်လာမှာ၊ ငါ့မျက်နှာ ဖြစ်သွားရတာ တွမ့်ပယောဂ ပါတယ်ဆိုတာ သာ စိုးမိုးသိရင် ဂစ်ဂစ် ဖြစ်နေမယ်၊ တွမ့်ကိုသွားပြီး ရန်ရှာရင်ရှာ . . . ဒါမှမဟုတ် လူကြီးတွေ လျှောက် ပြောပြီး ပြဿနာရှာမှာ"

"မဟုတ်ဘူးလေ . . . ကားတိုက်မှုကိစ္စတွေ ဘာမှ မပြောနဲ့ပေါ့၊ သူ ဖြတ်စာ ရေးခဲ့တယ် . . . ဒါကြောင့် နှင့်ကို အခု တွမ် မမှတ်မိနိုင်တဲ့ အခြေအနေမှာ နောက် တစ်ယောက်ပုံစံနဲ့ ကပ်ပြီး ကလဲ့စားချေဖို့ပေါ့ . . . ဘာညာ ရှိုးပေါ့ဟာ"

"ထွန်းရယ် . . . ငါလုပ်နေ ကိုင်နေတာတွေ ဟုတ်ရော ဟုတ်ရဲ့လား၊ အမှန်ဆို ငါ သူ့ကို နာနာကြည်းကြည်းနဲ့ မုန်းမေ့ပစ်ထားလိုက်ဖို့ ကောင်းပြီ၊ ငါ ဘာတွေ လျှောက်လုပ်နေမိလဲ မသိဘူးနော်"

"မဆိုင်ပါဘူး . . . နင်ကလည်း နင့်ကို ဘာလို့ သူ ဖြတ်ခဲ့တယ် . . . သူ နင့်ကို ချစ်နေဆဲပဲဆိုတာရယ်ကို သိချင်လို့ စုံစမ်းတာပဲ"

"ငါကိုယ်တိုင် သူ့ကို သိပ်ချစ်နေမိတာလည်း ပါပါ တယ်"

အတည်ပြောနေရာမှ ထွန်းမျက်နှာ ပြုံးဖြဲဖြဲ ဖြစ်သွားသည်။ မွေ့မျက်နှာကို မျက်ခုံးပင့်လျက် လာကြည့်ကာ ဟင်း ဟင်း . . . လုပ်နေလေ၏။ မွေ့ ရယ်ချင်စိတ်ကို ထိန်း နေတော့ဘဲ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ တွမ့်ကို ဘာကြောင့် ဒီလောက် ချစ်နေရတာလဲ"

"ဟင်း ဟင်း . . . တွမ့်ကို သွားမေးပါလား၊ အိုင်တို့ထ သန့်သန့်လေးတွေ . . . ဒါတွေ နားမလည်ဘူး"

"ဟား ဟား . . . သန့်တယ်တဲ့ ငွှန်ရာ၊ ငါ ပြောလိုက်ရင် ကောင်းတာတွေမရှိ ဖြစ်တော့မှာပဲ၊ ပြည့်စုံဆိုတဲ့ ကောင်လေးကို လိုက်ညှုနေတာ ဘယ်မိန်းမလဲ"

နုအိက ဖော်ကောင်လုပ်တော့ ငွှန် တဟီးဟီး ရယ်ကာ နုအိပါးစပ်ကို အတင်းလိုက်ပိတ်၏။ ခုတင်ပေါ်မှာ လုံးထွေးနေတာမို့ ရေမြှုပ်မွေ့ရာကလေး အိတွဲကျလာသည်။

"ခုတင်ပြိုမယ်"

မွေ့ အောက်လိုက်မှ ငြိမ်သွားကြကာ ငွှန်က မျက်နှာနီနီကို တစ်ဖက်လှည့်ထားလေသည်။

"ပြည့်စုံဆိုတာ ဘယ်သူလဲ"

"ခစ် ခစ် . . . မက်(စ်)က ဘဲဘဲလေးကွာ၊ မချောပါ ဘူး၊ ငွှန့် ဘာမှိုင်းတွေ မိနေတာလည်း မသိဘူး၊ အပြတ် ယိုင်နေတယ်"

ငွှန်က နုအီးဟု ထအော်ကာ နုအိကို ဆိတ်ဆိတ် ဆွဲနေသည်။

"တကယ် မချောဘူးလားဟယ်၊ မချောတဲ့ဘဲကို ရှာတဲ့ မှ ငါ ချောတာ လူပိုသိမှာ၊ တွဲလျှောက်သွားရင် ဟင်း ကောင်မလေးက ချောလိုက်တာ . . . ကောင်လေး မလိုက်ဘူးလို့ ပြောအောင် . . . ခစ် ခစ်"

"ဟင်း . . . အကျင့်ကလည်း ပုပ်လိုက်တာ လွန်ရော ဒါလား . . . အချစ်"



"မွေ့ရာ . . . နင့်တွမ်လို အရမ်းချောပြီး အရမ်းမာန ကြီးတာမျိုးကို ဘာလုပ်ရမှာတုန်း၊ အားအားရှိ စိတ် ဆင်းရဲနေရတာ၊ ကိုယ်ကလည်း ခခယယ လိုက်ချစ်နေ ရသေးတယ်"

"လုပ်မနေစမ်းနဲ့ . . . အဲဒါ တကယ် စစ်စစ်မှန်မှန် ချစ်လို့ . . . သိရဲ့လား၊ တွမ် မချောလည်း ငါချစ်မှာ ပဲ၊ အမြဲတမ်း လိုက်ချစ်နေမှာပဲ"

"ချစ်လေ . . . နင့်ကို ပြတိုက်ထဲ သွားပို့ထားပေးမယ်၊ ကမ္ဘာပေါ်က အချစ်တတ်ဆုံး လူသားလို့"

မွေ့ အပြုံးကလေးတွေ ပိုမိုတောက်ပသွားရသည်။ ဘယ်အခြေအနေမျိုးမှာမဆို အမြဲတမ်း ချစ်ဖို့ပဲ ကြိုး စားနေတတ်တဲ့ မွေ့အပေါ် မင်းကလေး နားလည်ရင် သိပ် ကောင်းမှာပဲ။ အခုတော့ တစ်ဖက်သတ် အပြစ်ဖွဲ့တွေနဲ့ မွေ့အပေါ် မင်း ရက်စက်ခဲ့ရက်တယ်နော်။

"ရယ်နေတယ်ဟော့ . . . ငမွေ့တို့ကတော့ ရေလည် ဩချယူရတယ်၊ တွမ်နဲ့ ပတ်သက်ရင် နင် အရမ်း အံ့ဩ ဖို့ ကောင်းတယ်"

"နင်တို့ မပြောနဲ့ . . . ငါ့ကိုယ်ငါတောင် သူ့ကို အရမ်း ချစ်နေတာအတွက် အရမ်း အံ့ဩနေတာ"

"အေး . . . နင့်လိုပဲ စိုးမိုးလည်း နင့်ကို အရမ်း ချစ်ရှာ မှာပဲနော် . . . သူလည်း သနားတော့လည်း သနားဖို့ ကောင်းသားပဲ"

"သနားရင် ယူကြေး"

နုအိက မျက်လုံးကိုပြူးရင်း တဟစ်ဟစ် အော်

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေ၏။

"ငါ ရင်ခုန်အောင် မလုပ်နဲ့လေ၊ ခစ် ခစ် . . . စိုးမိုးက ငါ့ကိုမှ ရင်ခုန်သံမပေးချင်တာ၊ မွှေ့မှ မွှေ့ကိုမှ"

"ငါကတော့ တွမ့်ကိုမှ . . . တွမ့်ကိုမှ"

လက်မ,ကလေး ထောင်ကာ မွှေ့ ပြောလိုက်တော့ နှစ်ယောက်စလုံး ရှုတ်ချသလို လက်ခါကြ၏။ တွမ့်အပေါ် မနာကြည်းနိုင်ခဲ့တဲ့ မွှေ့အပေါ်မှာ အံ့ဩကြချင်စရာလည်း အံ့ဩစရာပဲနော်။ တကယ်ဆို ဘ၀ဆုံးလုနီးပါး ပျက်စီးဆုံးရှုံးရတဲ့ထိတိုင်အောင် လုပ်ရက်ခဲ့သူကို တမ်းတဆဲ . . . ချစ်မက်ဆဲ ရှိနေသူ မွှေ့ဟာ တကယ့်ကို အံ့ဩစရာ အကောင်းဆုံး လူသားပါပဲ။ သည်လောက်အထိ ချစ်တတ်လာမိတဲ့ နှလုံးသားကို မွှေ့ကိုယ်တိုင်တောင် အံ့ဩယူရတဲ့ အထိပဲလေ။

◆ ◆ ◆



## အခန်း . . . (၁၀)

"မွှေ့ရယ် . . ."

မွှေ့မျက်နှာကို မမှိတ်မသုန်စိုက်ကြည့်ကာ ...တိုးတိုး ရေရွတ်ရင်း အံ့ဩတကြီး ဖြစ်နေသော စိုးမိုးကို ... တည်တင်းမထားနိုင်တော့ဘဲ ရယ်ချင်သွားရသည်။ လက် ...ဆာင်ထုပ်တွေ တစ်ပိုက်တစ်မွှေ့နှင့် ရောက်လာသူကို မွှေ့ ...င်းမာလည်း မထားချင်။ ဒါကြောင့်ပင် ထွက်တွေ့တော့ ...ဩတကြီးကြည့်ကာ မျက်တောင်ခတ်ဖို့ မေ့လျော့နေသူကို ... နှာခေါင်းရှုံ့ပြလျှက် မဲ့ရွဲ့ပြလိုက်ပော့မှ ပြုံးလာသည်။

"မွှေ့ရာ . . . အရမ်း လုံး၀ကို ပြောင်းလဲသွားတာနော်၊ အပြင်မှာတွေ့ရင် လုံး၀ မှတ်မိနိုင်တော့မှာ မဟုတ်ဘူး၊ အရမ်း ထူးဆန်းတာပဲ၊ ပိုလှလာတော့ တို့က ပိုချစ်လာတယ်"

"သွားစမ်းပါ . . . ဒီစိုးမိုးကလည်း ဒီစကားပဲ ပြောနေတာပဲ"

"တကယ်ပါကွာ . . . အရမ်းချစ်လို့ပါ၊ တို့လောက် စိတ်ရှည်ရှည် ချစ်နိုင်တဲ့ကောင်မျိုး မွှေ့ ဘယ်မှာမှ ရှာမတွေ့နိုင်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



“မြှောက်ထားကွ . . . တွမ့်ကို ဘယ်မှာသွားထားမှာလဲ”

“ကိုယ့်လူ . . . တွမ် မွှေ့ကို အခုထက်ထိ ချစ်နေဆဲပါ”

“ဟား ဟား . . . ရယ်ရတယ်၊ ချစ်လို့ ဖြတ်စာရေးသွားတာပေါ့နော်”

“စိုးမိုးနော် . . . ဆွဲထိုးမှာ၊ စကားပြောတာ ပီပီသသ ပြော၊ စိုးမိုး မိန်းမ မဟုတ်ဘူး”

“မဟုတ်ပါဘူး . . . မွှေ့က ဒီကောင့်ကိုမှ အထင်တွေ စွတ်ကြီးနေလို့ ထောက်ပြတာ”

“တော်စမ်းပါ . . . လာထောက်မပြနဲ့”

စိုးမိုးက ခေါင်းတညိတ်ညိတ်နှင့် နှုတ်ဆိတ်သွားရင်း လက်ဆောင်ထုပ်တွေဖြေကာ မွှေ့ကို ထုတ်ပြနေ၏။ မွှေးပွ ဝေ့စကုတ်ကလေးတစ်ထည်က လှပလွန်းတာမို့ မွှေ့ နှစ်သက်သွားရသည်။ တွမ့်ကို ချက်ချင်း သတိရလိုက်သော်လည်း စိုးမိုးပေးထားတာကြီး မပေးချင်ပေါင်။

“မွှေ့ ဘီဘဲလ်စပို့ရှပ်ကလေးတွေ မွှေ့နဲ့ အရမ်းမိမှာပဲ”

“အများကြီးပဲကွာ . . . ဇွန်တို့ကိုပါ ပေးလိုက်မယ်”

“ဟာ . . . မပေးပါနဲ့ကွာ . . . တို့ ပေးတာကို မွှေ့ ဝတ်စေချင်တယ်”

မမိုးက ပြုံးပြုံးကလေးနှင့် ရောက်လာတာ စတော်ဘယ်ရီ လာချပေး၏။

“ကိုစိုး . . . မမိုးအတွက်ကော”

“ကိုယ့်ဘာသာ ဝယ်ဝတ်ပါလားဗျာ၊ မမိုးကလည်း ရှ လိုက်တာ”

“ဟုတ်ကဲ့ပါရှင် . . . မမိုးကပဲ ရှပ်ရပြန်သေးတယ်နော်



ဟဲ ဟဲ . . . လွတ်လွတ်လပ်လပ်လေး ပြောကြ”

“မမိုး . . . အဲဒါ ဘယ်လို အဓိပ္ပါယ်လဲ၊ မွှေ့ကို ဒီစိုးမိုးနဲ့ ယှဉ်မနောက်နဲ့၊ လုံးဝ မရဘူး၊ မွှေ့မှာ တွမ်ရှိတယ်”

“တွမ်နဲ့ ပြတ်နေတာများ”

စိုးမိုးက မျက်နှာမှုန်ကုပ်ကုပ်နှင့် ဝင်ထောက်သည်။ မွှေ့နှုတ်ဖျားက တွမ်ဆိုတာ တစ်ခွန်းထွက်တိုင်း တစ်ချက် မျက်နှာပုပ်သွားတတ်သော စိုးမိုးကို မွှေ့ကလည်း တစ်ချက်မှ ကြည့်မရတော့ပေ။

“ပြတ်ရင် ပြန်ဆက်မယ်”

“ဟင် . . . မွှေ့ကို သူကမှ မချစ်တာ၊ မွှေ့က မိန်းကလေးဖြစ်ပြီး ပြန်ဆက်တယ်ဆိုရင် မွှေ့ ဘယ်ကောင်းတော့မလဲ”

“မကောင်းတာ စိုးမိုးအပူလား”

“တော်ပြီကွာ . . . တို့ မပြောတော့ဘူးနော်၊ မွှေ့ မျက်နှာညိုလာပြီ”

“အဲဒါ အကောင်းဆုံးပဲ၊ ကဲ ကဲ . . . သောက်လေ စတော်ဘယ်ရီ . . . ပြီးရင် ပြန်တော့”

“ဟာကွာ . . .”

“နေပါဦး . . . စိုးမိုးက ကျောင်းဖွင့်ရက်ကြီး ဘာလို့ ပြန်လာတာလဲ”

“ကျောင်းက ခွင့်ယူလာတာလေ၊ ဟဲ ဟဲ . . . တစ်ပတ်လောက်ပါ၊ မွှေ့ မျက်နှာကလေးကို ဝအောင်ကြည့်ပြီး သွားရင် ပြန်မှာပါ”

“စိတ်ပျက်စရာ တစ်ပါးပါလား”

www.burmeseclassic.com

www.burmeseclassic.com



"တို့ကို အဖြေမပေးတော့ဘူးလားဟင်"

"ဒီတစ်သက်တော့ ပေးဖို့ အစီအစဉ်မရှိဘူး"

"ရက်စက်တယ်ကွာ . . . ပြန်တော့မယ်"

"အား . . . ပျော်လိုက်တာ"

မွေ့ သွားစေ့သံကလေးနှင့် တမင်လုပ်ကာ ပြော တော့ စိုးမိုး မချင့်မရဲပုံစံနှင့် ထွက်သွားလေသည်။ မွေ့ လက်ခုပ် တီးကာ အခန်းထဲ ပြန်ဝင်လာခဲ့သည်။ မွေ့ရာပေါ် လှဲချရင်း နံရံမှ တွမ့်ပုံကလေးကို မက်မောစွာ စိုက်ကြည့်နေမိသည်။ ရင်ထဲမှ ချစ်မိသော မေတ္တာတရားတို့က တစ်နေ့ထက် တစ်နေ့ ပိုမိုလို့သာ တိုးပွားလာစေရတာအတွက် မွေ့ ဘယ်လို တတ်နိုင် မှာလဲ။ သည်မျက်နှာ ရှင်းရှင်းသန့်သန့်ကလေးကို မြင်မိတိုင်း ရင်တွေ ပျော့ညွတ်သွားရတာအတွက် မွေ့ နှလုံးသားကိုဝဲ အပြစ်တင်ရတော့မှာပါ။ စူးတူးတူးလိုလို ရိတိတိလိုလိုနှင့် ညို့ငင်စွမ်းသည့် စွမ်းအားရှင် မျက်ဝန်းတွေရယ်. . . စေ့စေ့ရိ နှင့် ရဲတဲတဲ နှုတ်ခမ်းကလေးရယ် . . . ဖြောင့်မတ် တည်ကြည် တဲ့ ပုံဟန်ကလေးရယ်။ ဒါလေးတွေကို မက်မောစွဲလမ်းစွာ မြတ်နိုးနေမိတာ။ သည်ပုံကလေးတွေရှိနေသရွေ့ မွေ့ ဘယ်လိုမှ မေ့ဖျောက်လို့ ရတော့မှာ မဟုတ်ပါဘူးကွယ်။

ရင်ထဲက နှလုံးအိမ်မှာ သူတစ်ယောက်သာ ထာဝရ ငြိတွယ်ရစ်နှောင်နေတော့မှာပါ။ ဖြစ်ခဲ့ရတာတွေ အတွက် နာကြည်းမှုဆိုတာ သူ့အပေါ် ချစ်တွယ်မိတဲ့ မေတ္တာ တရားတွေနှင့် ယှဉ်လိုက်ရင် အဆမတန်ကို သေးငယ်မှုန်ဝါး လွန်းလှပါတယ်လေ။

♠ ♠ ♠



"ကိုဒွန်း . . . ညနေဘက် မှို စက်ဘီးစီးတာ လိုက်ပေး ပါလားဟင် . . . အဖော်လေ"

"အင်း . . . ဘယ်နေရာလဲ"

"အင်းယားဘက်ပေါ့"

တွမ်က ခေါင်းညိတ်ပြရင်း စာဆက်ကူးနေလေ သည်။ မွေ့နှင့် ညိုမြို ကြောင်သွားကာ တွမ့်ကို ငုံ့ကြည့်ရင်း ဓာတ်တပ်ကလေးတွေနှင့် ရှိနေရ၏။ ညိုမြိုက နှာခေါင်း တရှုံ့ရှုံ့ လုပ်ရင်း အောင့်တောင့်တောင့် ရှိသွားရကာ မွေ့ကတော့ နှုတ်ခမ်းကလေး ကွေးအောင် ပြုံးရင်း . . .

"မှို သွားတော့မယ် . . . လိုက်မပို့တော့ဘူးလား"

"ရတယ်လေ . . . လိုက်ပို့ပေးတာပေါ့"

စာအုပ်သိမ်းရင်း သူ ထရပ်သည်။ ဂျာကင် ဆင်စွယ်ရောင်ကလေးနှင့် ဘောင်းဘီချောကလက်ရောင် ပွပွ ကလေးကြောင့် ပုံစံကလေးက နုစင်ကာ ချစ်မက်ဖွယ်ကောင်း လွန်းနေသည်။ မွေ့ စိုက်စိုက်ကလေးငေးကြည့်မိကာ ပွေ့ချိုင် ခွဲချင်စိတ်တွေက ပိုမိုခိုင်တွယ်လာရသည်။ သူ ဘာပဲလုပ်ခဲ့ လုပ်ခဲ့ လက်ရှိအနေမှာ မွေ့ကိုချစ်နေဆဲပဲ ဆိုရင်တောင် မွေ့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလိုက်လျှောပေးလိုက်ချင်စိတ်တွေက ရင်မှာ စွဲမြဲလာသည်။ မွေ့ဆိုတာကို မမေ့ရက်ရက်ပုံစံကြားက အတင်း မေ့ထားချင်ပုံလည်း ရှိနေသော တွမ့်ကို မွေ့ ဘယ်လို နားလည်ရှာလဲကွယ်။

ယှဉ်ကာလျှောက်တော့ ညိုမိုက ရှေ့ကကြိုကာသွားနှင့်တာမို့ မွေ့နှင့်သူက တစ်တွဲသတ်သတ်ဖြစ်နေသည်။

"ဆင်းသိမ်မွေ့နဲ့လည်း ဒီလို ခဏခဏ သွားဖူးမှာပေါ့နော်"

"မှူ"

အုတ်နံရံကို ခြေထောက်နှင့် ကန်လိုက်ကာ သူ့ပုံပန်းပျက်ယွင်းသွားသည်။ သူ့ကိုကြည့်ရင်း မွေ့ရင်ထဲ ပျော့ရွှင်လာရ၏။ စိတ်တိုတတ်သော သူကလေးကို စနောက်နေမိတာကို ကြည်နူးရင်း စိတ်တိုနေပုံကလေးကို မြတ်နိုးစိတ်တွေကနှလုံးသားထဲ တွယ်တွယ်တာတာ ရှိလာရသည်။

"ကိုဒွန်း ... ကိုဒွန်း ... အဲဒီ ဆင်းသိမ်မွေ့ကိုချစ်နေတယ်ဆိုရင်လည်း ဘာလို့ ဖြတ်တောက်ခဲ့ကြသလဲ"

"အစ်ပြီ ... သူ့အစ်ပြီ ... လုံးဝမပြောဘူးသိလားမင်းကို တို့ လန့်လာပြီ မှူ၊ မွေ့နဲ့ပတ်သက်ပြီး တို့ ခံစားနေရတာတွေကို မွေ့က စုံစမ်းဖို့ ခိုင်းလိုက်တဲ့ သတင်းထောက်များလား ... မင်း"

"မှူကို အထင်ကြီးလိုက်တာနော် ... မှူက အဲဒီမွေ့ကိုတွေ့ချင်နေတာ၊ ဖြစ်နိုင်ရင် ကိုဒွန်း ပြစမ်းပါ ... တစ်ခေါက်လောက်"



"သူ လန်ဒန်မှာပါ ... မင်း မွေ့ကို သိကို သိရမယ်ကွာ၊ မင်း မွေ့နဲ့ ပတ်သက်တာတွေပဲ တို့ကို အစ်ထုတ်နေတာ၊ မင်းကို မွေ့လွှတ်လိုက်တာ မဟုတ်လား"

"ရော် ... ခက်ပါလား၊ လန်ဒန်မှာရှိတဲ့ မွေ့ဆိုတာ ရန်ကုန်ပြန်ရောက်လာရင် မှူ လိုက်ရှင်းပေးမယ်ကွာ၊ တကယ်ပါ ... ကိုဒွန်းဘက်က စိတ်ဝင်စားတာမို့ မှူမေးတာပါ၊ မွေ့ဆိုတာကို မှူမှ မသိတာ၊ ဘာဆိုင်လို့လဲ ... မှူ့စေတနာက ကိုဒွန်း ခံစားနေရတယ်ဆိုရင် မှူလည်း မျှဝေခံစားလို့ရအောင်"

"ဟား ... ဟား ... ရယ်လိုက်မယ်နော်၊ မိန်းကလေးတစ်ယောက်အတွက်နဲ့ ဒွန်းဆိုတဲ့ ကောင်က ခံစားနေမယ်ထင်လို့လား၊ လုံးဝပဲနော် ... မွေ့ဆိုတာကို တို့ဘဝထဲကနေ မေ့လို့ရအောင် မေ့လိုက်မယ်၊ ဘယ်လောက်ပဲ ချစ်နေချစ်နေ ယောကျ်ားမာနကို လုံးဝအထိမခံဘူး၊ အထူးသဖြင့် ယောကျ်ားလေးမာနကို အထင်သေးချင် ... စော်ကားချင်တဲ့ မွေ့ကို ဘယ်တော့မှ အရှုံးမပေးဘူး၊ သူနဲ့ ပတ်သက်ပြီး တို့ ခံစားနေရတယ်လို့များ သူ ယုံကြည်နေသလား ... ပြောလိုက်စမ်းပါ၊ မှားသွားမယ်လို့ တွမ်ဆိုတာ သူ့ထက် ဆယ်ပြန်မာနကြီးတယ် ... မှတ်ထား"

"ဘာတွေလဲ ကိုဒွန်းရယ် ... ကိုဒွန်းက မာနကိုဦးစားပေးလွန်းနေပြီပဲ၊ မွေ့နဲ့ ကိုဒွန်း ပြတ်သွားရတာ ဘယ်သူ့အပြစ်လဲ၊ ကဲ ... ကိုဒွန်းမာနကြောင့်ပဲ နေမှာပဲ ... ကိုဒွန်း မာနကြီးလွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ . . . တို့ မာနကြီးတယ်၊ ဘာဖြစ်သလဲ ဘာကြောင့် ပြတ်သလဲဆိုတာ မင်းမွေ့ကို မင်းမေးကြည့်ပေါ့ . . . ဒါမှမဟုတ်လည်း မင်း အားလုံးသိပြီးသား ဖြစ်မှာပါ၊ တမင် တို့ခံစားချက်တွေ ပွင့်ထွက်လာအောင် လာကလိနေတာ မဟုတ်လား"

"ကိုဇွန်း တို့ကို အရမ်း စွပ်စွဲနေတာပဲကွ . . . ကိုဇွန်း ဘာအထောက်အထားနဲ့ မှိုက မွေ့လူလို့ ပြောမလဲ. . . ကဲ"

"ဟာဟ . . . ရှင်းရှင်းလေး၊ မွေ့ အမူအရာတွေနဲ့ မင်း အမူအရာတွေ တစ်ထပ်တည်းပဲ၊ လုပ်မနေစမ်းပါနဲ့ကွာ၊ တို့ကို ဘာမှ မသိ . . . မတတ် . . . နားမလည်တဲ့ ခပ်ညံ့ညံ့ကောင်လို့ မင်းတို့ တွက်ထားရင် မှားသွားလိမ့်မယ်၊ နားလည်လား . . . တို့ မင်းကို လုံးဝ မသင်္ကာဘူး"

တွမ်ရယ် . . . မင်း မသင်္ကာရှိနေတာလည်း အမှန်ပါပဲ။ မွေ့ရဲ့ အမူအရာ လှုပ်ရှားပုံကလေးတွေကို မင်း မှတ်မှတ်မိမိ ရှိနေသေးတာအတွက် ဝမ်းသာချင်လိုက်တာ။ မွေ့အပေါ် ရက်စက်ခဲ့ပြီးမှ မေ့ပစ်ဖို့လည်း တကယ် ကြိုးစားနေတာအတွက် ဝမ်းနည်းလိုက်တာ။ မင်းကို မမေ့နိုင်ရှိနေတဲ့ မွေ့ကို မေ့ပျောက်ဖို့ မင်းကြိုးစားရက်တယ်နော်။ အပြစ်ဆိုတာကို ထောက်ပြခဲ့ရင် မွေ့ ခံနိုင်ရည်ရှိအောင် ကြိုးစားမိမှာပါ။ အခုတော့ တွမ်ရယ် ဘာအကြောင်းကြောင့်လဲ။ မွေ့ကို မာနချိုးချင်ရုံ . . . အနိုင်ယူလိုရုံကလွဲလို့ ဘာများ ဖြစ်နိုင်ဦးမလဲ။ မင်းအပေါ် မြူတစ်မှုန်စာပင် မာနမထားခဲ့ရက်တဲ့ မွေ့



အပေါ် ဘာကြောင့်များ မင်း မာန်ပြိုင်ချင်နေတာပါလိမ့်ကွယ်။

"စိတ်ဆိုးသွားလား . . ."

ကြေကွဲစိတ်ကြောင့် ပျက်ယွင်းလာသော မွေ့ မျက်နှာကို သူ လာစိုက်ကြည့်ကာ အသံတိုးတိုးဖြင့် မေးသည်။ သူ့အသံမာနှင့် အော်လိုက်တာကြောင့် လုံးဝမဟုတ်ဘဲ တွမ် မွေ့အပေါ် လုပ်ရက်လေးခြင်းဆိုတဲ့ အသိစိတ်ကြောင့် ဝဲလွင့်လာသော မျက်ရည်လွှာကလေးက ပါးပြင်ပေါ် အိဆင်းကျလာသည်။

"ဟာ . . . မငိုနဲ့လေ၊ ဒုက္ခပဲ . . . တို့ တောင်းပန်ပါတယ်၊ မဟုတ်ရင်လည်း ပြီးတာပဲ . . . မှိုကို အပြစ်တင်တာ လုံးဝ မဟုတ်ဘူးနော်၊ မွေ့အပေါ် ခံပြင်းစိတ်နဲ့ ပြောလိုက်မိတာ၊ မှိုကိုပြောတာ မဟုတ်ဘူးကွာ၊ မွေ့ကို ပြောတာနော် တိတ် . . . တိတ်နော်"

ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါလေးထုတ်ကာ မွေ့လက်ထဲ လာထည့်ပေးရင်း သူ တောင်းပန်၏။ မင်း ဘာမှ မသိဘဲ တွမ်ရယ်။ မင်းစွပ်စွဲနေတဲ့ မွေ့ဟာ မှိုဆိုတာကို မင်းမှ မသိနိုင်ဘဲ။ လာချော့နေလို့လည်း မွေ့မျက်ရည် ခြောက်သွေ့နိုင်ပါတော့မလား။ မင်းရဲ့ မာနတွေနဲ့ မွေ့အပေါ် တစ်ဖက်သတ် မာနကြီးနေ . . . အထင်လွဲနေတာတွေအတွက် မွေ့ ဘယ်လိုဖြေရှင်းပြမလဲ။ ယောကျ်ားလေးတွေအပေါ် အထင်မကြီးနိုင်ခဲ့တာကို အပြစ်လို့ မင်းယူဆရက်ခဲ့ပေမယ့် မင်းအပေါ်မှာ အထင်အရမ်းကြီးခဲ့တဲ့ မွေ့ကို မင်း နားလည်မှ ကောင်းပါတယ်။ ချစ်ဟန်ဆောင်ခဲ့တာဆို ရှင်တောင် ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲ့တဲ့ ကာလတွေမှာ မင်းအပေါ်တွယ်တာနေခဲ့တဲ့ မွေ့ရဲ့အချစ်တွေကို မင်း မတွေ့နိုင်ခဲ့ဘူးလား။ မွေ့အပေါ်မှာ တစ်ချိန်ကျရင် ဖြတ်ပစ်မှာပဲဆိုတဲ့ အကြံအစည်နဲ့ ပေါ့ပေါ့တန်တန် မင်းသဘောထားခဲ့သလားကွယ်။ မင်း တကယ်ချစ်ခဲ့တာ မြင့်မြင့်မြတ်မြတ်ရှိခဲ့တာလို့ မွေ့ ယုံကြည်ဆဲပဲ။

"ဟိုကားလား . . . မှိုကားလား . . . တိတ်တော့နော်
လူတွေ ဝိုင်းကြည့်နေမယ်၊ ညနေ အင်းလျားအဝင်က
စောင့်နေမယ်နော်၊ တို့ကို စိတ်မဆိုးနဲ့နော်၊ ကားမောင်း
သွားမှာ စိတ်ချရမလား"

ကားမှန်တွေ ပြဒါးသုတ်ထားတာမို့ မမိုးကို တွမ်က မမြင်ပေ။ မွေ့စီးနေကျ ပါဘလစ်ကာကလေး မဟုတ်တာမို့ တွမ် မမှတ်မိနိုင်ပေ။ စိတ်သန့်စွာနှင့် ကားနားအထိပင် လိုက်ပို့ပေးနေသည်။

"ညနေလေးနာရီ မှီလာခဲ့မယ်လေ"

တိုးတိတ်စွာ မွေ့ပြောရင်း ကားတံခါးဆွဲဖွင့်ကာ ဝင်ထိုင်လိုက်ပြီး ကူရှင်ပေါ် ခေါင်းမှီချလိုက်ရင်း မျက်လုံးကလေး မှေးမှိတ်ထားလိုက်သည်။ တွမ်ရယ် . . . မွေ့တို့နီးစပ်နိုင်ကြပါတော့မလား။ တွမ် မာနနဲ့ မေ့ရက်နိုင်ပေမယ့် မွေ့ ဘယ်လိုမှ မေ့မပစ်နိုင်ပါဘူးကွယ်။ တွမ့်ကို မွေ့သိပ်ချစ်တယ်၊ နာကြည်းမှုဆိုတာတွေလည်း သိပ်ချစ်နေတာတွေကြောင့် ပျောက်ပျက်ကုန်ရပြီ။

♠ ♠ ♠



## အခန်း . . . (၁၁)

အဝေးမှကတည်းက တွမ့် ပြိုင်ဘီးကလေးကို မြင်နေရသည်။ ပို့ရှပ်ဖြူဖြူကလေးနှင့် ရှော့ပဲန်ဖြူဖြူ . . . ဂါခ့်ကင်းရှူး ြူလေးနှင့် ဖြူဖွေးနေသော တွမ့်ကို ပိုမို မက်မော တွယ်တာ ာရသည်။ ခွဲခွာဖို့ဆိုတာ ဖြစ်နိုင်ပါဦးတော့မလားကွယ်။ ည်ပုံစံကလေးကို မွေ့ ဘယ်လိုခွဲနိုင်ပါ့မလဲ။ လက်နှစ်ဖက် လုံး လွှတ်ထားကာ ခပ်ဖြည်းဖြည်း သူနင်းလာတော့ အလျင် ာလိုပဲ မွေ့ အသည်းတယားယား ရှိသွားရ၏။

"ကိုဒွန်း . . . လက်ကိုင်ထားကွာ၊ အရမ်း အသည်း
ယားတာပဲ"

သူ ရယ်ရင်း မွေ့ဘက်လှည့်ကြည့်ကာ လက်ခုပ် င် တီးပြနေသေးသည်။ မွေ့ သူနှင့်ယှဉ်ကာ လိုက်ရင်း . . .

"ကိုဒွန်း . . . ပြိုင်မလား"

"ဟား . . . ဝေတီကလည်းကွာ၊ ကိုယ့်ကိုယ်ကို တော်
တော် အထင်ကြီးတာပဲ၊ ယောကျ်ားလေးနဲ့ မိန်းကလေး
ဘယ်ပြိုင်လို့ရမလဲကွ"

"ပြိုင်မလားလို့ . . . တစ်ခွန်းတည်းပြောလေ၊ ပြိုင်ရင်
အရှုံးပေးတာပဲ"

သူ ရယ်ရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝှစ်ခနဲ သူ ထွက်သွားတာမို့ မွေ့ သွန်ကာ နင်းလိုက်သ
တဝှေ့ဝှေ့ တိုးနေသော လေထုလှိုင်းထဲမှာ မွေ့ဘီးကလေး အ
ပြင်းလွန်းပေမယ့် သူ့ကို လိုက်လို့မမီနိုင်။ တော်တော် ဝေး
မှာ သူရောက်နေကာ အနောက်ကိုလှည့်ကြည့်ရင်း ပြုံးနေသ
မွေ့ . . . စိတ်မရှည်နိုင်တော့စွာ စက်ဘီးပေါ်မှ ခုန်ဆင်း
စက်ဘီးကို အသံမြည်အောင် တွန်းချပစ်လိုက်သည်။ ဝုန်း
အသံကြောင့် သူ လှည့်အကြည့် ကတ္တရာပေါ်မှာ လက်နှင့်
နောက်ပစ်ကာ ဘိုင်ချနေသော မွေ့ကိုမြင်တော့ လဲသည်
ကာ သူ ပြန်လှည့်လာ၏။ တစ်ခဏအတွင်းပဲ မွေ့အနားရော
လာကာ စက်ဘီးကိုလှဲချရင်း သူ မွေ့နား ကပ်လာသည်
"လဲကျသွားတာလား မှို . . . ဆိမ့်သွားပြီလား၊
နားထိလဲ"

တတွတ်တွတ် သူမေးလာတော့မှ စိတ်ကူးမင်
ဟန်ဆောင်ဖြစ်သွားရသည်။ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ရင်း
"ခြေထောက် မျက်သွားပြီထင်တယ် . . . ဟင်
နာလိုက်တာ"

"ဟာ . . . ပြဿနာပဲ၊ တို့ . . . လုပ်ပေးကြည့်
လား . . . ပေး"

မွေ့ခြေထောက်ကလေးကို သူလာကိုင်
တွန့်သွားကာ သူ့ကို မော့ကြည့်လိုက်မိသည်။ ဒူးကလေး
ဖက် ထောင်လျက်မှ မေးကလေးတင်ကာ မော့ကြည့်နေ
မွေ့ကို သူ တစ်ချက်ငုံ့ကြည့်ရင်း ဆင်းထားသော ခြေ
မှ ရှူးကလေးကိုချွတ်ကာ သူ့လက်နှင့် မွေ့ခြေဖျားက
ဆွဲခါပေးနေသည်။ ရိုးသားကြည်လင်သော မျက်ဝန်းက



တွေက တည်ငြိမ်နေကာ ညီမလေးကို ပြုလုပ်ပေးနေတဲ့
အစ်ကိုတစ်ယောက် ပုံစံကလေးမျိုး။ ပင်ကို ကြင်နာစိတ်က
လေးကြောင့် ပုံစံကလေးက နူးညံ့နေကာ မွေ့အတွက် တိမ်မှူး
ဖွယ်ကလေးပေါ့။ အလျင်ကလို ရင်ခုန်ကြည်နူးစိတ်တွေနှင့်
မွေ့ရင်တွေ လှုပ်ရှားလာရကာ မျက်ခွံကလေးစင်းချထားရင်း
ငြိမ်သက်နေလိုက်သည်။

"နာလားဟင် . . . တို့ပြောတယ် မဟုတ်လား၊ ပြိုင်ချင်
တာကိုး . . . ပြန်ချင်လား၊ ဆေးခန်းသွားမလား . . .
ဗိုအင်းယားလမ်းထဲမှာ တို့အသိ ဆရာဝန်ရှိတယ်၊ လိုက်
ပို့ပေးမယ်လေ"

"လျှောက်လို့မှ မရတာ ကိုဒွန်းရဲ့၊ မှို ဘယ်လို လုပ်ရမှာ
လဲ"

"ကောင်းရော . . . ကဲ၊ ဒါဆို မှိုက တို့ညီမလေးလို
ခဏ သဘောထားလိုက်၊ မှိုကို တို့ဘီးပေါ် တင်နင်းသွား
လိုက်မယ်၊ မှိုဘီးကို တို့ တစ်ဖက်က ဆွဲလာမယ်၊ စီးရဲ
မလား"

သူ့ရင်ခွင်ထဲ ရောက်ရမည့်အဖြစ်ကို တွေးကာ
ရင်တွေ နွေးဖိုလာရသည်။ နှုတ်ခမ်းကလေး ဖွဖွကိုက်ကာ
သူ့ကို မော့ကြည့်ရင်း ခေါင်းကလေး ညင်သာစွာ ညိတ်ပြလိုက်
တော့ သူ လက်ကို တန်းဆန့်ကာ . . .

"ကဲ . . . ထ . . . တို့လက်ကို အားပြုလိုက်"

သူ့လက်ကို ဆွဲယူကာ အားပြုချင်ယောင်ဆောင်
ပြီး ထရင်း သူ့လက်မောင်းကို မှီတွဲကာ ထော့နဲ့နဲ့ လျှောက်လှမ်း
လာရင်း ရင်ထဲမှာ တွမ်ရယ်ဟု အကြိမ်ပေါင်းများစွာ တမ်းတမိ

www.burmeseclassic.com

www.burmeseclassic.com

ရင်း နှလုံးသားတွေ မခိုင်ခံ့နိုင်တော့ပေ။ သူ့ကို မော့ကြည့်မိတဲ့ မျက်ဝန်းတွေထဲမှာ တွယ်တာမြတ်နိုးရိပ်တွေ . . . စွဲလမ်းချစ်မက်ရိပ်တွေနှင့် လက်ရှိန်းနေမှာပဲ။ သူကတော့ သတိမထားမိဟန် နှင့် မွေ့လက်တစ်ဖက်ကို ကိုင်ကာ နောက်လက်တစ်ဖက်နှင့် စက်ဘီးတွေကို ထောင်ရန် ကြိုးစားနေသည်။ သူ ကပိုကန်ဖြစ်နေတာကို မွေ့ မကြည့်ရက်နိုင်တော့တာကြောင့် ခြေတစ်ပေါင်ကျိုးလျှောက်ရင်း စက်ဘီးတစ်စီးကို သွားထောင်တော့ သူက ရယ်ရွှင်ရိပ်ကလေးနှင့် လှမ်းကြည့်ကာ . . .

"မှိုရာ . . . ကလေးကျနေတာပဲ၊ တို့ လုပ်ပေးမှာပေါ့"

ပြောပြီး မွေ့ကို သူ့ဘီးရှေ့မှာ ထိုင်ခိုင်းကာ လက်တစ်ဖက်က မွေ့ဘီးကိုကိုင်ရင်း ဖြည်းဖြည်းနင်းသည်။ သူ့ထွက်သက် လေငွေ့ကလေးကို မွေ့ ခံစားသိရှိရကာ ရင်ထဲ ရှိန်းလှိုက်နွေးကာ နှလုံးခုန်နေသည်။ သူ့ကိုယ်ရနံ့ သင်းကလေးကို လှိုက်မောစွာ ရှိုက်ငင်ရရင်း ကာလဟောင်းကို လွမ်းမင်းစွာ တမ်းတမိလာသည်။

သူစိမ်းဆန်ဆန် မနေနိုင်ပါဘူး တွမ်ရယ်။ မှိုဆိုတာ မွေ့ပဲဆိုတာ သိသွားရင် မင်း စွန့်ခွာသွားဦးမှာလားဟင်။ မွေ့အပေါ် ဘာကြောင့်များ သည်လောက် တင်းမာနေရသလဲ တွမ်ရယ်။ ဘယ်သူ့အပြစ်လဲဆိုတာကို တွမ် မျှမျှတတ ကြည့်မပေးဘူးနော်။ တကယ်ဆို တွမ့်ပယောဂကြောင့် တွမ်ပင် မမှတ်မိနိုင်တော့လောက်အောင် ပျောက်ပျယ်သွားခဲ့ရတဲ့ မွေ့မျက်နှာ အကြောင်းကို တွမ် မစုံစမ်းကြည့်တော့ဘူးလား။ မွေ့ ဘာတွေ ဖြစ်ခဲ့ရသလဲ ဆိုတာတွေကို တွမ် သိအောင် မကြိုးစားတော့ဘူးလား။ လုံးဝကို ကျောခိုင်းပြတ်စဲရက်ခဲ့တာ



တောင် မနာကြည်းတတ်တော့တဲ့ မွေ့ နှလုံးသားကို တွမ် နားလည်နိုင်ပါဦးမလား။

"ကိုဦး . . . ဒါ ကျွန်တော့်သူငယ်ချင်း၊ စက်ဘီးစီးရင်း ခြေခေါက်သွားတာလား မသိဘူး၊ နည်းနည်း . . . ကြည့်ပေးဗျာ၊ မှို ဒါ တို့မိတ်ဆွေ ဒေါက်တာ ချိုဦးတဲ့ သူ ကုပေးမယ်နော် . . . နာသေးလား"

"မနာတော့ဘူး . . . ပျောက်သွားပြီထင်တယ်"

"ဟောဗျ . . . သေချာလို့လား ကိုဦး၊ လုပ်ပေးပါဦး သေချာရဲ့လား မှို၊ ဆေးမလိမ်းချင်လို့ လိမ်တာထင်တယ်"

ဆရာဝန်က မွေ့နှင့်သူ့ကို တစ်လှည့်စီကြည့်ကာ ရယ်မောနေတာမို့ သူက မွေ့ကို လှည့်ပြောနေရာမှ မျက်မှောင်ကုတ်သွားကာ ဆရာဝန်ဘက် ပြန်လှည့်ရင်း . . .

"ဟာ . . . ရယ်လှချေလား ကိုဦးရ၊ ဘာတွေ ရယ်နေတာလဲ"

"မင်းလေ . . . အရင်က မိန်းကလေးတွေကို ကြည့်မရဘူးဆို၊ ခုတော့ ပျာလှချေလား"

သူ့နားကပ်ကာ ခပ်တိုးတိုးပြောပေမယ့် မွေ့ ကြားရသည်။ တွမ် မျက်နှာရဲသွားကာ မျက်မှောင် ပိုမို ကုတ်သွားသည်။

"ခင်ဗျား . . . မှားနေပြီဗျ၊ ဟာဗျာ . . . ကိုဦး ပြဿနာပဲ လုပ်ဗျာ၊ ကုပေး . . . ကုပေးပြီးရင်ပြန်မယ်၊ လျှောက်ပြောနေတာပဲ"

ဆရာဝန်က ရယ်ရင်း မွေ့ကို ဆေးသပ်ပေးတော့

www.burmeseclassic.com

www.burmeseclassic.com



မွေ့က တအီးအီးတအဲအဲ အော်ပေးလိုက်တာကြောင့် မြေ
မျက်ရုံပါဟု အမည်တပ်ကာ ဆေးလိမ်းပေးလိုက်လေသည်
ရယ်ချင်စိတ်ကို အတင်းထိန်းချုပ်ထားရတော့ နှုတ်ခမ်းကို
လျက် မျက်နှာကလေးရဲနေသော မွေ့ကို နာကျင်နေသည်ထင်
ကာ သူက သနားသလို စိုက်ငေးကြည့်နေပြန်သည်။ ပြန်ခါနီး
မွေ့က ယောင်နုံနုံကလေး လျှောက်ကာ ရှေ့က ဆင်းနှင့်တာ
ဆရာဝန်နှင့် စကားပြောကာ ကျန်ခဲ့သည်။ ခဏကြာတော့
ခင်ဗျားဗျာ ဆိုတဲ့ အသံကြီးနှင့်အတူ မျက်နှာနီနီနှင့် သူ ဆင်း
ပြေးလာသည်။

"မှို . . . တို့ လိုက်ပို့ပေးရမလား၊ မှို့အိမ်ကိုလေ"

"ရပြီ ကိုဒွန်း . . . ကျေးဇူးပဲနော်၊ မှို နင်းနိုင်သွားပြီ
ရတယ် . . ."

"နင်းနိုင်ရဲ့လား . . . တစ်ခုခု ဖြစ်နေဦးမယ်"

"သြော် . . . ဒီမှာကြည့်"

စိတ်မချဖြစ်နေပုံရသော သူ့ကို ကြည့်ကာ မွေ့က
စက်ဘီးပေါ် ခုန်တက်ပြလိုက်ကာ နင်းပြလိုက်တော့ သူ ရယ်
လေသည်။

"မှိုလည်း ဇရုတ်ကလေးပဲ"

ခပ်တိုးတိုး သူပြောရင်း မွေ့ကို စိုက်ကြည့်နေ
တာကြောင့် မွေ့ ရယ်ရင်း နင်းထွက်လိုက်သည်။ နောက်ဘက်
မှ သူ ငေးကြည့်ကျန်ရစ်မှာကို မြင်ယောင်မိရင်း အရှိန်ကို
လျှော့ချလိုက်သည်။ သူ မွေ့ကို ကြာကြာငေးနိုင်အောင်လို့ပါ။

♦ ♦ ♦



"မွေ့ကို အင်းယားမှာ တွေ့ခဲ့တယ်"

စူပုပ်နေသော မျက်နှာထားနှင့် စိုးမိုးပြောလိုက်
တာကြောင့် မွေ့ ဘောင်းဘီအိတ်ထဲ လက်ထိုးသွင်းလိုက်ကာ
ခပ်ထေ့ထေ့ ရယ်ရင်း . . .

"ရှင် ဘာပြောချင်သလဲ . . . တို့ တွမ့်ကို ပြန်ပတ်သက်
နေတာကို အမှတ်မရှိဘူးလို့ ပြောချင်တာလား"

"မွေ့ စဉ်းစားကြည့်လေ . . . မွေ့ကို အရင်စပြီး ဖြတ်
ခဲ့တဲ့ သူကို မွေ့ကလိုက်ပြီး ပြန်ဆက်သွယ်နေတော့
ဒီသဘောပဲပေါ့၊ ကိုယ့်ကို ဖြတ်သွားတဲ့ ယောကျ်ားတစ်
ယောက်ကို နာကြည်းနေဖို့ ကောင်းတယ်"

"မွေ့ မနာကြည်းတတ်ဘူးဆိုရင်ကော"

"မွေ့ တမင်ညစ်တာ . . . တို့ကိုရွဲ့ပြီး တွဲနေတာ
မဟုတ်လား"

"ဟား . . . ရယ်ရတယ်၊ မွေ့ ရည်းစားက ဘယ်သူလဲ"

"နေပါဦး . . . တွမ့်ကိုမေးကြည့်တော့ ဒီကောင်ပြောတဲ့
နာမည်က မှိုတဲ့ . . . ဘာလဲ မွေ့နာမည်ပါ ပြောင်း
လိုက်တာလား၊ ဒါမှမဟုတ် တွမ့်ကို မွေ့ဆိုပြီး ရှင်မပြ
ဘဲ နောက်တစ်ယောက်ပုံစံနဲ့ ကပ်တာလား၊ တွမ် မွေ့ကို
မမှတ်မိတာတော့ သေချာတယ်၊ မွေ့ ဘာကြောင့် ဒီလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေလဲဆိုတာ တို့ နားမလည်နိုင်ဘူး၊ မှိုဆိုတာ တွမ် ဒုတိယတစ်ခါ ပြန်ချစ်အောင် ကြိုးစားနေတာ လား၊ ဘာထူးမှာလဲ မေ့ရယ် . . . တစ်နေ့ သိမှာ မေ့ ဘာလို့ ဒီကောင့်အပေါ် ဒီလောက် သည်းသည်းလှုပ် ဖြစ်နေရတာလဲ"

"သူ့ကို သိပ်ချစ်လို့ပေါ့ . . . မေ့ ဒုတိယတစ်ယောက်လည်း ဖြစ်စရာ မလိုပါဘူး၊ မေ့ဟာ မေ့ပဲ . . . အခု မေ့ လုပ်နေတာက တွမ် မေ့ကို ဘာဖြစ်လို့ ဖြတ်သွားတာလဲဆိုတဲ့ အကြောင်းရင်းကို သိချင်လို့"

"ဩော် . . ."

စိုးမိုးအသံက ခြောက်ကပ်စွာ ပေါ်ထွက်လာတာ မျက်နှာပျက်ပျက်နှင့် . . .

"ဖြတ်သွားတာကို ဘာလို့ ဖြတ်သွားတာလဲလို့ စုံစမ်းနေတော့ ဘာထူးဦးမှာလဲ မေ့ရယ်၊ ရှင်းနေတာပဲ . . . သူ မေ့ကို မုန်းနေခဲ့တယ်၊ မိုးကောင်းကိစ္စအတွက် သူ ပြန်ကလဲ့စားချေတယ် . . . ဒါပဲရှိတာပဲ၊ မေ့ပဲ စဉ်းစားကြည့်ပါဦး၊ မေ့နဲ့သူ ဘယ်တုန်းက တည့်ဖူးလို့လဲ သူ မေ့ကို ရုတ်တရက်ကြီး ချစ်တဲ့ပုံ ပြလာကတည်းက လုံးဝ ယုံစရာ မကောင်းတော့ဘူး၊ နောက်ပြီး . . . ဒီကောင်က သူ့အမေနဲ့ ပတ်သက်ပြီး မိန်းမတွေကို လုံးဝ အထင်မကြီးဘူးလို့ ခဏခဏ ကြွေးကြော်နေတာ သူ့အမေက အိမ်ထောင်ရေး ဖောက်ပြန်တာလေ ဒါကြောင့် သူ မိန်းကလေးတွေကို ဆက်လည်း မဆက် ဆံခဲ့ဖူးဘူး၊ မေ့နဲ့တွေ့တော့ မေ့သတင်းတွေ ကြားနေ



ကတည်းက သူ မုန်းနေတာ၊ အဲဒီလို လူက မေ့ကို ချစ်တယ်ဆိုတာ မေ့ ယုံလား၊ တို့ အေးလူတောင် မယုံဘူး"

မေ့ စိုးမိုးကို မျက်စောင်းကြီးတွေ ထိုးပစ်ကာ ဆတ်ဆတ်ခါ အခံရခက်နေသည်။ တွမ့်ကို ချစ်ရလို့ မေ့ဘက်က အရှမ်း နစ်နာ ဆုံးရှုံးနိမ့်ကျတယ်ဆိုရင်လည်း မေ့က ချစ်နေဆဲပဲ ရှိဦးမှာပဲ။ တွမ် မေ့ကို တကယ်မချစ်ဘူးဆိုတာကို တွေးကြည့်ရင်ပင် ရင်နာစရာ ကောင်းနေသည်။ မယုံရက်ရက် ကြားမှ တွမ့် အမူအရာကလေးတွေကို ပြန်လည်ဆန်းစစ် မြင် ယောင်မိတော့ ယုံချင်လာရပြန်သည်။ တွမ် မေ့ကို တကယ် ချစ်ခဲ့တာပါ။ ဟုတ်မှာပါ . . .။

"မေ့ကတော့ ယုံတယ် . . . သူ မေ့ကို တကယ်ချစ်ခဲ့တာ ရုတ်တရက်ကြီး ပြောင်းလဲသွားတာ ဘာကြောင့်လဲ ဆိုတာ မေ့ မေးကို မေးရမယ် . . . ရအောင်ကို စုံစမ်းမယ်"

"စုံစမ်းလေ . . . သူလည်း မေ့ကို နာကြည်းနေတာပဲ၊ မေ့အကြောင်းတောင် အပြောခံတာ မဟုတ်ဘူး၊ မေ့ကို သူ လုံးဝ မချစ်ခဲ့ဘူး၊ အခု ပြတ်သွားကြပြီးတော့ သူက ပြီးသွားပြီ"

"မေ့ကို သူက ဘာလို့ နာကြည်းရတာလဲ၊ မေ့က သူ့ကို ဘာလုပ်မိလို့လဲ၊ မေ့မှာ ဘာအပြစ်မှ မရှိဘူး၊ လုပ်စမ်းပါနဲ့"

"အင်းလေ . . . သူက မုန်းနေတဲ့သူဆိုတော့ ကြံဖန်ပြီး နာကြည်းနေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"စိုးမိုး ငပေါစကားတွေ လာမပြောနဲ့၊ ဘာမှ အဓိပ္ပါယ် မရှိဘူး၊ ရှင် သေလိုက်ပါလား၊ ဘာလို့ မွေ့နဲ့ တွမ်ကို လာတိုက်ပေးနေတာလဲ"

စိုးမိုးမျက်နှာ အရမ်းပင်ပျက်သွားကာ မျက်လုံးတွေ အရောင်တောက်လာလေသည်။ မွေ့ကို စူးရှစွာ စိုက်ကြည့်ရင်း . . .

"တို့ မွေ့ကို သိပ်ချစ်လို့ပေါ့ မွေ့ရယ်၊ တွမ့်ကြောင့် မွေ့စိတ်ပြောင်းသွားတာ တို့သိတာပေါ့၊ ကို့ကို စပြီး မွေ့ ဇာတ်လမ်းစခဲ့တာပါ . . .၊ တို့ကို မွေ့ကစပြီး ဝေဒနာ ပေးခဲ့တာပါ၊ တို့မှာ အပြစ်ရှိသလား . . . မွေ့ကို သိပ် ချစ်လို့ ပြိုင်ဘက်အပေါ် စေတနာမထားနိုင်တော့တာ တို့အမှားလား၊ တို့ ဝေဿန္တရာမဟုတ်ဘူး မွေ့၊ တို့ချစ်တဲ့ ချစ်သူကို ဘယ်သူ့လက်ထဲမှ အပ်မခံနိုင်ဘူး . . . ရှင်းလား၊ အနှောင့်အယှက်ပေါ် လာတိုင်း ဖြိုခွင်းနေမှာပဲ . . . တိုက်ခိုက်နေမှာပဲ၊ အခုလည်း တွမ့်ကို မွေ့ နောက် တစ်ယောက်ပုံစံနဲ့ ဝင်နေတာကို တို့ ဝင်ရှုပ်ရဦးမှာပဲ၊ မှိုဆိုတာ မွေ့ပဲဆိုတာ တွမ်သိအောင် တို့ကတော့ ပြောရဦးမှာပဲ၊ မွေ့နဲ့တွမ် လုံးဝ အဆက်အသွယ်ပြတ်မှ တို့နဲ့မွေ့ နီးစပ်ရမှာ၊ တို့ကို မွေ့ ချစ်လာမှာ"

"အရူး . . . စိုးမိုး အရူး၊ ရှင်တွေးတာတွေ တစ်ခုမှ မဟုတ်ဘူး သိရဲ့လား၊ ရှင့်ကို မွေ့ ဒီတစ်သက် လုံး မချစ်နိုင်ဘူး၊ တွမ်နဲ့မွေ့ကို ရှင် နှောင့်ယှက်ရင် ရှင့်ကို မွေ့ ပိုမုန်းပစ်မှာပဲ . . . သိလား၊ တွမ့်ကို ရှင် စိတ်ထိခိုက်အောင် လုပ်ရင် ရှင်ဟာ မွေ့ကမ္ဘာမှာ အမုန်းဆုံး



လူသား ဖြစ်သွားမယ် . . . နားလည်လား"

"မွေ့ တို့ကို ဘာလို့မချစ်နိုင်တာလဲ"

စားပွဲကို ဒုန်းခနဲ ထုချကာ စိုးမိုး အော်တော့ မွေ့ကလည်း စားပွဲကို ပြန်ထုချလိုက်ကာ . . .

"မချစ်နိုင်လို့ မချစ်တာပေါ့ . . . လာပြီး မအော်နဲ့"

မွေ့ အော်လိုက်တော့ စိုးမိုးမျက်လုံးတွေ အရောင်မှိန်ဖျော့ကျသွားသည်။ မျက်ရည်ကြည်တွေ ဝိုင်းစို သာကာ . . .

"ဒါဆို တို့ကို စပြီး ဘာလို့ ဇာတ်လမ်းရှာခဲ့သလဲ မွေ့ရယ်၊ မွေ့ကို တို့ ချစ်မိလာအောင် မွေ့ပဲ စလုပ်ခဲ့ပြီး တို့ တကယ် နင့်နေအောင် ချစ်လာတော့ မွေ့ ဘာလို့ ရှောင်တိမ်း ကျောခိုင်းနေတာလဲ၊ ဘာလို့ ရက်စက်ပြနေတာလဲ၊ မွေ့ကို တကယ်မချစ်တဲ့ တွမ့်ကိုကျတော့ မွေ့ သိပ်ချစ်ပြနေ . . . သိပ်သည်းပြနေတာကို တို့ ဘယ်လို ကြည့်နေနိုင်ပါ့မလဲ၊ တို့ လုံးဝ မခံချင်ဘူး ကွာ၊ တွမ်ဆိုတဲ့ကောင်က ဘာကောင်မို့လို့ မွေ့ အရမ်း စွဲလမ်းပြနေရတာလဲ"

"ခက်ပါလား စိုးမိုးရယ် . . . မွေ့ ရှင့်ကို စပြီး နောက်ခဲ့မိတာ မှန်တယ်၊ အဲဒါ မွေ့မှားတယ် . . . မှားတယ်၊ ရှင့်ကို တကယ် လုံးဝ လုံးဝကို မချစ်ခဲ့ပါဘူး စိုးမိုးရယ်၊ တွမ့်တစ်ယောက်ကိုပဲ မွေ့ဘဝမှာ အရမ်းချစ်မိတာပါ"

"ကျွတ် . . . မွေ့ကိုမှ တွမ်က မချစ်ဘဲ"

"စိုးမိုး သိနိုင်သလား၊ တွမ် မွေ့ကို သိပ်ချစ်ခဲ့တာ မွေ့ပဲ သိတယ် သိရဲ့လား . . . တွမ် မွေ့ကို တကယ်ချစ်တာ

www.burmeseclassic.com

www.burmeseclassic.com



မွေ့အသိဆုံးပဲ"

"မွေ့ အထင်ကြီးပဲ ... မချစ်လို့ သူ ဖြတ်စာ ရေးခဲ့တာပေါ့"

"ချစ်လျက်နဲ့ ရေးခဲ့တာပါ ... သူ အကြောင်း တစ်ခုခုကြောင့် မလုပ်ချင်ဘဲ လုပ်လိုက်မိတာ ဖြစ်မှာ"

"ထင်နေ ... ထင်နေ၊ မှို့ဆိုတာ မွေ့ပဲလို့ သိရတဲ့အချိန်မှာ နောက်ထပ် ဖြတ်စာတစ်စောင် ရောက်လာလိမ့်ဦးမယ် ... သွားပြီ"

"လဲသေလိုက်ပါလား ... စိတ်ပုပ်စိုးမိုး၊ လမ်းမှာ ကားပျက်နေပါစေ ... ပါးစပ်ပုပ်ကြီး"

ထွက်ပြေးသွားသော စိုးမိုးနောက်ကျောကို အမြင်ကတ်စွာ ကြည့်ရင်း မွေ့ အော်ဟစ်နေလိုက်သည်။



## အခန်း ... (၁၂)

မွေ့ စကားအဆုံးမှာ နုအိရော ဖွန်ပါ မျက်နှာကလေးတွေ ပုပ်သွားရ၏။

"ဒါဆို နင်မလွယ်ဘူး မွေ့ရဲ့ ... စိုးမိုးကို ပြန်ချော့လိုက်၊ နို့မို့ဆို အဲဒီကောင်က တွမ့်ကို သွားပြောလိုက်မှာ သေချာတယ်၊ တွမ် နင့်ကို မွေ့ဆိုတာသိသွားရင် ဇာတ်လမ်းတွေ ရှုပ်ကုန်လိမ့်မယ်၊ နင် သိချင်တာ မရသေးခင် နင် မွေ့ဆိုတာ မပေါ်ဖို့ အရေးကြီးတယ်၊ ဒီတော့ စိုးမိုးကို နင် နည်းနည်း အလျှော့ပေးလိုက်၊ စိုးမိုးဘက်ကို အချိန်ဆွဲယူသွားပြီး တွမ့်ဘက်ကိုတော့ တွမ် မြန်မြန် ရင်ဖွင့်လာအောင် နင် ကြိုးစားပေါ့၊ အခြေအနေက နင်နဲ့ သူ တော်တော် ရင်းနှီးလာပြီ ပဲ ...၊ စက်ဘီး[illegible] လေးနဲ့ ဟီ ဟိ ... ပိုရင်းနှီးသွားတယ် ...[illegible]တ်"

ဖွန်ရယ်နေတာကို မွေ့ လိုက်မ[illegible]ဖြစ်သေးဘဲ ...

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို . . . စိုးမိုးကို ဖုန်းပြန်ဆက်လိုက်ရမလား၊ တွမ်ကို သွားမပြောဖို့ နှိမ့်ဆို ဒီကောင်က လက်မြန်တယ်"

ပြောပြီး မွေ့ ဖုန်းဆီပြေးလာခဲ့သည်။ စိုးမိုး နံပါတ်ကို နှိပ်ရင်း စောင့်စဉ် . . .

"ဟယ်လို . . . "

လာကိုင်သော အသံကလေးက တွမ့်အသံဖြစ်နေတာမို့ ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားရသည်။ အသံကို နည်းနည်း သြလိုက်ကာ . . .

"စိုးမိုးနဲ့ ပြောချင်လို့"

"ဩော် . . . ဟိတ်ကောင် စိုးမိုး . . . မင်းဖုန်း"

တစ်ဖက်လှည့်ပြောကာ စိုးမိုးလက်ထဲ ဖုန်းထည့်ပေးလိုက်ဟန်တူသည်။ စိုးမိုး၏ ဟယ်လိုသံက နှောင့်နှောင့်ယှက်ယှက်နှင့် နားစည်ထဲ တိုးဝင်လာသည်။

"ကျုပ် . . . ကျုပ် . . . တွမ် ဘာလို့ ရှင့်အိမ်ရောက်နေရတာလဲ စိုးမိုး"

"ဟာ . . . မွေ့ အဲ . . . ဟေ့ကောင် တွမ်၊ ပြန်တော့ကွာ . . . နောက်နေ့မှ ဆက်ပြောမယ်"

မွေ့ကိုပြောရင်းမှ တစ်ဖက် လှည့်ပြောသံနှင့်အတူ 'ငါ ပြန်ချင်မှ ပြန်မှာပေါ့ကွာ . . . မင်းခိုင်းတိုင်း ငါက ဘာလို့ ပြန်ရမှာလဲ' ဟူသော အသံကလေးကပါ ခပ်လှမ်းလှမ်းမှ အော်ပြောသလို ကြားရသည်။

"ရှင် တွမ့်ကို ဘာတွေပြောနေတာလဲ"

"ကြိုရာဆုံရာပေါ့ကွာ . . . ဘာလဲ . . . လန့်နေတာ



လား၊ ဟဲ . . . ဟဲ"

"အမလေး . . . လူကြမ်းသံနဲ့ လာရယ်မနေစမ်းနဲ့၊ ပြော စိုးမိုး . . . တွမ့်ကို ပြောပြီးပြီလား"

"မပြောရသေးပါဘူး . . . ဒါပေမယ့် ပြောတော့ ပြောမယ်၊ ဒါကြောင့် ဒီကောင့်ကို ပြန်ခေါ်ထားတာ၊ သိတယ်မဟုတ်လား"

"ထဘီဝတ်လိုက်ပါလား . . . ဒီလောက် မိန်းမလိုမိန်းမရ ဆန်နေတာ"

"ရက်စက်ထားပေးကွနော်"

"ဟဲ . . . အလကားနောက်တာ၊ ဒီမှာ . . . စိုးမိုး မွေ့ကို တကယ်ချစ်ရင် တွမ့်ကို ဘာမှ မပြောနဲ့ . . . နော်၊ မွေ့ တွမ် ဘာလို့ မွေ့ကို ဖြတ်လိုက်ရတာလဲဆိုတာ တစ်ခုပဲ သိချင်လို့ပါ . . . အဲဒါကလေး စုံစမ်းပါရစေနော်"

စိုးမိုးဘက်က အသံတိတ်သွားသည်။ ခဏကြာမှ . . .

"အကြောင်းစုံ အမှန်သိသွားရင် မွေ့ ဘာလုပ်မလဲကဲ . . . "

"ဘာမှ မလုပ်ပါဘူး . . . သိပြီးရင် ပြီးပြီ၊ မွေ့ လမ်းခွဲလိုက်ရုံပဲ၊ မှိုဆိုတာ မွေ့မှန်းတောင် မသိစေရပါဘူး"

စိုးမိုးထံမှ တဟင်းဟင်း ရယ်သံက နားတွင်ကျန်ခဲ့ရာ ကောင်းလောက်အောင် ထွက်ပေါ်နေသည်။ မွေ့ စိတ်ကို ဆွဲဆန့်ထားလိုက်ရင်း ငြိမ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း . . . ဟင်း မဖြစ်နိုင်တာတွေ လျှောက်လုပ်မနေ စမ်းပါနဲ့ မွေ့ရယ်၊ ဖြစ်လိုက်ပါတယ်ဆိုတာကို ဘာဖြစ်လို့ ဖြစ်ရတာလဲ မေးနေရင် မွေ့ အရူးလေး ဖြစ်သွားမှာပေါ့ . . . အရှင်းဆုံးက တို့ကို ချစ်လိုက်"

မွေ့ ဒေါသတွေ ထွက်သွားရကာ သေသေ ဟု အသံမထွက်ဘဲ ပါးစပ်လှုပ်ကာ ကျိန်ဆဲနေလိုက်သည်။ စိုးမိုး အကျင့်က သူ့ကို လိုက်လျောနေတာမို့ တင်းမာ ဈေးကိုင်နေ သလို ပုံစံ။

"မရှည်နဲ့ကွာ . . . တွမ့်ကို စိုးမိုး ဘာမှ မပြောနဲ့နော် မွေ့ ပြောထားပြီးသား"

"မွေ့ စုံစမ်းလို့ကို မဖြစ်နိုင်ပါဘူးကွာ . . . မွေ့လုပ်နေ တာကို တို့ လုံးဝ သဘောမကျနိုင်ဘူး၊ အကောင်းဆုံး ဒီကောင်နဲ့ မွေ့ လုံးဝ ပြတ်စဲနေကြတဲ့အတိုင်းပဲ ရှိကြပါ ပဲ"

"ဘာဖြစ်နေတာတုံး စိုးမိုး . . . မွေ့တောင်းတဲ့ အကူ အညီကို ရှင် မပေးနိုင်ဘူးလား"

"အကူအညီတောင်းတာမှ မဟုတ်ဘဲ . . . တို့နဲ့မွေ့ ပိုဝေးရအောင် မွေ့ ခိုင်းစေနေတာမျိုးပဲ၊ တို့ ဘယ်လုပ် နိုင်မလဲ၊ တို့ လုံးဝ မကြွေချင်ဘူးကွာ . . . မွေ့ကို တို့ အရမ်းပဲ ချစ်တယ် . . . ဒါပဲနော်"

ဖုန်းချသွားတာကြောင့် မွေ့ တောက်ခေါက်ပစ် လိုက်ကာ ဖုန်းခွက်ကို ဆောင့်ချပစ်လိုက်သည်။ အနားမှာ ဝိုင်းနေတဲ့ နုအိနှင့် ဇွန်ကပါ နားလည်ကြဟန်နှင့် အကြံထုတ်



နေကြပုံရ၏။ မွေ့ကို ဝိုင်းကြည့်ကာ နှုတ်ဆိတ်နေကြသည်။

"တွမ် . . . ဒီကောင့်အိမ် ရောက်နေပြီ"

"ဟင် . . . ပြန်တည့်သွားကြပြီလား"

"ဘယ်သိမလဲ . . . စိုးမိုး ပြန်ခေါ်လို့ ဖြစ်မှာပေါ့"

"အဲဒါဆို ပြဿနာပဲ . . . ပြောလိုက်ပြီလား မသိဘူး"

"အင်း . . . ငါစိတ်ထဲမှာထင်နေတာက တွမ် ငါ့ကို တကယ် ချစ်တယ်ဆိုရင် ဖြတ်စာရေးပြီးတဲ့တိုင် သူ ဆွေးတော့ ဆွေးနေမှာပေါ့ . . . အခု ငါ့ကို ချစ်နေဆဲ ပုံစံကလေးလည်း ရှိတယ်၊ ငါ့ကို လုံးဝ မေ့ပစ်ဖို့ ကြိုးစား နေတဲ့ပုံစံမျိုးလည်း ရှိတယ်"

"လုံးဝမချစ်တာတော့ မဟုတ်နိုင်ဘူး . . . နင့်ကို သူ အရမ်း ချစ်နေတဲ့ပုံစံပါ . . . အခုဟာက သူ နင့်ကို တမင် ရေးခဲ့တဲ့ ဖြတ်စာကြောင့် ဇာတ်လမ်းပြန်ဆက် လို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့အသိနဲ့ တမင်မေ့ပစ်ဖို့ အား ထုတ်နေတာဖြစ်နိုင်တယ် . . . ဟုတ်တယ် မဟုတ် လား၊ ဖြတ်စာရေးခဲ့တာကတော့ ငါတို့ထင်ခဲ့သလို နင့်ကို သူ ပညာပေးလိုက်တာမျိုး၊ မိုးကောင်းအတွက် ကလဲ့စား ချေလိုက်တာမျိုးပဲ ထင်တယ်၊ တွမ်သာ သာမန် ယောကျ်ားလေးဆိုရင်တော့ ဒီကိစ္စကို မဖြစ်စ လောက် ဆိုပြီး မေ့ပစ်လိုက်မှာပဲ . . . အခုခက်တာက စိုးမိုးပြောတဲ့ ပုံစံအရဆို သူ့အမေကိစ္စနဲ့ပတ်သက်ပြီး မိန်းကလေးတွေကို အထင်သေးနေတာက ရှိနေတယ်၊ မိန်းမတစ်ယောက်လုပ်မိတဲ့ အပြစ်ဆိုရင် သူ အစွဲ

www.burmeseclassic.com

www.burmeseclassic.com



အလမ်းကြီးကြီးနဲ့ တေးမှတ်ထားမိမယ်၊ နောက်
ချက်က သူက မာနကို ဦးစားပေးတဲ့သူဆို
မိန်းကလေးတစ်ယောက်ရဲ့ မာနကို သူ အနိုင်ယူ
မာနကြောင့် လုပ်မိသွားမယ် . . .၊ ဖြစ်နိုင်တာ
တွေး တွေးကြည့်ဘာနော် . . .

နင်ကတော့ နင့်ဘက်ကသာ အပြစ်မရှိပါ
လို့ ပြောနေပေမယ့် ခုနက ငါပြောသလို နင်လုပ်ခဲ့
လုပ်ရပ်လေးတွေကို သူက အပြစ်ကြီးလို့တောင်
ထားနိုင်တယ်၊ နင်ရှင်းလား . . . သူ မိန်းကလေး
အပေါ်မှာ အမြင်တစ်မျိုး ထားတာတော့ အမှန်ပဲ
တွေ့ကိုတောင် သိပ်ရောနှောတာ မဟုတ်ဘူး၊ တွေ့
မဟုတ်လား။ နင့်ကိုကျတော့ ဘာကယ်ချစ်ခဲ့တာလ
ပါမယ် . . . အခုလို ပညာပေးချင်လို့ဆိုတဲ့ အ
အစည်မျိုးလည်း ရှိကောင်း ရှိနေခဲ့မယ်၊ နင့်အပေါ်
သူ အရမ်းနူးညံ့ခဲ့တာ အမှန်ပဲ"

"ဒီလိုဆို ဘာလုပ်ရမလဲ ဇွန် . . . သူဘက်က မာန
ရှေ့တန်းတင်ပြီး မေ့ဖို့ကြိုးစားနေနိုင်ပေမယ့် ငါမှာ
ပတ်သက်လို့ မာနဆိုတာ အငွေ့အသက်တောင်
ဘူး . . . ငါ သူ့ကို လုံးဝ မမေ့နိုင်ခဲ့ဘူး၊ သူနဲ့ ခွဲရ
ငါ အကြောက်ဆုံးပဲ ဇွန် . . . ငါလေ သူ့ကို အ
ချစ်တယ်"

အသံကလေး တုန်ခတ်လာကာ မျက်ရည်
ကလေးတွေ ဖြွေဆင်းလာရသည်။ အံ့ဩစရာ ကောင်းလော



အောင် တွမ့်အပေါ် မခွဲနိုင်မခွာရက် နင့်နင့်သည်းသည်း ချစ်
ကျော်စွဲလမ်းနေမိသည်။ မွေ့ဘဝမှာ ယောကျ်ားကလေး
တစ်ယောက်အပေါ် သည်လောက် စွဲစွဲလမ်းလမ်း ချစ်မိသွား
လိမ့်မယ်လို့ တွေးထင်မထားမိခဲ့။ သံယောဇဉ်ကြိုးတွေ သည်
လောက်တောင် ခိုင်ခိုင်မာမာ နှောင်တုပ်ထားခံရလိမ့်မယ်လို့
လည်း မသိမှတ်နိုင်ခဲ့။ မွေ့ကိုယ်မွေ့ သူ့အပေါ် သည်လောက်
ချစ်မြတ်နိုးနေရတာကိုက အံ့ဩစရာကောင်းလွန်းလှနေ
သည်။

ယောကျ်ားတွေအပေါ် အထင်မကြီးနိုင်ခဲ့စွာ
ဘတ်ချလှောင်ပြောင်ရင်း မာနတရားတို့နှင့် ပြည့်လျှမ်းနေခဲ့တဲ့
မွေ့နှလုံးသားထဲ သူ လာရောက်ပိုင်စိုး အုပ်ချုပ်လာလိမ့်မယ်
ဆိုတာ အိပ်မက်ပင် မမက်မိခဲ့။ အခုတော့ သူ့အပေါ် အထင်
ကြီး ချစ်မက်စိတ်တွေကြောင့် မာနတရားဆိုတာ ရိပ်ရိပ်
ကလေးပင် ထင်မကျန်နိုင်ခဲ့ဘဲ နှိမ့်ချပျော့ပျောင်း နူးညံ့လွန်း
လှသော အချစ်တို့နှင့် ခိုင်တွယ်စွာ ချစ်နေမိပြီ။

သူ့မျက်နှာကလေးကို ထာဝစဉ်ငေးမောကာ
ချစ်မြတ်နိုးစိတ်တွေ ပိုမိုတိုးတက်ခိုင်မြဲထားရတာ။ သူ့
ကျောပြင်ကိုပင် မကြည့်ရဲလောက်အောင် နောက်ချန်မနေ
ခဲ့တတ်ခဲ့တဲ့ မွေ့အပေါ် ကျောခိုင်းကာ ထားရစ်ခဲ့လေဟော့
မွေ့ ဘယ်လို ဖြေသိမ့်ရမလဲကွယ်။ သူ ထားရစ်ခဲ့တဲ့ လမ်း
ခွဲမှာ ဆုံးရှုံး ထိခိုက်မှုတွေနဲ့ မှောင်အတိမိုက်ခဲ့ရပေမယ့်
လည်း သူ့မျက်နှာကလေးကို ပြန်လည်မြင်တွေ့ရချိန်မှာ
ကြည်းမှုဆိုတာ မြူတစ်ရိပ်စာပင် မကျန်စေရအောင်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်လွင့်စဉ်ခဲ့ရတဲ့အထိ မေတ္တာတရား ကြီးမားခဲ့ ပါ။ ဖြစ်ခဲ့ရတဲ့ အတိတ်တွေကို မေ့ပျောက်ပြီး သူ့မျက် ကလေးကို ဒုတိယတစ်ဖန် ပြန်လည် ငေးမောနေမိစဉ်မှာ ထပ်မံကျောခိုင်းသွားဦးမှာလားကွယ်။

✦ ✦ ✦



တွမ် ကျောင်းမတက်တော့တာ ငါးရက်လောက် င် ရှိပြီ။ မွေ့တို့သုံးယောက် ကျောင်းကို အပတ်ပတ် ရှာကြ သော်လည်း အရိပ်အယောင်ပင် မတွေ့ရတော့။ မွေ့ တစ်ရက် ဆက်တစ်ရက် ပိုမိုကာ ရင်ပူလာရသည်။

"တွမ် . . . ငါတို့ထင်တဲ့အတိုင်း ငါ့ကို မွေ့ဆိုတာ သိသွားပြီ ထင်တယ်၊ ဒါကြောင့် ရှောင်သွားတာဖြစ်မှာ"

"စိုးမိုး ပြောလိုက်ပြီ . . . သေချာတယ် . . . တောက် စိုးမိုး အရမ်းယုတ်မာတာပဲ"

မွေ့နှလုံးသားတွေ ယိုင်နဲ့လာရကာ မျက်ရည်ခိုး ကာ တစ်ရက်ထက်တစ်ရက် ပိုမိုစွာ ကျဖြစ်သည်။ လူတွေ ကြားထဲမှာ မျက်ရည်ကျရတာကိုလည်း မရှက်မိတော့ပါ။ တွမ်နဲ့ ဝေးသွားရမှာကို အကြောက်ဆုံးပဲ။ တွမ့် မျက်နှာကလေးကို မှုန်းမောတမ်းတစွာ ရှိုက်ငင်ရင်း မှဲ့ခွာဖို့ဆိုတာ လုံးဝကို ဖြစ်နိုင်တော့တာ ပိုသေချာလာရသည်။ မွေ့ တွမ် ကလေးကို ဘယ်လိုမှ မခွဲနိုင်တော့ပါဘူး။ မွေ့နှလုံးသားဆိုတာ တွမ်ပါပဲ။ တွမ်မှမရှိရင် မွေ့နှလုံးသားလည်း ရှိနိုင်တော့မှာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အတွေးထဲမှာ . . . အိပ်မက်ထဲမှာပင် မခွဲရက်နိုင်တဲ့သူ တွမ်ရယ်။ မွှေ့ကို ဘာလို့များ ရှောင်ပြေးရက်ရတာလဲ။ အပြစ် ဆိုတာ ရှိခဲ့ရင်လည်း ထောက်ပြပေးလှည့်ပါ ချစ်သူရယ်။ မွှေ့ ပြင်ပါ့မယ်။ ဘယ်အခါမှ ကုန်ဆုံးနိုင်မှာ မဟုတ်တဲ့ အချစ် တွေကို တွမ့်ကို ပေးဆပ်ပါရစေ။ မွှေ့ကို နားလည်ပေးပါ တွမ် ရယ်။ မွှေ့ကို မမေ့နိုင်ဘဲ မေ့ဖျောက်ဖို့ မကြိုးစားပါနဲ့တော့ နော်။

"ငါ ဘာလုပ်ရမလဲဟင် . . . ငါ သူ့ကို အရမ်း တွေ့ ချင်တယ်"

"နင့်ကို မွှေ့ဆိုတာ သိသွားရင် သူ ဘယ်လိုမှ အတွေ့ခံ မှာ မဟုတ်ဘူး၊ မှိုဆိုတဲ့ နောက်တစ်ယောက်ပုံစံနဲ့ လာ ကပ်တာကိုလည်း ဘယ်လိုထင်မလဲနော် . . . နင် လန်ဒန်မှာ ကားချင်းတိုက်လို့ မျက်နှာပျက်စီးသွားတယ် ဆိုတာလောက်ပဲ သူ သိသွားမယ် . . . သူ အရမ်းတော့ စိတ်ထိခိုက်သွားမှာပဲ၊ အရမ်းလည်း တုန်လှုပ်အံ့သြနေ မှာပဲ သိလား၊ ဒါတောင် အဲဒီလိုဖြစ်ရတာ သူ့ ပယောဂ ကြောင့်ဆိုတာ သူ သိမှာ မဟုတ်ဘူးနော်"

"သူ သိသွားရင် နောင်တတော့ ရသွားနိုင်တယ်၊ ငါ့ အရမ်းသနားသွားပြီး ပြန်တောင်းပန်လာရင်လည်း တောင်းပန်နိုင်တယ်၊ ဒါပေမယ့် ငါ သူ့ရဲ့ ပင်ကိုအချစ် ကို လုံးဝ မြင်နိုင်တော့မှာ မဟုတ်ဘူး၊ သူ လုပ်ခဲ့တဲ့ အပြစ်အတွက် ငါ့အပေါ် သနားပြီး ဟန်ဆောင်ပျော့ ပျောင်းလိုက်မှာမျိုး . . . လာ ကြင်နာပြလိုက်မှာမျိုး



ကို ငါ အကြောက်ဆုံးပဲ၊ ငါ ဘာလုပ်သင့်သလဲ . . . ငါ ဘာလုပ်ရမလဲ"

"အင်း . . . မိုးမိုးပေါ်လာတာ မှားတယ်လို့ [illegible] မှန်တယ်လို့ ခေါ်မလား . . . မှိုဆိုတာ မွှေ့ [illegible] သိသွားပြီးကတည်းက ပျောက်သွားတာကို ကြည့်နဲ့ သိနိုင်တယ်၊ သူ မွှေ့ကို လုံးဝ ယက်မခံ . . . [illegible] မခံတဲ့ သဘောပဲလေ၊ ဒါဆို နင့်ကို သူ ဖြတ်ခဲ့တာ [illegible] ဆုံးဖြတ်ချက်နဲ့သူ စိတ်ညစ်နေပြီးသား ဖြစ်မှာပဲ . . . ဟုတ်တယ် မဟုတ်လား"

"ငါ့ကို သူ မေ့ပစ်လိုက်ပြီဆိုတဲ့ သဘောလားဟင်"

မျက်လုံးကလေး မေးမှိတ်လိုက်ကာ [illegible] မေးလိုက်မိသည်။ ရွှန်းတို့က ပြန်မဖြေကြ။ မေ့ [illegible] ကြားလည်း မကြားရဲပါ။ ရင်ထဲမှာ နှလုံးသားတွေ [illegible] ကြေမွကုန်ရပြီ။ မခွဲနိုင်စိတ်တွေက ပြင်းပြစွာ နှိပ်စက်နေ [illegible] မွှေ့ရင်ကဲ အခံရခက်လာသည်။ လွမ်းတစိတ်ဖြင့် ဖောက်ပြန်သော ရင်သည် ငြိမ်းမဖြေနိုင်။ [illegible] တကယ်ပဲ [illegible] သား မေ့နိုင်သလားကွယ်။

"ငါ သူ့ကို တွေ့ချင်တယ်"

"နင်က မိန်းကလေးဆိုတော့ [illegible] ကောင်းဘူးပေါ့ မွှေ့ရယ်။ သူ့ရင်ထဲမှာ နင့်ကို တကယ် [illegible] ချစ်ခဲ့ [illegible] အသားတား . . . ပြင်ပပုံစံအားဖြင့် သူက နင့်ကို [illegible] ဖြတ်ပေါက်ထားတာ၊ ဒါကို အဖြတ်ခံရတဲ့ [illegible] က ဘယ်လိုမျက်နှာမျိုးနဲ့ သူ့ကို သွားတွေ့မှာလဲ၊ နင့်

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ပြီး သူ့ကို ဘာပြောမှာလဲ၊ တောင်းပန် ခယမှာ
လား . . . သူ နင့်ကို ပြန်ချစ်လာအောင် နင် ကြိုးစား
မှာလား၊ သူ့ကိုတွေ့ပြီး နင် ဘာလုပ်ချင်တာလဲ၊ အ
ကောင်းဆုံးက သူ့ကို နင် မေ့လိုက်တော့"

"ဟင် . ."

မေ့မျက်နှာကလေး ဖွေးသွားသည်။ သူ့ကို မေ့
လိုက်ရမယ် . . . အတွေးထဲမှာတောင် မထားရက်တဲ့
စကားမျိုးကို ဇွန် ပြောရက်လိုက်တာ။

မျက်လုံးအကြောင်သားနှင့် ဇွန့်ကို ငေးကြည့်နေ
မိတော့ ဇွန်က သနားသွားပုံနှင့် မေ့ ခေါင်းကလေးကို
သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ . . .

"မေ့လေးရယ် . . . နင် အရမ်း အချစ်ကြီးနေတာတွေ
လျှော့တော့၊ နင် သေသေချာချာ စဉ်းစားယူကြည့်၊ သူနဲ့
နင် ဘယ်လိုမှ ပြန်ဆက်လို့ မဖြစ်နိုင်တော့ဘူး၊
ယောကျ်ားတစ်ယောက်ဟာ ဖြတ်ပြီးသားကိစ္စကို
တော်ရုံတန်ရုံ ပြန်ဆက်တော့မှာ မဟုတ်ဘူး၊ နင် မျှော်
လင့်နေရင် နင်ပဲ ခံစားရလိမ့်မယ်"

"သူ ငါ့ကို ဘာလို့ဖြတ်ရတာလဲ . . . သူ မစဉ်းစားဘူး
လား၊ သူလည်း တကယ်ချစ်လျက်သားနဲ့ ဘယ်တော့မှ
ပြန်မနိုးနိုင်တော့မယ့် အဖြစ်မျိုးကို သူ ဘာလို့ ဖန်တီး
ရက်ခဲ့တာလဲ၊ တကယ်ဆို ငါ့မှာ အပြစ်ရှိတယ်လို့ သူ
ယူဆရင်တောင် ငါ့ကို ဖွင့်ပြောဖို့ကောင်းတယ် . . .
သူ ပြောသမျှ ငါ လိုက်နာခဲ့တာပါ ဇွန်ရယ်၊ အခုတော့



ငါ . . . ငါ ရင်ကွဲရပြီ၊ ငါ သူနဲ့ မခွဲရက်ဘူး ဇွန်ရယ်၊
ငါ သူ့ကို အရမ်းချစ်တယ်"

"အေး . . . အဲဒီလို အရမ်းချစ်နေလို့ နင် ခံနေရတာ"

တွမ်ရယ် . . . ဘဝတစ်ခုလုံး ပုံအောပြီး ချစ်
ထားခဲ့ရတာမို့ လွယ်လွယ်ကူကူနဲ့ ဘယ်မေ့ရက်ပါ့မလဲကွယ်။

ခွဲခဲ့ရတုန်းက ရရှိခဲ့တဲ့ ခံစားချက်တွေဟာ အင်မ
တန် တုန်လှုပ်ချောက်ခြားဖွယ် ကောင်းခဲ့ရတာမို့ အဲသည်ခံစား
ချက်တွေကို ရင်ဆိုင်ရဖို့ဆိုတာဟာလည်း ခဲယဉ်းလှပါရဲ့။
တွမ် . . . တို့တစ်တွေ ခွဲခဲ့ရသော် ဘယ်လောက်ထိ ပြိုကွဲကြ
ရမယ်ဆိုတာ မင်း မသိဘူးလား . . . မသိခဲ့ဘူးလားဟင်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ... (၁၃)

"ငါ စိုးမိုးနဲ့တော့ သွားရှင်းချင်တယ် ... ငါ သူ့ကို တောင်းပန်ထားလျက်နဲ့ လုပ်လိုက်တာ အရမ်းမုန်းတာပဲ၊ သူ ဖျက်တိုင်း ဖျက်လို့မရဘူးဆိုတာ ငါ သူသိအောင် သွားပြောမယ် ... ပြီးတော့ တွမ့်ကို ငါ တွေ့ချင်တယ်၊ သူ မှိုဆိုတာ ငါမုန်းသိပြီးတဲ့နောက် ဘယ်လိုနေလည်း ဆိုတာ ငါ သိချင်တယ်၊ ငါနဲ့ပတ်သက်ပြီး သူ ဘာတွေ ခံစားနေရမလဲဆိုတာ ငါ သိချင်တယ်"

"အဲဒါ နင့်ခံစားချက် ပိုလာအောင် နင် လုပ်နေတာပဲ၊ မဖြစ်နိုင်တော့ဘူးဆိုတာ သိလျက်နဲ့ ကိုယ့်ကိုယ်ကို နှိပ်စက်နေတာမျိုးပဲ၊ သူ့ကိုတွေ့တယ်ထား ... သူ နင့်



အဖြစ်အပျက်တွေကို သနားနေတယ်ထား ... သနားရုံအပြင်က သူ ဘာလုပ်နိုင်မှာမို့လဲ၊ ပြတ်စဲထားပြီးသားကိစ္စကို သူ လွယ်လွယ်ကူကူ ပြန်ဆက်မလား၊ သူလိုယောကျ်ားလေးက ပိုတောင် ဆိုးသေးတယ်၊ မာနကလည်း ရှိလိုက်သေး၊ ဘယ်ကိစ္စကိုမှ ကလေးကစားသလို ပေါ့ပေါ့တန်တန် ဖန်တီးတာ မဟုတ်ဘူး၊ တွေးတွေးချင့်ချင့်နဲ့ သူ လူကြီးဆန်တာ နင် အသိဆုံးပဲဟာ၊ နင်ပဲ ရှေ့လျှောက် ခံစားနေရမှာစိုးလို့ ပြောတာ"

ငွန်းရှေ့မှာတော့ ငြိမ်နေလိုက်သည်။ ဒါပေမယ့် စိုးမိုးဆီရောက်အောင်တော့ သွားမှာပင်။ စိုးမိုးကို မုန်းတယ်ဟု ပြောပြီး ပြန်ကလဲ့စားချေရမည်။ မွေ့ လုပ်ရပ် အကောင်အထည်မပေါ်အောင် သူ လုပ်ရက်သည်။ တွမ်နဲ့ မွေ့ ခပ်မြန်မြန် ဝေးကွာသွားအောင် သူ လုပ်ရက်သည်။

"နင် စိုးမိုးဆီသွားဖို့ ဆုံးဖြတ်ထားသလား"

"ဟင်း ... ဟင်း နင်တို့ကလည်း"

"ရုပ်က ရောက်အောင်သွားမယ့် ရုပ်ပဲ၊ စိုးမိုးဆီ သွားတာကတော့ သွားပေါ့လေ၊ ဒါပေမယ့် ... တွမ့်ကို အယူခံဝင်မယ့် ဒီဂိုင်း မချိုးရဘူး၊ ကတိပေး ... စိုးမိုးကို နင်ပြောချင်သလို ပြောခဲ့၊ နင့်လုပ်ရပ် မအောင်မြင်တဲ့အတွက် ရိုက်ချင် ရိုက်ခဲ့ဦး၊ ဒါပေမယ့် နင် တွမ့်ကို ပြန်မဆက်သွယ်နဲ့တော့၊ နင့်ဘက်က အရမ်းအောက်နေပြီ"

"အရမ်းချစ်တာ ... အောက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အရမ်းချစ်တယ်ဆိုတာ နာမည်သာ ကောင်းတာ၊ လူပြောခံရတတ်တယ် . . . သိလား၊ အခု နင်လုပ်ပုံ ကိုင်ပုံတွေက လူပြော ကောင်းကောင်းခံရ မယ့်ပုံပဲ၊ ယောကျ်ားလေးတစ်ယောက်အပေါ် အဲဒီ လောက် ချစ်လွန်းနေတာ မကောင်းဘူး၊ မိန်းကလေး ဘက်က အရမ်းအောက်ကျလွန်းတယ်"

မွေ့ ခေါင်းကလေး ခါယမ်းကာ စိတ်ပျက်လက် ပျက်ရှိသွားရသည်။ မွေ့ အချစ်ဆုံး သူငယ်ချင်းတွေလည်း မွေ့အပေါ် နားမလည်နိုင်ကြပါလား။ မွေ့ရဲ့အချစ်ကို နား လည်မပေးကြပါဘူး။ မွေ့ရဲ့ရင်ထဲကအချစ်ကို အချစ်ခံရတဲ့ ချစ်သူတောင် နားမလည်နိုင်ခဲ့ဘူး။ မွေ့အပေါ် အပြစ်မြင် ရက်ခဲ့တယ် . . . မွေ့ကို ခွဲထားရစ်ခဲ့တယ် . . . ကျောခိုင်း ခဲ့ရက်တယ်။ မွေ့ သိပ်ကံဆိုးနေပြီလားကွယ်။ တွယ်တာခြင်း ကြီးမြင့်တတ်တဲ့ မွေ့လို လူမျိုးအပေါ်မှာမှ အချစ်ဆိုတဲ့ ကံတရားက ရက်စက်လွန်းရာ ကျမနေဘူးလား။ သိပ်ချစ်ရတဲ့ ချစ်သူကို သိပ်ချစ်ခွင့်လည်း မရနိုင်ခဲ့ဘူး။

"ခေါင်းခါမနေနဲ့ . . . သွားချင်ရင်သွား၊ ငါတို့ လိုက် ပေးရမလား"

"ဟင့်အင်း . . . မသွားတော့ဘူး"

"ဟဲ့ . . . မူတာလား . . . သဘောပဲ"

မွေ့ စိတ်မကြည်လင်တာကို သိတာကြောင့် နုအိက ဝင်နှောက်ပေးနေပြန်သည်။ မွေ့ မမူနိုင်တော့ဘဲ ထိုင်ရာမှ ထ,လိုက်သည်။ ရင်ထဲမှာ ခံစားရတဲ့ ဝေဒနာတွေ



အတွက် ထွက်ပေါက်ဆိုတာ စိုးမိုးဆီမှာပဲ ရှိတော့တာ။ စိုးမိုး ကို ရန်တွေ့ ရင်ဖွင့်ပစ်လိုက်ရရင် မွေ့ သက်သာနိုင်ကောင်း ပါရဲ့။ မှန်တင်ခုံပေါ်မှ သက္ကလတ်ဦးထုပ်ကလေး ကောက် ဆောင်းကာ အပြင်ထွက်မည့်ဟန်ပြင်တော့ ဖွန်တို့ ရယ်မောသံ တွေ အကျယ်ကြီး ထွက်လာသည်။

"ဘာရယ်တာလဲ . . . အားအားရှိ သူတို့က ရယ်နိုင် ကြောင်း ကြွားနေတယ် . . . ငါ့ကို လှောင်နေတာ လားဟေ့"

"ဟီဟိ . . . နင့်ပုံစံက ရန်တွေ့မယ့်ပုံစံမှ မပေါက် တာ . . . စိုးမိုးက နင့်ကို ကောက်ချီလိုက်လိမ့်မယ်"

မွေ့ ဟဲ့ခနဲ အော်မိကာ ကိုယ့်ကိုယ်ကို ငုံ့ကြည့် ရင်း ရယ်မိသွားရသည်။ ကြိုးတစ်ချောင်းအတွက် အင်္ကျီ ကလေးနှင့် နှစ်ထပ်စကတ်ကားကားကလေးက ဖူးထိပဲရှိကာ နားကွင်းဝိုင်းဝိုင်း ဦးထုပ်ကလေးနှင့် ကလေးပုံပေါက်နေတာ ကြောင့် စိတ်ပျက်စွာ ထိုင်ချပစ်လိုက်သည်။ ဖွန်တို့ ဝိုင်းဟား နေတာကြောင့် မနေသာတော့ဘဲ အပေါ်က ဂျာကင်ထပ်စွပ် စကတ်ချွတ်ကာ ဘောင်းဘီထပ်ဝတ်ရင်း ထွက်လာခဲ့သည်။ ပုံစံက မိုက်တိမိုက်ကန်းပုံ ပေါက်လာရကာ စိုးမိုး ဖြုံသွားစေ ရမည်။ မမိုးကို ကားမမောင်းခိုင်းတော့ဘဲ ကိုယ်တစ်ယောက် တည်းသာ သွားချင်တာကြောင့် စီးနေကျ ပါဘရစ်ကာ ကလေးပေါ် တက်ထိုင်လိုက်သည်။ ဖွန်နှင့် နုအိတို့ ပေါ်တီကို အောက်မှ လာရပ်ကြည့်နေရင်း . . .

"တွမ်ဆီ မသွားနဲ့နော် . . . ငြိမ်းဝင်မိတာဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းလည်း မရှာနဲ့ ကြားလား"

လှမ်းအော်နေကြတာမို့ မွေ့ ခေါင်းကုတ်ကာ မျက်စောင်းထိုးပြလိုက်ရင်း ခပ်ဖြည်းဖြည်း မောင်းထွက်လာခဲ့သည်။ ကားမမောင်းတာ နှစ်နှစ်ကျော်ခဲ့ပြီမို့ နည်းနည်းတော့ လန့်ချင်သည်။ ဒါပေမယ့် ဘာလို့များ သည်နေ့မှ သည်လောက်တောင် စိုးမိုးဆီ သွားချင်နေမိမှန်း စိတ်က မှန်းမရနိုင်။ အဓိက စိုးမိုးကို သိပ်မုန်းနေတာ ပြောပစ်ချင်စိတ်တွေ များနေတာကြောင့်ပဲ ဖြစ်မည်ထင်သည်။

♦ ♦ ♦



စိုးမိုးတို့ခြံ အရောက်မှာ မျက်ဝန်းက ဟိုဘက်ခြံဆီ ရောက်သွားစဉ် တွမ့်အိမ်ဟူသောအသိနှင့် ရင်ထဲ နွေးထွေးသွားရသည်။ တိတ်ဆိတ်ခြောက်ကပ်နေသော တွမ့်ခြံကလေးကို တစ်ခဏ စိုက်ကြည့်နေမိပြီးမှ လာဖွင့်ပေးသော ခြံတံခါးမှ မောင်းဝင်လာခဲ့သည်။ ကားကို ပေါ်တီကိုထိ မောင်းမသွားတော့ဘဲ ပိတောက်ပင်ကြီးရှိ ခုံတန်းဝိုင်းမှာ ထိုင်ကာ ဘီယာ စုပ်နေသော စိုးမိုးကို မြင်သွားရကာ သူ့ ဘေးမှာပင် ထိုးရပ်ပြီး ဆင်းလိုက်သည်။ မွေ့ကိုမြင်တော့ စိုးမိုးက သိပ်အံ့ဩသွားဟန်နှင့် မျက်လုံးဝိုင်းကာ စိုက်ကြည့်နေ၏။ မွေ့ နှုတ်ခမ်းကို ကိုက်ရင်း သူ့ရှေ့မှာ ရပ်လိုက်ကာ . . .

"ရှင့်ကို စာရင်းလာရှင်းတာ . . . ရှင်းလား ကမ္ဘာပေါ်မှာ ရှင့်လောက်ယုတ်မာပက်စက်ရိုင်းစိုင်းတဲ့သူ မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး သိရဲ့လား . . . ရှင့်ကို အတန်တန်တောင်း ပန်ထားတဲ့ ကိစ္စကို ရှင် လုပ်ရက်တယ် . . . အခု တွမ့်ကို ရှင်ပြောလိုက်တယ်မဟုတ်လား . . . တွမ် မွေ့ကို ရှောင်သွားပြီ"

"ထိုင်ပါဦး မွေ့ရယ် . . . မွေ့ အရမ်း ဒေါသထွက်နေ တာပါလား၊ ထိုင်ဦး မွေ့ . . . တို့ ပြောပြမယ်"

"မပြောနဲ့ . . . ဘာမှ မကြားချင်ဘူး၊ ရှင်ပြောတာ နားထောင်ဖို့ မွေ့လာတာ မဟုတ်ဘူး၊ မွေ့ပြောတာကို ပဲ ရှင်နားထောင် . . . မွေ့ ရင်ဖွင့်ဖို့လာတာ သိလား"

"ဪ . . . ရင်ဖွင့်ဖို့လား၊ ထိုင်ဦးလေ . . . လာ မွေ့"

မွေ့ သူနှင့် တစ်တောင်လောက်ခွာကာ ထိုင်ချ လိုက်ပြီး သူမျက်နှာကို စူးရဲစွာ ကြည့်ပစ်လိုက်သည်။

"တွမ် မွေ့ဘဝမှာ မရှိတော့ရင် မွေ့ ဘာလုပ်ရမလဲ၊ တွမ့်ကို မွေ့ သိပ်ချစ်တယ် . . . စိုးမိုးနဲ့ မသိခင် တွမ်ဆိုနဲ့ နာမည် စကြားကတည်းက ချစ်ခဲ့တာ၊ စိုးမိုးကို စခဲ့ပြီးတဲ့နောက်ပိုင်း စိုးမိုး မွေ့ကို လာရောတော့ မွေ့ ခါထုတ်ပစ်လိုက်ဖို့ပဲ၊ ဒါပေမယ့် . . . တွမ်က စိုးမိုး သူငယ်ချင်း ဖြစ်နေတယ်ဆိုတဲ့အချက်နဲ့ ရှင့်ကို မွေ့ ဆက်ဆံနေခဲ့တာ၊ ရှင် ချစ်ရေးဆိုတော့လည်း မိုး ကောင်းတုန်းကလို အရှုတ်ခွဲပစ်လိုက်ဖို့ပဲ၊ ဒါပေမယ့် မိုးကောင်းကိစ္စနဲ့ မွေ့ကို မကျေမနပ် ဖြစ်နေတဲ့ တွမ် ပိုပြီး မကျေမနပ်ဖြစ်သွားမှာစိုးလို့ ကောင်းကောင်းပဲ



ငြင်းခဲ့တာ. . . ငြင်းတာတောင် စိုးမိုး ဆက်ကပ်တာကို ပြတ်ပြတ်သားသား မလုပ်ခဲ့တာ တွမ့်ကြောင့်ပဲ . . . တွမ် မွေ့ကို ရှုတ်ချမှာစိုးလို့ တွမ့်သူငယ်ချင်းဖြစ်နေတဲ့ ရှင့်ကို အောင့်အည်းပြီး ဆက်ဆံနေရတာကို ရှင်က ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မျှော်လင့်နေခဲ့တာ . . . မွေ့ကမ္ဘာမှာ မွေ့အချစ်ဆုံးဟာ တွမ်ပဲ . . . တွမ်ကလွဲ လို့ မွေ့ ဘယ်သူကိုမှ စိတ်မကူးခဲ့ဘူး . . . သိရဲ့လား"

"တွမ်နဲ့ မွေ့ ချစ်ခဲ့ကြတော့လည်း မွေ့အပေါ်မှာ ကြင် နာခဲ့တဲ့ တွမ့်ကို မွေ့ အရမ်းချစ်ခဲ့တယ် . . . တွမ်နဲ့ ခွဲခွာဖို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး၊ တွမ့်ကို အရမ်း ယုံကြည်ခဲ့တယ်"

စိုးမိုးက ပြုံးလိုက်ရင်း . . .

"ယုံလို့ ဖြတ်စာ ရောက်လာတယ်လေ"

ဟု ခပ်တိုးတိုး ဝင်ပြောသည်။ မွေ့ စိုးမိုးကို နှမ်းတီးစွာ စိုက်ကြည့်ရင်း . . .

"အင်းပေါ့ . . . အဲဒီဖြတ်စာ ရောက်လာတာ အကြောင်းတစ်ခုခုတော့ ရှိကိုရှိရမှာပေါ့ . . . မွေ့ အပေါ် တွမ် တကယ် လေးလေးနက်နက် ချစ်ခဲ့တာ မွေ့ သိတာပေါ့၊ ချစ်ခဲ့တာက သူများတွေလိုတောင် မဟုတ်ဘူး၊ ရည်မှန်းချက်တွေ . . . ရည်ရွယ်ချက်တွေနဲ့ ချစ်ခဲ့ကြတာ၊ အရာရာကို လေးလေးနက်နက်နဲ့ ဇွန်စ် တကျ စီစဉ်ခဲ့တဲ့ တွမ့်ဆီက ဒီလို ပေါ့ပေါ့ပျက်ပျက် အောက်တန်းကျတဲ့ ဖြတ်စာ ရောက်လာတာ အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းဘာခုခု ရှိကို ရှိရမယ်၊ အဲဒါကို မေ့ မစုံစမ်း
သင့်ဘူးလား၊ မေ့ သိပ်ချစ်တဲ့ချစ်သူကို ဒီစာလေးတစ်
စောင်နဲ့ မေ့ အသွယ်တကူ မေ့ဖျောက်ပစ်လိုက်ရမှာ
လား၊ ဒီလောက် ပစ်စလက်ခတ်ဖြစ်ရတဲ့ကိစ္စကို မေ့
ဘက်က စုံစမ်းရမှာပေါ့၊ တကယ်ဆို မေ့ကို တကယ်
ချစ်တယ်ဆို ရှင်ကတောင် ပိုင်းပြီး စုံစမ်းပေးရ
မှာ . . . ရှင်နဲ့တွမ် အနီးကပ်ဆုံးပဲ၊ တွမ် . . . ဘာတွေ
ဖြစ်ခဲ့သလဲ၊ ဘာအကြောင်းကြောင့်လဲဆိုတာ ရှင်
စုံစမ်းပေးသင့်တယ်၊ အခုတော့ မေ့ဘာသာ စုံစမ်းနေ
တာကို ကဖျက်ယဖျက်"

"မေ့ရယ် ဘယ်နှခါပြောရမလဲ . . . စုံစမ်းပြီးလို့ မေ့ကို
ပြောခဲ့တာပေါ့၊ တွမ် မေ့ကို တကယ်ချစ်ခဲ့တာ မဟုတ်
ဘူး၊ တမင် ချိုးချင်တဲ့ဆန္ဒနဲ့ ချစ်ဟန်ဆောင်ခဲ့တာ၊ မေ့ကို
သူ မုန်းနေခဲ့တယ် . . . မိုးကောင်းကိစ္စကိုလည်း
ကလဲ့စားပြန်ချေမယ်၊ မေ့ မာနကိုလည်း ချိုးမယ်ဆိုတဲ့
အစီအစဉ်နဲ့ သူဝင်လာတာ၊ ဝင်လာပြီးတော့မှ ယုတ္တိရှိ
အောင် သူကြိုးစားတော့မှာပေါ့၊ ဟန်ဆောင်တဲ့သူဟာ
ပိုပြီး ပိပိရိရိ လေးနက်တတ်တယ်၊ ဒါကို မေ့က အဟုတ်
ထင်နေတာကို တို့ ဘာတတ်နိုင်မှာလဲ၊ ဒီကောင့်အကြံကို
သိလို့ မေ့ကို အကြိမ်ကြိမ် တားမြစ်ခဲ့တော့ မေ့က တို့ကို
မနာလိုဘူးတဲ့ . . .

တကယ်ချစ်တဲ့ တို့အပေါ်မှာကျတော့ မေ့
အနိုင်ယူတယ် . . . မေ့ကို တကယ်မချစ်တဲ့ကောင်ကို



ကျတော့ မေ့ လိုက်လျှောလွန်းနေတာ ကောင်းသလား၊
သူ ဖြတ်ခဲ့ပါတယ်ဆိုတာကို မေ့က ဘာလို့ ဖြတ်ရတာ
လဲ ဆိုပြီး အဓိပ္ပါယ်မရှိတဲ့ အကြောင်းပြချက်နဲ့ တွမ့်ဆီ
ပြန်ကပ်နေတာကို တို့ ကြည့်နေသင့်သလား၊ မှူးဆိုတဲ့
ပုံစံနဲ့ ဒီကောင် ချစ်လာအောင် ကြိုးစားနေလည်း
မှူးဆိုတာ မေ့ပဲလို့ သိလာတဲ့ တစ်နေ့မှာ ဒီကောင်
မေ့ကို ခွာဦးမှာပဲ၊ ဒီတော့ စောစောကတည်းက တို့
ဖွင့်ပြောလိုက်တော့ ရှင်းရော၊ ထင်တဲ့အတိုင်းပဲ
ဒီကောင် မေ့ကို ရှောင်သွားတာပဲ မဟုတ်လား"

"ရှင် ဘာတွေ ပြောလိုက်လဲမှ မသိတာ"

သူ့မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်ရင်း မေ့
ယုံ့စွာ မေးလိုက်သည်။ စိုးမိုး မျက်နှာပျက်သွားသလို ဖြစ်သွား
ပြီးမှ . . .

"ဩော် . . . ဟော် ရှင်းရှင်းလေးပါ၊ မင်းကို မှူးဆိုပြီး
လာကပ်နေတာ မေ့ပဲလို့ ပြောလိုက်တာပေါ့၊ သူ အရမ်း
အံ့ဩသွားတယ်၊ မယုံဘူးတဲ့ . . . သည်တော့ မေ့
လန်ဒန်မှာ ကားတိုက်မှု ဖြစ်တာရယ်၊ မျက်နှာ ပလတ်
စတစ်ဆာဂျရီ လုပ်လိုက်ရတာရယ် အကုန်ပြောပြ
လိုက်တယ်၊ သူ အရမ်းအံ့ဩနေတယ် . . . ဒါပါပဲ"

"ဒီလောက်နဲ့ သူက ခွာသွားရောလား . . . သူ ဖြတ်ခဲ့
တဲ့ မေ့က စိတ်မနာနိုင်ဘဲ သူ့ဆီပြန်ရောက်လာတာကို
သူ မတွေးမိဘူးလား၊ မေ့ တကယ်ချစ်လို့ အားလုံးကို
ခွင့်လွှတ်ဖျောက်ဖျက်ပစ်လိုက်တယ်ဆိုတာ သူ နားမ

www.burmeseclassic.com

www.burmeseclassic.com



လည်ဘူးလား . . . သူ ဘာလို့ ရှောင်သွားတာလဲ"

"ရှင်းပါတယ် . . . သူ့ကို မွေ့ ပြန်ပြီး ကလဲ့စားချေမှာ ကို ကြောက်လို့ပေါ့၊ မွေ့ကို သူ အနိုင်ယူခဲ့ပြီးတော့ မွေ့ သူ့ကို ကလဲ့စားချေမှာကို ကြောက်မှာပေါ့"

"စိုးမိုး အထင်ချည်းပဲ မဟုတ်လား . . . တွမ်က ဒီလို ထင်မှာလား၊ ဒီလိုထင်နေရင်လည်း မွေ့ သွားရှင်းမှာ ပေါ့၊ တွမ့်ကို မွေ့ ဘယ်တော့မှ ကလဲ့စား မချေရက်ဘူး ရယ်၊ တွမ့်ကို အရမ်းချစ်တာရယ်ကို တွမ်သိအောင် ပြောရမှာပေါ့ . . . ပြီးတော့ မွေ့ကို ဘာလို့ ဖြတ်ရတာ လဲ ဆိုတာကို တိတိကျကျသိအောင် မွေ့ မျက်နှာချင်း ဆိုင် မေးမှာပေါ့"

"ဘာဆိုင်လို့ မေးရမှာလဲ . . . မမေးရဘူး မွေ့၊ မင်း တွမ့်ကို လုံးဝ မဆက်သွယ်ရဘူး၊ သူနဲ့ မတွေ့ရဘူး"

"သေပါလား . . . သေပါလား၊ ရှင်က ဘာမို့လို့ မေးမယ် . . . မေးမယ်၊ တွမ့်ကို အခုချက်ချင်း သွား မေးမယ် သိရဲ့လား၊ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ရှင့်ကို မွေ့ မုန်း ထားပြီးသား . . . ရှင်နဲ့မွေ့ ဘာမှ မပတ်သက် တော့ဘူး"

"မွေ့ မသွားရဘူးနော်"

ဆတ်ခနဲ ထလိုက်သော မွေ့လက်ကို စိုးမိုး လှမ်းဆွဲထားကာ တထိတ်ထလန့် ပုံစံနှင့် တားဆီးတာမို့ မွေ့ လက်ကို ဆောင့်ရုန်းထွက်လိုက်ရင်း . . .

"ရှင် အေးအေးနေ စိုးမိုး . . . ရှင့်ကိုမုန်းတယ် သိလား"



"မင်း သွားလို့မဖြစ်ဘူး မွေ့ . . . မင်းကို သူ လုံးဝ အတွေ့ခံမှာ မဟုတ်ဘူး . . . မင်းကို သူ အရမ်း နာ ကြည်းနေတာ"

"သွားစမ်းပါ . . . ငပေါစကားတွေ လာမပြောနဲ့၊ မွေ့ကို တွမ်က သိပ်ချစ်တာ . . . နားလည်လား၊ မွေ့ကို ဘယ်တော့မှ မနာကြည်းနိုင်ဘူး၊ မွေ့တောင် သူ့ကို မနာကြည်းခဲ့ဘူး"

"ဟား ဟား . . . အဲဒါက မင်းအထင်ကိုး မွေ့ရဲ့၊ ဒီမှာ မွေ့ . . . မင်း စိုးမိုးဆိုတဲ့ကောင်ကို တစ်သက်လုံး မချစ်နိုင်ခဲ့သလို တွမ်ဆိုတဲ့ကောင်ကိုလည်း လုံးဝ မချစ် ရဘူး . . . မှတ်ထား"

အံကြိတ်ကာ အော်ပြောနေသော စိုးမိုးအသံက ...နိုင်းတက်လာသည်။ စိုးမိုးမျက်နှာကိုကြည့်ကာ မွေ့ရင်ထဲ ...ချင်စိတ်တွေ တဆွဆွ တက်လာ၏။ မွေ့နှင့် စိုးမိုးကြားက ...ခြေအနေမှာ မျှော်လင့်မထားဘဲ ရုတ်ခြည်း တင်းမာပေါက် ...လာတော့သည်။

"ရှင်က ဘာကောင်ကြီးမို့လဲ၊ မွေ့ကို လာတားလို့ လုံးဝ မရဘူးမှတ်ထားလိုက်၊ စိတ်ချ . . . တွမ့်ကို ရအောင်ကို ပြန်ချစ်ပြမယ် . . . ရှင်းလား၊ ရှင် မြဲမြဲမှတ်ထား . . . ရှင် မွေ့ဘဝထဲမှာ လုံးဝ မရှိတော့ဘူး၊ ရှင့်ကို လုံးဝ မုန်းလိုက်ပြီ၊ ရှင်နဲ့မွေ့ ဘာမှ မပတ်သက်တော့ဘူး၊ ရှင့်လမ်း ရှင်သွား . . . မွေ့လည်း မွေ့လမ်း မွေ့သွား မယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းလမ်း မင်းသွားချင်တိုင်းလည်း မ
တော့ဘူး၊ တွမ် မင်းကို မေ့ထားလိုက်ပြီ၊ မင်းကို မုန်း
သွားပြီ . . . နောက်ဆုံး ရှင်းပြလိုက်မယ် မင်းတွေ့
ကြိုးစားလည်း သူ အတွေ့ခံမှာ မဟုတ်ဘူး၊ ဘာကြော
လဲသိလား . . . မင်း သူ့ကို ဖြတ်လိုက်တဲ့စာ သူ
ရောက်ခဲ့တာ နှစ်နှစ်ကျော်ပြီ"

"ဘာ . . ."

မွေ့ မျက်လုံးတွေ ပြာမိုက်သွားကာ နှလုံးသွေး
တွေ ရပ်တန့်သွားရသည်။ ထိတ်လန့်တုန်လှုပ်စွာ စိုးမိုးမျက်နှာ
ကို ပြူးကြောင်ကြောင် စိုက်ကြည့်နေမိရင်း နှလုံးခုန်သံတွေ
ဆူညံပြင်းပြလာသည်။ ရင်တွေ ပွက်ပွက်ဆူတမျှ ပူပန်သွား
ကာ . . .

"တွမ့်ကို မွေ့ဖြတ်လိုက်တဲ့စာ . . . ဟုတ်လား . . .
ဘာတွေလဲ . . . ဘာ . . . ဘာလဲ"

စကားတွေ ပီသစွာ ဆက်မပြောနိုင်ဘဲ နှုတ်ခမ်း
တွေတုန်ယင်ကာ ဆွံ့အ,သူ တစ်ယောက်ပမာ ကြောင်ငေးငေး
ကြီး ဖြစ်နေသည်။ မယုံကြည်ဖွယ် စကားတစ်ခွန်းက မွေ့နှလုံး
သားကို ဆွဲထုတ်ယူငင်လိုက်သလို ရင်ထဲ ဟာကျလွန်းလှသည်

"သိပ်အံ့သြနေလား . . . မင်းလက်ရေးနဲ့ တွမ့်ဆီ
မင်းက ဖြတ်လိုက်တဲ့စာ ရောက်ခဲ့တာ လွန်ခဲ့တဲ့ နှစ်နှ
ကတည်းကပဲ"

"အို . . . မွေ့မှ မရေး"

"ဩော် . . . မွေ့ကလည်း မွေ့လက်ရေးကိုရော တွ



လက်ရေးကိုပါ တို့ ကျွမ်းကျင်တယ်ဆိုတာ မင်း သိတယ်
မဟုတ်လား၊ မင်းဆီကို လန်ဒန်မှာတုန်းက စာလာပေး
တဲ့ကောင်နဲ့အတူ တွမ့်ကိုပေးဖို့စာပါ . . .
တို့ ရေးလိုက်တာ . . . ရှင်းလား၊ ဟိုကောင်က လန်ဒန်
စာတိုက်ကနေ တွမ့်လိပ်စာတပ်ပြီး တွမ့်ဆီ ထည့်ပေး
လိုက်တယ်၊ စာရောက်လာတော့ တွမ့်အနားမှာ ဘိုရှိနေ
တယ် . . . တွမ် ပေါက်ကွဲသွားအောင် တို့ပဲ ဆွပေး
လိုက်ရတာ၊ မွေ့နဲ့ငါကမှ တကယ့်ချစ်သူတွေလို့ . . .
မင်းကို မွေ့က မုန်းနေတာလို့"

"ဟင် . . ."

မွေ့ ပေါက်ကွဲလွင့်စဉ်သွားပြီးနောက် နာကြည်း
လွန်းစွာ စိုးမိုးပါးဆီ ဘယ်ပြန်ညာပြန် ရိုက်မိလိုက်မိသွား
သည်။ စက်ဆုပ်လွန်းစွာကြည့်ရင်း . . .

"လူယုတ်မာ . . . လူယုတ်မာ . . . နင် အရမ်းယုတ်
မာတယ်၊ နင့်ကို အရမ်း အရမ်း မုန်းတယ် . . . မုန်း
တယ်"

မွေ့ ချာခနဲ လှည့်ပြေးအထွက်မှာ ရင်နှ
ကျရောက်သွားရသည်။ ထိတ်လန့်လွန်းစွာ မော့ကြည့်မိ
သော မျက်ရည်စိုလက်နေသော မျက်ဝန်းများဖြင့် ကြင်နာစွာ
ငေးနေသော သူကလေးက . . .

"မွေ့ရယ် . . ."

ဟု ခပ်တိုးတိုးရွတ်ရင်း မေးကြော . . .
နေအောင်ပင် အံကြိတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း ရက်စက်လှချေလား စိုးမိုး . . . မင်း ဒီလောက်တောင် ယုတ်မာခဲ့သလား"

မျက်နှာတစ်ပြင်လုံး ရဲရဲနီကာ အော်ဟစ်နေသော တွမ့်မေးလေးကို မွေ့ ဆွဲကိုင်လှုပ်ယမ်းလိုက်မိသည်။

"တွမ် . . . သတိထားနော်၊ စိုးမိုး . . . ရှင်ထွက်သွား"

စိုးမိုး ချာခနဲ လှည့်ကာ ထွက်သွားသည်။

"မွေ့ရယ် . . . ကိုယ် စိတ်မကောင်းလိုက်တာ၊ မွေ့လေးကို ကိုယ် အရမ်းနာကြည်းနေခဲ့မိတယ်၊ နာကြည်းစရာပဲလေ . . . မွေ့လေး စဉ်းစားကြည့် . . . ဒီကောင် ပိပိရိရိ လုပ်ခဲ့တာ၊ မွေ့လက်ရေးနဲ့ မွေ့ဖြတ်တဲ့စာကို ဖတ်ပြီးပြီးချင်း ရင်ထဲက ဟုန်းခနဲပဲ အသားတောင် တဆတ်ဆတ်တုန်တယ်၊ ကိုယ့်ကို အရှက်ခွဲလိုက်တာမျိုး ကိုယ့်မာနကို ချိုးချလိုက်တာမျိုးပေါ့၊ ကိုယ် အရမ်းခံစားရတာပဲ၊ ရင်ကွဲတာက တစ်ဖက် . . . ရှက်တာက လည်း တစ်ဖက်၊ မခံချင်စိတ်တွေရော အစုံပဲ၊ ရင်ထဲ အရမ်း လောင်မြိုက်ခဲ့ရတာ . . .

မွေ့အပေါ် သိပ်ချစ်ခဲ့ရတော့ လုပ်ရက်လိုက်တာ ဆိုတဲ့ စိတ်နဲ့ အရမ်းပေါက်ကွဲမိတာပဲ . . . စိုးမိုး ကလည်း ပြောတာပေါ့၊ ကိုယ့်ကို မွေ့က အရင်ကတည်းက မုန်းနေတာတဲ့၊ ကိုယ် မွေ့ကို မိုးကောင်းကိစ္စနဲ့ ပတ်သက်ပြီး ရန်စခဲ့ဖူးတာကိုး . . . မွေ့ အငြိုးကြီးကြီးနဲ့ ကိုယ့်ကို ချွတ်လိုက်တာပေါ့၊ သူနဲ့ မွေ့နဲ့ကမှ တကယ် ချစ်ခဲ့ကြတာတဲ့၊ ပူထူနေတော့ကွာ . . . ဘာမှလည်း



မမြင်မိတော့ဘူး . . . မွေ့ လုပ်ရက်သွားတာအတွက် အရမ်းလည်း ရှက်တာပဲ၊ မာနတစ်လုံးနဲ့ နေလာခဲ့ပြီးမှ မိန်းကလေးတစ်ယောက်ရဲ့ လှည့်စားစော်ကားတာကို ခံလိုက်ရတယ်ဆိုပြီး အရမ်း အခံရခက်တာ"

"တွမ် . . . တွမ်ရယ် . . . မွေ့ . . . မွေ့ အဲဒီလို လုပ်ဖို့ စိတ်တောင် မကူးခဲ့ဖူးပါဘူး၊ တွမ့်ကို မွေ့ အရမ်းပဲချစ်တာ . . . မွေ့ တွမ် ခွဲသွားမှာကိုတောင် သိပ်ကြောက်ခဲ့တာပါ . . . မွေ့က စခွဲဖို့ဆိုတာ တွေးတောင် မတွေးခဲ့မိဘူး"

ရုတ်တရက် စိုးမိုးတို့အိမ်ထဲမှ ထိခိုက်ကွဲရှသံတွေ ဆူညံလာရတာမို့ မွေ့နှင့် တွမ် လူချင်းခွာလိုက်သည်။ တစ်အိမ်လုံး စိုးမိုးအော်သံတွေ ဆူညံသွားတာမို့ မွေ့နဲ့တွမ် မွေ့ကားပေါ်တက်ကာ မောင်းထွက်ခဲ့လိုက်သည်။ စိုးမိုး အရမ်းထိခိုက်ပေါက်ကွဲသွားပုံပဲ။ စိုးမိုးလို အချစ်မျိုး . . . စိတ်မာတ်မျိုးကို မွေ့ အရမ်းပင် ကြောက်လန့်သွားရသည်။ ကံကောင်းလို့ မွေ့နဲ့တွမ် မဝေးကြရတာ။ ဒါတောင် နှစ်နှစ်ကျော်ကျော် တစ်ယောက်ကို တစ်ယောက် အထင်လွဲမှား နာကြည်းနေခဲ့မိတာ။ အကွက်ကျကျ စီစဉ်ကာ မွေ့နဲ့ တွမ့်ကို ခွဲခွာခဲ့တဲ့ စိုးမိုးကို မွေ့ သိပ်ကြောက်သွားမိသည်။ ယောကျ်ားလေးတစ်ယောက်ကို မချစ်နိုင်ဘဲ ပေါ့ပေါ့ပျက်ပျက် သွားစခဲ့မိတာအတွက် နောင်တဆိုတာ စိုးမိုးနှင့် အကြိမ်ပေါင်းများစွာ ရှိခဲ့ရပြီ။ နောင်ဆိုရင် မွေ့ချစ်သူလေး တွမ့်ရင်မှာ ထာဝရနားခိုကာ အေးအေးဆေးဆေးလေးပဲ မွေ့ နေဖြစ်တော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



တွမ်နှင့် ခွဲခွာခဲ့ရဖူးသည့် အချိန်ကလေးတွေကို နှမြောတသစွာ လွမ်းဆွတ်မိရင်း မခွဲနိုင်တော့တဲ့ ခံစားချက်နှင့်အတူ တွမ့် ရင်ခွင်နား ကပ်နေလိုက်မိသည်။ တွမ်နဲ့မွေ့ သည်တစ်သက် မခွဲပါရစေနဲ့တော့။



## အခန်း ... (၁၄)

"မွေ့ရယ် ... ကိုယ့်အပေါ်မှာ သန့်သန့်စင်စင်လေး ချစ်ခဲ့တဲ့ မွေ့လေးကို ဟန်ဆောင်ခဲ့တယ်လို့ အထင်လွဲခဲ့မိတယ်"

"ဘာထူးလဲ တွမ်ရယ် ... မွေ့လည်း တွမ့်ကို အထင်လွဲနေခဲ့မိတာပဲ၊ ခံစားချက် အတူတူတွေနဲ့ မွေ့နဲ့တွမ် ဝေးနေခဲ့ရတယ်နော် ... မွေ့ စိတ်မကောင်းလိုက်တာ"

တွမ်က မွေ့မျက်နှာကလေးကို လာရောက် စိုက်ကြည့်လိုက်တာမို့ ကားက ယိမ်းသွားရသည်။ တွမ်က [illegible]ကို သမ်းဘေးမှာ ထိုးရပ်လိုက်ရင်း ...

"မွေ့လေးဆိုတာ ကိုယ်မြတ်နိုးတဲ့ ပုံစံလေး ရအောင် ပြုပြင်ယူခဲ့ရတဲ့ ကိုယ့်ကို သိပ်ချစ်ခဲ့တဲ့ ချစ်သူလေးဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ကိုယ် အရမ်းယုံပါတယ် . . . အထင်လွဲနေခဲ့မိတာတွေက မွေ့ကြောင့်လည်း မဟုတ်သလို ကိုယ့်ကြောင့်လည်း မဟုတ်ခဲ့ဘူးလေ . . . စိုးမိုးကြောင့် ကိုယ်တို့ ဝေးခဲ့ကြရတာ၊ မာန အချိုးခံခဲ့ရတယ်ဆိုပြီး ကိုယ် ရှက်စိတ်နဲ့ မွေ့အပေါ် နာကြည်းနေခဲ့မိပေမယ့် မွေ့လေးကို တစ်ရက်မှ မမေ့ခဲ့ဘူး . . . ကိုယ် မွေ့လေးကို အရမ်းချစ်ခဲ့တယ်ဆိုတာ မွေ့လေး ယုံလားဟင်”

“မွေ့ အရမ်းယုံပါတယ် . . . လွမ်းလိုက်တာ တွမ်လေးရယ်၊ မွေ့ . . . မွေ့မျက်နှာ ပြောင်းလဲသွားတာ တွမ် ဘယ်လို နေလဲဟင်”

“အရမ်းတော့ ထူးဆန်းအံ့ဩနေမိတယ် . . . ဒါပေမယ့် မှိုဆိုတာကလေးနဲ့ ကိုယ့်နားမှာ ရှိနေကတည်းက မွေ့လေးရဲ့ မျက်လုံးကလေးရယ်၊ အသံလေးရယ်၊ လှုပ်ရှားပုံ အမူအရာလေးတွေရယ်၊ နေပုံထိုင်ပုံကလေးတွေကို မွေ့နဲ့တူလွန်းလို့ ရင်းနှီးနေခဲ့မိတာ . . .

စိုးမိုးပြောပြောချင်း ကိုယ်က အရမ်း တုန်လှုပ်သွားတာပဲ၊ ယုံတောင် မယုံချင်ဘူး . . . နောက်မှ တဖြည်းဖြည်း လက်ခံယူလိုက်ဒိတာ၊ မွေ့ကို အရမ်း သနားတာပဲ၊ နာကြည်းမိတာတွေတောင် ပျောက်ပျက်ပြီး မွေ့ကို အရမ်း အားပေးချင်နေမိတာ၊ ဒီနေ့လည်း ခြံထဲမှာ မွေ့ ကားလေးတွေ့လို့ ကိုယ် ဝင်လာခဲ့မိတာ၊ ဒါကြောင့် အကုန်ကြားလိုက်ရတာ . . . မွေ့သာမရှိရင် ကိုယ် စိုးမိုးကို တစ်ခုခု လုပ်လိုက်ပြီးပြီ . . . လုံးဝကို

BURMESE CLASSIC .com



ပေါက်ကွဲသွားတာ . . . အချိန်တွေ နည်းနည်းနောနော မဟုတ်ဘူးနော် . . . နှစ်နှစ်ကျော်ကျော် ကွဲသွားရတာ”

“စိုးမိုး အဲဒီလောက် အကြံပက်စက်လိမ့်မယ်လို့ ထင်မှ မထင်ထားတာ . . . မွေ့တို့နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် နာကြည်းသွားအောင် သူ ပိပိရိရိ ကြံစည်ထားတာနော် . . . အံ့ဩဖို့ ကောင်းလိုက်တာ”

“အဲဒါတွေ မေ့လိုက်ကြစို့ . . . တို့ဘဝမှာ အဲဒါဟာ အကြီးမားဆုံး သင်ခန်းစာပဲပေါ့၊ နောက်ဆို ဘာပြဿနာမဆို နှစ်ယောက်ဆိုင် ဖြေရှင်းကြတာပေါ့၊ ခုဟာကလည်း တိုက်ဆိုင်သွားတာပါ၊ မွေ့ဆီကလည်း စာလုံးဝ မလာတော့ သံသယပိုရှိစရာ ဖြစ်သွားတာပေါ့”

“အို . . . မွေ့ စာတွေရော ဓာတ်ပုံတွေရော ပို့ပေးတယ်”

“တို့ လုံးဝမရဘူး မွေ့ . . . သေချာပါတယ် စိုးမိုးကြားကနေ စာတွေ ဖျောက်ပစ်ခဲ့တာပေါ့၊ ဒါကြောင့် တို့ စာတိုက်ပုံးထဲ စာသွားရှာတိုင်း စိုးမိုး မျက်နှာပိုး မသေတာ၊ မွေ့ စာအနေနဲ့ တို့ရခဲ့တာက လမ်းခွဲဖို့ တို့ကို မွေ့ တကယ် မချစ်ဘူးဆိုတာတွေရယ် . . . တို့ကို မာနချိုးတဲ့ စကားမျိုးတွေ ရေးထားတဲ့ စာ . . . လက်ရေးကလည်း မွေ့လက်ရေး”

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ တွမ်ရယ် . . . အဲဒီအချိန်ကလေးတွေ လွမ်းဖို့ကောင်းလိုက်တာ"

အို . . . အံ့ဩမချင့်မရဲဖြစ်ဖွယ် ခွဲခဲ့ရတဲ့ ချစ်သူနှစ်ယောက်အကြားမှာ နောက်တစ်ခါ ခွဲခဲ့ရသော်ဆိုတဲ့ စကားဟာ အင်မတန် ခါးသီးလှသည်နော်။ ဘယ်သူ တစ်ဦး တစ်ယောက်က အလွယ်တကူ ယုံကြည်လက်ခံနားလည်ပေးဖို့ ဆန္ဒရှိကြမလဲ။ လက်တွေ့ကြုံဆုံရင်ဆိုင်ခဲ့ရတဲ့ အဖြစ်အပျက် တွေဟာ စိတ်ကူးယဉ်တွေထက် ဆန်းကြယ်သည်ထား၊ ပြောင်း လဲခဲ့ရတဲ့ မွေ့မျက်နှာကလေးကိုကြည့်သော ဆန်းကြယ်သော အားတစ်မျိုးပါသည့် ချစ်သူမျက်ဝန်းကြည့်ကလေးတွေလောက် မွေ့နှလုံးသားကို မဆန်းကြယ်စေတော့ဘူး ဆိုပါတော့ . . . တွမ်ရယ်။





မိတ္တသုခ၊ ကာယသုခပြင့် ပြည့်စုံနိုင်ပါစေ ...

မေတ္တာအားဖြင့် ...



လွန်းထားထား (ဆေးတက္ကသိုလ်)

www.burmeseclassic.com